
# ပန်ထွာဘုရင်မ

စိမ့်(ပညာရေး)
























(က) ဗိဿနိုး ခေတ်ဟောင်း ငွေဒင်္ဂါး




(ခ) ဗိဿနိုး ခေတ်ဟောင်း ငွေဒင်္ဂါး

ဗိဿနိုးမြို့ဟောင်းမြေပုံ








ဗိဿနိုးမြို့











# မာတိကာ


အခန်း (၁) စူဠာသဒ္ဓမ္မဝ၊ စန္ဒမုခိမိဖုရားနှင့် ကဠမ္ဗဝတီဘုရင်

အခန်း (၂) ပန်ထွာပြည် ဗိဿနိုးကို စိုးမိုးမည့်သူ

အခန်း (၃) တကောင်းအဘိရာဇာသာကီမျိုးပါတဲ့

အခန်း (၄) ပိပ္ပလီဒေဝီ၊ ပန်ထွာသမီးတော်နှင့် ရန်ပယ်ချောင်း

အခန်း (၅) ပန်ထွာမင်းသမီး၏ နိုင်ငံပြုဗဟုသုတ

အခန်း (၆) ကဠမ္ဗဝတီဘုရင် နတ်ရွာစံတော်မူပြီ

အခန်း (၇) ရွှေရောင်တော်ဘုရား ပန်ထွာဘုရင်မကုသိုလ်

အခန်း (၈) ဒွတ္တပေါင်၏အချစ်နှင့် ပန်ထွာ၏အမုန်း

အခန်း (၉) ပွေးဖိုနှင့်ပွေးမ၊ အမုန်းမမျှ ချစ်သံသရာ

အခန်း (၁၀) ရင်မှာစွဲလန်း ပန်ထွာမေတ္တာပန်း

အခန်း (၁၁) လာလာချေပြီ.. ပျိုတို့မောင်ရဲ့ တမန်များလာချေပြီ

အခန်း (၁၂) ပန်ထွာဘုရင်မ ဒေါသခက်ဝေ အမျက်မပြေ

အခန်း (၁၃) ပန်ထွာပြည် ပြာကျမယ်တဲ့လား

အခန်း (၁၄) ငယ်ကချစ်တဲ့ သစ္စာသခင်

အခန်း (၁၅) ပန်ထွာပြည်၏ လျှို့ဝှက်ချက်

အခန်း (၁၆) မဟာအတုလစည်တော်ကြီး၏ အနာဂတ်ကြမ္မာ

အခန်း (၁၇) စစ်ချီတော့မယ်တဲ့ စစ်မောင်းသံစီစီဆေ

အခန်း (၁၈) ထွက်တော်မူ နန်းကခွာတယ်

အခန်း (၁၉) ကျဆုံးသွားသော ပန်ထွာပြည်

အခန်း (၂၀) ပန်ထွာဘုရင်မ၏ နောက်ဆုံးနေ့

# စာရေးသူ၏အမှာစာ

'ဗိဿနိုးမြို့ဟောင်းသို့.... '

သည်လမ်းညွှန် မှတ်တိုင်ကလေးကို တွေ့လိုက်ရသည့်အခါ ကျွန်မရင်ထဲတွင် လှိုက်ခနဲ ဖြစ်သွားသည်။ ဘာကြောင့် လှိုက်ခနဲ ဖြစ်သွား ရပါသလဲ။ အကြောင်းရှိပါသည်။ ကျွန်မ ငယ်စဉ်က ပုံပြင်နားထောင် ရသည်ကို လွန်စွာ နှစ်ခြိုက်သည်။ ကျောင်းပိတ်ရက် နေ့ခင်း ပိုင်းတွင် ကြီးကြီးဒေါ်သင်းမြိုင်ဆီ သွားပြီး ပုံပြောခိုင်းသည်။

ဒေါ်သင်းမြိုင်သည် ကျွန်မတို့ အိမ်နှင့် မျက်စောင်း ထိုးရှိ ခြေတန်ရှည် ပျဉ်ထောင် အိမ်ကြီးတွင် နေသည်။ သူ့တူမ ညွှန့်ညွှန့်က ကျွန်မနှင့် ရွယ်တူ။ ကစားဖော် ကစားဖက်။ ကြီးကြီး ဒေါ်သင်းမြိုင်သည် မျက်စိနှစ်ကွင်း အလင်း မရရှာပါ။ ထို့ကြောင့် ဘယ်မှမသွားနိုင်။ ခြေတန်ရှည် အိမ်၏ အောက်ရှိ မြေစိုက် ကွပ်ပျက်ပေါ်မှာပင် တစ်နေကုန် တစ်နေခမ်း နေလေ့ရှိသည်။

ကျွန်မတို့ ရောက်၍ ကြီးကြီး ပုံပြောပြနော်ဟု တောင်းဆိုလျှင် ပြောမှာပေါ့၊ ပြောမှာပေါ့ဟု ဆိုကာ လက်ထဲမှ ဆေးပေါ့လိပ်ကို အားရပါးရ ဖွာလိုက်သည်။ ပြီးလျှင် ဆေးခံခွက်ထဲ ထိုးချေ မီးငြိမ်းကာ ပုံပြောတော့သည်။

ကျွန်မသည် ဆေးလိပ်နံ့ကို မခံနိုင်၊ အလွန်မုန်းသည်။ သို့သော် ပုံ နားထောင် ချင်၍ သည်းခံရတော့၏။

ကြီးကြီးသည် ပုံပြင်များကို မထပ်အောင် ပြောပြနိုင်သည်။ (နောင်ကြီး ပြင်လာသည့် အခါ ထိုပုံပြင်များသည် နိပါတ်တော်လာ ဇာတ်တော် ငါးရာငါးဆယ်ထဲမှ ဖြစ်ကြောင်း သိရသည်။)

"ဟိုး....ရှေးရှေးတုန်က.." ဟု အစချီကာ ပြောပြသော ပုံပြင်များထဲတွင် ဗိဿနိုးမှ "ပန်ထွာဘုရင်မ" အကြောင်းလည်း ပါသည်။ ပုံပြောကောင်းသော ကြီးကြီးသည် ပန်ထွာဘုရင်မကို ဖွဲ့ဖွဲ့နွဲ့နွဲ့ ပြောပြသဖြင့် ကျွန်မ ရင်ထဲတွင် စွဲနေသည်။

နောက်ပိုင်း ကျောင်းစာတွေ များလာသဖြင့် ပုံပြင်နားထောင်ချိန် မရတော့ပါ။ သို့သော် ဗိဿနိုးနှင့် ပန်ထွာဘုရင်မကိုမူ မေ့မသွားပေ။ ထို့ကြောင့် ရန်ကုန်မကွေး ခရီး စဉ်တွင် 'ဗိဿနိုး မြို့ဟောင်းသို့' ဆိုသည့် လမ်းညွှန် မှတ်တိုင်ကလေးကို တွေ့လိုက်ရသည့် အခါ ကျွန်မရင်ထဲ လှိုက်ခနဲဖြစ်သွားခြင်းပင်။

ဗဟုသုတဖြစ်ဖွယ် ဝတ္ထု၊ ဆောင်းပါးများ ဖတ်ရှု လေ့လာခွင့် ရသည့်အခါ ကျွန်မ စွဲလန်းခဲ့သော ပန်ထွာဘုရင်မ အကြောင်း ဖွဲ့ဆို ရေးသားထားသည့် ဝတ္ထုများကို ဖတ်ရသည်။ ငယ်စဉ်က နားထောင်ခဲ့ရသည့် ဇာတ်လမ်းနှင့် မတူဘဲ ကွဲပြားနေသဖြင့် ဘဝင် မကျဖြစ်ရသည်။ ဘယ်ဇာတ်လမ်း အမှန်လဲ၊ သိချင်လာသည်။ သို့ဖြင့် ပန်ထွာ ဘုရင်မနှင့် ပတ်သက်သော စာအုပ်စာတမ်းများကို ရှာဖွေမိတော့သည်။

မင်းဘူးမြို့ရှိ မိဘများအိမ်မှ စာအုပ်ဗီရိုကို မွှေနှောက်သောအခါ 'ဗိဿနိုးနှင့် ပန်ထွာဘုရင်မ' စာအုပ်ကို သွားတွေ့သည်။ ရေးသူမှာ "သခင် ခင်မောင်ဦး၊ တောင်တွင်းကြီးမြို့ ဖြစ်သည်။ လေ့လာ ဖတ်ရှုကြည့်ရာ ငယ်စဉ်က ကြီးကြီးဒေါ်သင်းမြိုင် ပြောပြသော ပုံပြင်အတိုင်း တူညီနေသဖြင့် ကျွန်မ ဝမ်းသာသွား၏။

သည်တစ်အုပ် ဖတ်ရှုရရုံဖြင့် မကျေနပ်သေးပါ။ ပန်ထွာဘုရင်မနှင့် ပတ်သက်သမျှ စာအုပ် စာတမ်းများ ကို မေးမြန်း စုံစမ်း မိပြန်သည်။

ဤတွင် စာရေးဆရာကြီး သုခမိန်နှင့် စာရေးဆရာမကြီး ကြည်ဦး၊ (ဒေါ်ကြည်ဦး) တို့ထံမှ နေမျိုးမင်းလှ သီရိသင်္ချာဘွဲ့ခံ မြေလတ်စစ်ကဲတော်မင်း ရေးသားသည့် တောင်တွင်းကြီး သမိုင်းစာအုပ်ကို ဖတ်ရှုခွင့်ရခဲ့သည်။

စာအုပ်အပေါင်းဆိုင်းများတွင် လိုက်လံမွှေနှောက်ရှာဖွေရာ ဆရာတော် ဦးဉာဏ ရေးသားသည့် 'တောင်တွင်းကြီး ရာဇဝင်သစ်' ဦးဘရှင် (ကျမ်းပြုအရာရှိ၊ မြန်မာနိုင်ငံ စစ်သမိုင်း ကော်မရှင်) ၏ 'ဗိဿနိုးမြို့ ဟောင်းနှင့် သမိုင်းအမြင်း' ဦးအောင်သော် (ညွှန်ကြားရေးဝန်၊ ရှေးဟောင်း သုတေသနဌာန)၏ 'ဗိဿနိုးမြို့ဟောင်း' တို့ကို ဝယ်ယူ ရရှိသည်။

စာရေးဆရာကြီး ဒွေးမောင်ထံမှ 'သီရိခေတ္တရာစာစောင်' ကိုမေတ္တာလက်ဆောင် ရရှိသည်။

စာရေးဆရာ အောင်မြတ်ဦးကလည်း စီးပွားရေး မြင့်ဦးရေးသားသည့် "ဗိဿနိုး ဘုရင်မ" စာအုပ်ကို ရှာဖွေပေးသည်။

မကွေးမြို့၊ အမှတ်(၁) အထက်တန်းကျောင်းမှ ဆရာဦးမြင့်ဝေက "ပျူတေးသီချင်း တစ်ဆယ့်နှစ်ပုဒ်" အကြောင်း ရေးသားထားသည့် စာစုကို မိတ္တူကူး၍ လာပေးသည်။

မှန်နန်း ရာဇဝင်တော်ကြီး ပထမတွဲ၊ မြန်မာ့စွယ်စုံကျမ်း အတွဲ (၇) နှင့် အတွဲ (၁၃)၊ မြန်မာမင်း အုပ်ချုပ်ပုံစာတမ်း၊ ဒုတိယပိုင်း စသည်တို့မှ အချက် အလက်များကို လေ့လာ ဖတ်ရှုပြီးသောအခါတွင်ကား 'ပန်ထွာဘုရင်မ' သည် ရုပ်လုံးကြွ၍ လှပ လာလေ တော့သည်။

ဤပန်ထွာဘုရင်မ စာအုပ်ဖြစ်မြောက်ရေး အတွက် စာအုပ်စာတမ်းများ ရှာဖွေ ပေးခဲ့ကြသည့် အထက်ဖော်ပြပါ ပုဂ္ဂိုလ်များ၊ ဗိဿနိုးမြို့တော်ဟောင်းနှင့် ပတ်သက်၍ ညွှန်ပြ ပြောကြားပေးသော စာရေးဆရာကြီး မင်းဘူးအောင်ကြိုင် (ဦးအောင်ကြိုင်၊ ဒုတိယ ညွှန်ကြားရေးမှူးချုပ် 'ငြိမ်း')၊ ရှေးဟောင်းသုတေသန ဦးစီးဌာန၊ အထက်မြန်မာပြည်) ဗိဿနိုးမြို့ဟောင်းမှ တူးဖော် ရရှိသည့် ကြေးဆင်းတုတော်ပုံ ပါရှိသည့် စာအုပ်ကို ကျေးဇူး ပြုသော ဒေါ်နန္ဒာမွန်း (ဒုတိယပါမောက္ခချုပ်၊ ယဉ်ကျေးမှုတက္ကသိုလ်၊ ရန်ကုန် တို့အား အထူးကျေးဇူးတင်ရှိ ပါသည်။

ဗုဒ္ဓဂယာ ခရီးဖော် သမီးကလေးများ မသင်းသင်းနိုင်၊ မကြူကြူနွယ်တို့ ကျေးဇူး ပြုသော 'ဖိုးဦးတောင်သမိုင်း' စာအုပ်ကို ရရှိပါ၍ အထူးကျေးဇူး တင်ရှိပါသည်။

စိမ့် (ပညာရေး)

၇၊၆၊၂၀၀၇

မိုးမခမြိုင်

ဒဂုံမြို့သစ် (မြောက်ပိုင်း)

# အခန်း (၁)

## စူဠသုဒ္ဒဝ၊ စန္ဒမုခိမိဖုရားနှင့် ကမ္ဘဝတီဘုရင်

အဝေးဆီမှ အပြင်းနှင်လာသော မြင်းခွာသံများကို ကြားလိုက်ရသည်။ ညောင်ကြပ်ပင်ကြီး၏ ပင်ခြေတွင်ထိုင်ကာ ပင်စည်ကိုမှီထားသော ကိုယ်သည် ဆတ်ခနဲ ခွာမိလျက်သား ဖြစ်သွားသည်။ မြင်းခွာသံများလာရာဆီသို့ စောင်းငဲ့ကြည့်ရင်း နားစွင့်လိုက်သည်။ အရိပ်အယောင် မမြင်ရသေးသော်လည်း မြင်းခွာသံများ တဖြည်းဖြည်း နီးလာသည်။

သူလျှောက်လှမ်းခဲ့ရာ လမ်းတစ်လျှောက် မြင်းစီး ခရီးသွားများကို ကြိုးကြား ကြိုးကြား တွေ့ခဲ့ရသည်။ အချို့ ရောင်းကုန် အထုပ်အပိုးတွေ မြင်းပေါ်တင်လျက်၊ စားအိုးစားခွက် များပင် ပါလိုက်သေးသည်။ မြင်းကို ဖြည်းဖြည်း မှန်မှန်ပင် စီးလာကြသည်။ ယခုမူ မြင်းကို အပြင်းနှင်လျက် ရှိ၏။ မြင်းကောင်ရေလည်း နည်းအံ့မထင်။ မည်သူတွေလဲ။ ရန်သူလား မိတ်ဆွေလား။ အန္တရာယ်ပေးမည့် သူများဖြစ်ပါက သည်နေရာ သည်ဒေသမှာ သူ့ကို ကူကယ်မည့်သူ မရှိနိုင်။ လူနေအိမ်ခြေနှင့် အလှမ်းဝေးသည်။ သို့ကြောင့်လည်း ရှေ့ ခရီး မဆက်တော့ဘဲ သည်ညောင်ကြပ်ပင်ကြီး အောက်မှာပင် တစ်ညတာ နားခိုရန် ဆုံးဖြတ် လိုက်သည်။ စိတ်ချလက်ချ အပန်းဖြေမည်ကြံကာ ရှိသေးသည်။ ယခုလို မြင်းခွာသံများကို ကြားလိုက်ရခြင်း ဖြစ်၏။

ထိုစဉ်မှာပင် ဟိုအဝေး တောအုပ်ကလေး အကွယ်မှ ထွက်လာသော မြင်းစီး ယောက်ျားများသည် သူ၏ မြင်ကွင်းထဲသို့ ဝင်လာသည်။ နေအတော် စောင်းနေပြီ ဖြစ်သော်လည်း အလင်းရောင်လုံးလုံး မကွယ်ပျောက် သေးသဖြင့် ကောင်းစွာ အကဲ ခတ်နိုင်သည်။

'အလို လက်ထဲမှာလည်း လုံတံတွေနဲ့ပါလား' သူ့ရင်ထဲ ဒိတ်ခနဲ ခုန်သွားသည်။ ဘေးနားတွင် ထိုင်နေသော သမီးငယ်ကို သူ့ပေါင်ပေါ်ဆွဲတင်ပြီး ပွေ့ဖက်ထားလိုက်၏။ ကြည့်နေရင်း မြင်းကွင်းက ပီပြင်လာသည်။ မြင်းသည် တော်တော့ပါလား။

မြင်းစီး သမားများသည် မြင်းကို ဒုန်းမစိုင်းတော့ဘဲ ဖြည်းဖြည်း မှန်မှန် နင်လာသည်။ မကြာမီ ညောင်ကြပ်ပင်ကြီးအနီးသို့ ရောက်လာကြ၏။ ဤတွင် ရှေ့ ဆုံးမှ ခေါင်းဆောင် ဖြစ်ဟန်တူသူသည် ယာလက်ကို မြှောက်လိုက်သည်နှင့် အားလုံး မြင်းဇက်ကို သတ်လိုက်ကြသည်။

ရှေ့ဆုံးမှ လူသည် သူ့လူများကို တစ်စုံတစ်ရာပြောပြီးနောက် သူတို့ သားအမိရှိရာ ညောင်ကြပ်ပင်ကြီးဆီသို့ မြင်းဇက်ကို စုပေးလိုက်သည်။ ညောင်ကြပ်ပင်အောက်သို့ ရောက်သည်နှင့် ထိုသူသည် မြင်းပေါ်မှဆင်းကာ သူတို့အနီးသို့ လှမ်းလာသည်။ လှံတံကို ကိုင်လျက် ခန့်ညားစွာ ရပ်လာသော ထိုသူသည် သူ့ကို စေ့စေ့ကြည့်ကာ မေးလိုက်၏။

"သင်တို့က ဘယ်သူတွေလဲ၊ ဘယ်ကလာလို့ ဘယ်ကိုသွားကြမှာလဲ။ ဒီအချိန်ဟာ မိန်းမသားများ ခရီးသွားရမယ့်အချိန် မဟုတ်ပေဘူး"

သူစိမ်းတစ်ဦး၏ ခပ်ဆတ်ဆတ်မေးသံကြောင့် သမီးငယ်သည် ကြောက်ရွံ့ကာ သူ့ ရင်ခွင်ထဲတွင် မျက်နှာအပ်ပြီး တင်းတင်း ဖက်ထားသည်။ သမီးငယ် ထိတ်လန့် သွားသဖြင့် သူသည် သမီးငယ်၏ ကျောပြင်ကို ပြန်လည် ဖက်ထားလိုက်၏။ သူသည် သူစိမ်း၏ အမေးကို ချက်ချင်း မဖြေသေးဘဲ စဉ်းစား ချင့်ချိန်နေသည်။ နောက်ဆုံးတွင် အမှန်အတိုင်း ဖြေရန် ဆုံးဖြတ်လိုက်သည်။

"ရသေ့ပြည်ဘုရင် စူဠသုဗ္ဗဝရဲ့ မိဖုရားပါ။ သမီးတော်လေး ဗိသနိုး နဲ့အတူ ပုပ္ပါးသွားဖို့ ထွက်ခဲ့တာပါ။"

"အလို.......ရသေ့ပြည်ဘုရင် စူဠသဒ္ဓဝရဲ့ မိဖုရား.....ဟုတ်စ၊ လက်ာဒီပသူ စန္ဒမုခိ ပေပဲ၊ ရသေ့ပြည်က ပုပ္ပါး ထိသွားမယ့် ခရီးမှာ ကလေး ငယ်လေးကိုသာ အဖော်ပြုပြီး သာမန် အရပ်သူလို လာခဲ့တာ အကြောင်းထူးများ ရှိလို့လား"

သည်မေးခွန်းကို စန္ဒမုခိက မဖြေပါ။ မျက်လွှာချပြီး ခတ်မဆိတ်နေသည်။ မိဖုရား၏ အခြေအနေကို အကဲ ခတ်မိသော သူစိမ်းက ယခုလိုပြောလိုက်၏။

"ဖြေဖို့ ခက်ခဲနေက ရှိစေတော့။ သို့သော် သည်အချိန် သည်ခရီးလမ်းမှာ မိန်းမသားချည်း မနေသင့်ပေဘူး။ ဒါကြောင့် ကျုပ်နဲ့လိုက်ခဲ့ ပေတော့"

အမိန့်ဆန်ဆန် ဆိုစကားကြောင့် စန္ဒမုခိသည် သူစိမ်းကို မော်ကြည့်ပြီး မေးလိုက်သည်။

"အသင်ဘယ်သူလဲဆိုတာ မသိရဘူးလား"

"ဟုတ်ပေသားပဲ၊ ကျုပ် ဘယ်သူဘယ်ဝါမှန်း မသိဘဲနဲ့ ဘယ်မှာ ကျုပ်နောက် လိုက်ဝံ့ ပါ့မလဲ၊ ကျုပ်က ကမ္ဘဝတီဘုရင့်ရှင် ဖြစ်တယ်။ အိမ်ရှင် ဖြစ်လေတော့ တစ်ပြည်သူ မိဖုရားနှင့် သမီးတော်တို့ကို စောင့်ရှောက်ရမယ့် တာဝန်ရှိပေတယ်။ ဒါကြောင့် နေပြည်တော်ကို လိုက်တော်မူပါ"

ပုပ္ပါးသို့သွားသည်ထက် ကမ္ဘဝတီတွင် ခေတ္တ ခဏနားခိုလျှင် ကောင်းပေမည်ဟု တွေးမိသဖြင့် စန္ဒမုခိသည် ငြင်းပယ်ခြင်း မပြုပေ။ သို့ဖြင့် ဘုရင်မင်းမြတ်သည် မြင်းသည်တော် တစ်ဦးကို လှမ်းခေါ်လိုက်၏ မြင်းသည်တော်လည်း ညောင်ကြပ် ပင်ကြီးအောက် ရောက်လာပြီး ဘုရင်မင်းမြတ်အား အရိုအသေပြုလိုက်၏။

ဘုရင်မင်းမြတ်က ရသေ့ပြည်မှ စန္ဒမုခိမိဖုရားနှင့် သမီးတော်လေးတို့ကို နေပြည်တော်သို့ ဆောင်ကြဉ်းခဲ့ရန် တာဝန်ပေးပြီးနောက် သူ့မြင်းညိုကြီးပေါ်သို့ ဇွေခနဲ

ခုန်တက်လိုက်သည်။ မကြာမီမှာပင် ဘုရင်မင်းမြတ်နှင့် တကွ နောက်လိုက် နောက်ပါများသည် စန္ဒမုခီတို့ သားအမိကို ခေါ်ဆောင်ကာ ကမ္ဗုဇဝတီ နေပြည်တော်ဆီသို့ ရှေးရှုထွက်ခွာ လာခဲ့ ကြလေတော့သည်။

"တောလည်ထွက်ရာမှ ပြန်လာတဲ့ ကမ္ဗုဇဝတီဘုရင်ဟာ ညောင်ကြပ်ပင်ကြီးအောက်မှာ တွေ့ခဲ့တဲ့ ရသေ့ပြည်ဘုရင် စူဠသုမ္ဘဝရဲ့ မိဖုရားကို ကောက်ယူတော်မူခဲ့သတဲ့"

ထိုသတင်းသည် ကမ္ဗုဇဝတီ နန်းတော်တစ်ခုလုံးသို့ ရောက်ရှိသွား၏။ ထိုမှ တစ်ဆင့် ကမ္ဗုဇဝတီ တစ်ပြည်လုံးသို့ တောမီးပမာ ပျံ့နှံ့သွားလေတော့သည်။

ဘုရင်မင်းမြတ်သည် စန္ဒမုခီနှင့် ပိသဿနိုး မင်းသမီးကလေးတို့ကို ကောင်းစွာစောင့်ရှောက် ထားသည်။ ရသေ့ပြည်မှ ထွက်ခွာလာခဲ့သည့် အကြောင်းရင်းနှင့် နောက်ကြောင်း ရာဇဝင်ကို သိလိုလှသော်လည်း စန္ဒမုခီမိဖုရား စိတ်အနှောင့်အယှက်ဖြစ်မည် စိုးရိမ်၍ ထပ်မံမေးမြန်းခြင်း မပြုတော့ပေ။

စန္ဒမုခီမိဖုရားသည် အရွယ်ကောင်း၏။ အဆင်းရူပါ လှပကြော့ရှင်း၏။ အသားအရေ ဝင်းမွတ်စိုပြေ၏။ အရိုးအဆစ် ပြေပြစ်၏။ ယဉ်ကျေးသိမ်မွေ့၏။ တတ်သိလိမ္မာပြီး လုံ့လဝီရိယ ရှိ၏။ ခင်မင် နှစ်သက်ဖွယ်သော စကားကို ဆိုတတ်၏။ ထို့ကြောင့်လည်း ကမ္ဗုဇဝတီ နန်းတွင်းသူ နန်းတွင်းသား အားလုံးကပင် ချစ်ခင်ကြသည်။ နှစ်လို ကြသည်။

ဘုရင်မင်းမြတ်သည်လည်း စန္ဒမုခီ အပေါ်တွင် မေတ္တာတော် တိမ်းညွတ်လာသဖြင့် ညောင်ကြပ်ပင်ကို အစွဲပြု၍ "ပိပ္ပလိဒေဝီ" ဟူသောဘွဲ့ အပ်နှင်းပြီး မိဖုရား မြှောက်လိုက်လေတော့သည်။

ပိသဿနိုး မင်းသမီးကလေးကိုလည်း သမီးရင်းနှင့် မခြား ချစ်ခင်တော် မူသဖြင့်များစွာ ချီးမြှောက်တော် မူသည်။ ကမ္ဗုဇဝတီ မင်းမှုထမ်းများ၏ သမီးငယ်များသည် ပိသဿနိုး

မင်းသမီးကလေး၏ အခြံအရံများ ဖြစ်လာကြသည်။ ယုံကြည် စိတ်ချရသော အပျိုတော်ကလေး 'မိအူ' မှာမူ ဗိသနိုး မင်းသမီးကလေး၏ အထိန်းတော် ဖြစ်လာသည်။

ကမ္ဘဝတီဘုရင်တွင် ထီးမွေနန်းမွေ ဆက်ခံမည့်သူ မရှိပေ။ သို့ဖြင့် လွန်စွာချစ်မြတ်နိုးသော ဗိသနိုးမင်း သမီးကလေးကိုပင် နန်းမွေခံ အဖြစ် သတ်မှတ်သည်။ ပြီးတော့ 'ယင်းလွင်ပြင်' ဒေသကိုလည်း အပိုင်းစား ပေးသနားတော်မူသည်။

'ယင်းလွင်ပြင်' ဒေသကား မြန်မာနိုင်ငံတွင် ရှေးဦးစွာ အခြေချ နေထိုင်ခဲ့ကြသော 'ပျူ' တို့၏ ဒေသပင် ဖြစ်သည်။ ပျူလူမျိုးများ ရောက်ရှိလာပုံ သမိုင်းကြောင်းကို ပြန်ပြောင်း၍ ငဲ့စောင်းကြည့်သော်.......

တိဗက်-မြန်မာအနွယ်ဝင် မွန်ဂိုလွိုက် အမျိုးဖြစ်သော ပျူလူမျိုးများသည် တရုတ်ပြည် အရှေ့တောင်ဘက် လောက်ဆီမှ မြန်မာနိုင်ငံ အတွင်းသို့ ဝင်ရောက်လာကြသည်။ သူတို့သည် ရေကြည်ရာ မြက်နုရာကို ရှာရင်း မြန်မာနိုင်ငံ အလယ်ပိုင်း၊ မိုးခေါင် ရေရှား ရပ်ဝန်း၏ အနောက်တောင်စွန်း ဒေသ- ယင်းချောင်းဝှမ်း မြေပြန့်သို့ ရောက်ရှိ လာကြ၏။ ယင်းမြေပြန့်ကို ဖြစ်ပေါ် တည်ဆောက်ပေးသော ယင်းချောင်းသည် ပုပ္ပါးတောင်၏ တောင်ဘက် ရေဝေတောင်တန်းတွင် ချောင်းဖျားခံပြီး တောင်ဘက်သို့ စီးဆင်းလာကာ လွန်စွာ ကျယ်ပြန့်သော မြစ်ဝှမ်းမြေပြန့် တစ်ခုကို ဖြစ်ပေါ်စေခဲ့သည်။ 'ယင်းချောင်း' သည် တောအထပ်ထပ်၊ တောင်အထပ်ထပ်ကို ကျော်ဖြတ်၍ စီးဆင်းလာရာ တောင်ဘက်သို့ ရောက်လာလေလေ၊ ချောင်းလက်တက်များ ပို၍ များပြား လာလေလေ ဖြစ်၏။ ပဲခူးရိုးမမှ စ၍ မြို့လုလင်ကို ဖြတ်ကာ အရှေ့ ဘက်မှ 'စွန်ချောင်း' စီးဝင်လာသည်။ တောင်တွင်းကြီးမြို့၊ မြောက်ဘက်မှဖြတ်၍ 'စတုံချောင်း' စီးဝင်သည်။ အရှေ့ တောင်ဘက်ဆတ်သွား မြို့ဆီမှ စီးလာပြီး တောင်ဦးချောင်းနှင့် ပေါင်းကာ စီးလာသော 'ရန်ပယ်ချောင်း' သည်လည်း 'ယင်းချောင်း' ထဲသို့ပင် စီးဝင်သည်။

သည်ချောင်းလက်တက်များကြောင့် 'ယင်းလွင်ပြင်' ကြီးသည် နန်းမြေနများဖြင့် အလွန် မြေသြဇာကောင်းသည်။ သည်လွင်ပြင်ကြီး၏ အကျယ်အဝန်းမှာ မြောက်ဘက်မှ တောင်ဘက် ရန်ပယ်ချောင်း မြေပြန့်အထိ လေးဆယ့်ရှစ်မိုင် ရှည်သည်။ အရှေ့ဘက် ပဲခူးရိုးမ၊ တောင်စွယ် အခြေလောက်မှ အနောက်ဘက်သို့ မိုင်နှစ်ဆယ် ခန့်ကျယ်ပြန့်သည်။

သည်မျှ ကျယ်ပြန့်သည့် လွင်ပြင်ကြီးသို့ ရောက်လာကြသော ပျူတို့၏ ခေါင်းဆောင် လုပ်သူက သည်နေ ရာတွင် စခန်းချမည့် အကြောင်း ပြောလိုက်သည်။ ဆင့်ကဲဆင့်ကဲ ပြောလိုက်ကြရာ တစ်ယောက်စကား၊ တစ်ယောက်နားဖြင့် ပျူအုပ်စုကြီး တစ်ခုလုံး သိရှိသွားတော့သည်။ ထိုအုပ်စုကြီးထဲတွင် အဘိုးအို အဘွားအိုများ၊ လူလတ်ပိုင်း လူရွယ်ပိုင်း မိန်းမ ယောကျ်ားများ၊ သားသည်အမေများ၊ ကလေးသူငယ်များ စသည်ဖြင့် အသက်အပိုင်း အခြား မျိုးစုံပါဝင်သည်။

စခန်းချ ရပ်နားမည် ဆိုသဖြင့် အုပ်စုလိုက် အရိပ်အာဝါသ ရှာပြီး နေရာ ယူကြသည်။ ပစ္စည်းပစ္စယများ တင်လာသည့် မြင်းများကိုလည်း သူတို့နှင့် မနီးမဝေးတွင် လှန်ထား လိုက်ကြသည်။

အားလုံး နေရယူပြီးသည်နှင့် ခေါင်းဆောင်ဖြစ်သူက ကြည်လင်ပြတ်သားသော အသံဖြင့် စကားစလိုက်သည်။

"ဒီလွင်ပြင်ဒေသဟာ နန်းမြေနတွေနဲ့ အင်မတန် မြေသြဇာကောင်းမယ်။ စပါး စိုက်နိုင်မယ်၊ တခြားသီးနှံတွေလည်း စိုက်နိုင်မယ်။ ဒီမြေပြန့်ဟာ ကျုပ်တို့ ပျူအုပ်စုကြီး တစ်စုလုံး ဝဝလင်လင် စားသောက်နိုင်အောင် ကျွေးမွေး ထားနိုင်မယ်လို့ ကျုပ် တစ်ထစ်ချ ပြောရဲတယ်"

သူက စကားကို ခေတ္တ ရပ်လိုက်သည်။ သူ့လူများသည် သူ့စကားကို စိတ်ပါ ဝင်စားစွာ နားထောင် နေကြ၏။ နားထောင်ရင်း အနီးဝန်ကျင် မြေပြင် အနေအထား ကိုလည်း စောင်းငဲ့ပြီး လေ့လာ လိုက်ကြသည်။

ခေါင်းဆောင်လုပ်သူသည် သူ့လူများကို တစ်ချက် အကဲခတ်ပြီးနောက် စကား ဆက်သည်။

"လယ်ယာ စိုက်ပျိုးမှုကိုသာ အခြေ တည်ထားတဲ့ ကျုပ်တို့ လူမျိုးရဲ့ ဘဝမှာ လယ်ယာ စိုက်ပျိုး နိုင်တဲ့ မြေနေရာရရှိဖို့ဟာ အဓိက အရေး အကြီးဆုံးပဲ။ ဒီတော့ ဒီမြေပြန့်ဟာ ကျုပ်တို့ အတွက် အရေးကြီးဆုံးပဲ ကျောထောက် နောက်ခံဒေသ၊ အရေးကြီးဆုံး အခြေခံ စီးပွားရေးနယ် ဖြစ်လာမယ်။ ဒါကြောင့် ကျုပ်ကတော့ ဒီနေရာမှာ မြို့ပြနိုင်ငံ ထူထောင်ဖို့ ဆုံးဖြတ်တယ်။ ကျုပ်တို့ဟာ တစ်လှေတည်းစီး၊ တစ်ခရီးတည်း သွားတွေမို့ ဆိုးတူ ကောင်းဖက် ဘဝတူတွေ ဖြစ်ကြတယ်။ ကျုပ်တစ်ယောက်တည်းရဲ့ ဆုံးဖြတ်ချက် ကိုသာ လိုက်နာရမယ်လို့ အတင်းအကြပ် မဆိုလိုဘူး။ ပျူလူမျိုး အားလုံးရဲ့ ဆန္ဒ တူညီဖို့ လည်းလိုပါတယ်။ ပွင့်ပွင့်လင်းလင်း ပြောကြပါ။ ဆွေးနွေး တိုင်ပင်ကြပါ "

ဤတွင် လူလတ်ပိုင်းအရွယ် အမျိုးသားတစ်ယောက်က သူ့အမြင်ကို ယခုလို တင်ပြသည်။

"ခေါင်းဆောင်ကြီး ပြောတဲ့ အတိုင်း မြေအနေအထားကို ကြည့်ရတာ မြေသြဇာ ကောင်းတဲ့ နုန်းမြေတွေ ပါပဲ။ ဒါပေမဲ့ မြေပြင်က အားလုံးပြန့်ပြူး ညီညာ မနေဘူး။ တောင်ကုန်း ယောင်ယောင် မြင့်တဲ့ နေရာတွေလည်း တွေ့ရတယ်။ ပြီးတော့ ခြောက်လည်း ခြောက်သွေ့တယ်။ သစ်ကြီး ဝါးကြီးတွေ မပေါက်ဘဲ၊ သစ်ငယ်ဝါးငယ်နဲ့ ခြုံနွယ် ပိတ်ပေါင်းတွေ အတော် ပေါများတာ တွေ့ရတယ်။ ဒီတော့ ခေါင်းဆောင်ကြီး ပြောသလို စိုက်ပျိုး စီးပွားအတွက် လွယ်ကူချောမွေ့ပါ့ မလားလို့ စဉ်းစားမိပါတယ်"

"မိုးနည်းရေရှား ရပ်ဝန်းမို့ သင်တွေးတော စိုးရိမ်တာလည်း မမှားပေဘူး။ ကျုပ်တို့ ဒီလွင်ပြင်ကြီးထဲကို ချဉ်းနင်း ဝင်ရောက် လာခဲ့စဉ်က ချောင်းလက်တက်တွေ ဖြတ်သန်း စီးဆင်းနေတာ အားလုံးမျက်မြင် ကိုယ်တွေ့ပဲ။ ပြီးတော့ ရေပေါတဲ့ အင်းကြီးတွေကိုလည်း

တွေ့ခဲ့တယ်။ ဒါကြောင့် ချောင်းလက်တက်တွေက ရေသွယ်ယူ မယ်ဗျာ။ ရေသွင်းမြောင်းတွေ တူးပြီး ရေကန်ကြီးတွေနဲ့ ရေလှောင်ထားမယ်ဗျာ၊ မဖြစ်နိုင်ဘူးလား"

ခေါင်းဆောင်လုပ်သူက ယခုလို ရှင်းပြသည့်အခါ သည်မြေပြန့်တွင် မြို့ပြတည်ရန် အားလုံး သဘောတူ လက်ခံ လိုက်ကြသည်။ သို့ 'ယင်းလွင်ပြင်ကြီး' သည် ကျယ်ပြန့်လွန်းရကား မြို့ပြ တည်ထောင် နေထိုင်ရန် နေရာကို ပိုင်းခြား သတ်မှတ်ကြရသည်။ ပျူတို့ သတ်မှတ်သည့် နယ်မြေမှာ- ယင်းချောင်းနှင့် ရန်ပယ်ချောင်းတို့ ဆုံရာ၏ အရှေ့ဘက် နှစ်မိုင်ခန့်အကွာ၊ အရှေ့တောင်ယွန်းယွန်း ရန်ပယ်ချောင်း၏ မြောက်ဘက် နေရာ ဖြစ်သည်။ ထိုနေရာ၏ မြောက်ဘက် ခပ်လှမ်းလှမ်းမှာ စတုံချောင်း ရှိသည်။ တောက်ဘက်ရှိ ရန်ပယ်ချောင်းရိုးသည် ပျူလူမျိုးတို့ မြို့ပြနိုင်ငံ တည်ဆောက်မည့် လွင်ပြင်ဆီသို့ တဖြည်းဖြည်း ချဉ်းကပ်လျက်ရှိ၏။ အရှေ့ဘက်တွင် ကုန်းမြင့်လွင်ပြင်၊ အနောက်ဘက်တွင်မူ အတော်အတန် မြင့်သော ကုန်းမြင့် တောင်တန်းတစ်ခု ရှိသည်။ ထိုတောင်တန်းသည် ပျူတို့ဒေသနှင့် ဧရာဝတီ မြစ်ကြောင်းကို ခွဲခြား ကာကွယ်ပေးထားသော သဘာဝ အရံ တံတိုင်းကြီး ဖြစ်၏။

ဤသို့ ယင်းလွင်ပြင် မြေပြန့်ကို သတ်မှတ် ပိုင်းခြား ရွေးချယ် ပြီးသည်နှင့် လူများ နေထိုင်ရန် ဦးစွာ သစ်ဝါး တို့ဖြင့် အိမ်ဆောက်ကြသည်။ ပျူတို့သည် မိမိတို့ကို အုပ်ချုပ်သော အကြီးအကဲ အတွက်လည်း မြို့လယ်တွင် သီးသန့် နေရာပေးပြီး ဆောက်လုပ်ကား စောင့်ရှောက်ကြသည်။

ထိုရှေးဦးပျူတို့သည် ကိုယ်နှုတ် အမူအရာ လွန်စွာ သိမ်မွေ့ကြသည်။ လူမှုဆက်ဆံရေးတွင် ရှိသေလေးစား ထိုက်သူတို့ကို ရှိသေ လေးစားသည်။ ဂါရဝတရားလက်ကိုင် ထားသော လူယဉ်ကျေးများ ဖြစ်ကြသည်။

အသက်မွေးဝမ်းကြောင်း အဖြစ် စပါး စိုက်ပျိုးသူများ၊ သီးနှံ စိုက်ပျိုးသူများ၊ ပန်းပဲလုပ်ငန်း လုပ်ကိုင် ကြသူများ၊ ပုတီး လက်ကောက် စသော အဆင်တန်ဆာ ပြုလုပ်သူများ၊

အိုးထိန်းသည်များ၊ ပန်းရံလုပ်သူများ၊ ရက်ကန်းရက်သူများ၊ ကျောက်ဆစ်ပညာ ကျွမ်းကျင်သူများ စသည်ဖြင့် ရှိကြသည်။

ဤသို့ အေးချမ်းစွာ နေထိုင် လုပ်ကိုင်နေကြသော ပျူတို့ကို အခြားသော အုပ်စုများက မကြာခဏ လာရောက် ရန်မူ တတ်ကြသည်။ သို့ဖြင့် ရန်သူကို ကာကွယ်ရန်၊ ဓား၊ လှံ၊ လေး၊ မြား စသော လက်နက်များကို သုံးကြရသည်။ ဤတွင် ရန်သူများ မဝင်ရောက်နိုင်ရန် မြို့ရိုးကို အခိုင်အမာ တည်ဆောက်ဖို့ လိုအပ်လာသည်။

"ဒီလိုသာ ရန်သူတွေ အလွယ်တကူ ဝင်ရောက် တိုက်ခိုက်တာ ခံနေရမယ်ဆိုရင် တစ်နေ့နေ့မှာ နိုင်ငံပျက်စီးပြီး၊ ပျူလူမျိုးတွေ အစပျောက် သွားမှာ သေချာတယ်။ ဒီတော့ ရန်သူတွေ အလုံးအရင်းနဲ့ အလွယ်တကူ ဝင်မလာနိုင်အောင်၊ ခိုင်ခံ့တဲ့ အုတ်မြို့ရိုးကြီးကို တည်ဆောက်ဖို့ လိုလာပြီ။ ဒီကိစ္စဟာ တစ်ဦးတစ်ယောက်တည်းက စွမ်းဆောင်လို့ ရတာ မဟုတ်ပေဘူး။ ကျုပ်တို့ တစ်တွေ စည်းစည်းလုံးလုံး၊ ညီညီညာညာ ကြိုးစား လုပ်ကိုင်ကြမှ ဖြစ်မယ်" ဟု ခေါင်းဆောင်လုပ်သူက စည်းရုံး လှုံ့ဆော်သည်။

အလွန်ကြီးမား ထူထဲ ခိုင်ခံ့လှသည့် မြို့ရိုးတံတိုင်း တည်ဆောက်ရေး လုပ်ငန်းသည် နယ်နယ်ရရ မဟုတ်ပါ။ လူအင်အား များစွာလိုသည်။ ပစ္စည်းအင်အား များစွာ သုံးရမည်။ အဓိက ဆောက်လုပ်ရေး ပစ္စည်းတစ်မျိုး ဖြစ်သည့် အုတ်ချပ်ဦးရေ များစွာ လိုသည်။ အုတ်ချပ်ဦးရေ ပမာဏကို ခွဲဝေ ချမှတ်ကာ မထုတ်လုပ်ပါက လွယ်ကူမည်မဟုတ်ပေ။ သို့ဖြင့် အုပ်စုလိုက် ခွဲတမ်းချမှတ်ကာ အုတ်ချပ်များကို ထုတ်လုပ်စေသည်။

အကြီးအကဲကို ရိုသေလေးစားသော ပျူတို့သည် ကျရာတာဝန်ကို စွမ်းစွမ်းတမံ ထမ်းရွက်ကြသည်။ ပျူတို့ ထုတ်လုပ်သည့် အုတ်ချပ်ကြီးများမှာ လွန်စွာ ကြီးမားသည်။ (ယခု အတိုင်းအတာ အရ အလျား-၁၈လက်မ၊ အနံ-၉လက်မ၊ ထု-၃လက်မ ရှိသည်) လွန်စွာ ကြီးမားသော အုတ်ချပ်ကြီးများကို အရေအတွက် များပြားစွာ ထုတ်လုပ် ရသဖြင့် သယ်ယူရန် လွယ်ကူသော ဝန်းကျင်မှာပင် ထုတ်လုပ်ကြသည်။ မိမိတို့ ထုတ်လုပ်သည့်

အုတ်ချပ် အချို့ပေါ်တွင် လက်ချောင်းရာ အရေးအစင်းများကို အမှတ်အသား ပြုလုပ်ကြသည်။

လိုအပ်သည့် အုတ်ချပ်များ ပြည့်စုံပြီမှ အုတ်မြို့ ရိုးကြီးကို စတင် တည်ဆောက်ကြသည်။ တည်ဆောက်ရာ၌ မြေဝင် အုတ်မြစ် အခြေမခံပဲ၊ မြေကတုတ်ပေါ်၌သာ တည်ဆောက် ကြသည်။ ကြီးမားသော အုတ်ချပ်ကြီးများကို မြေနီသရွက်ဖြင့် စီသည်။ မြို့ရိုး၏ ထုမှာ (ယခု အတိုင်းအတာအရ - ၈ပေ) ထူသည်။ မြို့ရိုး တစ်ဘက်တွင် မြို့ ဝင်တံခါး သုံးပေါက်စီ ထားသည်။

မြို့ဝင်တံခါး ဖောက်ပုံမှာ တစ်ဖက်တစ်ချက်မှ လာသော အုတ်မြို့ရိုး တံတိုင်းသည် အတွင်းဘက်သို့ ကွေ့ဝိုက်ဝင်းသွားကာ ဝဲယာတွင် ကတုတ်များဖြင့် တည်ဆောက်ကြသည်။ မြို့ရိုးကို တံတောင်ဆစ် မချိုးဘဲ၊ စက်ဝိုင်း၏ အပိုင်းငယ်သဖွယ် ကွေ့ဝိုက်၍ ချိုးထားသည်။ ထိပ်ဝတွင် အလွန်ကျယ်ရာမှ အတွင်းဘက်သို့ တဖြည်းဖြည်း ကျဉ်းမြောင်း လာပြီးနောက် မျဉ်းပြိုင်သဖွယ် ဖြစ်သွား၏။ မျဉ်းပြိုင်၏ အကျယ်မှာ မြို့ဝင်ပေါက်၏ အကျယ်ပင် ဖြစ်သည်။ မြို့ဝင်ပေါက်ကို သံဆုံလည်များ တပ်ဆင်၍ ဖွင့်ပိတ်ရသော သစ်သား တံခါးကြီးများ တပ်ဆင်ထားသည်။ တံခါး၏ နောက်ဘက်တွင် တံခါးစောင့်များ နေရန် အခန်းငယ် နှစ်ခု စီမံ ပြုလုပ်ထားသည်။ မြောက်ဘက်မြို့ရိုးမှာ ပေကိုးထောင်ခန့် ရှိသည်။ အရှေ့မြို့ရိုးမှူ ပေတစ်သောင်းခန့်၊ တောင်ဘက်မြို့ ရိုးမှာ ပေရှစ်ထောင်ခန့် ရှည်သည်။ အရှေ့ဘက်မြို့ ရိုးသည် အနောက်ဘက်သို့ (၁၃) ဒီဂရီမျှ တိမ်းစောင်း နေသည်။ တောက်ဘက် ထောင့်များတွင် မြို့ရိုးသည် ပြေပြေ ဝိုက်ချိုးထားသည်။ အရှေ့ မြောက်ထောင့်မှာမူ တစ်ဆစ်ချိုးပုံ ဖြစ်၏။ မြောက်ဘက်မြို့ ရိုးသည်လည်း အရှေ့ မှ အနောက်သို့ တစ်ပြေးတည်း မဟုတ်ပေ။ အလယ်တစ်ဝက်ခန့်မှ စ၍ အနောက် တောင်ဘက်သို့ စောင်းသွားသည်။ ထို့ကြောင့် ရှေးဦးပျူတို့၏ နိုင်ငံတော်သည် စတုရန်း မကျသော လေးထောင်ပုံ ဖြစ်နေသည်။

မြို့တွင်း အကျယ်အဝန်းမှာ စတုရန်း ၃.၃မိုင်ခန့် ရှိ၏။ ထိုမျှ ကျယ်ဝန်းသော မြို့ကို အရှေ့ပိုင်းနှင့် အနောက်ပိုင်းဟူ၍ အုတ်ရိုးဖြင့် ပိုင်းခြားထားသည်။ အရှေ့ဘက်ပိုင်းမှာ လယ်ယာ ဥယျာဉ်ခြံမြေများ လုပ်ကိုင်ရန် ဖြစ်သည်။ အနောက်ပိုင်းတွင် သာသနိက အဆောက်အအုံများ၊ လူနေအိမ်ခြေများ၊ အိုးလုပ်ငန်း၊ ရက်ကန်းလုပ်ငန်း၊ ပုတီးနားတောင်း လုပ်ငန်း စသည်ဖြင့် လက်မှု လုပ်ငန်းပိုင်း ဆိုင်ရာ အဆောက်အအုံများ ရှိသည်။

စိုက်ပျိုးရေးအတွက် မြို့တွင်းသို့ ရေသွင်းသော တူးမြောင်းများ၊ ရေထုတ်မြောင်းများ တူဖော်ထားသည်။ မြို့တွင်း၌လည်း ရေဖူလုံစေရန် ရေကန်များ ထားရှိသည်။ မြို့ အခင်းအကျင်းကို ဤသို့ စီစဉ်ထားခြင်းမှာ ရန်သူများ စစ်ဆင်ကာ မြို့ကို ဝန်းရံလုပ်ကြံပါက မြို့တွင်း၌ စားရေရိက္ခာ ဖူလုံစေခြင်းဖြင့် ရန်သူတို့ကို ကာလကြာမြင့်စွာ ခုခံနိုင်ရန် စီမံပြုလုပ်ထားခြင်းပင် ဖြစ်သည်။

သည်ဒေသကို ဗိဿနိုး မင်းသမီးကလေးအား ဆက်ခံခွင့် ပေးလိုက်သည့် အချိန်မှစ၍ `ဗိဿနိုးမြို့´ ဟု အမည်တွင်လာ လေတော့သည်။ (ယင်းဗိဿနိုးမြို့သည် တောင်တွင်းကြီးမြို့ အနောက်ဘက် ၁၁မိုင်ကွာ၊ ကုက္ကိုခွရွာ၏ မြောက်ဘက်၌ တည်ရှိသည်။)

ဗိဿနိုးသို့ အိန္ဒိယနိုင်ငံမှ ကုန်သည်များ၊ စွန့်စားသူများ၊ ဘာသာရေးသမားများ ရောက်ရှိ လာကြသည်။ ရောက်ရှိလာပုံမှာ ဤသို့ဖြစ်၏။

မြန်မာနိုင်ငံ မြောက်ဘက်တွင် တရုတ်-ရောမ ကုန်သွယ်လမ်းမကြီး ဖြတ်သွားသည်။ မြန်မာနိုင်ငံ အရှေ့မြောက်ပိုင်းတွင် ရောမအင်ပါယာက အလိုရှိနေသော လူသုံးကုန်ပစ္စည်းများ ထွက်သည်။ ယင်းလမ်းမကြီး သည် တရုတ်ပြည်တောင်ပိုင်း ယူနန်နယ်မှသည် ဗန်းမော်သို့ ရောက်လာ၏။ ဗန်းမော်မှ တစ်ဖန် ယခုပုဂံမြို့ ရှိရာသို့ ရောက်သောအခါ တောင်ဘက်သို့ လမ်းခွဲထွက် သွားသည်။ မူလ လမ်းမကြီးသည် မြောက်ဘက်သို့ တက်ပြီး

ဟန်လင်းသို့ ရောက်သည်။ ထိုမှ မြစ်အသွယ်သွယ်၊ တောင်အထပ်ထပ်ကို ဖြတ်ကျော်ပြီး ပါဋလိပုတ်ပြည်သို့ ရောက်သည်။

တရုတ်-ရောမ ကုန်သွယ်လမ်းမကြီးမှ တောင်ဘက်သို့ ခွဲဆင်းလာသော လမ်း၏ ဗဟိုလောက်တွင် ဗိဿနိုးမြို့ တည်ရှိသည်။ သို့ဖြစ်၍ ဗိဿနိုးမြို့သည် မြန်မာနိုင်ငံ အလယ်ပိုင်း၌ ထိုခေတ်က ကုန်သည်စခန်း ကောင်းတစ်ခု ဖြစ်နေသည်။

တစ်ဖန် ရေကြောင်း ခရီးဖြင့် ကူသန်းရောင်းဝယ်သည့် လမ်းတစ်လမ်း ရှိသေးသည်။ အိန္ဒိယနိုင်ငံ၊ အမရဝတီနှင့် နာဂါရ်ဂျုနကောဏ္ဍာမြို့ တည်ရှိရာ ကစ္စနာ မြစ်ဝ ကျွန်းပေါ် အထက်ပိုင်း မြေပြန့်၏ အဓိကသင်္ဘောဆိပ်မှာ မိုက်ဆိုးလိယဖြစ်၏။ ယင်း မိုက်ဆိုးလိယသည် အလွန် လူကြိုက်များသော `မစာဆလင်´ ခေါ် ပိတ်ပါး ရောင်းဝယ်ရာ နေရာဖြစ်သည်။ ပင်လယ်ရပ်ခြား ကူသန်းရောင်းဝယ်မှု တိုးတက်လာသောအခါ အဆိုပါ ကစ္စနာ မြစ်ဝရှိ သင်္ဘောဆိပ်များသည် စည်ကားလှသော ကမ္ဘာ့ဈေးကြီးများ ဖြစ်လာကြသည်။ မိုက်ဆိုးလိယသည် သုဝဏ္ဏဘူမိသို့ သွားသော သင်္ဘောတို့၏ အခြေခံ စခန်းလည်း ဖြစ်သည်။ ဗိဿနိုးသို့ကား ပင်လယ်ခရီးဖြင့် တိုက်ရိုက် မရောက်နိုင်ပါ။ သုဝဏ္ဏဘူမိမှ တဆင့် ကုန်းလမ်း ခရီးဖြင့်သာ သွားနိုင်သည်။

ဗိဿနိုး ပျူတို့သည် အိန္ဒိယနိုင်ငံ၊ အန္ဓရဒေသမှ ရောက်လာကြသော အန္ဓရ သားတို့ထံမှ အဆောက်အအုံပညာ၊ ဘာသာတရား စသည့် ယဉ်ကျေးမှု အချက်အလက်များကို ရရှိခဲ့ကြသည်။ အန္ဓရဒေသ၊ နာဂါရ်ဂျုန ကောဏ္ဍာမှ ဗုဒ္ဓဝါဒီများ သာသနာပြုကြသဖြင့် ဗိဿနိုးတွင် ဗုဒ္ဓသာသနာ ထွန်းကားလာသည်။သာသနာရေး အဆောက်အအုံများကို တည်ဆောက်ကြ၏။ စက်ဝိုင်းနစ်ထပ် အလယ်တွင် ပန်းတင်ခုံလေးဘက် တပ်ဆင် ထားသော ထုလုံးရှည်ပုံ ထူပါများ၊ စတုရန်းကွက် အလယ်၌ ထုလုံးရှည်ပုံပါ၍ စတုရန်း၏ အနား တစ်ဘက်ကို အပြင်ဘက်မှ လှေကား တပ်ဆင် ထားသကဲ့သို့ ပေါင် (ဘောင်) နစ်ခု တပ်ဆင် ထားသည့် ထူပါများ ဆောက်လုပ်ကြသည်။ ထို့ပြင် စုဝေး ဝတ်ပြုရာနေရာ၊ တရားနာရန် ရှည်လျားသော စတုဂံပုံ အဆောက်အအုံမျိုးလည်း ဆောက်လုပ်ကြသည်။

ပျူခေတ်ဦး ပိုင်းတွင် ကြေးဗုဒ္ဓ ဆင်းတုကို ထုလုပ် ပူဇော်ကြပြီ ဖြစ်၏။ ကြေးဆင်းတုမှာ အမြင့်-၅ဒသမ၆လက်မ၊ ထု-၃လက်မ ရှိပါသည်။ ယာလက်မှာ ဝိတက္ကမုဒြာဟန် ဖြစ်ပြီး၊ ဝဲလက်မှာ ဣရိယာပထ-နားနားနေနေ အနေအထား ဝဲဒူးပေါ်တွင် ထားဟန် ဖြစ်သည်။ ခြေတွဲလောင်းချ နေဟန်မှာ ပရလမ္ဗန အနေအထား ဖြစ်ပါသည်။ ဝိတက္ကမုဒြာမှာ ကြံစည် တွေးတောနေဟန်ပုံ ဖြစ်၏။ (လက်ယာ လက်မောင်းကို ကွေး၍ လက်ဝါးကို အပြင်ဘက်သို့ လှန်ပြထားသော လက်ညှိုးနှင့် လက်သူကြွယ် တစ်ချောင်းချောင်းကို လက်မထိပ်နှင့် ထိထားသည်။ ကျန် လက်ချောင်းများကို အပေါ်သို့ ထောင်ထားဟန်မှာ ဝိတက္ကမုဒြာ ဖြစ်၏။ (ဤကား စကားချပ်)။ မြတ်စွာဘုရား၏ အနန္တဂုဏ်တော်တို့ကို မှန်းဆ ရည်ရွယ်အပ်သော ရုပ်ပွား ဆင်းတုတော်ကိုလည်း ကိုးကွယ်ကြပြီ ဖြစ်သည်။

သာသနာတော်ကို ထိန်းသိမ်း ထမ်းရွက်ကြသည့် ရဟန်းတော်များ အရေအတွက်လည်း ထောင်ပေါင်းများစွာ ရှိလာသည်။ မြန်မာနိုင်ငံသို့ ဗုဒ္ဓသာသနာတော် ရောက်ရှိလာသည့် သမိုင်းတွင် ဗိဿနိုးသို့ ရောက်ရှိလာသော သာသနာမှာ ရှေးအကျဆုံး ဖြစ်သည်။

ဗုဒ္ဓသာသနာတော်ကို သက်ဝင် ယုံကြည်ကြသော်လည်း သေသူကို မီးသဂြိုဟ်ပြီးနောက် အရိုးများ၊ ပြာများကို အိုးတွင်ထည့်ကာ ထိန်းထိမ်းမြှုပ်နှံသည့် မိရိုးဖလာ ယုံကြည်မှု ဓလေ့များကိုလည်း မစွန့်လွှတ်ကြသေးပေ။ ဗုဒ္ဓသာသနာနှင့် ပနံသင့်အောင် ပူးပေါင်း ကျင့်သုံးကြသည်။

သေသူ၏ အရိုးအိုးများကို ထူပါများနှင့် ကပ်လျက် မြှုပ်နှံကြ၏။ ဝိဟာရကျောင်းဟု ခေါ်သော စတုဂံပုံ အဆောက်အအုံတို့၏ အပြင် ပတ်လည်တွင်သာမက၊ အတွင်း၌လည်း အရိုးအိုးများကို မြှုပ်နှံကြသည်။ ရဟန်းတော်များ၏ အရိုးများကိုမူ ရေးအိုးတွင်ထည့်ကာ၊ တန်ဆာ ဆင်မထားသော ထူပါငယ်များတွင် ဌာပနာ တတ်ကြသည်။

အိမ်ထောင်စုပေါင်း တစ်သိန်းကျော်ရှိသော ဗိဿနိုးမြို့တွင် လယ်ယာထွန်ယက်စိုက်ပျိုးသူက စိုက်ပျိုး၊ ပန်းပဲလုပ်ငန်း လုပ်သူကလုပ်၊ မြေပုတီး လက်ကောက်၊ ကျောက်မျက် ပုတီး လက်ကောက် စသည့် အဆင်တန်ဆာများ လုပ်ကိုင်သူက လုပ်ကိုင်၊ ရက်ကန်း ရက်သူကရက်၊ ပန်းရံ လုပ်သူကလုပ်၊ အိုးထိန်းသည်ကလည်း အိုး အမျိုးမျိုးထုတ်လုပ်၊ ကုန်ရောင်းကုန်ဝယ် လုပ်သူကလုပ်၊ ကိုယ့်တာဝန် ကိုယ်ထမ်းကာ အေးချမ်းစွာနေထိုင် ကြသဖြင့် ဗိဿနိုးမြို့သည် သာယာရွှေပြည် ဖြစ်နေလေတော့သည်။

# အခန်း(၂)

## ပန်ထွာပြည် ဗိသာနီးကို စိုးမိုးမည့်သူ

အရုဏ်ဦးရောင်ခြည်သည် အရှေ့ဘက်တောင်တန်းဆီမှ ထွက်ပြူစ ပြုလာပြီ။

သည်အချိန်တွင် ကူဋ္ဌဝတီနန်းတော်တွင်းမှ မြင်းလေးကောင်က, သော အမိုးဖွင့် ယာဉ်ကြီးသည် ဖြည်းဖြည်းမှန်မှန် ထွက်လာသည်။

ယာဉ်ရထားကြီးပေါ်တွင် ဘုရင်မင်းမြတ်နှင့် ပိပ္ပလိဒေဝီဘွဲ့ခံ စန္ဒမုခိမိဖုရားတို့ စီးနင်း လိုက်ပါလာကြသည်။

ယာဉ်ရထားကြီး၏ ယာဘက်တွင် သက်တော်ရှည် အမတ်ကြီးနှင့် သေနာပတိကြီး သမန္တ၊ ဝဲဘက်တွင် ကိုယ်ရံတော် တပ်မှူးလေး နန္ဒတို့က မြင်းကိုယ်စီ စီးလျက် လိုက်ပါ လာကြသည်။

ယာဉ်ရထားကြီး၏ နောက်မှကပ်လျက် မြင်းရထားတစ်စီး ပါလာသည်။ ထိုရထား ပေါ်တွင် ဗိသာနီး မင်းသမီးလေးနှင့် သူ့အထိန်းတော်ကြီး မိအူတို့ လိုက်ပါ လာကြသည်။

ထို့နောက်တွင်မှ မြင်းရထားတစ်စီးတွင် အပျိုတော်လေးများဖြစ်သော သူဇာ၊ မူယာ၊ စိတြာနှင့် ခတ္တာတို့ လိုက်ပါလာကြသည်။ ဆွမ်း၊ သစ်သီးများ၊ မုန့်ချို စသည့် လှူဖွယ် ပစ္စည်းများ ထည့်ထားသည့် ရွှေလင်ပန်းများကို အပျိုတော်လေးများက ဂရုတစိုက် ကိုင်လာကြ၏။ ယာဉ်ရထားမှ မြင်းများ၏ လည်တွင် အလှဆင်ထားသည့် ကြေးချူလုံး ကလေးများသည် ခွာသံနှင့် အတူ စည်းကိုက်ဝါးကိုက် မြည်နေကြသည်။

လမ်းဘေးဝဲယာတွင် လူထု ပရိသတ်ကြီးသည် လက်အုပ်ချီကာ ဘုရင်မင်းကြီးကို အရိုအသေ ပြုနေကြ၏။ ဘုရင်ကြီးက သူ၏ ယာဘက် လက်ကို ဝှေ့ယမ်းပြီး နှုတ်ဆက်လိုက်ရာ ပရိသတ်ကြီးက `ကမ္ဘာ့ဝတီ ဘုရင်မင်းမြတ် သက်တော်ရာကျော် ရှည်ပါစေ´ ဟု ပြန်လည် ကြွေးကြော် လိုက်ကြသည်။

ဘုရင်မင်းမြတ်၏ ယာဉ်ရထားကြီးသည် ဗိသနိုးမြို့၏ အရှေ့မြောက်ဘက် မြို့ရိုးအနီးတွင် သီးတင်းသုံးနေသော ဘရသေ့ကြီး၏ ကျောင်းသင်္ခမ်းဆီသို့ ဦးတည်လျက် သွားနေ၏။

ကမ္ဘာ့ဝတီ နယ်နမိတ်ကို လွန်လာသည့်အခါ လူသွားလူလာ ရှင်းလင်းလာသည်။ လမ်းဘေးဝဲယာတွင် လူ နေအိမ်ခြေ မရှိသလောက်ပင်။

မိမိ ကိုးကွယ် ဆည်းကပ်သော ဆရာရှင် ရသေ့ကြီးထံ သွားသည်မို့ မင်းကြီးသည် မင်းမြောက် တန်ဆာငါးပါးကို ဝတ်ဆင်ထားခြင်း မရှိပေ။ ရှေးရိုးစဉ်လာ ဒေသထွက် ဖြူလွလွ ချည်ထည်စဖြင့် ချုပ်လုပ်ထားသည့် ဝတ်ရုံကိုသာ ဝတ်ဆင်ထားတော် မူသည်။ မိဖုရား စန္ဒမုခီနှင့် သမီးတော်လေး အပါအဝင် မင်းမှုထမ်း အခြွေအရံ အားလုံးလည်း ထို့အတူပင်။

နံနက်ခင်း နေခြည်နုသည် စိမ်းလန်းသော သစ်ပင်များအပေါ် ဖြာကျလျက်ရှိရာ ပတ်ဝန်းကျင် တစ်ခွင်လုံး သာယာ လှပလို့ နေသည်။ ပင်မြင့်ထက်မှ ငှက်ကလေးများကလည်း တစ်ကိုင်းမှ တစ်ကိုင်း ဟိုခုန်သည်ကူး၊ တကျွိကျွိ သံသာကျူးလျက်။ ဖြည်းညှင်းစွာ တိုက်ခိုက်လာသော လေပြည်ထဲတွင် အင်ကြင်းရနံ့တို့ ထုံမွှမ်းလို့ နေသည်။

မကြာမီပင် ဘရသေ့ကြီး၏ ကျောင်းသင်္ခမ်းသို့ ရောက်လာကြသည်။ ဘရသေ့အား ဆွမ်း၊ သစ်သီးစသော လှူဖွယ်များကို ဆက်ကပ်ကာ ရှိသေစွာ ရှိခိုး ကန်တော့ကြ၏။

ဘုရင်မင်းမြတ်က စန္ဒမုခိမိဖုရား၊ သမီးတော်လေး ဗသသနီးတို့နှင့် ပတ်သက်၍ ဘရသေ့အား အသိပေး လျှောက်တင်သည်။ ဘရသေ့ကြီးက ခေါင်းတညိတ်ညိတ်။

ဘရသေ့ကြီးကား အခြားသူ မဟုတ်ပေ။ သမိုင်းခေတ်ဦး ကာလက မြန်မာနိုင်ငံ တွင်းသို့ ဝင်ရောက်ကာ ပထမ ပဒေသရာဇ် နိုင်ငံကို ရှေးဦးလက်မွန် တည်ထောင် ခဲ့ကြသော ပျူအကြီးအကဲ၊ မိဘ ဘိုးဘွားတို့မှ နွယ်စဉ်မပျက် ဆင်းသက် ခဲ့သူပင် ဖြစ်၏။ နိုင်ငံ ကာကွယ်ရေး အတွက် အဌာရသပညာ၌ ကောင်းစွာသင်ကြား တတ်မြောက်တော် မူသည်။ အကြီးအကဲအဖြစ် ပျူတို့ကို အုပ်ချုပ်ရာ၌လည်း များစွာ ကျွမ်းကျင်တော်မူသည်။ သက်တော် ထောက်လာသည့် အခါတွင် ရသေ့ဝတ်ကာ တရားဓမ္မ ကျင့်ကြံအားထုတ် မွေ့လျော် နေတော့သည်။ သည်လို အစဉ်အလာ ကြီးမား ခဲ့သောကြောင့် ဒွတ္တပေါင်တီ ဘုရင်သည် ရသေ့ကြီးအား မင်းဆရာအဖြစ် ကိုးကွယ် ဆည်းကပ်တော်မူသည်။

ဘုရင်မင်းမြတ် လျှောက်တင်စကား ပြီးဆုံးသွားသောအခါ ဘရသေ့ကြီးသည် ချောင်းတစ်ချက် ဟန့်ပြီး ယခုလို မိန့်တော်မူသည်။

"ဒကာတော်မင်းကြီး၊ သမီးတော်လေးရဲ့ ရှေးရှေးဘဝ၊ ဖြစ်ပျက်ခဲ့သမျှ အကြောင်း အရာတွေကို ပြန်ပြောင်း အောက်မေ့ကြည့်လိုက်တော့ ဒီသမီးတော်လေးဟာ သာမန် မိန်ကလေး မဟုတ်ပေဘူး။ ကဿပ မြတ်စွာဘုရားရဲ့ သာသနာတော် အတွင်း အနှစ် နှစ်သောင်း တန်းမှာ အမျိုးကောင်း သမီးတစ်ဦး ဖြစ်ခဲ့တယ်။ ပူလောင် အိုက်စပ်တဲ့ နွေတစ်ချိန်မှာ ကဿပ ဘုရားရှင်ရဲ့ လက်ယာတော်ရံ အရှင်မြတ်ကို ပေရွက် ယပ်တောင် ကလေး လှူဒါန်းပြီး ယခုလို ဆုတောင်းခဲ့တယ်"

"ဤသို့ လှူဒါန်းရသော ကုသိုလ်ကံ စေတနာကြောင့် တပည့်တော်မ ဖြစ်လေ တိုင်းသော ဘဝ၌ မစိုက်မပျိုးရဘဲ သက်သက်သော ပေပင်တို့ဖြင့် ပေါက်ရောက်ခြံရံလျက်၊ ကနက်ထီးနန်းနှင့် မင်းခမ်းမင်းနား ကျင်းပကာ၊ ဘဝထိုထို အလိုအတိုင်း ပြည့်စုံ ရပါလို၏ ဘုရား"

"အဲဒီလို ပန်ထွာ ဆုတောင်းခဲ့တဲ့ ကုသိုလ်ကံဟာ အကျိုးပေးချိန် တန်ပြီ ဒကာတော် မင်းကြီး၊ ဆုတောင်းခဲ့တဲ့ အတိုင်း သည်ဝက်ချင်းကန်ရွာ၊ စမုံရွာ၊ နားမှောင်းကျ၊ သတိုးတန်းရွာ၊ အင်းရွာဆိုတဲ့ ငါဌာနမှာ မစိုက်မပျိုး တောစိုး သစ်ပင်အလား ပေပင်တွေ အလိုအလျောက် ပေါက်လာတယ်။ ပြီးတော့ ကိုးပင်လို့တွင်မယ့် အရပ်မှာလည်း ပေပင် ကိုးပင်စီပြီး ပေါက်လာလေရဲ့"

"အင်း... ကဿပ ဘုရားရှင်လက်ထက်က ပန်ထွာ ဆုတောင်းခဲ့တာကို ရည်ပြီး သမီးတော်လေးဟာ - ပန်ထွာမင်းသမီးလေး - ပေပဲ။ အချိန်တန်ရင်ဒီ ယင်းလွင်ပြင်ဒေသ၊ ပန်ထွာပြည် ဗိဿနိုး မြို့တော်ကြီးကို စိုးမိုးအုပ် ချုပ်ရပေလိမ့်မယ် ဒကာတော်"

"ဝမ်းမြောက် ဝမ်းသာရှိလှပါတယ် ဘရသေ့ဘုရား၊ သည်အတွက် ညွှန်ကြား ဖွယ်ရာများ ရှိပါက မိန့်ကြားတော်မူပါ။"

ဘုရင်မင်းကြီး၏ လျှောက်ထားချက်ကို ဘရသေ့ကြီးသည် ချက်ချင်း တုန့်ပြန် ပြောဆိုခြင်း မပြုသေးဘဲ၊ ခေတ္တမျှ ငြိမ်သက်စွာ စဉ်းစားနေသည်။

မင်းကြီးနှင့်တကွ ပရိသတ်အားလုံးသည် ဘရသေ့ကြီး မြွက်ကြားလာမည့် စကားကိုသာ နားစွင့်နေကြ၏။ ထို့ကြောင့် ကျောင်းသခ်တစ်ခုလုံး အပ်ကျလျှင်ပင် ကြားရမတတ် တိတ်ဆိတ် ငြိမ်သက်နေသည်။ ခဏအကြာတွင် ဘရသေ့ကြီးက တည်ငြိမ် လေးနက်စွာ မိန့်ကြားသည်။

"လောကီရေးရာတွေကို ပယ်စွန့်ထားတာ ကြာပါပြီကော၊ ဒါပေမယ့် ခုကိစ္စက ပျူနိုင်ငံတော်ကြီးရယ်လို့ ဖြစ်တည်လာမယ့် အရေး၊ ပျူ လူမျိုးတွေရဲ့ အရေးဆိုလည်း မမှားဘူး။ ဆိုရေးရှိတော့ ဆိုရပေမပေါ့။ ဒကာတော် သိတဲ့ အတိုင်းပဲ။ ကျုပ်တို့ ပျူလူမျိုး တွေဟာ ကိုယ်နှုတ် အမူအရာ လွန်စွာ သိမ်မွေ့ နူးညံ့ကြတယ်။ ဘာသာရေး ကိုင်းရှိုင်း ကြတယ်။ စိုက်ပျိုးရေးကို အဓိကထားပြီး လုပ်ကိုင်ကြသူတွေ၊ အိုးလုပ်ငန်း၊ ရက်ကန်း လုပ်ငန်း စသည်ဖြင့် ဆိုင်ရာဆိုင်ရာ အသက် မွေးဝမ်းကျောင်းကို ရိုးသားစွာ လုပ်ကိုင်

ကြတယ်။ ကိုယ့်နိုင်ငံ လုံခြုံရေး၊ နိုင်ငံကာကွယ်ရေး အတွက် စစ်အတတ် ပညာကို သာမန်လောက်ပဲ လေ့လာ တတ်ကြတယ်။ ဒီတော့ စနစ်တကျ ဖွဲ့စည်းထားတဲ့ တပ်မတော် ရယ်လို့ မရှိခဲ့ဘူး။ တစ်ချိန်မှာတော့ 'သီရိမာရ်' ခေါ် 'ဖန်မန်' ဦးစီးတဲ့ ဖူနန် (ရှေးဟောင်း ခမာ) တွေ ဝင်ရောက် တိုက်ခိုက်လို့ မြို့တစ်ခါ ပျက်ဖူးခဲ့တယ်။ အဲဒီလို အတိုက်ခံရတော့ ဗိသုနိုး ပျူတွေဟာ ဧရာဝတီမြစ်ညာကို ဆန်တက်ကြပြီး ဟန်လင်းမြို့ကို တည်ထောင် လိုက်ကြတယ်။ ဒီချွတ်ယွင်း အားနည်းချက်တွေကို သင်ခန်းစာ ယူတတ်ရမယ်"

"ပြီးတော့ နဝဝါသီမည်တဲ့ သကျအင်းအရပ် ပျူမြို့၊ ကျောက်စံကား (လောက နန္ဒာ ဘုရား တည်ရာ နေရာ)၊ ရာမညတိုင်း၊ ရခိုင်ပြည်၊ ကမ်းယံပြည်၊ သက်တို့ နေရာ အရပ် များမှာ ရာဇဌာနီ တည်ထောင်မင်းလုပ်ပြီး လူမျိုးလူနွယ် အစုလိုက် အသီးသီး နေထိုင် ကြတယ်။ ဒီနိုင်ငံတွေဟာ ဗိသုနိုးနဲ့ ခေတ်ပြိုင်တွေမို့ လျှော့တွက်လို့ မရပေဘူး။ စပါးစိုက်ကာ၊ ယာထွန်ကာဖြင့် အေးအေးလူလူ နေလို့ မဖြစ်ချေဘူး။ သည်နိုင်ငံတွေက ကျူးကျော် လာခဲ့သော် ပန်ထွာမင်းသမီးလေးမှ အစ ဗိသုနိုး ပြည်သူပြည်သား၊ လူငယ် လူရွယ်တွေ အားလုံး မြင်းကိုစီး၊ ဆင်ကိုစီးပြီး ရဲရဲဝံ့ဝံ့ ကာကွယ် တိုက်ခိုက်နိုင်မယ့် အမြဲတမ်း တပ်မကြီးတွေ ဖွဲ့စည်း ထားဖို့လိုတယ်။ သည်ကိစ္စ အတွက် ဒကာတော် မင်းကြီးနဲ့ သက်တော်ရှည် အမတ်ကြီးတို့ တိုင်ပင်ပြီး ဆောင်ရွက်ကြပေတော့" ဟု မိန့်ကြား ကာ စကားကို အဆုံး သတ်လိုက်သည်။

ကုမ္ဘဝတီဘုရင်နှင့် သက်တော်ရှည် အမတ်ကြီးတို့က ဘရေသေ့ကြီး မိန့်ကြား သည့်အတိုင်း လိုက်နာ ဆောင်ရွက်ပါမည်ဟု ဝန်ခံကတိ ပြုကြသည်။ ထို့နောက် မင်း ပရိသတ် အားလုံး ဘရသေ့ကြီးလား ရှိသေစွာ ဦးခိုက် ကန်တော့ကြပြီး ရွှေနန်းတော်သို့ ပြန်လာ ခဲ့ကြတော့သည်။

ဘရသေ့၏ ကျောင်းသင်္ခမ်းမှ ပြန်လာပြီးကတည်းက ပန်ထွာမင်းသမီး အဖို့ အားလပ်ချိန် ဟူ၍ မရှိသလောက်ပင်။

လက်ရုံးရည်နှင့် ပြည့်စုံရန် ပထွေးတော် ကုဏ္ဍဝတီမင်းကြီး ကိုယ်တိုင် သင်ကြား ပြသ ပေးသည်။

နှလုံးရည်နှင့် ပြည်စုံစေရန်မူ ပညာရှိအမတ်ကြီး ဘိုးဘိုး သက်တော်ရှည်က သွန်သင် ညွှန်ပြ ဆုံးမပေးသည်။ သက်တော်ရှည် အမတ်ကြီးကား အကြားအမြင်များသည်။ အတွေ့အကြုံများသည်။ သီလရှိသည်။ ရဲရင့်သည်။ လုံ့လဝီရိယ ရှိသည်။ အမှုကိစ္စများကို ပြီးစီးအောင် ဆောင်ရွက် နိုင်သည်။ စွမ်းအား သတ္တိရှိသည်။ တင့်တယ် လျောက်ပတ်သော အရေအဆင်း ရှိသည်။ ဤသို့သော ဂုဏ်များနှင့် ပြည့်စုံသော သက်တော်ရှည် အမတ်ကြီးက ဗိသာနိုး နိုင်ငံတော်ကို အုပ်ချုပ်မည့် ပန်ထွာမင်းသမီးကို ကျင့်ဝတ် တရားများနှင့် ပတ်သက်၍ ဆုံးမ သွန်သင် ပေးသည်။

"မင်းသမီးလေးဟာ မကြာမတင်သော ကာလမှာ ဒီဗိသာနိုး နိုင်ငံတော်ကြီးကို ပန်ထွာဘုရင်မကြီး အဖြစ် အုပ်ချုပ် ရလိမ့်မယ်လို့ ဘရသေ့ကြီး မိန့်ကြားလိုက်တာ မှတ်မိရဲ့ မဟုတ်လား"

"မှတ်မိပါတယ် ဘိုးဘိုး"

"အေး... တိုင်းပြည်အုပ်ချုပ်မယ့် သူဆိုတာ လက်ရုံးရည်၊ နှလုံးရည်နဲ့ ပြည့်စုံ ရတယ်ကွ။ လက်ရုံးရည်နဲ့ ပြည်စုံဖို့ ပထွေးတော်မင်းကြီး ကိုယ်တိုင် သင်ကြား လေ့ကျင် ပေးနေပြီ မဟုတ်လား။ နှလုံးရည်နဲ့ ပြည့်စုံဖို့ ဘိုးဘိုးတို့၊ ဘရသေ့ကြီးတို့က ဝိုင်းဝန်းပြီး သွန်သင် ညွှန်ကြားပေးမယ်၊ ဟုတ်ပလား"

"နာခံလျက်ပါ ဘိုးဘိုး"

"ကိုင်း...ဘိုးဘိုးပြောပြမယ်၊ နားထောင် မှတ်သားပေတော့။ နိုင်ငံတစ်နိုင်ငံကို အုပ်ချုပ်မယ့် ဘုရင်၊ ဒါမှမဟုတ် ဘုရင်မများဟာ ပညာရှိ သူတော်ကောင်းတို့ကို ပေါင်းဖော် ပူဇော် ရမယ်တဲ့။ ဘာဖြစ်လို့လဲ၊ ပညာရှိသူမြတ်တို့ရဲ့ စကားကိုကြားနာမှ အကြားအမြင်

ဗဟုသုတ ပွားမယ်။ အကြားအမြင်ဗဟုသုတ ပွားမှ အကြောင်းနဲ့ အကျိုးကို သိမယ်။ အကြောင်းအကျိုးကို သိမှ ချမ်းသာကို ဆောင်နိုင်မယ်တဲ့။ ဆရာသမားပညာရှိ တို့ရဲ့ အဆုံးအမကို နာခံတာ၊ စကားကောင်း တရားကောင်းကို နာယူလိုတာ၊ အတတ်ပညာကို သင်ယူတာ၊ ပြီးတော့ရှေ့နောက် နှစ်ဘက်ကို သိမြင်တာတွေဟာ ပညာကြီးသော မင်းတို့ရဲ့ ဂုဏ်တွေပဲ။ ဒါကြောင့် ဗိသနိုးနိုင်ငံကို အုပ်ချုပ်တော့မယ့် သမီးတော်ဟာ ပညာရှိ အမတ်ကောင်းတို့နဲ့ တိုင်ပင်ရမယ်။ တိုင်ပင်ပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် ပြုရမယ်။ မိမိ မသိသေးတဲ့ အကျိုးစီးပွားကို ပညာရှိတို့ထံက သိအောင်ပြုရမယ်။ သိလာတဲ့ အကြောင်းအရာပေါ်မှာ ယုံမှား သံသယ မဖြစ်ဘဲ မိမိရဲ့ ပညာနဲ့ နှိုင်းယှဉ် ချင့်ချိန်ပြီး အသုံးချတတ်ရမယ်ကွယ့်”

“ သမီး မှတ်သားနာယူကျင့်သုံးပါ့မယ် ဘိုးဘိုး”

“ပြီးတော့ ရှိသေးတယ်၊ မေတ္တာဆိုတဲ့ တရားဟာ အလွန် အရေးပါတယ်။ မေတ္တာတရားဟာ မိုက်မှား စေတတ်တဲ့ 'ဒေါသစိတ်'ကို ပယ်ဖျောက်နိုင်တယ်။ မေတ္တာတရားနဲ့ ပြည့်စုံ သူဟာ နိုင်ငံတော်ကို ကောင်းမွန်စွာ အုပ်ချုပ်နိုင်မယ်။ ဒါမှလည်း နိုင်ငံသူနိုင်ငံသားတွေ ငြိမ်ချမ်း သာယာမယ်။ ဒါကြောင့် ဗိသနိုး နိုင်ငံတော်ကြီး သာယာငြိမ်းချမ်းဖို့ အတွက် မင်းသမီးလေး အနေနဲ့ လူအားလုံးထက် သာလွန်ပြီး မေတ္တာတရား ရင်ဝယ် ထားရမယ်။ မေတ္တာထားရုံနဲ့ ပြည့်စုံ လုံလောက်ပြီလား ဆိုတော့ မလုံလောက်သေးဘူးကွယ့်။ ကရုဏာ တရားလည်း ထားရမယ်။ ဒီနေရာမှာ ကရုဏာဆိုတဲ့ စကားကို နားလည်အောင် ဘိုးဘိုး သေသေချာချာ ရှင်းပြမယ်။ ကရုဏာ တရားဆိုတာ သနားကြင်နာခြင်းတဲ့။ ဘယ်သူတွေကို သနားကြင်နာရမလဲ။ အဖြေက ‘ဒုက္ခိတ သတ္တဝါ’ တွေကို သနား ကြင်နာ ရမယ်တဲ့။ ဒုက္ခိတ သတ္တဝါဆိုလို့ ခြေပြတ်၊ လက်ပြတ်၊ ကိုယ်အင်္ဂါချို့တဲ့တာတွေကို ပြောတာ မဟုတ်ဘူး။ ကိုယ့်ထက် စီးပွားဥစ္စာ၊ ရာထူး၊ အသိပညာ နည်းတဲ့သူ၊ နိမ့်တဲ့သူ၊ သဘောထား သေးသိမ်တဲ့သူတွေကို ဆိုလိုတာ။ မင်းသမီး အနေနဲ့ ဗိသနိုး ပြည်သူပြည်သားတွေကို ကျောသားရင်သား မခွဲခြားဘဲ သနားကြင်နာ ရမယ်လို့။ ဆိုလို

တာပေါ့။ ဒီနေရာမှာ အထူး သိထား ရမှာက မိမိနဲ့ နီးစပ်တဲ့သူ ဒုက္ခ ရောက်နေလို့ စိတ်ပူနေတာဟာ 'သနားကြင်နာမှု ဆိုတဲ့ ကရုဏာ' မဟုတ်ဘူး။ အဲဒါ ဒေါမနဿပဲ။ ကရုဏာအစစ်ဟာ ကုသိုလ် ဖြစ်လို့ စိတ်မညစ်ဘူးတဲ့"

"အခုလို ရှင်းပြမှပဲ ကွဲကွဲပြားပြား နားလည်ရပါတယ် ဘိုးဘိုး" သက်တော်ရှည်အမတ်ကြီးက ဆက်လက် ပြောကြားသည်။

"ဗိသနိုးကို အုပ်ချုပ်တဲ့ အခါမှာ မမေ့မလျော့ ကျင့်သုံးရမယ့် တရားတွေရှိတယ်။ အဲဒါတွေကတော့...

**၁။ အလှူပေးခြင်း၊**
**၂။ သီလဆောက်တည်ခြင်း၊**
**၃။ အမှုထမ်းများကိုရိက္ခာပေးကမ်းခြင်း၊**
**၄။ ရိုးသားဖြောင့်မတ်ခြင်း၊**
**၅။ နူးညံ့သာယာစွာပြောဆိုကျင့်ကြံခြင်း၊**
**၆။ အကျင့်သီလတို့ကိုမြိုးမြစ်စွာ စောင့်သုံးခြင်း၊**
**၇။ အမျက်မထွက်ခြင်း၊**
**၈။ မနှိပ်စက်ခြင်း၊**
**၉။ သည်းခံခြင်း၊**
**၁၀။ ပြည်သူတို့သဘောနဲ့မဆန့်ကျင်ခြင်းဆိုတဲ့ မင်းကျင့်တရားဆယ်ပါးပဲ။**

သိမှတ် ဖွယ်ရာတွေက များလွန်းလို့ ပင်ပန်း နေရော့မယ်၊ နောက်နေ့မှ ဆက်ကြတာပေါ့။ အကြောင်းတစ်စုံတစ်ရာ တိုက်ဆိုင်လာတဲ့ အခါမှာလည်း အလျဉ်းသင့်သလို ညွှန်ကြား သွားမယ်။ ဒီနေ့အဖို့ ဒီမျှနဲ့ပဲ တော်ကြဦးစို့"ဟု ဆိုကာ သပ်တော်ရှည်ဘိုးဘိုးသည် သူ၏စကားကို အဆုံးသတ်လိုက်သည်။

ပန်ထွာမင်းသမီးက 'ဦးတင်ပါတယ် ဘိုးဘိုး' ဟု ဆိုကာ လက်အုပ်ချီ ဦးချလိုက်သည်။

မင်းသမီး၏ အသံကိုကြားလျှင် နောက်ပါးတွင် ခစားရင်း ငိုက်မြည်းနေသော အထိန်းတော်ကြီး မိအူလည်း ဘိုးဘိုး သက်တော်ရှည်ကို ကပျာကယာ ကန်တော့လိုက်၏။ ပြီးနောက် နှစ်ဦးသား လက်အုပ်ချီ ခွင့်ပန်ကာ ယို့ယို့လေး နောက်ဆုတ်လျက် ထွက်လာကြသည်။ ဘိုးဘိုး မမြင်ကွယ်ရာရောက်မှ နောက်လှည့်ပြီး အဆောင်တော်ဘက်သို့ ဦးတည် လိုက်ကြ၏။

ထိုခဏတွင် မိအူက "ခုမှပဲ ဝဋ်ကျွတ်တော့တယ်" ဟု တိုးတိုးလေး ပြောလိုက်သည်။ တစ်ကိုယ်ကြားရုံမျှ ပြောလိုက်သော်လည်း ပန်ထွာမင်းသမီးက ကြားဖြစ်အောင် ကြားလိုက်သည်။

"ဘာပြောတယ် မိအူ၊ ခုမှ ဝဋ်ကျွတ်တော့တယ် ဟုတ်လား။ သည်လောက်တန်ဘိုး ရှိတဲ့ ဩဝါဒတွေကို နာယူ မှတ်သားရတာများ ဝဋ်ခံ နေရတယ်လို့ ထင်ရင် မှားတော့ မပေါ့။ မတော်လို့များ ဘိုးဘိုး ကြားသွားမှဖြင့် ဘယ်လောက် စိတ်မကောင်း ဖြစ်လိုက်မလဲ"

"ဖုရားကျွန်မက တိုင်းပြည် အုပ်ချုပ်မယ့်သူမှ မဟုတ်ဘဲ သခင်မလေးရဲ့၊ လေးနက်တဲ့ စကားတွေ နားထောင်ရတာ ပျင်းတာပေါ့။ မင်းသားလေးတွေ အကြောင်း နားထောင် ရတယ်ဆို တော်သေးရဲ့"

"ပြောလေကဲလေပါလား မိအူရယ်။ အလေးအနက် ထားရမယ့် စကားကို ဒီလို ပေါ့ပျက်ပျက် မလုပ်နဲ့လေ။ ဘိုးဘိုးရဲ့ ဩဝါဒတွေဟာ တိုင်းပြည်အုပ်ချုပ်မယ့် သူမှ လိုက်နာ ကျင့်သုံးရမှာ မဟုတ်ပါဘူး။ လူသားတိုင်း ကျင့်သုံး လိုက်နာရမယ့် အချက်တွေ အများကြီး ပါတယ်။ ပညာဆိုတာ ယူတတ်ရတယ် မိအူရဲ့"

ပြောရင်းဆိုရင်း အဆောင်တော်သို့ ရောက်လာသည်။ မိအူက သူ့သခင်မ ပန်ထွာမင်းသမီး အတွက် သစ်သီးဖျော်ရည် ဖျော်ပြီး ဆက်သသည်။ ချိုချဉ် မွှေးပျံ့သော ဖျော်ရည်ကို သုံးဆောင်ပြီးနောက် သလွန်ထက်တွင် ခေတ္တ လဲလျောင်းရင် အနားယူနေသည်။

ပန်ထွာမင်းသမီးသည် လဲလျောင်းရာမှ ထပြီး လေသာပြတင်းမှ အပြင်သို့ လှမ်းကြည့် လိုက်သည်။ နေအတော်စောင်းနေပြီ ဖြစ်သော်လည်း အညာနေမှာ ပူနေဆဲပင်။ ပူနေ သေးသည်ဟု အချိန်ဆွဲ၍ မဖြစ်။ စစ်ရေး လေ့ကျင့်ကွင်းသို့ သွားရမည်။

ဗိသနိုးနိုင်ငံတော် ကာကွယ်ရေးအတွက် လိုအပ်လာပါက ပန်ထွာမင်းသမီး ကိုယ်တိုင် ဦးဆောင်ပြီး တိုက်ခိုက်နိုင်ရန် ပထွေးတော် ကမ္ဗဝတီဘုရင်သည် သူ့အား စစ်ပညာကို မသင်မနေရ သင်စေခဲ့သည် မဟုတ်ပါလား။

ပန်ထွာမင်းသမီးသည် လေသာပြတင်းမှ ခွာကာ "ကဲ... သွားကြစို့"ဟု ဆိုလိုက်၏။ အထိန်တော်ကြီးနှင့် တကွ ကိုယ်ရံတော် တပ်ဖွဲ့ဝင် နန်းတွင်းသူ ပျိုဖြူများအားလုံး မင်းသမီး၏ နောက်တော်ပါးမှ လိုက်ခဲ့ကြသည်။

ပန်ထွာမင်းသမီးသည် ထက်မြက်သည်။ ဖျက်လတ် သွက်လက်သည်။ အမျိုးချစ်စိတ် ရှိသည်။ သတ္တိ ရဲရဲနီသည်။ သူ့သွေးထဲမှာ ဇာတိမာန် ရှိသည်။ ထို့ကြောင့်လည်း စစ်ပညာကို သင်ယူရာ၌ တတ်မြောက် လွယ်သည်။

အထိန်းတော်ကြီး မိအူမှာ နာမည်နှင့် လိုက်အောင် အူတူတူ နိုင်လှသည်။ စစ်ပညာ သင်ယူစတွင် ဘယ်လှည့်၊ ညာလှည့်ကိုပင် အခြားသူများ နည်းတူ မှန်ကန်အောင် မလုပ် တတ်ရှာပါ။ သူ့ကိုကြည့်ပြီး ပျိုအမျိုးသမီးငယ်များမှာ တဝါးဝါး တဟားဟားနှင့်။ သည်လို ရယ်ပွဲဖွဲ့ ကြတော့လည်း သူ့ခမျာ ရှက်လိုက်ရသည့် ဖြစ်ခြင်း။ ပန်ထွာမင်းသမီးက အပျိုတော်ကလေးများအား ဟန်ဆောင် ငေါက်ငန်း လိုက်မှ မိအူ အရှက်ပြေသွားသည်။

သည်လိုနှင့်ပင် ဓားခုတ်၊ လှံထိုး၊ တိုက်ခိုက်နည်း အမျိုးမျိုးကို ခက်ခဲ ပင်ပန်းစွာ သင်ယူလေ့ကျင့်ခဲ့သည်။

အမျိုးသမီး တပ်ဖွဲ့ဝင်များ မြင်းစီးလေ့ကျင့် သင်ကြားရာတွင်မူ မိအူမှာ မျက်ရည်များပင် ကျရှာသည်။ 'လေ့အဆင်း၊ မြင်းအတက်' လွန်စွာ ခက်ခဲ သည် မဟုတ်ပါလား။ မိအူသင်ယူသည့် အလှည့်တွင် မြင်းပေါ် မရောက်ဘဲ၊ မြေပြင်မှာချည်း မှောက်လျက် လဲကျနေသဖြင့် တံတောင်နှင့်ဒူး သွေးအလူးလူး ဖြစ်ရသည်မှာလည်း ကြိမ်ဖန်များစွာ။ သည်တော့ စစ်ပညာ မသင်ပါရစေနှင့်ဟု သူ့သခင်မလေး ပန်ထွာကို တောင်ပန်းသည်။

"မိအူက အသက်ကြီးပါပြီ။ နန်းတွင်းသူလေးတွေလို ဖျတ်ဖျတ်လတ်လတ် သွက်သွက်လက်လက် မရှိတော့ပါဘူး။ ပြီတော့ သွေးသံရဲရဲကိုလည်း မကြည့်ဝံ့တာမို့ တကယ်တမ်း တိုက်ကြစို့ဆိုရင် မိအူ နိုင်မယ် မဟုတ်ပေဘူး။ ဒါကြောင့် ဖုရားကျွန်မမိအူ စစ်ပညာ မသင် ကြားပါရစေနဲ့၊ သနား ခွင့်လွှတ်တော်မူပါ သခင်မလေးရယ်"

အထိန်းတော်ကြီး မိအူက အသနား ခံသော်လည်း ပန်ထွာမင်းသမီးက လက်မခံပေ။

"အထိန်းတော်ကြီး လျှောက်တင်ချက်ကို သခင်မလေး ပယ်တော်မူတယ်။ လူဆိုတာ သက်တောင့်သက်သာ နေချင်ကြတာ ချည်းပဲ။ မိအူကို ဒီအခွင့်အရေး ပေးလိုက်ရင် ကျန်တဲ့လူတွေက ဘာပြောကြမလဲ။ အားလုံး စိတ်ဝမ်းကွဲကုန်ကြမှာပေါ့"

ပန်ထွာမင်းသမီးက ခုလိုပြောတော့ မိအူသည် မျက်လုံးပေကလပ် ပေကလပ်နှင့် ခေါင်းညိတ်ပြသည်။

ပန်ထွာမင်းသမီးက ဆက်လက်၍ ရှင်းပြပြန်သည်။

"ဗိသုနိုးနဲ့ ခေတ်ပြိုင် နိုင်ငံတွေကို သတိထားဖို့ ဘရသေ့ကြီး မိန့်ကြားလိုက်တာ အထိန်းတော်ကြီး မှတ်မိဦးမှာပေါ့။ ဗိသုနိုး နိုင်ငံတော်ကို သိမ်းပိုက်လိုက်တဲ့ ရန်သူဟာ အနီးကလား၊ အဝေးကလားဆိုတာ မသိနိုင်ဘူးလေ။ သည်တော့ ဗိသုနိုးကို ထိပါး နှောင့်ယှက်လာသူ မှန်သမျှကို ပြင်းပြင်းထန်ထန် ချေမှုန်း နိုင်စွမ်းရှိဖို့ စစ်ပညာ တတ်ကို တတ်ရမယ်။ မိအူဟာ ဗိသုနိုးနိုင်ငံသူ တစ်ယောက်ပဲ။ ကိုယ်နိုင်ငံတော်ကို ကာကွယ်ဖို့၊ ကိုယ့်နိုင်ငံသူ နိုင်ငံသားတွေရဲ့ အသက်အိုးအိမ် စည်းစိမ်ကို ကာကွယ်ဖို့ မိအူမှာလည်း တာဝန် ရှိတာပေါ့၊ မဟုတ်ဘူးလား။ စစ်ပညာကို သူတကာ သင်ယူလို့ရရင် ငါရော ဘာကြောင့် သင်ယူလို့မရနိုင် ရှိရမှာလဲဆိုတဲ့ စိတ်ဓာတ်မွေးစမ်းပါ။ စစ်မရောက်ခင် မြားမကုန် ချင်စမ်းပါနဲ့ မိအူရယ်"

မင်းသမီးက ယခုလိုရှင်းပြတော့လည်း မိအူက "မှန်လှပါ၊ ဒီနေ့ကစပြီး ကြိုးစား သင်ယူပါတော့မယ် သခင်မလေးဖုရား" ဟု ကတိပြုလိုက်သည်။ သူ့ ကတိအတိုင်း ကြိုးစား သင်ယူရာ အားလုံး အဆင်ပြေ ချောမွေ့ သွားတော့သည်။

စစ်ပညာကို နေ့စဉ် သင်ယူလေ့ကျင့်ရာ စစ်ရေး လေ့ကျင့်ကွင်းသို့ ကဏ္ဍဝတီ ဘုရင် ကိုယ်တိုင် ကြွရောက် ကြီးကြပ်တော်မူသည်။ ဘုရင်မင်းမြတ်၏ နောက်တော်ပါးတွင် ကိုယ်ရံတော် တပ်မှူးလေးနန္ဒ ပါစမြဲပင်။ ပန်ထွာ မင်းသမီးအဖို့ တပ်မှူးလေး နန္ဒသည် သူစိမ်း တစ်ယောက် မဟုတ်ပေ။ ကဏ္ဍဝတီ နန်းတော်သို့ ဗိသုနိုးမင်းသမီး အဖြစ် မိမိ ရောက်လာ ခါစကပင် သိကျွမ်း ခင်မင် ခဲ့သူဖြစ်သည်။ နန္ဒသည် သူ့ကို နမကလေးကဲ့သို့ စောင့်ရှောက် ခဲ့သည်။ ပန်ထွာမင်းသမီးကလည်း သားချင်းမောင်နှမ ကင်းမဲ့သူမို့ နန္ဒကို အစ်ကိုတော် အရင်းပမာ ချစ်ခင် အားကိုးခဲ့ရသည်။ ယခုလို ကြီးပြင်း လာကြသည့်တိုင် အခင်မင် မပျက်၊ စိတ်ထား မပြောင်းလဲကြပေ။

ပန်ထွာမင်းသမီးနှင့်တကွ ပျူစစ်သူ တပ်ဖွဲ့ဝင်များသည် ချွေးသံရွှဲရွှဲ တကယ် တိုက်ပွဲဝင်နေ သကဲ့သို့ လေ့ကျင့် နေကြသည်။ ဘုရင်မင်းမြတ် ကြွရောက် ကြည့်ရှု စစ်ဆေးချိန်တွင်လည်း လေ့ကျင့်မှုကို ရပ်နားရန် မလိုပါ။ လေ့ကျင်မြဲ လေ့ကျင့် နေကြရန်

မဆွကပင် အမိန့်တော် ချမှတ်ပြီး ဖြစ်၏။ ဘုရင်မင်းမြတ်ကသာ မြင်းဖြူကြီး 'တိမ်လွှာ'ကို စီးရင်း ရှေ့နောက်ဝဲယာ လှည့်ပတ် စစ်ဆေးမြဲ ဖြစ်သည်။ သည်လို ကြီးကြပ် စစ်ဆေး ချိန်တိုင်းမှာပင် ပန်ထွာ၏ရင်ထဲ၌ ခမည်းတော် အရင်းကို တမ်းတမိသည်။ သည်နေရာမှာ ခမည်းတော် အရင်းသာ ဖြစ်လျှင် မည်မျှ ကောင်းလိုက် မည်နည်း။ သည်လို တမ်းတ မိတိုင်းလည်း ပထွေးတော် မင်းကြီးအပေါ် ကျေးဇူးကန်းရာများ ကျလေမည်လားဟု ဆန်းစစ် ကြည့်ပြန်သည်။ မဟုတ်ပါ၊ ကျေးဇူးကန်းလို၍ မဟုတ်ပါ။ မိမိရင်ထဲမှ ကွက်လပ် ကလေးကို ဖြည့်လိုခြင်းမျှသာ ဖြစ်သည်။

ထိုကွက်လပ်ကို ဖြည့်ရန် ခမည်းတော် အရင်းနှင့် ပတ်သက်၍ ဘာတစ်ခုမျှ သိထားခြင်း မရှိပါ။ ပညောင်ပင်အောက်တွင် ကုမ္ဘဝတီဘုရင်နှင့် တွေ့ဆုံစဉ်က ထိုသူစိမ်းကို ကြောက်လွန်း၍ မယ်တော့်ရင်ခွင်တွင် မျက်နှာအပ်ကာ ပုန်းလျှိုးနေသဖြင့် မယ်တော်၏ အဖြေ စကားကိုပင် ကောင်းစွာ မကြားလိုက်ပေ။ ထိုစဉ်က မယ်တော်၏ ရင်ခုန်သံ တဒိတ်ဒိတ်က၊ တိုးတိတ်ညင်သာ လွန်းသော မယ်တော့် စကားသံထက် ပိုမိုကျယ်လောင် နေသောကြောင့်လည်း ဖြစ်ကောင်း ဖြစ်ပေမည်။ ပြန်လည် တွေးကြည့်လိုက်တိုင်း 'ရသေ့ပြည် ဘုရင်၏ မိဖုရား...' ဆိုသော စကားစုကိုမူ မပီဝိုးတဝါး ပြန်လည် ကြားယောင် လာသည်။ မယ်တော်ကလည်း အတိတ် ဖြစ်စဉ်များနှင့် ပတ်သက်၍ တစ်လုံးတစ်ပါဒမျှ ပြန်လည်း ပြောပြခြင်း မရှိခဲ့ဖူးပေ။

စစ်ရေးလေ့ကျင့်ကွင်းမှ ဘုရင်မင်းမြတ် ထွက်ကြွသွားလေပြီ။ လေ့ကျင့် နေကြသည့် လေးသည်တော်များ၊ မြင်းသည်တော်များလည်း မကြာခင်မှာပင် တပ်ဖွဲ့လိုက် စည်းကမ်းတကျ လေ့ကျင့်ရေးကွင်းမှ ထွက်ခွာသွားကြသည်။

ပန်ထွာမင်းသမီးနှင့် ပျူစစ်သူများလည်း မိမိတို့ အဆောင်များ ရှိရာသို့ ခပ်ဖြည်းဖြည်း လျှောက်သွား နေကြ၏။ ခါတိုင်းဆိုလျှင် လေ့ကျင့်မှု အတွေ့အကြုံများကို မေးရင်း ပြောရင်းဖြင့် ရယ်မောပျော်ရွှင်စွာ ပြန်လာကြစမြဲ ဖြစ်သည်။ ယနေ့မူ ပန်ထွာ

မင်းသမီးသည် စကား တစ်ခွန်းမျှ မဆိုဘဲ တစ်စုံတစ်ရာကို လေးလေးနက်နက် တွေးတော နေဟန်ကြောင့် အထိန်းတော်ကြီးမှအစ မည်သူမျှ စကားမပြောဝံ့ကြပေ။

မကြာမီပင် အဆောင်များရှိရာသို့ ရောက်လာသဖြင့် ကိုယ့်အဆောင်ရှိရာသို့ လမ်းခွဲ သွားကြသည်။ ပန်ထွာသည် မိမိအဆောင်တော်သို့ မသွားသေးဘဲ မယ်တော် စန္ဒမုခီ အဆောင်သို့ ဦးစွာသွားသည်။

မယ်တော်ကို ဧည့်ခန်းဆောင်ထဲတွင် မတွေ့ရသဖြင့် စက်ရာ ခန်းဆောင်ဆီသို့ လျှောက်ခဲ့သည်။ စက်ရာ ခန်းဆောင်တံခါးဝမှာ ပိတ်ထား၏။ တံခါးဝတွင် ရပ်ကာ နားစွင့် လိုက်သည်။ ခန်းဆောင်အတွင်းမှ မယ်တော်၏ လှုပ်ရှားသံကို မကြားရ။ တံခါးရွက်ကို သာသာလေး တွန်းကြည့်ရာ တံခါး ပွင့်ဟသွားသည်။ မယ်တော်သည် လေသာ ပြတင်းရှေ့တွင် ရပ်နေသည်ကို တွေ့ရသည်။ အနှောင့်အယှက် ဖြစ်သွားမည် စိုး၍ ပန်ထွာသည် အသံမပြုသေးဘဲ တံခါးဝမှာပင် ရပ်နေလိုက်သည်။ ကျောခိုင်းထားလျက်မှပင် မယ်တော်က ပြောလိုက်သည်။

"ဝင်ခဲ့လေ...သမီးလေး"

"ဟုတ်ကဲ့ပါ မယ်တော်ဖုရား" ဟု ဆိုကာ ပန်ထွာမင်းသမီးနှင့် အထိန်းတော်ကြီး မိအူတို့သည် မယ်တော့် စက်ခန်းဆောင် အတွင်းသို့ လှမ်းဝင်လိုက်ကြ၏။ မယ်တော်လည်း ပြတင်းဝမှ ခွာလာပြီး သလွန်ထက်တွင် ထိုင်လိုက်သည်။

သမီးတော်နှင့် အထိန်းတော်ကြီးတို့သည် သလွန်တော်အနီး ခင်းထားသော နအိလှသည့် ကော်ဇော ပေါ်တွင်ထိုင်ကာ မယ်တော့်အား ရိုရိုသေသေ ဝတ်ပြု လိုက်ကြသည်။ မယ်တော် စန္ဒမုခီသည် ဆုပေးပြီးနောက် တစ်ဆက်တည်း မေးလိုက်သည်။

"လေ့ကျင့်ရေး ဝတ်စုံတွေတောင် မလဲရသေးဘဲ မယ်မယ့်ဆီ တန်းလာ ကြတာ ဆိုတော့ အကြောင်းထူး ရှိလို့လား သမီးလေး"

မင်းသမီးသည် မယ်တော့်မျက်နှာကို မော်ဖူးကား သိလိုရင်းကို မသွယ်မဝိုက်ဘဲ မေးလေတော့သည်။

"မှန်လှပါ၊ သမီးတော်ရဲ့ ခမည်းတော်အရင်းကို သိလိုလှပါတယ် မယ်မယ်ဖုရား"

မယ်တော်စန္ဒမုခီ၏ ကိုယ်သည် ဆတ်ခနဲ ဖြစ်သွား၏။ မျှော်လင့် မထားသော မေးခွန်းမို့ အံ့ဩထိတ်လန့်ကာ မျက်နှာကွက်ခနဲ ပျက်သွားသည်။ သို့သော် ချက်ချင်းပင် ဣန္ဒြေဆည်ကာ "ဒါများ အရေးတကြီး လုပ်လို့ သမီးလေးရယ်။ အဆောင်တော်မှာ အပန်းဖြေ နားနေပြီးမှ အေးအေးဆေးဆေး လာရင် ရသားနဲ့" ဟု အရေးမကြီးလေဟန် ဆိုသည်။

"သမီးတော်အဖို့တော့ အလွန်မှ အရေးကြီးလှပါတယ် မယ်မယ်ဖုရား၊ ငယ်စဉ် အခါက မလိမ်မိုးမလိမ်မာမို့- 'ငါဘယ်သူလဲ၊ ငါ့ခမည်းတော် အရင်းက ဘယ်သူလဲ၊ ဘယ်မှာလဲ၊ အခု အသက်ထင်ရှား ရှိသေးသလား၊ ရှိနေသေးရင် ဘာကြောင့် ခမည်းတော်နဲ့ အတူ မနေကြရတာလဲ ဆိုတာတွေကို တစ်ကြိမ်တစ်ခါမျှ မစဉ်းစားမိပါ မယ်မယ်ဖုရား။ ခုတော့ ဗိသုနိုး နိုင်ငံတော်ကို အုပ်ချုပ်ရတော့မယ့် သူမို့၊ သမီးတော်ရဲ့ ဘဝအမှန်ကို သိထားဖို့ အထူး လိုအပ်ပါတယ် မယ်မယ်ဖုရား"

မယ်တော်စန္ဒမုခီသည် နှုတ်ဆိတ်သွားပြီး လေသာပြတင်းမှ တဆင့် အဝေး တစ်နေရာ ဆီသို့ ငေးမောနေသည်။ ခေတ္တမျှ အကြာတွင် သက်ပြင်းမော တစ်ချက် အသာချပြီး တိုးသက် ညင်သာစွာ ပြောလိုက်သည်။

"သမီးတော်လေးရဲ့ ဇာစ်မြစ် အမှန်ကိုပြောပြဖို့ မယ်မယ် အကြိမ်ကြိမ် ကြိုးစားခဲ့တယ်။ ဒါပေမယ့် ပြောမယ်ကြံတိုင်း မယ့်မယ့်ရင်ထဲမှာ ဆို့နင့်လာတာမို့ မပြော ဖြစ်ခဲ့ဘူး။ ဒီလိုနဲ့ နေ့ရွေ့ ၊ ညရွေ့ -ရွေ့ လာလိုက်တာ ဒီနေ့ထိ တိုင်ပါပဲ။ ခုတော့ သမီးတော်လေးက အမေးတော် ရှိလာပြီ။ မယ်မယ် ဖြေရပေမပေါ့။ ဒီနေ့ညကစပြီး တစ်ဆစ်စီ။ တစ်ပိုင်းစီ ပြောပြသွားမယ်၊ ကျေနပ်ပြီလား"

ပန်ထွာမင်းသမီးလေးက ခေါင်းညိတ်လိုက်သည်။ စောစောက မှုန် မှိုင်းမှိုင်း မျက်နှာကလေးသည် ယခုသော် တိမ်စင်လနယ် ကြည်လင်ဝင်းပသွား၏။

မယ်တော်က "သမီးလေး၊ အဆောင်တော်ပြန်ပြီး အနားယူပေဦး။ မယ်မယ်လည်း ဘုရား ဝတ်ပြုလိုက်ဦးမယ်"ဟု ဆိုသည်။ ပန်ထွာသည် မယ်တော် စန္ဒမုခိအား ကန်တော့ပြီး၊ မိအူနှင့် အတူ အဆောင်တော်သို့ ပြန်လာသည်။ အပြန်လမ်းတွင်ကား ခြေလှမ်းများသည် သွက်လက်ပေါ့ပါးလျက်။

အခန်း(၃)

တကောင်းအဘိရာဇာသာကီမျိုးပါတဲ့

"သမီးလေးရဲ့ ခမည်းတော်နဲ့ ပတ်သက်ပြီး နွယ်တော်စဉ်ဆက်ကို ပြောပြရမယ် ဆိုရင်၊ လွန်လေပြီတဲ့ မင်းဆက်များကို အကျဉ်းမျှ သိထားဖို့တော့ လိုပေလိမ့်မယ်။ ဒါမှလည်း လိပ်ပတ်လည်မှာကိုး"

"ဂေါတမ မြတ်စွာဘုရား မပွင့်မီ နှစ်ပေါင်း-၇၀၀-က ပဉ္စာလတိုင်းနဲ့ ကောသလ္လ တိုင်းတို့ စစ်ဖြစ်ကြတယ်။ ကောသလ္လတိုင်းက စစ်ရှုံးတော့ အဘိရာဇာ ဆိုတဲ့မင်းဟာ မဇ္ဈိမ ဒေသက မြန်မာနိုင်ငံဘက်ကို ရှေးရှုထွက်လာတယ်။ အာသံ၊ မဏိပူရ၊ နာဂတောင်တန်း၊ ချင်းတောင်တန်း၊ ချင်းတွင်းမြစ်တို့ကို ဖြတ်ကျော်ပြီး ဥရုချောင်းကို ရောက်လာတယ်။ အဲဒီကမှ တစ်ဆင့် မဲဇာချောင်းအတိုင်း ဆင်းလာပြီး ဧရာဝတီမြစ်နဲ့ မဲဇာမြစ်အကြားမှာ ပဉ္စာလ တကောင်းလို့ ခေါ်တဲ့ နိုင်ငံတော်ကြီးကို တည်ထောင် တော်မူတယ်။ တကောင်း ဆိုတဲ့ အမည်ဟာ ကုန်ပစ္စည်းများ စုပုံရာ ကူးတို့ဆိပ် မြို့လို့ အဓိပ္ပာယ်ရသတဲ့ သမီးရဲ့"

"အဘိရာဇာမင်း တကောင်းကို တည်ထောင်စဉ်က အဲဒီဝန်းကျင်မှာ ပျူလူမျိုးတွေ နေထိုင်တဲ့ ရွာကြီးတွေ ရှိတယ်။ ပျူ၊ ဗမာ၊ ရှမ်းနဲ့ ကဒူးကနန်းတွေ နေထိုင်ရာ ဒေသ တွေပေါ့။ ဒီတော့ ရှိပြီးသား လူမျိုးတွေကို စုပေါင်းပြီး အဘိရာဇာမြို့ပြ တည်ထောင် တာလေ။ အဲဒီ အဘိရာဇာမင်းကစပြီး မင်းဆက်-၃၃-ဆက်မြောက် မင်းဟာ ဘိန္နကရာဇာ တဲ့။ သူ့လက်ထက်မှာ ဂန္ဓာလရာဇ်တိုင်း၊ စိန့်ပြည်က တရုတ်တရက်တွေက လာရောက် တိုက်ခိုက်လို့ တကောင်းပြည်ကြီး ပျက်သွား ပါလေရော။ ဘိန္နကရာဇာလည်း ရသမျှလူသူ စုရုံးပြီး မလည်ချောင်းကို ဝင်တယ်။ မလည် အရပ်မှာပဲ ဘိန္နကရာဇာလည်း ကံတော် ကုန်ရှာတယ်။ ဘိန္နကအုပ်စုလည်း သုံးစု ကွဲသွားပြီး၊ တစ်စုက သုနာပရန္တတိုင်းကို ဝင်ကြတယ်။ တစ်စုက ဧရာဝတီမြစ်ကို ဆန်တက်ပြီး ရွှေလီမြစ်ဝမှာ 'ကမ်းသီတာ'

ဆိုတဲ့မြို့ကို တည်ထောင်တယ်။ တစ်စုကတော့ ဘိန္နကရာဇာ မင်းကြီးရဲ့ မိဖုရားကြီး နာဂသိန်နဲ့ အတူ မလည်အရပ်မှာပဲ နေရစ်ခဲ့ကြတယ်။ အခု မယ်မယ်ပြောပြတာက ပထမ တကောင်း မင်းဆက်နော်"

"မှတ်သားထားပါ့မယ်၊ မယ်မယ်ဖုရား"

"အခု မယ်မယ် ဆက်ပြောပြမယ့် မင်းဆက်ကတော့ ဒုတိယ တကောင်း မင်းဆက်ပဲ။ အဲဒီ အချိန်တုန်းက မဇ္ဈိမဒေသမှာ ဂေါတမ မြတ်စွာဘုရား ထင်ရှား ပွင့်တော်မူ ပြီးပြီ။ သာဝတ္ထိပြည်၊ ပသေနဒီကောသလ မင်းကြီးရဲ့သားတော် ဝိဋူဍုပရဲ့ရန်ကြောင့် သာကီဝင် မင်းတွေ ပျက်စီးရပြန်တယ်။"

"သာကီဝင်မင်း ဓဇရာဇာဟာ သူရဲ့ ခြွေရံသင်းပင်း အလုံးအရင်းနဲ့ တိမ်းရှောင်ခဲ့ပြီး မောရိယမြို့ကို တည်ထောင်တယ်။ အဲဒီကရွှေ့ ခဲ့ပြီး သင်းတွဲပြည်ကို တည်ထောင်တယ်။ အဲဒီကတစ်ခါ ရွှေ့ပြန်တော့ မလည်အရပ်ကို ရောက်လာတယ်။ ဓဇရာဇာဟာ မလည် အရပ်မှာ ရှိနေတဲ့ နာဂသိန်မိဖုရားနဲ့ တွေ့တယ်။ ဆွေတူမျိုးမျှ သကျသာကီဝင်ချည်း ဖြစ်လို့မို့ စုံဖက်တော်မူပြီး အညာပုဂံပြည်ကို တည်ထောင် စံတော်မူတယ်။ အဲဒီကမှ ရှေးသာကီဝင် မင်းတို့ရဲ့ တကောင်းပြည်ကြီးကို ပြောင်းရွှေ့ပြီး ပဉ္စာတကောင်းလို့ သမုတ်တယ်။ ဓဇရာဇာမင်းဟာ 'သတိုး ဇမ္ဗူဒီပဓဇရာဇာ' ဆိုတဲ့ဘွဲ့ ခံယူတော်မူတယ်။ အဲဒီ မင်းကစပြီး ညီတော်သားတော် အဆက်ဆက် အုပ်စိုးလာလိုက်တာ မင်းဆက်-၁၇ဆက် တိုင်ပါပဲ။ သတိုးမင်းဆက် (၁၇)ဆက်လို့ ခေါ်တယ်။ တကောင်း ဒုတိယမင်းဆက်ပေါ့။ သတိုး (၁၇)ဆက်ထဲက နဝမမြောက် သတိုးနဂါးနိုင်မင်းဟာ မောင်ပေါက်ကျိုင်းပဲ"

ဤတွင် ပန်ထွာမင်းသမီးက 'အဲဒါ-သမီးငယ်ငယ်က စက်ရာဝင်တိုင်း မယ်မယ် ပြောပြလေ့ ရှိတဲ့ မောင်ပေါက်ကျိုင်းပဲလားဟင်"

"မှန်တယ်၊ အဲဒီ မောင်ပေါက်ကျိုင်းပါပဲ။ ကဲ...သတိုးမင်းဆက်ကို ဆက်ကြရအောင်။ သတိုး(၁၇) ယောက်မြောက်မင်းဟာ 'သတိုးမဟာ ရာဇာမင်း' တဲ့။ မိဖုရားကြီးက ကိန္နရီဒေဝီ။ ထီးမွေ နန်းမွေ ဆက်ခံမယ့် သားတော် မထွန်းကားလို့ မိဖုရားကြီးရဲ့မောင်၊ ခေပဒူတကို အိမ်ရှေ့အရာ ထားတော်မူတယ်။"

"သတိုးမဟာ ရာဇာမင်းကြီး လက်ထက်မှာ ဝက်ကြီး တစ်ကောင်ဟာ ကျေးစွန်းရွာနား ထကြွ သောင်းကျန်း ဖျက်ဆီးနေလို့ ပြည်သူပြည်သားတွေ မသွားရဲ၊ မလာရဲ ဖြစ်ကြရတယ်။ လုပ်ငန်းကိုင်ငန်း တွေလည်း ပျက်ကွက် ကုန်ကြတာပေါ့ သမီးရယ်"

"ဒီလောက်တောင် ကြောက်နေကြတာဆိုတော့ ဝက်ကြီးက ဘယ်လောက်များကြီးလို့ပါလဲ မယ်မယ်" ပန်ထွာမင်းသမီးက ကြားဖြတ်မေးလိုက်သည်။

"ကြီးပြီးလားသမီးရဲ့၊ သူ့အရပ်က တစ်ဆယ့်နှစ်တောင် ရှိသတဲ့။ ဒါကြောင့်လည်း ပြည်သူတွေ ကြောက်လန့်ကြတာပေါ့။ ဝက်ကြီး ဆိုးသွမ်း ဖျက်ဆီးနေတဲ့ သတင်းဟာ မင်းကြီးရဲ့ ရွှေနားတော်ကို ရောက်သွားတယ်။ မင်းကြီးက ယောက်ဖတော် အိမ်ရှေ့မင်းသား ခေပဒူတကို ခေါ်ပြီး ဝက်ကြီးကို နှိမ်နင်းစေတယ်။ အိမ်ရှေ့ မင်းသားလည်း သည်ဝက်ကြီးကို မနှိမ်နင်းနိုင်ဘဲ နေပြည်တော်ကို မပြန်ပြီ' လို့ ရဲရဲဝံ့ဝံ့ နားတော်လျှောက်တယ်။ ပြီးတော့ လက်နက် အစုံအလင်ယူပြီး ဝက်ကြီးကို နှိမ်နင်းဖို့ နေပြည်တော်က ထွက်ခဲ့တယ်။ တိုတို ပြောကြစို့ဆိုရင် ဝက်ကြီးဟာ အိမ်ရှေ့ မင်းသားကို ရန်မပြုဘဲ ထွက်ပြေးလို့ မင်းသာက မျက်ခြေမပြတ် နောက်ကလိုက်တယ်။ သည်လို လိုက်ရင်းနဲ့ သရေခေတ္တရာ ပြည်တည်မယ့် နေရာနားက ကျွန်းတစ်ကျွန်းကို ရောက်သွားတယ်။ အဲဒီကျွန်းကို ရောက်မှပဲ ဝက်ကြီးကို နှိမ်နင်း နိုင်တော့တယ်။ အဲဒီကျွန်းကို 'ဝက်ထိုးကျွန်း' လို့ခေါ်ကြတာ ခုထိပဲ။ ဝက်ကြီးကို နှိမ်နင်းဖို့ လိုက်လာတဲ့ ခရီးဟာ နေပြည်တော်နဲ့ အတော် အလှမ်းကွာနေပြီ။ သည်အတိုင်း ပြန်သွာပြီး ဝက်ကြီးကို နှိမ်နင်းပြီးကြောင်း ပြောပြရင် မင်းကြီးက ယုံကြည်မယ် မဟုတ်ပေဘူး။ မင်းကြီး ယုံကြည်အောင် ဝက်ကြီးကို သယ်ဆောင်သွားပြီး ပြလို့ မင်းကြီးက ယုံကြည်ပါပြီတဲ့။ ရလာမယ့် ဆုတော်၊

လာဘ်တော်တွေဟာ ပစ္စုပ္ပန် အကျိုးစီးပွားမျှသာ ဖြစ်တယ်။ ငါလည်း အသက်အရွယ် ထောက်လာပြီ။ တကောင်းပြည် ပြန်ပြီး အိမ်ရှေ့မင်း စည်းစိမ်ကို ခံစားတာထက် ရသေ့ ရဟန်းပြုပြီး သံသရာ စီးပွားကို ရှာတာကမှ မြတ်ဦးမယ်လို့ တွေးမိသတဲ့။ အဲဒီလို သံဝေဂ ရပြီး နေပြည်တော်ကို မပြန်တော့ဘဲ ရသေ့ ဝတ်လိုက်တယ်။ တရားဓမ္မနဲ့ မွေ့လျော်ပြီး ကမ္မဋ္ဌာန်း တရားပွားများ အားထုတ်လိုက်တာ မကြာခင်မှာပဲ 'ဈာန်အဘိညာဉ်' ကို ရတော်မူတယ်တဲ့”

ဤတွင် ပန်ထွာမင်းသမီးက မေးလိုက်သည်။

“ဈာန်ဆိုတာ မြေလျှိုးမိုးပျံတာလား မယ်မယ်”

“ဈာန်ဆိုတာ မြေလျှိုးမိုးပျံတာ မဟုတ်ဘူး သမီးရဲ့၊ ဈာန်ဆိုတာ ကမ္မဋ္ဌာန်း အာရုံကို စူးစူးစိုက်စိုက် အထူးမြဲမြံ ရှုအား သန်တာကို ပြောတာ။ မြေလျှိုးမိုးပျံ ကိုယ်ပွား တစ်ထောင် ဖန်ဆင်းနိုင်တာကို 'အဘိညာဉ်' လို့ ခေါ်တယ်။ အဲဒီ အဘိညာဉ်ကြောင့် အမျိုးမျိုး ဖန်ဆင်း နိုင်တယ်။ နတ်မျက်စိလို မြင်နိုင်တယ်။ နတ်တို့ရဲ့ နားလို ကြားနိုင်တယ်။ သူတစ်ပါးရဲ့ စိတ်အကြံအစည်ကို သိနိုင်တယ်။ ရှေးဘဝများကိုလည်း ပြန်ပြီး သိနိုင်တယ်တဲ့ သမီးရဲ့”

“ဒီလိုဆိုရင် ခေပဒူတရသေ့ကြီးဟာ တော်တော် တန်းခိုးကြီးတာပေါ့နော် မယ်မယ်”

"မှန်ပါတယ်၊ ဘုန်းတန်းခိုး အာနုဘော် အလွန် ကြီးမြတ်တော်မူတယ်။ အဌာရသ လည်း ပြီးပြည့်စုံအောင် တတ်တော်မူတယ်။ ရာဇမာယာမှာလည်း အလွန်ကျွမ်းကျင် လိမ္မာတော်မူတယ်။ ဒါကြောင့်လည်း သကျအင်း အရပ်မှာနေတဲ့ ပျူတွေဟာ ခေပဒူတ ရသေ့ကြီးကို ဘုရားလို ကိုးကွယ်ကြတယ်၊ မှီခိုအားထားကြတယ်”

"ရှင်ရသေ့ကြီးဟာ ကျောက်ခွက်ကြီး တစ်ခုထဲမှာ ရေပောင်းကို မပြတ် သန့်စင်တော်မူတယ်။ သမင်မလေးတစ်ကောင်ဟာ သည်ရေပောင်းကို သောက်ပါများတော့ သူ့ဝမ်းမှာ ပဋိသန္ဓေ တည်တယ်။ အချိန်တန်တော့ မိန်းကလေး တစ်ယောက်ကို ဖွားတယ် သမီးရဲ့။ ကလေးငိုသံကို ရှင်ရသေ့ကြီး ကြားလို့ လာကြည့်တဲ့ အခါ မိန်းကလေးကို တွေ့တယ်။ သမင်မလေးကတော့ ကလေးငိုသံ ကြားတာနဲ့ လန့်ပြီး ထွက်ပြေးသွားတယ်။ သည်တော့ ရှင်ရသေ့ကြီးက ငါ့ရဲ့ရေပောင်းကို သောက်သုံးလို့ ပဋိသန္ဓေနေပြီး ဖွားတာ ဖြစ်မှာပဲလို့ တွေးမိတယ်။ ဒါကြောင့် သစ္စာအဓိဋ္ဌာန် ပြုလိုက်တာ ရှင်ရသေ့ကြီးရဲ့ လက်ညှိုးနဲ့ လက်ခလယ်တို့က နို့ရည်တွေ စီးကျလာတယ်တဲ့။ သည်နို့ရည်ကို တိုက်ကျွေးပြီး ရှင်ရသေ့ကြီးက မွေးစား ခဲ့တယ်။ နာမည်က 'ဘေဒါရီ' တဲ့။ ဘေဒါရီ အသက် တစ်ဆယ့် ခုနစ်နှစ် အရွယ်ရောက်လာတော့ ရသေ့ရဟန်းများ မိန်းမနှင့် အတူနေတာ မသင့် လျော်ပေ ဘူးလို့ တွေးမိတယ်။ ဒါကြောင့် ဘေဒါရီကို ဘူးခါးချောင်းဝမှာ တစ်နေကုန် ရေခပ် ခိုင်းထားတယ်။ အဲဒီအချိန်တုန်းက သကျအင်း အရပ်က ပျူလူမျိုးတွေဟာ အသက်ကြီးလာရင် ရသေ့ရဟန် ပြုရိုးဖြစ်တယ်၊ ဒီတော့ ခေပဒူတမင်းသား ရသေ့ဝတ်တော့ အဲဒီ အရပ်မှာ တခြားရသေ့တွေ ရှိနှင့်ပြီး ဖြစ်တယ်ဆိုတာလည်း မှတ်ထားဦး"

"ခေပဒူတ ရသေ့ဝတ်လိုက်တဲ့ နှစ်မှာပဲ တကောင်းပြည်က သတိုးမဟာရာဇာ မင်းရဲ့ မိဖုရား ကိန္နရီဒေဝီ (ဘဒ္ဒနဝတီ)ဟာ မဟာသမ္ဘဝနဲ့ စူဠသမ္ဘဝ ဆိုတဲ့ မျက်မမြင် ညီနောင် နှစ်ပါးကို ဖွားမြင်တော် မူတယ်။ မင်းကြီးက ရှက်တော်မူလို့ သားတော်နှစ်ပါးကို ဖျောက်ဖျက် ခိုင်းတယ်။ မိဖုရားကြီးကတော့ ရင်သွေးလေးတွေမို့ မလုပ်ရက်ဘူး။ ဒါကြောင့် မင်းကြီး မသိအောင် ဝှက်ထားပြီး ကျွေးမွေး စောင့်ရှောက်ခဲ့တယ်။ မင်းသားညီနောင် အသက် တစ်ဆယ့်ကိုးနှစ် ရောက်တော့ မင်းကြီး သိသွားတယ်။ သူ့အသရေ ပျက်အောင် လုပ်တယ်ဆိုပြီး ခချက်ချင်း သတ်စေလို့ အမိန့်တော် ချမှတ်လိုက်တယ်။ မိဖုရားကြီးလည်း ဘုရင့်အာဏာကို မလွန်ဆန်ဝံ့လို့ ဆက်ပြီး ဝှက်မထားတော့ဘူး။ မျက်စိရှေ့မှာ သေရ တာထက် သူ့မျက်ကွယ်မှာ သူတို့ထိုက်နဲ့ သူတို့ကံ အတိုင်း ရှိပါစေတော့လို့ နှလုံးသွင်းပြီး၊

သားတော် နှစ်ပါးကို မြစ်ထဲမှာ ဖောင်နဲ့ မျှောလိုက်တယ်။ အဲဒီ မင်းသားနှစ်ပါး အနက်က စူဠသုဝ္ဏဝဆိုတဲ့ မင်းသားဟာ သမီးလေးရဲ့ ခမည်းတော်ပါပဲ"

"သမီးရဲ့ဖခမည်းတော်ဟာ စူဠသုဝ္ဏဝဟုတ်လား မယ်မယ်။ ဘာဖြစ်လို့ သမီးတို့ အတူတူ မနေကြတာလဲ ဟင်"

"သမီးရဲ့ ခမည်းတော်နဲ့ မယ်တော်တို့ ခွဲခွာခြင်းကို မပြောခင် တွေ့ဆုံခြင်းကို မယ်မယ် အရင် ပြောပြမယ်။ တစ်နေ့မှာ မယ်မယ်က ဆေးမြစ်ဆေးဥတွေ ရှာရင်း စစ်ပင်ကြီး ရှိရာကမ်းစပ်ကို ရောက်သွားတယ်။ ဒီစစ်ပင်ကြီးရဲ့ အကိုင်းကြီး တစ်ကိုင်းဟာ မြစ်ကမ်းစပ်ပေါ်ကို ကိုင်းညွတ်ပြီး ကျနေတယ်။ အဲဒီစစ်ကိုင်းကြီးမှာ ဖောင်တစ်စင်းငြိ နေတာကို လှမ်းမြင်ရတယ်။ ဖောင်ပေါ်မှာတော့ လူနှစ်ယောက်။ မယ်မယ့်စိတ်ထဲမှာ သိချင်စိတ်က ပြင်းပြလာတာကြောင့် စစ်ပင်ကိုင်းကြီးက တစ်ဆင့် ဖောင်ရှိရာကို ကူးသွား တယ်။ သူတို့ရဲ့ ဝတ်စား ဆင်ယင်ပုံကို ကြည့်ပြီး နန်းတွင်းသားတွေ ဖြစ်လိမ့်မယ်လို့ အကဲ ခတ်မိတယ်။ အရွယ်တူ၊ အသွေးတူ အဲဒီ လူနှစ်ယောက်ဟာ မျက်နှာချင်းဆိုင် ထိုင်ပြီး အလယ်မှာ ဖြန့်ထားတဲ့ စားမြိန် ထုပ်ထဲက စားမြိန်စာတွေကို စားနေကြတာကလား။ ခုလို အနီးကပ်တွေ့ ရတော့မှ နှစ်ယောက်စလုံး မျက်စိ မမြင်ရှာဘူးဆိုတာ သိလိုက်တယ်။ စားမြိန်စာကို မြိန်ရေရှက်ရေ စားနေတာကို ကြည့်ရင်း၊ ခုချိန်ထိ ဘာမျှ မစားရသေးတဲ့ ကိုယ့်အဖြစ်ကို သတိရသွားတယ်။ ဝမ်းထဲက တကြျတ်ကြျတ် မြည်နေတာကိုလည်း ခုမှပဲ သတိ ထားမိတော့တယ်။ ကြိုက်မရှက်၊ ငိုက်မရှက်၊ ငတ်မရှက်လို့ ဆိုတယ် မဟုတ်လား။ မယ်မယ်လည်း ဆာလောင်မွတ်သိပ်မှု ဒဏ်ကို သည်းမခံနိုင်တော့ မရှက်မကြောက် သူတို့ စားမြိန်စာကို တိတ်တိတ်ကလေး ယူစား မိတော့တယ်။ နတ်သုဒ္ဓါဆိုတာ ဒါမျိုး ထင်ပါရဲ့၊ အရသာ ရှိလိုက်တာ သမီးရယ်။ ဒီတော့ သူတို့ မသိအောင် တစ်လုတ်ပြီး တစ်လုတ် နှိုက်ယူဖို့ အာရုံ စိုက်နေတာနဲ့ ဖောင်ကြီးဟာ ဘယ်အချိန်က သစ်ကိုင်းနဲ့ လွတ်ပြီး မျောသွားတာ မယ်မယ် မသိလိုက်ဘူး။ သတိမူမိတဲ့ အချိန်မှာ ဖောင်ဟာ ကမ်းနဲ့ အတော် လှမ်းလှမ်းက အကြောဘက်ကို မျောနေမှန်း သိရတော့တယ်။ သည်တော့ မယ်မယ်

ဘာလုပ်လို့ ရတော့မလဲ သမီး။ သူတို့နဲ့အတူ လိုက်သွားရုံ ရှိတော့တာပေါ့။ စားမြိန်စာကို တိတ်တဆိတ် ယူစားပါများတော့၊ သူတို့စားမြိန်စာကို တစ်ယောက်ယောက် ဝင်စားနေပြီ ဆိုတာ ရိပ်မိ သွားကြတယ်။ ဒီအခါ သူတို့နှစ်ယောက် တိုင်ပင်ပြီး စောင့်ဖမ်း တော့တာပါပဲ။ မကြာခင်မှာပဲ မယ့်မယ့်လက်ကို ဖမ်းမိသွားတယ်။ သူက သန်လျက်နဲ့ ခုတ်မယ်လုပ်တော့ မယ်မယ်လည်း အားရှိသမျှ ရုန်းကြည့်တယ်။ ယောကျ်ား အားမာန်ကို တုပြိုင်ပြီး မရုန်း နိုင်ပါဘူး သမီးရယ်။ မယ်မယ်လည်း သေရမှာ ကြောက်တာနဲ့ အသက်ကို ချမ်းသာ ပေးပါမယ့် အကြောင်း၊ ခိုင်းစေသမျှ လုပ်ဆောင် ပေးပါ့မယ်လို့ တောင်းပန် ရတော့တာပေါ့။ သည်တော့မှ သင်ဘယ်သူလဲ၊ ဘာကြောင့် စားမြိန်စာတွေ ယူစားတာလဲလို့ မေးတယ်။ မယ်မယ် က 'စန္ဒမုခီ' လို့ခေါ်ကြောင်း၊ ဆာလောင်မွတ်သိပ် လွန်းလို့ နှိုက်ယူစားရင်း ဖောင်နဲ့ ပါလာကြောင်း ရှင်းပြလိုက်တယ်။ ဒီအခါ မယ်မယ့်လက်ကို ဖမ်းချုပ်ထားရင်း 'ငါတို့မျက်စိ နှစ်ကွင်း အလင်းရအောင် ကုပေးနိုင်မလား' လို့ မေးတယ်။ ကုသပေးနိုင် ပါကြောင်း ပြန်ပြောတော့ သစ္စာဆိုခိုင်းပြီးမှ မယ်မယ့်လက်ကို လွှတ်လိုက်တယ် သမီးရဲ့"

"တိုတိုပြောကြစို့ ဆိုရင် 'တက်နွယ်ချောင်း'ကို ရောက်တော့ ဖောင်ဆိုက်ပြီး မယ်မယ်က ဆေးမြစ် တက်ရှာတယ်။ ကံအားလျော်စွာပဲ မျက်စိ ကုသရာမှာ လိုအပ်တဲ့ ဆေးမြစ်ကို ရှာဖွေ ရရှိခဲ့တယ်။ အဲဒီအရပ်က ခွာလာပြီး ကတည်းက စတင် ကုသခဲ့တယ်။ မေတ္တာ၊ စေတနာ၊ သဒ္ဒါတရား ထက်ထက်သန်သန်နဲ့ ဆေးဝါး ကုသပေးတာရယ်၊ တခြား လိုအပ်တဲ့ ဝတ်ကြီးဝတ်ငယ်တွေလည်း ပြုစုပေးခဲ့တာရယ်ကြောင့် အနေကြာလာတဲ့အခါ ခင်မင် လာကြတယ်။ အဲဒီအချိန်မှာ သူတို့ရဲ့ ဘဝဖြစ်စဉ်ကို ပြောပြကြတယ်လေ။ အစ်ကို ဖြစ်တဲ့ မဟာသုဿဝကတော့ ခပ်တည်တည်ပါပဲ။ ညီငယ် စူဠသုဿဝက ဆက်ဆံရေး ပြေပြစ်တယ်။ အချိန်ကြာမြင့်စွာ ဆေးဝါး ကုသပေးတာရယ်၊ နီးနီးကပ်ကပ် နေလာကြတာ ရယ်ကြောင့် ညီငယ်စူဠသုဿဝနဲ့ မယ်မယ်တို့ဟာ တစ်စတစ်စ သံယောဇဉ် တွယ်လာ မိကြတယ်။ သည်လိုနဲ့ ရွာလင်းဆိုတဲ့ အရပ်ကို ရောက်လာတယ်။ ဆေးကုသမှုလည်း ပြီးဆုံးပြီ။ မယ်မယ့်ဆေးကုသမှု အောင်မြင်မယ်ဆိုတာ ယုံကြည်ပေမယ့် အဲဒီညက တစ်ညလုံး စိတ်စောပြီး မယ်မယ် အိပ်မပျော်ဘူး။ မင်း သားညီနောင်ကို ကြည့်လိုက်တော့

အပူအပင် ကင်းစွာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော် နေကြလေရဲ့။ မယ်မယ်လည်း မိုးလင်းပိုင်းမှာ အိပ်ပျော်သွားတယ်။"

'စန္ဒရေ...အစ်ကိုတို့ မျက်စိတွေမြင်ပြီ'လို့ ညီနောင်နှစ်ပါး ဝမ်းသာအားရ ပြောသံကြားမှ လန့်နိုး သွားတယ်။ ကြည့်လိုက်တော့ နံနက်ဆည်းဆာ နေခြည်နုတွေဖြာနေပြီလေ။

"နောင်တော်မဟာသမ္ဘဝလည်း မျက်စိနှစ်ကွင်း အလင်းရသွားလို့ လွန်စွာ ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတယ်။ အဲဒီအချိန်ကစပြီး မယ်မယ့်ကို ခပ်စိမ်းစိမ်း မဆက်ဆံတော့ဘဲ ပြေပြစ်လာတယ်"

"ညီတော်စူဠသမ္ဘဝကတော့ ဝမ်းသာလွန်းလို့ မယ်မယ့် လက်နှစ်ဘက်ကို သူ့လက် နှစ်ဘက်နဲ့ အုပ်ကိုင်ပြီး 'ကျေးဇူး တင်လိုက်တာ စန္ဒာရယ်'လို့ အထပ်ထပ် ပြောနေတယ်။ ပြီးတော့ 'ကိုယ်အိပ်မက်ထဲက မိန်းကလေးရယ်၊ မြင်ချင်လှတဲ့ မျက်နှာလေးကို ခုတော့ မြင်ခွင့်ရပြီ။ ကျေးဇူးရှင်မလေးရဲ့ မျက်နှာကို အားပါးတရ ကြည့်ပါရစေဦး' ဆိုပြီး သူ့အကြည်ကို မယ့်မယ့် မျက်နှာကမခွာဘဲ စူးစူးစိုက်စိုက် ကြည့်နေလိုက်တာ မယ်မယ့်မှာ အနေရ ခက်လောက်အောင်ပါပဲ။ နှုတ်က ဖွင့်ဟစကား မဆိုပေမယ့် သူ့ရင်ထဲက စကားတွေကိုတော့ သူ့မျက်ဝန်းက တဆင့် မယ်မယ် ဖတ်လိုက် နိုင်တယ်လေ။ အဲဒီ အချိန်ကစပြီး မယ်မယ်တို့ နှစ်ယောက် ပိုမိုရင်းနှီး လာကြတယ်။ တစ်ယောက်ကို တစ်ယောက် 'မောင်တော်၊ နမတော်' လို့ပြောင်းလဲ ခေါ်ဝေါ်ကြသည် အထိ ရင်းနှီး ချစ်ခင် သွားကြတယ်။ ဒီအခြေအနေကို နောင်တော် မဟာသမ္ဘဝက ကန့်ကွက်ခြင်း အလျဉ်းမရှိ ကြည်ကြည် ဖြူဖြူပါပဲ"

"မယ်မယ်တို့လည်း ဖောင်ကြီးနဲ့ ခရီးဆက်လာ လိုက်ကြတာ ကြိုးကြာငှက်များ ပျံသန်းရာ ဖြစ်တဲ့ 'ကုဥ္စပြင်' အရပ်ကို ရောက်လာတယ်။ (ယခု ကုန်းတလင်းအရပ်)။ ဖောင်ကို ကမ်းစပ်မှာ ဆိုက်ထားခဲ့ပြီး ကုန်းပေါ် တက်ခဲ့ကြတယ်။ လျှောက်သွားရင်းနဲ့ မြစ်ဆိပ် တစ်ခုမှာ အမျိုးသမီးတစ်ယောက် ရေခပ်နေတာ တွေ့ရတယ်။ မိန်းမချောကလေး

သမီးရဲ့။ သူရေခပ်နေပုံကို ကြည့်ပါဦး။ အပေါက်မဖောက်ထားတဲ့ ဘူသီးခြောက်ကို ရေမှာနစ် လိုက်တယ်။ အဲဒီ ဘူးသီးခြောက်ကို ရေထဲက ဆွဲယူပြီး ကျလာတဲ့ ရေကို ကျည်တောက်နဲ့ ခံယူနေတာလေ။ ဒါကို မြင်တော့ နောင်တော် မဟာသမ္မဝက မိုက်လှ ချည်းလား ဆိုပြီး ဘူးသီးခြောက်ရဲ့ မျက်နှာဝကို သံလျက်နဲ့လှီး၊ အစေ့တွေကို သွန်ထုတ် လိုက်တယ်။ အပေါက်ဖောက်ပြီးတဲ့ ဘူးသီးခြောက်နဲ့ ရေခပ်ပြီး ကျည်တောက်ထဲ ထည့်တော့ ကျည်တောက်လည်း အမြန် ပြည့်သွားတာပေါ့။ အဲဒီက စလို့ 'ဘူးလုံး နားမထွင်း' ဆို တဲ့စကား ပြောစမှတ် ပြုလာကြတာလေ”

“အကျိုးအကြောင်း မေးကြတော့ ရှင်ရသေ့ကြီး မွေးစားတဲ့ 'ဘေဒါရီ'မှန်း သိကြ ရတယ်။ ဘေဒါရီ အပြန်မှာ မယ်မယ်တို့ သုံးယောက်လည်း ရသေ့ကြီးရဲ့ ကျောင်းသင်္ခမ်းကို လိုက်သွားကြတယ်။ ခါတိုင်းထက် စောပြီးပြန်လာလို့ ရှင်ရသေ့ကြီးက အံ့သြ နေတာပေါ့။ ဘေဒါရီက သူ့ခမည်းတော် ရသေ့ကြီးကို အကြောင်းစုံ ပြန်လည် လျှောက်ထားတယ်။ ဒီအခါ ရှင်ရသေ့ကြီးက မင်းသားညီနောင်ကို ခေါ်ပြီး မိဘမျိုးရိုးကို မေးတော့တာဘဲ။ သည်တော့မှ မင်းသားညီနောင်ဟာ ရှင့်ရသေ့ကြီးရဲ့ တူအရင်းများ ဖြစ်ကြောင်း သိရတယ်။ သည့်နောက်မှာ မယ်မယ့် အလှည့်ရောက် လာတော့တာပါပဲ။ “နောက်ပါးမှာ ထိုင်နေတဲ့ မိန်းကလေးက ဘယ်သူလဲ” လို့ ရသေ့ကြီးကမေးတယ်။

“ဦးရီတော် ရှင်ရသေ့ကြီးရဲ့ အမေးကို ဦးဆောင်ပြီး ဖြေကြားနေတဲ့ နောင်တော် မဟာသမ္မဝကပဲ “ညီတော်စူဠသမ္မဝရဲ့ ကြင်ယာတော်ပါ ဦးရီတော်ဘုရား” လို့ ဖြေကြား လျှောက်ထား လိုက်တယ်။ ဦးရီတော်က ဘာမျှမပြောပါဘူး၊ ခေါင်းတညိတ်ညိတ်နဲ့ ပါပဲ”

“ဦးရီးတော်က ကျောင်းသင်္ခမ်းနဲ့ မနီးမဝေးမှာ နေရာချထားပေးလို့ မယ်မယ်တို့ အတည်တကျ ဖြစ်နေကြပြီ။ နေသားတကျ ဖြစ်လာတာနဲ့ ဦးရီတော်က သူ့တူတော် မဟာသမ္မဝနဲ့ သမီးတော် ဘေဒါရီတို့ကို လက်ဆက် ပေးလိုက်တယ်။ ဦးရီးတော်က အမြော်အမြင် ကြီးမားတယ်။ တစ်နေ့မှာ ပျူမင်းသမီး နန်းခမ်း (မာလာ စန္ဒီ) ကိုခေါ်ပြီး ယခုလို မိန့်ကြားတယ်”

"ငါ့တူတော် မဟာသမ္မဝမင်းသာဟာ မင်းတို့ကျင့်ဝတ်နဲ့လည်း ပြည့်စုံတယ်။ တရား အရာမှာလည်း လိမ္မာ ကျွမ်းကျင်တယ်။ သူရသတ္တိနဲ့လည်း ပြည့်စုံတယ်။ ရန်သူကို ရင်ဆိုင် စစ်ထိုးနိုင်တဲ့ အရည်အချင်းလည်း ရှိတယ်။ သည်တော့ မဟာသမ္မဝမင်းသားကို မင်းမြှောက်ပြီး သင်တို့ကို စိုးမိုးအုပ်ချုပ် မင်းလုပ်ပါစေ"

"ပျူမင်းသမီး နန်းခမ်းဆိုတာ ဘယ်တိုင်းပြည်ကလဲ မယ်မယ်" ပန်ထွာ မင်းသမီးက ကြားဖြတ် မေးလိုက်သည်။

"နန်းခမ်းဆိုတာ ဦးရီးတော်ရသေ့ကြီးကို ကိုးကွယ် ဆည်းကပ်နေတဲ့ သူပေ့ါ။ သူ့ အကြောင်းက ဒီလိုသမီးရဲ့။ နဝဝါသီ၊ သကျအင်းအရပ်မှာ မင်းပြုနေတဲ့ သမ္ဗူလဆိုတဲ့ မင်းဟာ နန်းစံ-၃၅နှစ်ရှိတော့ ရသေ့ဝတ်တယ်၊ အဲဒီ မင်းမျိုးတွေဟာ နန်းစံ-၃၅နှစ် ရောက်ရင် ရသေ့ပြုမြဲ ဖြစ်သတဲ့။ အဲဒီလို ရသေ့ဝတ်လိုက်တော့ တောင်နန်းမိဖုရားရဲ့ သမီးတော် နန်းခမ်း(မာလာစန္ဒီ)နဲ့ မြောက်နန်း မိဖုရားရဲ့သားတော် ဒေဝိန္ဒဒေဝံ မင်းသားတို့ ထီးနန်း လုကြတယ်။ မောင်တော် နှမတော်တို့ ထီးနန်းအတွက် စေ့စပ်လို့ မရတဲ့အဆုံး စစ်ဖက်ပြီး တိုက်ကြတယ်။ အဲဒီမှာ ခေပဒူတရသေ့ကြီးက ဒေဝိန္ဒဒေဝံမင်းသားဆီ သွားပြီး ခုလို ဖျောင်းဖျတယ်"

"ပျူမင်းသမီး မာလာစန္ဒီက ထီးနန်းရှင် ဖြစ်သင့်တယ်။ သူ့မယ်တော်က တောင်ညာစံ ဒေဝီ၊ ခမည်းတော်က ပြည့်ရှင်မင်း၊ သည်တော့ အရိုးအစဉ် မပျက် ကောင်းပေဘူး' လို့ ဒေဝိန္ဒဒေဝံကို တရားဟောတော့ မင်းသားလည်းအညံ့ ခံလိုက်တယ်။ နှမတော် မာလာစန္ဒီကို ထီးနန်းအပ်ပြီး ဖိုးဦးတောင်ဘက်ကို ထွက်သွားတယ်

"အခု ဦးရီးတော် ခေါ်တွေ့ပြီး စည်းရုံးတာ အဲဒီပျူမင်းသမီးပဲ သမီး။ ပျူ မင်းသမီးကလည်း ရှင်ရသေ့ကြီး စကားကို အလေးအနက်ထားပြီး စဉ်းစားတယ်။ 'ငါဟာ မိန်းမသားမို့ သကျအင်းကို ရန်သူ လာတိုက်ရင် ပြန်လည်း တိုက်ခိုက်နိုင်စွမ်း ရှိမှာ မဟုတ်ဘူး။ ဒီလိုအခါမျိုးမှာ ဘုန်းလက်ရုံးနဲ့ ပြည်စုံတဲ့ မင်းယောက်ျားမှသာ ရန်သူကို

ကောင်းစွာ ရင်ဆိုင်နိုင်မယ်။ ပြည်ထဲရေးလည်း သာယာဝပြောမယ်' လို့ ကြံတွေးမိသတဲ့၊ ဒါကြောင့် ရှင်ရသေ့ကြီး ဆိုတိုင်း မဟာသမ္ဘဝကို မင်းမြှောက်လိုက်တယ်။ မိဖုရားကြီးက ဘေဒါရီပေါ့။ ပျူမင်းသမီး နန်းခမ်းဆိုတဲ့ မာလာစန္ဒီကိုလည်း မိဖုရားမြှောက်တယ်။ မဟာသမ္ဘဝ ထီးနန်းစိုက်တဲ့ မြို့ဟာ 'ရသေ့မြို့' လို့ အမည်တွင်တယ်။ (ရသေ့မြို့သည် သရေခေတ္တရာ ပြည်မြို့ အရှေ့ ငါးမိုင်ခန့်အကွာ မှော်ဇာရွာကို ဗဟိုပြုသော မြို့ဟောင်း နေရာတွင် ဖြစ်သည်။ စကားချပ်)။ မာလာစန္ဒီရဲ့ မောင်တော် ဒေဝိန္ဒဒေဝံကို စစ်သူကြီး အရာပေးတယ်”

“နောင်တော်မင်းဖြစ်တော့ ညီတော်စူဠသမ္ဘဝက အိမ်ရှေ့မင်းသား ဖြစ်လာတယ်။ မယ်မယ်က အိမ်ရှေ့ မိဖုရားပေါ့။ မကြာခင်မှာပဲ မယ်မယ်တို့မှာ သမီးလေး တစ်ယောက် ထွန်းကားတယ်။ အဲဒါသမီးလေး ပန်ထွာပဲ။ သမီးလေးကို အထွတ်အမြတ်ကလေး ဆိုပြီး 'ဗိသနိုး သတို့သမီး' လို့ တွင်စေ ခဲ့တယ်လေ။ အဲဒီအချိန်တုန်းက မယ်မယ်တို့ မိသားစုဟာ အလွန် ပျော်စရာ ကောင်းတယ်။ မယ်မယ့်ဘဝဟာ ပန်းခင်းသော လမ်းပါပဲ”

“အဲသည်အချိန်အထိ မဟာသမ္ဘဝမင်းကြီးနဲ့ ဘေဒါရီမိဖုရားကြီးတို့မှာ သားသမီး မထွန်း ကားသေးဘူး။ နောက်ပိုင်းမှာတော့ ပျူမင်းသမီး နန်းခမ်းက သမီးတော်လေး တစ်ပါး ဖွားမြင်တယ်။ 'စန္ဒာဒေဝီ'ဝ တဲ့။

မဟာသမ္ဘဝမင်းကြီးဟာ သာသနာသက္ကရာဇ်-၆၀မှာ နန်းတက်တယ်။ နန်းစံသက် ခြောက်နှစ်မှာ ကံတော် ကုန်ရှာတယ်။ သည်တော့ မိဖုရားကြီးဘေဒါရီရဲ့ ဝမ်းကြာတိုက်မှာ ဒွတ္တပေါင် မင်းသားဖြစ်လာမယ့် ပဋိသန္ဓေ သုံးလရှိနေပြီ။ မဟာသမ္ဘဝမင်းကြီး နန်းရှာ စံတော့ ညီတော်အိမ်ရှေ့မင်း စူဠသမ္ဘဝက ထီးနန်း ဆက်ခံတယ်။ သည်တော့ မိဖုရားကြီးဟာ ဘယ်သူဖြစ်မလဲ။ မယ်မယ်ကတော့ မျှော်လင့်တယ်။ မယ်မယ်ဟာ ငယ်ချစ်လည်း ဖြစ်တယ်။ ပါရမီ ဖြည့်ဖက်လည်း ဖြစ်တယ်။ တစ်လျှောက်လုံး အနစ်နာခံ ပြုစု ခဲ့တယ်။ လက်ရှိ အခြေအနေမှာ အိမ်ရှေ့မိဖုရားလည်း ဖြစ်တယ်။ သည်တော့ မယ်မယ့်ကိုသာ မိဖုရားကြီးအရာ ထားလိမ့်မယ်လို့ မျှော်လင့် ခဲ့တာပေါ့။ ဒါပေသိ အထင်နဲ့

အမြင် တက်တက် စင်အောင် လွဲသွားတယ်။ မောင်တော် စူဠသုဗ္ဘဝဟာ မရီးတော် ဘေဒါရီကိုပဲ မိဖုရားကြီး တင်မြှောက်တော်မူတယ်။"

မယ်မယ် နာကျည်းလိုက်တာ သမီးရယ်။ 'မတရားဘူး၊ မတရားဘူး'ဆိုတဲ့ စကားလုံး တွေဟာ မယ်မယ့်ရင်ထဲမှာ ပဲ့တင် ထပ်နေတာပဲ။ မယ်မယ်က စကားသစ္စာကို သိပ်တန်ဖိုး ထားတယ်။ ကတိသစ္စာမြဲတဲ့ အိမ်ထောင်ဟာ မဆုတ်ယုတ်ဘူး။ အမြဲကြီးပွား တိုးတက် နေမယ်လို့ စွဲစွဲမြဲမြဲ မှတ်ယူထားသူ၊ အိမ်ရှေ့စံ ဘဝတုန်းက သမီးလေးရဲ့ ခမည်းတော် စူဠသုဗ္ဘဝက သစ္စာစကား ဆိုခဲ့တယ်လေ။ 'အေးအတူ ပူအမျှ အမွန်အမြတ် ထားပြီး ချစ်ပါ့မယ်။ ချမ်းသာဆင်းရဲ မခွဲခွာဘဲ သက်ဆုံးတိုင် ကြင်နာပါ့မယ်။ မောင်တော် အမြင့် ရောက်ခဲ့ရင်လည်း နမတော်ကို ပစ်ပယ် မထားပါဘူး'တဲ့။ မောင်တော်ရဲ့ သစ္စာစကားတွေ ခုတော့ ပျက်ယွင်း ခဲ့ပြီလေ။ အလိုဆန္ဒ မပြည့်ဝတော့ မယ်မယ့်စိတ်တွေ တင်းမာ လာတယ်။ တင်းမာရာက ပေါက်ကွဲ တော့တာပါပဲ။ သမီးလေးရဲ့ ခမည်းတော်နဲ့ မယ်မယ်တို့ သူနိုင် ကိုယ်နိုင် အပြိုင်စကား စစ်ထိုးကြတယ်။ အနိုင်အရှုံး စည်းခြား လိုက်တော့ မယ်မယ်က အရှုံးဘက် ကပါပဲ။

"ဘေဒါရီကို မိဖုရားကြီး တက်မြှောက်လိုက်တော့ သူ့ရဲ့ ခြွေရံသင်းပင်းတွေ မယ်မယ့်ကို ကြည့်ပုံဟာ မထီမဲ့မြင် နိုင်လွန်းတယ်လို့ မယ်မယ် ခံစားရတယ်။ အေးချမ်းမှု၊ ပျော်ရွှင်မှု၊ တည်ငြိမ်မှုတွေ အားလုံး ဆိတ်သုဉ်းသွားပြီ။ ဒီဆုံးရှုံးမှုတွေဟာ မယ်မယ့် အဖို့တော့ အင်မတန် ပြင်းထန်တဲ့ ဒဏ်ရာဒဏ်ချက်တွေပဲ သမီး။"

"အချစ်ကြီးတော့ အမျက်ကြီးသတဲ့။ မောင်တော် စူဠသုဗ္ဘဝကို မယ်မယ် အမုန်းကြီး မုန်းသွားတယ်။ အနိမ့်ခံ ဘဝမှာ မနေဘူး၊ အနှစ်သာရ ကင်းမဲ့တဲ့ ပတ်ဝန်းကျင်မှာ မနေတော့ဘူး။ လွတ်လပ်မှု၊ အေးချမ်းမှု ရှိတဲ့ နေရာမှာ ကိုယ့်အား ကိုယ်ကိုးပြီး ဘဝသစ်ကို ထူထောင်တော့မယ်လို့ ယတိပြတ် ဆုံးဖြတ်လိုက်တယ်။ ဒါနဲ့ပဲ သမီးလေးကို လက်ဆွဲပြီး ရသေ့မြို့နန်းတော်က ထွက်ခဲ့တယ်"

ဤတွင် ပန်ထွာမင်းသမီးက ဖြတ်၍ မေးလိုက်သည်။ "မယ်မယ် ဒီလို ထွက်လာတော့ ခမည်းတော်က မတား ဘူးလားဟင်"

"မတားပါဘူး သမီးရယ်၊ ငဲ့စောင်းလို့တောင် မကြည့်ပါဘူး။ အဲသည်တုန်းက ကိုယ့်မာနနဲ့ ကိုယ်မို့ ဝမ်းမနည်း ခဲ့ဘူး။ မျက်ရည်ဖြိုင်ဖြိုင်လည်း မကျခဲ့ဘူး။ သည်ဆိုင်လည်း မကျွမ်းခဲ့ဘူး။ အလွမ်းငွေ့လည်း မဝေခဲ့ဘူး။ မယ်မယ်မေးမယ်၊ မယ်မယ့် ဆီက တိတ်တခိုး ငိုရှိုက်သံ၊ ပင့်သက်ရှိုက်သံ၊ နှာရည်ရှုပ်သံတွေကို သမီး ကြားမိသလား"

"မကြားမိပါဘူးမယ်မယ်"

"ဘယ်ကြားရပ့ါမလဲ သမီး၊ မယ်မယ့် ရင်ထဲမှာ နာကြည်းစိတ်က လှိုင်းထန် နေတော့ ဝမ်းနည်း ကြေကွဲစိတ် ဘယ်မှာ ဖြစ်ပ့ါမလဲ။ ကဲ... ကဲ... ရသေ့မြို့က ထွက်လာ ခဲ့တဲ့ စကားကို ဆက်ကြရအောင်။ မယ်မယ့် ဦးတည်ချက်က ပုပ္ပါးတောင်ခြေမှာ ရွာတည်ပြီး အခြေ ချဖို့ပဲ။ ပုပ္ပါးတောင်ရိပ်ဟာ အေးချမ်းတယ်။ အဲဒီမှာ ကြီးနိုင်ငယ်ညှဉ်း ဆိုတဲ့ အဓမ္မ သမားတွေ ရှိမှာ မဟုတ်ဘူး။ လွတ်လပ်မှု ရှိမယ်၊ တရားမျှတစွာ လုပ်ကိုင် နေထိုင်ကြမယ်။ ထယ်ဝါမှု၊ ပလ္လွားမှု ကင်းပြီး၊ ရိုးရိုးသားသား ကြိုးစားကြမယ် ဆိုရင် နေပျော်တဲ့ ဘဝကို ရမှာပဲလို့ မယ်မယ် တွက်တယ်။ ဘဝသစ်ကို ထူထောင်စမှာတော့ အနည်းနဲ့အများ အခက်အခဲ တွေကို ရင်ဆိုင်ရမှာ မလွဲဘူး။ သည်အခက်အခဲတွေကိုလည်း ရင်ဆိုင် ကျော်လွှား နိုင်မယ်လို့ မယ်မယ် ယုံကြည်တယ်။ သည်လို ခိုင်မာတဲ့ ယုံကြည်ချက်၊ မျှော်မှန်းချက် အပြည့်နဲ့ ရသေ့မြို့ ထီးနန်းကို ကျောခိုင်း ထွက်ခွာ လာခဲ့တယ်လေ။ ကူကယ်သူ မဲ့ပေမယ့် တစ်စက်ကလေးမှ အားမလျော့ဘူး။ သမီးလေးကို ချီပိုးလို့ တစ်ခါ၊ ချော့မော့ လမ်းလျှောက်စေ တလှည့်နဲ့ လာလိုက်တာ ခရီး အတော်ပေါက်ခဲ့တယ်။ ခရီးက လှမ်း၊ လမ်းက ကြမ်းသမို့ ပင်ပန်းတဲ့ ဒဏ်ကို အလူးအလဲ ခံရတယ်။ သည်လို ဒုက္ခတွေ ကြုံတွေ့ ရလေလေ၊ မယ်မယ့် နှလုံးသားပြင်မှာ နာကြည်းခြင်း ဆိုတဲ့ ဝေဒနာကို ခံစားရ လေလေပေ့ါ။ တစ်နေ့လည်း မဟုတ်၊ နှစ်နေ့လည်း မဟုတ်။ နေ့ရက်တွေ ရှည်ကြာ လာတော့ ရှေ့ခရီးကို မဆက်နိုင်တော့ လောက်အောင် အားအင်တွေ ကုန်းခမ်းလာတယ်။"

"တစ်ခုသော ညနေမှာပေါ့။ နေကလည်း အတော်ညိုနေပြီ။ မကြာခင် နေဝင်တော့မယ်။ အနီးဝန်းကျင်ကို လှည့်ပတ် ကြည့်လိုက်တော့ ပညောင်ပင်ကြီး တစ်ပင်တွေ့တယ်။ ဒါနဲ့ ဒီပညောင်ပင်ကြီး အောက်မှာ တစ်ညတာ အိပ်စက်နားခိုဖို့ ဆုံးဖြတ်ပြီး အပင်အောက် ဝင်လိုက်တယ်။ ပင်ခြေမှာထိုင်၊ ပင်စည်ကြီးကို မှီပြီး နားခိုစမှာပဲ ကျွဲဝတီဘုရင်နဲ့ တွေ့ကြတာ။ သည့်နောက်ပိုင်းတော့ သမီးလေး သိပြီးသားမို့ မယ်မယ် ပြောမပြတော့ဘူးနော်"

"ဟုတ်ကဲ့ပါ မယ်မယ်ဖုရား၊ မပီဝိုးတဝါး ဖြစ်နေတဲ့ အတိတ်ကာလ ဖြစ်ကြောင်းကို မယ်မယ် ပြောပြလို့ ပီပီ ပြင်ပြင် သိနားလည် ရပါပြီ။ သမီးတော်တို့ မိသားစု ခုလို တကွဲတပြား ဖြစ်ရတာ မိဖုရား ဘေဒါရီကြောင့်လို့ သမီးစွဲမှတ် ပါတယ်။ သူ့ကို သမီးတော် မုန်းတယ် မယ်မယ်၊ သိပ်မုန်းတယ်" ဟု ဆိုကာ ကလေးငယ် တစ်ယောက်ပမာ မျက်ရည်များ ကျလာ လေတော့သည်။

"အို... သမီးတော်လေး၊ ဘာကြောင့် မျက်ရည် ကျရတာလဲ။ မိဖုရား ဘေဒါရီကြောင့်များ မျက်ရည်မကျ စမ်းပါနဲ့။ မယ်မယ့်သမီး ပီသလိုက်စမ်းပါ" ဟု ဆိုကာ မျက်ရည်း စများကို သုတ်ပေးသည်။

"ခမည်းတော်ဟာ မယ်မယ်နဲ့ သမီးတော်တို့ကို ပစ်ပယ်ရက်လိုက်တာနော်"

"မယ်မယ်လည်း ဒီလို တွေးမိလို့ နာကျည်းခဲ့တယ် သမီးတော်။ တရားနဲ့ ဆင်ခြင်နိုင်လာပြီ ဖြစ်တဲ့ ခုချိန်မှာတော့ တရားခံ ဘယ်သူလဲဆိုတာ ရှာတွေ့ခဲ့တယ်။ မိဖုရား ဘေဒါရီကြောင့်လည်း မဟုတ်ဘူး။ သမီးတော်တို့ ခမည်းတော် စူဠသမ္ဘဝကြောင့်လည်း မဟုတ်ဘူး။ ဘယ်သူမပြု မိမိမှုတဲ့။ ရှေးအတိတ်က မယ်မယ်တို့ ပြုခဲ့တဲ့ မကောင်းမှုကံကြောင့်ပဲ။ ဒီလိုနှလုံးသွင်းပါ သမီးတော်။ ဒါမှလည်း ရင်ထဲက နာကျည်းစိတ်တွေ၊ မခံချင်စိတ်တွေ၊ အမုန်းတရားတွေ ပျောက်ကင်း လွင့်စဉ် သွားကြမှာ။ အာရုံအေးမှ စိတ်အေးမယ်။ စိတ်အေးမှ မှန်မှန်ကန်ကန် တွေးခေါ်တတ်မယ်။ ကြံစည် လုပ်ကိုင်တတ်မယ်

သမီးတော်။ သမီးတော်ရဲ့ အတိတ် ကာလကို သိရုံနဲ့ မပြီးသေးဘူး။ အဲဒီ အတိတ်ကာလ ဖြစ်တည်ခဲ့တဲ့ ရသေ့မြို့ရဲ့ ယခု အခြေအနေကိုလည်း သိထားသင့်တယ်။ သမီးတော်ရဲ့ ခမည်းတော် စူဠသုဿဝမင်းဟာ သူ့နောင်တော် မဟာသုဿဝနဲ့ မိဖုရား ဘေဒါရီတို့က ဖွားမြင်ခဲ့တဲ့ ဒွတ္တပေါင်မင်းသားကို ရသေ့မြို့ ထီးနန်း ဆက်ခံဖို့ အိမ်ရှေ့အရာ ပေးထားတယ်။ သည်တော့ ကမ္ဘောဝတီဘုရင်ရဲ့ ထီးမွေနန်းမွေကို ဆက်ခံမယ့် သမီးတော်လေး ပန်ထွာနဲ့ ရသေ့မြို့ ထီးနန်းကို ဆက်ခံမယ့် ဒွတ္တပေါင်တို့ဟာ တစ်နေ့ တစ်ချိန်ချိန်မှာ ထီးပြိုင်နန်းပြိုင် လာကြလိမ့်မယ်။ အဲသည်အခါ ဒွတ္တပေါင်ဟာ သမီးတော်ရဲ့ မိတ်ဆွေလား၊ ရန်သူလား မသိနိုင်ပေဘူး။ သည်တော့ အစစအရာရာ သတိရှိဖို့ လိုတယ်။ လေ့လာစရာတွေ၊ သင်ယူစရာတွေ အများကြီးရှိ သေးတယ်။ ကဲ...ကဲ... သမီးတော်လေးလည်း ပင်ပန်းလှပြီ၊ အနားယူပေဦးတော့" ဟု ဆိုကာ စကားကို အဆုံးသတ်လိုက်သည်။

"မှန်လှပါ။ သမီးတော် နာခံပါ့မယ်၊ မယ်မယ်ဖုရား"

ပန်ထွာမင်းသမီးသည် မယ်တော်စန္ဒမုခိကို ကန်တော့ လျှောက်တင်ပြီး မိမိ အဆောင်တော်သို့ ပြန်လာ ခဲ့တော့သည်။

## အခန်း(၄)
## ပိပ္ပလီဒေဝီ၊ ပန်ထွာမင်းသမီးတော်နှင့် ရန်ပယ်ချောင်း

ထူထဲမြင့်မားလှသော အုတ်မြို့ရိုးတံတိုင်း နီကြီးသည် နန်းတော်ကုန်း အတွင်းရှိ အဆောက်အအုံများကို လုမ်း၍ မမြင်သာအောင် ကာဆီးထားသည်။

ထိုတံတိုင်းနီကြီးသည် ဗိသနိုးမြို့၏ အတွင်းမြို့ရိုး တံတိုင်းကြီးပင် ဖြစ်သည်။ နန်းတော်ကုန်းကို ကာရံ ထားသော စတုဂံမြို့ရိုး၏ အရှေ့ဘက် ဝင်ပေါက်သည် တစ်ဆယ့်လေးပေ ကိုးလက်မမျှ ကျယ်ဝန်းသည်။ ထိုဝင်ပေါက်၏ ဝဲယာတစ်ဘက် တစ်ချက်တွင် သဲကျောက်ဖြင့် ပြုလုပ်ထားသော အစောင့် ရုပ်ကြွကြီး နှစ်ခုကို စိုက်ထူ ထား၏ ရုပ်ကြွကြီး၏ အရွယ်မှာ ပကတိလူအရွယ်၏ နှစ်ဆမျှ ကြီးမားသည်။

ထိုဝင်ပေါက်သည် အတွင်းပိုင်းသို့ တစ်ဆစ်ချိုး နံရံများဖြင့် ဆက်စပ်တည်ဆောက် ထား၏။ ထိုအုတ်ရိုး နှစ်ခုတွင် အပေါက်ဝမှ ပေနှစ်ဆယ် အကွာ၌ အစောင့်များ နေရန် ဂူငယ် တစ်ခုစီ ပြုလုပ်ထားသည်။ မြို့ပေါက်က ကတုတ်များသည် သုံးဆယ့် ငါးပေထိ ရှည်လျားသည်။ နန်းတော်ကုန်းသည် အနည်းငယ် မြင့်မောက်သဖြင့် အဝင်လမ်း သုံးဆယ့်ငါးပေ ကျော်လွန်သည်နှင့် ကျောက်လှေကား ထစ်များကို ပြုလုပ်ထားသည်။ ကျောက်လှေ ကားထစ်များသည် အမြင့်သို့ တက်နေမှန်း မသိသာလောက်အောင်ပင် ပြေပြစ်သည်။ ကျောက်လှေကား ထစ်များ ဝဲယာတွင် တစ်တောင်သာသာ ခန့်ရှိသော စလူပင်ကလေးများဖြင့် အနားသတ်ထားသည်။

လှေကားထစ်များ ဆုံးသည်နှင့် ကျယ်ပြန့် ညီညာသော နန်းတော်ကုန်းသို့ ရောက်ပြီ။ ညီညာပြန့်ပြူးသော မြေအပြင်ဝယ် စိမ်းလန်းသော မြက်ခင်းပြင် ရှိသည်။ မြက်ခင်း ပြင်၏ ဗဟိုလောက်တွင် ကျောက်စားပွဲ တစ်ခု။ ထို ကျောက်စားပွဲကို ပတ်ရံလျက် ကျောက်ထိုင်ခုံ ကလေးငါးခုံ ချထားသည်။ ကြွင်းသည့် မြေအပြင်ပေါ်ဝယ် ဖြူနီပြာ ဝါ

ရောင်စုံ ဖြာသည့် ပန်းအလှပင်များကို စနစ်တကျ စိုက်ပျိုးထားရာ နန္ဒဝန်ဥယျာဉ်အလား ထင်မှတ်လောက်အောင် သာယာလှပသည့် ဥယျာဉ်တော်ပင်။

ထိုဥယျာဉ်တော်နှင့် နန်းဆောင်များကို သုံးပေခွဲကျော်ထုရှိသည့် အုတ်ရိုးဖြင့် ခွဲခြားထား၏။ အုတ်ရိုး၏ အနောက်ဘက်တွင် နန်းတော်ဆောင်များ ရှိသည်။ ထိုနန်းဆောင်များကိုလည်း စတုဂံ အုတ်ရိုးဖြင့် ကာရံထားပြန်သည်။ စတုဂံပုံ၏ ကျယ်ပြန့်သော နန်းရင်ပြင်တွင် ပန်ထွာမင်းသမီး နန်းတက်သည့်အခါ စံမြန်းရန် စံနန်းတော်ဆောင်ရှိသည်။

စံနန်းတော်ဆောင်၏ အနောက်ဘက်တွင် အဆောင်ငယ်များ အစီအရီရှိသည်။ ဘုရင်မ၏ အတွင်း ကိုယ်ရံတော်တပ်ဖွဲ့မှ ပျိုစစ်သူများ၊ အထိန်းတော် အရံတော်များ၊ နန်းတွင်း အပျိုတော်များ အတွက် အဆောင်များ ဖြစ်သည်။ စံနန်းတော်သည် အမြင့်ပိုင်းတွင် ရှိသဖြင့် ပျိုနန်းတွင်း အမျိုးသမီးများ၏ အဆောင်များကို အထက်စီးမှ လှမ်းမြင် နေရသည်။

စံနန်းတော်၏ အရှေ့ဘက်တွင် 'အတုလစည်တော်' ဆောင်ရှိသည်။ စည်တော်မှူးများ အတွက်လည်း အဆောင်ငယ် တစ်ခု ရှိသည်။ တောက်ဘက်တွင်မူ မိုးထိလု မြင့်မားသော နန်းမြင့်မျှော်စင်ကြီး ရှိ၏။ သည်နန်းမြင့် ပေါ်မှ လှမ်းကြည့်လျှင် ဗိဿနိုး တစ်မြို့လုံးကို အထက်စီးမှ လှမ်းမြင်ရသည့်ပြင် အပြင်ရံတံတိုင်းကို ကျော်၍ ဗိဿနိုး ဝန်းကျင်ကိုပါ ခပ်ရေးရေး မြင်ရသည်။

နန်းမြို့ရိုးအတွင်းမှာ သောက်တော်ကန်တစ်ကန် ထားရှိသည်။ နန်းတော်ကုန်း၏ အပြင်ဘက် ဗိဿနိုး မြောက်ပိုင်းတွင် ထိန်ကန်လေး၊ ထိန်ကန်ကြီး၊ ဆီးပင်ကန်များ ရှိသည်။ တောင်ဘက်တွင်မူ အပြင်သောက်တော် ကန်ရှိသည်။ အနောက်တောင်ဘက် မြို့ ရိုး အနီးတွင်မူ လွန်စွာ ကျယ်ပြန့်သော ကြိုးကြာကန်ကြီး ရှိသည်။ အရှေ့တောင်ဘက်တွင် မန်ကျည်းကန် ရှိသည်။

နန်းတော်ကုန်း၏ အနောက်ဘက်တွင် 'အင်းကြီး' ရှိ၏။ ထိုအင်းကြီး အတွင်း ပန်ထွာဘုရင်မ ပျော်ပါးစေရန် ရေပေါ်စံနန်းတော် အဆောင်ကိုလည်း တည်ဆောက်ထားသည်။ ထိုအင်းကြီးသို့ ပန်ထွာဘုရင်မ (ဗိဿနိုးဘုရင်မ) ထွက်ကြွတော်မူသည့် အခါ ရွှေဟင်္သာ ဖောင်တော်ဖြင့် တိုက်ရိုက် ကြွမြန်းနိုင်ရန် တူးမြောင်း ဖောက်ထား၏။ ထိုတူးမြောင်းကို ဖောင်တော်ပေါက်ဟု ခေါ်သည်။ အင်းကြီး၏ အရှေ့မြောက်ဘက် အစပ်တွင် ဖောင်တော် ကြိုးချည်ရန် ခိုင်ခံ့သော တိုင်တစ်တိုင် စိုက်ထူထားသည်။ အင်းကြီးနှင့် မြောက်မြို့ရိုး အကြားတွင် ရွာကြီး ကမ္ဘဝတီမှ မယ်တော်စန္ဒမုခီ ခေတ္တခဏ လာရောက်လျှင် အေးချမ်းစွာ တည်းခို နားနေရန် အင်းထောင့်တွင် ဂူငယ်သဖွယ် အဆောင်တစ်ဆောင် စီမံပြုလုပ်ထား၏။ 'ဂူအင်းထောင့်' ဟု အမည်တွင်သည်။ မြို့၏ အရှေ့တောင်ဘက် အရပ်တွင်လည်း အင်းကြင်း ဥယျာဉ်ကြီး ပြုလုပ်သည်။ 'အင်ကြင်းကုန်း' ဟု ခေါ်ဝေါ် သမုတ်သည်။

ဗိဿနိုးမြို့၏ ဝန်းကျင်တွင် သီးခြားအုပ်ချုပ် လျက်ရှိသော ပျူမြို့များ ရှိသည်။ ဗိဿနိုးမြို့ မြောက်အရှေ့ယွန်း မိုင်(၁၇၀)အကွာတွင် ဟန်လင်းမြို့ကြီး ရှိသည်။ တောင်ဘက် အရှေ့ယွန်း မိုင်(၈၀) အကွာတွင် ရသေ့မြို့ (သရေခေတ္တရာ တည်ထောင်မည့်နေရာ) ရှိသည်။ ဗိဿနိုး အရှေ့ဘက်(၁၁)မိုင် အကွာတွင် တောင်တွင်းကြီးမြို့ ရှိသည်။ မြို့ရံများမှာ ငမင်၊ စစ်တား၊ လုလင်မြို့၊ နတ်မောက်၊ မြို့သစ်၊ ရန်ကာ၊ ပတ္တနဂိုရ်၊ ဝါးနွယ်ကုန်း၊ တောင်ခွင်၊ ပင်းမြို့၊ ကျောက်ပန်းတောင်း၊ ပုပ္ပား စသည်တို့ ဖြစ်၏။ မြို့ရံ အသီးသီးကို ဆိုင်ရာ မြို့စားများက အုပ်ချုပ်ကြသည်။

ဗိဿနိုးမြို့တောင်ဘက်၊ အုတ်မြို့ရိုးကြီးနှင့် ရန်ပယ်ချောင်း အကြားတွင် ချုပ်ကုန်ရွာ၊ သားတိုးတန်းရွာ များရှိသည်။ သားတိုးတန်း ဟူသော အမည်ရပုံ မှာလည်း များစွာ စိတ်ဝင်စားဖွယ် ကောင်း၏။

မဇ္ဈိမဒေသက လိင်္ဂရာဇ်နွယ်ဖွား မင်းသားများသည် နယ်ပယ်သစ် ထူထောင်ရန် ရှေကြည်ရာ မြက်နုရာရှာရင်း ထိုဒေသသို့ ရောက်လာခဲ့ကြသည်။ ထိုအရပ်မှ သားတိုး

သမား မုဆိုးများသည် ထိုမင်းသားတို့အား အမဲဟင်း လျာများကို ဆက်သကြ၏။ ရဲဘက်တော်များ အားလုံး ချက်ပြုတ် စားသောက် ကြသော်လည်း မကုန်နိုင်၊ များစွာပိုမို နေသောကြောင့် တန်းကြီးများ ထိုးပြီး နေလှန်းထားကြသည်။ ဤသည်ကို မင်းသားများ မြင်လျှင် များစွာနှစ်သက် ဝမ်းမြောက်တော် မူသဖြင့် 'သားတိုးတန်'ဟု သမုတ်တော်မူပြီး အမတ်ငစံလှကို ကျေးရွာပြုစု တည်ထား ပေးအပ်တော်မူသည်။ သားတိုးတန်းမှ သတိုးတန်းဖြစ်လာသည်ဟု ဆိုသည်။ ယင်းသတိုးတန်း ရွာသည် ယခု ကုက္ကိုခွရွာပင် ဖြစ်သည်။

ပိဿနိုး ဝန်းကျင်တွင် အုပ်ချုပ် နေကြသူများမှာ အမျိုးသားချည်း ဖြစ်ကြ၏။ မကြာခင်သော ကာလတွင် ပန်ထွာပြည်၊ ပိဿနိုးမြို့ကို အုပ်ချုပ်မည့် သူမှာ ပန်ထွာမင်းသမီး ဖြစ်၏။ ထို့ကြောင့် ပထွေးတော် ကမ္ဗဝတီဘုရင်သည် သမီးတော်၏ လုံခြုံရေးအတွက် ထူထဲမြင့်မား ခိုင်ခံ့သော အုတ်မြို့ရိုးကြီးကို နှစ်ထပ် တည်ဆောက် ပေးခြင်းဖြစ်၏။

ရန်ပယ်ချောင်းကြီးသည် ဆတ်သွားမြို့ဘက်မှ အနောက် မြောက်ဘက်သို့ စီးလာပြီး တောက်ဦးချောင်း နှင့်ပေါင်းကာ ပိဿနိုးမြို့ တောက်ဘက်ခြမ်းကို ပတ်ရံပြီးမှ 'ယင်းချောင်း' အတွင်းသို့ စီးဝင်သည်။ ထို့ကြောင့် ရန်ပယ်ချောင်းသည် ပိဿနိုးတောင်ပိုင်းအတွက် ရေကျုံးကြီးသဖွယ် အားထားရသည်။ ရန်ပယ်သည် ရေစီးအားမည်မျှကောင်းစေကာမူ ခြောက်သွေ့ ပူပြင်းသော နွေကာလတွင် ရေခမ်းခြောက် လျော့နည်းသွားတတ်၏။ သည်အားနည်းချက်ကို ကာကွယ်သော အားဖြင့် ရန်ပယ်ချောင်းမှ ရေများအားလုံး ယင်းချောင်း အတွင်းသို့ အကုန်အစင် စီးဝင်သွားခြင်း မရှိစေရန် ရေများကို ထိန်းသိမ်း ထားဖို့လိုသည်။ သည်အတွက် ရေကာတာများ တည်ဆောက်သည်။

ရေကာတာ တည်ဆောက်ရေး စီမံကိန်းကြီးကို အကောင်အထည် ဖော်ရာ၌ ဘုရင်မင်းမြတ် ကိုယ်တိုင် ကြီးကြပ် ကွပ်ကဲသည်။ ဘုရင့်ကိုယ်ရံတော် တပ်မှူးနန္ဒ၊ သူ့လက်ထောက် ဝဏ္ဏတို့လည်း ဘုရင့်နောက်တော်ပါးမှ အရိပ်ပမာ ထက်ကြပ်လိုက်ပါကြရသည်။ ဘုရင်မင်းမြတ်က ပန်ထွာ မင်းသမီးကိုလည်း သက်သောင့်သက်သာ

နေခွင့်မပြု။ ရေကာတာ စီမံကိန်း စတင်သည်မှ ပြီးဆုံးသည် အထိ မိမိနှင့် အတူ လိုက်ပါလျက် လေ့လာ စေသည်။ လေ့လာရင်း သင်ယူစေသည်။

"သမီးတော်... ရန်ပယ်ချောင်းကြီးကို ကြည့်လိုက်စမ်း၊ ချောင်းလို့အမည်တပ် ခေါ်ဝေါ် နေပေမယ့် အင်မတန် ကျယ်ပြန့်တယ်။ ချောင်းရေကလည်း ရေစီးအား သန်ပါဘိသနဲ့။ ဒါပေမယ့် နွေခေါင်ခေါင်ကာလမှာ တော့ ရေက နည်းသွားတယ်။ လှေတွေ ဖောင်တွေ မလိုဘဲနဲ့ တစ်ဖက်ကမ်းက အလွယ်တကူ ကူးလာနိုင်တယ်။ အဲဒီလို ရေးနည်း ချိန်မှာ အကယ်၍များ ရန်သူတွေ လာရောက် တိုက်ခိုက် ကြမယ်ဆိုရင် ပိဿနိုးကို အလွယ် တကူ ရရှိ သွားမှာပဲ။ ဒါကြောင့် ရေများ ကုန်းရေ စီးအားကို တားဆီးဖို့နဲ့ ရေပိုတွေကို သိုလှောင် ထားနိုင်ဖို့ ဒီ 'ရန်ပယ်ရေ ကာတာ' ကြီးကို တည်ဆောက်တာ။ တောင်ဘက်က ရန်သူတွေ ရောက်လာတာနဲ့ အတုလ စည်တော်ကြီးကို တီးပြီး အချက်ပေးလိုက်ရင် ဟောဒီ ရေတံခါးကြီးကို ဖွင့်ချ လိုက်ရုံပဲ။ ရေတွေ အရှိန်အဟုန်ပြင်းစွာ စီးဆင်းလာ တာကြောင့် ရန်သူတွေဟာ ပိဿနိုး ရှိရာကမ်းဘက်ကို မကူးနိုင်ဘဲ၊ ရေစီးအားနဲ့ မျောပါ သွားကြလိမ့်မယ်"

သည်လိုလည်း သမီးတော်ပန်ထွာကို ရှင်းလင်း ပြောပြသည်။ ပိဿနိုး တောင်ဘက် ရေကျိုး အဖြစ် သတ်မှတ်ထားသော 'ရန်ပယ်ရေကာတာ' ကြီးကား တည်ဆောက် ပြီးစီး သွားပေပြီ။

ယခုလို ရေကာတာကြီး တည်ဆောက်ခြင်း၊ မြို့ရိုးတံတိုင်းကြီးများ ထုထဲမြင့်မားစွာ တည်ဆောက်ခြင်း သည် ပြည်သူပြည်သားများ အားလုံးအတွက်၊ တစ်နည်းအားဖြင့် ရှေးဦး ပျူလူမျိုး များနှင့် ပျူယဉ်ကျေးမှုကြီး မပျောက်မပျက် ရှည်ကြာစွာ တည်တံ့ ခိုင်မြဲရေး အတွက်ပင် ဖြစ်သည်။ တည်ဆောက်ရေး လုပ်ငန်းများ အခက်အခဲမရှိ၊ အနှောင့်အယှက် မရှိ အောင်မြင်စွာ ပြီးစီး သွားသဖြင့် ဘုရင်မင်းမြတ်သည် စိတ်လက် ပေါ့ပါးပြီး ဝမ်းမြောက် ဝမ်းသာ ဖြစ်ရသည်။

စိတ်ကြည်နူး ဝမ်းမြောက် လျက်ရှိသော ဘုရင်မင်းမြတ်သည် ထိုနေ့ ညဥ့်ဦး ပိုင်းတွင် မိဖုရား ပိပ္ပလိဒေဝီ ဘွဲ့ခံ စန္ဒမုခိနှင့်တကွ သမီးတော် ပန်ထွာပါမကျန်၊ ရံရွေ တော်များ ခြံရံလျက် ဗိသာနိုးမြို့ရှိ ဘုရားကျောင်းကန်များသို့ ဖူးမြော် သွားရောက်ရန် ထွက်ကြွ တော်မူသည်။

ဘုရင်မင်းမြတ်နှင့် မိဖုရား၊ သမီးတော်၊ ခြေရံသင်းပင်းများ နန်းတွင်းမှ ထွက်လာ ချိန်မှာ နေဝင်လုဆဲဆဲ အချိန်ဖြစ်၏။ နေမင်းသည် ဗိသာနိုးမြို့ကို ခွဲခွါရလု အချိန်ဖြစ်သည်။ တစ်နည်း ဆိုရလျှင် ဗိသာနိုးကို နှုတ်ဆက် နေချိန်ပင် ဖြစ်၏။ တစ်နေ့တာ၏ နောက်ဆုံး အချိန် ဖြစ်၍ နေမင်းကြီးသည် အစွမ်းကုန် တောက်ပနေသည်။ ထူထဲသည့် ဂွမ်းဆိုင်များ၊ ပါးလွှာလွှာ တိမ်မျှင်များသည် နေမင်းက ပက်ဖျန်း ထားသဖြင့် ထိန်ထိန် တောက်ကာ လှချင်တိုင်း လှနေ၏။

မြားဦးသဏ္ဍာန် ပျံသန်းလာကြသော အိပ်တန်းပြန် ငှက်ကလေးများ တောင်ပံ အခတ်တွင် နေရောင်ဟပ် သွားသဖြင့် ဖျတ်ခနဲဖျတ်ခနဲ လင်းလက် သွားသည်မှာ လှလိုက်သည့် မြင်ကွင်းပင်။ နေမင်းသည် ဗိသာနိုးမြို့ရှိ အဆောက်အအုံများ၊ လမ်းကြီးလမ်းငယ် အသွယ်သွယ်၊ သစ်ပင်ကြီးငယ်တို့ ပေါ်သို့ သူ၏ ရောက်ခြည်တန်း များနှင့် တို့ထိကာ အလွမ်း သယ်နေလေသည်။

လှလည်းလှ၊ သာလည်းသာယာ၊ လွမ်းဆွတ်ဖွယ်လည်း ကောင်းသည့် သည်လို နေရီရီ အချိန်မှာ စေတီ ပုတိုး၊ ကျောင်းကန်များသို့ ထွက်ကြွလာသော မင်းမိဖုရားနှစ်ပါးနှင့် သမီးတော်တို့အား ဗိသာနိုး ပြည်သူပြည်သားများက လက်အုပ်ချီကာ ဦးညွှတ် နှုတ်ဆက် ကြသည်။ ပြီးတော့ အနာဂတ်ကာလမှာ မိမိတို့ကို စိုးမိုး အုပ်ချုပ်လာမည့် ဗိသာနိုးရဲ့ ဘုရင်မလောင်း၊ ပန်ထွာမင်းသမီးလေးကိုလည်း အလုအယက် နှုတ်ခွန်း ဆက်ကြသည်။ ယာဉ်ရထားကြီးပေါ်မှ မင်းမိဖုရားနှစ်ပါးနှင့် ပန်ထွာမင်းသမီးလေးတို့ကလည်း လက်များကို ဝှေ့ယမ်းပြီး ပြန်လည် နှုတ်ခွန်းဆက်ကြရာ ပရိသတ်ကြီးက ပြိုင်တူ ကောင်းချီးသြဘာ ပေးကြ ပြန်သည်။

မကြာခင်မှာပင် ဘုရင်မင်းမြတ်နှင့် အဖွဲ့သည် ကြီးမား ခန့်ထည်လှသည့် ထူပါကြီး တစ်ဆူသို့ ရောက်လာကြသည်။ ကြေးခေါင်းလောင်း ကလေးများ၏ ညင်သာသော အသံကို လေအသွဲ့တွင် ခပ်နွဲ့နွဲ့ ကြားလာရသည်။

စက်ဝိုင်းပုံ မဟာရံတံတိုင်း နှစ်ထပ် ကာရံထားသော ထူပါကြီးသို့ ရောက်လျှင် အားလုံး ရပ်တန့်၍ ယာဉ်ရထားများပေါ်မှ ဆင်းလိုက်ကြသည်။ ထူပါကြီးမှာ များစွာ ကြီးမား ခန့်ထည်လှ၏။ အပြင် တံတိုင်းပေါ်သို့ တက်ရန် လေးဘက်လေးတန်၌ ငါးပေခန့် ကျယ်သော အုတ်လှေကားကြီးများ ရှိသည်။

ဘုရင်မင်းမြတ် ဦးဆောင်၍ အရှေ့ဘက်လှေကားမှ တက်ကြသည်။ အတွင်းဘက်သို့ ဆင်းရန်မှူ အုတ်လှေကား မရှိပေ။ သို့သော် တံတိုင်းများကို ဗဟို အဆောက်အအုံထိ ရောက်အောင် ဖို့မြေဖြင့် ဆင်ခြေလျှော ပြုလုပ်ထားရာ အလွယ် တကူပင် လျှောက်သွား နိုင်ကြသည်။ ဗဟိုတွင် ထူပါကြီးရှိသည်။ ထူပါကြီး၏ လေးမျက်နှာ လုံးတွင် လေးထောင့်အုတ်ခုံ အစွန်းတစ်ခုစီ ပြုလုပ်ထားသည်။ အုတ်ခုံ အစွန်းလေးခုမှာ ထူပါကြီးလေးမျက်နှာတွင် ပြူထွက် နေသော်လည်း အရပ်လေးမျက်နှာသို့ တည့်တည့် မျက်နှာ မပြုဘဲ၊ လက်ဝဲဘက်သို့ အနည်းငယ် တိမ်းစောင်းနေသည်။ စက်ဝိုင်းနှစ်ထပ် အလယ်တွင် ပန်းတင်ခုံလေးဘက် တပ်ထားသော ထုလုံးရှည်ပုံ ထူပါကြီး ဖြစ်သည်။ သို့ကြောင့် ထူပါကြီး၏ ပုံစံမှာ သာမာန် စေတီများထက် ထူးခြားသော အသွင်ကို ဆောင်နေသည်။

ဘုရင်မင်းမြတ်နှင့် အဖွဲ့ ရောက်ချိန်တွင် ထူပါကြီး၌ ဆီမီးတိုင်များပင် ထွန်းညှိ ပူဇော် ထားပေပြီ။ ဆီမီးရောင်ကြောင့် လင်းထိန်နေသည်။ ကြိုတင် ခင်းကျင်းထားသော ကော်ဇော ပေါ်တွင် မင်းမိဖုရားနှစ်ပါးနှင့် သမီးတော်တို့ ထိုင်လိုက်ကြ၏။ နောက်တော် ပါးတွင် အခြွေအရံများလည်း သူတို့ အဆင့်အလိုက် နေရာယူ ထိုင်လိုက် ကြသည်။

အပွင့်ချည်းသက်သက် ခြွေကာ ပန်းစေတီသဖွယ် ပြင်ဆင်ထားသော ပန်းခိုင်ကြီး များကို အပျိုတော်လေးများက မင်းမိဖုရားနှစ်ပါးနှင့် ပန်ထွာမင်းသမီးလေးတို့ လက်တွင်းသို့ ဆက်သ လိုက်ကြရာ ဦးထိပ်ထက်တွင် တင်လျက်ပန်းများကို ဆက်ကပ် လှူဒါန်းကြသည်။ ပြီးလျှင် အပျိုတော်လေးများက ပန်းခိုင်များကို ပြန်ယူပြီး ပန်တင်ခုံပေါ်တွင် ထိုးစိုက်ပူဇော် ထားလိုက်ကြ၏။ အားလုံးရှိသေစွာ ဝတ်ပြု ကြပြီးနောက် ထူပါကြီးကို လက်ယာရစ် လှည့်လျက် ပူဇော် ကြပြန်သည်။

ထူပါကြီးကို ပူဇော်ကန်တော့ပြီးနောက် စကြံပတ်လမ်းနှင့် ဂူဘုရားဆီသို့ ခရီး ဆက်ကြသည်။ ယင်းဂူဘုရားသည် ထူပါကြီး၏ မြောက်ဘက်တွင် တည်ရှိသည်။ အဆောက်အအုံမှာ ကြီးမားလှ၏။ တစ်ဆယ့်လေးပေ ပတ်လည်ရှိသော စတုရန်ပုံကို နံရံနှစ်ထပ် ကာရံထား၏။ နံရံနှစ်ထပ်အကြား စကြံလမ်းမှာ ခြောက်ပေကျော်မျှ ကျယ်သည်။ နံရံများ၏ထုမှာ ငါးပေကျော်ခန့်ရှိ၏။ အပြင်နံရံ များသည် လေးဆယ့် ခုနစ်ပေမျှ ရှည်လျားသည်။ စတုရန်းကွက် အလယ်တွင် ထုထည်ကြီးမားလှသည့် မဏ္ဍိုင် ရှိသည်။ ထိုမဏ္ဍိုင်ကို ဂန္ဓကုဋီတိုက် သဖွယ် ဖော်ဆောင်ပြီး ကျောက်ဆင်းတုတော်ကို ပူဇော် ထားသည်။ ကျောက်ဆင်းတုတော်မှာ မကြီးလှပေ။ အမြင့်-ငါးဒသမ ခြောက်လက်မ၊ ထု- သုံးလက်မ မျှသာ ရှိသည်။ ယာလက်တော်မှာ ဝိတက္ကမုဒြာဟန် ဖြစ်ပြီး၊ ဝဲလက်မှာ ဣရိယာပထ နားနားနေနေ အနေအထား ဝဲဒူးပေါ်တွင် တင်ထားဟန်ဖြစ်သည်။ ခြေတွဲလောင်း ချနေဟန်မှာ (ပရလမ္ဗန) အနေအထား ဖြစ်ပါသည်။ ဝိတက္ကမုဒြာမှာ ကြံစည် တွေးတော နေဟန်ပုံ ဖြစ်သည်။

ဂူဘုရားအတွင်း၌ ဆီမီးတိုင်များများ ထွန်းညှိမထားပါ။ ကျောက်ဆင်းတု ပေါ်တွင်သာ အလင်းရောင်ရရှိအောင် ဖော်ဆောင် ပေးထားသည်။ ထို့ကြောင့် ဂူဘုရားအတွင်း မြတ်စွာ ဘုရားကို ပူဇော်သူများ အနေဖြင့် စိတ်ပိုင်းဆိုင်ရာ တစ်ခုလုံးကို သိမ်းကျုံး ယူငင်ပြီး သပ္ပာယ်လှသည့် ရုပ်ပွား ဆင်းတုတော်ထံသို့ အပြည့်အဝ အာရုံ ရောက်ရှိစေသည်။

ဘုရင်မင်းမြတ်နှင့် အဖွဲ့သည် ကြေးလင်ပန်းများနှင့် ထည့်ထားသော ပန်းပွင့်ရောင်စုံများကို ဆက်ကပ် လှူဒါန်းကာ ရှိသေစွာ ဝတ်ပြုကန်တော့ ကြသည်။ ဘုရင်မင်းမြတ်သည် ဆင်းတုတော်ကို ကြည်ညိုစွာ ကန်တော့ပြီးနောက် ဆင်းတုတော် အနီးရှိ ကြေးကလပ် ပေါ်တွင် တင်ထားသော ကြေးခေါင်းလောင်း ငယ်ကလေးကို လှုပ်ခတ်လိုက်သည်။ ခေါင်းလောင်းကလေးမှာ ငယ်ပင်ငယ်သော်ငြား သာယာသော အသံဖြင့် ဂူဘုရား အတွင်း ပဲ့တင် ထပ်သွားစေသည်။ ခေါင်းလောင်းသံ ဆိတ်သွားသည်နှင့် ဘုရင်မင်းမြတ်နှင့် တကွ ပရိသတ်အားလုံး 'သာဓု-သာဓု-သာဓု' ဟု သုံးကြိမ် ညီညာဖျဖျ ရွတ်ဆိုကာ ဦးခိုက်ကန်တော့ လိုက်ကြတော့သည်။

ဂူဘုရားမှ ထွက်လာကြပြီးနောက် အလှမ်းမကမ်းတွင် ရှိသော ဝိဟာရကျောင်းသို့ ခရီးဆက်ကြသည်။ ထိုကျောင်းကြီးမှာ တောင်မြောက် ရှည်လျားလျားရှိသော စတုဂံပုံ အုတ်တိုက်ကျောင်းဖြစ်၏။

အရှေ့ဘက်၌ စွန်းထွက်နေသော အခန်းတစ်ခန်းရှိသည်။ ဆင်ဝင်ခန်းဖြစ်၏။ တိုက်မကြီးကို နှစ်ပိုင်း ပိုင်းထားရာ အရှေ့ဘက်ခြမ်းသည် အဓိကအခန်းရှည် ကြီးဖြစ်သည်။ အနောက်ဘက် ခြမ်းကို လေးထောင့် အခန်းငယ် လေးရှစ်ခန်း ဖွဲ့ထား၏။ ဝိဟာရကျောင်းသို့ ဝင်ရန် ဆင်ဝင်ခန်းတွင်သာ တံခါးတစ်ပေါက် ရှိသည်။ အလင်းရောင်နှင့် လေကောင်းလေသန့် ရစေရန် အခန်းတိုင်းတွင် သုံးပေကျယ်သော ပြတင်းပေါက်များ ဖောက်ထားသည်။ အရှေ့ ဆင်ဝင်ခန်းနှင့် အခန်းရှည်ကြီးကို သမံတလင်း ခင်းထားသည်။ အခန်းငယ်များကိုမူ အုတ်များစီပြီး ခင်းထား၏။ နံရံအင်္ဂတေကို ထုံးဖြူသုတ်ထားသည်။ ဆင်ဝင်ခန်းနှင့် အခန်းရှည်ကြီးကို ဆက်သွယ်ထားသော မတ်ရပ်တံခါး ပေါက်ကြီးရှိ၏။ မတ်ရပ် တံခါးပေါက်ကြီး၏ အဝင်အထွက် နှစ်ဘက်စလုံး၌ လခြမ်းသဏ္ဍာန် အင်္ဂတေ တံခါးခုံများ ပြုလုပ်ထားပြီး၊ ယင်းတံခါးခုံများတွင် ကျောက်စရစ်ဖြူ ကလေးများကို နှစ်မြှုပ်စီချယ် ထားသည်။ အခန်းတိုင်း တံခါးများ တပ်ဆင်ထား၏။ တံခါးဘောင် (ကြည်းဘောင်) နှင့် တံခါးရွက်များကို သစ်သားဖြင့်ပြုလုပ်သည်။

ဝိဟာရ ကျောင်းကြီးမှာ နှစ်ထပ် အဆောက်အအုံ ဖြစ်၏။ အထက်ထပ် ကြမ်းခင်းကိုလည်း သမံတလင်း ခင်းထားသည်။ သည်ဝိဟာရသည် လွန်စွာကြီးမား ခန့်ထည်သော သာသနိက အဆောက်အအုံပင် ဖြစ်၏။ ဤသို့သော ဝိဟာရကျောင်းများ ဗိသုနိုးတွင် များစွာ ရှိသည်။ ဗိသုနိုး တည်ဆောက်မှု လုပ်ငန်းတွင် အိန္ဒိယတောင်ပိုင်း၊ နာဂါဇုနကောဏ္ဍာဗုဒ္ဓဝါဒီ ဗိသုကာတို့ လွှမ်းမိုးမှုကြောင့် ဗိသုနိုး ဘာသာရေးအဆောက်အအုံ များဖြစ်သော ထူပါ၊ ဂူဘုရားစသည့် စေတီတော်များ၊ ဝိဟာရကျောင်းများသည် နာဂါဇုနကောဏ္ဍာ ဗုဒ္ဓဘာသာ အဆောက်အအုံ တို့နှင့် အလွန်နီးစပ်စွာ တူညီနေသည်။

ဂူဘုရားကြီးကို ဖူးမြော်ပြီးနောက် ထွက်လာကြသော ဘုရင်မင်းမြတ်နှင့် အဖွဲ့သည် မကြာခင်မှာပင် ဝိဟာရ ကျောင်းတိုက်ကြီးသို့ ရောက်လာကြသည်။ ရောက်လျှင်ရောက်ချင်းပင် ရဟန်းတော် တစ်ပါး ထွက်လာပြီး ဘုရင်ကြီးအား ခရီးဦးကြိုပြုကာ ကျောင်းတိုက်ကြီး အပေါ်ထပ်ရှိ 'ဘုန်းတော်ကြီးသံဃသီရိ' ထံသို့ ပို့ဆောင်ပေးသည်။

ရဟန်းတော်များနှင့် အပ်စပ်သော လှူဖွယ် ပစ္စည်းများကို ဘုန်းတော်ကြီးအား လှူဒါန်း ပြီးနောက် အားလုံး ဦးတိုက်ကန်တော့ ကြသည်။ ဘုန်းတော်ကြီးနှင့် ဘုရင်မင်းမြတ်တို့ အာလာပသလ္လာပ အနည်းငယ်ပြောဆို လျှောက်ထားကြ၏။ ကျောင်းတိုက်ရှိ ရဟန်းတော်များ စုပေါင်း ဝတ်တက်ချိန် နီးပြီးမို့ ခေတ္တမျှသာ နေပြီး နန်းတော်သို့ ပြန်လာကြသည်။

သည်အချိန်မှာ လမင်းကြီး ထိန်ထိန်သာနေပေပြီ။ ပန်ထွာမင်းသမီးလေးသည် ယာဉ်ရထားပေါ်မှ နေ၍ လမင်းကြီးကို မော့ကြည့်လိုက်သည်။ မယ်မယ့် ရင်ခွင်ထဲတွင် ရှိစဉ်ကလေးဘဝကို ပြန်လည် အမှတ်ရ မိသည်။ မယ်မယ်သည် သူ၏နနယ် သေးငယ်သော လက်ဖဝါးလေးကို ဖြန့်ကာ 'ဖိုးလမင်းကြီးရေ့၊ မီးမီးကို ထမင်းဆီဆမ်း ရွှေလင်ပန်းနှင့် ပေးပါ' ဟု တောင်းဆိုကာ ချော့မြှူခဲ့သည် မဟုတ်လား။ ဖိုးလမင်းကြီးသည် ထမင်းဆီဆမ်း ရွှေလင်ပန်းကိုမူ မပေးခဲ့ပေ။ သို့သော် မုန်းသူ ချစ်သူမရွေး၊ မျက်နှာကြီးငယ် မရွေး၊

တောတောင် ရေမြေ မခွဲခြား၊ သူ့ရဲ့ မေတ္တာငွေရည်ကို အညီအမျှ သွန်းလောင်း ပေးမြဲ ဖြစ်သည်မှာ အမှန်ပင်။

ပန်ထွာမင်းသမီးသည် လာရာလမ်းသို့ သမင်လည်ပြန် လှည့်ကြည့်လိုက်၏။ ကျောင်းကန် ဘုရား၊ စေတီပုထိုးများပေါ်သို့ လမင်းသည် သူ၏ဘော်ငွေရည် များကို ပက်ဖျန်း ထားရာ မို့မို့မဲမဲ အဆောက်အအုံများကို ငွေနား ကွပ်ထားသည့်နှယ် ထင်မှတ် မိသည်။

မှန်ပါသည်။ 'ဗိဿနိုး၏ ရေးပေါင်း ပန်းချီကားတစ်ချပ်' ပင်။

# အခန်း(၅)

## ပန်ထွာမင်းသမီး၏ နိုင်ငံပြုဇာတ်ပုံ

ကဿပဝတီဘုရင်သည် သမီးတော်ပန်ထွာအား မိမိအုပ်ချုပ်မည့် ဗိဿနိုးနိုင်ငံ၏ ကုန်ထုတ် လုပ်မှုလုပ်ငန်း မှန်သမျှ သိရှိနားလည် ထားစေလိုသည်။ ထိုလုပ်ငန်းများကို လေ့လာရာ၌ မိမိ၏ ကိုယ်ရံတော် တပ်မှူးလေး နန္ဒက လိုက်ပါ ပို့ဆောင်ပေးရန် အမိန့်တော် ချမှတ်သည်။ တပ်မှူးလေးနန္ဒသည် ရိုးသားသည်။ စိတ်ထားဖြူစင်သည်။ သစ္စာရှိသည်။ သမီးတော်လေး ပန်ထွာကိုလည်း ငယ်စဉ်ကပင် အစ်ကို တစ်ယောက်ပမာ စောင့်ရှောက် ခဲ့သည်။ ထို့ကြောင့် ယုံကြည် စိတ်ချသည်။

သည့်နေ့ အိုးလုပ်ငန်းကို လေ့လာကြမည်။ တပ်မှူးလေးနန္ဒ၊ ပန်ထွာမင်းသမီးနှင့် အထိန်းတော်ကြီး မိအူတို့ သုံးယောက်စလုံး သာမန်အရပ်သူ အရပ်သားများကဲ့သို့ပင် ဆင်ယင်ဝတ်ထားကြသည်။

သူတို့သုံးယောက် မြင်းကိုယ်စီ စီးလျက် အိုးလုပ်ကုန်းသို့ ထွက်လာကြသည်။ ဆောင်းရာသီ ပျက်ပြယ်ပြီးစ၊ နွေဦးသစ်ချိန်မို့ ထနောင်းပင်များ ထက်မှာ စိမ်းနုန ရွက်သစ်များ ဝေစည်နေပြီ။ ထနောင်းသည် ပူပြင်းသောနွေကို အံတုဘက်ပြိုင် နိုင်၏။ အပူဒဏ်ကို ကြံ့ကြံ့ခံနိုင်သည်။ ခုလိုနွေဦးတွင် အခြားသော သစ်ပင်များ နွေဒဏ်ကို မခံနိုင်ဘဲ ရိုးတပြိုင်းပြိုင်းနှင့် အရပ်ဆိုးချိန်မှာ ထနောင်းကတော့ စိမ်းမြမြ ရွက်နုကလေးများ ဖြင့် ရင်ကော့ခေါင်းမော့ပြီး နေနိုင်သည်။ ထနောင်းစိမ်းမှာ အခြားအခြားသော အစိမ်း များနှင့် မတူ။ ရင့်လည်းမရင့်၊ ဖျော့လည်းမဖျော့။ ထနောင်းပင်၏ ပင်စည်သည် ဖြူဝါဝါ၊ နုံ့သာရောင် ဖြစ်သည်။ အချို့အခေါက်များမှာ အညိုရင့်ရောင် ဖြစ်၏။ ထို့ကြောင့် သူ့ပင်စည်သည် ညိုဝါကြား ဖြစ်သည်။ ထနောင်းကိုင်း ကလေးများမှာ ဖြာထွက်နေသည်။

အကိုင်းအခက်တိုင်းမှာ ရွက်သစ်တွေ ဝေနေသဖြင့် ထနောင်းရိပ်မှာ အေးမြနေ၏။ ထနောင်းပင်ထက်မှ ချိုးကူသံကိုလည်း ကြားရသည်။

နန်းတွင်းမှာသာ နေခဲ့ရသော ပန်ထွာမင်းသမီးသည် ယခုလို သဘာဝအလှကို မြင်တွေ့ရသည့် အခါ ရွှင်လန်းသွား၏။ စိတ်လက်ပေါ့ပါး သွား၏။ တစ်ခါတစ်ရံ လှည်းကြမ်း ကြီးစီးကာ အလုပ်ခွင် ဆင်းသူများ၊ လမ်းလျှောက် သွားကြသူများ အနီးမှ သူတို့ ဖြတ်သွား ကြသည့် အခါ ဖော်ရွေစွာ လှမ်းနှုတ်ဆက် ကြသည်။ ပြန်လည် နှုတ်ဆက်ရသည် မှာလည်း ပျော်စရာပင်။

'နွေထနောင်း ဆောင်းမကျည်း' ဟု အဆိုရှိသည်။ မန်ကျည်းရိပ်သည် ဆောင်းမှာ နွေးထွေး သကဲ့သို့ ယခုလိုနွေမှာလည်း အေးမြပါသည်။ ထို့ကြောင့် လမ်းဘေး မန်ကျည်း ရိပ်တွင် ကလေးငယ်များ ဆော့ကစား နေသည်ကို တွေ့ရသည်။ သည်တော့ ပန်ထွာသည် မိအူတို့ သူဇာတို့နှင့် ဆော့ကစား ခဲ့ရသည့် ငယ်ဘဝကို ပြန်လည်သတိရ လွမ်းဆွတ် မိသည်။

မကြာခင်မှာပင် အိုးလုပ် ကုန်းသို့ ရောက်ကြသည်။ တပ်မှူးလေးနန္ဒက သူနှင့် ခင်မင် ရင်းနှီးသော အဘအိုး၏ အိမ်သို့ ဦးဆောင်ခေါ်သွားသည်။ အိမ်တိုင်းပင် အိမ်ဝိုင်း အတွင်း၌ အိုးများ အစီအရီ ချထားသည်ကို တွေ့သဖြင့် ပန်ထွာမင်းသမီးက အံ့သြနေသည်။ 'သည်လောက်များတဲ့ အိုးတွေ ဘာလုပ်ဖို့လဲ၊ ဘယ်မှာ သွားရောင်းမှာလဲ'ဟု စောကြောနေပြန်သည်။ တပ်မှူးလေးနန္ဒက ရှင်းပြသည်။

"ချက်ပြုတ် စားသောက်ရတဲ့ လူ့အဖွဲ့အစည်း မှန်သမျှ အိုးအင်ခွက်ယောက် တွေကို အသုံးပြုတယ် မဟုတ်လား။ မြေအိုး မြေခွက်ဆိုတာက ကွဲလွယ်တယ်။ ပျက်လွယ်တယ်။ သက်တမ်း မရှည်ဘူး။ သည်တော့ အိုး တွေကို အစဉ်မပြတ် လုပ်နေ ရတာပေါ့။ အိုးတွေမပြတ် ဖုတ်နေပေမယ့် အိုးခွက် အမျိုးအစား တွေကိုတော့ ပုံစံသစ် ထွင်ပြီး အသုံးပြုတာ နည်းပါတယ်။ သမားရိုးကျ အတိုင်း လုပ်တာကများတယ်။ အခု

အဘအိုတို့ အိမ်ရောက်ရင် တွေ့ရ ပါလိမ့်မယ်။ အိုးတွေမှ အမျိုးမျိုးအစားစား၊ အားကြီးပဲ။ သည်တစ်အိမ်တည်း လေ့လာရုံနဲ့ လုံလောက်တယ်။ အိုးဖုတ်တဲ့ ရက်နဲ့ကြုံရင်တော့ အိုးတွေမီးဖုတ် နေတာတောင်မှ တွေ့ရဦးမှာ”

ပြောရင်းဆိုရင်းဖြင့် ခြေတံရှည် အိမ်တစ်အိမ်ရှေ့သို့ ရောက်လာကြသည်။

“အဘအို…အဘအို…”ဟု တပ်မှူးလေးနန္ဒက အသံပြုလိုက်၏။ အိမ်ကြီး၏ အောက်ထပ်မှ အမျိုးသားကြီးတစ်ဦး ထွက်လာပြီး…

“လူကလေး မောင်နန္ဒပါလား၊ ဝင်လာလေကွယ်။ ဩော်…ဧည့်သည်တွေလည်း ပါလာသကိုး…လာကြ၊ လာကြ” ဟု ဖိတ်မန္တကပြုသည်။

တပ်မှူးလေးနန္ဒက ဦးဆောင်ပြီး အိမ်ဝိုင်းထဲ လာကြသည်။ အဘအိုက ကွပ်ပျစ်ကို ညွှန်ပြပြီး “ထိုင်ကြဦးကွယ့်…အဘလက်တွေ ရွှံ့ပေနေလို့ ဆေးလိုက်ဦးမယ်” ဟု ဆိုကာ အင်တုံ ပက်ပက် တစ်ခုထဲရှိ ရေထဲတွင် လက်နစ်ဖက်နစ်ပြီး ဆေးကြောသည်။ ပြီးလျှင် အဝတ်စ တစ်ခုဖြင့် လက်သုတ်ရင်း သူတို့ ထိုင်နေရာ ကွပ်ပျစ်တွင် ဝင်ရောက်ထိုင်လိုက်၏။

“အဘအို..ဒါက ကျွန်တော် ပြောပြောနေတဲ့ ပန်ထွာမင်းသမီးပါ။ ဟောဒီဘက်ကတော့…”

တပ်မှူးလေးနန္ဒရဲ့ မိတ်ဆက်စကား မဆုံးခင်မှာပင် အဘအိုသည် ထိုင်နေရာမှ ထပြီး လက်အုပ်ချီလျက် “အို…ကူ္ဗဝတီ ဘုရင်ကြီးရဲ့ သမီးတော်လေးကိုး…ဘ-မသိလို့ပါ။ ခွင့်ပြုတော်မူပါ” ဟု ပျာပျာသလဲ တောင်းပန် လိုက်သည်။ ဤတွင် ပန်ထွာမင်းသမီးက…

“ထိုင်ပါ-အဘ…ကျွန်မတို့က သာမန်အရပ်သူ၊ အရပ်သားအနေနဲ့ လာကြတာမို့၊ အရပ်သူ အရပ်သား အချင်းချင်း နေထိုင် ပြောဆိုကြသလို သက်သောင့်သက်သာ ဆက်ဆံကြရအောင်ပါ”ဟု ဆိုသည်။

တပ်မှူးလေးနန္ဒကလည်း "ကဲပါ အဘအိုရယ်၊ ထိုင်မြဲတိုင်း ပြန်ထိုင်ပါ။ ကျွန်တော် မပြော ဘူးလား။ ပန်ထွာမင်းသမီးလေးဟာ သဘောထား ပြည့်ဝပါတယ်လို့" ဟု အမှွန်း တင်ပြန်သည်။

"ဟုတ်ပ၊ လူကလေးနန္ဒကတော့ သည်ရောက်တိုင်း မင်းသမီးလေး အကြောင်း ချည်း တဖွဖွ ပြောနေတာ။ လူချင်းသာ မတွေ့ဖူး မမြင်ဖူးတာ၊ ဘ-တို့ စိတ်ထဲ မှာတော့ မင်းသမီးလေးနဲ့ ရင်းနှီးပြီးသားပါကွယ်။ တွေ့ဖူးမြင်းဖူးချင်နေတာနဲ့ အတော်ပဲ" ဟု ဆိုကာရှိသေး၊ အဘအို၏ဇနီး အဘွားဖံသည် အဖန်နှပ်ထားသည့် မြေကရားကြီးကို စကားဝိုင်း အလယ်တွင် လာချရင်း ပြောလိုက်သည်။

"အဲ...လူကလေးက မင်းသမီးလေး သဘောကောင်းချည်း ဘယ်ကမလဲ၊ မင်းသမီးလေး ဘယ်လောက် လှကြောင်း၊ ဘယ့်လောက်ချောကြောင်း တွေကိုလည်း ပြောပဲ့ါတော်"

ဤတွင် ပန်ထွာမင်းသမီးသည် သူ၏ နှုတ်ခမ်းဖူးဖူးလေးကို မသိမကာစူကာ၊ တပ်မှူးလေး နန္ဒကို လက်သီးဆုပ်ကလေးဖြင့် လှမ်းထုသည်။

"အား...နာတယ်ဟ၊ လှလို့လှတယ်ပြောတာ စိတ်ဆိုးစရာလား" ဟု ပြောရင်း ပန်ထွာ၏ လက်သီးဆုပ် ကလေးကို သူ့လက်နက်ဖက်ဖြင့် ဖမ်းဆုပ်ထားလိုက်သည်။ လက်ချင်းဆုပ်ကိုင် လိုက်မိသည့်ခဏ၊ ပန်ထွာမင်းသမီး၏ မျက်နှာပြင်ပေါ်ဝယ် ရှက်သွေး နနု ဖြာသွား၏။ မျက်လွှာကို အသာချကာ နန္ဒ၏ လက်ဆုပ်ထဲမှ သူ့လက်ကို အသာ ရုန်းထွက် နေမိသည်။ ငယ်စဉ်ကလေးဘဝ ကတည်းက လက်ပွန်းတတီး ခင်မင်ရန်နီးခဲ့ ကြသော်လည်း ယခုလို စိတ်လှုပ်ရှားခြင်းမျိုး မရှိခဲ့ဖူးချေ။ ရှက်သွေးမဖြာ ခဲ့ဖူးပေ။ ယခုနန္ဒ ကိုယ်တိုင်လည်း ရင်ထဲတွင် လှိုက်ခနဲ စုန်သွားသည်ကို ခံစားလိုက်ရသည်။ သို့နှင့် ဆုပ်ကိုင် ထားမိသော ပန်ထွာ၏လက်ကို လွှတ်ပေးလိုက်ပြီး ချက်ချင်းပင် ဣန္ဒြေ ဆည်လိုက်သည်။ လူငယ် နှစ်ယောက်၏ လျှပ်တပြက် အခြေအနေကို မိအိုဘအိုတို့ မမြင်မသိ၊ မရိပ်မိ

လိုက်သော်လည်း အထိန်းတော် မိအူကမူ သတိထား လိုက်မိသည်။ သို့သော် မသိကျိုးကျွံ ပြုကာ နေလိုက်၏။

"စောစောက မိတ်ဆက် စကားကို ဆက်ရဦးမယ် အဘအိုု၊ မင်းသမီးအနားမှာ ထိုင်နေတာက မိအူတဲ့။ အရီးမျက်ခြယ်ရဲ့ သမီးလေ၊ အဘသိမှာပေါ့"

မျက်ခြယ်ကို သိတာပေါ့၊ မျက်ခြယ်ရဲ့ ရက်ထည်တွေက ဒီဒေသမှာတော့ နာမည်ကြီးပဲ လေကွယ်။ အများ အားဖြင့် ကိုယ်ပိုင်ရက်ကန်း မထောင်သူတွေက မျက်ခြယ် ဆီကပဲ ဝယ်ကြရတာကလား၊ ဘ-တို့တစ်ဆွေလုံး၊ တစ်မျိုးလုံး သူ့ရက်ထည်တွေနဲ့ မကင်းဘူး၊ ဒါထက် မေးပါရစေဦး၊ မျက်ခြယ်ရဲ့သမီးက နန်းတွင်းမှာလား" ဟု အဘအိုက မေးလိုက်သည်။

"ဟုတ်ပါတယ်အဘ၊ မိအူကနန်းတွင်းမှာ အမှုတော် ထမ်းပါတယ်။ ငယ်ငယ် ကလေးဘဝတုန်းက အမေ အထည် ပို့လာတိုင်း နန်းတွင်းကို ကျွန်မ လိုက်လာတယ်။ မင်းသမီးလေးရဲ့ မယ်တော် မိဖုရားကြီးက ကျွန်မကို မျက်မှန်းတန်းမိပြီး ခွင့်ပြုလို့ သမီးတော်နဲ့ အဖော်ပြုခွင့် ရခဲ့ပါတယ်။ ခုတော့ မင်းသမီးရဲ့ အထိန်းတော်ကြီး အဖြစ် အမှုတော်ထမ်း နေပါတယ်" ဟု မိအူက စေ့စုံစွာ ပြောပြသည်။

"အိမ်း...ကောင်းသကွဲ့၊ နန်းတွင်းမှာ အမှုထမ်းခွင့်ရတာ နည်းတဲ့ ကုသိုလ်လား။ သစ္စာရှိရှိသာ လုပ်ကွယ့်" ဟု လူကြီးပီပီ ဆုံးမသည်။

"ကျွန်တော်တို့လာရင်း ကိစ္စကတော့ အဘရဲ့ အိုးလုပ်ငန်းကို လေ့လာချင်လို့ပဲ အဘအို။ ဘုရင်ကြီးက ဗိဿနိုးနိုင်ငံရဲ့ လုပ်ငန်းတွေ၊ ဗိဿနိုးနိုင်ငံသူ နိုင်ငံသားတွေရဲ့ လက်မှုပညာ အဝဝကို မင်းသမီးအနေနဲ့ အားလုံး သိကျွမ်းအောင် လေ့လာရမယ်လို့ အမိန့်တော် ချမှတ်ပါတယ်။ ဒါကြောင့်အဘရဲ့ အိုးလုပ်ငန်းကို လေ့လာဖို့ လာကြတာပါ" ဟု လာရင်း ကိစ္စကို ပြောပြသည်။

"ဘုရင်မင်းမြတ်ဟာ အင်မတန် အမြော်အမြင်ကြီးပါပေတယ်၊ စေ့စပ်သေချာပါပေတယ်။ ဘ,တို့ရဲ့ လုပ်ငန်းကို ခုလို လေ့လာစေခြင်းဟာ ဘ,တို့ကို ချီးမြှောက်တာမို့ ဂုဏ်ယူ ပါတယ်ကွယ်။ သမီးတော်လေး သိလိုသမျှ၊ သိသင့်သိ ထိုက်သမျှ ဘရှင်းပြပါမယ်" ဟု အဘအိုက ဝမ်းသာအားရ ပြောကြားသည်။

"အဘအို... မေးခွင့်ပြုပါ။ အိုးတွေကို လက်နဲ့ပဲ လုပ်ပါသလား၊ သိပါရစေ" ဟု ပန်ထွာမင်းသမီးက စတင်၍ မေးသည်။

"အိုးတွေကို အိုးထိန်းစက်နဲ့ ပုံဖော်ထုတ်လုပ်တယ်။ အမွမ်းအမံတွေ၊ အိုးငယ်တွေနဲ့ ဆီးမီးခွက်တွေကိုသာ လက်နဲ့ ပုံဖော်ပါတယ်။ ကဲ...ကဲ အိုးတွေကို ပြပြီး လက်တွေ့ ရှင်းပြမယ်"ဟု ဆိုကာ ရောင်းချရန် အသင့် ဖြစ်နေသော အိုးများ ရှိရာသို့ ခေါ်ဆောင် သွားသည်။

"ဟောဒါက ရေတည်အိုးပေါ့။ ရိက္ခာသိုလှောင် အိုးကြီးလို့လည်း ခေါ်တယ်။ နှုတ်သီးတပ် အိုးတွေ၊ ချက် ပြုတ်အိုးတွေ၊ အင်တုံပက်ပက်တွေ၊ ဟင်းချက်အိုးတွေ၊ ရေဖြန်း အိုးတွေ၊ ဆီမီးခွက်တွေကတော့ အိမ်တွင်း အသုံးအဆောင်တွေပဲ။ အများ အားဖြင့်တော့ မချောလွန်း၊ မကြမ်းလွန်းတဲ့ မြေသား အလတ်တန်းစားနဲ့ လုပ်တယ်။ အိမ်တွင်းသုံး အိုးတွေကို အရောင်မတင်ဘူး။ ဆေးလည်းမခြယ်ဘူး။ မြေသာရောင် ပကတိ အတိုင်းပဲ လုပ်တယ်" ဟု ဆိုကာ လုပ်ပြီးသားအိုးတွေကို တစ်ခုချင်းပြရင်း ပြောသွားသည်။ အိမ်သုံးအိုး လုပ်မည့် မြေအမျိုးအစားကိုလည်း ပြသသည်။

"ကဲ...ဟောဒါက သပိတ်ပုံအိုးပဲ၊ ဒါကလည်းတန်ရှည် ရေဖြန်းအိုးပေါ့။ ပြီးတော့ ဟောဒီလို အိုးငယ်လေးတွေ၊ အဲဒီ အမျိုးအစားအိုးတွေ ကျတော့ နယ်သာကျပြီး ရွံ့စေးပါတဲ့ မြေနဲ့ ပြုလုပ်ရတယ်။ ဒါကြောင့် ချောမွေ့ နေတာပေါ့။ အဲဒီလို အိုးမျိုးတွေကိုတော့ အနီရောင်၊ အဝါရောင် စသည်ဖြင့် စပ်ပြီး ပြုလုပ်လေ့ ရှိတယ်။ ဒီအိုးကလေးကို ကြည့်စမ်း

ပါဦး၊ အင်မတန် ပါးလွှာပြီး၊ အိုးရဲ့ အပြင်သားဟာ ပြောင်လက်နေတဲ့ အနီနုရောင် ကလေး၊ နယ်သား ကျပြီး ရွှံ့စေးပါတဲ့ မြေနဲ့ လုပ်ထားလို့ပါပဲ”

အဘအိုသည် အိမ်သုံးအိုးများကို ပြသ ရှင်းလင်းပြီးနောက် အိမ်၏တောင်ဘက်သို့ ခေါ်သွားသည်။ အိမ်တောင်ဘက်တွင် အစီအရီ ချထားသော အိုးများမှာ စောစောက အဘအို ပြသည့် အိုးများနှင့် လုံးဝမတူ၊ တစ်မူထူး ခြားနေသည်။ အဘအိုက အိုးတွေကို လက်ညှိုး ညွှန်ပြီး ယခုလို ရှင်းပြသည်။

“အခုမြင်ရတဲ့ အိုးတွေကတော့ ပျူရိုးရာ ယဉ်ကျေးမှု ဓလေ့နဲ့ ဆက်နွယ်နေတဲ့ အိုးတွေပဲကွယ့်။ ဘတို့ရဲ့ ပျူယဉ်ကျေးမှု လက္ခဏာ တစ်ရပ်မှာ အရိုးအိုး မြှုပ်နှံတဲ့ ဓလေ့က ပါနေတော့ အရိုးအိုးတွေလည်း ဘတို့ ထုတ်လုပ်တယ်။ ဟောဒါက သပိတ်ပုံ အိုးလုံး၊ နောက်ပုံစံ တစ်မျိုးလည်း လုပ်သေးတယ်။ ဒီမှာကြည့်။ အောက်ခြေက ပြန့်ပြန့်၊ ကိုယ်လုံးက မတ်မတ် တစ်ဖြိုးတည်း ထားတယ်။ အိုးအထက်နဲ့ အောက်ပိုင်းမှာ ဖောင်းရစ် ကလေးတွေ ဖော်ပေး ထားတယ်။ ဘ,က ပုံစံနည်းနည်းပဲ လုပ်တယ်။ ဒီအိုးလုပ်ကုန်းမှာ လုပ်ကြတဲ့ အရိုးအိုး ပုံစံတွေ စုပေါင်းလိုက်ရင် အရိုးအိုး ပုံစံပေါင်း တစ်ရာကျော်မယ်။ အရိုးအိုးတွေကို အရောင် မတူဘူး။ အလယ်တန်းစား လောက် ညက်ညောတဲ့ မြေသားနဲ့ပဲ ပြုလုပ်တယ်။ များသော အားဖြင့်တော့ အရိုးအိုးတွေကို လည်ရစ်၊ ဖောင်းရစ်၊ အရေးအကြောင်းနဲ့ ဖောင်းတွန့်ကလေး တွေလောက်တော့ ပြုလုပ်ပေးတယ်။ အရိုးအိုး ဆိုတော့ အဖုံးပါရတယ်။ ဒါကြောင့် အဖုံးတပ်ဖို့ အိုးတွေမှာ နှုတ်ခမ်းရစ် ထည့်ပေး ရတယ်။ အိုးအဖုံးကိုလည်း ကိုင်ရတွယ်ရ လွယ်ကူအောင် လက်ကိုင်ဖုကလေး တပ်ဆင် ပေးထားတယ်။ တစ်ခါတလေလည်း အဖုံးပေါ်မှာ ခွေးသွားစိပ် ပုံကလေး ထည့်ပေးလိုက်တယ်”

“အဘလည်း အတော် မောသွားရောပေါ့။ ဒါပေမဲ့ အားနာနာနဲ့ပဲ တစ်ခု လောက်တော့ မေးချင်ပါတယ်။ အရိုးအိုး မြှုပ်နှံတဲ့ ဓလေ့အကြောင်း သိပါရစေရှင်” ပန်ထွာမင်းသမီးက မေးလိုက်သည်။

"ဘ-သိသမျှ ပြောပြမှာပေ့ါ။ ကဲ...လာကြ...လာကြ။ ကွပ်ပျစ်ပေါ် ခဏ ထိုင်ကြဦးစို့။ ဘ,လည်း ဆေးတစ်ဆုံလောက်တော့ ဖွာလိုက် ချင်သေးတယ်" ဟု ဆိုကာ ဦးဆောင်ခေါ်သွားသည်။ အဘအိုသည် ကွပ်ပျစ်ပေါ်ရှိ မြေခွက်တစ်ခုထဲမှ မြေဆေးတံကို လှမ်းယူပြီး ထင်းမီးစဖြင့် မီးညှိ့ကာ ကွပ်ပျစ်ပေါ်တွင် လာထိုင်သည်။ သူတို့ သုံးယောက်လည်း အဖန်ရည် သောက်ရင်း အဘဆေးတံ သောက်နေသည်ကို စောင့်ဆိုင်း နေကြသည်။ အဘအိုသည် ဆေးတံဆုံကုန်အောင် အားရပါးရ ဖွာသည်။ ပြီးလျှင်ဆေးတံကို စောစောက မြေခွက်ထဲ ပြန်ထည့် ထားလိုက်သည်။

"ဒီလို့ကွယ်၊ ဘ-တို့ အိုးလုပ်တာ အခုမှ ထလုပ်တာ မဟုတ်ဘူး၊ မျိုးရိုးစဉ်ဆက်က လုပ်လာခဲ့တဲ့ လုပ်ငန်းပဲ။ ဘ,တို့ရဲ့ ဘိုးဘေးတွေဟာ အိုးလုပ်နည်းပညာကိုသာ လက်ဆင့်ကမ်းခဲ့တာ မဟုတ်ဘူး အိုးနဲ့ ပတ်သက်တဲ့ ဓလေ့ ထုံးစံတွေကိုလည်း လက်ဆင့် ကမ်းခဲ့ကြတယ်။ အရိုးအိုး ဓလေ့ကို ပြောရမယ်ဆိုရင် မြန်မာနိုင်ငံမှာ ကျောက်ခေတ်၊ ကြေးခေတ်၊ သံခေတ်ဆိုပြီး ယဉ်ကျေးမှုပြောင်းလဲ လာတာကိုကြားဖူး ကြမယ် ထင်တယ်။ ကြေးခေတ်မှာ အရိုးအိုး မြှုပ်နှံတဲ့ ဓလေ့ မရှိသေးဘူးကွယ့်။ သေသူကို မြေမြှုပ်တဲ့ ဓလေ့သာ ရှိခဲ့တာ။ သေသူနဲ့ အတူ လုံ့သွားတွေ၊ အစားအသောက် ထည့်ထားတဲ့ ရိက္ခာအိုးတွေကိုပါ ထည့်သွင်း မြှုပ်နှံတဲ့ အလေ့ရှိတယ်။ ပျူ ယဉ်ကျေးမှု ထွန်းကား လာတဲ့ သံခေတ် ရောက်လာတော့ သေသူကို မီးသင်္ဂြိုဟ်ပြီး အရိုးပြာတွေကို မြေနီတို့၊ ကျောက်စရစ် ခဲတို့နဲ့ ရောပြီး အိုးထဲမှာထည့်တယ်။ သံတိုသံစ၊ ရွှေငွေတန်ဆာတွေလည်းထည့်ကြတယ်။ အိုးကိုပိတ်ပြီး မြေမြှုပ်တဲ့ ဓလေ့ပေါ်လာတယ်။ အဲသည်လိုအရိုးအိုး မြှုပ်နှံတဲ့ ဓလေ့ဟာ မဇ္ဈိမဒေသ ယဉ်ကျေးမှုကို အခြေခံတယ်လို့ ဘ,တို့ရဲ့ ဘိုးဘေးတွေက အဆင့်ဆင့် ပြောပြခဲ့ကြတယ်"

"အရိုးအိုးကို မြှုပ်နှံတဲ့ အခါမှာ တစ်လုံးချင်း မမြှုပ်ကြဘူး။ မိမိတို့ ဆွေမျိုး အုပ်စုအလိုက် အရိုးအိုးတွေကို စုဆောင်းထားပြီး ငါးလုံးတန်သည်၊ ဆယ်လုံးတန်သည် စုမိတဲ့ အခါကျမှ မြှုပ်နှံတဲ့ အလေ့ ရှိကြတယ်။ အရိုးအိုးတွေကို မြို့တွင်းက အဆောက်အအုံ

တွေရဲ့ အောက်ခြေမှာ မြှုပ်နှံကြသလို၊ မြို့ပြင်မှာ ရှိတဲ့ သင်္ချိုင်းကုန်း တွေမှာလည်း စုပေါင်း မြှုပ်နှံကြတယ်။ အရိုးအိုးတွေကို ဖြစ်ကတတ်ဆန်း မမြှုပ်ကြဘူးကွယ့်။ မြေပြန့်ပေါ်မှာ အုတ်တွေနဲ့ စတုရန်ကွက်တွေ ဖော်လိုက်သေးတယ်။ အမြင့်ကတော့ အုတ်ချပ်ခြောက်လွှာ လောက်ပေါ့။ အုတ်တစ်ချပ် တစ်ချပ် ဘယ်လောက်ကြီးတယ် ဆိုတာ လူကလေးတို့ မျက်မြင်ပဲလေ။ အုတ်ချပ်ရဲ့ အလျားက တစ်တောင်လောက် ရှိတာ။ အနံက အလျားရဲ့ ထက်ဝက် ရှိတယ်။ အုတ်အထူကတော့ အနံရဲ့သုံးပုံ တစ်ပုံလောက် ရှိတာကလား။ အဲဒီ အုတ် အကန့် တွေထဲမှာမှ အရိုးအိုးတွေကို နေရာချပြီး၊ မြေကြီးနဲ့ ဖုံးလိုက်ကြတယ်။ လူကလေး နန္ဒကတော့ ဒေသခံမို့ အရိုးအိုးမြှုပ် တာတွေ တွေ့နေကျပဲ”

အဘအိုသည် အရိုးအိုး မြှုပ်နှံသည့် ဓလေ့ကို ပြည့်ပြည့်စုံစုံ ပြောအပြီး အဖန် ရည်ကို ငုံ့ကာ သောက်နေသည်။ အဘအို အဖန်ရည်သောက်ပြီး သည်နှင့် ပန်ထွာ မင်းသမီးက မေးပြန်သည်။

“အဘ... ကျွန်မသိချင်တာလေး မေးပါရစေဦး၊ အိုးတွေကို အလှအပခြယ်တော့ ဘယ်လို လုပ်ရပါသလဲ”

“အိုးတွေကို အလှခြယ်တာ ကျတော့ လက်နဲ့ပဲ လုပ်ရတယ်။ အတော်ပဲ၊ ဒီမနက် လုပ်ထားတဲ့ အိုးတွေကို အလှ ခြယ်နေကြတယ်။ ဘ,နဲ့ လိုက်ခဲ့ကြ”ဟု ဆိုကာ အိမ်မြောက်ဘက် အဖီထုတ်ထားသည့် နေရာသို့ ခေါ်သွား သည်။ မိန်းကလေးသုံးယောက် အိုးအလှ ခြယ်နေ ကြသည်ကို တွေ့ရသည်။

အဘအိုက “အိုးအလှ ခြယ်တာကို မီးမဖုတ်ခင် မြေပျော့တုန်း လုပ်ရတယ်။ တစ်ချို့ အိုးတွေကို လိုချင်တဲ့ ပုံစံပါတဲ့ လက်ခတ်နဲ့ ရိုက်တယ်။ ဟောဒီ လက်ခတ်က ရေလှိုင်း ပုံစံပါတဲ့ လက်ခတ်ပဲ။ ဒါလေးနဲ့ အိုးပေါ်မှာ ကိုယ်လို ချင်တဲ့ နေရာကို သာသာလေး ရိုက်ရတယ်။ လက်ဆ လက်နတော့ လိုတာပေါ့။ တစ်ချို့ပုံတွေ ကျတော့ ဒလိမ့်တုံးနဲ့ ဖိပြီး ပုံဖော်တယ်။ တုတ်ချောင်း၊ သံချောင်းစတဲ့ အရာဝတ္ထု တစ်ခုခုနဲ့လည်း

အလွတ် ရေးခြစ် ပုံဖော်ကြတယ်။ ဟောဒါက တံခွန်ကိုင်ပြီး ကနေတဲ့ လူရုပ်ပုံ၊ ဒါက ခရုသင်းပုံ၊ ဒီမှာတော့ နဂါးနှစ်ကောင် မျက်နှာချင်း ဆိုင်နေတဲ့ပုံ၊ ကြာသွပ်အိုး (ကလသာအိုး)ပုံ၊ ငါးကြင်းနှစ်ကောင်ပုံ၊ အဲဒီပုံတွေကို လက်နဲ့ရေးခြစ်ပြီး ပုံဖော်ကြတယ်"

"အိုးအလှ ခြယ်တာတွေကို မိန်းကလေးတွေချည်း ဖော်ကြတာပဲလား အဘာ"

မိန်းကလေးအလုပ်၊ ယောကျ်ားလေး အလုပ်ရယ်လို့ သတ်မှတ်မထားပါဘူး။ အရုပ် ဆွဲတတ်တဲ့ အနုပညာ ဗီဇပါရင် ဘယ်သူမဆို ခြယ်လို့ရပါတယ်" ဟု အဘအိုက ပြန်ဖြေသည်။

"ပြောလက်စနဲ့ အိုးပုံစံတွေ၊ ခြယ်လှယ်ပုံတွေနဲ့ ပတ်သက်ပြီး လူကလေးတို့ လုံမလေးတို့ကို ပြည့်ပြည့်စုံစုံ ပြောပြချင်တယ်၊ လက်ဆင့် ကမ်းခဲ့ချင်တယ် ဆိုပါတော့။ အခု ဘ,တို့ရဲ့ ဗိဿနိုးကို အိန္ဒိယနိုင်ငံက ကုန်သည်တွေ ရေလမ်းဘက်ကရော၊ ကုန်းလမ်း ဘက်ကပါ အဝင်အထွက် ရှိကြတာ သိကြတယ်နော်။ ဟိုးအရင်ကတော့ ရေလမ်းထက် နှိုင်းစာရင် ကုန်လမ်း ကုန်သွယ်မှုက ပိုပြီး အရေးပါအရာ ရောက်တယ်။ ဘ,တို့ရဲ့ ဗိဿနိုး ပျူတွေဟာ အိန္ဒိယ မြောက်ပိုင်းက တက္ကစီလာနဲ့ အိန္ဒိယတောင်ပိုင်းက နာဂါဇုနကောဏ္ဍက ကုန်သည်တွေနဲ့ အဆက်အသွယ် မကင်းဘူး။ စောစောက ဘ, ပြခဲ့တဲ့ လုံးလုံးရှည်ရှည် အိုးပုံစံတွေဟာ တက္ကစီလာက ကုန်သည်တွေဆီမှာ တွေ့ရတယ်။ အဲဒီလိုပုံမျိုး အိုးတွေကို ဘ,တို့ ပျူတွေက မြေမီးဖုတ်ပြုလုပ်ပြီး အရိုးပြာ အိုးအဖြစ် အသုံးပြုကြတယ်။ တက္ကစီလာ မှာတော့ သဲကျောက်နဲ့ ပြုလုပ်ပြီး ဓာတ်တော်ကြုတ် အဖြစ် အသုံးပြုသတဲ့။ ဗိဿနိုးက အဝကျယ် ချက်ပြုတ် အိုးပုံစံမျိုး တက္ကစီလာကလည်း လုပ်တယ်။ သူတို့အိုးတွေဟာ ရွှံ့မီးဖုတ်အိုးတွေဖြစ်ပြီး အိုးမျက်နှာပြင်ကို အနီရောင် ဆေးခပ်ပါးပါး သုတ်လိမ်းထားတယ်။ အိန္ဒိယမြောက်ပိုင်း ဟာရပ္ပကတော့ အဝကျယ် ချက်ပြုတ်အိုး တွေကို ကြေးနဲ့ ပြုလုပ်ကြတယ်။ ဘ,စောစောက ပြောခဲ့တဲ့ ရေထည့်အိုးတွေ၊ လည်တံရှည် အိုးပုံစံတွေကို တက္ကစီလာမှာလည်း လုပ်ကြတယ်။ ဒါပေမဲ့ အသုံးပြုပုံ ကျတော့ မတူဘူး။ ဘ, တို့

ဗိသနိုးမှာ အရိုးပြာအိုး အဖြစ်သုံးတဲ့ အိုးကို တက္ကစီလာကတော့ ချက်ပြုတ်တဲ့ အိုးတွေ အဖြစ် သုံးပြုကြတယ် ဆိုပဲ”

“အိုးတွေကို ခြယ်လှယ်ပုံဖော်တာနဲ့ ပတ်သက်လို့ ဒလိမ့်တုံး သုံးပြီးတော့လည်း ပုံဖော် တယ်လို့ ပြောခဲ့တာ မှတ်မိမှာပေါ့။ အဲ... တက္ကစီလာမှာ ဒီလို ဒလိမ့်တုံးသုံးပြီး အိုးတွေကို ပုံဖော်တာ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ကြတယ်တဲ့။ ဒါကြောင့် ဗိသနိုးနဲ့ တက္ကစီလာ တို့ရဲ့ ကုန်သွယ် ဆက်နွယ်မှုဟာ အစောပိုင်းကာလ တွေကတည်းက ခိုင်မာနေပြီ ဆိုတာ မငြင်း ဆိုနိုင်ဘူးကွဲ့" အဘအိုက ဆက်လက်ပြီး ပြောပြသည်။

“ဘ,တို့က မြေထည် ပစ္စည်းအနေနဲ့ အရုပ်ကလေးတွေ၊ လူသုံးပစ္စည်း အသေးအမွှားကလေး တွေလည်း လုပ်သေးတယ်။ ခွေးရုပ်၊ ဖားရုပ်၊ ရုပ်ပစ်ဒိုးဝိုင်း၊ လောက်စာလုံး၊ မြေဆေးတံ၊ တက်ဖက်ရှူးမြေနားဒှောင်း... စသည်တို့ပေါ့” ဟု ဆိုကာ လက်လှမ်းမှီရာ စင်ပေါ်မှ မြေထည်ပစ္စည်း ကလေးများကို ယူ၍ပြသသည်။

တစ်လျှောက်လုံး ငြိမ်နေသော နန္ဒက...“အဘအို၊ ဒီနေ့ အိုးမဖုတ်ဘူးလား” ဟု မေးလိုက်သည်။

“ဒီကနေ့ အိုးမဖုတ်ဘူး လူကလေးရ၊ အိုးစိမ်းတွေ နေပူထဲ အခြောက်ခံ ထားတာ(၃)ရက် မပြည့်သေးဘူး။ အိုးဖင်မှာ အဖြူရောင် ပေါက်လာမှ အိုးဖုတ်နိုင်တဲ့ အခြေရောက်တာ။ အိုးဖုတ်တာကျတော့ တစ်ညတည်းနဲ့ အပြီးဖုတ်ရတယ်”

ဤတွင် ပန်ထွာမင်းသမီးက ”အိုးတွေဖုတ်ဖို့ မီးဖို အကြီးကြီးလုပ်ရမှာ ပေါ့နော်” ဟု ထင်မြင်ချက် ပေးသည်။

အဘအိုက...“မီးဖိုလုပ်ဖို့ မလိုဘူး မင်းသမီးလေးရဲ့၊ နေပူတဲ့ရက်မှာ အိုးတွေကို စီရတယ်။ ဟင်းချက်အိုးလို အိုးငယ်တွေကို အောက်ခြေ အပြင်ဘက်က ပတ်ပြီးစီတယ်။ ပတ်ပြီး စီထားတဲ့ အပြင်အိုးတွေဘေးမှာ ထင်းဖတ်တွေ ကပ်ပေးရတယ်။ ထင်းရဲ့ အကာ

အခေါက် တွေပေါ့။ အဲဒီ အကာတွေကိုပဲ သုံးတယ်။ ထင်းဖတ်တွေ စနစ် တကျ ကပ်ပြီးရင် ကောက်ရိုးနဲ့ ဖုံးပေးရတယ်။ တစ်ခါ အဲဒီ ကောက်ရိုးတွေကို ရွှံ့စေးရည်နဲ့ သုတ်ရတယ်။ ဒီလို ရွှံ့စေးရည် သုတ်ထားတော့ မီးရှို့လိုက်တဲ့ အခါ ကောက်ရိုးမီးဟာ အပြင်ဘက်ကို လုံးဝ ထွက်မလာဘဲ၊ အတွင်းမှာသာ မီးတောက်တယ်။ အပြင်ဘက်ကိုတော့ မီးခိုးလုံးတွေ ထွက်တာပေါ့။ အဲဒီလို မီးရှို့လိုက်တဲ့ လုပ်ငန်းကို အိုးဖုတ်တယ်လို့ ခေါ်တယ်။ အိုးဖုတ် လုပ်ငန်းကို နေပူ ရက်တွေမှာသာ လုပ်ရတယ်။ နေမပူဘဲ အိုးဖုတ်ရင် အိုးတွေကွဲတာ များတယ်ကွယ့်။ ပြီးတော့လည်း ညနေပိုင်းမှာပဲ အိုးဖုတ်ကြတယ်။ ထင်းဖတ်တွေ၊ ကောက်ရိုးတွေ မီးလောက်လို့ ကုန်ပြီဆိုရင် အိုးတွေ ကျက်ပြီပေါ့။ မီးပူရှိန်တွေ မကုန်သေးတော့ အိုးတွေကို သယ်ယူလို့ မရသေးဘူး။ သည်အတိုင်း ထားလိုက်ရတယ်။ ညဥ့်သန်းခေါင်၊ သန်းခေါင်းကျော် လောက်ကျမှ မီးရှိန်က အေးသွားတာ။ သည်တော့မှ အိုးတွေကို လိုရာသယ်ယူပြီး ရောင်းချလို့ရပြီ” ဟု စိတ်ရှည်လက်ရှည် ရှင်းပြသည်။

“အဘလည်း အလုပ်တွေ အတော်ပျက်သွားပြီ။ ကျွန်မတို့ကို ခွင့်ပြုပါဦး” ဟု ပန်ထွာက အားနာစကား ဆိုသည်။

“အဘကတော့ အလုပ်ပျက်တယ်လို့ မထင်ပေါင်ဗျာ၊ မင်းသမီးလေး ကိုယ်တိုင် လာပြီး လေ့လာလို့ အဘက ဂုဏ်တောင် ယူမိပါ သေးတယ်” ဟု ဝမ်းသာအားရ ဆိုသည်။

နန္ဒတို့ သုံးယောက်စလုံး အဘအိုနှင့် အဖွားဖုံကိုပါ ကျေးဇူးတင်ကြောင်း ပြောကြား နှုတ်ဆက်ပြီး ထွက်ခဲ့ကြသည်။ အဘအိုက အိမ်ဝိုင်းဝ အထိ လိုက်ပို့သည်။ ခြံဝရောက်တော့ အဘက...“ဒါထက် လူကလေးရေ...ပုတီးကုန်းကို လိုက်ပြပြီးပြီလား။ မြေပုတီး လုပ်ငန်းကို လုံးမလေးတွေက ပိုပြီး စိတ်ဝင်စားမှာ။ တစ်လက်စတည်း သွားလိုက်ကြပါလား” ဟု တိုက်တွန်းသည်။

“သွားကြမှာပါခင်ဗျ” ဟု နန္ဒက ပြန်ဖြေကာ ပုတီးကုန်းသို့ ခရီးဆက်ခဲ့ကြသည်။ ပုတီးကုန်းဟု ဆိုသော်လည်း ကုန်းမြေမြင့် မဟုတ်ပါ။ မြေပြန့်ပင် ဖြစ်သည်။ မြောက်ဘက်

မြို့ရှိးတံခါး မရောက်မီ ဝဲဘက်သို့ အတန်ငယ် သွားလိုက်လျှင်ပင် ပုတီးများထုတ်လုပ်သည့် ပုတီးကုန်းသို့ ရောက်ကြသည်။ အိမ်တိုင်းလိုလိုပင် ပုတီး လုပ်ကြသဖြင့် နီးရာ အိမ် တစ်အိမ်သို့ ဝင်လိုက်ကြ၏။ အိမ်ရှင် အမျိုးသမီးကြီးသည် ဖော်ရွေပျူငှာစွာ ဖိတ်ခေါ်ပြီး မြေပုတီး ပုံစံ အမျိုးမျိုးကို ထုတ်ပြ၏။

- ဆီးသီးအရွယ်မှ ပေသီးအရွယ်ခန့်အထိရှိသော အလုံးပုံစံပုတီးများ၊
- လေးထောင့် အလျားရှည်ပုံစံ၊
- ပဲကြီးစေ့ကဲ့သို့ နှစ်ဖက်ခုံး အဝိုင်းပုံစံ၊
- တစ်ဖက်ခုံး အဝိုင်းပုံစံ၊
- တစ်ဖက်ခုံး၊ တစ်ဖက် ကတော့ထိပ်ပြတ်ပုံစံ၊
- တစ်ဖက်ခုံးဖြတ်၊ တစ်ဖက်အနည်းငယ် ခုံးသည့်ပုံစံ၊
- နှစ်ဖက်ကတော့ဖြတ်၊ လည်ရစ်ပါပုံစံ၊
- တစ်ဖက်ပြား၊ တစ်ဖက်ကတော့ပုံစံ၊
- တစ်ဖက်ကတော့ဖြတ် တိုတို၊ တစ်ဖက်ခုံးပုံစံ၊
- ကွမ်းသီးလုံးပုံစံ၊ လည်ရစ် တစ်ဖက်ပါ...စသည့် မြေပုတီးပုံစံ အမျိုးမျိုးကို စိတ်ရှည် လက်ရှည် လိုက်ပြသည်။ အချို့ပုတီးများကို အဆင်သင့် ဆွဲနိုင်ရန် ပုတီးသွယ်ကြိုးများ အဖြစ် သီကုံးထားသည်။ မြေပုတီးများဖြစ်၍ မက်မောလောက်အောင် ဆွဲဆောင်နိုင်ခြင်း မရှိပေ။ သို့သော် လည်တွင် ပုတီးသွယ်ကြိုး များဆွဲဆင်လျက်၊ မြေနားဍောင်းကြီးများ ပန်ဆင်ကြသည့် ဓလေ့ရှိသဖြင့် ပုတီး၊ နားဍောင်းလုပ်ငန်း သည်လည်း တွင်ကျယ် လျက်ပင်။

ပန်ထွာမင်းသမီးသည် မြေပုတီးများကို လေ့လာနေရင်း မိမိအပါအဝင် နန်းတွင်း သူများ ဝတ်ဆင် ကြသည့် ကျောက်ရောင်စုံ ရတနာများ၊ လူကုံထံ အမျိုးသမီးများ ဝတ်ဆင် ကြသည့် ရောင်စုံ ပုတီးသွယ်ကြိုးများ၊ လက်ကောက်၊ လက်ကြပ်၊ နားဍောင်းများ စသည်

တို့ကို သတိရလာသည်။ သို့နှင့် ကျောက် ရောင်စုံပုတီးများကော မလုပ်ဘူးလားဟု စူစမ်းလိုက်သည်။

မြေပုတီးလည်ဆွဲများ ထုတ်လုပ်သူ- အိမ်ရှင် အမျိုးသမီးကြီးက သည်ရပ်ကွက် တစ်ခုလုံး မြေထည် တန်ဆာများသာ ထုတ်လုပ်ကြောင်း ပြန်ပြောသည်။ ဆက်လက်ပြီး "ကျောက်ရောင်စုံ ပုတီးတွေကို ကြည့်ချင်တယ် ဆိုရင် သီးသန့် ထုတ်လုပ်တဲ့ ရပ်ကွက်တွေ ရှိပါတယ်၊ အဲဒီမှာ သွားကြည့်ပါ"ဟု ဆိုကာ ကျောက်ရောင်စုံပုတီး လုပ်ငန်းရှိသောရပ်ကွက် ငါးနေရာမျှ ညွှန်ပြသည်။

အမျိုးသမီးကြီး ညွှန်ပြသော ရပ်ကွက်များအနက် ဆီးပင်ကန် အနောက်မြောက် အနီးရှိ ရပ်ကွက်မှာ ခရီး လမ်းသင့်သဖြင့် ထိုရပ်ကွက်သို့ ထွက်လာခဲ့ကြသည်။

နန္ဒမှာ သည်ရပ်ကွက်များသို့ တစ်ခါမျှ မရောက်ဖူးသဖြင့် လမ်းမကျွမ်းပေ။ "ပါးစပ်ပါ ရွာရောက်" ဆိုသည့် အတိုင်း မေးမြန်းပြီး လာကြရာ အလွယ်တကူပင် ရောက်သွားကြသည်။ ကျောက်ရောင်စုံလုပ်ငန်း လုပ်သည်ဆိုသည့် အိမ်တစ်အိမ်သို့ ဝင်သွားသည်နှင့် အိမ်တွင်းမှ အမျိုးသမီးတစ်ယောက် ထွက်လာသည်။ သူ့ကို မြင်လိုက်သည်နှင့် ပန်ထွာမင်းသမီး၏ စိတ်ထဲမှ "အိုး…လှလိုက်တာ" ဟု အသံတိတ် ဆိုမိသည်။ ကြည့်ပါဦး၊ အမျိုးသမီးမှာ ပန်ထွာမင်းသမီးထက် အနည်းငယ်မျှသာ အသက်ကြီးပုံရသည်။ မျက်နှာသွယ်သွယ်၊ နာတံစင်းစင်း၊ မျက်လုံးကြည်ကြည်၊ နှုတ်ခမ်း ဖူးဖူးကလေးနှင့်မို့ ကျက်သရေ ရှိလှသည်။ အမျိုးသမီးသည် သူ့ဆံပင်ကို ခေါင်းထက်မှာ ရစ်ခွေပြီး ထုံးဖွဲ့ထားသည်။ ထိုဆံခွေထက်မှာ စလင်းကျောက် ပုတီးကုံးကို ရစ်ပတ်ထား၏။ သူ့လည်တိုင် ကြော့ကြော့မှာလည်း သလင်းကျောက် ပုတီးသွယ်ကို ဆွဲထားသည်။ နားဋ္ဌောင်းကလည်း ကျောက်တစ်မျိုး တစ်စားတည်းပင်။ ထိုအမျိုးသမီးက ပန်ထွာတို့ သုံးယောက်ကို အိမ်တွင်းသို့ ဖိတ်ခေါ်သည်။ ထန်းချောဖျာပေါ်တွင် နေရာ ချထားပေးပြီးမှ စကား စပြောသည်။

"ညီမလေးတို့က ပုတီးတွေကြည့်ချင်တယ် ထင်ပ"

"ဟုတ်ကဲ့ပါ၊ ကျောက်ပုတီးလေးတွေ ကြည့်ချင်ပါတယ်" ဟု ပန်ထွာက ပြန်ဖြေသဖြင့် ခဏလေး စောင့်ပါနော်ဟုဆိုကာ အိမ်အတွင်းဘက်သို့ ဝင်သွားသည်။ ခေတ္တမျှအကြာတွင် ပြန်ထွက်လာသည်။ သူ့လက်ထဲတွင် ငွေလင်ပန်းတစ်ချပ် ပါလာသည်။ ပန်ထွာမင်းသမီး ရှေ့တွင် ငွေလင်ပန်းကလေးကို အသာချကာ သူထိုင်လိုက်၏။ ပန်ထွာသည် ငွေလင်ပန်းထဲမှ ကျောက်ရောင်စုံ ပုတီးများကို မြင်လိုက် သည်နှင့် "လှလိုက်တာ" ဟု တိုးတိုးလေး ပြောမိသည်။ သူ့မျက်ဝန်းများလည်း လင်းလက် တောက်ပသွား၏။ ကျောက်ရောင်စုံ ပုတီးစေ့များ၊ သွယ်ကုံးပြီး ရောင်စုံပုတီးကုံးများသည် သူတို့ကို မကြည့်ဘဲ မနေ နိုင်အောင် ညို့ယူဖမ်းစား ထားချေပြီ။

ပန်ထွာနှင့် မိအူတို့၏ မျက်ဝန်းများကို ဖျတ်ခနဲ မြင်လိုက်သော အိမ်ရှင်အမျိုးသမီးသည် ပြုံးလိုက်၏ 'တို့များတော့ အလုအပတွေ မမက်မောပေါင်' ဆိုသည့် မိန်းကလေးများသည် သူ့ပုတီးများကို မြင်လိုက်ရလျှင် မကြည့်ဘဲ မနေနိုင်၊ မဝယ်ဘဲ မနေနိုင် ဖြစ်ကြသည်ကို သူ့အတွေ့အကြုံအရ သိထားသည်လေ။

အမျိုးသမီးက ငွေလင်ပန်းထဲတွင် အဆင်သင့် ထည့်လာသော ငွေဆံထိုးလေးကို ကောက်ယူပြီး သူ့လုပ်ငန်းကို စတင်လိုက်သည်။ ပုတီးလုံးကလေး တစ်လုံးကို ငွေဆံထိုး ကလေးနှင့် ညွှန်ပြပြီး..."သည်ပုတီးလုံး ကလေးက မဟူရာကျောက်နဲ့ လုပ်ထားတာပါ။ နက်ပြီး ပြောင်နေတဲ့ မဟူရာကျောက်ကိုတော့ လူတိုင်းလိုလို သိကြပါတယ်။ ဒီကျောက်က အဆိပ်ကို ပြေစေတာမို့ တစ်ချို့က ဆောင်ထားတတ် ကြပါတယ်"

"ဟောသည် ပုတီးလေးကတော့ 'စလင်းစွဲ' ပါပဲ။ ခရမ်းကျောက်လို့လည်း ခေါ်ပါတယ်။ ခရမ်းကျောက်ဟာ အရောင်ရှိတဲ့ ကျောက်သလင်းထဲ မှာတော့ အလွန်ပဲ ထင်ရှား ပါတယ်။ လူကြိုက်လည်း များပါတယ်။ အဲ...သေရည်မူးတဲ့ လူကိုလည်း အမူး ပြေစေတယ်တဲ့" အမျိုးသမီးက နန္ဒာဘက်သို့ စောင်းငဲ့ပြီး ပြောသည်။

အမျိုးသမီးသည် နောက်ထပ် ပုတီးတစ်လုံးကို ငွေဆံထိုး ထိပ်ကလေးနှင့် ထိပြီး "ဒါကတော့ နဂါးသွဲ့ ကျောက်နဲ့ လုပ်ထားတာပါ။ ဟောဒီ ပုတီးကလေးကတော့ ဂေါဒန် ကျောက်နဲ့ လုပ်ပါတယ်။ ကျောက်သလင်း အမျိုးအစားပါပဲ။ ကျောက်သလင်းဟာ အတွေ့ရ များတဲ့ တွင်းထွက်ပစ္စည်း တစ်မျိုးပါ။ မှန်ကိုခြစ် နိုင်လောက်အောင် မာတယ်။ မှန်နဲ့ မခြားအောင် ကြည်လင်နေတယ်"

"ဟုတ်ပါရဲ့ နော်၊ ဟိုဘက်ဒီဘက် တိုးလျှိုးပေါက်ကို မြင်နေရတာ။ ဒါထက် သည်ကျောက်တွေက သည်အတိုင်းနဂို ကတည်းက လက်နေတာပဲလား"ဟု မိအူက စုံစမ်း လိုက်သည်။

"မဟုတ်ဘူးရှင့်။ ပုတီးလုပ်တဲ့ ကျောက်တွေဟာ ကျောက်ရိုင်းတုံး အတိုင်းဆိုရင် ခုလို တောက်ပြောင် လှပ မနေပါဘူး။ ကျောက်ရိုင်းတွေကို ကြိုက်တဲ့ ပုတီးပုံစံ ဖော်ပေး လိုက်မှ တောက်ပြောင်လှပ လာတာပါ။ ပုတီးလုပ်တဲ့လူဟာ ပုံဖော်တတ်ရုံနဲ့ မပြီး သေးပါဘူး။ ကျောက်အကြောင်းလည်း နားလည်ရပါတယ်။ ဒါမှ ကျောက်အရည် ရှိရင် ရှိသလောက် အရောင်အသွေး တောက်ပအောင် ပုံဖော် ပေးနိုင်ပါတယ်"

အမျိုးသမီးက စိတ်ရှည်လက်ရှည် ရှင်းလင်းပြောကြားပြီး၊ ပုတီးပုံစံ အမျိုးမျိုး ကိုလည်း ခွဲခြားပြသည်။ ပုတီးပုံစံများကား စုံလင်လှ၏။ အလုံးပုံ၊ ရှည်မျောမျောအလုံးပုံ၊ နစ်ဖက်ရှူး အလုံးပုံ၊ လေးမြှောင့်နစ်ဖက် ကတော့ဖြတ်ပုံ၊ ခြောက်မြှောင့်နစ်ဖက် ကတော့ ဖြတ်ပုံ၊ အပြားဝိုင်းပုံ၊ ခြောက်မြှောင့်ပြား အလျားရှည်ပုံ၊ အံစာတုံးပုံ စသည်တို့ဖြစ်သည်။

ပုတီးပုံစံ အမျိုးမျိုးကို ခွဲခြားပြပြီးနောက် "သည်ကျောက်တွေ အားလုံးဟာ တွင်းထွက် ကျောက်တွေ ချည်းပါပဲ။ လှလည်းလှတယ်။ အဖိုးလည်း တန်တယ်၊ အရောင်အသွေး တောက်ပပြီး တာရှည် အသုံးခံတယ်။ ရှားလည်း ရှားပါးတယ်။ ဒါကြောင့် လူတွေက တန်ဖိုးထားပြီး အမြတ်တနိုး ဝတ်ဆင်ခဲ့ကြတယ်။ ဝတ်ဆင်သူမှာလည်း ဂုဏ်တက် ပါတယ်ရှင်" ဟု အမွှန်းတင်ကာ စကားကို အဆုံးသတ်လိုက်သည်။

ပန်ထွာသည် အခမ်းအနားတွင် မယ်မယ် ဆင်မြန်းပေးသည့် လက်ဝတ် ရတနာများကိုသာ ဝတ်ဆင်ဖူးသည်။ ရတနာများနှင့် ပတ်သက်၍ တစ်ခါမျှ မေးမြန်းစောကြောခြင်းလည်း မရှိ။ ယခုလိုလည်း စုံစုံလင်လင် မတွေ့ဖူးပေ။ ယခု အနီးကပ် တွေ့မြင်ရသည့်အခါ ရောင်စုံကျောက်မျက် ရတနာများ၏ ဆွဲဆောင်မှုကို ခံနေရပြီ။ ပန်ထွာသည် မိန်းမသားထဲမှ မိန်းမသား တစ်ယောက်ပင် မဟုတ်ပါလား။ အလှအပကို နှစ်သက်သည်ပင်။ သို့ဖြင့် ရောင်စုံ ပုတီးကုံးများကို စိတ်ဝင်တစား ကြည့်နေသည်။

ပုတီးသွယ်များကို စိတ်ဝင်စားစွာ ကြည့်နေသော ပန်ထွာကို အကဲခတ်ပြီး အိမ်ရှင်အမျိုးသမီးက "သည်မဟူရာ ကျောက်ပုတီး သွယ်ကလေးကို မကြိုက်ဘူးလား။ အသားကလေး ဝင်းနေတဲ့ ညီမလေးရဲ့ လည်တိုင်မှာ မဟူရာပုတီး သွယ်ကလေး ဆင်လိုက်ရင် သိပ်လှ မှာပဲ။ ဆွဲကြည့်ပါဦး" ဟု ဆိုကာ ဆီးသီးစေ့ငယ်ခန့်ရှိ အလုံးပုံ မဟူရာ ပုတီးသွယ်လေးကို ပန်ထွာ၏ လည်တိုင်တွင် ဆင်မြန်း ပေးလိုက်သည်။

မှန်ပါသည်။ ဖြူဝင်းနမွတ်နေသော ပန်ထွာ၏ လည်တိုင်ကြော့တွင် မဟူရာ ပုတီးသွယ် ကလေးမှာ တောက်ပပြီး လှနေသည်။ ပန်ထွာက အနက်ရောင်ကို မနှစ်သက်ပါ။ အမျိုးသမီးကို အားနာသဖြင့် ဘာမျှ ပြန်မပြောဘဲ ပြုံးနေလိုက်သည်။ မဟူရာ ပုတီးသွယ်ကို ကြိုက်နှစ်သက်စေဦးတော့ မဝယ်လိုပါ။ ပထွေးတော် ဘုရင်မင်းမြတ် ချီးမြှင့်ထားသည့် အဖိုးတန် ရတနာများ မိမိတွင် ပြည့်ပြည့်စုံစုံ ရှိနေပြီ မဟုတ်ပါလား။

သို့သော် ပန်ထွာသည် ငွေလင်ပန်းများထဲမှ ပုတီးသွယ်များကို အသေးစိပ်ကြည့်နေပြန်သည်။ စိတ်ကြိုက် တွေ့ပါပြီ။ နှစ်ဖက်ရှူး အလုံးပုံ စလင်းစွဲ ပုတီးသွယ်ကလေး။ ပုတီးပုံစံက ဆန်းသည်။ စလင်းစွဲ ဆိုသည့် ခရမ်းကျောက် အရောင်ကလည်း လှသည်။ ထိုစလင်းစွဲ ပုတီးသွယ်ကလေးကို ရွေးပြီး ကျသင့် ငွေကိုဒင်္ဂါးဖြင့် ပေးချလိုက်သည်။

အိမ်ရှင်အမျိုးသမီးက သေချာစွာ ထုပ်ပိုးပေးပြီး ကျေးဇူးတင်ကြောင်း ပြောသည်။ အိမ်ဝိုင်း အပြင်ဘက်သို့ ရောက်သည်နှင့် ပန်ထွာက လည်ဆွဲ ရတနာထုပ်ကို "မိအူ

အတွက်” ဟု ဆိုကာ ကမ်းပေးသည်။ မိအူက ငြင်းဆိုသည်။ ပန်ထွာက မယူမနေရ ဖွတ်အတင်း ပေးသည်။ မိအူအနေဖြင့် မကြိုက်နှစ်သက်၍ မဟုတ်ပါ။ သည်မျှ တန်ဖိုးကြီးသော ရတနာကို မယူဝံ့၍သာ ငြင်းရခြင်း ဖြစ်သည်။ သူလည်းလေ မိန်းမသားပေမို့ သည်လို လှပသော၊ တန်ဖိုးကြီးမားသော ပုတီးသွယ်ကို ဘယ်မှာ မကြိုက်ဘဲနေပါ့မလဲ။

ဗိသနိုးတွင် မြေပုတီး၊ ကျောက်မျက်ပုတီး အပြင် ကော်ပုတီးများလည်း လုပ်သေးသည်။ သို့ဖြင့် ကော်ပုတီးများ ထုတ်လုပ်သည့် အိမ်သို့ ခရီးဆက်ကြသည်။ သိပ်မဝေး လှပါ။ ကွမ်းတစ်ရာညက်ခန့် အကြာတွင် အိမ်တစ်အိမ်သို့ ရောက်ကြသည်။ ကော်ပုတီးများ ပြုလုပ်သူ အိမ်ရှင်အမျိုးသမီးက သူ့အိမ်တွင်း လက်မှုလုပ်ငန်းမှ ထုတ်လုပ်သည့် ပုတီးများကို စိတ်ရှည်လက်ရှည် ပြသသည်။ နီ၊ ဝါ၊ နက် ကော်ပုတီးစေ့ သေးသေးကလေးများ၊ လည်ဆွဲများမှာ တွင်းထွက်ကျောက်များ နှင့် အပြိုင် လှနေသည်ကို ပန်ထွာ မင်းသမီးက အံ့သြမဆုံး ဖြစ်နေသည်။

သူတိုသုံးယောက် နန်းတော်သို့ ပြန်ချိန်မှာ နေစောင်းပြီ။ သို့သော် အပူရှိန်ကား မလျော့ သေးပေ။ ထို့ကြောင့် အပူရှိန် သက်သာစေရန် 'ထန်းတောထဲမှ ဖြတ်၍ ပြန်ကြရအောင်' ဟု တပ်မှူးလေးနန္ဒက အကြံပြုသည်။

ထန်းတောအတွင်းသို့ ဝင်မိလျှင် သင်းပျံ့ပျံ့ မွှေးရနံ့ကို ရသည်။ ထန်းရိပ်ညိုညို များအတွင်း လမ်းကလေးမှာ မြွေလိမ်မြွေကောက် ပမာ လိမ်ကွေ့နေ၏။ သည်လမ်းကလေး အတိုင်း ထန်းပင်ကြို ထန်းပင်ကြား သွားရသည်မှာ ပျော်စရာကောင်းသည်ဟု ပန်ထွာ ခံစားမိသည်။ ထန်းရိပ်ညိုညို အောက်တွင် တဲကလေးများ ဟိုမှာတစ်တဲ၊ သည်မှာတစ်တဲ။ ခါးတောင်း မြှောင်အောင် ကျိုက်ထားသော ထန်းသမားကြီးမှာ အင်္ကျီဗလာ။ အမျိုးသမီး တွေ ကြည့်လိုက် ပြန်တော့ ထဘီရင်လျားနှင့်။ မီးခိုးတွေ အူနေသည့် မီးဖိုဘေးမှာ ဘာတွေ ချက်ပြုတ် နေပါလိမ့်။ ဘုစုခရုလေး တွေကလည်း အဝတ်မပါ။ ထန်းရိပ်ညိုညိုတွေကြား ဝက်ပါလမ်းမှာ မြင်းကိုယ်စီနှင့် သူတို့အနီးမှ ဖြတ်သွားသော ပန်ထွာတို့ သုံးယောက်ကို အထူးအဆန်းပမာ ငေးကြည့်နေကြသည်။

“သည်ထန်းပင်တွေက သူတို့အပိုင်လား” ဟု ပန်ထွာက ကောက်ကာငင်ကာ မေးလိုက်သည်။

“သည်ထန်းပင်တွေကို ထန်းသမားတွေ မပိုင်ပါဘူး။ ဘိုးဘွားစဉ်ဆက် ထန်းပိုင်ရှင်တွေ ကသာ ပိုင်ခဲ့ကြတာပါ။ ထန်းသမားတွေက ထန်းပိုင်ရှင်တွေကို ထန်းလှည့် ပေးပြီး ထန်းတက် ကြရတာပေါ့” ဟု တပ်မှူးလေးက ပြန်ဖြေသည်။

“ထန်းလှည့်ပေးတယ် ဆိုတာ ဘယ်လိုပါလိမ့်” ပန်ထွာက မေးလိုက်သည်။ တပ်မှူးလေးက ပြည့်ပြည့်စုံစုံ ရှင်းပြသည်။

“ထန်းလှည့်ဆိုတာက ၆ရက်မှာ-၁ရက်၊ ၈ရက်မှာ ၁ရက် ပေးကြရတာလေ။ တစ်ချို့ ကျတော့လည်း ထန်းခ ပေးစနစ်နဲ့ ထန်းတက်ကြတယ်။ ထန်းခဆိုလို့ ဒင်္ဂါးပြားနဲ့ ပေးရတာ မဟုတ်ဘူး။ ထန်းပင်တစ်ပင်ကို ထန်းလျက် ဘယ်နပိဿနှုန်း ဆိုပြီး ပေးကြ ရတာ။ သည်လို ပေးနိုင်ဖို့ ထန်းရည်များများရမှ တွက်ခြေကိုက်တာ။ ထန်းရည်များများရဖို့ ထန်းသမားကလည်း ထန်းလှီးကောင်းရ ဦးမယ်လေ။ အင်း...ဘာတဲ့။ ဓားစာဖတ်ကို အစာမှတ်ပြီး၊ စာသူငယ်ဟပ်ရင် ထန်းသမားကောင်းဆိုပဲ”

“သည်အဆိုကို လင်းစမ်းပါဦး” ဟု ပန်ထွာက တောင်းဆိုသည်။

“သည်လိုလေ။ ဓားနီးဓားနဲ့ ထန်းနို့ကို စက္ကူပါးကလေးများလို လှီးချ လိုက်တဲ့အခါ ထန်းဖက်ကလေးတွေဟာ ပလူကောင်ကလေးတွေလို၊ ပုဇဉ်းကောင်ကလေးများလို လေမှာ ဝဲသွားတယ်။ စာကလေးတွေက အဲဒီထန်းဖက် ကလေးတွေကို အစာမှတ်ပြီး ဟပ်လိုက်ရင်၊ အဲသည် ထန်းသမားဟာ ထန်းလှီး ကောင်းတယ်လို့ ဆိုလိုတာပါ။ ထန်းလှီးတဲ့ အလုပ်ကို လူတိုင်း ခုချက်ချင်း ထလုပ်ဖို့ မရပါဘူး။ ထန်းနဲ့ နီးစပ်ရမယ်၊ ထန်းလုပ်ငန်းကို စိတ်ဝင်စားသူလည်း ဖြစ်ရမယ်။ အချိန်အဆ ကောင်းဖို့ လိုတာပေါ့။ အဲဒီလို ထန်းလှီး ကျွမ်းကျင်မှ ထန်းရည်များများ ရမှာ။ တစ်စုံတစ်ရာ မှားယွင်းသွားရင် ထန်းရည်က မယိုတော့ဘူး။ ဒါဆို ထန်းသမား ခံပေတော့ပဲ”

“ထန်းလှီးတဲ့အလုပ်ကလည်း မလွယ်ပါလား။ ထန်းလျက် ချက်တော့ကော၊ ထန်းသမားကြီးတွေပဲ ချက်ကြတာလား”

မူလ အစီအစဉ်တွင် ထန်းလုပ်ငန်း လေ့လာရန် မပါသော်လည်း ယခု ပန်ထွာမင်းသမီးက စစ်စစ်ပေါက်ပေါက် မေးနေပြီ။ အမှန်စစ်စစ် သည်လုပ်ငန်းသည်လည်း ဗိသနိုး၏ ကုန်ထုတ်လုပ်ငန်း တစ်ရပ်ပေပဲ။ မင်းသမီးအနေဖြင့် သိနားလည်ထားသင့်သည်။ သို့ဖြင့် လက်တွေ့လေ့လာရန် ကိုဗလတို့ထန်းတဲ ရှိရာသို့ ဦးတည်လိုက်၏။

ကိုဗလဆို၍ ထွားထွားကျိုင်းကျိုင်း၊ အားကောင်းမောင်းသန် အသွင်သဏ္ဌာန်မျိုး မဟုတ်။ ပိန်ပိန်ပါးပါး၊ ကလန်ကလား။ မူလက ညိုလွန်းသော အသားအရေမှာ နေ့တစ်ဒူဝ ထန်းတက် ရသဖြင့် မည်းသည့်ဘက်သို့ပင် လုနေပြီ။ သို့သော် သူ့စိတ်ထားကား လွန်စွာ ဖြူစင်သည်။ ရိုးသားသည်။ ကြိုးစားသည်။ စေတနာသဒ္ဓါ တရားထက်သန်သည်။

ကိုဗလတို့ ထန်းတဲသို့သွားရင်း တပ်မှူးလေးနန္ဒက သူသိသမျှ ယခုလို ရှင်းပြသွားသည်။

“ထန်းရည်တွေ ရလာပြီဆိုရင်တော့ ထန်းချက်တဲ့ အလုပ်ကို ထန်းသမားရဲ့ ဇနီးမယားတွေက လုပ်ကြတယ်။ ထန်းရည်ထဲ ထုံးခတ်ပြီး ဖျဉ်းအိုးကြီးနဲ့ ကျိုရတယ်။ အခု ကိုဗလရဲ့ ထန်းတဲ ရောက်ရင် တွေ့ပါလိမ့်မယ်ဗျာ။ ဒီအချိန်ဆို ကိုဗလရဲ့ဇနီး ဒေါ်ရတနာကြွယ် ထန်းလျက်ကျိုလို့ ပြီးလုရောပေါ့”

“အမယ်... ထန်းသမားဇနီးရဲ့ နာမည်က ဆန်းလှချည်းလား” ပန်ထွာက တအံ့တသြ ပြောလိုက်သည်။

“နာမည်ရင်းတော့ မသိပါဘူး။ သားသမီး ရတနာတွေ ပေါကြွယ်ဝလွန်းလို့ ဒေါ်ရတနာကြွယ်... ဆိုပြီး နောက်ပြောင်ခေါ်ရင်း တွင်သွားတာပါ”

မကြာခင်မှာပင် ဗလ၏ ထန်းတဲသို့ ရောက်ကြသည်။ ကိုဗလသည် နေလှမ်းထားသော ထန်းလျက်ခဲများကို သိမ်းနေရင်း သူတို့ကို ဝမ်းသာအားရ ခရီးဦး ကြိုဆိုသည်။ သူ့ဇနီးကိုလည်း မောင်နန္ဒတို့ လာကြောင်း လှမ်းပြောသည်။

မောင်နန္ဒနှင့် ကိုဗလတို့ ခင်မင်သည်မှာ ကြာပြီ။ သို့သော် ကိုဗလသည် မောင်နန္ဒအား မင်းမှုထမ်းဖြစ်ကြောင်း မသိ။ မောင်နန္ဒကလည်း သာမန်ဗိသနိုးသား အဖြစ်သာ သိစေခဲ့သည်။ ယခုလည်း ပန်ထွာတို့မှာ သူ၏ မိတ်ဆွေများ ဖြစ်ကြောင်း သာမန်ပင် မိတ်ဆက်ပေးသည်။ ထန်းလျက်ချက်သည်ကို လေ့လာလို၍ ခေါ်လာကြောင်း ပြောပြရာ ကိုဗလက တဲကလေး၏ တစ်ဖက်တွင် အဖီထုတ်ပြီး ထန်းလျက်ကျိုနေသည့် သူ့ဇနီး ရှိရာသို့ ဧည့်သည်များကို ခေါ်သွားသည်။

ဒေါ်ရတနာကြွယ်က မောင်နန္ဒတို့ကို လှမ်းနှုတ်ဆက်ပြီး ထန်းလျက်အိုးကို ဂရုတစိုက် မွှေနေသည်။ သူ့ မျက်နှာမှာ မီးပူဟပ်ထားသဖြင့် ညိုသော အသားအရေမှာ အနီရောင်စွက်ထား သကဲ့သို့ပင်။ တစ်မျက်နှာလုံးလည်း ချွေးစေးများဖြင့် ပြောက်လက်နေသည်။

ပန်ထွာမင်းသမီးသည် ဒေါ်ရတနာကြွယ်အား ငေးကြည့်ရင်း မိမိမျက်နှာကိုပါ မီးပူဟပ်သည့်နှယ် ခံစား လာရသည်။

မောင်နန္ဒက "ထန်းလျက် အချက်ကောင်းမှ ထန်းလျက်ကောင်းရတာ။ ဒီထန်းတောမှာတော့ ဒေါ်ရတနာ ကြွယ် ထန်းလျက်ချက် အကောင်းဆုံးပဲ။ ကိုက်လိုက်ရင် ထောက်ခနဲ ထောက်ခနဲ မြည်သွားတဲ့ ထန်းလျက်ခဲပေါ့" ဟု ချီးမွမ်းရင်း ပြောပြသည်။

"သည်လောက်ကြီးလည်း အမွှမ်း မတင်ပါနဲ့တော်။ ဒီလို မပြောလည်းကျုပ်က ထန်းလျက် ကျွေးမှာပါ"ဟု ပြန်ပြောသည်။ တစ်ဆက်တည်းမှာပင် သူ့ခင်ပွန်း ကိုဗလကို လှမ်းပြော၏။

"ယောက်ျားရေ…ဧည့်သည်တွေလည်း မိုးတိုးမတ်တပ်နဲ့ အားနာစရာ၊ ထိုင်စရာလေးများ လုပ်ပေးလိုက်ပါဦးတော်။ ကျုပ် ဒီတစ်အိုး လက်စသတ်လိုက်ချင်လို့"

"ဧည့်သည်တွေက ထန်းလျက်ချက်တာ လေ့လာချင်တယ်ဆိုလို့ မခေါ်သေးတာပါကွာ။ ဒီမှာ နေရာခင်း ပြီးပါပြီ" ဟု ပြန်ပြောရင်း မောင်နန္ဒတို့ကို လှမ်းခေါ်သည်။

ဝါးကွပ်ပျစ် အလယ်တွင် မှိုင်းအထပ်ထပ် တက်နေသော မြေရေနွေးကရားကြီးကို ကောက်ရိုးကရွတ်ခွေ ပေါ်မှာ တင်ထားသည်။ အဖန်ရည်သောက်ရန် မြေပန်းကန်လုံး အဟောင်း သုံးလုံးလည်း ချထား၏။

"မောင်နန္ဒတို့ သုံးယောက် ကွပ်ပျစ်ပေါ် ထိုင်လိုက်ကြသည်။ ထန်းသမားကြီးကိုဖလသည် မြေပန်းကန် ပြားတစ်ချပ်တွင် ထန်းလျက်ခဲများ ထည့်လာပြီး ဝိုင်းအလည်မှာ ချပေးသည်။

"ထန်းဖိုဦး ထန်းလျက်ကလေးတွေ၊ ကောင်းလွန်းလို့ စားကြပါဦး။ မောင်နန္ဒ… ခင်ဗျားက လူရင်းပဲ၊ ဧည့်သည်တွေကို ဧည့်ခံပေးဦး။ ကျုပ်…ထန်းလျက်တွေ သိမ်းလိုက်ဦးမယ်" ဟု ဆိုကာ လုပ်လက်စ အလုပ်ကို သွားလုပ်သည်။

မိအူသည် မြေကရားကြီးထဲမှာ အဖန်ရည်ကို ငှဲ့ထည့်ပြီး မြေပန်းကန်လုံးများကို ဆေးကြော လိုက်သည်။ ပြီးမှ အဖန်ရည်များ ငှဲ့ပြီး မင်းသမီးနှင့် တပ်မှူးလေးတို့ရှေ့သို့ တစ်ပန်းကန်စီး ချထားပေးသည်။

အိုးလုပ်ကုန်းက အဘအိုရဲ့ အိမ်မှာ ရေနွေးကြမ်း သောက်ပြီးကတည်းက ဘာမျှ မစားရ၊ မသောက်ရ သေးသဖြင့် ရေလည်းငတ်၊ ဝမ်းထဲမှာလည်း တကြုတ်ကြုတ်မြည်နေပြီ။

ပန်ထွာသည် ထန်းလျက်တစ်ခဲ ကောက်ယူပြီး ကိုက်လိုက်သည်။ ထန်းလျက်ကို ဝါးပြီး အဖန်ရည် သောက်လိုက်၏။ အရသာ ရှိလိုက်ပါဘိ။ သူငယ်စဉ် ကိုက်လိုက်လျှင်

ထောက်ခံနဲ မြည်သွားသည့် ထန်းလျက်ကို ဝါးပြီး ရေအေးအေးတစ်ခွက် သောက်လိုက်ရသည့် အရသာကို သူလွန်စွာ နှစ်ခြိုက်ခဲ့သည်။ ယခု အငွေ့တထောင်းထောင်း ထနေသည့် အဖန်ရည်ကို မှုတ်ပြီး သောက်ရသည်က ပိုလို့ပင် အရသာ ရှိနေပြန်သည်။ သည်လို ထန်းလျက်ကောင်း ရဖို့ ထန်းသမား မိသားစု ပင်ပင်ပန်းပန်း လုပ်ကိုင် ကြရသည်ကို ယခုမှပင် မျက်မြင်ကိုယ်တွေ့ သိရတော့သည်။

ရေငတ်လည်း ပြေပြီ။ ဆာလောင် မွတ်သိပ်မှုလည်း အာသာပြေသွားပြီ။ နေလည်း ဝင်တော့မည်မို့ ပြန်ရန်ထကြသည်။ ကိုဗလတို့ ဇနီးမောင်နှံကို နှုတ်ဆက်ကြ၏။ ထန်းသမား ဇနီးမောင်နှံကား ယခုထိ အလုပ်နှင့် လက်မပြတ်သေးပေ။

အပြန်လမ်းတွင် မင်းသမီးက ထန်းသမားနှင့် ထန်းပိုင်ရှင်တို့ဘဝ၊ အနိမ့်အမြင့် ကွာဟချက်များကို အလေးအနက်ထားပြီး ပြောသည်။

တပ်မှူးလေးနန္ဒက " မှန်ပါတယ်၊ ထန်းသမားတွေရဲ့ ဘဝဟာ သနားစရာ အလွန်ကောင်းပါတယ်။ ထန်းတက်နေရချိန်မှာ ပြောင်ပြောင်ရောင်ရောင် ရှိပေမယ့် ထန်းတုံးချိန်မှာ မွဲတော့တာပါပဲ။

မင်းသမီး စဉ်းစားသလို ထန်းသမားတွေ ထန်းပိုင်ရှင်ဖြစ်လာဖို့ ဆိုတာ မလွယ်ပါဘူး။ အင်မတန် ခဲယဉ်းပါတယ်။ ဘယ်မှာလဲ၊ သူတို့ပိုင်မြေ။ ထန်းပိုင်ရှင်တွေရဲ့ ထန်းတောထဲမှာမွေး၊ ထန်းတောထဲမှာပဲ ကြီးပြင်း၊ ဒီထန်းတောထဲမှာပဲ သူတို့ဘဝ အဆုံးသတ် ကြရတာ။ ထန်းလျက်ချက်ဖို့ ထင်းတွေ အများကြီးလိုတယ်။ ခုဆို ထန်းချက်ထင်းတွေ တစ်နှစ်ထက် တစ်နှစ် ရှားပါးလာပြီ။ ထင်းတွေ ခုတ်လွန်းလို့ တောတွေလည်း ပြုန်းလုပြီလေ။ ဒီနေရာမှာ ထင်းအစားထိုး ပြန်လည် စိုက်ဖို့တောင် မလုပ်နိုင် ကြရှာဘူး။

ထန်းသမားတွေရဲ့ ဘဝဟာ သနားစရာ ကောင်းသလို၊ ချီးမွမ်းစရာလည်း ကောင်းတယ်။ ထန်းလုပ်ငန်းထဲ ဝင်မိတာနဲ့ သူတို့ပျော်ကြတယ်။ ထန်းပင်ပေါ် တက်မိရင်

မော်ကြတယ်။ တစ်ခါတစ်ရံ သီချင်းတွေတောင် တကြော်ကြော် ဆိုလို့။ အမှန်မတော့ လောကကြီးမှာ ကိုယ့်ဘဝကိုယ် ပျော်ဖို့က အရေးကြီးဆုံးပါပဲ”

“မှန်ပါတယ်၊ ကိုယ့်ဘဝကိုယ် ပျော်ဖို့ထက် အရေးကြီးတာ ဘာမှမရှိပါဘူး” ဟု ပန်ထွာမင်းသမီးက ထောက်ခံလိုက်သည်။

ဖြေးဖြေးတော့ နေရောင်ခြည်သည် ကောင်ကင်အနှံ့ ဖြာယှက်နေသည်။ ပြာနှမ်းနှမ်း မိုးပြင်ထက်ဝယ် ဖြူမှျင်မှျင် ကလေးမြင်နေရသော အိပ်တန်းပြန် ငှက်များ၊ တောင်ပံ အခတ်တွင် တဖျပ်ဖျပ် ဝင်းသွားသည်။ နေဝင် တော့မည်မို့ မြင်းများကို ခပ်သော့သော့ နှင်လိုက်ကြသည်။ သူတို့ နန်းဆောင်များဆီ ပြန်ရောက်တော့ မီးတိုင်များပင် ထွန်းညှိထားပြီး ချေပြီ။

# အခန်း (၆)

## ကမ္ဘောဇတီဘုရင် နတ်ရွာစံတော်မူပြီ

လူတိုင်းလူတိုင်းအတွက် အစာအာဟာရ၊ အဝတ်အထည်၊ နေထိုင်ရန်နေအိမ် စသည် တို့သည် မရှိလျှင် မဖြစ်သော အခြေခံ လူသုံးပစ္စည်းများ ဖြစ်သည်။

သည်ဝတ္ထုပစ္စည်းများ ရရှိရန်အတွက် လူများသည် အမြဲထာဝစဥ် ရှာဖွေကြ၊ စိုက်ပျိုးကြ၊ ပြုပြင်လုပ်ကိုင် ကြရသည်။

ဗိဿနိုးတွင် အစာအာဟာရ အတွက် စိုက်ခင်းများရှိသည်။ ယောကျာ်းများက လယ်ယာကိုင်းကျွန်း မှစ၍ လူသုံးပစ္စည်းအမျိုးမျိုး ရရှိအောင် ဆောင်ရွက်ကြသည်။

အိမ်ရှင်မများက အိမ်နီးဝန်းကျင်တွင် စိုက်ပျိုးထားသော ဝါ (ဂွမ်း)ပင်၊ မဲပင်၊ သီးတင်းပင်၊ နီပါးဆေးပင်၊ စသည်များမှ အသီးအပွင့်တို့ကို အသုံးပြုပြီး ဝါကြိတ်ခြင်း၊ ဝါဖန်ခြင်း၊ ဗိုင်းလိပ်ခြင်း၊ ဆေးရောင်စုံဆိုးခြင်း၊ ရက် ကန်းရက်ခြင်း၊ ဆန်ဖွပ်ခြင်း၊ အိမ်ထောင် ထိန်းသိမ်းခြင်း စသော အိမ်တွင်းလုပ်ငန်း များကို လုပ်ကိုင်ကြသည်။ သို့ဖြင့် ဗိဿနိုးသူ ဗိဿနိုးသားများသည် ကျရာတာဝန်ကို ထမ်းဆောင်ရင်း ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာ နေထိုင်နိုင်ခဲ့ကြသည်။

ပန်ထွာမင်းသမီး ငယ်စဥ်မှာ မယ်တော် စန္ဒမုခိက ယခုလို ပြောသည်။ "သမီးတော်လေး… မိန်းမများ ရက်ကန်းမတတ်ရင် အကျိုးနဲ့ တူသတဲ့။ သည်တော့ ဒေါ်မျက်ခြယ် ဆီမှာ သမီးလေး ရက်ကန်း သွားသင်ဖို့ မယ်မယ် စီစဉ်ပေးမယ်" သည်လို ပြောပြီး သမီးတော်ကို အရီး မျက်ခြယ်လက်သို့ အပ်လိုက်သည်။ အရီးသည် ရက်ကန်း

ပညာ၏ အခြေခံဖြစ်သည့် ချားပုတ်ခြင်း၊ ချည်ရစ်ခြင်းမှစ၍ လက်တွေ့သင် ကြားပေးသည်။ ပန်ထွာသည် တသွေမတိမ်း လိုက်နာပြီး ကြိုးစားသင်ယူသည်။ နောက်ဆုံး အထည်ဖြစ် ရက်လုပ်သည့် အဆင့်သို့ ရောက်လာသည်။

ရက်ကန်းရက်ရာတွင် လွန်းကို လက်တစ်ဖက်က ကိုင်၍ ခြည်မျှင်ကြားတွင် ထိုးသွင်း လိုက်သောအခါ အခြား လက်တစ်ဖက်ဖြင့် ထိုလွန်းကို ဖမ်းရသည်။ ထိုသို့လွန်းကို လက်ဖြင့် ထိုးသွင်းခြင်း၊ ဖမ်းယူခြင်း၊ ပြုရသည့် အတွက် ရက်ကန်း ရက်ရာ၌ အချိန် အလွန် ကြာသည်။ ပြီးတော့ လက်တစ်လှမ်းထက် ကျယ်သော အထည်အနံ ကြီးကိုလည်း မရက် လုပ်နိုင်ပေ။

ပန်ထွာမင်းသမီးလေး အထည်ဖြစ် ရက်ရသည့်အဆင့်သို့ ရောက်လာသောအခါ အရီးမျက်ခြယ်က မင်း သမီးလေးနှင့် အနေတော်ဖြစ်မည့် ရက်ကန်းစင်ကလေးကို စီစဉ်ပေးသည်။ လွန်းကို လက်တစ်ဖက်ဖြင့် ထိုးသွင်း လိုက်၊ ကျန်လက်တစ်ဖက်က ဖမ်းယူလိုက် လုပ်ရသည်မှာ အလွန်ကြံ့ကြာသော်လည်း မင်းသမီးလေးက စိတ်မပျက်ပါ။ မဖြစ်မနေ ကြိုးစားသင်ယူသည်။

ပန်ထွာမင်းသမီး ကမ္ဘဝတီနန်းတော်သို့ ရောက်ခါစ၊ တစ်နေ့မှာ အမျိုးသမီးတစ်ဦး မယ်တော် စန္ဒမုခိထံ အစားဝင်သည်။ သူနှင့်အတူ အထည်စများ ပါလာသည်။ ပါးလွှာ နအိ နေသည့် အဖြူရောင် အထည်စများ၊ ပန်းနရောင်၊ ရွှေဝါရောင်၊ အပြာရောင် စသည့် ရောင်စုံ အထည်စ များဖြစ်သည်။

အမျိုးသမီးက သည်အထည်စများသည် သူကိုယ်တိုင် ရက်လုပ်သော အထည်စများ ဖြစ်ကြောင်း၊ နန်းတွင်းသို့ အထည်စမျိုးစုံ မပြတ် တင်ဆက်သူ ဖြစ်ကြောင်း တင်လျှောက်ပြီး ထိုအထည်စများ မယ်မယ့်ကို ဆက်သသည်။

ထိုစဉ်က 'သည်လိုလှတဲ့ အဝတ်တွေ ငါလည်း ရက်တတ်ချင်လိုက်တာ'ဟု ပန်ထွာတွေးခဲ့ ဖူးသည်။ သို့သော် ကလေးပီပီ ထိုအတွေးသည် မကြာခင်မှာပင် သူ့ခေါင်းထဲမှ ပျောက်ကွယ် သွားသည်။

ထိုအမျိုးသမီးသည် နန်းတွင်းသို့ လာလျှင် မယ်မယ့်ထံ ဝင်ရောက် ခစားလေ့ရှိသည်။ သူနှင့်အတူ သမီးလေး တစ်ယောက်လည်း ပါလာသည်။ မယ်မယ်က ထိုးမိန်းကလေးနှင့် သူ့ကို ကစားခွင့် ပြုသဖြင့် ထိုသားအမိကို သူ မျှော်နေတတ်သည်။ ထိုသားအမိကား ယခု သူ့ကို ရက်ကန်းပညာ သင်ကြားပေးသော အရီး မျက်ခြယ်နှင့် သူ့သမီး မိအူတို့ပင်တည်း။

သူငယ်စဉ်က တတ်မြောက်လိုသော ရက်ကန်းပညာကို ယခု သင်ယူခွင့် ရနေပြီ။ သို့သော် အထည်ရက်ရင်း သူဘဝင်မကျ ဖြစ်လာသည်။ အရီးနှင့် အခြားသူများ ရက်နေကြသည့် အထည်များမှာ ပါးလွှာနအိ နေသည်။ သူရက်နေသည့် အထည်မှာ ထူထဲကြမ်းတမ်း လှပါလား။

သည်ခြားနားချက်ကို အရီးမျက်ခြယ်အား မေးတော့ အရီးက ယခုလို ရှင်းပြသည်။

"ခုလို ထူထဲကြမ်းတမ်း နေတာက ဝါဂွမ်းအမျိုးအစား ညံ့လို့ပါ။ ဝါဂွမ်းအညံ့စားက ချည်မျှင် ကြမ်းမျှသာ ဖိုင်းငင်လို့ ရပါတယ်။ အဲဒီလို လက်ငင် ချည်မျှင်ကြမ်းနဲ့ ရက်တဲ့ အထည်စမို့ ထူထဲကြမ်းတမ်း နေတာပါ။ မင်းသမီး ရက်ကန်းခတ်တာ အသာကျသွားပြီဆိုရင် ချည်ချောနဲ့ ရက်ရမှာပါ" ဟု ရှင်းပြသည်။

အထည်ကြမ်းကို ကောင်းစွာရက်လုပ် တတ်သည့်အချိန်တွင် အရီးမျက်ခြယ်သည် မင်းသမီးအား ချည်ချောများပေးကာ ရက်စေသည်။ အထည်ရက်လုပ်သော လုပ်ငန်းသည် အာရုံစူးစိုက်၍ မျက်ခြေမပြတ် လုပ်ရသော လုပ်ငန်း ဖြစ်သည့်အတွက် အာရုံ စူးစိုက်မှုကို အားပေးသော လုပ်ငန်း တစ်ရပ်ဖြစ်သည်။ ပြီးတော့ အလွန်နူးညံ့ ချောမွေ့သေးငယ်လှသော ချည်မျှင် အပင်ပေါင်း များစွာကို တစ်ခုပြီးတစ်ခု သေချာကျနစွာ စီစဉ် စုပေါင်းပြီး

တဖြည်းဖြည်း အထည်အဖြစ်သို့ ရောက်အောင် လုပ်ရသော လုပ်ငန်းလည်း ဖြစ်သည်။ ချည်မျှင် တစ်တန်းချင်း စုပေါင်းပြီး တဖြည်းဖြည်း အထည်စ အဖြစ် ပုံပေါ်လာသည့် အခါ မင်းသမီးလေး ပန်ထွာသည် ရက်ကန်းစင်မှ မထစတမ်း ရက်လုပ်နေတော့သည်။ သည်မျှ စိတ်ဝင် စားသည်ကို တွေ့တော့ သင်ကြား ပေးရသူ အရီး မျက်ခြယ် အနေဖြင့် ကျေနပ် အားရလှသည်။ သို့သော် သည်လုပ်ငန်းသည် တစ်ကြိမ်တည်းနှင့် ပြီးသွားသည့် လုပ်ငန်း မဟုတ်ပါ။ ထို့ကြောင့် မထစတမ်း ရက်ကန်း ရက်နေသည်ကို ခွင့်မပြုပါ။ ခေတ္တခဏမျှ နားစေသည်။ နားနေခိုက် အချိန်အလဟဿ မဖြစ်စေရန် ဆေးဆိုး ပညာကို သင်ကြား ပေးသည်။

"ဟောသည်လို တောက်ပတဲ့ ပန်းရောင်ရဖို့ သီတင်းသီးမှည့်နဲ့ ဆိုးရတယ်။ ဝါဖန့်ဖန့် အရောင်လေး လိုချင်ရင်တော့ ပိန္နဲခေါက်ကို ပေါက်စီးကျအောင် ကျိုပြီး ဆိုးရ တာပေါ့။ အညိုရောင် အတွက်ကတော့ ရှားစေဟာ အကောင်းဆုံးပါပဲ။ အပြာရင့်ရောင် ကတော့ မဲနယ်ရွက်ကို သုံးရတယ် မင်းသမီးရဲ့" ဟု ဆေးဆိုးပြီးသား ချည်ခင်များကို ပြကာ သင်ကြားပေးသည်။ ပြီးတော့ ချည်ခင်များ ဆေးဆိုးသည့် နေ့တွင် ကြည့်ရှုလေ့လာ စေရုံမျှ မက။ တစ်ခါတစ်ရံ ပန်ထွာကိုယ်တိုင် ဝင်ရောက် လုပ်ကိုင်စေသည်။ ဤသို့ စာတွေ့ လက်တွေ့ သင်ယူရသည်။ ထိုမျှမက သူ့အိမ်ဝိုင်း နောက်ဘက်တွင် စိုက်ပျိုးထားသော ဝါ(ဂွမ်း)ပင်၊ မဲပင်၊ နီပါးဆေးပင်၊ သီတင်းသီးပင် တို့ကိုလည်း လိုက်လံပြသပေးသည်။

ပန်ထွာမင်းသမီးကလည်း စိတ်မညစ်၊ စိတ်မပျက်၊ အရီးမျက်ခြယ် ပြောပြသမျှ မှတ်သားသည်။ လုပ်ခိုင်းသမျှ ကြိုးစား လုပ်ဆောင်သည်။ သည်လို ရက်ကန်းပညာကို စိတ်ဝင်စားသည့် အတွက် အရီးမျက်ခြယ်သည် ဆရာစားမချန်ဘဲ အကုန်အစင် သင်ကြား ပေးသည်။ ပန်ထွာမင်းသမီးသည် ရက်ကန်း ပညာကို ကြိုးစားသင်ယူရင်း စေ့စပ် သေချာခြင်း၊ စိတ်ရှည်ခြင်း၊ ဝီရိယ ထက်သန်ခြင်း စသော စိတ်ဓာတ်များ တိုးတက် လာသည်။

အရီးမျက်ခြယ်သည် ရက်ကန်းပညာနှင့် ပတ်သက်၍ အကုန်အစင် သင်ကြား ပေးပြီးနောက် အိမ်နီးချင်းများ၊ မိတ်ဆွေများ၏ ရက်ကန်းရုံများသို့လည်း မင်းသမီးကို ခေါ်ဆောင်ကာ သွားရောက်လေ့လာ စေသည်။ လေ့လာ သင်ယူရင်း၊ မပြတ်လေ့ကျင့်ရင်းဖြင့် ပန်ထွာမင်းသမီးသည် ရက်ကန်းပညာတွင် ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်လာတော့သည်။

ဤသို့ ရက်ကန်းပညာကို ငယ်စဉ်ကတည်းက ကျွမ်းကျင် တတ်မြောက်ထားသည်က တစ်ကြောင်း၊ အရီး၏ ရက်ကန်းရုံနှင့် မိတ်ဆွေများ၏ ရက်ကန်းရုံများသို့ ရံဖန်ရံခါ သွားရောက်ခဲ့သည်က တစ်ကြောင်းတို့ကြောင့် ယခု လောလောဆယ်တွင် ရက်ကန်း လုပ်ငန်း လေ့လာရေး ခရီးစဉ်ကို ခေတ္တရပ်နား ထားလိုက်သည်။

တစ်နေ့တွင် ပထွေးတော် ကမ္ဘောဝတီဘုရင်က အခေါ်တော် စေလွှတ်လိုက်သဖြင့် ပန်ထွာမင်းသမီးသည် အထိန်းတော်ကြီး မိအူနှင့်အတူ ရှေ့တော်မှောက်သို့ ဝင်ရောက်ခစားရသည်။

ပန်ထွာမင်းသမီး ရှေ့တော်မှောက် ရောက်ချိန်တွင် မယ်မယ်ဖုရားလည်း ရောက်နှင့်နေပြီ ဖြစ်သည်။ ပြီးတော့ ငွေတိုက်ဝန်ဘိုးဘိုး ဦးဘောဂလည်း ခစားလျက်ရှိသည်။

ပထွေးတော် မင်းကြီးကို သမီးတော် ရောက်ရှိပြီ ဖြစ်ပါကြောင်း ဦးတင်လျှောက်ထား ပြီးသည်နှင့် မင်းကြီးက မိန့်တော်မူသည်။

"အရေးအကြီးဆုံး သမီးတော် လေ့လာဖို့ လိုတာက ပျူဒင်္ဂါးတွေ အကြောင်းပဲ။ ဗိဿနိုးမှာ သုံးစွဲနေကြတဲ့ ဗိဿနိုး ဒင်္ဂါးတွေကိုတော့ သမီးတော် သိပြီးသားလို့ ခမည်းတော် ယုံကြည်တယ်။ ကိုယ့်နိုင်ငံသုံး ဒင်္ဂါးတွေအပြင် ပျူနိုင်ငံတွေမှာ သုံးစွဲနေကြတဲ့ ဒင်္ဂါးတွေနဲ့ ပတ်သက်လို့လည်း သိထားဖို့ လိုပေသပေါ့။ ပျူနိုင်ငံတွေ အများအပြားရှိတဲ့

အထဲက အထူးသဖြင့် ဟန်လင်းဒင်္ဂါးနဲ့ သရေခေတ္တရာ ဒင်္ဂါးတွေ အကြောင်း နားလည်ထားရမယ်။ ဒီကိစ္စကို ငွေတိုက်ဝန် ဘိုးဘိုးက သမီးတော်ကို ရှင်းလင်း ပြပါလိမ့်မယ်"

"သမီးတော် ကောင်းစွာ မှတ်သားနာယူပါ့မယ် ခမည်းတော်ဘုရား"

ပန်ထွာမင်းသမီးလေး၏ အသံ ဆုံးသည်နှင့် ဘိုးဘိုးဦးဘောဂသည် သူ့ရှေ့တွင် အစီအရီ ချထားသော ငွေလင်ပန်းများကို မင်းသမီးလေး ရှေ့နားသို့ ရောက်အောင် အနည်းငယ် ရွှေ့ ပြီး ယခုလို စကားစတော့သည်။

"မင်းသမီးလေးရဲ့ ရှေ့နားက ငွေလင်ပန်းထဲမှာ သရေခေတ္တရာ ပျူဒင်္ဂါးတွေပါ။ သရေခေတ္တရာ ဒင်္ဂါးလို့ဆိုရာမှာလည်း ပုံစံ တစ်မျိုးတည်းရှိတာ မဟုတ်ပါဘူး။ အမျိုးအစား အမှတ်လက္ခဏာ သွင်ပြင် ကွဲလွဲချက်များ ရှိနေပါတယ်။ အဲဒီလို အမျိုးအစား ကွဲပြားမှုကို လိုက်ပြီး သရေခေတ္တရာ ပျူဒင်္ဂါးများကို သုံးမျိုးသုံးစား ခွဲခြားပြီး ပြောပြ ပါမယ်"

"ဟောဒါက ပထမ အမျိုးအစားပါပဲ။ မျက်နှာဘက်မှာ 'သီရိဝစ္ဆ' လက္ခဏာ ခပ်နှိပ်ထားပါတယ်။ 'သီရိဝစ္ဆ' ဟာ သက္ကဋမှ သက်လာတဲ့ စကား ဖြစ်ပါတယ်။ သက္ကဋမှ တိုးတက်ခြင်း၊ အောင်မြင်ခြင်း၊ ပွားများခြင်းတို့ကို ဆိုတယ်။ ဒင်္ဂါးမျက်နှာရဲ့ အတွင်းဘက်မှာ ခရုသင်းကို ထောင်ပြီး ထည့်ထားတဲ့ ပုံပါ။ ဗုဒ္ဓမြတ်စွာရဲ့ ခြေတော်ရာစက် (၁၀၈)ကွက်မှာ 'သီရိဝစ္ဆ' ဟာ ဒုတိယ အကွက်မှာ ပါတယ်လို့ ဘိုးဘိုး မှတ်ထားရပါတယ်။ ဒင်္ဂါးရဲ့ ကြောဘက်ကတော့ 'ဗဒ္ဓပီဌ' ပုံ ခပ်နှိပ်ထားတယ်၊ ဒီပုံကိုတော့ ခြေတော်ရာစက်ကွက် အမှတ်(၇)မှာ တွေ့ရပါ့မယ်"

ဦးဘောဂသည် ပထမ အမျိုးအစားဒင်္ဂါးကို ငွေညှပ်ဖြင့် ညှပ်ယူပြီး ရှင်းလင်း ပြောပြသည်။ ပန်ထွာမင်းသမီးက စိတ်ဝင်စားစွာ လေ့လာ မှတ်သားသည်။ ထို့နောက် ဒုတိယ အမျိုးအစား ဒင်္ဂါးကို ညှပ်ယူပြပြီး ရှင်းပြသည်။

“ဒုတိယ အမျိုးအစား ဒင်္ဂါးကတော့ မျက်နှာဘက်က သီရိဝစ္ဆ လက္ခဏာ အတွင်း ဘေးတစ်ဘက် တစ်ချက်မှာ ဒေါင်လိုက်အစက် (၄)စက်စီ ပါတယ်။ အောက်ခြေတန်း ပေါ်မှာ လုံသွားပုံ ပါလာတယ်။ အထက်ယာဘက်မှာ နေ၊ ဝဲဘက်မှာ လ၊ အပြင် ယာဘက်မှာ ခရုသင်း၊ ဝဲဘက်မှာ ချွန်းတောင်း (သို့မဟုတ် ဝရဇိန်) နဲ့ အောက်ခြေမှာ လှိုင်းထ နေတဲ့ အစင်းကြောင်း တစ်ခုပါ, ပါတယ်။ ကြောဘက်မှာတော့ စက်ဝိုင်း နှစ်ထပ် အကြားမှာ ပုတီးစေ့တွေ ပါတဲ့ အနားသတ်အတွင်း ဗဒ္ဓပီဌပုံပါတယ်။ ဗဒ္ဓပီဌ (ဆက်စပ် ထားသော အင်းပျဉ် သို့မဟုတ် ပလ္လင်) ပုံဆိုတာက ဗဟိုမှာ ပွင့်ဖပ်လေးခု ပါသော ပန်းပွင့်တွင် နှစ်ထပ်ရှိတဲ့ သုံးမြှောင်ပုံနှစ် ခုကို ထိပ်တိုက် လာဆက်ထားတဲ့ ပုံပါပဲ။ သုံးမြှောင်ပုံ အနားတွေက မဖြောင့်တန်းပဲ ကွေးနေပါတယ်။ သုံးမြှောင့် နှစ်ခုကြား ပန်းပွင့်ရဲ့ တစ်ဖက်တစ်ချက်မှာ ပါးပျဉ်းထောင်နေတဲ့ နဂါးခေါင်းပုံ တစ်ခုစီ ထွက်နေပါတယ်။ ပလ္လင်ရဲ့ ထိပ်မှာ အစက်အပြောက် ငါးခုတန်းလျက် ရှိပါတယ်။ ပလ္လင်ရဲ့ အောက်ခြေမှာ တုံးငယ် ငါးခုကို စက်ဝိုင်း အနားနဲ့ ပလ္လင် အောက်ခြေနားစပ်ကြားမှာ ထည့်ထားပါတယ်”

ဦးဘောဂသည် တတိယ အမျိုးအစား ဒင်္ဂါးကို ဆက်လက်ရှင်းပြသည်။

“ဒါက တတိယ အမျိုးအစား ဒင်္ဂါးပါ။ မျက်နှာဘက် သီရိဝစ္ဆအတွင်း အစက်အပြောက် သုံးခု သုံးတန် (ပေါင်းကိုးခု) ပါ,ပါတယ်။ ဒီအစက်အပြောက်တွေရဲ့ အောက်မှာ တုံးငယ် တစ်ခုပါတယ်။ အထက်ယာဘက်မှာ နေ၊ ဝဲဘက်မှာလ၊ အပြင်ယာဘက်မှာ ခရုသင်း၊ ဝဲဘက်မှာ ချွန်းတောင်း၊ အောက်ခြေမှာ ရေလှိုင်းပုံ အစင်း အကြောင်း နှစ်ခုပါ,ပါတယ်။ ဒင်္ဂါးရဲ့ ကြောဘက်မှာ ဗဒ္ဓပီဌပုံ ပါပါတယ်။ ဒုတိယ အမျိုးအစားက ဗဒ္ဓပီဌပုံနဲ့ မတူပြန် ပါဘူး။ သုံးမြှောင့်ပုံက ပိုပြီး ပီသလာပါတယ်။ ဗဟိုက ပန်းပွင့် နေရာမှာလည်း အစက်ပါတဲ့ စက်ဝိုင်းပုံ ဖြစ်ပါတယ်။ ပလ္လင် အထက်မှာ ရှိတဲ့ အစက်ပြောက်တွေဟာ မီးတောင်ငယ်များ အသွင် ရှိနေပါတယ်"

ဦးဘောဂသည် ခေတ္တမျှ ရပ်နားသည်။ ပန်ထွာမင်းသမီးသည် ငွေညှပ်ဖြင့် ဒင်္ဂါး များကို ညှပ်ယူကာ ဟိုဘက်သည်ဘက် အပြန်ပြန်လှည့်ပြီး သေချာစွာ လေ့လာသည်။ မင်းသမီးက ငွေညှပ်ကို လင်ပန်းထဲ ပြန်ထည့် လိုက်မှ ဦးဘောဂက ဆက်လက်ရှင်းပြသည်။

"ဟောဒီ အလယ်က ဗန်းထဲမှ ဒင်္ဂါးများမှာတော့ ဟန်လင်း ဒင်္ဂါးတွေပါပဲ။ မျက်နှာ ဘက်မှာ သီရိဝစ္ဆပုံပါပြီး၊ ကျောဘက်မှာတော့ တက်နေဝန်းပုံပါပါတယ်။ သီရိဝစ္ဆအတွင်းမှာ အစက်အပြောက် သုံးခုကိုင် ထောင်လိုက်ထား ပါတယ်။ အတိုအရှည် မညီတဲ့စက်ဝိုင်းရဲ့ အပိုင်းငယ် ခြောက်ခုကို နေရာတကျ ထည့်ထားတယ်။ အစက်ပေါင်းကိုးခု ရှိပါတယ်။ ထိပ်ယာဘက်မှာ နေ၊ ဝဲဘက်မှာ လ၊ အောက်ခြေမှာ အကွာအဝေးညီတဲ့ အစက် သုံးစက် အပြင် ဝဲဘက်မှာ စကြာပုံ ယာဘက်မှာ ဗဒ္ဓပီဌပုံပါပါတယ်။ ဟန်လင်း ဒင်္ဂါးတွေထဲက ဒင်္ဂါး အငယ်များမှာ သီရိဝစ္ဆအတွင်းက စက်ဝိုင်း အပိုင်းငယ်လေးတွေဟာ ကွေးမနေဘဲ၊ မျဉ်းဖြောင့်တွေ ဖြစ်နေပါတယ်။

ဒင်္ဂါးရဲ့ ကျောဘက် စက်ဝိုင်း နှစ်ထပ်ကြား ပုတီးစေ့များပါတဲ့ အနားသတ် အတွင်း မိုးကုတ်စက်ဝိုင်း အပေါ် မှာ ပြူထွက်စတက် နေဝန်းကို ရောက်ခြည်လက် အထက် ခြောက်လက်၊ အောက်ခြောက်လက်၊ ပေါင်းတစ်ဆယ့် နှစ်လက်ဖြင့် ပုံဖော် ထားပါတယ်။ ရောင်ခြည် လက်တွေရဲ့ ကြားမှာ အစက်တစ်ခုစီမို့ အထက်ဘက်မှာ ခုနှစ်စက်၊ အောက်ဘက်မှာ ခုနှစ်စက်၊ ပေါင်းအစက်အပြောက် တစ်ဆယ့်လေးခုနဲ့ ပုံဖော်ထားပါတယ်။ ဒင်္ဂါးအရွယ်ကို လိုက်ပြီး နည်းနည်း အပြောင်းအလဲ ရှိတာက လွဲလို့ ပုံစံတူတွေ ချည်းပါပဲ"

ဒင်္ဂါးရဲ့ ကျောဘက် စက်ဝိုင်းနှစ်ထပ်ကြား ပုတီးစေ့များပါတဲ့ အနားသတ်အတွင်း မိုးကုတ် စက်ဝိုင်းအပေါ်မှာ ပြူထွက် စတက်နေဝန်းကို ရောက်ခြည်လက် အထက် ခြောက်လက်၊ အောက်ခြောက်လက်၊ ပေါင်း တစ်ဆယ့် နှစ်လက်ဖြင့် ပုံဖော် ထားပါတယ်။ ရောင်ခြည်လက်တွေရဲ့ ကြားမှာ အစက်တစ်ခုစီမို့ အထက်ဘက်မှာ ခုနှစ်စက်၊ အောက်ဘက်မှာ ခုနှစ်စက်၊ ပေါင်း အစက်အပြောက် တစ်ဆယ့်လေးခုနဲ့ ပုံဖော်

ထားပါတယ်။ ဒင်္ဂါး အရွယ်ကို လိုက်ပြီး နည်းနည်း အပြောင်းအလဲ ရှိတာကလွဲလို့ ပုံစံတူတွေချည်း ပါပဲ”

“ဗိသနိုးဒင်္ဂါးနဲ့ ပတ်သက်လို့တော့ မင်းသမီးလေး သိပြီး ဖြစ်ပါတယ်။ ဒါပေမဲ့ ဟန်လင်းတို့၊ သရေခေတ္တ ရာဒင်္ဂါများနဲ့ နှိုင်းယှဉ်နိုင်အောင် အကြမ်းဖျင်းလောက်တော့ ဘိုးဘိုး ပြောပါဦးမယ်။ ဘိုးဘိုးတို့ ဗိသနိုး ဒင်္ဂါးရဲ့ မျက်နှာဘက်က သီရိဝစ္ဆ လက္ခဏာ၊ အတွင်း အစက်အပြောက် သုံးခုနဲ့ စက်ဝိုင်းရဲ့ အပိုင်းငယ် သုံးခုပေါင်း ခြောက်ခုကို အချိုးကျစွာ နေရာချထားပြီး အောက်ခြေမှာ အတွင်းဘက်ကို ဟိုက်ဝင်နေတဲ့ စက်ဝိုင်း အပိုင်း တစ်ခု ရှိတယ်။ ထိပ်ဘက်မှာ နေနဲ့လ ပါတယ်။ ယာဘက်မှာ စကြာပုံ၊ ဝဲဘက်မှာ ခရုသင်းပုံကို တွေ့ရမယ်။ ဒင်္ဂါးရဲ့ ကျောဘက်မှာတော့ စက်ဝိုင်းနှစ်ခုကြား ပုတီးစေ့နဲ့ အနားသတ်ထားတယ်။ အတွင်းမှာ မိုးကုတ်စက်ဝိုင်း၊ သူ့အပေါ်က ပြူထွက်စ ဖြစ်တဲ့ နေကို ရောင်ခြည်လက် အထက်ငါးလက် အောက်ငါးလက်၊ စုစုပေါင်း ဆယ်လက် ရှိပါတယ်။ ရောက်ခြည်လက်တွေရဲ့ စပ်ကြားမှာ အစက်အပြောက် အထက်ခြောက်ခု၊ အောက် ခြောက်ခု၊ စုစု ပေါင်း တစ်ဆယ့်နှစ်ခုနဲ့ ပုံဖော်ထားတာကို တွေ့ရပါမယ်။"

“သည်တော့ ဗိသနိုးဒင်္ဂါးကို ဟန်လင်းဒင်္ဂါးနဲ့ နှိုင်းယှဉ်ကြည့်ရင် ဗိသနိုးဒင်္ဂါးရဲ့ မျက်နှာဘက် သီရိဝစ္ဆ အတွင်းမှာ အစက်ကြောင်း ခြောက်ခုပါပြီး၊ ဟန်လင်းဒင်္ဂါးမှာ ကိုးခု ပါတာကို တွေ့ရပါတယ်။ ဗိသနိုး ဒင်္ဂါးရဲ့ ယာလက်မှာ စကြာပုံ၊ ဝဲဘက်မှာ ခရုသင်းပုံ ပါပြီး၊ ဟန်လင်း ဒင်္ဂါးရဲ့ ယာဘက်မှာ ဗဒ္ဓပီဌ၊ ဝဲဘက်မှာ စကြာပုံပါပါတယ်။ ပြီး ဗိသနိုးဒင်္ဂါးရဲ့ အောက်ခြေမှာ အစင်းကြောင်း တစ်ခုပါပြီး၊ ဟန်လင်း ဒင်္ဂါးမှာတော့ အစက်အပြောက် သုံးခု ပါနေတာမို့ အချက်သုံးချက် မတူညီဘဲ၊ ကွဲပြား နေတာကို တွေ့ရပါတယ်”

“ထိုနည်းတူ ဗိသနိုးဒင်္ဂါနဲ့ သရေခေတ္တရာဒင်္ဂါးကို နှိုင်းယှဉ်ပြပါမယ်”

ငွေတိုက်ဝန် ဘိုးဘိုးသည် ငွေညှပ်ဖြင့် ဗိသနိုး ဒင်္ဂါးတစ်ပြားကို ညှပ်ယူပြီး မင်းသမီးလေးကို ပြကာ ယခုလို ရှင်းပြသည်။

"ဘိုးဘိုးတို့ ဗိသုနိုးဒင်္ဂါးရဲ့ သီရိဝစ္ဆ အတွင်းမှာ အစက်အပြောက်သုံးခုစီ သုံးတန်း၊ ပေါင်း ကိုးခု ပါပါတယ်။ အဲဒီ အစက်အပြောက် ကိုးခုအောက်မှာ တုံးငယ်မပါပါဘူး"

"သရေခေတ္တရာ ဒင်္ဂါးရဲ့ သီရိဝစ္ဆ အတွင်းမှာ အစက်အပြောက် ကိုးခုအောက်မှာ တုံးငယ် တစ်ခု ပါပါတယ်" ဟု ရှင်းပြပြီး သရေခေတ္တရာ ဒင်္ဂါးကိုလည်း ငွေညှပ်ဖြင့် ယူ၍ ပြသည်။

"ပြီးတော့ ဗိသုနိုးဒင်္ဂါးရဲ့ ယာဘက်ချွန်းတောင်၊ ဝဲဘက်မှာ ခရုသင်းပုံ ဖော်ထားပါတယ်။ သရေခေတ္တရာ ဒင်္ဂါးကျတော့ ယာဘက်မှာ ခဲရုသင်းပုံ၊ ဝဲဘက်မှာ ချွန်းတောင်း (သို့မဟုတ် ဝရဇိန်)ပုံ ပါပါတယ်။ သည်တော့ ပြောင်းပြန် ဖြစ်နေပါတယ်"

"ကျောဘက်ကို လေ့လာ ကြည့်ကြပါမယ်။ ဗိသုနိုးဒင်္ဂါးရဲ့ ကျောဘက်မှာ ပုတီးစေ့တွေ ပါတဲ့ နှစ်ထပ် စက်ဝိုင်းအတွင်း တက်နေဝန်းပုံ ရှိပါတယ်။ နေရဲ့အထက်မှာ ရောင်ခြည်လက် ရှစ်ခု၊ အောက်ပိုင်းမှာ ရောင်ခြည်လက် ခုနစ်ခု၊ စုစုပေါင်း ရောင်ခြည်လက် တစ်ဆယ့်ငါးခုနဲ့ အစက်အပြောက် တစ်ဆယ့်ခြောက်ခု ပါပါတယ်"

"သရေခေတ္တရာ ဒင်္ဂါးရဲ့ ကျောဘက်မှာ ပလ္လင်ထက်က အစက်အပြောက် ငါးခုဟာ ဆီမီးခွက် ထွန်းထားပုံ သို့မဟုတ် မီးတောက်ပုံ ရှိနေလို့ ကွာခြားပါတယ်။ ဗိသုနိုးရဲ့ ရောင်ခြည်လက်များ ပါတဲ့ ဒင်္ဂါးမျိုး သရေခေတ္တရာမှာရော ဟန်လင်း ဒင်္ဂါးများမှာပါ မတွေ့ရပါဘူး။ ဒါဟာ ဗိသုနိုးဒင်္ဂါးရဲ့ ထူးခြားချက်လို့ ဆိုရပါမယ်။"

ငွေတိုက်ဝန် ဦးဘောဂသည် ပျူဒင်္ဂါးများ အကြောင်းကို ယခုလို ပြည့်စုံစွာ နှိုင်းယှဉ် ရှင်းလင်း ပြပြီး သူ့စကားကို အဆုံးသတ်လိုက်သည်။

"သည်နေ့အဖို့တော့ သည်မျှနဲ့ တော်လောက်ပြီ၊ အလျဉ်းသင့်တဲ့ တစ်နေ့မှာ ဒင်္ဂါး စက်ရုံကို သွားရောက် လေ့လာဖို့ ခမည်းတော် စီစဉ်ပေးဦးမယ် သမီးတော်" ဟု

မိန့်မြွက်ကာ ဘုရင်မင်းမြတ် အတွင်းတော်သို့ ဝင်တော်မူသည်။ ဘုရင်မင်းမြတ် ဝင်တော်မူပြီးသည်နှင့် ကျန်ပရိသတ်များ မိမိတို့ အဆောင်ရှိရာသို့ ပြန်ကြတော့သည်။

ရက်များ မကြာမီမှာပင် ဘုရင်မင်းမြတ် ရုတ်တရက် နာမကျန်း ဖြစ်တော်မူသည်မို့ ဒဂိုးစက်ရုံ လေ့လာရေးကို မစီစဉ် ပေးနိုင်တော့ပါ။ ဘုရင်မင်းမြတ်၏ ဝေဒနာမှာ သက်သာလာသည် မရှိဘဲ၊ တိုး၍သာ လာသည်။

တစ်နေ့တွင် ဘုရင်မင်းမြတ်က မိမိ ကိုးကွယ် ဆည်းကပ်နေသော ဘရသေ့အား ပင့်ခေါ် စေသည်။ ဘရသေ့ကြွလာလျှင် မှူးမတ်များစုံညီရှေ့၌ ဘုရင်မင်းမြတ်က ဤသို့ လျှောက်ထားသည်။

"ဘရသေ့ဘုရား၊ ယနေ့မှစ၍ သမီးတော်လေး ပန်ထွာကို ဘရသေ့၏ မွေးစားသမီး အဖြစ် လက်ခံတော်မူပါ။ တပည့်တော် ကိုယ်စား သွန်သင် ဆုံးမ စောင့်ရှောက်ပေးပါမည့် အကြောင်း အနူးအညွတ် လျှောက်ထား အပ်ပါတယ်ဘုရား"

ဘုရင်မင်းမြတ်၏ လျှောက်ထားသံမှာ တိုးတိတ် ညင်သာလွန်းသည်။ စကားတစ်ခွန်းနှင့် တစ်ခွန်း အားယူ၍ ပြောနေရသည်။ ရှေ့ဆက် လျှောက်ထားခြင်း မပြုနိုင်ဘဲ မျက်စိ စုံမှိတ်ကာ ခေတ္တ နားနေရသည်။ ဘုရင့် အိပ်ခန်းဆောင် တစ်ခုလုံး အပ်ကျလျှင်ပင် ကြားရမတတ် တိတ်ဆိတ်နေ၏။ ပရိသတ်အားလုံး၏ မျက်စိ အစုံသည် ဘုရင်မင်းမြတ် ပေါ်တွင်သာ ကျရောက်နေ၏။ ခဏအကြာတွင် မျက်လုံး ပြန်လည်ဖွင့်ပြီး သမီးတော်... ဟု တိုးတိုးလေး ခေါ်သည်။ ပန်ထွာမင်းသမီးသည် ဘုရင်မင်းမြတ်၏ သလွန်တော် အနီးသို့ တိုးကပ်သွားကာ ခစားလျက် ရှိပါကြောင်း ပြန်လည် လျှောက်ထား လိုက်သည်။

"ဘရသေ့ထံ သမီးတော်ကို အပ်ပြီးပြီ၊ ခမည်းတော်ရင်းကဲ့သို့ မှတ်ယူပါ။ ရိုသေလေးစားပါ။ အားကိုးပါ။ မည်သည့် ကိစ္စမဆို ဘရသေ့ကို တိုင်ပင်ပါ။ ခမည်းတော် စိတ်ချပါရစေ"

ပန်ထွာမင်းသမီးသည် ဦးခေါင်းကို အသာညိတ်ပြသည်။ ဘုရင်မင်းမြတ်သည် သူခေါင်းညိတ် ပြသည်ကို မြင်ပါရဲ့လား။ ပထွေးတော်ကို အားပေး နှစ်သိမ့်လိုပါသည်။

သည်မျှ အားမလျှော့ပါနှင့် ခမည်းတော်ဘုရား၊ သမားတော်ကြီးများ ကြိုးစား ကုပေး နေသည်မို့ ခမည်းတော် သည်တောင်က ကျော်နိုင်မှာပါ ဘုရား”

သည်စကားများကို ပထွေးတော် ကြားရမည်မဟုတ်ပါ။ သူ့ရင်ထဲမှာ ဆို့နင့်စွာ ခံစား နေရသဖြင့် နှုတ်မှဖွင့်ဟ လျှောက်ထားခြင်း မပြုနိုင်ဘဲ၊ ရင်ထဲမှ အားပေး နှစ်သိမ့် နေသော စကားများသာ ဖြစ်ပါသည်။ ထိုကြောင့် မင်းကြီး မကြားနိုင်ပါ။ ပန်ထွာမင်းသမီး ခေါင်းညိတ် ပြသည်ကိုမူ မင်းကြီးမြင်ပါသည်။

ဘုရင်မင်းမြတ်သည် သက်တော်ရှည် ပညာရှိ အမတ်ကြီး၊ စစ်သေနာပတိကြီးများ၊ မှူးမတ်များ စသူတို့ကိုလည်း သမီးတော်အား စောင့်ရှောက်ကြပါရန်၊ ပန်ထွာနိုင်ငံတော်ကြီး အေးချမ်း သာယာ၍ ဖွံ့ဖြိုး တိုးတက်စေရန် စည်းစည်းလုံးလုံး တက်ညီလက်ညီ ဝိုင်းဝန်း ဆောင်ရွက် ကြရန် မှာကြားပြန်သည်။ မင်းကြီး၏ အသံသည် တဖြည်းဖြည်း တိမ်ဝင်သွား၍ လေသံမျှသာ ထွက်တော့သည်။

နန်းတွင်း သမားတော်ကြီးသည် အသက်ကယ် နန်းတွင်း ဆေးတော်ကြီးကို ဘုရင် မင်းမြတ်၏ နှုတ်ခမ်းလွှာ ပေါ်သို့ တစ်စက်ချင်း ချပေးလိုက်သည်။ တစ်စက်...နှစ်စက်... ဆေးစက်များသည် ဘုရင်မင်းမြတ်၏ အာခံ တွင်းထဲသို့ မဝင်တော့ပေ။ နှုတ်ခမ်းလွှာမှသည် ဘေးသို့သာ စီးကျလာတော့၍ သမားတော်ကြီး၏ မျက်နှာသည် ကွက်ခနဲ ပျက်သွားသည်။ လက်ထဲမှ ဆေးခွက်ကို အသာချ၍ ဖြူလွှလွှ ဝါဂွမ်းစဖြင့် စီးကျလာသော ဆေးရည်များကို သန့်စင်ပေး လိုက်သည်။

မိဖုရားကြီး စန္ဒမုခိသည် သလွန်တော် အနီးသို့ တိုးကပ်သွား၍။ ဘုရင်မင်းမြတ်၏ မျက်နှာတော်ကို စူးစိုက် ကြည့်လိုက်သည်။ မင်းမြတ်၏ ဦးခေါင်းသည် အုံးတော်ပေါ်တွင် တည့်တည့်မတ်မတ် မရှိတော့ပေ။ ယာဘက်သို့ မသိမသာ စောင်းနေသည်ကို သတိ

ပြုမိသည်။ သူ့အကြည့်သည် မျက်နှာတော်မှသည် ရင်အုံဆီသို့ ရွေ့လာသည်။ ရင်အုံပေါ်မှ ညင်သာသော လှုပ်ရှားမှုကလေးသည် ငြိမ်သက်သွားပါပြီကော။

"ဘုရင်မင်းမြတ် မရှိတော့ပြီ…"

ဆို့နင့်သော အသံသည် မိဖုရာကြီး၏ နှုတ်မှ တိုးတိုးလေး ထွက်ကျလာသည်။

မယ်တော်စန္ဒမုခီ၏ နောက်ပါးမှ ကပ်လျက်ထိုင်နေသော ပန်ထွာမင်းသမီးသည် သလွန်ဆီသို့ လက်အုပ်ချီလျက် ဘုရင်မင်းမြတ်အား ရိုသေစွာ ဦးခိုက် ကန်တော့လိုက်သည်။ မျက်လွှာအစုံကို ပိတ်ထားလျက်မှပင် မျက်ရည်စက်တို့သည် သူ့လက်ဖမိုးပေါ်သို့ စီးကျ လာတော့သည်။

ဘုရင်မင်းမြတ် အမှာတော် ရှိသည့် အတိုင်း ခမည်းတော် ဘရသေ့ကြီး ဦးဆောင်ကာ ဗိဿနိုး ထီးနန်းတွင် ပန်ထွာမင်းသမီးကို 'ဘုရင်မ' အဖြစ် တင်မြှောက်သည်။ သို့ဖြင့် ပန်ထွာပြည်၊ ဗိဿနိုးမြို့တွင် 'ပန်ထွာဘုရင်မ' ဖြစ်လာတော့သည်။

## အခန်း(၇)
## ရွှေရောင်တော်ဘုရား ပန်ထွာဘုရင်မကုသိုလ်

နံနက် အရုဏ် မတက်မီကပင် ဗိဿနိုးတစ်မြို့လုံး နိုးထ နေကြပြီ ဖြစ်၏၊ ဗိဿနိုးမြို့သူမြို့သားများ အဖို့ ယနေ့သည် ထူးခြားသော နေ့ကြီးဖြစ်သည်။

ပန်ထွာဘုရင်မ ဦးဆောင်သော ဘာသာရေး ချီတက်ပွဲကြီးသည် ဗိသနိုးမြို့၏ အရှေ့မြောက် ဒေသ၊ မြို့ရိုး၏ အပြင်ဘက်၊ တနင်္ဂနွေထောင့် အရပ်သို့ ရှေးရှု သွားကြမည်။ သည်ချီတက် ပွဲကြီးကို ကြည့်ရှု အားပေးရန် ဗိသနိုးသူ အိမ်နီးပါးချင်းများ အချင်းချင်း အဖော် ညှိထားကြသည်မှာ မနေ့ကတည်းကပင်။ ချီတက်သွားရာ လမ်းတစ်လျှောက်ရှိ ရပ်ကွက်တိုင်းမှ အားပေး ကြမည်ဖြစ်၍ ပရိတ်သတ် နည်းလှမည် မဟုတ်။ ထို့ကြောင့် ရှေ့ဆုံးမှ နေရာရရန် စောစီးစွာ ထပြီး သွားရောက်စောင့်ကြို ကြမည်။

ဘုရင်မကြီးနှင့် အဖွဲ့သည်လည်း အဆင့်သင့်ဖြစ်ပြီ။ မကြာခင်မှာပင် ဝိဟာရ ကျောင်းများမှ အုန်းမောင်း ခေါက်သံများ ထွက်ပေါ်လာသည်။ တစ်ဆက်တည်းမှာပင် ဘုရား ဝတ်ပြုသံ၊ ဆုတောင်းသံ၊ အမျှဝေသံ၊ ကြေးစည်သံ တို့သည်လည်း ကြည်လင် သာယာစွာ ထွက်ပေါ်လာသည်။ နတ်ရွာ နိဗ္ဗာန်ကို ညွှန်းဆိုသော ဓမ္မ ဂီတသံများပင်တည်း။

သည်လို မင်္ဂလာအချိန်ကောင်း၊ အခါကောင်းတွင် နန်းမြို့အရှေ့မှ ယာဉ်ရထားများ စတင် ထွက်ခွာသည်။

ရှေ့ ဆုံးမှ ဆင်ဖြူတော်ကြီးသည် မြတ်စွာဘုရား၏ သရီရဓာတ်တော်များ ကိန်းဝပ် စံပယ်တော် မူသည့် ပတ္တမြားကြုတ်ကို သယ်ဆောင်လျက် ဖြည်းဖြည်းမှန်မှန် သွားနေသည်။ ဆင်ဖြူတော်ကြီး၏ ယာဘက်တွင် ဆင်တပ်မှ စစ်သူကြီး ဂဇဗလသည် လည်းကောင်း၊ ဝဲဘက်တွင် စစ်သူကြီး ဂဇသူရ သည်လည်းကောင်း ဆင်စီးလျက် ကြပ်မတ် လိုက်ပါ လာကြသည်။

ဆင်ဖြူတော်ကြီး၏ နောက်မှ ထီးဖြူတော်များကို ကိုင်ဆောင် ထားသည့် လေးယောက်တန်း တပ်ဖွဲ့က ခြေလှမ်းမှန်မှန်ဖြင့် လိုက်ပါလာကြသည်။

ထို့နောက်မှ အမိုးဖွင့် ယာဉ်ရထားကြီး။ မြင်းလေးကောင်က,သော ထိုယာဉ် ရထားကြီး ပေါ်တွင် ရွှေကွန်ရက်ကဲ့သို့ ဆန်းကြယ် တောက်ပပြီး၊ နောက်မှီမြင့်မြင့်၊ လက်တင် အကာအရံ များဖြင့် ပြုလုပ် ထားသော ထိုင်ခုံ ရှိသည်။ ထိုထိုင်ခုံ ပေါ်တွင်

'ပန်ထွာဘုရင်မ' လိုက်ပါ စီးနင်း လာသည်။ ဖြူလွလွ ဝတ်ရုံတော်သည် ဘုရင်မ၏ နအိ ဝင်းမွတ်သော အသားနှင့် များစွာ လိုက်ဖက်လှ၏။ ဘုရင်မ၏ ဝဲဘက်ကြမ်းခင်း ကော်ဇော ပေါ်တွင် အထိန်းတော်ကြီး မိအူက ဝပ်တွားလျက် လိုက်ပါလာသည်။

ယာဉ်ရထားကြီး၏ ယာဘက်တွင် အပြင်ကိုယ်ရံတော် တပ်မှူးကြီး နန္ဒ၊ ဝဲဘက်တွင် တပ်မှူးကြီး၏ လက်ထောက် တပ်မှူးလေး ဗိုလ်ဇေယျတို့က မြင်းကိုယ်စီဖြင့်။

ယဉ်ရထားကြီး၏ နောက်ဘက်တွင် ကပ်လျက် လိုက်ပါလာသော ရထားပေါ်၌ မယ်တော် စန္ဒမုခိမိဖုရားကြီးက စီးနင်း လိုက်ပါလာသည်။

မယ်တော်၏ မြင်းရထားနောက်တွင် သက်တော်ရှည် ဘိုးဘိုးနှင့် ပညာရှိမှူးကြီး၊ မတ်ကြီးများ၏ ယာဉ်ရထား။ ထို့နောက်တွင်မှ မယ်သစ္စာ ခေါင်းဆောင်သည့် အတွင်း ကိုယ်ရံတော် အမျိုးသမီး တပ်ဖွဲ့သည် မြင်းကိုယ်စီ စီးလျက် လိုက်ပါလာကြ၏။

အမျိုးသမီးကိုယ်ရံတော် တပ်ဖွဲ့၏ နောက်တွင် နွားလှည်းများ။ သည်နွားလှည်းများ ပေါ်တွင် မြို့ဦးစေတီ တည်ဆောက်ရန် အတွက် ပစ္စည်း ကိရိယာများနှင့် သက်ဆိုင်ရာ အမှုတော် ထမ်းများ စီးနင်း လိုက်ပါသည့် လှည်းများ။ ထို့နောက်တွင်မှ စေတီ တည်ဆောက် ရာတွင် ပါဝင် ကုသိုလ် ယူကြမည့် ပရိတ်သတ်များအား ကျွေးမွေးရန် စားရေရိက္ခာများ တင်ဆောင်လာသည့် လှည်းများ ပါဝင်သည်။

ရှေ့ဆုံး ဆင်ဖြူတော်ကြီး ဗိဿနိုးနန်းတော်မှ စတင် ထွက်ခွာလာသည်နှင့် လမ်းကြောင်း တစ်လျှောက် ဝဲယာတွင် စောင့်ဆိုင်း နေကြသော ဗိဿနိုးမြို့သူ မြို့သား များသည် ဆင်ဖြူတော်ထက်တွင် ပတ္တမြားကြုတ်ဖြင့် စံပယ်တော် မူနေသော ဓါတ်တော် များကို သဒ္ဓါရိုကျိုး ရှိခိုးကန်တော့ကြသည်။ သူတို့အနီးမှ ပန်ထွာဘုရင်မ၏ ယာဉ်ရထားကြီး ဖြတ်သွား သောအခါ "ဘုရင်မကြီး သက်တော်ရာကျော် ရှည်ပါစေ" ဟု ဆုတောင်း နှုတ်ဆက် ကြသည်။ ပန်ထွာဘုရင်မကလည်း လက်ျာလက်ကို ဝှေ့ယမ်းကာ ကြည်နူးသော

အပြုံးဖြင့် ပြန်လည် နှုတ်ခွန်းဆက်သည်။ ပြုံးပြီး နှုတ်ဆက် လိုက်သောအခါ ပြီးပြည့် စုံသော လှပသည့် ပန်းချီကားကြီး တစ်ချပ်ဖြစ်သွားသည်။

နံနက်ခင်း အလင်းရောင်သည် တဖြည်းဖြည်း အားကောင်း လာသည်။ ငှက်ကလေးများ အိပ်တန်းမှ ထကြပြီ။ တစ်နေ့တာ အစာရှာရန် အုပ်စုလိုက် ပျံသန်း လာကြသည်။ တကျွိကျွိနှင့် ချိုသာညက်ညော သံစုံနှောကာ စကားစမြည် ပြောသွား ကြသည်။ ကောင်းသတင်းရော၊ အတင်းအဖျင်းရော ပါမည် ထင်ပါရဲ့။ ဗိသနိုးမြို့တွင် အင်ကြင်း ပင်များ မရှိပါပဲလျက် ယာဉ်တန်းကြီးကို တို့ထိ သွားသော လေပြည်ထဲတွင် အင်ကြင်း ရနံ့များ ထုံသင်း မွှေးပျံ့ သွားသည်။

ဘာသာရေးချီတက် ပွဲကြီးကား တရွေ့ရွေ့ ချီတက်လျက် ရှိ၏။ လမ်းဘေး ဝဲယာတွင် လူထုပရိသတ်များ ပြတ်လပ်သွားသည် ဟူ၍ မရှိပါ။ တစ်သက်မှာ တစ်ခါ၊ ကြုံကြိုက် ခဲသော သည်ချီတက်ပွဲကို လက်မလွှတ်လိုကြ သဖြင့်လည်း မိမိတို့ လုပ်ငန်း များကို ခေတ္တ ဘေးဖယ် ထားပြီး လာရောက်ကြသည်။ တိုင်းသူပြည်သားများ အနေဖြင့် ဘုရင်မကြီးအား ဖူးမြော်ချင်တိုင်း ဖူးမြော်၍ ရသည်မှ မဟုတ်ဘဲ။ ယခုတော့ မြတ်စွာ ဘုရားရှင်၏ ဓာတ်တော်များကိုလည်း သဒ္ဓါ ကြည်ညိုစွာ ဖူးကြရသည်။ ဘုရင်မကြီး ကိုလည်း လွတ်လပ်စွာ ဖူးမြော် မြင်တွေ့ လိုက်ကြရပြီ။

ဤသို့ဖြင့် ဘုရင်မကြီး၏ ယာဉ်ရထား တစ်နေရာ အရောက်တွင် "ရှင်မ... ရှင်မ... ဘုရင်မကြီးကို ကြည့်စမ်း၊ တစ်ခါတုန်းက တို့များ ထန်းတဲကို လာဖူးတဲ့ ...ဟို...ဟို" "ရှင် ဘာတွေ ပြောနေတာလဲ။ တော်ကြော မင်းပြစ်မင်းဒဏ် သင့်နေပါဦးမယ်တော်" ဇနီး ဖြစ်သူက ဟန့်တား လိုက်သော်လည်း ထိုသူက ဆက်ပြောသည်။ "အမယ်...ဒီဘက်က မြင်းကြီး ပေါ်မှာ မောင်နန္ဒဟ..."ဟု ဝမ်းသာအားရ ပြောလိုက်၏။ သူ့အသံမှာ အနည်းငယ် ကျယ်သွားသည်။

ကိုယ်ရံတော် တပ်မှူးကြီးသည် သူ့နာမည် ခေါ်သံကို ကြားလိုက် သဖြင့် လှည့်ကြည့် လိုက်၏။ သူနှင့် အနီးဆုံး ပရိသတ်ထဲမှာ ထန်းသမားကြီး ကိုဗလ။ ပြီးတော့ ဒေါ်ရတနာကြွယ်နှင့် သူ့ရတနာကလေးများ ဖြစ်ကြသည့် ဘုစုခရုတွေအားလုံး ဝတ်ကောင်းစားလှတွေနှင့်။ ထိုမိသားစုကို တပ်မှူးကြီးနန္ဒက လက်ဝှေ့ယမ်းပြီး နှုတ်ဆက်လိုက်သည်။ သူတို့ကလည်း လက်များကို ဝှေ့ယမ်းပြီး ပြန်လည် နှုတ်ဆက်ကြသည်။ သာမန်အရပ်သား တစ်ယောက်အဖြစ်နှင့်သာ သိကျွမ်း ခင်မင်ခဲ့သူ တစ်ယောက်က ယခုတော့ဖြင့် ဘုရင်မကြီး အပါးမှာ အမှုတော် ထမ်းရသည့် မင်းမှုထမ်းကြီး ဖြစ်နေပါရောလား။ သူတို့ကို နှုတ်ဆက်သွားသည့် အတွက် ကိုဗလကြီးတို့မှာ ဂုဏ်ယူဝမ်းသာ မဆုံး ဖြစ်နေကြသည်။

နောက်ဆုံးလှည်းပင် သူတို့ကို ကျော်လွန် သွားပြီ။ ပရိသတ်ကြီးလည်း လူစုခွဲကာ ထွက်ခွာ သွားကြ၏။ ကိုဗလကြီးတို့ မိသားစုနှင့် အတူ ထန်းသမား မိတ်ဆွေများလည်း ထန်းတောသို့ ပြန်လာ ခဲ့ကြတော့သည်။ အိမ် အပြန် လမ်းတစ်လျှောက်လုံး ကိုဗလသည် တစ်ခါတုန်းက သူ့ထန်းတဲသို့ ရောက်လာ ခဲ့ဖူးသော ဘုရင်မလောင်းလျာ ဧည့်သည်တော် မိန်းကလေးနှင့် မောင်နန္ဒတို့ အကြောင်းကို ဂုဏ်ယူဝင့်ကြွားကာ ပြောပြခဲ့သည်။

ဘာသာရေး ချီတက်ပွဲမှ ယာဉ်တန်းကြီးသည် တရွေ့ရွေ့နှင့် မြို့ပြင်သို့ ရောက်လာသည်။ မြို့ရိုးပြင်ဘက် စေတီတော် တည်ဆောက်မည့် နေရာအနီး ကျောင်းသင်္ခမ်းတွင် ဘုရင်မ၏ မွေးစားဖခင် ဘရသေ့သည် သီတင်း သုံးလျက်ရှိ၏။ ထိုကျောင်းသင်္ခမ်း ရှိရာသို့ ဆက်လက် သွားကြသည်။ ကျောင်းသင်္ခမ်း အနီးတွင် ဘုရင်မ ခေတ္တ စံမြန်းရန် ယာယီ တဲနန်းနှင့် အခြားအခြားသော မင်းပရိသတ်များ အတွက်လည်း တဲတန်းကြီးများ ဆောက်လုပ်ထားသည်။

ခရီး ရောက်မဆိုက်ပင် ဘုရင်မသည် မွေးစားဖခမည်းတော် ဘရသေ့နှင့် ယမန်နေ့ ကတည်းက ကြိုတင် ရောက်နှင့် နေကြသော သံဃာ အကြီးအကဲများကို ဝင်ရောက် ဦးတိုက်သည်။ ပြီးလျှင် ယာယီတဲနန်း ရှိရာသို့ သွားရောက် အနားယူသည်။

ကျန်ပရိသတ်များလည်း နားသူနား၊ ဝိုင်းဖွဲ့ စကားပြောသူပြော၊ မြင်းများ၊ နွားများကို အစာ ကျွေးသူကျွေးနှင့်မို့ ယခင်က တိတ်ဆိတ်နေသော ကျောင်းသင်္ခမ်း ဝန်းကျင်မှာ ယခုမူ သက်ဝင် လှုပ်ရှားလျက် ရှိနေပေသည်။

ထိုညအဖို့ အားလုံး အနားယူကြပြီး နောက်တစ်နေ့နံနက် မင်္ဂလာအခါတော် အချိန်တွင် ဘုရားအလောင်းတော် 'ကြက်ဖြူမင်း' ဖြစ်စဉ်က ခြွေရံသင်းပင်း ငါးရာနှင့် နေခဲ့ဖူးသော အရပ်၌ မြို့ဦးစေတီတော်ကို စတင် တည်ဆောက်ကြသည်။ စေတီတော်၏ ဉာဏ်တော်မှာ သံတောင် ငါးဆယ်ခန့် ရှိသည်။ (သံတောင် = ၁၉. ၀၅ လက် မရှိသော အတိုင်းအရှည်) ဆင်ဖြူတော်ဖြင့် သယ်ဆောင် လာသော သရီရ ဓာတ်တော်များကို ထိုမြို့ဦး စေတီတော်မြတ်တွင် ဌာပနာတော် မူသည်။ ဤတွင် စေတီတော်မှ 'နီလ = စိမ်းညိုသော ရောင်ခြည်တော်၊ ပီတ = ဝါရွှေသော ရောင်ခြည်တော်၊ လောဟိတ = နီမြန်းသော ရောင်ခြည်တော်၊ ဩဒါတ= ဖြူဖွေးသော ရောင်ခြည်တော်၊ မဥ္ဇိဋ္ဌ = မောင်းသော ရောင်ခြည်တော်၊ ပဘဿရ = အရောင်စုံ ရောယှက်၍ ပြိုးပြိုးပြက်ပြက် ထွန်းလင်းသော ရောင်ခြည်တော်၊ ခြောက်သွယ်တို့သည် တစ်ခဲနက် တောက်ပကုန်ကြသည်။ သို့ဖြင့် ယင်းစေတီတော်ကို 'ရွှေရောင်တော်ဘုရား' ဟု ဘွဲ့မည် သမုတ်တော်မူသည်။

အခန်း(၈)

ဒွတ္တပေါင်၏အချစ်နှင့် ပန်ထွာ၏အမုန်း

ပန်ထွာဘုရင်မ အုပ်ချုပ်လျက် ရှိသော ဗိဿနိုးမြို့ (ယင်းလွင်ပြင်) ပျူတို့ ကဲ့သို့ပင်၊ မြန်မာနိုင်ငံ နယ်စပ် ယွန်ချန်ဒေသရှိ ပျူတို့သည်လည်း ဒုတိယ အသုတ်အဖြစ် မြန်မာနိုင်ငံတွင်းသို့ ဝင်ရောင် လာကြသည်။

ယင်းပျူတို့သည် သရေခေတ္တရာကို ဗဟိုပြု၍ မြန်မာနိုင်ငံ အလယ်ပိုင်းတွင် အထက်တန်း ကျသော ယဉ်ကျေးမှု ရှိသည့် ပျူနိုင်ငံတော်ကြီးကို တည်တောင်ကြမည့် ပျူများပင်ဖြစ်သည်။

ထိုပျူတို့သည် ဗိဿနိုး (ယင်းလွင်ပြင် ဒေသ)ကို ရှောင်ကွင်း၍ မြန်မာနိုင်ငံ အတွင်းသို့ စစ်တောင်းမြစ်ဝှမ်း အောက်ပိုင်းလောက် (တောင်ငူ ဒေသလောက်)မှ ဝင်ရောက် ခဲ့ကြသည်။

သူတို့သည် ဗိဿနိုးတောက်ဘက် မိုင်(၈၀)ခန့် အကွာသို့ ရောက်သောအခါ ရေမြေတောတောင် အနေအထားကို သဘောကျ နှစ်ခြိုက်ကြသဖြင့် မြို့ပြတည်ထောင် နေထိုင်ကြရန် ရွေးချယ် လိုက်ကြသည်။ ထိုနေရာမှာ ဧရာဝတီမြစ်၏ အရှေ့ဘက် (၅)မိုင် ကွာတွင် ရှိပြီး၊ ပေ (၄၅၀)ကျော်မြင့်သော တောင်ရိုးတောင်တန်း ခြားလျက်ရှိသော နေရာ ဖြစ်သည်။ နဝင်းချောင်းနှင့် ချောင်းလက်တက်များကို သူတို့၏ စီးပွားရေးအတွက် ကျောထောက် နောက်ခံအဖြစ် မှီခိုအားထား နိုင်သည့် နေရာဖြစ်သည်။

မြို့တည်မည့်နေရာ ပထဝီ အနေအထားသည် ဗိဿနိုးမြို့နှင့် အသွင်တူသည်။ မြို့ခင်းမြို့ရာ စီမံပုံမှာလည်း အသွင်တူ၏ လူနေ အဆောက်အအုံများ၊ သာသနိက အဆောက်အအုံများ ရှိရာ အပိုင်းနှင့် လယ်ယာစိုက်ပျိုးရန် အပိုင်း ဟူ၍ ခွဲခြားထားသည်။ မြို့ပြ တည်ဆောက်ရာ၌ ပြင်ပမှ ရန်သူများ ရက်ရှည်လများ ဝိုင်းရံထားပါက စားရေရိက္ခာ အတွက် ပြဿနာ မရှိစေရန် မြို့တွင်း၌ လယ်ယာလုပ်ငန်းများ လုပ်ကိုင်နိုင်သော မြေနိမ့်ပိုင်း များကို ထည့်သွင်းလျက် တည်ဆောက်ထားသည်။

ဗိသုကာပညာ (အပိုင်း)

ဗိသနိုးနှင့် ထူးခြားစွာ တူသော အချက်မှာ ရေပေါသော အင်းကြီးနှင့် ကန်ကြီးများကို အမှီပြု၍ တည်ထားခြင်ပင် ဖြစ်သည်။ ဗိသနိုးသည် မြို့၏ အရှေ့မြောက်ရှိ ရွှေရောင်တော် အင်းကို အမှီပြုတည်ဆောက် သကဲ့သို့ ဒုတိယအသုတ် ပျူတို့ကလည်း မြို့၏ အရှေ့မြောက်ထောင့်တွင် မြို့နှင့်တစ်ဆက်တည်း ဖြစ်နေသော ပင်လယ်အင်းကြီးကို အမှီပြုနေသည်။

မြို့၏ တည်နေရာနှင့် အနေအထား အခင်းအကျင်းများတွင်သာ တူညီသည် မဟုတ်၊ အဆောက်အအုံတို့၏ ပုံနှင့် ဗိသုကာ ပညာတို့တွင်လည်း တူညီသော အသွင်များ ဆောင်နေသည်။ သူတို့၏ နေအိမ် အဆောက်အအုံများကို သစ်ဝါးစသော ပျက်စီး လွယ်သည့် အရာများဖြင့် ဆောက်လုပ်သည်။ သို့သော် သာသနိက အဆောက်အအုံ များကိုမူ အုတ်ဖြင့် ဆောက်လုပ်သည်။ အချို့အုတ်နှင့်သစ် ပေါင်းစပ်၍ ဆောက်လုပ် သည်လည်း ရှိသည်။ အသုံးပြုသော အုတ်များသည်လည်း ဗိသနိုးကဲ့သို့ပင် အရွယ်အစား ကြီးမားသော အုတ်များကို အသုံးပြုကြသည်။ အုတ်များပေါ်တွင် သာမန် လက်ချောင်းရာ အရေးအစင်းများ ပါသည်။ ထိုအရေးအစင်း များပေါ်တွင် ပျူအက္ခရာ၊ ပျူဂဏန်းများကို တံဆိပ်သဖွယ် ထပ်ဆင့် ရိုက်နှိပ်ထားသည်။ နောက်ပိုင်း အတွေ့အကြုံ များပြားလာသည့် အလျောက် အဆင့်အတန်း မနိမ့်ကျသော သာသနိက အဆောက်အအုံများတွင် ပန်းဆွဲ၊ စလစ်၊ ဖောင်းတွန့်၊ ဖောင်းကွက်များဖြင့် တန်ဆာ ဆင်လာကြရာ ဗိသုကာပညာ ကြွယ်ဝ လာသည်။

ကိုးကွယ် ယုံကြည်မှုမှာ ထေရဝါဒ ဗုဒ္ဓဘာသာရော၊ မဟာယန ဗုဒ္ဓဘာသာပါ နှစ်မျိုး စလုံး ထွန်းကား ခဲ့သည်။ အများအားဖြင့် ဗုဒ္ဓဘာသာကို သက်ဝင် ယုံကြည် ကြသည်။ ရွှေဆင်းတု၊ ငွေဆင်းတု၊ ကြေးဆင်းတုမှ စ၍ ရွှံ့ဖြင့် ပုံသွင်းသော အုတ်ခွက် ဆင်းတု များကို ထုလုပ် ကိုးကွယ်ကြသည်။ ဓမ္မစေတီခေါ် ပိဋကတ်တော် ကောက်နှုတ် ချက်များကို ရွှေပြား၊ ငွေပြား၊ ကျောက်ပြားများ ပေါ်တွင် ရေးကူးကာ ပူဇော်ကြသည်။

ဆင်ယင်ထုံးဖွဲ့ မှုနှင့် ပတ်သက်၍ အဆင့်အတန်း မြင့်သည်။ ရွှေထည် လက်ဝတ်လက်စားများ ဆင်မြန်းကြ၏။ ဆင်းရဲသားများက ရောင်စုံပုတီး၊ မြေပုတီးများ ဆွဲကြသည်။ ယောက်ျား မိန်းမ မရွေး ဆံပင်ကို ဦးခေါင်းပေါ်၌ စုစည်းကာ ဆံထုံး ထုံးကြသည်။ အမျိုးသမီးများသည် ဆံထုံးပေါ်တွင် ပုလဲသွယ်များ ရစ်ပတ်ကာ အလှဆင်ကြသည်။ အချို့ အမျိုးသားများ ဦးရစ်ခေါင်းပေါင်းများ ပေါင်းကြ၏။ အိန္ဒိယ တိုင်းသားများ ဝတ်ဆင်လေ့ရှိသော ဒိုတီကဲ့သို့ ပုဆိုးကို ခါးတောင်း ကျိုက်သူများလည်း ရှိသည်။ နံငယ်ပိုင်းကိုလည်း ဝတ်ဆင်လေ့ ရှိ၏။ ခါးဝတ်မြဲမြံ စေရန် ခါးပန်းကြိုးဖြင့် ချည်နှောင်ထားကြသည်။

အဝတ်အထည်များကို ဝတ်ဆင်ရာ၌ ပိုးစစ်ထည်ကို မဝတ်ကြပေ။ ပိုးကောင်၏ အသက်ကို သေစေပြီးမှ ပိုးချည်မျှင်များ ရသောကြောင့် ဖြစ်သည်။ ထို့ကြောင့် လဲမှို့မှ ထုတ်လုပ်သော ချည်မျှင်ဖြင့် ရက်လုပ်သည့် အဝတ်အထည်များကိုသာ ဝတ်ဆင်ကြသည်။ အမျိုးသမီးများ၏ ထဘီမှာ အပြာရောင်ဖြစ်သည်။ အချို့ တောက်ပသော ပိုးတု အစများကို ချုပ်လုပ် ဝတ်ဆင်ကြ၏။ အထက်တန်းကျသော  အမျိုးသမီးတစ်ဦး လမ်းလျှောက်ထွက်လျှင် အခြံအရံ  ငါးဦး ခြောက်ဦးမျှပါသည်။ လမ်းလျှောက်ထွက်စဉ် အမျိုးသမီးတိုင်း ယပ်တောင် ကိုင်ဆောင်ကြသည်။

အလှပြင်ရာ၌ ပုတီးအမျိုးမျိုး ဝတ်ဆင်ကြသည်။ ပုတီးစေ့များမှ အလုံးပုံ၊ ဗုံတိုဗုံရှည်ပုံ၊ ခြောက်မြှောင့်၊ လေးမြှောင့် စသည့်ဖြင့် ပုံစံ အမျိုးမျိုး ဝတ်ဆင်ကြသည်။ အချို့ ပုတီးများမှာ အနက်ရောင် ခံပြီး အဖြူ အရေးအခင်းများ၊ လိမ္မော်ရောင် အောက်ခံတွင် အဖြူရေး အစင်းများ၊ ပယင်းရောင်န ရင့်နှင့်အရေးအစင်း မပါသော ပြောင်ပု တီးလုံးချောများကိုလည်း ဝတ်ဆင်ကြသည်။ ထူးထူးခြားခြား ဆင်ရုပ်ပုတီးများလည်း ရှိသည်။ ဆင်ရုပ်ပုတီးများမှာ အရွယ်အစား,စား ဖြစ်သည်။ အရွယ်ကြီးသော ဆင်ရုပ်မှသည် အလွန်သေးငယ်သော ဆင်ရုပ်ပုတီး စေ့လေးများ အထိ ပြုလုပ်ကြသည်။ အလှပြင်ရာတွင် ကြေးမုံမှန်ပြင်ကို အသုံးပြုကြ၏။

အတတ်ပညာနှင့် ပတ်သက်၍ ပျူ လက်မှုပညာသည်များသည် ပန်းတိမ်၊ ပန်းပု၊ ကျောက်ဆစ်ပညာရပ် များကို ကောင်းစွာ တတ်ကျွမ်းကြသည်။ စက်ဝိုင်းပုံ၊ လခြမ်းပုံ၊ ဘဲဥပုံ၊ ရွှေပန်းကန်၊ ငွေပန်းကန်များ လေးထောင့်ပုံ အုံစာတုံးပုံ၊ ကတော့ပုံ၊ ပြွန်ချောင်းပုံ အစ ရှိသော ရွှေကြုတ်၊ ငွေကြုတ်များ၊ ငွေလှေငယ်များ၊ ကျောက်စိမ်းဆင်ရုပ်၊ သမင်ရုပ်၊ ဖလ်ကျောက်မကန်းရုပ်၊ မဟူရာလိပ်ရုပ်၊ ဟင်္သာရုပ်၊ ဝမ်းဘဲရုပ်၊ လိပ်ပြာရုပ်များ၊ ငွေခြင်းလုံးများ၊ ရွှေနန်းကြိုး၊ ကြေးနီ နန်းကြိုး၊ သံနန်းကြိုးများကို ပြုလုပ်ကြသည်။

ကျောက်မျက်တို့ဖြင့် တန်ဆာ ဆင်ထားသော ရွှေကြာပန်း၊ ငွေကြာပန်းများလည်း လုပ်ကြ၏။ ဤသို့ ကြာပန်းခိုင်များကို ပြုလုပ်ရာတွင် ပွင့်ဖတ် အထပ်ထပ် အလွှာလွှာ၊ ဝတ်ဆံ၊ ဝတ်မှုံ၊ အညှာ၊ ရိုးတံ စသည်ဖြင့် သဘာဝနှင့် တူအောင် ပီပြင်စွာ ပြုလုပ် တတ်ကြသည်။ ထို့ပြင် ဂေါ်ဒန်ကျောက်၊ မဟူရာနီ၊ ဂေါ်မိတ်တို့ဖြင့်လည်း စိတ်ပုတီးများ ပြုလုပ် ကြသည်။ ငွေရေသောက် ဖလားများ၊ ငွေကွမ်းအစ်များ၊ ငွေနံ့သာ ဖူးများကိုလည်း လက်ရာ မြောက်စွာ ပြုလုပ်ကြသည်။

ကြေးကို ပိုင်နိုင်စွာ အသုံးပြုတတ်ကြပြီး ဖြစ်၏။ ဗုဒ္ဓ ကြေးဆင်းတုတော်များ၊ ကြေးခေါင်းလောင်းများ ထုလုပ်နိုင်သည့် အပြင် ပျူ အနုပညာဂီတကို ဖော်ညွှန်းသည့် ပလွေ မှုတ်နေဟန် ကြေးရုပ်ကိုလည်း ထုလုပ်သည်။ ပလွေမှုတ်ဟန်မှာ အလွန် ပီပြင် ထင်းရှားသည်။ ပြီးတော့ ဗုံတီးနေပုံ၊ ခွက်ခွင်း တီးနေပုံ၊ ပျော်ရွှင်မြူးထူးစွာ ကခုန် နေပုံ၊ အထုပ် တစ်ထုပ်ကို ကျောမှာပိုးပြီး ကနေသော လူရွှင်တော်ပုံ စသည့် ပန်တျာ ကြေးရုပ်များကို ပီပြင်ပေါ်လွင် ထင်းရှားအောင် ကျွမ်းကျင်စွာ ထုလုပ်နိုင်ကြသည်။

ဤတွင် အနုပညာဂီတနှင့် ပတ်သက်၍ ပျူခေတ် တစ်ခေတ်လုံးကို ခြုံ၍ တင်ပြ လိုပါသည်။

ပျူဘုရင် ယုန်ချန်သည် နန်းစောတို့က ထန်နိုင်ငံနှင့် မဟာမိတ်ပြုသည်ဟု ကြားသိ ရ၍ မိမိတို့လည်း လက်အောက်ခံ နိုင်ငံ တစ်နိုင်ငံ အဖြစ်ဖြင့် ဆက်သွယ်လိုသည်။

ယိမောယုင်သည် ဇုချွမ်အုပ်ချုပ်ရေး ဒေသ စစ်ဘက်ဆိုင်ရာ ဘုရင်ခံ 'စေကောင်း' ထံသို့ တမန် စေလွှတ်၏။ တရုတ်နန်းတော်သို့ ဂီတပညာသည်များ စေလွှတ်ခွင့် ရနိုင်ပါမည်လောဟု မေးမြန်း အစီရင်ခံသည်။ ထိုနည်းတူ ယိမောယုင်သည် ဂီတပညာသည်များ စေလွှတ်ရန် ပျူဘုရင်ကိုလည်း စီမံစေသည်။

ပျူဘုရင်သည် သူ၏ညီဖြစ်သော ယိုလိယိမြို့စား 'သုနန္ဒ'ကို ပျူနိုင်ငံဂီတအဖွဲ့တွင် အုပ်ချုပ်သူ အဖြစ် ခန့်အပ်သည်။ ချင်တူမြို့သို့ ပျူအဖွဲ့ ရောက်သောအခါ 'စေကောင်း'သည် ပျူဂီတကို လေ့လာ၍ သင်္ကေတဖြင့် မှတ်သားသည်။ ပျူတို့၏ ကပုံ, ကနည်းနှင့် တူရိယာတို့ကို တစ်ခုစီ မှတ်ယူသည်။ ယင်းတို့ကို ပုံဆွဲပြီးနောက် နန်းတော်သို့ တင်ပြခဲ့သည်။

တူရိယာ ပစ္စည်း အရေအတွက် နှစ်ဆယ့်နှစ်ခု ရှိ၏ အမျိုးအစားအားဖြင့် ရှစ်မျိုး ရှိသည်။ သတ္တု၊ ခရုသင်း၊ သားရေ၊ ကြိုးတပ်၊ ဝါး၊ ဗူး၊ ဆင်ဆွယ်၊ ဦးချိုဟူ၍ ဖြစ်၏။ အရေအတွက်မှာ သတ္တု တူရိယာနှစ်ခု၊ ခရုသင်း တူရိယာတစ်ခု၊ ကြိုးတပ် တူရိယာ ခုနစ်ခု၊ ဝါးတူရိယာ နှစ်ခု၊ ဗူးတူရိယာ နှစ်ခု၊ သားရေတပ် တူရိယာနှစ်ခု၊ ဆင်စွယ် တူရိယာနှစ်ခု၊ ဦးချို တူရိယာနှစ်ခုတို့ ဖြစ်၏။

ခေါင်းလောင်းငယ် လေးခုသည် တရုတ်နန်းတော် သံစုံတီးဝိုင်းရှိ ကုချာဂီတတွင် ပါဝင်သော ခေါင်းလောင်းတို့နှင့် တူသည်။ ခေါင်းလောင်းမျက်နှာဝ သုံးလက်မ ရှိ၏။ သားရေကြိုးနှင့် ချည်ထား၏။ ခေါင်းလောင်းများကို ဂီတ၏ နရီ အဖြစ်ဖြင့် ပိုင်းခြား တီးခတ်သည်။

ပြက်လက်မဝက်၊ အရှည် သုံးလက်မ ခွဲခန့်ရှိသော သံပြား နှစ်ချပ်လည်း ပါဝင်သည်။ မျက်နှာပြင် ချောမွတ်၏။ ကျောဖက်ကို သားရေ လက်ကိုင်နှင့် ချည်နှောင်ထား၏။ ဤသံပြားနှင့် အခြား ခေါင်းလောင်းငယ် နှစ်ခုတို့ကို ပန်းပွား ကြိုးတို့ဖြင့် ချည်ထားကာ ကြိုးထုံးတို့ဖြင့် တန်ဆာ ဆင်ထား၏။ ဤကြိုးတို့ကို အရောင်အသွေး အမျိုးမျိုး ရှိသော ခြည်ထည်စ တို့ဖြင့် ရစ်ပတ်ထားသည်။

ခရုသင်းလေးခု ပါရှိသည်။ အကြီးဆုံး ခရုသင်းသည် ရေအစိတ်သား ဝင်ခန့် ရှိ၏။ ခရုသင်းတို့ကို ပန်းပွား တို့ဖြင့် တန်ဆာ ဆင်ထား၏။

ဇာမဏီငှက်ခေါင်း စောင်းနှစ်လက် ပါသည်။ စောင်းတစ်လက်၏ လက်ရုံးသည် နှစ်ပေရှည်၏။ ဝမ်းအိုး ပြက်သည် ခုနစ်လက်မ ရှိသည်။ ဇာမဏီဦးခေါင်းနှင့် လည်တံသည် ငါးလက်မ ရှည်သည်။ အပေါ်မျက်နှာပြင်ကို မြွေရေဖြင့် ကြက်ထား၏။ ကြိုးတစ်ဆယ့်လေးကြိုး ပါသည်။ ဇာမဏီလည်တံ (လက်ရုံး)တွင် အသံညှိ ခလုတ် တစ်ဆယ့်လေးခု တပ်ထား၏။ ဇာမဏီ ဦးခေါင်းသည် အပြင်သို့ လှည့်နေ၏။ ကျန်စောင်း တစ်ဖက်ရှိ အသံညှိခလုတ်ရှည်ကို လက်ရုံးထိပ်၌ တပ်ထားသည်။

မိကျောင်းဦးခေါင်း စောင်းနှစ်လက် ပါသည်။ စောင်းတစ်လက်သည် မိကျောင်းနှင့် အလွန်တူသည်။ အရှည်လေးပေ၊ လက်လေးချောင်း တပ်ထားသည်။ ကျောဖက်ကို မိကျောင်းရေဖြင့် တပ်ဆင်ထားသည်။ အထက် မျက်နှာအပိုင်းနှင့် ပခုံးပိုင်းတို့သည် ဗျတ်စောင်း မျက်နှာစာ ပခုံးပိုင်းတို့နှင့် တူသည်။ ဝမ်းအိုးသည် ပြက်ရှစ်လက်မ ကျယ်သည်။ အမြီးပိုင်းသည် တစ်ပေကျော်ကျော် ရှည်၏။ အလှအပ ထားသော နေရာ၏ အလယ်တွင် နေရာ ချန်ကာ အမြီးသည် အပေါ်သို့ တွန့်လိမ် တက်သွားသည်။ ကြိုးကိုးချောင်းကို ခုံတန်းပေါ်တွင် တင်ထားသည်။ ဗယ်ညာ တီးခတ်နိုင်ရန် နေရာ ရွှေ့နိုင်သော ကြိုးထိန်းခုံတင် ဆယ့်ရှစ်ခု တပ်ထား၏။ အခြားမိကျောင်း စောင်းတစ်လက်မှာ မျက်နှာစာကို အရောင်အမျိုးမျိုး ရှိသော ပန်းတို့ဖြင့် တန်ဆာ ဆင်ထားသည်။ ယင်းကို မြွေရေဖြင့် ကြက်ထားသောကြောင့် တစ်မူ ထူးခြားနေသည်။

နဂါးဦးခေါင်း ဗျတ်စောင်း တစ်လက်လည်း ပါဝင်သည်။ ကုချာဗျတ်စောင်းနှင့် တူသည်။ လက်ရုံးသည် နှစ်ပေ ခြောက်လက်မခန့် ရှည်၏။ ဝမ်းအိုး၏ ပြက်သည် ခြောက်လက်မ ခန့်ရှိ၏။ လက်ရုံးထိပ်တွင် မျက်နှာချင်းဆိုင် နေသော နဂါး ဦးခေါင်း နှစ်လုံး တပ်ထား၏။ အသံညှိခလုတ် သုံးခုနှင့် လက်ကွက် သုံးခုရှိ၏။ ကြိုးသုံးချောင်း တပ်ထားသည်။ ခလုတ်နှစ်ခုကို လက်ရုံးတွင် တပ်ထားသည်။ ခလုတ်တစ်ခုကို

စောင်းအိုးနှင့် လက်ရုံးဆက်နေသော နေရာတွင် တပ်ထား၏။ ပုံသေ တပ်ထားသော ကြိုးထိန်းခုံကို ခြသေ့်ပုံသဏ္ဍာန် ပြုလုပ်ထား၏။

မိုးတိမ်ဦးစွန်း ဖျတ်စောင်း တစ်လက်လည်း ပါသည်။ ပုံသဏ္ဍာန်မှာ အထက်တွင် ဖော်ပြ ပြီးသည့်အတိုင်း ဖြစ်သည်။ မျက်နှာစာကို မြွေရေဖြင့် ကြက်ထား၏။ လေးဘက် လေးတန်တွင် ဆင်စွယ်တိုင် ဖုလုံးကလေးများ တပ်ထားသည်။ ဦးခေါင်းသည် မိုးတိမ် ဦးခေါင်းပုံ ရှိ၏။ အသံညှိ ခလုတ်တို့တွင် ပန်းပွင့်ပုံ ထုထား၏။ တရုတ်အက္ခရာ ဖင့်ပုံသဏ္ဍာန် ရှိသည်။ ကြိုး သုံးကြိုးပါ၏။ ပုံသေကြိုး ထိန်းခုံကို မြွေရေဖြင့် ကြက်ထား၏။ လက်ခတ်ပြားပေါ်တွင် ကနေသော ခုန်လုန်ရုပ်ပုံပါ၍ ဆေးရောင်စုံ ချယ်ထားသည်။

ဗူးခွံဖြင့် ပြုလုပ်ထားသော ဗူးကြီးစောင်း နှစ်လက်ရှိသေးသည်။ ဝမ်းအိုးကို ဗူးခွံ တစ်ခြမ်းဖြင့် ပြုလုပ်ထား၏။ ဆေးရောင်စုံ ချယ်ထားသည်။ အပေါ်ဘက်တွင် ကြေးခွက် တစ်ခွက် ထည့်ထားသည်။ ဝမ်းအိုးပိုင်း၏ အဖုံးကို ဝါးဖြင့် ပြုလုပ်ထားသည်။ ယင်း၏ မျက်နှာစာတွင် မြွေနဂါးရုပ် တစ်ကောင်သည် ကန့်လန့် ဖြတ်လျက်ရှိ၏။ စောင်းသည် သုံးပေကျော် ရှည်သည်။ ခေါင်းပိုင်းသည် လက်နှစ်ဖက် ယှက်ထားသကဲ့သို့ ရှိသည်။ နှစ်လက်မ ရှည်သည်။ တူရိယာ၏ အပေါ်ပိုင်းနှင့် ဝမ်းအိုးပိုင်းကို ကျစ်ကြိုးဖြင့် ချည်နှောင် ထားသည်။ ကြေးခွက်ကို ဗူးခွံ အောက်ခြေတွင် အံဝင်ခွင်ကျ တပ်ထားသည်။ ရေငါးဆယ်သားခန့် ဝင်ဆံ့သည်။

ကြိုးတစ်ချောင်းတည်း တပ်ထားသော ဗူးစောင်း တစ်လက်လည်း ရှိသေး၏။ အစက်အပြောက် ပါသော ဝါးဖြင့် ပြုလုပ်ထားသည်မှ တစ်ပါး တစ်စုံတစ်ရာ ချယ်လှယ် မွမ်းမံ ထားခြင်းမရှိ။ သစ်သားဖြင့် မြွေနဂါးပုံပြုလုပ် ထားခြင်းမှာလည်း ကြိုးတပ်နိုင်ရန် အလို့ငှာဖြစ်၏။ လက်ကွက်လေးခုသည် ကုချာတူရိယာ နဂါးဦးခေါင်း ဖျတ် စောင်းမှာ ကဲ့သို့ပင်ဖြစ်၏။

ဖူးခွံငယ်ဖြင့် ပြုလုပ်ထားသော ဖူးငယ်စောင်းနှစ်လက် ရှိသေးသည်။ အရှည် နှစ်ပေ ရှိ၏။ ဖူးကြီးစောင်းနှင့် ပုံသဏ္ဌာန် အတူတူပင်ဖြစ်သည်။

တစ်ဘက်ပိတ် ပလွေ နှစ်လက်ပါသည်။ ပလွေ တစ်လက်သည် တစ်ပေကျော်ခန့် ရှည်၏။ တူရိယာအား လုံးသည် ဤပလွေ၏ အသံမှ အသံနိမ့်မြင့်နှင့် ညှိယူကြရသည်။ ပလွေတွင် ဝါးဆစ်အမြစ်များ မကျန်စေရန် ချောထား၏။ ခေါင်းပိုင်းကို ဖယောင်းဖြင့် ပုံဖော်ထား၏။ ပလွေ၏ ထိပ်ဘက်တွင် ဆင်စွယ်ဖြင့် ထုလုပ်ထားသော ခြင်္သေ့ ဦးခေါင်း စွပ်ထားသည်။ လက်ပေါက်ခြောက်ပေါက် ရှိသည်။

ဆင်စွယ်ဖြင့် ခေါင်းတပ်ထားသော ပလွေ တစ်လက်လည်း ပါဝင်သေးသည်။ ဤပလွေ၏ အသံ နိမ့်မြင့်ကို ယှဉ်ယူ၍ ပလွေကျမ်းလာ အသံနိမ့်မြင့်ဖြင့် ဖော်ထုပ်ယူရသည်။

နှစ်မြွာပလွေ နှစ်လက်လည်း ပါရှိသည်။ နှစ်ပေရှစ်လက်မစီ ရှည်၏။ အလယ်တွင် ဝါးအဆက်ဖြင့် ပိုင်းထားသည်။ အဆက်၏ လက်ဝဲနှင့် လက်ယာဘက်သို့ မှုတ်သွားသော လေထွက်ရန် လေထွက်ပေါက်များ ရှိသည်။ ပလွေသံထွက်ရန် အစွန်းနှစ်ဖက် စလုံးကို လိုဏ်ခေါင်းပေါက်ထဲတွင် ခွဲထား၏။

ဖူးဖြင့်ပြုလုပ်ထားသော လေမှုတ် သံစုံဖူးကြီး နှစ်လက်ပါသည်။ နှစ်လက်စလုံးတွင် ပိုက်လုံးပေါင်း တစ်ဆယ့်ခြောက်ခုစီ ရှိ၏။ လက်ဝဲဘက်တွင် ရှစ်ခု၊ လက်ယာဘက်တွင် ရှစ်ခုစီ တပ်ထား၏။ ပိုက်လုံးတို့ကို စီထားပုံသည် ဇာမဏီငှက် တောင်ပံနှင့်တူ၏။ အရှည်ဆုံး ပိုက်လုံးမှာ လေးပေ ရှစ်လက်မခွဲ ရှိ၏။ အခြားပိုက်လုံးတို့ကို အတိုအရှည် ကြီးစဉ် ငယ်လိုက် စီထားသည်။ ပိုက်လုံးများကို စီစဉ်ထားပုံမှာ တရုတ်လေမှုတ် သံစုံဖူးတွင် စီစဉ် ထားသကဲ့သို့ ဖြစ်၏။ ပုံသဏ္ဌာန်မှာ ဇာမဏီငှက်တောက်ပံပုံချင်း တူလှ၏။ လျှာခင်းကို ဝါးဖြင့်ပြုလုပ်၏။ ဝါးပိုက်လုံးများကို ဖူးအောက်ခြေအထိ စိုက်ထည့်ထား၏။ တရုတ်နိုင်ငံတွင် ရှေးဖူးတူရိယာ ရှစ်မျိုးကို သစ်သား၊ ယွန်းတို့ဖြင့် အစားထိုးခဲ့သည်။ သတ္တုကို လျှာခင်အဖြစ်

အသုံး ပြုခဲ့သည်။ ယင်းဗူးတူရိယာ အစစ်အမှန်ကို ဤနိုင်ငံတွင် မတွေ့နိုင်တော့ပေ။ ပျူနိုင်ငံတွင်သာ ရှေးပုံစံကို တွေ့ရ ပေတော့သည်။

ဗူးဖြင့်ပြုလုပ်သော လေမှုတ် သံစုံဗူးငယ် နှစ်လက်လည်း ပါသည်။ စီစဉ် ပြုလုပ်ထားပုံမှာ လေမှုတ် သံစုံဗူးကြီးနှင့် တူသည်။ ဤဗူးကြီး၊ ဗူးငယ်တူရိယာ နှစ်ခုစလုံး လင်ကျွမ်းရှန်ဖြင့် မှုတ်၏။

သုံးမျက်နှာစုံ နှစ်လုံးပါသည်။ အမြင့်နှစ်ပေ၊ အထက်ပိုင်းကျယ်ပြီး၊ အောက်ပိုင်း ကျဉ်းသွား၏။ ပုံမျက်နှာဝသည် ခုနစ်လက်မခန့် ကျယ်၏။ အောက်ခြေအဝမှာ လေးလက်မ ရှိ၏။ ခါးလယ်ပိုင်းသည် မျက်နှာဝလောက် ပြက်မရှိ။ (ခါးသိမ်၏)။ ပုံသုံးလုံးကို မြွေရေ တစ်စပ်တည်းဖြင့် ကြက်ထားသည်။ ထိုပုံတို့ကို အပြာရောင်ကြိုးဖြင့် ချည်ထား၏။ ပုံအောက်ပိုင်းကို မြေပေါ်တွင် ချထား ရသဖြင့် မြွေရေဖြင့် ကြက်မထားပေ။ ပုံ၏ လေးဘက်လေးတန် (ဘေးသုံးဘက်နှင့် အထက်ဘက်)တွင် လေမှုတ်သံစုံ ဗူးနှင့် ပုံတီးနေသော ပျူဂီတ ပညာသည်တို့၏ ရုပ်ပုံများကို ရေးဆွဲထား၏။

ပုံငယ် လေးလုံးပါ၏။ အိုးစည်ပုံ ခါးသိမ်ပုံမျိုး ဖြစ်သည်။ ပုံလေးလုံးသည် အမြင့် ငါးလက်မစီ ရှိ၏။ မျက်နှာဝသည် သုံးလက်မခွဲ ရှိ၏။ မြွေရေဖြင့် ကြက်ထား၏။ လက်ကိုင်ရိုး မရှိ။ ယင်းကို ဂီတ၏ စည်းဝါးကိုက်အောင် လှုပ်ပေးရသည်။ အစီအစဉ် ကြေညာသူ အားလုံးသည် ထိုပုံကလေးများကို ကိုင်ထားရသည်။

ဆင်စွယ်ဖြင့် ပြုလုပ်ထားသော လေမှုတ် တူရိယာတစ်လက် ပါဝင်၏။ ဆင်စွယ်ကို ဗူးအောက်ခြေအထိ ထိုးစိုက်ထာ၏။ ချိပ်ရည် လိမ်းကျံထားသည်။ ဆင်စွယ်နှစ်ချောင်းကို ဝါးပိုက် နေရာတွင် အစားထိုး အသုံးပြုထားသည်။ လျှာခင် နှစ်ခုပါ၏။

ဦးချို သုံးချောင်းဖြင့် ပြုလုပ်ထားသော လေမှုတ် တူရိယာတစ်လက် ပါဝင်၏။ ဤဦးချို တို့ကိုလည်း ဗူးအောက်ခြေသို့ ရောက်အောင်စိုက်၍ ချိပ်ရည် လိမ်းကျံထားသည်။ နွားဦးချို သုံးချောင်းကို ထိုနေရာတွင် စိုက်ထားသည်။ ဦးချို အဖျားကို အောက်ဘက်၌

ထားကာ ဖူးအောက်ခြေ အထိ ထိုးစိုက်ထား၏။ နှစ်ဘက်စလုံးတွင် လက်ကိုင်ပါ၏။ လေမှုတ်ပေါက်ကို တည့်တည့် ထားသည်။

ဦးချိုနှစ်ချောင်းပါ လေမှုတ်တူရိယာ တစ်လက်ပါသေးသည်။ နွားချိုနှစ်ချောင်းကို ဖူးအောက်ခြေအထိ ထိုးစွပ်ထား၏။ ဤတူရိယာ၌ လျှာခင်ပါသည်။ ဖူးကိုဆေးရောင်စုံ ချယ်လှယ် မွမ်းမံထားသည်။

ထို့ပြင် တေးဂီတနှင့် ပတ်သက်၍လည်း 'ပျူနိုင်ငံမှ လက်ဆောင် ဆက်လာ၏ တေးဂီတ တစ်ဆယ့်နှစ် ပုဒ်ရှိ၏။ ဂီတပညာသည် သုံးဆယ့်ငါးဦးကို နန်းတော်သို့ ဝင်စေ၏။ သီချင်း တစ်ဆယ့်နှစ်ပုဒ် စလုံးမှာ ဗုဒ္ဓဝါဒသုတ္တန်နှင့် သျှုတြကျမ်းတို့လာ ဇာတ်လမ်းတို့မှ ယူငင် ဖွဲ့ဆိုထားခြင်း ဖြစ်ပေသည်။ ပျူတို့သည် ယူနန်ဒေသ၏ အနောက်တောင်ဘက်၊ အိန္ဒိယပြည်နှင့် နီးကပ်သော ဒေသတွင် နေထိုင်ကြသည်။ ဤအကြောင်းသည် သူတို့၏ ဂီတတွင် ဗုဒ္ဓဝါဒ ကျမ်းဂန်လာ ဇာတ်လမ်းတို့ကို ယူငင် ဖွဲ့ဆိုခြင်း၏ အကြောင်းရင်း ဖြစ်သည်ဟု ဖော်ပြထားသည်။

တူရိယာ တီးမှုတ်သူများသည် အဝတ် ဆင်တူ ဝတ်ကြရသည်။ ပျူဂီတကို 'မြို့ ဝန်စေကောင်း' မှတ်သား စားရင်းယူသည့် နေရာမှာ ချင်တူမြို့တွင် ဖြစ်သည်။ တန်နန်းတော်သို့ ပျူဂီတအဖွဲ့ မရောက်သေးပေ။ ပျူတို့သည် မြန်မာလ သီတင်းကျွတ်၊ အင်္ဂလိပ်လ စက်တင်ဘာ၊ အောက်တိုဘာအတွင်း ချင်တူမြို့သို့ ရောက်ရှိ တီးမှုတ်ခဲ့ကြသည်။ နေ့အချိန်၊ ညအချိန် နှစ်ပိုင်းခွဲ၍ သီချင်း တစ်ဆယ့်နှစ်ပုဒ်ကို သီဆို တီးမှုတ်ကြ၏။ ပျူဂီတသည် စနစ်တကျ အဆင့်အတန်း မြင့်မားကြောင်း၊ တူရိယာ ပစ္စည်းတို့ကို စီစဉ် တီးမှုတ် ပုံမှာလည်း သံစုံ တီးဝိုင်းအဆင့် ရှိကြောင်း မှတ်တမ်း တင်ထားသည်။

ပျူတို့သည် ကိုယ်ပိုင် တူရိယာ ပစ္စည်းများကို တီထွင် တီးမှုတ် နိုင်ကြသကဲ့သို့ ကိုယ်ပိုင် စာပေကိုလည်း တီထွင်ပြီး ဖြစ်၏။ ပျူစာပေအပြင် နာဂရီ အက္ခရာနှင့် ရေးသားသော သက္ကတစာလည်း ရှိခဲ့သည်။ ထို့ပြင် ပါဠိဘာ သာဖြင့် ရေးသာထားသော

ရွှေပြားများ၊ ကျောက်စာများ၊ ရွှေပုရပိုက်များလည်း ရှိသည်။ ရွှေရွက်ရေ (၂၀) ရှိသော ရွှေပုရပိုက်တွင် ဝိနည်း မဟာဝါပါဠိတော်လာ "ယေဓမ္မာ ဟေတုပ္ပဘဝါ..."အစရှိသော ဂါထာကို အစပျိုး၍ ဒီဃနိကာယ်ပါဠိတော်၊ မဇ္ဈိမနိကာယ်ပါဠိတော်၊ အဘိဓမ္မပိဋကတ်၊ ဝိဘင်းပါဠိတော် စသည်တို့မှ ကောက်နုတ်ချက်များကို ရေးသားကြသည်။ ထို့ပြင် ရွှေချပ်လွှာများပေါ်တွင် ပဋိစ္စသမုပ္ပါဒ ဒေသနာ အစရှိသော ကောက်နုတ် ချက်များကိုလည်း ရေးသားကြသည်။ ပျူတို့သည် သူ့အသက် သတ်ခြင်းကို မုန်းတီး ရွံ့ရှာကြ၏။ ထောင်ပေါင်း များစွာသော အိမ်ထောင်စုတို့သည် တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် ကြင်ကြင်နာနာ ပေါင်းသင်း နေထိုင်ကြ၏။

အပြစ်တစ်စုံတစ်ရာ ကျူးလွန်သူတို့ကို ထောင်တန်းချခြင်း၊ နှောင်တည်းခြင်း မပြုဘဲ၊ ဝါးပင်ငယ် (၅၀)နှင့် တုပ်နှောင်ကြ၏။ အကယ်၍ ထိုသူသည် နောက်ထပ်ပြစ်မှု ကျူးလွန်ပါက ကျောပြင်ကို ငါးချက် ရိုက်သည်။ လူသတ်မှု ကျူးလျှင်ကား ခွင့်မလွှတ်၊ သေစား သေစေသည်။

ပျူတို့သည် နိမ့်ချသော သဘောရှိ၏။ တည်ကြည်စွာ နေတတ်၏။ စကား နည်းကြ၏။ ငြိမ်းချမ်းမှုကို လိုလားသော သူများဖြစ်ကြ၏။ ရှိသေထိုက်သူကို ရှိသေကြ၏။ ပျူအချင်းချင်း တွေ့ဆုံကြလျှင် လက်မောင်းကို ကိုင်ကာ ဦးညွတ်၍ အလေးပြု နှုတ်ဆက်ကြသည်။

ပျူတို့ကို အုပ်ချုပ်ရသော အကြီးအကဲမှာ မင်းဖြစ်၏။ မြို့လယ်တွင် အုပ်ချုပ်သူ မင်းအတွက် သီးသန့်နေရာ ဆောက်လုပ် ထားပေးသည်။ အုပ်စိုးခဲ့သော မင်းများမှာ ဝိကရမ(ဝိကြမ္မ) မင်းဆက်များ ဖြစ်၏။ သူရိယဝိကရမမင်းသည် သက်တော် (၆၄)နှစ်တွင် လည်းကောင်း၊ ဟရိဝိကရမမင်းသည် သက်တော်(၆၄)နှစ်တွင် လည်းကောင်း၊ ဟရိဗိကရမ မင်းသည် သက်တော် (၄၁)နှစ်တွင် လည်းကောင်း၊ သီဟဝိကရမ မင်းသည်ကား သက်တော် (၄၄)နှစ်တွင် လည်းကောင်း နတ်ရွာစံသည်။

နတ်ရွာစံမင်း၊ မိဖုရားစသူတို့၏ ရုပ်ကလာပ်ကို မီးရှို့ ပြာချပြီး ကျောက်အရိုး အိုးများတွင် ထည့်သွင်း မြှုပ်နှံသည်။ အိုးပတ်လည်တွင် ကမ္ပည်းစာ ရေးထိုးသည်။

သာမန်အရပ်သူ အရပ်သားများ၏ အရိုးပြာများကိုမူ မြေအိုးတွင် ထည့်၍ မြှုပ်နှံသည်။ အရိုးအိုးများမှာ အဖုံးပါသည့် ဘောင်စောက်အိုးများ ဖြစ်သည်။ အိုးတွင် ဖောင်းရစ်များ ဖော်ထား၏။ သပိတ်ပုံ အိုးများနှင့်လည်း မြှုပ်နှံသည်။ အရိုးပြာများနှင့်အတူ သေသူ၏ အဆောင်လက်စွပ်၊ ပုတီးစသော အသေးအဖွဲ့ ပစ္စည်းများပါ ထည့်သွင်းမြှုပ်နှံ လေ့ရှိသည်။

ပျူတို့၏ အစွဲအလန်းမှာ 'သံ'သည် မကောင်းဆိုးဝါးများကို ကာကွယ်နိုင်သည်ဟု ယုံကြည်ခြင်းပင် ဖြစ်၏။ ထို့ကြောင့် သံမယ်နကြီးများကို မြို့ရိုးပတ်လည်တွင် လည်းကောင်း၊ အဆောက်အအုံ ပတ်လည်တွင် လည်းကောင်း ရိုက်သွင်းထားကြသည်။ အရိုး အိုးထဲတွင်လည်း သံဓား၊ သံချောင်း၊ သံချိတ် စသည်တို့ ထည့်ပြီး မြှုပ်နှံလေ့ ရှိကြသည်။

ယင်းသို့ ဝိကရမမင်းဆက်များ အုပ်စိုးလာခဲ့ကြရာ (၃၅)ဆက်မြောက် မင်းမှာ သုမ္ဘုလမည်သော ပျူမင်းဖြစ်၏။ ထိုမင်းဆက်များသည် နန်းစံသက်(၃၅)နှစ် ရှိသော် ရသေ့ရဟန်း ပြုမြဲ ဖြစ်သည်။ ယခုလည်း သုမ္ဘုလမင်းသည် နန်းစံသက် (၃၆) နှစ်ရလျှင် ရသေ့ ပြုလေသည်။ ထီးနန်းကို သမီးတော် ပျူမင်းသမီး နန်းခမ်း(မာလာစန္ဒီ)က ဆက်ခံသည်။ သကျသာကီဝင် မင်းမျိုးဖြစ်သော ပျူမင်းသမီး အုပ်ချုပ်ရာ အရပ်ဖြစ်၍ ထိုအရပ်သည် သကျအင်း တွင်လေသည်။

ထိုအချိန်တွင် တကောင်းပြည်မှ အိမ်ရှေ့မင်းသား ခေပဒူတသည် ဝက်ကြီးကို နှိမ်နင်းရင်း ထိုအရပ်သို့ ရောက်လာသည်။ ဝက်ကြီးကို နှိမ်နင်းပြီးနောက် သံဝေဂရကာ ထိုအရပ်တွင်ပင် ရသေ့ဝတ်ပြီး နေထိုင်သည်။ အိမ်ရှေ့ မင်းသား ရသေ့ မဝတ်မီကပင် ထိုအရပ်၌ ရသေ့များ ရှိနှင့်ပြီးဖြစ်၏။ ခေပဒူတရသေ့သည် တရားဓမ္မကို ကောင်းစွာ

ကျင့်ကြံ အားထုတ်ရာ မကြာမီပင် ဈာန်အဘိညာဉ် ရသည်။ ဘုန်းတန်ခိုး အာနဘော် အလွန်ကြီးမြတ်တော်မူသဖြင့် ပျူမင်းသမီးနန်းခမ်း (မာလာစန္ဒီ)နှင့်တကွ သူ့လက်အောက်ရှိ ပျူလူမျိုးများအားလုံး ခေပဒူတ ရသေ့ကြီးကို ဆည်းကပ် ကိုးကွယ်ကြလေသည်။

ခေပဒူတရသေ့ကြီး တန်ခိုးကြီးနေချိန်တွင် တကောင်းပြည်မှ သတိုးမဟာရာဇာ မင်းကြီး၏ သားတော် များဖြစ်သော မဟာသမ္ဘဝနှင့် စူဠသမ္ဘဝတို့ ရောက်လာကြသည်။ ခေပဒူတ ရသေ့ကြီးသည် ပျူမင်းသမီး နန်းခမ်း (မာလာစန္ဒီ)နှင့် တိုင်ပင်ကာ တူတော်သူ မဟာသမ္ဘဝကို နန်းခမ်းနှင့်လည်းကောင်း၊ မိမိ၏ မွေးစားသမီး ဘေဒါရီနှင့် လည်းကောင်း ထိမ်းမြား စေသည်။ ပြီးတော့ 'ရသေ့မြို့'ဟု မြို့တည်ပြီး တူတော် မဟာသမ္ဘဝကို ထီးနန်း စိုက်စေသည်။ (ရသေ့မြို့ တည်ရာသည် ယခု ပြည်ရွှေဆံတော် ဘုရား၏ အရှေ့ တောင်ယွန်း အရပ်တွင် ဖြစ်သည်)။

မဟာသမ္ဘဝမင်းသည် ရသေ့မြို့တွင် သာသနာနှစ် (၆၀)၌ နန်းစံသည်။ မဟာသမ္ဘဝမင်းနှင့် ပျူမိဖုရားနန်းခမ်း (မာလာစန္ဒီ)တို့မှ 'စန္ဒာဒေဝီ' ဆိုသည့် သမီးတော်လေး တစ်ပါး ဖွားမြင်သည်။ ထိုမင်းသည် (၆)နှစ် နန်းစံပြီးနောက် နတ်ရွာ စံသည်။ ထိုအချိန်တွင် မိဖုရားဘေဒါရီမှာ ပဋိသန္ဓေသုံးလနှင့် ကျန်ရစ်သည်။

အိမ်ရှေ့ မင်းစူဠသမ္ဘဝက ရသေ့မြို့ ထီးနန်းကို ဆက်ခံသည်။ ငယ်ချစ်ဦးအိမ်ရှေ့ မိဖုရား စန္ဒမုခိကို မိဖုရားခေါင်းကြီး အဖြစ် ချီးမြှောက်ခြင်း မပြု။ မရီးတော် ဘေဒါရီကိုသာ မိဖုရားခေါင်းကြီး အဖြစ် ချီးမြှောက်တော်မူသည်။ သည်အတွက် မိဖုရားစန္ဒမုခိသည် နာကြည်း လှ၏။ အချိန်တန်လျှင် မိဖုရားကြီး ဘေဒါရီသည် (မဟာသမ္ဘဝမင်းနှင့် ရခဲ့သော) သားတော်လေး တစ်ပါးကို ဖွားမြင်သည်။ သူကား 'ဒွတ္တပေါင်' မင်းသားပင် ဖြစ်သည်။

ဗိသနိုးမှ ပန်ထွာနှင့်ရသေ့မြို့မှ ဒွတ္တပေါင်တို့သည် နိုင်ငံခြားနေခဲ့ ကြသော်လည်း သူတို့ နှစ်ဦးမှာ သွေးမဝေးကြပါ။ နောင်တော် မဟာသမ္ဘဝနှင့် ဘေဒါရီတို့မှ ဒွတ္တပေါင်ကိုမြင်သည်။

ညီတော် စူဠသုဒ္ဓဝနှင့် စန္ဒမုခိတို့မှ ပန်ထွာကိုမြင်သည်။ သည်တော့ ဒွတ္တပေါင်နှင့် ပန်ထွာတို့သည် မောင်နှမ တစ်ဝမ်းကွဲ တော်စပ်ကြသည်။

သည်မျှ သွေးနီးသောကြောင့် ပန်ထွာမင်းသမီးသည် ဒွတ္တပေါင်မင်းသားကို လွန်စွာ မုန်းတီးသည်။ ဒွတ္တပေါင် ဆိုသော အမည်ကို ကြားသည်နှင့် သူ့ရင်ထဲမှာ ဒေါသ မုန်းတိုင်းသည် တလိပ်လိပ် တက်လာသည်။ သည်နာမည်ကို ကြားရလျှင် နားခါးလှသည်။

ဒွတ္တပေါင်မင်းသား ဘက်ကမူ ပန်ထွာ၏ သဘောထားနှင့် လုံးလုံးလျားလျား ဆန့်ကျင် နေသည်။ 'ပန်ထွာ' ဟု ကြားလိုက်သည်နှင့် သူ့ရင်ထဲတွင် လှိုက်ခနဲ ခုန်သွားသည်။ ရင်ထဲမှာ နွေးသွားသည်။ ပန်ထွာဆိုသော နာမည်သည် သူ့နားထဲတွင် ပျားသကာလို ချိုလှသည်။ သူ့မယ်တော် ဘေဒါရီ၏ ဝမ်းကြာတိုက်တွင် သူကိန်းအောင်း နေစဉ်မှာပင် ပန်ထွာတို့ သားအမိသည် ရသေ့မြို့ နန်းမှ ထွက်ခွာသွားကြ ပြီမို့ ပန်ထွာကို သူ မမြင်ဖူးလိုက်ပေ။ ထို့ကြောင့် အစ်မတော်ပန်ထွာကို မြင်ဖူးချင်လှသည်။

ဦးရီးတော် စူဠသုဒ္ဓဝမင်းနှင့် မယ်တော် ဘေဒါရီတို့သည် စန္ဒမုခိမိဖုရားနှင့် သမီးတော် ပန်ထွာမင်းသမီးတို့ အကြောင်းကို တစ်လုံးတစ်ပါဒမျှ ပြောပြခြင်း မရှိပါ။ ရေငုံ နှုတ်ပိတ်ကာ ပန်ထွာတို့ ဇာတ်ကြောင်းကို ပြည်ဖုံးကား ချထားကြသည်။

သို့သော် ပူးတစ်ရာ၏ အပေါက်များကို ပိတ်ဆို့ထား၍ ရသော်လည်း နှုတ် တစ်လွှာကိုမူ ပိတ်ဆို့ ထား၍ မရ စကောင်းပေ။ ဒွတ္တပေါင်မင်းသား မွေးဖွားကြီးပြင်ရာ ရသေ့မြို့ နန်းတွင်းသူ နန်းတွင်းသားများ ထံမှ ဟိုတစ်ခွန်း သည်တစ်စဖြင့် ပန်ထွာ မင်းသမီး၏ ဘဝ ဇာတ်ကြောင်းကို သိလာရသည်။ ပန်ထွာ၏ အလှသတင်းကို ကြားလာ ရသည်။ ပန်ထွာ၏ ထက်မြက်မှု၊ စိတ်နေစိတ်ထား၊ အရည်အသွေး စသည့်ကောင်းသတင်း အထွေထွေကို သိလာရ၏။ သည်အခါ ဒွတ္တပေါင်၏ ရင်ထဲတွင် ပန်ထွာမင်းသမီးကို တမ်းတမ်းတတ ဖြစ်လာသည်။ လွမ်းလွမ်းဆွတ်ဆွတ် ဖြစ်လာသည်။ သည်လိုနှင့် ဒွတ္တပေါင်သည် ရမ္မက်မဟုတ်သော အချစ်ဖြင့် ပန်ထွာကို မြတ်မြတ်နိုးနိုး ချစ်လာခဲ့လေပြီ။

ဒွတ္တပေါင်မင်းသားချစ်သမျှ ပန်ထွာမင်းသမီးက ဘာကြောင့်များ ခါးခါးသီးသီး မုန်းတီး နေပါလိမ့်။

သည်ပြဿနာ၏ အကြောင်းရင်းကို ဆန်းစစ် ကြည့်ပါက အတိတ်တွင် ဖြစ်ခဲ့သော အကြောင်းတစ်ရပ်၊ ပစ္စုပ္ပန်ကာလ မျက်မှောက်ဘဝ အခြေအနေ တစ်ရပ် တို့ကြောင့်ဟု ဆိုက မှားအံ့မထင်။

အတိတ်အကြောင်းကို ပြန်ပြောင်းရသော် ဖိုးဦးတောင်သို့ မြတ်ဗုဒ္ဓ ကြွလာတော်မူသည် မှစ၍ ပြောရပေမည်။

## အခန်း(၉)

## ပွေးဖိုနှင့်ပွေးမ၊ အမုန်းမမျှ ချစ်သံသရာ

သစ်ရိပ်တို့ဖြင့် စိမ်းစိုညို့မှိုင်းလျက် သာယာလှသော ဖိုးဦးတောင်။ ဂေါတမ မြတ်စွာ ဘုရားအလောင်းတော်သည် ခြသေ့်မင်း ဖြစ်စဉ်က ထိုတောင်တည်ရာ၌ နေခဲ့ ဖူးသည်။ ထို့ကြောင့် 'သီဟပဗ္ဗတတောင်' ဟုလည်း အမည်တွင်သည်။

ထိုတောင်ပေါ်မှ ကြည့်လျှင် တောင်ခြေတွင် ဧရာဝတီမြစ်သည် တောင်ဘက်သို့ ကသီကရီ စီးဆင်းသွား သည်ကို ကြည်နူးဖွယ် တွေ့ရသည်။

ဂေါတမမြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ဗာရာဏသီ ပြည်၌ ပထမဝါဆို တော်မူ၏။ ခြောက်ကျိပ်သော ရဟန်းတို့ကိုလည်းကောင်း ဘဒ္ဒဝဂ္ဂီ သုံးကျိပ်တို့ကို လည်းကောင်း အရပ်ရပ်သို့ စေလွှတ်တော် မူပြီးနောက် ကိုယ်တော် တစ်ပါးတည်းသာ ဖလသမာပတ် ချမ်းသာကို ခံစားတော်မူသည်။ သမာပတ်မှ ထတော် မူပြီးနောက် ဒိဗ္ဗစက္ခုဉာဏ်၊ အနာဂတံသ ဉာဏ်တော် တို့ဖြင့် ကြည့်တော်မူသော် သရေ ခေတ္တရာ အရပ်၌ သာသနာ ထွန်းအံ့သည်ကို မြင်တော်မူသည်။ သို့ဖြင့် ဖိုးဦးတောင်သို့ ပထမအကြိမ် ကြွလာတော်မူ၏။

ထိုစဉ်က သာတာဂီရိနတ် ဘီးလူးမင်းကြီး၏ တူတော်သူ သမ္ဘူလဘီးလူးသည် ဖိုးဦးတောင်၌ အရံတစ်သိန်းနှင့် နေသည်။ သူတို့သည် မြတ်စွာဘုရား၏ ဂုဏ်ကျေးဇူးကို သာတာဂီရိ ဘီးလူးမင်းမှ တစ်ဆင့် ကြားသိထားရာ ယခု ဖိုးဦးတောင်ထိပ်သို့ မြတ်စွာဘုရား ကြွလာတော် မူသည့်အခါ များစွာဝမ်းမြောက်၏။ သဒ္ဓါကြည်ညို ခြင်းဖြစ်၏။ ထို့ကြောင့် ဘုံကိုးဆင့် ရှိသော မိမိဗိမာန်အတွင်း၌ ခင်းထားသည့် ပတ္တမြား ပလ္လင်ထက်သို့ ပင့်၍

သီးတင်း သုံးတော် မူစေသည်။ မြတ်စွာဘုရားရှင်က သစ္စာလေးပါး တရားတော်ကို ဟောကြား တော်မူသည်။ ဒေသနာတော်၏ အဆုံးတွင် သမ္ဘူလနှင့်သူ၏ ဇနီး အဘိမုခတို့ သောတာပန် တည်လေ၏။ အခြံအရံတစ်သိန်း တို့သည် သရဏဂုံပဥ္စသီ တည်ကြ လေကုန်သည်။

သည်လို တရားထူး တရားမြတ်ကို နာကြား၍ တရား၏ အရသာကို ခံစားရသည့် အခါ သမ္ဘူလဘီးလူးသည် သူ၏ မိတ်ဆွေသုံးဦးကို သတိရသည်။ သူ့မိတ်ဆွေများကား ဝေသာမိတ္တ၊ ဣန္ဒမန္တနှင့် ဝေလုကန္တတို့ ဖြစ်ကြသည်။ ဖိုးဦးတောင်၏ တစ်ဘက်တွင်ရှိသော ဝေမိဿကတောင်၊ မဟိန္ဒတောင်၊ ဣန္ဒဝတောင်တို့၌ အရံတစ် ထောင်စီဖြင့် နေထိုင်ကြသည်။ သမ္ဘူလဘီးလူးသည် ထိုမိတ်ဆွေ သုံးဦးတို့ထံ တမန်စေလွှတ်ပြီး ဖိုးဦးတောင်ထိပ်သို့ မြတ်စွာဘုရား ကြွလာကြောင်း ယခု မိမိဗိမာန်တွင် သီတင်း သုံးလျက်ရှိကြောင်း သတင်းစကား ပါးလိုက်သည်။

ထိုသတင်းကို ရသည့်အခါ ဝေသာမိတ္တစသော မိတ်ဆွေ သုံးဦးတို့ကလည်း ဧရာပထနဂါးမင်းထံ အကြောင်း ကြားပြန်သည်။ ဧရာပထနဂါးမင်း ဆိုသူမှာ ကဿပ ဘုရားရှင် လက်ထက် ရဟန်း တစ်ပါးဖြစ်၏။ တစ်ချိန်တွင် မြစ်ထဲ လှေစီးသွားစဉ် ပြိတ်မြက် ခြုံမှ ပြိတ်ရွက်ကို လှမ်းဆွဲလိုက်၏။ လှေသည် အဟုန်ဖြင့် သွားရာ လက်မလွှတ် လိုက်မိ သဖြင့် ပြိတ်ရွက် ပြတ်သွားသည်။ ပြိတ်မြက် ပြတ်သည့် အာပတ်မှာ အနည်းငယ် မျှသာ တည်းဟု နှလုံးသွင်းပြီး အာပတ်ကို ဒေသနာ မကြားမိပေ။ ထိုရဟန်းသည် အနှစ် နှစ်သောင်း တိုင်အောင် တရား အားထုတ်၏။ ပျံလွန်တော် မူခါနီးတွင် ပြိတ်မြက်သည် လည်ပင်း၌ ဆွဲရစ် သကဲ့သို့ ခံစားရသည်။ အာပတ်ကို ဒေသနာကြား ကုစား လိုပါသော်လည်း အခြားရဟန်းကို မမြင်ရသောကြောင့် ငါ၏သီလ မစင်ကြယ်ဟု နှလုံး မသာမယာ ဖြစ်၏။ ရဟန်းဘဝမှ စုတေသောအခါ ဧရာပထ (ဧရကပတ္တ) နဂါးမင်း ဖြစ်ရသည်။ ထိုနဂါးမင်းသည် ဝေမိဿကတောင်၊ မဟိန္ဒတောင်၊ ဣန္ဒဝတောင်နှင့် အရံ တောင်ကိုးလုံး၊ ပေါင်းတောင် တစ်ဆယ့်နှစ်လုံးတို့၏ အောက်၌ ကုဋေတစ်သိန်းသော နဂါး

အခြံအရံ တို့ဖြင့် သိကြားမင်း ကဲ့သို့ ဖန်ဆင်းပြီးနေသည်။ နွေကာလတွင် မဟာသမုဒ္ဒရာ၌ နေသည်။ မိုးအခါတွင် မဟာသမုဒ္ဒရာ၌ လှိုင်းတံပိုး ကြီးမားသောကြောင့် ဟိမဝန္တာ အရပ်၌နေသည်။ ဆောင်းအခါတွင်မူ ထိုတောင် တစ်ဆယ့်နှစ်လုံး အောက်၌နေသည်။ ယခု ပောမန္တပြာသိုလ ဖြစ်၍ ဝေသာမိတ္တာ စသောဘီလူး မိတ်ဆွေများက ရောပထနဂါးမင်း၌ အကြောင်း ကြားခြင်းဖြစ်၏။

ရောပထ နဂါးမင်းသည် ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန် စံလွန်ပြီးသည်မှစ၍ ဘုရား၊ တရား၊ သံဃာဆိုသည့် စကားတို့ကို မကြားရသည်မှာ ကြာပြီ။ ထို့ကြောင့် ဘုရား၊ တရား၊ သံဃာတို့၏ ဂုဏ်ကို ပောပြောနိုင်သူ ရှိပါက မိမိ၏ သမီးချောကလေးကို ပေးအပ်မည်ဟု ကြံစည် စိတ်ကူးထားကာ လပြည့်လကွယ် ဥပုဒ်နေ့တိုင်း ဗာရာဏသီပြည် အနီးရှိ တစ်ခုသော ဆိပ်ကမ်းတွင် သွားရောက် နေထိုင်သည်။ ထိုစဉ် ဥတ္တရလုလင်နှင့် တွေ့ပြီး၊ ဂေါတမ မြတ်စွာဘုရား ပွင့်တော်မူပြီ ဖြစ်ကြောင်းနှင့် ရတနာသုံးပါး၏ ဂုဏ်ကျေးဇူး တော်ကို ကြားသိရသည်။ ဤတွင် မိမိသမီးချောနှင့် တကွ ရွှေငွေဥစ္စာရတနာ များစွာကို ဥတ္တရ လုလင်အား ပေးအပ်လိုက်သည်။ ရောပထနဂါးမင်းလည်း သရဏဂုံ ပဥ္စသီလ၌ တည်လေသည်။

ထိုရောပထနဂါးမင်းသည် ယခုမြတ်စွာဘုရား ကိုယ်တော်တိုင်ကို ဖူးမြော်နိုင်ရန် အခွင့် ကြုံလာပြီမို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်ရ၏။ သို့ဖြင့် မိမိ၏ နဂါး အခြံအရံ ကုဋေ တစ်သိန်းကို ခေါ်ဆောင်ကာ ဘီလူးမိတ်ဆွေ သုံးဦးထံသို့ လာ၏။ ရောက်လျှင် မိတ်ဆွေ အားလုံး ဖိုးဦးတောင်သို့ သွားကြလေတော့သည်။

ဖိုးဦးတောင်ထိပ်တွင် အားလုံး စုဝေးမိသောအခါ သဒ္ဒမှူလဘီလူးမင်းက 'အရှင်ဘုရား... ဝေသာမိတ္တ၊ ဣန္ဒမန္တ ၊ ဝေလုကန္တ ဘီလူးမင်း သုံးယောက်နှင့် ရောပထ နဂါးမင်း တို့သည် တပည့်တော်၏ အဆွေခင်ပွန်းများ ဖြစ်ကြပါသည်။ ဆုံးမတော်မူပါဘုရား' ဟု လျှောက်ထားသည်။

ထိုအခါ မြတ်စွာဘုရားရှင်သည် ဒါနကထာ၊ သီလကထာ၊ မဂ္ဂကထာ တို့ကို သစ္စာလေးပါးနှင့် တကွ ဟောကြားတော်မူသည်။ ဒေသနာတော် အဆုံးတွင် ဘီလူးမင်း သုံးဦးတို့သည် သောတာပန် ဖြစ်ကြကုန်၏။ ကြွင်းသောဘီလူး အခြံအရံများ၊ ဧရာပထ နဂါးမင်းနှင့် သူ၏ အခြံအရံများမှာ သရဏဂုံ ပဥ္စသီ၌သာ တည်ကြကုန်၏။ ဧရာပ ထနဂါးမင်းက ဘုရားရှင် ရှိရာသို့ ချဉ်းကပ်ပြီး ယခုလို ရှိသေစွာ လျှောက်ထားသည်။

"အရှင်ဘုရား၊ တပည့်တော်အား တစ်စုံ တစ်ခုသော ကိုးကွယ်ရာကို ပေးသနားတော် မူပါ ဘုရား"

ဤတွင် မြတ်စွာဘုရားသည် လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကို သုံးသပ် လိုက်၏။ လက်တော် ထဲတွင် ပတ္တမြားညို အဆင်းနှင့် တူသော ဆံတော်ဓါတ်လေးဆူ ပါလာသည်။ ထိုဆံတော်ဓါတ် လေးဆူကို ဧရာပထ နဂါးမင်းအား ပေးသနားတော် မူသည်။ နဂါးမင်းလည်း ဆံတော်လေးဆူကို ရွှေပန်းတောင်းဖြင့် ခံယူသည်။

နဂါးမင်း တောင်းပန်သဖြင့် မြတ်စွာဘုရားရှင်က ဆံတော်ဓါတ် ချီးမြင့်တော် မူသည်ကို မြင်သော သဒ္ဒမျှုလ ဘီးလူးကလည်း လျှောက်ထား တောင်းပန်သည်။ ထိုအခါ ဘုရားရှင်က မျက်မှောင်တော် နှစ်ဘက်ကြား၌တည်သော ဥဏ္ဏာလုံမွေးရှင်တော်ကို လက်ဖြင့် သုံးသပ်လိုက်၏။ ရှစ်ဆူသော မွေးရှင်တော်အနက်မှ မွေးရှင်တော်နှစ် ဆူသည် ဘုရားရှင်၏ လက်တော်၌ ကပ်ငြိပါလာ၏။ ထိုဥဏ္ဏာလုံ မွေးရှင်တော်နှစ်ဆူကို သဒ္ဒမျှုလအား ပေးသနား တော်မူသည်။ သဒ္ဒမျှုလက ရွှေကြုတ်ဖြင့် ခံယူတော်မူသည်။ ထိုမျှမကသေးပါ။ ဘုရားရှင်သည် လက်ဝဲလက် တော်ဖြင့် ချက်တော်ကို သုံးသပ်တော်မူရာ မွေးရှင်တော် နှစ်ဆူကပ် ငြိပါလာသဖြင့် သဒ္ဒမျှုလကိုပင် ပေးပြန်တော်မူ၏။ သဒ္ဒမျှုလက ပတ္တမြား ပန်းတောင်းဖြင့် ခံယူသည်။

ဤတွင် ကျန်သော ဝေသာမိတ္တ၊ ဣန္ဒိမန္တ၊ ဝေလုကန္တတို့က ရှိသေစွာ ရှိခိုးပြီး 'တပည့်တော်တို့အားလည်း တစ်စုံတစ်ခုသော ကိုးကွယ်ရာကို ပေးသနားတော်မူပါ ဘုရား' ဟု လျှောက်ထား တောင်းပန်ကြလေသည်။

မြတ်စွာဘုရားရှင်သည် မိမိ၏ ရင်အုပ်တော်အစုံ၌ တစ်ဘက်ရစ်ဆူစီ ရှိသော မွေးရှင်တော်များမှ လက်ယာတစ်ဆူ၊ လက်ဝဲတစ်ဆူ၊ ပေါင်းနှစ်ဆူကို ဝေသာမိတ္တအား ပေးသနားတော်မူသည်။ ဝေသာမိတ္တလည်း နှစ်သက်ရွှင်လန်းစွာ မြကြုတ်ဖြင့်ခံယူသည်။

ထို့နောက် လက်ခုံတော်နှစ်ဘက်၌ တစ်ဘက်လျှင် ရစ်ဆူစီရှိသော အလွန်နုးညံ့သိမ်မွေ့သည့် မွေးရှင်တော်များမှ တစ်ဘက်လျှင် တစ်ဆူစီ၊ ပေါင်းနှစ်ဆူကို ဣန္ဒိမန္တအား ပေးသနားတော် မူသည်။ ဣန္ဒိမန္တက ကျောက်မျက် ရွှဲကြုတ်ဖြင့် ခံယူလေ၏။ နောက်ဆုံးတွင် ခြေဖမိုးတော် တစ်ဘက်လျှင် ရစ်ဆူစီရှိသော မွေးရှင်တော်များမှ တစ်ဘက်တစ်ဆူစီကို ရွှေလက်တော်ဖြင့် ကိုင်ယူတော်မူပြီး ဝေလုကန္တအား ပေးသနားတော်မူသည်။ ဝေလုကန္တလည်း နှစ်သက်ဝမ်းမြောက်သဖြင့် ဣန္ဒနီလာကြုတ်ဖြင့် ခံယူလေသည်။

ဘုရားရှင်ထံမှ ကိုးကွယ်ရာ ဆံတော်ဓါတ်၊ မွေးရှင်တော်ဓါတ်တို့ကို ကိုယ်စီကိုယ်ငှ ရရှိပြီး ဖြစ်သောအခါ ဧရာပထနဂါးမင်းက ဘုရားရှင်အား ယခုလို လျှောက်ထားသည်။

"အရှင်ဘုရား၊ တပည့်တော်၏ နေရာဖြစ်သော ယူဇနာ ရစ်သောင်းလေးထောင် နက်သော မဟာမုဒ္ဒရာ၌ ရတနာအမျိုးမျိုး တို့ဖြင့် စီခြယ်ထားသော စေတီတော်ကြီးတွင် ဤဆံတော်ဓါတ်တို့ကို ဌာပနာ၍ တည်ထားကိုးကွယ်ပါ မည်ဘုရား"

"ဒကာတော်နဂါမင်း၊ နဂါးပြည်တွင် စေတီတည်ထားသော် အမျိုးလေးပါးတို့ ကိုးကွယ် နိုင်မည် မဟုတ်၊ လူ့ပြည်၌ပင် စေတီတည်အပ်သည်" ဟု ဘုရားရှင်က မိန့်မြွက်သည်။

နဂါးမင်းက ပြန်လည်မေးလျှောက်သည်။

"လှူပြည်တွင် မည်သည့်အရပ်၌ တည်ထားရပါမည်နည်းဘုရား"

သည်အခါ မြတ်စွာဘုရားရှင်သည် ရှေးကနေခဲ့ဖူးသော ဘဝအစဉ်၊ နောင်အခါ သာသနာတော် ငါးထောင် တည်အံ့သည်တို့ကို ဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူ၏။ ဤတွင် 'သုဒဿနဂီရိ' မည်သော တောင်တော်သည် ရှေးနောင်တော်ဘုရားရှင် တို့၏ ပရိဘောဂ စေတီ တည်ရာဟု မြင်တော်မူ၏။ နောက်ထပ် ဆင်ခြင်ပြန်ရာ ကကုသန် မြတ်စွာဘုရား၏ ဒုကုဋ်သင်္ကန်းတော်၊ ကောဏာဂုံ မြတ်စွာဘုရား၏ အံသကိုဋ်သင်္ကန်းတော်၊ ကဿပ မြတ်စွာ ဘုရား၏ ခါးပန်းတော်တို့ကို ဌာပနာ၍ သာသနာတော် အဓွန့်ရှည်စွာ တည်မည်ကို မြင်တော် မူသည်။ ထို့ပြင် မိမိ အလောင်းတော် ဖွတ်မင်း၊ ယုန်မင်း၊ ကြက်မင်း၊ ဟင်္သာမင်း ဖြစ်စဉ်ကလည်း သုဒဿနဂီရိ တောင်မှာပင် တည်ထားကိုးကွယ်ရန် ယခုလိုမိန့်မြွက်တော် မူသည်။

"နဂါးမင်း၊ ယနေ့မှစ၍ ငါးဆယ့်ကိုးရက် ရောက်လျှင် အဇ္ဇိကနှင့် ဘလ္လိက ကုန်သည် ညီနောင်တို့ ရောက်လာ လိမ့်မည်။ ဆံတော်နှင့် မွေးရှင်တော်တို့ကို ထိုသူ နှစ်ယောက်ထံ ပေးအပ်ပြီး သုဒဿနတောင်၌ တည်ထား ကိုးကွယ်ပါလေ" သမ္ဗုလ ကလည်း 'အရှင်ဘုရား တပည့်တော်အား သနားတော်မူသည့် မွေးရှင်တော်များကို ဤဖိုးဦး တောင်မှာပင် တည်ထား ကိုးကွယ်ပါမည်' ဘုရားဟု တင်လျှောက်သည်။

"ကောင်းလေစွ၊ ကောင်းလေစွ သီဟပဗ္ဗတမည်တဲ့ ဖိုးဦးတောင်ဟာ ငါဘုရား ခြင်္သေ့မင်း ဖြစ်စဉ်ကနေခဲ့ ဖူးတဲ့တောင် ဖြစ်ပေတယ်။ အသင်တို့ ဘီးလူးမင်း သုံးဦးအား ပေးသနားတော် မူခဲ့သည့် မွေးရှင်တော်များ အားလုံး ဤဖိုးဦးတောင်၌ပင် တည်ထား ကိုးကွယ်လေလော့" ဟု ဘုရားရှင်က ခွင့်ပြုတော်မူသည်။ ထို့နောက် ဘုရားရှင်သည် တရားရေအေး တိုက်ကျွေးပြီးနောက် ဉရုဝေလတော၌ ရှိသော ဉရုဝေလကဿပ၊ နဒီကဿပ၊ ဂယာကဿပ ညီနောင် သုံးဦးတို့ကို ချွတ်တော်မူရန် ပြန်ကြွ သွားတော် မူသည်။

ဆံတော်၊ မွေးရှင်တော်များကို ရကြသည့် အဆွေခင်ပွန်း ငါးဦးတို့က ဘုရားရှင် ပေးသနားတော် မူသည့် ဆံတော်၊ မွေရှင်တော်တို့သည် သူတို့တွင်ရှိသည့် ကြုတ်များတွင် ထည့်သွင်းခြင်းငှာ မထိုက်၊ သိကြားမင်းထံမှ ကြုတ်ကို သွား၍ တောင်းမည်ဟု စည်းဝေး တိုင်ပင်ကြသည်။ သည်လို တိုင်ပင်ကြသည်ကို သိကြားမင်းက သိသည်။ သို့ဖြင့် ရွှေကြုတ်၊ ပတ္တမြားကြုတ်၊ ကြောင်မျက်ရွဲကြုတ်၊ ပုလဲကြုတ်၊ သန္တာကြုတ်၊ ရတနာခုနစ်ပါး စီချယ် ထားသော စန္ဒကူး နံ့သာကြုတ်၊ သည်ကြုတ် ခုနစ်လုံးကိုယူ၍ ရောပထစသော အဆွေ ခင်ပွန်း ငါးယောက်ရှေ့ အရောက် လာပြီး ပေးအပ်သည်။ ပြီးလျှင် လက်ယာရစ် သုံးပတ် လှည့်၍ ပူဇော် ကန်တော့ပြီး တာဝတိံသာ နတ်ပြည်သို့ တက်သွား၏။ သိကြားမင်း ခေတ္တမျှ ပျောက်သည်ကို သတိပြုမိသော သုဇာတာ နတ်သမီးက မေးသည်။ သိကြားမင်းက မြတ်စွာ ဘုရား၏ ဆံတော်၊ မွေးရှင်တော်များကို ထည့်သွင်းရန် ကြုတ်ခုနစ်လုံး ပို့ရင်း ဆံတော်ဓာတ် တို့ကို ဖူးမြော်ခဲ့ကြောင်း ပြန်ဖြေသည်။ ဤတွင် နတ်သမီး အခြံအရံ များစွာနှင့် သိကြားမင်း၏ လက်ယာဘက်က ခစားရသော သုဇာတာ၊ နတ်သမီး အခြံ များစွာနှင့် လက်ဝဲက ခ,စားရသော သုစိတ္တာ၊ နတ်သမီး အခြံအရံ များစွာနှင့် သိကြားမင်း၏ ရှေ့က ခစားရသော သုဓမ္မာ၊ နတ်သမီး အခြံအရံ များစွာနှင့် နောက်က ခစားရသော သုနန္ဒာ ဆိုသည့် မိဖုရား လေးပါးတို့က သူတို့လည်း ဆံတော်၊ မွေးရှင်တော် ဓာတ်တို့ကို ဖူးမြော် ချင်ပါသည်ဟု ပူဆာလေတော့သည်။ သိကြားမင်း မနေနိုင်ပြီ။ ဖူးရပါစေ့မည်ဟု ဝန်ခံပြီး၊ လူ့ပြည်သို့ ဆင်းကာ၊ ဖိုးဦးတောင်တွင် ပူဇော်နေသည့် ဆံတော်၊ မွေးရှင်တော် ဓာတ်မြတ်တို့ကို ယူဆောင်ပြီး နတ်မိဖုရား လေးပါးနှင့် နတ်အပေါင်း ပူဇော်ကြရန် တာဝတိံသာ နတ်ပြည်သို့ ယူဆောင်သွားသည်။

ဆံတော်၊ မွေးရှင်တော်ဓါတ်များ ကြုတ်နှင့်တကွ ကွယ်ပျောက်သွားသဖြင့် နတ်နဂါး ဘီလူးတို့လည်း ‘ကိုးကွယ်ရာ မရှိတော့ပြီ’ ဆိုကာငိုကြွေးကြ၊ မြည်တမ်းကြ၊ ရှာကြ၊ ဖွေကြနှင့် အားလုံး သောက ပင်လယ်ဝေကုန် ကြသည်။ သည်အခါ ရောပထ နဂါးမင်းက ‘မြတ်စွာဘုရား ဗျာဒိတ်တော် အတိုင်း ငါးဆယ့်ကိုးရက် ရောက်လျှင် ကုန်သည် ညီနောင်တို့ လာလိမ့်မယ်လို့ မြွက်ကြားခဲ့သည် မဟုတ်ပါလား။ ယခု ငါးဆယ့်ကိုးရက်

မပြည့်သေး၊ သင်တို့ မငိုကြနှင့်၊ သောက မရောက်ကြနှင့်’ ဆိုမှ အားလုံး စိတ်သက်သာရာ ရသွားကြသည်။

သိကြားမင်း ပင့်ဆောင်သွားသော ဆံတော်၊ မွေးရှင်တော်တို့ကို တာဝတိံသာ နတ်ပြည် သုဓမ္မာ သဘင်တွင် လူတို့ အရေအတွက် အားဖြင့် ခုနစ်ရက်၊ ပဏ္ဍုကမ္ဗလာ မြကျောက်ဖျာ ထက်၌ လူတို့ အရေအတွက် အားဖြင့် ခုနစ်ရက်၊ သင်္ကသနဂိုရ် ပြည်သို့ သက်ဆင်းရာ စောင်းတန်း ဦးတည်မည့် နေရာ အထက်တန်း ခုနစ်ဆင့်မြင့်သော ကောင်းကင်ထက်၌ လူတို့ အရေအတွက် အားဖြင့် ခုနစ်ရက်၊ စုစုပေါင်း လူတို့ အရေအတွက် အားဖြင့် နှစ်ဆယ့် တစ်ရက်ကြာ ပူဇော်ကြလေသည်။ (လူတို့ အရေအတွက် နှစ်(၁၀၀)သည် တာဝတိံသာ နတ်ပြည်၌ (၁) ရက်သာကြာ၏။ စကားချပ်။)

လူတို့ အရေအတွက်အားဖြင့် နှစ်ဆယ့်တစ်ရက် ကြာသောအခါ ဆံတော်၊ မွေးရှင်တော် ဓါတ်တို့သည် လူ့ပြည်သို့အလို အလျောက် ဆင်းသက်တော်မူ၏။ သို့သော် ဖိုးဦးတောင်ပေါ်သို့မူ မဟုတ်ပေ။ ဖိုးဦးတောင်၏ ထိုမှာ ဘက်ကမ်း၌ ညီညာပြန့်ပြူးသော ကုန်းမြေရှိ၏။ ထိုကုန်းမြေ၏ အထက် ကောင်းကင်ပြင်တွင် ပန်းဆိုင်းကြီးဆွဲ ထားသကဲ့သို့ တည်နေသည်။ သည်လို တည်နေသည်ကို နတ်နဂါး၊ ဘီးလူးမင်းတို့ တွေ့သည့်အခါ ဝမ်းမြောက်ဝမ်းသာ ဖြစ်ပြီး မြေအပြင်မှပင် ပူဇော်ကြကုန်သည်။

ရောဝတီ မြစ်အတွင်း၌ ရွက်သင်္ဘောကြီး နှစ်စင်း။ အဓိပစ္စယရမ္မာဝတီ မြို့သား အဇ္ဈကနှင့် ဘလ္လိက ကုန်သည်ညီနောင် တို့သည် ထိုရွက်သင်္ဘောကြီးများဖြင့် ဝါဏိဇ္ဇဂါမယော နကတိုင်းသို့ ကုန်ကူးရန် လာကြသည်။ ဝါဏိဇ္ဇဂါမယောနကတိုင်း ဆိုသည်မှာ ရှေးအမည် ပေါင်းဖြစ်၏။ မြတ်စွာဘုရား ကြွလာတော် မူသည်မှစ၍ ကောင်းသော အကျင့် ရှိသောကြောင့် သုနာပရန္တတိုင်းဟု တွင်သည်။ ထိုရွက်သင်္ဘောကြီး များပေါ်တွင် ကုန်စည်အပြည့် တင်လာကြ၏။ သင်္ဘောသား ငါးရာစီလည်း ပါသည်။

ရွက်သင်္ဘောကြီးများ ဖိုးဦးတောင်အနီးသို့ ရောက်သောအခါ ထန်းနှစ်ဆင့်မျှမြင့်သော အထက်ကောင်းကင်၌ ပန်းဆိုင်း ဆွဲထားသကဲ့သို့ တည်ရှိနေသော မြကျောက်ကို တွေ့ကြရသည်။ မြကျောက်ပေါ်တွင်ကား ခြောက်သွယ်သော ရောင်ခြည်တော်တို့ ကွန့်မြူးနေသော ဘုရားရှင်၏ နိမ္မိတရုပ်ပွားတော်၊ ရုပ်ပွားတော်၏ဝန်း ကျင်တွင် ကိုယ်ရောင်ကိုယ်ဝါတောက်ပစွာနှင့် သိကြား၊ ဗြဟ္မာ၊ နတ်ဒေဝါများက ဘုရားရှင်ကို ပူဇော်ကန်တော့နေကြသည်။ ကြည်ညိုဖွယ် သဏ္ဌာန်ထူးကို မြင်လိုက်သည်နှင့် အဖွဲ့က၊ ဘလ္လိက ညီနောင်တို့နှင့် တကွ သူတို့၏ သင်္ဘောသားများသည် ကောင်းကင်ဆီသို့ လက်အုပ်ချီမိုးရှိခိုး ပူဇော်လိုက်ကြသည်။

သူတို့ကို မြင်လိုက်သည်နှင့် ဇရာပထနဂါးမင်း၊ သမ္ဘူလစသော အဆွေခင်ပွန်း ငါးယောက်တို့သည် လူမင်းအသွင် ဖန်ဆင်းကာ ရွက်သင်္ဘောကြီးများ ရှိရာသို့သွားကြ၏။ ရောက်လျှင် ကုန်သည်ကြီးများ၏ အမည်နာမကို မေးကြသည်။ အဖွဲ့ကနှင့် ဘလ္လိကဟု ခေါ်ကြောင်း သိရလျှင် မြတ်စွာဘုရား၏ ဗျာဒိတ်စကားကို ပြောပြကြ၏။

"အဆွေတို့… မြတ်စွာဘုရားရှင်က ဆံတော်၊ မွေးရှင်တော်မြတ် တို့ကို အကျွန်ုပ်တို့အား ပေးသနားတော် မူခဲ့တယ်။ သင်တို့နှစ်ယောက်နှင့် အကျွန်ုပ်တို့ ငါးယောက် အညီအညွတ်ပြုပြီး သုဒဿနဂီရိနဲ့ ဖိုးဦးတောင်မှာ စေတီတည်ထားရန် ဗျာဒိတ် ထားတော်မူခဲ့ပါတယ်။

အကယ်၍ သင်တို့စေတီ မတည်လိုပါက အကျွန်ုပ်တို့အား ခွင့်ပေးပါ"

'ဘုရားရှင်ရဲ့ ဗျာဒိတ်တော်ကို ကြားရတာဖြင့် ဝမ်းမြောက်ဝမ်းသာ ရှိလိုက်ပါဘိခင်ဗျာ။ သည်မျှ ကံကောင့်ကြုံခဲ ရလာတဲ့ အခွင့်အရေးကို ဘယ်မှာ လက်လွှတ်ခံနိုင်ပါ့မလဲ။ သဒ္ဓါကြည်ညိုစွာ တည်ပါ့မယ်။ ကျုပ်တို့တော့ လူဖြစ်ရကျိုးနပ် ပါပေပြီ' ဟု ဝမ်းသာအားရ ပြောကြသည်။

ကုန်သည်ညီနောင်က ဆက်လက်၍ 'စေတီ တည်ဖို့ရာတော့ ဟုတ်ပါပြီ။ မြတ်စွာဘုရားရှင်ရဲ့ ဆံတော်၊ မွေးရှင်တော် ဓါတ်များဟာ ထန်းခုနစ်ဆင့်မြင့်တဲ့ ကောင်းကင်မှာ တည်နေပါတယ်။ ကျုပ်တို့ဟာ ဘုန်းနည်းသော သူတွေမို့ ဘယ်လို ယူရပ့ါမလဲ' ဟုဆိုကြသည်။

ဤတွင် ဧရာပထနဂါးမင်းနှင့် ဘီလူးမင်းတို့က 'သင်တို့ ညီနောင်ဟာ သာသနာတော်ကို ချီးမြှောက်ထိုက်တဲ့ သာသနာ့ဒါယကာ မှန်ပါက သည်ဆံတော်၊ မွေးရှင်တော် ဓါတ်များဟာ သင်တို့ရဲ့ ရွှေပန်းတောင်းမှာ တည်လာပါလိမ့်မယ်၊ သစ္စာ အဓိဋ္ဌာန်ပြုပါ' ဟု တိုက်တွန်းကြသည်။

ကုန်သည်ညီနောင်တို့သည် ရွှေပန်းတောင်း ကိုယ်စီရွက်၍ အဓိဋ္ဌာန်ပြုကြသည်။

"ကျွန်ုပ်တို့ညီနောင် နှစ်ယောက်သည် မြတ်စွာဘုရား၏ သာသနာတော်တွင်း၌ အကျွတ်တရား ရမည့်သူများ ဖြစ်ပါအံ့။ သာသနာတော်ကို ချီးမြှောက်ထောက်ပံ့ နိုင်သူများ ဖြစ်ပါအံ့။ ဤဆံတော်၊ မွေးရှင်တော် ဓါတ်မြတ်တို့သည် ကျွန်ုပ်တို့၏ ဦးခေါင်းထက်ရှိ ရွှေပန်းတောင်း၌ သက်ဆင်း တည်နေတော်မူ ကြပါစေသတည်း"

အဓိဋ္ဌာန် ပြုပြီးသည်နှင့် တပြိုင်နက် ကောင်းကင်ပြင်ရှိ ဆံတော်၊ မွေးရှင်တော် ဓါတ်တို့သည် သက်ဆင်းလျက် ကုန်သည်ညီနောင်တို့၏ ဦးခေါင်းထက်ရှိ ရွှေပန်းတောင်း၌ တည်ကြကုန်၏။ သိကြား၊ ပြဟ္မာ၊ နဂါမင်း၊ ဘီလူးမင်း၊ လူသတ္တဝါအားလုံး အံ့သြဝမ်းသာ ဖြစ်ကြလေသည်။ ထို့နောက် သိကြားမင်း၊ မာတလိ၊ ဝိသကြုံ နတ်သား၊ စတုမဟာရာဇ် နတ်မင်းကြီး လေးပါးတို့နှင့် တိုင်ပင်ပြီးလျှင် ဆံတော်၊ မွေးရှင်တော် ဓါတ်တို့ကို ရွက် သင်္ဘောကြီးပေါ်သို့ တင်ကြသည်။ သိကြားမင်းက လမ်းပြပြီး သုဒဿဂီရိသို့ သွားကြသည်။ ထိုတောင်ပေါ် တွင် ဘုရားရှင် ဗျာဒိတ်စကား ညွှန်ကြားသည့် အတိုင်း စေတီတည်ကြ၏။ ထို့အတူ ဖိုးဦးတောင်တွင်လည်း စေတီတည်ကြသည်။ စေတီ တည်ပြီးသည့်နေ့ တစ်နေ့ လုံးပင် ခြောက်ရောင် ကွန့်မြူးလျက် ပူဇော်အထူးကို ခံယူတော်မူသည်။ နဂါးမင်း၊ ဘီလူး

မင်းများနှင့် ကုန်သည်ညီနောင်တို့လည်း ရှစ်ပါးသီလ၊ ဆယ်ပါးသီလတို့ကို ခုနစ်ရက် ပတ်လုံး ဆောက်တည် ကြ၏။ ပြီးလျှင် မိမိတို့လိုရာခရီးသို့ ဆက်ကြလေသည်။

ထိုစဉ်က 'ဒွတ္တ' မည်သော ပွေးဖိုနှင့် ပွေးမလေး ဇနီးမောင်နှံသည် ဖိုးဦးတောင်၌ နေကြသည်။ ယခုကဲ့သို့ မြတ်စွာဘုရား ကြွလာတော် မူသည်ကို သူတို့ဇနီးမောင်နှံ မသိ လိုက်ကြ။ မြတ်စွာဘုရား ပြန်ကြွ သွားပြီး သည့်နောက်မှ ဘုရားရှင်၏ ဂုဏ်ကျေးဇူး တော်များနှင့် ပတ်သက်၍ နဂါးမင်းနှင့် ဘီလူးမင်းတို့ ပြောကြားသံကို တွင်းထဲမှ ကြားကြရသည်။ ကြားရုံမျှနှင့်ပင် ကြည်ညို သဒ္ဓါစိတ် တို့ဖြစ်ရသည်။ ဘုရားရှင်အား ဖူးမြော်လိုသည့် ဆန္ဒပြင်းပြလှသဖြင့် သည်လို ကတိကဝတ် ပြုကြသည်။

"ရှင်မရေ... သည်တစ်ကြိမ် မြတ်စွာဘုရား ကြွလာတော် မူတဲ့အခါ ဖူးဖြစ်အောင် ဖူးကြရမယ်။ ဘုရားရှင် ကြွလာတယ်ဆိုတဲ့ သတင်းကို ရှင်မဦးစွာ ကြားရင် ငါ့ကိုပြောပါ။ ငါကရှေးဦးစွာ ကြားသိရင်လည်း ရှင်မကို ပြောပ့ါမယ်"

"စိတ်ချပါရှင်ရယ်၊ ကျွန်မဦးစွာ သိလို့ကတော့ ရှင့်ကိုပြောဖို့ မမေ့ပါဘူး။ ရှင်ဦးစွာ သိရင်လည်း ကျွန်မကို ပြောဖို့ မေ့မနေနဲ့ ဦးနော်" သည်လို တစ်ဦးကိုတစ်ဦး သတိပေးပြီး အစာ ရှာထွက် သွားကြသည်။ သူတို့သည်မြေ၌ လမ်းဖောက်ပြီး သွားကြသည်။ တစ်ကြောင်းတည်းသော ခရီးဖြင့်လည်း မသွားကြပါ။ ပွေးဖိုက တစ်လမ်း၊ ပွေးမက တစ်လမ်း။

မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူ၍ ငါးဝါမြောက်သော အခါ၌ ဖိုးဦးတောင်သို့ ဒုတိယကြိမ်ကြွ ရောက်တော်မူသည်။ ရောပထနဂါး၊ သမ္ဘူလ စသော ဘီလူးတို့သည် ဘုရားရှင်အား ထီး၊ တံခွန်၊ ဘောဇဉ်စသည့် လှူဖွယ် ပစ္စည်းတို့ဖြင့် ဝမ်းမြောက်ဝမ်းသာ လှူဒါန်း ပူဇော်ကြသည်။

ထိုအချိန်တွင် ဘုရားရှင် ရှေ့မှောက်၌ သတ္တဝါကလေး တစ်ကောင်၊ ပွေးဖိုလေး ပါလား။ သူသည် လက်နှစ်ဘက်ဖြင့် သန့်စင်သော မြေစိုင်ကို ကိုင်လျက် မြတ်စွာဘုရားကို

လှူဒါန်း ဆက်ကပ်နေသည်။ သူ့နှုတ်မှ အရှင်ဘုရား၊ တပည့်တော်မှာ ဘုန်းကံ နည်းသူမို့ လှူဖွယ်ဝတ္ထု ထူးထူးခြားခြား မရှိပါ။ တပည့်တော် တတ်နိုင်သမျှ ဤမြေစိုင် ခဲကိုသာ လှူဒါန်း ပါသည်ဘုရားဟု လျှောက်တင် နေသည်။ မြတ်စွာဘုရားက သာဓုသုံးကြိမ် ခေါ်တော် မူသည်။ ပြုံးလည်း ပြုံးတော်မူသည်။

ဘုရားရှင်ကြွလာတော် မူကြောင်းသိလျှင် တစ်ဦးကိုတစ်ဦး အသိပေးစတမ်း ကတိကဝတ် ပြုထားပါလျက် ယခုမူ ပွေးဖိုလေး တစ်ကောင်တည်း ဘုရားရှင်အား လှူဒါန်း ဖူးမြော် နေပါလား၊ ပွေးမလေးဘယ်မှာ ပါလိမ့်။

ပွေးဖိုလေး၏ အလှူဒါနကို မြတ်စွာဘုရား သာဓု ခေါ်တော်မူစဉ်မှာပင် ပွေးမလေး ရောက်လာသည်။ ပွေးဖိုကို မြင်လိုက်သည်နှင့် သူ့ရင်ထဲတွင် ဒေါသလှိုင်းများ လှိုက်ခနဲ ထလာသည်။ ကြည့်စမ်းပါဦး၊ မြတ်စွာဘုရား ကြွလာကြောင်း ဦးစွာ သိသူက မသိ သေးသူကို သတင်း ပေးစတမ်း ကတိကဝတ် ပြုခဲ့ ကြသည်မှာ ဘာကြာသေး လို့လဲ။ ယခုတော့ ငါ့ကို သတင်းမပေးဘဲ၊ တစ်ကိုယ်ကောင်း ဆန်စွာ ဘုရားရှင်အား လှူဒါန်း ပူဇော်ပြီး နေပြီဟု အတွေးဝင်ကာ ပွေးဖိုလေးအား စိတ်အနာကြီး နာသွားသည်။ အမုန်းကြီး မုန်းသွားသည်။ သို့ကြောင့် ပွေးမလေးသည် ဘုရားရှင်အား ရိုသေစွာ ဦးခိုက် ကန်တော့လျက် ယခုလို ဆုတောင်းလိုက်သည်။

"တပည့်တော်မ, သည် ဆက်တိုင်း ဘဝဖြစ်သမျှ၌ ပွေးဖိုနှင့် အတူ မဖြစ်ရလိုပါ ဘုရား"

ပွေးမလေး၏ ဆုတောင်းကို ကြားရသော် 'အဖြစ်မှန်ကို သူ မသိသေးလို့ကိုး' ဟု တွေးကာ ပွေးဖိုလေးက စိတ်မဆိုးပါ။ တစ်လမ်းစီ ခွဲထွက်ကာ ကျက်စား နေကြသည်မို့ မြတ်စွာဘုရား ကြွလာချိန်တွင် ပွေးမလေး ဘယ်အရပ် ရောက်နေသည်ကို သူမသိပါ။ ကတိကဝတ် ပြုထားသည့် အတိုင်း ချစ်ဇနီး ပွေးမလေးကို လိုက်လံ ရှာဖွေနေစဉ် မြတ်စွာဘုရား ပြန်လည် ကြွသွားပါက မဖူးမြော် လိုက်ရမည်ကို စိုးရိမ်မိလို့ ယခုလို ဖြစ်ရ

သည်ပဲ။ သည်အတွက် တစ်ကိုယ်ကောင်း ဆန်သည်ဟု ပွေးမလေးက ထင်ပြီ၊ ကိစ္စမရှိပါ။ ပွေးဖိုလေးက ချစ်တတ်သူပါ။ မေတ္တာရှင်ပါ။ မေတ္တာဟူသည် အရာရာကို အောင်နိုင်သည်ဟု ပွေးဖိုလေးက ယုံကြည်သည်။ ထို့ကြောင့် ပွေးမလေးက အမျက်ထွက်ကာ ဆုပန်သည်ကို ခွင့်လွှတ်ပြီး၊ သူက ယခုလို ဆုပန်လိုက်၏။

"အတူ မဖြစ်ရသော်လည်း၊ တိုင်းခြားပြည်ခြား ဖြစ်စေကာမူ အတူပေါင်း ဖက်ရပါစေ ဘုရား"

မြတ်စွာဘုရားက 'နောင် သရေခေတ္တရာ ဟူသော နိုင်ငံတော်ကြီး ထွန်းကားချိန်၌ ပွေးဖိုသည် ဒွတ္တပေါင် မင်းကြီးဖြစ်၍ ပွေးမသည် ဗိဿနိုးနိုင်ငံတွင် ပန်ထွာဘုရင်မ ဖြစ်မည်။ သင်တို့ နှစ်ဦးသည် ငါ၏ သာသနာတော်ကို အစဉ်စောင့်ရှောက် လိမ့်မည်' ဟု ဗျာဒိတ် ထားတော် မူသည်။

ဤတွင် အရှင်အာနန္ဒာက မြတ်စွာဘုရား ပြုံးတော်မူခြင်း အကြောင်းကို မေးပြီး။ ဘုရားရှင်လည်း အရှေ့ တောင်ယံသမုဒ္ဒရာ ရေမျက်နှာထက် နွားချေးခြောက်ပမာဏ ရှိသော အမှိုက်ငယ်ရေပေါ်၌ ပေါလောမျောလေ သည်တစ်ချက်၊ ပွေးဖိုလေးက လက်နှစ်ဖက်ဖြင့် မြေစိုင်ခဲကို ကိုင်ကာ လှူဒါန်း ပူဇော်နေသည် တစ်ချက်၊ သည်နှစ်ပါးသော နိမိတ်ကို မြင်၍ ပြုံးတော်မူသည် ဖြစ်ရာ-

'ချစ်သား အာနန္ဒာ၊ ငါဘုရား ပရိနိဗ္ဗာန်စံတော်မူ၍ သာသနာတော် တစ်ရာ့ တစ်နှစ် ရောက်သော အခါ ဤအရပ်၌ နိမိတ်ကြီးငါးပါး ထင်ရှားဖြစ်လိမ့်မည်။ သည်နိမိတ်ကြီးငါးပါး ထင်ရှား ဖြစ်သည့်အခါ ပွေးငယ်သည် ဒွတ္တပေါင်ဟူသော အမည်ဖြင့် လူဖြစ်၍ သရေခေတ္တရာ ပြည်ကြီး တည်ထောင်ကာ မင်းပြုလိမ့်မည်။ ထိုမင်းကြီး လက်ထက် မြန်မာတို့ တိုင်းပြည်၌ ငါ၏ သာသနာတော်သည် အခွန့်ရှည်စွာ ထင်ရှားလတ္တံ့ဟူ၍ ဗျာဒိတ် ကြားတော် မူခဲ့သည်။

ယခုမြတ်စွာဘုရား၏ ဗျာဒိတ်တော်နှင့် အညီ ပွေးဖိုလေးသည် ရသေ့မြို့တွင် ဒွတ္တပေါင်မင်းသား ဖြစ်လာသည်။ ပွေးမလေးမှာ ဗိဿနိုးတွင် ပန်ထွာမင်းသမီးလေး ဖြစ်လာသည်။

ပွေးမလေး ဘဝက သူ့ကိုမခေါ်ဘဲ သူ့ထက်ဦး၍ မြတ်စွာဘုရားအား ဖူးရပါမည်လားဟု ပွေးဖိုလေး အပေါ် နာကြည်းကာ၊ ဘဝဆက်တိုင်း အတူမဖြစ် ရလိုပါ ဘုရားဟု ပန်ခဲ့သည့် ဆုလည်းပြည့်ခဲ့ပြီ ပွေးမလေး ဘဝက ပွေးဖိုအပေါ် မုန်းတီးစိတ်၊ နာကြည်းစိတ်သည် ယခု လူ့ဘဝ ရောက်လာသော်လည်း မပျက်ပြယ်ပေ။ မုန်းမြဲမုန်းလျက်၊ နာကြည်းမြဲ နာကြည်းလျက်ပင်။ ဤသည်မှာ အတိတ်ဘဝက အမုန်းတရား။

ယခု ပစ္စုပ္ပန် ဘဝမှာကော ဘာကြောင့်များ မုန်းတီး နေပါလိမ့်။ ပန်ထွာက သူ့ ဘဝတွင် မိစုံဖစုံ ရှိပါလျက် ခမည်းတော်နှင့် အတူ မိသားစု ချစ်ချစ်ခင်ခင် မနေရ။ သူတစ်ပါး နိုင်ငံ ဘုရင့်ထံမှာ ခိုလှုံ နေရသည်။ သည်လို ခိုလှုံနေရ သော်လည်း မျက်နှာ မငယ်ပါ။ လိုလေသေးမရှိ အောင် ချီးမြှင့် မြှောက်စား ထားပါသည်။ ထီးနန်း ဆက်ခံ ခွင့်ကိုပင် ပေးထားသည်။

သို့သော် လူ့ဘဝမှာ သည်လို ရုပ်ဝတ္ထု ပစ္စည်းတွေ ပြည့်စုံရုံနှင့် ပြီးပြည့်စုံပြီဟု ထင်ပါသလား။ စိတ်ဓါတ် ရေးရာလုံခြုံမှုကို ရရှိပါပြီလား။

ဘယ်မှာလဲ ဖခင်အရင်း၏ မေတ္တာ၊ ဖခင်အရင်း၏ ယုယမှု၊ ပိုက်ထွေးမှု၊ ချစ်ခင် ကြင်နာမှု စသည်စသည် တို့ကို သူ ဆုံးရှုံးခဲ့ရသည်။ သည်လို ဆုံးရှုံးမှုတွေဟာ ဘယ်သူ့ ကြောင့်လဲ၊ သည်ပြဿနာတွေ ဖြစ်လာအောင် ဖန်တီးခဲ့သူတွေက မည်သူတွေလဲ။

ဒွတ္တပေါင်တို့ သားအမိသည်သာ တရားခံ အစစ်ဖြစ်သည်ဟု ပန်ထွာက စွဲစွဲမြဲမြဲ သတ်မှတ်သည်။ ဤတွင် ဒွတ္တပေါင်အပေါ် မုန်းတီးစိတ်သည် သူ့ရင်ထဲမှာ မပြတ် တိုးပွား နေတော့သည်။

ဒွတ္တပေါင်ဘက်ကမူ သည်လို မဟုတ်ပါ။ ပွေးမလေးက ဘုရားရှင်ထံ ပန်သည့် ဆုကို ပွေးဖိုကနားနှင့် ဆတ်ဆတ် ကြားရသော်လည်း ပွေးမလေးအပေါ် လုံးဝ မေတ္တာ မပျက်၊ ချစ်မြဲ ချစ်လျက်ပင်။ ယခု လူ့ဘဝရောက် လာသည့်တိုင် သူ့မေတ္တာသည် ခိုင်ခိုင်မြဲမြဲ ရင်မှာ စွဲလျက်ပင်။ အချိန်တွေ ကြာညောင်း လာသည်နှင့် အမျှ ပန်ထွာမင်းသမီးကို တွေ့လို မြင်လို ဇောက ပြင်းပြလာသည်။

သို့သော် ယခုအခါတွင် သူသည် ရသေ့မြို့၏ အိမ်ရှေ့ မင်းသား ဘဝမှာပင် ရှိသေးသည်။ အာဏာပိုင်စိုးသူ မဟုတ်သေးပေ။ ထို့ကြောင့်လည်း ဗိသနိုးမှ ပန်ထွာ မင်းသမီးနှင့် နီးစပ်ရန် စွမ်းဆောင်နိုင်ခြင်း မရှိသေးပေ။ ထို့ကြောင့်လည်း ဗိသနိုးမှ ပန်ထွာ မင်းသမီးနှင့် နီးစပ်ရန် စွမ်းဆောင်နိုင်ခြင်း မရှိသေးပေ။ တစ်ကြောင်းလည်း ဦးရီးတော် စူဠသမ္ဘဝနှင့် မယ်တော်ဘေဒါရီ တို့ကို ဆန့်ကျင်ပြီး ဘာမျှမလုပ်လိုပေ။ သို့သော် သူ အားမလျှော့ပါ။ ပန်ထွာမင်းသမီးနှင့် တွေ့ဆုံ နီးစပ်နိုင်မည့် တစ်နေ့နေ့၊ တစ်ချိန်ချိန်ကိုဖြင့် အစဉ် မျှော်လင့်လျက် ရှိသည်။

သည်လို မျှော်လင့် စောင့်စားရင်းဖြင့် နေ့တွေ၊ ရက်တွေ၊ လတွေ၊ နှစ်တွေများစွာ ကုန်ဆုံးသွားသည်။ ဦးရီးတော် စူဠသမ္ဘဝမင်းသည်ပင် နန်းစည်းစိမ် သုံးဆယ်ငါးနှစ် ခံစားပြီးချေပြီ။

တစ်နေ့တွင် ရသေ့မြို့ တစ်မြို့လုံး မှောင်ကြီးကျသွားသည် နေ့၏ အလင်းရောင် ဟူ၍ ပေါ်မလာဘဲ၊ ညကဲ့သို့ မှောင်မိုက်နေသည်။ သည်လို မှောင်ကြီး ကျသောရက်မှာ တစ်ရက်လည်း မဟုတ်၊ နှစ်ရက်လည်း မဟုတ်၊ ခုနစ်ရက် တိုင်တိုင်ကြာသည်။ ခုနစ်ရက် ပြည့်မြောက်သော် စူဠသမ္ဘဝမင်းလည်း ကံတော်ကုန်လေသည်။

ရသေ့မြို့ ထီးနန်းကို ဒွတ္တပေါင်မင်းသား ဆက်ခံသည်။ သမိုင်းစဉ် တစ်လျှောက် ဒွတ္တပေါင်မင်းဟု ခေါ်ဝေါ် ခဲ့ကြသော်လည်း ထိုအမည်မှာ မင်း၏ဘွဲ့မည် မဟုတ်ပေ။ ဒွတ္တပေါင် ဆိုသည်မှာ ဒုတဘန်းဟူသော ပျူစကားမှ ဆင်းသက်လာပြီး 'မြင့်မြတ်သော

ပုဂ္ဂိုလ်(ဝါ)မင်း' ဟု အဓိပ္ပါယ်ရသည်။ မင်းတိုင်းနှင့် ဆက်ဆံသော သဗ္ဗနာမ် ဖြစ်၏။ ထိုမင်းကို သထုံရာဇဝင်တွင် ရာမ ဒွတ္တာပေါင်ဟုခေါ်ကြောင်း 'ဦးဘသန်း၊ ကျောင်းသုံးရာဇဝင်စာအုပ်'တွင် ဆိုထားသည်။ ရာဇဝင်ချုပ်တွင်မူ 'ဒွတ္တ' ဆိုသည် ပွေးသတ္တဝါဟော ဖြစ်၏။ ထို့ကြောင့် ပွေးဘဝမှလာသော မင်းဟု ဆိုပြန်သည်။ ထိုမင်း၏ ဘွဲ့တော်မှာ 'သီရိမဟာ သုဓမ္မ ရာဇဓိရာဇာ' ဖြစ်ကြောင်း ဆိုထားသည်။

မည်သို့ဆိုစေ ကြီးမြတ်သော ဘုန်းတန်ခိုးရှိပြီး၊ မှဲ့ရှင်နှင့်တကွ ဖြစ်၍ မျက်စိသုံးခု၊ အတုမဲ့ခေါင်၊ ဒွတ္တာပေါင်မင်းသည် ရသေ့မြို့၏ ထီးနန်းကို ဆက်ခံရရှိခဲ့ပေပြီ။

# အခန်း (၁၀)

## ရင်မှာစွဲလန်း ပန်ထွာမေတ္တာပန်း

သာသနာတော် သက္ကရာဇ် (၁၀၁)ခုနှစ်။

မြေငလျင်ကြီး ပြင်းစွာ တုန်လှုပ်သည်။

ဖိုးဦးမော် အရပ်တွင် အင်းကြီးပေါ်လာသည်။

စမုန်စမြိတ်မြစ်ဖြစ်လာသည်။

ပုပ္ပါးတောင်ကြီးသည် မြေမှ စုန့်စုန့်ကြီး တက်လာသည်။ သရေခေတ္တရာ တည်မည့် နေရာတွင် ပင်လယ်ရေများ ခမ်းခြောက် သွား၏။

သည်ဖြစ်ရပ်ဆန်းများ ဖြစ်ပေါ်လာရာ ဝန်းကျင်ရှိ လူအများသည် မဖြစ်စဖူး ထူးကဲသော အဖြစ်ကြောင့် အုတ်အော်သောင်းတင်း ဖြစ်နေကြသည်။ ကောင်းနိမိတ်လား။ ဆိုးနိမိတ်လား။ သိလိုစိတ်များကြောင့် အချင်းချင်း မေးကြ၊ မြန်းကြ၊ စူးစမ်းကြနှင့်။

ထိုအချိန်တွင် ရသေ့မြို့ ထီးနန်းကို ဆက်ခံသော ဒွတ္တပေါင်မင်းသည် ပင်လယ်ရေများ ခမ်းခြောက် သွားသော နေရာ၌ မြို့ကြီး တည်ဆောက်ရန် ဆန္ဒ ဖြစ်ပေါ်သည်။ ပညာရှိ အမတ်များနှင့် တိုင်ပင်ကာ မင်္ဂလာ အခါကောင်းကို ရွေးချယ် ကြသည်။

သို့ဖြင့် သာသနာတော်သက္ကရာဇ် (၁၀၁)ခု၊ တန်ခူးလဆန်း (၁) ရက်၊ တနင်္ဂနွေနေ့၊ နက္ခတ် (၁၆) လုံး၊ နေထွက် တစ်ပြုတွင် 'သရေခေတ္တရာ' ဆိုသည့် မြို့ကြီးကို တည်ထောင် တော်မူသည်။ ထိုအချိန်မှာ ခရစ်တော် မပေါ်မီ (၄၄၃) ခုနှစ် ဖြစ်သည်။

မြို့တည်သည့်အခါ မြို့ကွက်ကို အဝန်းအဝိုင်း ဖြစ်စေရန် သိကြားမင်းက စက်တိုင်၌ ရပ်နေပြီး၊ နဂါးကို စက်ကြိုးပြု၍ လှည့်တော်မူ၏ဟု မှန်နန်း ရာဇဝင်တော်ကြီး ပထမတွဲတွင် ဆိုထားသည်။ အဓိပ္ပါယ်မှာ သင်္ကန်းသားကို စက်တိုင်ပြု၍ ယင်းစက်တိုင်တွင် နွားသားရေကို နန်းကြိုးပြုကာရစ်ပြီး မြို့ကွက်ဆွဲခြင်း ပင်ဖြစ်သည်။

ဝိနိစ္ဆယပကာသနီလင်္ကာ၌ 'ဖိုးဦးနဂိုရ်၊ တောင်စိမ်းညိုတွင်၊ မိန့်ဆိုမြွက်ကြား၊ ဗျာဒိတ် ထားမှ၊ ရွေးဖျားပုံခင်း၊ မြို့တည်ရင်းတွင်၊ မာန်တင်းမနုန့်၊ စိတ်ကြမ်းရုန့်သည်၊ ဂဠုန်ခွန်အား၊ တောင်သံကြားလျှင် နဂါးတုန်ခွေ၊ သုံးကြိမ်ရွေ့လျက်၊ အကွေ့ သုံးခွေ၊ မြို့ဝန်း နေသည်၊ သရေခေတ္တ' ဟု ဆိုထားသည်။

သင်္ကန်းသားကို စက်တိုင်ပြု၍ နွားသားရေ နန်းကြိုးဖြင့် မြို့ကွက်ကို ဆွဲသည့်အခါ မြို့ရိုး အရှေ့ ဘက်၌ အင်းသုံးအင်း ခံနေသည်။ နွယ်ကျော်အင်း၊ ငှက်ပျောတောအင်းနှင့် ကဖွန်းအင်းများ ဖြစ်ကြသည်။ ထို့ကြောင့် မြို့ရိုးကို စက်ဝိုင်းသဏ္ဍာန် တိတိကျကျ ဆွဲ၍ မရပေ။ အင်းသုံးအင်းကို ချန်၍ကွေ့ပြီး ဆွဲရသဖြင့် အကွေ့ သုံးကွေ့ ရှိနေသည်။ သို့နှင့် သရေခေတ္တရာမြို့သည် ဘဲဥပုံလည်းမကျ၊ စက်ဝိုင်းပုံလည်းမကျသော အဝန်းအဝိုင်း ပုံသဏ္ဍာန် ဖြစ်နေသည်။

မြို့၏ အကျယ်အဝန်းမှာ တောင်နှင့်မြောက် နှစ်မိုင်ခွဲခန့် ရှိသည်။ အရှေ့နှင့် အနောက် နှစ်မိုင်ခန့် ရှိသည်။ ဤအတိုင်းအတာအရ မြို့၏ အကျယ်အဝန်းမှာ စတုရန်း

ငါးမိုင် ခွဲခန့် ရှိ၏။ ပျူမြို့များအနက် အကြီးဆုံး ဖြစ်သည်။ မြို့ရိုးတစ်ပတ်မှာ ကိုးမိုင်ကျော် ရှိသည်။ မြို့ရိုးပေါ်မှ မလျှောက်ဘဲ၊ မြို့ရိုးအပြင်ဘက်မှ ပတ်၍လျှောက်လျှင် ဆယ်မိုင် ကျော်ပေမည်။ မြို့ရိုးကိုပတ်၍ သက်တောင့်သက်သာ လျှောက်ပါက တစ်နေ့နီးပါး လျှောက်ရ ပေမည်။ ကြီးမားသော အုတ်ကြီးများကို အသုံးပြုကာ တည်ဆောက်ထားသော မြို့ရိုးကြီးမှာ ထူထဲ ခိုင်ခံ့လှ၏။ မြို့ရိုး တစ်ဖက်တစ်ချက်မှ လာသော မြို့ရိုး တံတိုင်းသည် မြို့ဝင်ပေါက် ဖော်မည့် နေရာတွင် ကွေ့ဝိုက်ဝင်သွား၏။ တံတောင်ဆစ်ချိုး မချိုးဘဲ စက်ဝိုင်း၏ အပိုင်းငယ် သဖွယ် ကွေ့ဝိုက်၍ ချိုးထားသည်။ တည်ဆောက်ပုံမှာ ဗိဿနိုးမြို့ ဝင်ပေါက်များ အတိုင်းပင်။ မြို့ရိုးတွင် ပြဲပေါက်၊ ရဋ္ဌေပေါက်၊ သာယာဝတီပေါက်၊ ဘီလူးမပေါက်၊ ရဟန္တာပေါက်၊ မုတ်ရှည်ပေါက်၊ ရွှေတံခါးပေါက်၊ နဂါးတွန့်ပေါက်နှင့် နတ်ပေါက် စသည်ဖြင့် မြို့ဝင်ပေါက်များ ဖောက်လုပ်ထားသည်။

မြို့ရိုး အတွင်း မော်ဇာ တောင်ဘက်တွင် နန်းတော်ကြီး တည်ဆောက်သည်။ ပြီးတော့ ငွေ၊ မိုး၊ ဆောင်း ဥတုသုံးပါး၌ သင့်တော်သလို စံမြန်းရန် ဘုံခုနစ်ဆင့် ရှိသော ပြာသဒ် နန်းဆောင်၊ ဘုံကိုးဆင့်ရှိသော ပြာသာဒ်နန်းဆောင်၊ ဘုံတစ်ဆယ့်တစ်ဆင့် ရှိသော ပြာသာဒ် နန်းဆောင်တို့ကိုလည်း ဆောက်လုပ်တော်မူသည်။

မှန်နန်းရာဇဝင်ကြီး၊ တတိယတွဲ၊ စားမျက်နှာ (၁၇၀)အရ သရေခေတ္တရာမြို့ကြီး တည်ဆောက်ရာတွင် ဂဝံပတေ့၊ ရသေ့၊ သိကြား၊ နဂါး၊ ဂဠုန်၊ စန္ဒီ၊ ပရမေသုရာ စသည့် သူမြတ်ခုနစ်ဦးက ကူညီ စောင့်ရှောက်ကြသည်ဟု ဆိုသည်။ သိကြားမင်းက သီလဝံသဓား၊ မင်းမြောက် တန်ဆာငါးပါး၊ ကေရာဇ်မင်းတို့နှင့် ထိုက်တန်သော အဆောင်အယောင် မင်းခမ်းမင်းနား တို့ကိုလည်း ပေးအပ်သည်။ ရန်သူများကို နှိမ်နင်းဖို့ အရိန္ဒမာလှံ၊ ခေါင်းလောင်း၊ စည်ကြီး၊ နာဋ္ဌာဂီရိဆင်၊ ဝလာဟကမြင်း တို့ကိုလည်း ပေးအပ်သည်။ ပြီးတော့ မင်းကြီးကို မပြတ် စောင့်ရှောက်ရန် နတ်စစ်သည်တစ်ကျိပ် ခုနစ်ယောက်ကိုလည်း ပေး၏။ သံတမန်အရာ၌ လိမ္မာကျွမ်းကျင်၍ ပညာပြည့်ဝသော အမတ်များ ငနီပါး၊ ငရဲကျား၊ ပဋ္ဌင်းဖြူ၊ ပဋ္ဌင်းညို၊တို့ကိုလည်း သိကြားမင်းပင် ဆောင်နှင်းပေး သည်ဟုဆိုသည်။

မည်သို့ဆိုစေ ကြီးမြတ်သော ဘုန်းတန်ခိုးရှိပြီး၊ မဲ့ရှင်နှင့်တကွ ဖြစ်၍ မျက်စိသုံးခု၊ အတုမဲ့ခေါင်၊ ဒွတ္တပေါင်မင်းသည် နိုင်ငံတော် တည်ဆောက်ရေးတွင် ကိုယ်ရောစိတ်ပါ လုံးပမ်း နေရသဖြင့် သူငယ်စဉ်ကတည်းက တမ်းတ စွဲလန်းခဲ့ရသော 'ပန်ထွာ' နှင့် နီးစပ်ရေးကိုကား မဆောင်ရွက်နိုင်သေးပေ။

သို့ဖြင့် ဒွတ္တပေါင်မင်းသည် သီရိစန္ဒာကို တောင်နန်းမိဖုရား၊ ဥမ္မာရဒေဝီကို မြောက်နန်း မိဖုရား၊ ဘေစန္ဒီကို အနောက်နန်း မိဖုရား အသီးသီး ထား၍ နန်းတက် တော်မူသည်။ နန်းတက်စဉ် သိကြားမင်းက လက်ယာ၊ ပြဟ္မာမင်းက လက်ဝဲ၊ မ,လျက် ရွှေနန်း တင်ပေးကြသည် ဟုဆိုသည်။

မဇ္ဈိမဒေသတွင် သာသနာသက္ကရာဇ် (၉၀)၌ နန်းတက်၍ သာသနာသက္ကရာဇ် (၁၀၀) ပြည့်နှစ်တွင် ဒုတိယသံဂါယနာ တင်သော 'ကာလာသောကမင်း' နှင့် ဒွတ္တပေါင်မင်းမှာ ထီးပြိုင်နန်းပြိုင် ဖြစ်သည်။

ဤမျှ တန်ခိုးရှိန်ဝါ ကြီးမားသော ဒွတ္တပေါင်မင်းကြီး၏ သရေခေတ္တရာသည် ဧရာဝတီမြစ်ကြီး၏ အဝ ခေါင်းလောင်းပုံ ပင်လယ်ကွေ့ကြီး၏ ထိပ်မှာ တည်ရှိသည်။ သဘော်ဆိပ်မြို့ ကြီးဖြစ်သည်။ မြန်မာနိုင်ငံ အထက်ပိုင်းကိုဖြတ်၍ အရှေ့ အနောက် ကုန်သွယ်မှု ကုန်းလမ်းကြီး တစ်လမ်းရှိသည်။ ထိုလမ်းကြီးသည် ပုဂံမြို့ လောက်တွင် တောင်ဘက်သို့ ဆင်းလာရာ သဘော်ဆိပ်ကမ်းမြို့ကြီး ဖြစ်သော သရေခေတ္တရာ၌ ဆုံးသည်။ ထို့ကြောင့် သရေခေတ္တရာ၏ တည်နေရာသည် ကမ္ဘာ့ကုန်သည် လမ်းမကြီး တစ်ခု၏ ပင်လယ်သို့ ထွက်ပေါက် အဝတစ်ခု ဖြစ်နေသည်။

သရေခေတ္တရာမှ သဘော်လွှင့်သော် အရှေ့ တောင်ဘက်၌ဒဂုံ၊ သံလျင်၊ သထုံ ဆိပ်ကမ်းမြို့များ ရှိသည်။ အနောက်ဘက်၌ အိန္ဒိယပြည်၏ အရှေ့ ဘက်ဆိပ်ကမ်း မြို့ များအထိ ရောက်သည်။ အနောက်တောင်ဘက်ရှိ သီရိလင်္ကာ (သီဟိုဠ်) သို့လည်း ရောက်သည်။

ထိုသို့သော ဆက်သွယ်ရေး လမ်းကြောင်းများကြောင့် သရေခေတ္တရာသည် အိန္ဒိယနှင့် ကူးလူ ဆက်ဆံမှုများ ရှိလာသည်။ ဤတွင် ဗုဒ္ဓဝါဒသည် အိန္ဒိယ တောင်ပိုင်းမှ ရောက်ရှိ ပျံ့နှံ့လာသည်။ မဟာယနဗုဒ္ဓဝါဒနှင့် ဟိန္ဒူဝါဒ၊ တန္တရဝါဒတို့သည် အရှေ့ ဘင်္ဂါ ဒေသမှ ရောက်ရှိလာသည်။ ခေတ်ပြိုင်တရုတ် မှတ်တမ်းများအရ သရေခေတ္တရာတွင် ဗုဒ္ဓ ဝါဒ သံဃာကျောင်းများ တစ်ရာကျော် ရှိသည်ဟု ဆိုသည်။ အိန္ဒိယမြောက်ပိုင်း ဗုဒ္ဓဝါဒ ဂိုဏ်းသည် အရှေ့ မြောက်ပိုင်းသို့ ရောက်ရှိကာ ထိုမှတစ်ဆင့် သရေခေတ္တရာသို့ ပျံ့နှံ့ လာသည်။ ကူးလူး ဆက်ဆံရေးများကြောင့် အချို့ ယဉ်ကျေးမှု ကိစ္စများ၌ ရောယှဉ်ခြင်း ရှိတန်သရွေ့ ရှိမည်ဖြစ်၏။ သို့သော် သရေခေတ္တရာ၏ အဓိက ယဉ်ကျေးမှုကား သီးခြား ဂုဏ်များနှင့် ပြည့်စုံသည့် ထေရဝါဒဗုဒ္ဓဘာသာ ယဉ်ကျေးမှုသာတည်း။

ဘုန်းလက်ရုံးနှင့် ပြည့်စုံသော ဒွတ္တပေါင်မင်းကြီးသည် ဗုဒ္ဓ သာသနာတော်ကို လွန်စွာ ချီးမြှောက်တော်မူသည်။ မြတ်စွာဘုရား၏ တပည့် သားသာဝကများ ဖြစ်သော ရဟန္တာ အရှင်မြတ်သုံးထောင်တို့သည် သရေခေတ္တရာ မြို့တော်သို့ ကြွရောက် သီးတင်း သုံးတော် မူကြရာ ဒွတ္တပေါင်မင်းကြီးသည် သဒ္ဓါတရား ထက်သန်စွာဖြင့် ကြိုဆို ကိုးကွယ် တော်မူသည်။ နေ့စဉ်နေ့တိုင်း ပစ္စည်း လေးပါးတို့ဖြင့် ချီးမြှောက် ထောက်ပံ့ လှူဒါန်း တော်မူသည်။

ယောက်ျားကလေးနှင့် မိန်းကလေးများ အသက်(၇)နှစ်သို့ ရောက်လျှင် ဦးပြည်း ရိတ်ကာ သာသနာ့ ဘောင်သို့ ဝင်စေသည်။ အသက်(၂၀)ရောက်၍မှ တရား မမြင်ကြလျှင် လူဝတ် လဲခွင့်ပေး၍ လောကီသားအဖြစ် နေထိုင်ခွင့်ရသည်။ ပြည်သူပြည်သားများ ကလည်း ရှိသေထိုက်သူကို ရှိသေမြဲဖြစ်၍ ထိုဓလေ့ကို လိုက်နာကြသည်။

သရေခေတ္တရာ ပြည်သူပြည်သားများ ကိုးကွယ်ဆည်းကပ်ရန် မြတ်စွာဘုရား၏ သရီရ ဓါတ်တော်များကို ဌာပနာ၍ စေတီတော်များ တည်ထားတော်မူသည်။

နဝင်းချောင်း မြောက်ဘက်တွင် 'သောကြမ္ဘာ' စေတီတော်၊ ရသေ့မြို့ အနောက်ဘက်တွင် 'ညည်းညည်း' ဘုရား၊ စွန်သိုက်ရွာ အနောက်မြောက် တောင်ပေါ်တွင် 'မြင်ဗာဟု' စေတီ၊ ရသေ့မြို့ အနောက်တောင်တွင် 'ဗောဗောကြီး' ဘုရား၊ မော်ဇာရွာ အနောက်တွင် 'ဘုရားတောင်' ဘုရား၊  ရသေ့မြို့ အရှေ့ မြောက်တွင် 'သရမာ' ဘုရား၊ စကော့တောင် အနောက် သုဒဿနကုန်းတွင် 'မြသိထင်' ခေါ် ရွှေဆံတော်စေတီ။ ရသေ့မြို့ တောင် စလင်္ဂသူ တိုက်နယ်တွင် 'ဆေးဆေး' ဘုရား၊ စလင်္ဂသူ တိုက်နယ်တွင်ပင် 'ဒွေးဒွေး' ဘုရားဟူ၍ အကျော်(၉)ဆူတို့ ဖြစ်သည်။

ညောင်ပင်ဆိပ်ရွာ တောင်ဘက်တွင် 'ကျောက်တံခါးသိမ်'၊ မယပင်တောင် မဟာစေတီ အနီးတွင် 'ရွှေငါးကြင်းသိမ်၊ ပုညစေတီ တောင်အနီးတွင ် 'ပွင့်လှသိမ်'၊ ကျောက်ကာ ဘုရား အနီးတွင် 'ကျောက်ကာသိမ်'၊ မြင်ဗာဟုဘုရား အနီးတွင် 'မြင်ဗာဟုသိမ်'၊ ဘုရားကြီးအရှေ့တွင် 'ဘုရားကြီးသိမ်'၊ ပါဒမယ်ဘုရား မြောက်မျက်နှာတွင် 'ပါဒသိမ်'၊ မော်ဇာရွာအနောက် စက်တိုင်ဘုရား အနီးတွင် 'စက်တိုင်သိမ်'၊ ရွှေဆံတော် ဘုရား အရှေ့ ဇေယျာ ပထဝီကုန်းတွင် 'ဇေယျပထဝီသိမ်'၊ ဟူ၍ သိမ်(၉)သိမ်။

စလင်္ဂသူတိုက်နယ်တွင် ပျော်ဘွယ်ကန်၊ ရသေ့မြို့ အနောက်မြောက်တွင် ကံသာဦး၊ ရသေ့မြို့အနောက် တောင်တွင် ရွှေယောင်းကန်၊ ယင်းနေရာတွင်ပင် ထမင်းရေကန်နှင့် နန္ဒာကန်၊ ရသေ့မြို့တွင်း၌ ပိုလ်ချင်ကန်၊ ရသေ့မြို့ အနောက်တွင် မုဆိုးမကန်၊ ယင်းနေရာတွင်ပင် မုဆိုးဖိုကန်၊ မရမ်းကျွန်းအနီးတွင် မုဋ္ဌလိန္ဒာကန်ဟူ၍ ကန်(၉)ကန်။

ဂန္ဓမာဒနကုန်း အနောက်မျက်နှာတွင် ဂန္ဓမာဒနဥမင်၊ ဝန်တောင်လည်ကုန်း တောင်မျက်နှာတွင် ဘုရားနီဥမင်၊ ဘွတ်ဘွင်းဘုရား မြောက်မျက်နှာတွင် ဘွတ်ဘွင်းဥမင်၊ မြင်တင်တောင်အရှေ့ ယွန်းတွင်ခဲလူးဥမင်၊ ညောင်ပင်ဆိပ် ကျောင်းတောင်တွင် အာနန္ဒာဥမင်၊ ကျောက်တံခါးတောင် အရှေ့ တောင်စောင်းတွင် ပုဂံမျှော်ဥမင်၊ မိကျောင်းရဲ့ အရှေ့တွင် ကျောက်တံခါးဥမင်၊ ပုထိုးကြီးတောင် တစ်ခေါ်လောက်တွင် ရသေ့ဥမင်၊ ပုထိုးကြီးတောင် အနီးတွင် ရွှေဥမင်ဟူ၍ ဥမင်ဂူ(၉)ဂူတို့ကို နဝင်းကျေ တည်တော်မူသည်။

ဒွတ္တပေါင်မင်းကြီးသည် ထိုမျှဖြင့် မကျေနပ်နိုင်သေးပါ။ မြတ်စွာဘုရား၏ ဆံတော်အစစ်ကို ကိုးကွယ်လိုသည်။ ဆံတော်အစစ် ဘယ်မှာရှိပါလိမ့်။ မကြာမီ ဆံတော်ဓါတ်ကိန်းအောင်း စံပယ်သည့် နေရာကို ကြားသိရသည်။ 'ဘုရားရှင်လက်ထက်က တဖုဿနှင့် ဘလ္လိကကုန်သည် ညီနောင်တို့သည် ဘုရားရှင်၏ ဆံတော်ဓါတ်ကို သယ်ဆောင်လာ၏။ စေတီ တည်ထား ကိုးကွယ်ရန် နေရာကို ရှာကြရာ သုံးနှစ်အကြာတွင် သိင်္ဂုတ္တရကုန်းကို တွေ့၏။ စည်မျက်နှာပြင် ကဲ့သို့ ညီညာသော တောင်ထိပ်တွင် ဆံတော်တွင်း၌ ထည့်၍ ဌာပနာပြီး စေတီတော် တည်ထားကြောင်း' မင်းကြီး ကြားလေလျှင် စစ်အင်္ဂါ လေးပါးနှင့် ချီလာ၍ ဆံတော်ဓါတ်ကို ပင့်ဆောင်သွားရန် ကြံစည်၏။ ဆံတော်တွင်းကို တူးမည်ဟု တူရွင်းကို ချသည့်ခဏ၌ လေမုန်တိုင်း ကျရောက် လာသောကြောင့် အကြံအစည်ကို လက်လျှော့ကာ ရသေ့ပြည်သို့ ပြန်သွားရကြောင်း မှတ်တမ်းများကဆိုသည်။

သရေခေတ္တရာကို ရံသောမြို့ (၇)မြို့ ရှိသည်။ အင်းမမြို့၊ ပေါင်းတည်မြို့၊ ရွှေလေးမြို့၊ တိမ်ယုံမြို့၊ ညောင်ပင်ဆိပ်မြို့၊ ကျွန်းစုံမြို့နှင့် ရွာပိန်မြို့ များဖြစ်သည်။

ပြီးတော့ တိုက်နယ်လည်း (၇)နယ်ရှိသည်။ စလင်္ဂသူစစ်သူကြီး နေသည်ကိုစွဲ၍ စလင်္ဂသူတိုက်၊ မဟာသမန္တစစ်သူကြီး နေသည်ကိုစွဲ၍ မဟာသမန်းတိုက်၊ ကာလသိဃ် နေသည်ကို စွဲ၍ ကသိဃ်ာတိုက်၊ မဟာမင်္ဂလသိခ် နေသည်ကိုစွဲ၍ မင်္ဂလသိခ်တိုက်၊ မဟာမေဃ နေသည်ကို စွဲ၍ မဟာမေဃတိုက်၊ (မိုးကုတ်တိုက်ဟုလည်း ခေါ်သည်။) ရသေ့ နေသည်ကို စွဲ၍ ရသေ့တိုက်၊ သုဝဏ္ဏဗိုလ်စစ်သူကြီး နေသည်ကိုစွဲ၍ သုဝဏ္ဏဗိုလ် တိုက်တို့ ရှိသည်။

ဤသို့ မြို့ရံများ၊ တိုက်နယ်များဖြင့် စည်ကားလှသော ရောမ မြို့ကြီးဖြစ်သည့် သရေခေတ္တရာ၊ 'ကျက်သရေ မင်္ဂလာအပေါင်းနှင့် ပြည့်စုံသော လယ်မြေ'ဟု အနက်ရသည့် သရေခေတ္တရာ၏ ဝန်းကျင်တွင် ရာဇဓာနီ တည်ထောင် မင်းပြုလျက် နေထိုင်ကြသော တိုင်းပြည်များ ရှိသည်။ ပန်ထွာပြည်၊ ဗိဿနိုးမြို့။ ကျောက်စကားအရပ်။ ရာမညတိုင်း၊ ကမ်းယံပြည်၊ ရခိုင်ပြည်၊ သက်တို့နေရာ အရပ်များ ဖြစ်ကြသည်။

ပန်ထွာပြည် ဗိသနိုးမြို့တွင် ပန်ထွာဘုရင်မ အုပ်ချုပ်လျက်ရှိ၏။ ကျောက်စကား အရပ်မှာ ပုဂံနယ်ရှိ လောကနန္ဒာဘုရား တည်နေရာဖြစ်သည်။ မြစ်ဆိပ်ကမ်းပေါ်တွင် ရှိ၏။ ထိုအရပ်သည် ဒွတ္တပေါင်မင်းကြီး လုံကျ၍ ပျူမျိုးပျူဘော်များ ရှိရာ အရပ်ဖြစ်သည်။ (ဒွတ္တပေါင် မင်းကြီး၏ လုံကျသည် ဆိုသောစကားသည် တကယ့်အဟုတ် လုံကျသည် မဟုတ်။ ဩဇာအာဏာ ပျံ့နှံ့ရာ အရပ်ကို လုံကျသည်ဟူ၍ ရှေးပညာရှိတို့ ဆိုကြောင်း၊ မြန်မာမင်း အုပ်ချုပ်ပုံ စာတမ်း ဒုတိယပိုင်း၊ စာမျက်နှာ (၉၂) တွင် ဖော်ပြထားသည်။ စကားချပ်။)

ရာမညတိုင်းမှာကား မွန်နိုင်ငံကို ဆိုသည်။ ရာဇဌာနီ တည်ရာသည် သထုံဖြစ်၏။ ရာမညတိုင်းနှင့် သရေခေတ္တရာတို့မှာ နယ်နီး၊ နယ်ဟပ်၊ ကျောခိုင်းနယ်စပ် ဖြစ်သည်။

ကမ်းယံမှာ ဒုတိယ တကောင်းပြည် စည်ပင်စဉ် အခါက ရာဇဌာနီ တည်လျက် ရှိသော ကမ်းယံပြည်ပင် ဖြစ်သည်။

ရခိုင်ပြည်မှာ ယခုထင်ရှားရှိသော ရခိုင်ပြည်ပင် ဖြစ်သည်။

သက်တို့ နေရာ အရပ်မှာ အရှေ့ သက်ကို ဆိုလိုသည်။ ယခု သရက်မြို့ တည်နေရာပင် ဖြစ်၏။

သည်လို ရာဇဌာနီများ အနက် သရေခေတ္တရာသည် အကြီးဆုံးဖြစ်သည်။ ရောမမြို့ တော်ကြီးဖြစ်၏။ ထိုအခါက သူ့ကို မီနိုင်သော မြို့ကြီးဟူ၍ မရှိပေ။ ဒွတ္တပေါင်မင်းသည် ဘုန်းတန်ခိုး လွန်စွာကြီးသော မင်းဖြစ်၏။

ဒွတ္တပေါင် မင်းသည် ခပ်သိမ်းသော သတ္တဝါ အပေါင်းတို့၏ အစီးအပွား အလို့ငှာ ရဟန္တာ အရှင်မြတ်တို့နှင့် တိုင်ပင်ပြီး 'အပါယဂတိမုပါယံ' ဂါထာဦးတပ်သော ဓမ္မသတ် ကျမ်းကို ပြုစုတော် မူသည်။

သာသနာတော်ကို မည်မျှပင် ချီးမြှောက်လင့်ကစား တစ်ချိန်တွင် မုန့်သည်မ တစ်ယောက်က သူ၏ဆရာ ရဟန်းအား လှူဒါန်းထားသော ကျောင်းဝတ် မြေလပ် ငါးပယ်မျှ ကို သိမ်းယူတော် မူမိသည်။ ဤတွင် သိကြားမင်း ဆက်သ ထားသော လုံပျံ၊ ခေါင်းလောင်း ကြီး၊ စည်ကြီးတို့သည် မည်သည့် အစွမ်းသတ္တိမျှ မပြတော့ပေ။ မင်းကြီးက ရဟန္တာ အရှင်မြတ် များအား ထိုအကြောင်းကို တင်လျှောက်သည်။ ရဟန္တာ အရှင်မြတ်များက ဉာဏ်ဖြင့် ဆင်ခြင် ကြည့်တော်မူရာ ကျောင်းဝတ်မြေကို သိမ်းယူသောကြောင့် ဤသို့ ဖြစ်ရကြောင်း မြင်တော်မူကြသည်။

"မင်းကြီး လောက၌ ရတနာသုံးပါးနှင့် စပ်သော ပစ္စည်းတို့သည် အဆိပ်ထန်သော မြွေပွေး၊ မြွေဟောက်များနှင့်တူ၏။ မြွေတို့၏ သဘောသည် သူတို့အား ထိပါးသူကို ပြန်၍ ရန်မူမြဲ ဖြစ်သည်။ ဤသို့ ရန်ပြုသော် ကြီးစွာသော ဘေးသို့ ရောက်ကြရသည်။ ထို့အတူပင် ရတနာသုံးပါးနှင့် စပ်သော ပစ္စည်းများကို သိမ်းယူမိချေသော် မြတ်သော စည်းစိမ်မှ လျောကျ ပေလိမ့်မည်။ ဘေးအန္တရာယ်များ ကျရောက်ပြီး အသက်ပင် ဆုံးရှုံး နိုင်သည်။ မင်းကြီးလည်း မအပ်သော ပစ္စည်းကို သိမ်းယူ မိသောကြောင့် လုံပျံ၊ ခေါင်းလောင်း၊ စည်ကြီးတို့၏ အစွမ်းများ ပျက်ပြယ်ခြင်း ဖြစ်ပေသည်" ဟု မိန့်တော်မူ လေသည်။

မင်းကြီးက ဤသို့ သိမ်းယူမိပါကြောင်း ဝန်ခံလျှောက်ထား၏။ သိမ်းယူထားသော လယ်ငါးပယ်ကို မုန့်သည်မ၏ ဆရာရဟန်းအား ပြန်လည် ပေးအပ်လိုက်၏။ သို့သော် လုံပျံ၊ ခေါင်းလောင်းနှင့် စည်ကြီးတို့ကား မူလ အခြေသို့ ပြန်မရောက် တော့ပေ။ သည်အတွက် ဒွတ္တပေါင်မင်းကြီး၏ စိတ်၌ များစွာ အနှောင့်အယှက် ဖြစ်ရသည်။

မည်သို့ဆိုစေ ဒွတ္တပေါင်မင်းကြီး၏ ဘုန်းကာ ကြီးမားလှပေသည်။ ဇမ္ဗူဒီပါကျွန်းမှ စ၍ နဂါးပြည် တိုင်အောင် လက်နက် နိုင်ငံတော် ဖြစ်ကြောင်း မှန်နန်း ရာဇဝင် တော်ကြီး က ဆိုးထားသည်။ ဆိုလိုသည်မှာ သရေခေတ္တရာသည် ဧရာဝတီ မြစ်ကြီး၏ အဝ ခေါင်းလောင်းပုံ ပင်လယ်ကွေ့ကြီး၏ ထိပ်မှာ တည်ရှိရာ ထိုမှနေပြီး ပင်လယ်ကွေ့ကြီးကို ထိန်းချုပ် ထားနိုင်ခြင်းပင် ဖြစ်သည်။ မိမိထိန်းချုပ် ထားနိုင်သော လက်အောက်ခံ

နယ်ပယ်များမှ အခွန်တော် ကောက်ခံသည့် အခါ ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြား အစ ရှိသော ရတနာများ။ ကြာချည်ဖြင့် ရက်လုပ်သော ပုဆိုး၊ ဝါချည်ဖြင့် ရက်လုပ်သော စသည် တို့ကို ဆက်သလာ ကြသည်။

သည်လို အခွန်တော် ဆက်သကြသည့် မင်းများအနက် ပန်ထွာပြည် ဗိဿနိုး ဘုရင်မ, မပါဝင်ပေ။ ကိစ္စမရှိပါ။ ငယ်ဘဝ ကတည်းက ရင်မှာ စွဲလန်းခဲ့ရသော ပန်ထွာ ဘုရင်မ ကိုသာ ရယူ ပိုင်ဆိုင်နိုင်ပြီ ဆိုပါက တစ်နှစ်တစ်ကြိမ် အခွန်ကောက်ခံ ရန်ပင် မလိုတော့ပြီ။ သည်ကိစ္စ ချောမော ပြေပြစ်ရေးအတွက် စကားအရာ လိမ္မာ ကျွမ်းကျင်သော ပဍ္ဍင်းဖြူ၊ ပဍ္ဍင်းညိုတို့ ရှိသည် မဟုတ်ပါလား။

## အခန်း(၁၁)
## လာလာချေပြီ… ပျိုတို့မောင်ရဲ့ တမန်များ လာချေပြီ

ပန်ထွာပြည်ကို စိုးမိုးအုပ်ချုပ်သော ပန်ထွာဘုရင်မသည် နန်းစည်းစိမ်ကို စိတ်တိုင်းကျ ခံစား ယစ်မူးနေသူ မဟုတ်ပါ။

နံနက်ညီလာခံ၊ နေ့ညီလာခံ၊ ညညီလာခံ ဟူ၍ တစ်နေ့လျှင် သုံးကြိမ် ညီလာခံ ကျင်းပပြီး၊ ပညာရှိ မှူးမတ်များ၊ သေနာပတိကြီးများ၊ တပ်မှူးကြီးများ၊ ဝန်ကြီးများနှင့် တိုင်းရေး ပြည်ရာတို့ကို ဆွေးနွေးတိုင်ပင်သည်။ ဆွေးနွေးတိုင်ပင် ဆုံးဖြတ်ချက်များ အရ လုပ်ဆောင်ရန် တာဝန်များကို သက်ဆိုင်ရာ မင်းမှုထမ်းများသို့ အမိန့်တော်မြတ် လွှဲအပ် ချမှတ်သည်။

ပန်ထွာပြည်ကို အုပ်ချုပ်ရာတွင် ကျောသားရင်သား မခွဲခြားပါ။ အမြင့်ဆုံး လူတန်းစား မှသည် အနိမ့်ဆုံး လူတန်းစားအထိ လေးလေးစားစား ဆက်ဆံသည်။ မိမိ ကိုယ်ကျိုးကို မကြည့်ဘဲ ပြည်သူ ပြည်သားများ၏ အကျိုးကိုသာ ကြည့်တော်မူသည်။ ထို့ကြောင့်လည်း ဗိဿနိုးသူ ဗိဿနိုးသား ပျူလူမျိုးများ၏ ချစ်ခင်မှု၊ လေးစားမှု၊ ကြောက်ရွံ့ ရိုသေမှုတို့ကို ရရှိခဲ့သည်။

နံနက် ညီလာခံကို နံနက်ပိုင်း တစ်ဗဟိုရ်ခန့်တွင် ကျင်းပသည်။ ယခု စက်နာရီအားဖြင့် ဆိုသော် နံနက် ၉နာရီခန့် လောက်တွင် ဖြစ်၏။ နံနက် ညီလာခံသို့ မှူးတော်မတ်တော်များ စုံညီစွာ တက်ရောက် ကြရသည်။

ပန်ထွာဘုရင်မသည် နံနက်ညီလာခံ မတိုင်မီ ဘုရားဝတ်ပြုခြင်း၊ နံနက်စောစောသစ်သီးသစ်ဉ၊ ဖျော်ရည် တို့ကို ပွဲတော်တည် ခြင်း စသည့် ကိစ္စအဝဝကို ပြီးစီးအောင်ဆောင်ရွက်သည်။

နံနက် ညီလာခံ တက်ရမည့် မှူးတော်မတ်တော်များသည် ညီလာခံ ခန်းမသို့ စုံညီစွာ တစ်ညီ တစ်ညွတ်တည်း ဝင်ကြရသည်။ စောစီးစွာ ဝင်ရောက်နှင့်ခြင်း၊ နောက်ကျခြင်းများ မရှိစေရ။ ညီလာခံ ပြီးလျှင်လည်း တစ်ညီတစ်ညွတ်တည်း ပြန်ကြရသည်။ ခန်းမအတွင်း နောက်ချန်နေခဲ့ခြင်းမပြုရ။ ဤသည်မှာ ဗိဿနိုး ရွှေနန်းတော်၏စည်းကမ်းပင်ဖြစ်သည်။

မှူးတော်မတ်တော်များ ညီလာခံ ခန်းမအတွင်းသို့ ရောက်ရှိပြီး မိမိတို့ ဆိုင်ရာနေရာများတွင် စနစ်တကျ ထိုင်ပြီးသည်နှင့် တစ်ပြိုင်နက် ဗိဿနိုး ရွှေနန်းတော်ဝန်ကြီးကအပျိုတော်ကလေး တစ်ယောက်အား ဘုရင်မထံ သံတော်ဦး တင်စေသည်။ အပျိုတော်ကလေးက ပန်ထွာဘုရင်မ စောင့်ဆိုင်းနေရာ ခန်းဆောင်သို့ သွားရောက်၍ လက်ယှက်ရှိခိုးကာ မှူးတော် မတ်တော်များ စုံညီစွာ ရောက်ရှိပြီ ဖြစ်ပါကြောင်း ရိုသေစွာ သံတော်ဦးတင်သည်။

ဘုရင်မက ခေါင်းညိတ် အသိအမှတ် ပြုပြီး အထိန်းတော် မိအူ၊ အတွင်းကိုယ်ရံတော် တပ်ဖွဲ့မှူး မယ်သစ္စာတို့ ခြံရံလျက် ညီလာခံ ခန်းမသို့ ကြွလာသည်။ ခန်းမအတွင်းရှိ သဠ္ဌာလီ (ရွှေကွန်ရက်ထဲသို့ ဆန်းကြယ်တောက်ပသည့် အကာအရံဖြင့် ပြုလုပ်ထားသော ထိုင်ခုံ) ပေါ်တွင် ညင်သာစွာ ထိုင်လိုက်၏။ မိအူနှင့် မယ်သစ္စာတို့က ခန်းမကြမ်းပြင် ကော်ဇောပေါ်တွင် ဝပ်တွား ခစားကြသည်။

ညီလာခံတက်ရောက် လာသော မှူးတော်မတ်တော်များသည် ဦးခေါင်းမော့ခြင်း၊ ဟိုသည်လှည့်ပတ် မျက်စိကစားခြင်း စသည် မပြုရပါ။ ခန်းမဆောင် တစ်ခုလုံးသည် အပ်ကျ လျှင်ပင် ကြားရမတတ် တိတ်ဆိတ် ငြိမ်သက်လျက် ရှိ၏။

တိတ်ဆိတ်ငြိမ်သက်မှုကို ပန်ထွာဘုရင်မ၏ မင်္ဂလာ နှုတ်ခွန်းဆက်ခြင်းက ဖြိုခွင်းလိုက်သည်။ ပြီးလျှင် ဗိဿနိုး ဝန်းကျင်ရှိ တောင်တွင်းကြီးမြို့၊ ငမင်၊ စစ်တား၊ မြို့လုလင်၊ ပတ္တနဂိုရ်၊ ပင်းမြို့ စသည်တို့မှ သတင်းထူးများ ရှိမရှိ မေးမြန်းတော်မူသည်။

သတင်းထူးများ ရှိပါက ဘုရင်မထံ အတွင်းဝန်များက တင်လျှောက်ကြသည်။ ဘုရင်မက သက်ဆိုင်ရာ ဝန်ကြီးနှင့် ဆွေးနွေးသည်။ ယင်းဆွေးနွေးချက်များ၊ ညွှန်ကြားချက်များ၊ အမိန့်တော် ချမှတ်ချက်များကို ရွှေနန်းတော် သံတော်ဆင့်က 'ပေ' ထက်အက္ခရာ တင်ထားရသည်။ ထိုပေရွက်များကို အိုးသိန်းတောင်ရွာ၊ နားမွှောင်းကျရွာ၊ စမုံရွာ၊ ဝက်ခြမ်းကန်ရွာ၊ သတိုးတန်းရွာ (ယခု ကုက္ကိုခွရွာ) စသည့် ပေတော ငါးရွာတို့မှ မပြတ်ပေးပို့ ဆက်သကြသည်။

ယနေ့နံနက် ညီလာခံတွင် အထူးသတင်းများ မရှိ။ ဝန်းတစ်ခွင် ငြိမ်းအေးသာယာလျက် ရှိကြောင်း သတင်းကောင်းသာ ရှိသည်။ ထို့ကြောင့် ညီလာခံကို စောစီးစွာပင် ရုပ်သိမ်း လိုက်သည်။ ပန်ထွာဘုရင်မ ညီလာခံခန်းမမှ ထွက်ခွာသွားပြီး သည်နှင့် မှူးတော်မတ်တော်များလည်း တစ်ညီတစ်ညွတ်တည်း နေရာမှထကာ ပြန်ကြသည်။

မိမိစံမြန်းရာ ခန်းမဆောင်သို့ ရောက်သည်နှင့် ဘုရင်မသည် သာမန် အရပ်သူများ ဝတ်ဆင်သော အဝတ်အစားများကို လဲလှယ် ဝတ်ဆင်လိုက်၏။ အထိန်းတော် မိအူနှင့် ကိုယ်ရံတော် တပ်မှူး မယ်သစ္စာတို့လည်း ထို့အတူ လဲလှယ်ဝတ်ဆင် ကြသည်။ သူတို့သုံးယောက်သည် မြင်းကိုယ်စီ စီးကာ ဗိဿနိုးမြို့ အနောက်ခြမ်းသို့ ထွက်ခဲ့ကြ၏။ ထိုအပိုင်းမှာ လူစည်းကားသည်။ အထူးသဖြင့် မြောက်ဘက်ကုန်သည် လမ်းမကြီးမှ ခွဲထွက်ကာ တောင်ဘက် သရေခေတ္တရာပြည် အထိရောက်သော လမ်းမကြီးနှင့်လည်း

နီးသည်။ သို့ဖြင့် မြို့အနောက်တံခါးမှ ကုန်သည်များ အဝင်အထွက် များသည်။ ရောင်းကြ ဝယ်ကြနှင့် လူစည်ကားသော နေရာ တစ်လျှောက် လှည့်လည်လေ့လာ အကဲခတ်ကြ သည်။

ဈေးနှင့် မနီးမဝေးရှိ သစ်ပင်ရိပ်များ အောက်တွင် ချက်ပြုတ်နေသော အိန္ဒိယ ကုန်သည် အချို့ကို တွေ့ရသည်။ အများအားဖြင့် အိန္ဒိယ မြောက်ပိုင်းရှိ တက္ကစီလာ၊ အိန္ဒိယ အလယ်ပိုင်းမှာ ရှိသည့် နာဒတိုလီနှင့် အိန္ဒိယတောင်ပိုင်း နာဂဇုနကောဏ္ဍာတို့မှ ကုန်သည်များ ဖြစ်ကြသည်။

သူတို့ ချက်ပြုတ်နေသော အိုးပုံစံမှာ ဗိဿနိုးမှ အဝကျယ် ချက်ပြုတ်အိုးများနှင့် ပုံစံတူပင် ဖြစ်၏။ ရွံ့ မီး ဖုတ်အိုးများ ဖြစ်သည်။ သူတို့အိုးများ၏ မျက်နှာပြင်ကို အနီရောင် ဆေး ခပ်ပါးပါး သုတ်ထားသည်။ အိုးပုံစံကို ကြည့်ခြင်းအားဖြင့် သူတို့သည် တက္ကစီလာမှ ဖြစ်ကြောင်း သိနိုင်သည်။ အချို့ ချက်ပြုတ်နေသည့် အိုးများမှာ ဗိဿနိုးမှ ရေထည့်အိုး ပုံစံများ ဖြစ်သည်။ ပြီးတော့ သူတို့ အသုံးအဆောင်တွေ ထဲမှာ လည်ရှည်အိုးများ၊ နှုတ်သီးပါ အိုးများကိုလည်း တွေ့ရသည်။ အချို့ အိုးများ၏ မျက်နှာပြင်များကို ဒလိမ့်ဖြင့် အလှအပ ပုံဖော်ထားသည်မှာလည်း ဗိဿနိုးမှ အလှခြယ်အိုးများ အတိုင်းပင်ဖြစ်သည်။

ဘုရင်မနှင့် နောက်ပါ နှစ်ယောက်တို့သည် ထိုအိန္ဒိယ ကုန်သည်များကို လေ့လာ အကဲခတ်ပြီး ဖြတ်ကျော်ကာ မြင်းကို ဖြည်းဖြည်းချင်း စီးလာကြ၏။ ဈေးသို့ ရောက်လာ သည်။ ဈေးအဝင်ဝ နားရှိ မန်ကျည်းပင်ကြီး တစ်ပင်အောက်တွင် ဈေးဝယ်တွေ အုံပြီး ကြည့်နေ ကြသည်ကို တွေ့ရသည်။ ဘာများပါလိမ့်။ ဘုရင်မနှင့် အဖွဲ့သည် သူတို့အနီးသို့ တိုးကပ်သွားပြီး မြင်းပေါ်မှပင် ကဲပြီး ကြည့်လိုက်ကြသည်။ တရုတ်ကုန်သည်တွေပါလား။ တရုတ်ပြည်ထွက် ပိုးပိတ်ချောများနှင့် ချည်မျှင်များကို ရောင်းချ နေကြသည်။ ပိုးပိတ် ချောများမှာ အရောင်အသွေး စုံလင်လှ၏။ လှပ နုအိနေသည် ပိုးစရောင်စုံများသည် ဗိဿနိုး သူများ၏ စိတ်ကို ဆွဲဆောင်သည်မှာ အမှန်ပင်။ သို့သော် ပိုးကောင်မှ ထုတ်လုပ်

သော ပိုးချည်ဖြင့်ရက်လုပ် ထားသောကြောင့် ပိုးထည်များကို သူတို့ ဝယ်ယူခြင်း မရှိပေ။ ရိုးရိုး ချည်မှျင်များကိုသာ စိတ်ဝင်စား ရွေးချယ်နေကြသည်။

တရုတ်အထည် ကုန်သည်ကြီးများ၏ ဘေးနားမှာတော့ အဖိုးတန် သစ်ဂျ ပိုးရွက်များ၊ နံ့သာဆီမွှေးများကို ရောင်းချနေသူ တစ်ယောက်။ ထိုအဖိုးတန် နံ့သာဆီများမှာ တရုတ်ပြည် အနောက်ဘက်မှ ထွက်ရှိသည်။ ထိုကုန်များကိုလည်း အမျိုးသမီး အချို့ မေးမြန် ဝယ်ယူနေကြသည်။

ထိုတရုတ် ကုန်သည်များသည် သူတို့၏ ကုန်များကို ကျောဖြင့် ပိုး၍ သယ်ဆောင်လာကြ၏။ လမ်းကြောင်းမှာ တရုတ်ပြည် အနောက်တောင်ပိုင်းနှင့် အာရှအနောက်ပိုင်း နိုင်ငံများကို ဆက်သွယ်ထားသော ကုန်သည်လမ်းမကြီးမှ မြန်မာပြည် တောင်ဘက်သို့ ခွဲထွက် ခဲ့သော လမ်းကြောင်း အတိုင်း ဆင်းလာခြင်း ဖြစ်သည်။ သူတို့ သယ်ဆောင်လာသော ကုန်များကို ရေလမ်းမ႒ တစ်ဆင့် ဂင်္ဂါမြစ်ဝရှိ သဘော်ဆိပ် မြို့များတွင် ဖြန့်ဖြူးရောင်းချ ကြမည်ဖြစ်၏။ ဗိဿနိုး၏ တည်နေရာသည် ထိုလူသုံးကုန် ပစ္စည်းများကို တရုတ်ပြည် အနောက်တောင်ပိုင်းမှ ပင်လယ်ဆိပ်ကမ်းသို့ ပို့ရာ လမ်းခရီး၌ ကျရောက်နေသည်။ ထို့ကြောင့်လည်း တရုတ် ကုန်သည်များသည် ဗိဿနိုးတွင် စခန်းချ ရပ်နားရင်း ရောင်းချ နေကြခြင်းပင် ဖြစ်သည်။

အိန္ဒိယ ကုန်သည်များ၊ တရုတ် ကုန်သည်များသည် ဗိဿနိုးသို့ မပြတ်ဝင်ရောက်နေကြသော်လည်း ကုန်ပစ္စည်းများကို ရောင်းချရန် သက်သက်မျှသာ ဖြစ်၏။ နိုင်ငံတော်ကို နောက်ယှက် ဖျက်ဆီးမည့်သူများ မဟုတ်ပေ။ သူတို့ကို သံသယဖြစ်ဖွယ် မရှိ။

ဘုရင်မနှင့် အဖွဲ့သည် ထိုကုန်သည်များ ရောင်းချ နေသည်ကို ခေတ္တမျှ ကြည့်ပြီး အနောက်မြို့ရိုးရှိ မြို့တံခါးဘက်ဆီသို့ ထွက်ခဲ့ကြသည်။ မျက်နှာစိမ်းများ၊ သံသယ ဖြစ်ဖွယ် လူများ အဝင်အထွက် ရှိမရှိ လေ့လာ အကဲခတ်သည်။ ထူးခြားမှုမရှိ။ ပုံမှန် အနေအထား အတိုင်း သွားလာလှုပ်ရှား နေသည်ကိုသာ တွေ့ရသည်။

ပန်ထွာပြည်ကြီး အေးချမ်းသာယာ ရှိနေပါသော်လည်း ဘုရင်မသည် ပေါ့ပေါ့တန်တန် မနေပါ။ ယခုလိုပင် မြို့ရိုးများ၊ မြို့ဝင်ပေါက် တံခါးကြီးများကိုလည်း မပြတ်ကြည့်ရှု စစ်ဆေးတော်မူသည်။ အထူးသဖြင့် တောင်ဘက်ရှိ မြို့ဝင်ပေါက်တံခါးများ၊ မြို့ရိုးများ၊ ရန်ပယ်ချောင်း ရေတံခါးများကို ဂရုစိုက် စစ်ဆေးသည်။ သည်လို လိုက်လံ စစ်ဆေးရာတွင် တာဝန်ကျ ဝန်ကြီးများ၊ မင်းမှုထမ်းများနှင့် အတူ သွားရောက် စစ်ဆေးသည်က များသည်။ ယခုလို သာမန် အရပ်သူ အဖြစ်မှူ တစ်ခါတစ်ရံသာ လေ့လာရေး ထွက်တတ်သည်။ သည်လို လွတ်လပ်စွာ လှည့်လည် လေ့လာခြင်းဖြင့် ပြည်သူတို့၏ အသံကို အမှန်ကြားရတတ်သည်။

ပန်ထွာပြည်ကြီး အေးချမ်း သာယာလျက် ရှိသည်ဟု ပေါ့ပေါ့တန်တန် မနေပါ။ စစ်ရေး လေ့ကျင့်မှုများကို မပြတ်လေ့ကျင့် စေသည်။ ဘုရင်မကိုယ်တိုင် ကြီးကြပ်သည်။ လေး၊ မြား၊ ဓား၊ လှံ စသည့် လက်နက်များ ပြည့်စုံ လုံလောက်မှု ရှိမရှိ စစ်ဆေးသည်။ စားနပ် ရိက္ခာ လုံလောက်မှု ရှိမရှိ ရိက္ခာသိုလှောင် ရုံများကို စစ်ဆေးသည်။ သောက်သုံးရေ အလုံအလောက် ရှိမရှိ စသည့်တို့ကို မျက်ခြည်မပြတ် စစ်ဆေးတော်မူသည်။

သည်လုပ်ငန်းများနှင့်ပတ်သက်၍ ဆိုင်ရာ ဆိုင်ရာဝန်ကြီးများ ရှိပါသည်။ သို့သော် ဘုရင်မသည် သူတို့နှင့်အတူ ပါဝင်လက်စွဲ ကူညီ ဆောင်ရွက်သည်။ ဘုရင်မ၏ စေတနာကို နားလည် ကြသဖြင့်လည်း ပန်ထွာပြည် လုံခြုံရေး၊ ပြည်သူများ၏။ အသက် အိုးအိမ်စည်းစိမ် ကာကွယ်ရေး စသည်တို့ကို မင်းမှုထမ်းများ အားလုံး ဦးလည်မသုန် ထမ်းရွက်ကြသည်။

ယနေ့အဖို့ ဗိသနိုးအနောက်ဘက်ခြမ်း၊ လူစည်းကားရာ နေရာတစ်ဝိုက်နှင့် မြို့ရိုး၊ မြို့တံခါးပေါက် များကို လှည့်လည်ကြည့်ရှု အကဲခတ်ပြီးနောက် ဘုရင်မနှင့် အဖွဲ့သည် စံနန်းတော်သို့ ပြန်လာ ခဲ့ကြတော့သည်။

စံနန်းတော်သို့ ပြန်ရောက် ပြီးနောက် နံနက်စာပွဲတော်ကို ပျူ အမျိုးသမီး စားတော်ဆက် အဖွဲ့က သွင်းလာသည်။ အထိန်းတော်ကြီး မိအူ ကြီးကြပ်ပြင်ဆင် ပြီးသည့် အခါ ဘုရင်မသည် ပွဲတော်တည်သည်။ နံနက်စာပွဲတော်တွင် ထမင်းနှင့် အသက်လွတ် ဟင်းများ၊ သစ်သီး၊ သစ်ဥ၊ သစ်ဖုများ ပါဝင်သည်။ ပွဲတော်စာကို ဖွယ်ဖွယ်ရာရာ ပြင်ဆင် တည်ခင်း ထားသော်လည်း ဘုရင်မသည် များများစားစား သုံးဆောင်ခြင်း မပြု။ သင့်တင့်ရုံမျှသာ ပွဲတော် တည်သည်။

ဘုရင်မ ပွဲတော်တည်နေစဉ် အလုည့်ကျ အပျိုတော်ကလေး နှစ်ယောက်သည် နောက်တော်ပါးက ခစားနေသည်။ လိုအပ်လျှင် ယပ်တော် ဆက်ကြရသည်။ ပွဲတော် ကျပြီး နောက် အထိန်းတော်ကြီး မိအူနှင့် မယ်သစ္စာတို့အား ပွဲတော်ကျကို ပေးသည်။ နားနေခန်းမ ဆောင်သို့ ဘုရင်မ ဝင်တော်မူလျှင် စောစောက အပျိုတော်ကလေး နှစ်ယောက်လည်း နောက်တော်ပါးက ဝင်ပြီး သလွန်တော် အနီးတွင် ခစားနေကြသည်။

ထိုအချိန်တွင် အထိန်းတော်ကြီး မိအူနှင့် မယ်သစ္စာတို့လည်း ပွဲတော်ကျ နံနက်စာကို သုံးဆောင်ကြ၏။ သုံးဆောင်ပြီးသည်နှင့် မယ်သစ္စာက မိမိအဆောင်သို့ ခေတ္တ ပြန်သွားသည်။ မိအူ တစ်ယောက်တည်း ဘုရင်မနား နေရာခန်းမ ဆောင်သို့ ဝင်ရောက် ခစားသည်။ အပျိုတော်ကလေး နှစ်ယောက်ကား ခန်းမ ဆောင်ပြင်ဘက်သို့ ထွက်လာကာ သက်တောင့်သက်သာ နေကြရသည်။ အခေါ်တော်ရှိမှ ဝင်ရသည်။

သည်လို အချိန်အခါမျိုးတွင် ဘုရင်မနှင့် မိအူတို့သည် အချင်းချင်း လွတ်လပ်စွာ စကားစမြည် ပြောဆိုလေ့ ရှိကြသည်။ ယနေ့လည်း မိအူက ယခုလို စကားစလိုက်သည်။

"ဖုရားကျွန်မတော့ သိပ်အံ့ဩတာပါပဲ။ ဘုရင်မရဲ့ နောက်တော်ပါးက လိုက်ရင်း ဘုရင်မဟာ ဘယ်လို စွမ်းအားတွေနဲ့များ သည်အလုပ်တွေကို မနားတမ်း လုပ်နိုင်ပါလိမ့်လို့။ တစ်ခါတစ်လေတော့လည်း ဘုရင်မဟာ ကိုယ့်ကိုယ်ကို ဒဏ်ပေးသလို အလုပ်တွေကို ဖိလုပ် နေလေရော့သလားလို့ တွေးထင် မိပါတယ်ဖုရား"

"ခုလိုအလုပ်တွေ လုပ်နိုင်တာဟာ စေတနာဆိုတဲ့ စွမ်းအားကြောင့်ပဲ မိအူ။ ပြည်သူပြည်သား တွေရဲ့ အကျိုးကို လိုလားတဲ့ စေတနာ ရင့်သန်တော့ မပင်ပန်းဘူးပေါ့။ စေတနာ ပျက်ကွက်မှသာ ပင်ပန်းတာပါ။ ပန်ထွာဘုရင်မရယ်လို့ ဖြစ်လာတော့လည်း ပြည်သူပြည်သားတွေကို ကြီးကြီး၊ ငယ်ငယ်၊ အယုတ်၊ အလတ်၊ အမြတ်မရွေး ချစ်လာရတယ်။ သူတို့ ဘဝလုံခြုံဖို့၊ သူတို့ဘဝ တိုးတက်ဖို့၊ သူတို့ စိတ်အေးချမ်းသာစွာ နေထိုင်နိုင်ဖို့ ခုလိုလှုပ်ရှား လုပ်ဆောင်နေရတာ မောတယ်၊ ပန်းတယ် ရယ်လို့ မရှိပါဘူး။ မောရ ပန်းရ မှန်းလည်း မသိဘူး။ ခုလို လုပ်နေရတာကိုပဲ ပျော်နေတာ။ ဘာလဲ၊ မိအူက ခုလို နောက်တော်ပါးက တကောက်ကောက် လိုက်နေရတာ ပင်ပန်းလို့လား"

"အိုး....မ...မ...မဟုတ်ရပါဘူး ဘုရင်မ"

မထင်မှတ်သည့် မေးခွန်းကို ဘုရင်မက ရုတ်တရက် မေးလိုက်သဖြင့် အထိန်းတော်ကြီး မိအူလည်း လန့်ဖျပ်ကာ အထစ်ထစ် အငေါ့ငေါ့ ပြန်ဖြေမိသည်။ အမှန်အတိုင်း ဆိုရပါမူ မိအူ ပင်ပန်းပါသည်။ မောလည်းမောပါသည်။ သို့သော် မိမိ၏ အရှင်သခင် ဘုရင်မက အားကြိုးမာန်တက် လုပ်ဆောင် နေမှတော့ မိမိလည်း လိုက်ပါရပေမည်ပေါ့။ မိမိက ဘာမို့လို့လဲ။ မင်းမှုထမ်း မဟုတ်ပါလား။ တစ်နည်းဆိုရရင် ဘုရင်မရဲ့ ကျေးတော်မျိုး ကျွန်တော်မျိုးပေပဲ။ ပန်ထွာနိုင်ငံတော် အတွက် တစ်တပ်တစ်အား ပါဝင်လုပ်ဆောင် ရပေမည့်ပေါ့။

"မိအူက မပင်ပန်းပါဘူး ဆိုတော့လည်း ဝမ်းသာကျေနပ် မိတယ်။ စိတ်ထဲမှာ စေတနာ ကောင်းလေးသာ မွေးထား၊ ဘာပဲလုပ်ရလုပ်ရ မောတယ် ပန်းတယ် မရှိဘူး မိအူ"

"မှန်လှပါ။ နာခံလျက်ပါ ဘုရင်မ"

ဘုရင်မသည် မိအူနှင့် ပြောနေသော အာလာပသလ္လာပ စကားကို သည်မှာပင် အဆုံး သတ်လိုက်သည်။ နေ့ညီလာခံ ဝင်ချိန် နီးပြီမို့ အသင့်ပြင်ဆင် စောင့်ဆိုင်းနေသည်။

မကြာမီပင် အပျိုတော်ကလေး တစ်ယောက် ဘုရင်မ၏ ရှေ့တော်မှောက်သို့ ရှိသေစွာ ဝင်ရောက် လာသည်။ ပြီး...လက်ယှက် ဦးတင်လျက် မှူးတော်မတ်တော်များ စုံညီစွာ ရောက်ကြပြီ ဖြစ်ပါကြောင်း လျှောက်တင်သည်။

ဘုရင်မက ခေါင်းညိတ် အသိအမှတ် ပြုပြီးသည်နှင့် အပျိုတော်ကလေးသည် ဒူးတုပ် နောက်ဆုတ်လျက် ခန်းမ အပြင်ဘက်သို့ ထွက်သွား၏။ ဘုရင်မလည်း အထိန်းတော်ကြီး မိအူ၊ အတွင်း ကိုယ်ရံတော်မှူး မယ်သစ္စာတို့ ခြံရံလျက် ညီလာခံခန်းမသို့ ကြွတော် မူသည်။ ခန်းမသို့ ရောက်လျှင် ပြင်ဆင်ထားသည့် သလွန်တော်ပေါ်တွင် ထိုင်လိုက်သည်။

နေ့ ညီလာခံသို့ စစ်သေနာပတိကြီးများ၊ ဆင်တပ်၊ မြင်းတပ်၊ ရထားတပ်၊ ခြေလျင်တပ် စသည် စစ်အင်္ဂါ လေးပါးတို့၏ ဗိုလ်ဖြစ်သော စစ်သူကြီးများ၊ စစ်ကဲများ၊ အပြင် ကိုယ်ရံတော် တပ်မှူးလေး၊ မြား၊ ဓား၊ လှံ စသည့် လက်နက်ဆိုင်ရာ ဝန်ကြီးများ တက်ကြရသည်။

ထိုညီလာခံတွင် ပန်ထွာပြည်တွင်း ငြိမ်းချမ်းမှု အခြေအနေ၊ နယ်စပ်တွင် လူဆိုး သူဆိုး အန္တရာယ်များ ရှိမရှိ၊ ပတ်ဝန်းကျင်မြို့ ရွာများနှင့် ဆက်ဆံရေး အခြေအနေ၊ နယ်ခြား ကင်းများ စသည်ဖြင့် ငြိမ်းချမ်းသာယာမှုနှင့် ပတ်သက်သော အကြောင်းအရာ များကို ဆွေးနွေး ကြသည်။

ထို့ပြင် လေး၊ မြား၊ ဓား၊ လှံ စသည့်လက်နက်များ အခြေအနေ၊ ဆင်၊ မြင်း၊ စစ်သည်တော် အင်အား ဖြည့်တင်းရေး၊ စစ်ရေး လေ့ကျင့်မှု၊ စားနပ်ရိက္ခာ လုံလောက်ရေး၊ သောက်ရေ သုံးရေ လုံလောက်မှု ရှိမရှိ စသည်တို့ကို တင်ပြ ဆွေးနွေးပြီး အမိန့် ချမှတ်ရန် ရှိက ချမှတ်သည်။ ယနေ့ ညီလာခံတွင် ပြဿနာ အထူးမရှိသဖြင့် စောစီးစွာပင် ညီလာခံ စဲသည်။ ဘုရင်မလည်း ပြန်လည်ထွက်ကြွရန် လှုပ်ရှားလိုက်၏။

ထိုစဉ်...

ဒုန်းစိုင်းလာသော မြင်းခွာသံများကို ကြားရသဖြင့် ဘုရင်မသည် သလွန်တော်မှ မထသေးဘဲ နေသည်။ ညီလာခံပရိသတ်လည်း တစ်ဦးမျက်နှာတစ်ဦး လှမ်းကြည့်ကာ ငြိမ်သက်စွာ နားစွင့်လျက် နေကြသည်။

စတင် လှုပ်ရှားသူမှာ ဘုရင်မ၏ အပြင်ကိုယ်ရံတော် တပ်မှူးကြီးနန္ဒပင် ဖြစ်သည်။ သူသည် ဘုရင်မကို အရိုအသေပေးပြီး ညီလာခံခန်းမမှ အပြင်သို့ ထွက်သွားသည်။ နန်းမြင့် ဘက်သို့ အသွား လမ်းခုလတ်တွင် နန်းမြင့်မျှော်စင်မှ ယုဇာနှင့်ဆုံသည်။

"တောင်မျက်နှာ တံခါးမှူးနှင့် မျက်နှာစိမ်း တစ်ဦးတို့ ရွှေနန်းတော်ဆီ ဦးတည်ကာ မြင်းစိုင်း လာကြသည်ကို မြင်ရကြောင်းပါ တပ်မှူးကြီး"

တပ်မှူးကြီးနန္ဒက 'ကောင်းပြီး တာဝန်ဆပ်လုပ်' ဟု အတိုချုံး ပြန်ပြောပြီး နန်းတော် တောင်တံခါး (အတွင်းမြို့ရိုး တောင်တံခါး) ဆီသို့ ထွက်ခွာသွားသည်။ ကိုယ်ရံတော် တပ်မှူးကြီးနန္ဒ တံခါးဝသို့ ရောက်ပြီး မကြာမီမှာပင် တောင်တံခါးမှူး ဗိုလ်စိတ္တနှင့် သူစိမ်းတို့လည်း ရောက်လာကြသည်။ နှစ်ယောက်စလုံးပင် မြင်းများ ပေါ်မှ ဆင်းသက်လိုက် ကြ၏။ မင်းလုလင် တစ်ဦးက မြင်းဇက်ကြိုးများ လှမ်းယူကာ မြင်းများကို ထိန်းထား လိုက်သည်။

တံခါးမှူး ဗိုလ်စိတ္တသည် ကိုယ်ရံတော် တပ်မှူးကြီး နန္ဒအား အရိုအသေ ပြုပြီးနောက် သတင်းပို့သည်။

"သရေခေတ္တရာပြည် ဒွတ္တပေါင်ဘုရင်၏ သံတမန်အဖွဲ့ ရောက်ရှိလာပါတယ်။ အကြောင်းစုံကို အတူ ပါလာသူ ရှေ့တော်ပြေး တမန်က တင်ပြပါမယ် တပ်မှူးကြီး"

ရှေ့တော်ပြေးတမန် လုလင်သည် တပ်မှူးကြီးအား အရိုအသေပြုပြီး ယခုလို တင်ပြသည်။

"သရေခေတ္တရာ ဒွတ္တပေါင် ဘုရင်၏ လက်ရုံးတော်များဖြစ်တဲ့ ပဋ္ဌင်းဖြူ ပဋ္ဌင်းညို ပညာရှိ အမတ်ကြီးနှစ်ပါး ဦးဆောင်သော သံတမန်အဖွဲ့ဟာ ပန်ထွာဘုရင်မကြီးကို ဖူးမြော်ဖို့ ရောက်ရှိ လာကြောင်းပါ တပ်မှူးကြီးခင်ဗျာ"

"အကြောင်းမည်သို့ ရှိသနည်း လုလင်"

"ဘုရင်မအား ဖူးမြော်ခွင့်ရပါက ဒွတ္တပေါင် ဘုရင်မင်းမြတ် ပါးလိုက်တဲ့ သဝဏ် လွှာကို အမတ်ကြီးများ ကိုယ်တိုင် ဆက်သမည် ဖြစ်ကြောင်းပါ"

"ကောင်းပြီ၊ လုလင်သည်မှာ ဆိုင်းငံ့လင့်၊ ကျွန်ုပ် ဘုရင်မထံ တင်လျှောက် အမိန့်တော် နာခံ ချေဦးမယ်"

တပ်မှူးကြီး နန္ဒသည် ညီလာခံ ခန်းမသို့ ပြန်လည် ဝင်ရောက်ကာ ရှေ့ပြေး တမန်တော် ထံမှ သတင်းစကားကို ဘုရင်မထံ တင်လျှောက်လိုက်သည်။

"သရေခေတ္တရာ ဒွတ္တပေါင်ဘုရင်..." ဟု ကြားလိုက် ရသည်နှင့် သက်တောင့် သက်သာ စံမြန်းနေသော ဘုရင်မ၏ ကိုယ်သည် ဆတ်ခနဲမတ်သွား၏။ မျက်နှာတော်လည်း တင်းမာ သွားသည်။ မိမိ၏ မယ်တော်စန္ဒမုခီနှင့် ပတ်သက်ပြီး သရေခေတ္တရာ ဒွတ္တပေါင် ဘုရင်နှင့် သူ့မယ်တော် ဗေဒါရီ မိဖုရားတို့အပေါ် မကျေမနပ်ဖြစ်ခြင်း၊ နာကြည်းခြင်းတို့သည် ရင်ထဲတွင် အစိုင်အခဲ ကြီးမားစွာ ဖြစ်တည်နေသည် မဟုတ်ပါလား။ သည်ဘုရင်၏ အမည်ကို ကြားခါ ခေတ္တမှာပင် ဘုရင်မ၏ ရင်ထဲတွင် ဒေါသလှိုင်းများ ပြင်းထန်စွာ ထလာ သည်။ သို့သော် ရာဇဏက္ကန္ဓေ မပျက်အောင် ချက်ချင်းပင် ထိန်းလိုက်၏။ လှိုင်းထန်နေသည့် ဒေါသစိတ် ပြေလျော့ သွားစေရန် ခေတ္တမျှ ငြိမ်သက်စွာ နေပြီးနောက် ယခုလို မိန့်တော် မူသည်။

"အကျွန်ုပ်ရဲ့ ထာဝရ ရန်သူတော်ထံက တမန်တွေ ရောက်လာမှကိုး။ လက်သည်း ဆိတ်တော့ လက်ထိပ်နာသတဲ့။ သရေခေတ္တရာ နွယ်ဖွားတွေက မယ်တော့်ကို ထိပါးခဲ့တာ

အကျွန်ုပ်ကို ထိပါး သလိုပဲ နာကြည်းလှတယ်။ သရေခေတ္တရာ ဒွတ္တပေါင် ဆိုလျှင် အကျွန်ုပ်နှင့် တကွ၊ ပန်ထွာပြည်ကြီး အတွက် ကောင်းကျိုး တစ်စုံတစ်ရာ ရှိအံ့မထင်ဘူး။ တမန်တော်များ ကိစ္စကို သက်တော်ရှည် ဘိုးဘိုးနှင့် ကိုယ်ရံတော် တပ်မှူးကြီးတို့ တိုင်ပင်ကာ လိုအပ်သလို ဆောင်ရွက်ကြစေ။ သည်နေ့အဖို့ သံတမန် အဖွဲ့နှင့် မတွေ့ ဆုံလိုပြီ”ဟု မိန့်မြွက်ကာ အတွင်းတော်သို့ ဝင်တော်မူသည်။

နေ့ညီလာခံကား စဲပြီ။ တက်ရောက်လာသော ပုဂ္ဂိုလ်များ အားလုံး ခန်းမကြီး၏ ပြင်ဘက်သို့ ထွက်လာကြသည်။ သက်တော်ရှည် ဘိုးဘိုးနှင့် ကိုယ်ရံတော် တပ်မှူးကြီး တို့သည် နောက်ချန်ကာ ဖြည်းဖြည်းချင်း ထွက်လာရင်း တီးတိုး တိုင်ပင် ကြသည်။ ပြီးလျှင် သရေခေတ္တရာရှေ့ပြေး တမန် စောင့်ဆိုင်းနေသည့် နန်းမြို့ တံခါးဝဆီသို့ လာခဲ့ကြ၏။

“သရေခေတ္တရာ လုလင်... သင်နှင့် တံခါးမှူးတို့ ပြန်နှင့်ကြ။ ဗိဿနိုး ရွှေနန်းတော်၏ ပညာရှိ အမတ်ကြီး သက်တော်ရှည်ဘိုးဘိုး ဦးဆောင်ပြီး ကိုယ်ရံတော် တပ်မှူးကြီး အကျွန်ုပ် နန္ဒတို့က သရေခေတ္တရာ သံတမန်အဖွဲ့ကို ယခုပင် လာရောက် ကြိုဆိုမယ့် အကြောင်း လျှောက်ထားလော့”

“ကောင်းလှပါပြီ တပ်မှူးကြီး” ဟု ဆိုကာ တောင်တံခါးမှူးနှင့် သရေခေတ္တရာ ရှေ့ပြေး တမန်တို့သည် မြင်းကို ဒုန်းစိုင်းကာ ထွက်ခွာသွားကြသည်။

ကိုယ်ရံတော် တပ်မှူးကြီးသည် ချက်ချင်းပင် တပ်ဖွဲ့ငယ် တစ်ဖွဲ့ကို ဆင့်ခေါ် လိုက်သည်။ ပြီး သက်တော်ရှည် ဘိုးဘိုးနှင့် အတူ တောင်ဘက်မြို့ တံခါးဆီသို့ ထွက်ခဲ့ ကြ၏။

သက်တော်ရှည် ဘိုးဘိုးသည် ပညာရှိပီပီ သံတမန်အဖွဲ့ ခေါင်းဆောင်များ ဖြစ်ကြသော ပဋ္ဌင်းဖြူ၊ ပဋ္ဌင်းညိုတို့ကို ယဉ်ကျေး ဖော်ရွေစွာ နှုတ်ခွန်းဆက်သည်။ ပြီးလျှင်

သံတမန် အဖွဲ့ကို ခေါ်ဆောင်ကာ ဗိသုနိုး၏ ညှော့ခန်းမဆောင် (ညှော့ဂေဟာ) တွင် နေရာချထား ပေးလိုက်သည်။

ꩤꩤ

## အခန်း(၁၂)

## ပန်ထွာဘုရင်မ ဒေါ်သခက်ဝေ အမျက်မပြေ

"မာလကာ ဖျော်ရည်ပါ ဘုရင်မ၊ စိတ်တော် ကြည်လင် လန်းဆန်းသွားအောင် သုံးဆောင်တော်မူပါ"

မှီအုံးတော်ကို မှီပြီး မျက်လုံးအစုံကို အသာမှိတ်ကာ အနားယူနေသော ဘုရင်မသည် မိအူ၏ အသံကြောင့် မျက်လုံး ဖွင့်လိုက်၏။ ရွှေလင်ပန်းငယ် ထက်တွင် တင်ကာ ဆက်သလာသော ဖျော်ရည်ခွက်ကို လှမ်းယူကာ တစ်ငုံချင်း သုံးဆောင်တော်မူသည်။

ခါတိုင်းဆိုလျှင် သည်အချိန် ဖျော်ရည်ဆက်သလေ့ မရှိပါ။ ညစာပွဲတော်နှင့် နီးနေသောကြောင့် ဖြစ်၏။ ယနေ့မူ သရေခေတ္တရာ သံတမန်များ ရောက်လာသည့် ကိစ္စနှင့် ပတ်သက်၍ ဘုရင်မ စိတ်ညစ်ညူး နောက်ကျိ သွားရသည် မဟုတ်လား။ ထို့ကြောင့် မိအူသည် သူချစ်သော ဘုရင်မ စိတ်ကြည့်လင် လန်းဆန်းစေရန် မာလကာမှည့် ဖျော်ရည် အေးအေးကလေးကို စီမံ ဆက်သခြင်း ဖြစ်သည်။ ဘုရင်မကလည်း အချိန်အခါမဟုတ် ဖျော်ရည် ဆက်ရန်ကောဟူ၍ မဆို။ နှစ်ခြိုက်စွာ သုံးဆောင်တော်မူသဖြင့် အထိန်းတော်ကြီး မိအူလည်း ကျေနပ်သွား၏။

ဘုရင်မသည် ဖျော်ရည်ခွက်ကို ရွှေလင်ပန်းငယ်ထက်သို့ ချလိုက်ပြီး "ခုနေများ မယ်မယ်ဘုရားကို အနားမှာရှိစေချင် စမ်းပါဘိ မိအူရယ်" ဟု မိန့်တော်မူသည်။

မိအူက "မယ်တော် စန္ဒမုခီအနားမှာ မရှိလို့ အားငယ်တော်မမူပါနဲ့ဖုရား၊ ဘုရင်မရဲ့ မွေးစား ခမည်းတော် ဘရသေ့ကြီးနဲ့ သက်တော်ရှည် ဘိုးဘိုးတို့ အရှိသား မဟုတ်ပါလား ဖုရာ့" ဟု ပြန်လည်လျှောက်တင်သည်။

မယ်တော်စန္ဒမုခီသည် သမီးတော် ပန်ထွာမင်းသမီး ဗိဿနိုး ထီးနန်းကို ဆက်ခံ ပြီးနောက် မကြာခဏ ဆိုသလိုပင် ပုပ္ပါးတောင်သို့ ကြွရောက် နေထိုင်တော်မူသည်။ ဘုရင်မသည် ဗိဿနိုးသို့ မယ်တော် ပြန်ကြွလာလျှင် လွတ်လပ်အေးချမ်းစွာ နေထိုင်ရန် အင်းကန်ကြီး၏ ထောင့်တွင် အဆောင်တစ်ဆောင် တည်ဆောက် ပေးထားသည်။ (ယခု ထိုနေရာကို ဂူအင်းထောင့်ဟု ခေါ်သည်) သည်တစ်ခေါက် မယ်တော်ပုပ္ပါးသို့ ကြွသွား သည်မှာ အတန်ပင်ကြာပြီ။ ယခုလို သရေခေတ္တရာ သံတမန်အရေး ပေါ်လာသည့်အခါ သူနှင့် သွေးအနီးဆုံး တိုင်ပင်ဖော် တိုင်ပင်ဖက်ဖြစ်သော မယ်တော်ကို သူ့အနားမှာ ရှိစေ ချင်သည်။

သို့သော် မိအူ တင်လျှောက် သကဲ့သို့ မွေးစားခမည်းတော် ဘရသေ့ကြီးနှင့် သက်တော်ရှည် ဘိုးဘိုးသာမက နန်းတွင်း ပညာရှိ မှူးမတ်ကြီးများသည် ဗိဿနိုးအရေးနှင့်

ပတ်သက်လာလျှင် ကောင်းစွာ စဉ်းစား ဆုံးဖြတ် ဆောင်ရွက်နိုင်ကြ ပေလိမ့်မည်ဟု သူ ယုံကြည်သည်။ သည်ယုံကြည်ချက်ကြောင့် စိတ်သက်သာရာ ရသွား၏။

မိအူက ညစာပွဲတော် မတည်မီ ခေတ္တ အနားယူပါရန် လျှောက်ထားပြီး မှီအုံး တော်ကို ပြင်ဆင် ပေးသည်။ ဘုရင်မ မျက်လုံးအစုံ မှေးမှိတ်ပြီး အနားယူနေစဉ် အထိန်းတော် မိအူလည်း သလွန်တော် ခြေရင်း ကြမ်းခင်းကော ဇော်ပေါ်တွင် ဝပ်တွားကာ အနား ယူလိုက်၏။

မကြာခင်မှာပင် ညစာပွဲတော်အုပ်များ ရောက်လာသည်။ ညစာပွဲတော်တွင် ထမင်း၊ ဟင်းမပါ။ သစ်သီး၊ သစ်ဖုများကိုသာ ပွဲတော် တည်လေ့ရှိသည်။ အထိန်တော်ကြီး မိအူသည် ပွဲတော်အုပ်များကို ကြည့်ရှုစစ်ဆေးကာ အပျိုတော်ကလေးများ အကူအညီဖြင့် ပြင်ဆင်သည်။ ပြီးလျှင် ဘုရင်မအား ညစာပွဲတော်ကို ဆက်သသည်။

ညညီလာခံ အချိန်ကား နီးပြီ။ ဘုရင်မသည် ညညီလာခံ တက်ရန် ဝတ်ရုံတော်ကို လဲလှယ်သည်။ ထိုညီလာခံတွင် ဘုရင့် အဆောင်အယောင်များကို ဝတ်ဆင်ခြင်း မပြုပါ။ ရိုးရှင်း ပေါ့ပါးသော ဝတ်ရုံတော် ဖြူလွလွကိုသာ ဝတ်ဆင်တော် မူသည်။ ထို့အတူ ည ညီလာခံ တက်ရောက်ကြသည့် မှူးမတ်များသည်လည်း အဆောင်အယောင်များ မပါ။ နန်းတော်နှင့် ထိုက်တန်သော အဝတ်အစားများကိုသာ လွတ်လပ်စွာ ဝတ်ဆင်ခွင့် ရှိသည်။ ထိုညီလာခံတွင် ကုသိုလ်ရေး ကိစ္စများ၊ အလှူဒါန ဆိုင်ရာကိစ္စများ၊ ကိုယ်ရေးကိုယ်တာကိစ္စ များကိုသာ ဆွေးနွေးကြသည်။

ယနေ့ ည ညီလာခံသို့ ဘုရင်မ၏ မွေးစား ခမည်းတော် ဘရသေ့လည်း တက်ရောက် လာသည်။ တစ်ပြည်ခြား သံတမန်အရေး ပေါ်လာသဖြင့် ကိုယ်ရံတော် တပ်မှူးကြီး နန္ဒကိုယ်တိုင် ဘရသေ့၏ ကျောင်းသင်္ခမ်းသို့ သွားရောက် လျှောက်ထားကာ ပင့်ဆောင် လာခဲ့ခြင်း ဖြစ်သည်။ ဘရသေ့ကြီးသည် ဘုရင်မ၏ ခမည်းတော်လည်းဖြစ်၊ ပန်ထွာ ပြည်သူပြည်သား အားလုံး ကိုးကွယ် ဆည်းကပ်သော မြင့်မြတ်သည့် ရသေ့

ရဟန်းလည်း ဖြစ်သောကြောင့် အပ်စပ်သော ထိုင်ခုံတော်ကို ပြင်ဆင်နေရာ ချထား ပေးသည်။

ညီလာခံ ခန်းမဆောင် အတွင်းသို့ ဝင်ရောက်လာသော ဘုရင်မသည် ဦးစွာ ခမည်းတော် ဘရသေ့ကြီးကို ရှိသေဝပ်တွား ပြီးနောက် သလွန်ထက်တွင် ထိုင်တော် မူသည်။

ည ညီလာခံသည် နံနက်ညီလာခံ၊ နေ့ ညီလာခံများလောက် အရေးမကြီးပေ။ ထို ညီလာခံတွင် အလှူဒါနအကြောင်း၊ ကုသိုလ်ကောင်းမှုအကြောင်း စသည့် မင်္ဂလာရှိသော ကိစ္စများ၊ ကိုယ်ရေးကိုယ်တာ ကိစ္စများကိုသာ ဆွေးနွေးလေ့ ရှိကြသည်။ အာလာပ သလ္လာပလည်း ပြောဆိုခွင့် ရှိသည်။ ထို့ကြောင့်လည်း ခမည်းတော် ဘရသေ့သည် ည ညီလာခံသို့ တက်ရောက်လေ့ မရှိပါ။

ယခုမူ သရေခေတ္တရာ သံတမန်ကိစ္စ ပေါ်ပေါက် လာသဖြင့် အရေးကြီးလာပြီမို့ ည ညီလာခံသို့ တက်ရောက်လာခြင်း ဖြစ်သည်။ ညီလာခံစ, စချင်း သက်တော်ရှည်ဘိုးဘိုးက သံတမန် ကိစ္စကို ယခုလို တင်လျှောက်လိုက်၏။

"သရေခေတ္တရာ ဒွတ္တပေါင်ဘုရင်ရဲ့ အမတ်ကြီးများဖြစ်တဲ့ ပဋ္ဌင်းဖြူ၊ ပဋ္ဌင်းညို ခေါင်းဆောင်သည့် သံတမန်အဖွဲ့ဝင်များ နက်ဖြန်နံနက် ညီလာခံတွင် ဘုရင်မအား ဖူးမြော်ရန် စီစဉ်ထားကြောင်းပါ"

"သရေခေတ္တရာ သားတွေကို မတွေ့လို မမြင်လိုပေမယ့် သံတမန်တွေ ဆိုတော့ ရှောင်လွှဲ မရတာကြောင့် အဖူးမြော် ခံရပေမပေါ့ ဘိုးဘိုးရယ်။ ဒါထက် သည်အဖွဲ့ကို ယမန်နေ့က ဘိုးဘိုးကိုယ်တိုင် ကြိုဆို နေရာ ချပေးတာမို့ မည်သည့်အရေး ကိစ္စနဲ့များ လာကြတယ် ဆိုတာ ဘိုးဘိုး သိခဲ့ပါလား" ဟု ဘုရင်မက စူးစမ်းလိုက်သည်။

"လာရင်းကိစ္စကို တီးခေါက် ကြည့်ပေမယ့် တစ်ခွန်းတစ်ပါဒမျှ ဖွင့်ဟ ပြောဆိုခြင်း မရှိပါ။ ဘုရင်မအား ဖူးမြော်ခွင့် ရသည့်အခါ သရေခေတ္တရာ ခေါင်းဆောင်က ဒွတ္တပေါင် မင်းကြီး စေခိုင်းချက်ကို လျှောက်တင်မည် ဖြစ်ကြောင်းပါ ဘုရင်မ"

"တော်တော် လျှို့ဝှက် ထားပေတာပဲ။ အကယ်၍များ ဗိဿနိုးကို ကျူးကျော် ထိပါး လာမယ့် သဝဏ်လွှာ ဖြစ်ခဲ့လျှင်တော့ သည်းခံ ခွင့်လွှတ်နိုင်မယ် မဟုတ်ပေဘူး" ဘုရင်မ၏ အသံမှာ ခက်ထန် မာကျောနေ၏။ မျက်နှာတော်မှာ သွေးရောင်လျှမ်းကာ နီမြန်းလာ၏။ ဤတွင် ခမည်းတော် ဘုရသေ့က ယခုလို သတိပေးသည်။

"မခံချင်တဲ့ စိတ်ဇောနဲ့ ဒေါသမာန် မပွားပါလေနှင့် သမီးတော်။ ဒေါသဖြစ်လျှင် အမှန်အကန် တွေးခေါ်ခြင်းဟာ မစွမ်းနိုင်ပေဘူး။ နှုတ်ထွက် စကားများလည်း မောက်မာ တတ်တယ်။ အမူအရာလည်း ရိုင်းပျ သွားတတ်မယ်။ ဒေါသဇောကြောင့် အတွေး အခေါ်တွေမှား၊ အဆုံးအဖြတ်တွေ မှားယွင်း သွားနိုင်တယ်။ ဒါကြောင့် ဒေါသမျက်ပြင် မထွက်ဘဲ ထိန်းချုပ်ပါ သမီးတော်"

ပညာကြီးရင့်သူ ခမည်းတော် ဘုရသေ့ကြီး ကိုယ်တိုင်ပြောသည့် အဆိုအမိန့်မို့ မှားသည်၊ မှန်သည် စောဒက မတက်ပါ။ ထို့ကြောင့်...

"မှန်လှပါ။ ခမည်းတော် မိန့်ကြားသည်ကို နာခံပါမယ့်။ စိတ်ချတော် မူပါဘုရား" ဟု ကတိ ပေးတော်မူသည်။

"အိမ်း...ကောင်းလေစွ၊ ကောင်းလေစွ"

သမီးတော် ပန်ထွာဘုရင်မက အမျက်ဒေါသကို ထိန်းချုပ်ပါမည်ဟု ကတိပေးလျှင် ဘုရသေ့ကြီးလည်း မိမိ၏ ကျောင်းသင်္ခမ်းသို့ ပြန်လည် ကြွသွား၏။ ခမည်းတော်ရသေ့ကြီး ညီလာခံ ခန်းမဆောင်မှ ထွက်ခွာ သွားသည်နှင့် ဘုရင်မလည်း အတွင်းတော်သို့ ဝင်တော် မူသည်။

ည ညီလာခံကား စဲပြီ။ ညီလာခံ တက်ရောက်လာသည့် ဝန်ကြီးများ၊ မှူးမတ်များ အားလုံး မိမိတို့၏ အိမ်သို့ပြန်ကြသည်။ ပိဿနိုးနန်းတော်၏ စည်းကမ်းအရ အမျိုးသားများ အိပ်ဖန်တော် မစောင့်ကြရပေ။ ပျူ အမျိုးသမီးများသာ အိပ်ဖန်တော် စောင့်ကြရသည်။ ပျူ အမျိုးသမီးများမှာ အစွယ်လတ်ပိုင်းများ ဖြစ်ကြ၏။ ကျန်းမာသန်စွမ်း၊ ဖျတ်လတ်သွက်လက် သူများကိုသာ ရွေးချယ် ခန့်ထားသည်။ ဘုရင်မ စက်တော်ခေါ်သည့် အဆောင်တော် ပတ်လည်တွင် အိပ်ဖန် စောင့်ကြသည်။ နန်းမြို့ ရိုး (အတွင်းမြို့ ရိုး)၏ ပြင်ဘက်တွင်မူ အပြင် ကိုယ်ရံတော် တပ်ဖွဲ့ဝင် ပျူလုလင်များက အလှည့်ကျ တာဝန်ယူစောင့် ကြပ်ကြရ သည်။

ည ညီလာခံစဲပြီး မကြာမီပင် အိပ်ဖန်တော်ကျသော ပျူအမျိုးသမီးများ ရောက်လာ ကြသည်။ ဘုရင်မ စက်တော် မခေါ်မီ အချင်းချင်း စကားစမြည် ပြောဆိုခွင့် ရှိသည်။ ဘုရင်မ စိတ်ကြည်လင်၍ အလိုရှိပါလျှင် ပျူလုပျိုဖြူ ဂီတပညာသည်များ၊ အကပညာ ရှင်များက သီဆို တီးမှုတ်ကပြ ဖျော်ဖြေကြသည်။ သည်အစီစဉ်ကို အထိန်းတော်ကြီး မိအူက စီစဉ်ဆောင်ရွက် ပေးသည်။

သို့သော် ယနေ့ညတွင်မူ ဘုရင်မ စိတ်နှလုံးတော် မကြည်မသာ ရှိနေသဖြင့် မိအူမှ အစ အိပ်ဖန်တော်စောင့်များ၊ တာဝန်ကျ အခြွေအရံများ အဆုံး မည်သူမျှစကား မပြော ကြပေ။ ခန်းမကြီး တစ်ခုလုံး အပ်ကျလျှင်ပင် ကြားရမတတ် တိတ်ဆိတ်ငြိမ် သက်လျက် ရှိ၏။

ပြင်ပတွင်ကား လရောင်ဖြာလျက်ရှိ၏ ဖိုးလမင်းသည် ချစ်သူမုန်းသူ မခွဲခြား၊ စိမ်းသူ ကျက်သူ ဟူ၍လည်း မရွေးချယ်၊ တောတောင် ရေမြေမခြား၊ မျက်နှာကြီးငယ် မလိုက်ဘဲ သူ့ရဲ့ ဘော်ငွေရည်ကို သွန်းလောင်း ပေး၏။ ထို့ကြောင့်လည်း ပိဿနိုးဝန်းကျင် တစ်ခွင်လုံး ငွေရည်လူးကာ သာယာတင့်မောဖွယ် ဖြစ်နေသည်။

ဗိသုကာဝန်းတွင် အင်ကြင်းပင်များ မရှိသော်ငြား၊ အင်ကြင်းကုန်းကို ဖြတ်၍ တိုက်ခတ်လာသော လေပြည်ထဲတွင်မူ အင်ကြင်းရနံ့များ ပါလာမြဲဖြစ်၏။ လေသာပြတင်းကို ဖြတ်ကာ စီးမျော ဝင်ရောက် လာသော အင်ကြင်း ရနံ့များသည် ဘုရင်မ၏ နှာဖျားကို တို့ထိသွားကြ၏။ သင်းပျံ့သော အင်ကြင်း ရနံ့ကို နှစ်ခြိုက်သော ဘုရင်မသည် တို့ထိလာသော လေကို အားပါးတရ ရှူရှိုက်ပြီးနောက် သက်ဝင် လှုပ်ရှားလာသည်။ သူသည် ငြိမ်သက်စွာ ထိုင်နေရာမှ ထကာ လေသာ ပြတင်းဆီသို့ လှမ်းလိုက်၏။ လေသာပြတင်းတွင် ရပ်ကာ ပြင်ပ လောကကို ငေးမောနေသည်။ အေးမြသည့် ငွေလရောင်သည် ဘုရင်မ၏ ရင်တွင်းပူကို အေးချမ်း စေနိုင်ပါရဲ့လား။ ဤသည်ကိုတော့ ဘုရင်မ ကိုယ်တိုင်သာလျှင် သိပေလိမ့်မည်။

လေသာပြတင်းဝတွင် ဘုရင်မ ရပ်နေသည်မှာ အချိန် အတန်ပင် ကြာနေပြီ။ အထိန်းတော်ကြီး မိအူ မနေသာတော့ပါ။ ဝပ်တွား နေရာမှထကာ ဘုရင်မ၏ နောက်တော်ပါးတွင် ခပ်ရို့ ရို့ ရပ်ပြီး လျှောက်တင်လိုက်သည်။

"မှန်လှပါ။ ညဥ့်နက် လှပြီမို့ စက်တော် ခေါ်သင့်ကြောင့်ပါ ဖုရား" မိအူ တင်လျှောက်သံ ကြားမှ ဘုရင်မသည် လေသာ ပြတင်းမှခွာကာ သလွန်ထက်တွင် ထိုင်တော် မူသည်။

ဘုရင်မ စိတ်အနှောင့်အယှက် ဖြစ်မည်စိုး၍ မိအူသည် ဘာမျှ လျှောက်ထားခြင်း မပြုဘဲ နေ့စဉ် ဆက်မြဲ ဖြစ်သော မန်ကျည်းမှည့် ဖျော်ရည်ကိုသာ ဆက်သ လိုက်၏။ ဘုရင်မလည်း ဖျော်ရည်ကို သုံးဆောင်တော် မူပြီးနောက် စက်ရာ မဝင်မီ ပြုမြဲဝတ်အတိုင်း ဘုရား ဝတ်ပြုသည်။ ပုပ္ပါးရောက် မယ်တော်စန္ဒမုခီအား ရည်မှန်းပြီး ရှိခိုးကန်တော့ကာ စက်ရာဆောင် ခန်းသို့ ဝင်တော်မူသည်။

သလွန်ထက်တွင် လဲလျောင်းနေသော်လည်း ဘုရင်မသည် အတိတ်ဘဝကို ပြန်လည် တူးဖော် နေမိသည်။ နက်ဖြန်ဆိုသည့် အနာဂတ်တွင် သရေခေတ္တရာ သဝဏ်

လွှာနှင့် ပတ်သက်၍လည်း တွေးတောစဉ်စား နေပြန်သည်။ သို့သော် ရေရေရာရာ အဖြေ ရှာမရပါ။ သို့ဖြင့် ညကကောင်းစွာ စက်တော်မခေါ် နိုင်ခဲ့ပေ။

နံနက် တစ်ဗဟိုရ်တီး သံကို ကြားရသည်။ ယခင်ကဆိုလျှင် ဗဟိုရ်စည်သံသည် ဘုရင်မ၏ နားထဲတွင် သာယာလှ၏။ ဗိုသနိုးအတွက် လုပ်ငန်းများ ဆွေးနွေးတိုင်ပင် ကြရ တော့မည်မို့ ရွှင်လန်း တက်ကြွ နေသည်။

ယနေ့မူ ထိုသို့ မဟုတ်တော့ပြီ။ ဗဟိုရ်စည်သံသည် ဘုရင်မ၏ နားစည်ကို ကျယ်လောင် စူးရှစွာ ထိုးဖောက် ဝင်ရောက်လာပြီး ရင်ထဲတွင်လည်း ဝေဒနာ တစ်ရပ်ကို ဖန်းတီး ပေးသည်။ ညီလာခံ တက်ရောက်ရန် တက်ကြွ ရွှင်လန်းခြင်း မရှိ။ သို့သော် ယနေ့ ညီလာခံကိုမူ ရှောင်လွှဲ၍ မရပေ။

ဗဟိုရ်တီးသံ ကြားပြီး မကြာခင်မှာပင် အပျိုတော်ကလေး တစ်ယောက်သည် ဘုရင်မ ရှိရာသို့ ဝင်ရောက်လာပြီး လက်ယှက် ရှိခိုးကာ သံတော်ဦးတင်သည်။

"ဘုရင်မ၏ ခမည်းတော် ဘရသေ့ကြီးနှင့် တကွ မှူးတော်မတ်တော်များ စုံညီစွာ ရောက်ရှိကြပြီ ဖြစ်ကြောင်းပါ ဖုရား"

ဘုရင်မသည် ခေါင်းညိတ် အသိအမှတ်ပြုပြီး ညီလာခံ ခန်းမသို့ ကြွတော်မူသည်။ ခန်းမကြီး တစ်ခုလုံး အပြည့်နေရာယူ ခစားနေကြသော ပရိသတ်များမှာ တိတ်ဆိတ် ငြိမ်သက် နေကြ၏။

ဘုရင်မသည် သလွန်ထက်တွင် စံတော်မမူမီ ခမည်းတော် ဘရသေ့ကြီးအား အရိုအသေပြု နှုတ်ဆက်သည်။ ထိုစဉ် ခမည်းတော်နှင့် အနီးဆုံးနေရာ၌ တစ်ပြည်ခြား ခေတ္တရာသားများ ဝပ်တွား ခစားနေကြသည်ကို သတိပြုမိသည်။ ဘုရင်မ နေရာ ယူပြီးလျှင် ပြီးချင်း သံတော်ဆင့်၏အသံ ထွက်ပေါ်လာသည်။

"ဘုန်းတော်အလွန်တရာ ကြီးမြတ်တော်မူသော ပန်ထွာပြည်ကြီး အရှင် ဘုရင်မ ဖုရား၊ သရေခေတ္တရာ ဘုရင်ဒွတ္တပေါင်မင်း၏ တမန်တော်များ ဘုရင်မအား ဖူးမြော် လျှောက်ထားရန် ရောက်ရှိ ခစားလျက် ရှိကြောင်းပါ"

ဘုရင်မသည် တစ်ပြည်သား သံတမန်များဘက်သို့ မျက်လုံး တစ်ချက် ဝင့်ကြည့်ပြီး တည်ငြိမ်စွာ အမိန့်တော်ချမှတ် လိုက်သည်။

"လျှောက်တင်ရန် ဖူးမြော်ကြစေ"

ခွင့်ပြုမိန့်အရ သရေခေတ္တရာ သံတမန်များသည် ဘုရင်မ၏ မျက်နှာတော်ကို မော်၍ ဖူးလိုက်ကြသည်။ အံ့သြရိပ်များသည် သူတို့၏ မျက်နှာများပေါ်တွင် အထင်းသား ပေါ်လာသည်။ ပန်ထွာဘုရင်မ၏ အလှဂုဏ် သတင်းကိုမူ သရေခေတ္တရာ နန်းတွင်း၌ ပြောနေ ကြတာ ဟိုတစ်စ၊ သည်တစ်စ ကြားခဲ့ဖူးပါသည်။ ထိုစဉ်က သာမန် အလှလို့သာ ထင်မိသည်။ ယခု မျက်မြင်ိတွေ့ရသည့် အခါတွင်မူ မအံ့သြဘဲ မနေနိုင်။ တုနှိုင်းဖွယ် မရှိသည့် အလှပါလား။ လူသားစင်စစ်မှ ဟုတ်ပါလေစ။ ကျောက်ဆစ်ရုပ်နှင့် ရိုးမှားဖွယ် တင့်တယ် လှပ ကျက်သရေ ရှိလှသည့် ဘုရင်မကို မော်၍ဖူးရင်း တအံ့တသြ ဖြစ်နေ ကြသည်။

ဤတွင် သံတော်ဆင့်က သတိပေးလိုက်သည်။

"သရေခေတ္တရာ သံတမန်ကြီးများ ဒွတ္တပေါင်မင်း၏ စေခိုင်းချက်ကို လျှောက်တင် ကြပါလေ"

ဦးစွာပထမ စတင် လျှောက်ထားသူမှာ ပဋ္ဌင်းဖြူဖြစ်၏။

"ကျွန်ုပ် ပဋ္ဌင်းဖြူ လျှောက်တင်ပါတယ်။ သရေခေတ္တရာ ပြည်ကြီး၏အရှင် ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူသော ဒွတ္တပေါင်မင်းကြီး၏ စေခိုင်းချက်အရ ကျွန်ုပ်

ပဋ္ဌင်းဖြူနှင့် ပဋ္ဌင်းညိုတို့ဟာ ဒသဘာဂဖြစ်တဲ့ ဆယ်ဖို့တစ်ဖို့ အခွန်တော်ကို ကောက်ခံရန် ဗိသနိုး ရွှေနန်းရှင် ပန်ထွာဘုရင်မ၏ ရှေ့တော်မှောက်သို့ ရောက်ရှိကြောင်းပါ”

ဘုရင်မ၏ ဖြူနုသော ပါးပြင်ပေါ်ဝယ် သွေးရောင် လွှမ်းသွားသည်။ ဘုရင်မ အမျက်သိုပြီ။ ဤသည်ကို ဘ,ရသေ့ကြီးက သတိပြုမိ၏ သို့သော် ရှိသေလေးမြတ် ရပါသော ခမည်းတော် ဘ,ရသေ့ကြီး၏ ရှေ့မှောက်တွင် ဘုရင်မသည် အမူအရာအားဖြင့် လည်းကောင်း၊ စကားသံအားဖြင့် လည်းကောင်း ရိုင်းပျကြမ်းတမ်း မသွားစေရန် ချက်ချင်းပင် ထိန်းချုပ် လိုက်၏။ ပြီး...မြင့်မြတ်သော ဘုရင်မတို့၏ ရဲဝံ့ခြင်းဖြင့် ပြတ်သားစွာ မိန့်တော်မူသည်။

“ကျွန်ုပ်ရဲ့ နိုင်ငံတော်ဟာ သင်တို့ ဘုရင် လက်အောက်ခံ နိုင်ငံမဟုတ် သီးခြား လွတ်လပ်တဲ့ နိုင်ငံတော် ဖြစ်ပေတယ်။ ရှေးမင်း အစဉ်အဆက် ဘယ်နိုင်ငံကိုမှ အခွန်အတုပ် ဆက်သရိုး ထုံးစံမရှိခဲ့။ သို့ကြောင့် လုံးဝအခွန်တော် မဆက်သနိုင်ပြီ”

ဤတွင် ပဋ္ဌင်းညိုက အထောက်အထားများ ပြ၍ တင်လျှောက်သည်။

“ကျွန်ုပ် ပဋ္ဌင်းညို လျှောက်ထား အပ်ပါတယ်။ ဇမ္ဗူဒိပ်မြေ အပြင်ဝယ် ရှိတဲ့ မင်းများက သမီး ကညာရတနာ၊ ဆင်ရတနာ၊ မြင်းရတနာ၊ ပတ္တမြား အစရှိတဲ့ ရွှေငွေ ရတနာများ၊ သားမွေးဖြင့် ပြီးတဲ့ပုဆိုး၊ ပိုးချည်ဖြင့် ပြီးတဲ့ပုဆိုး၊ ကြချည်ဖြင့် ပြီးတဲ့ပုဆိုး၊ ဝါချည်ဖြင့် ပြီးတဲ့ ပုဆိုးများကို နှစ်တိုင်းနှစ်တိုင်း ဆက်လာကြပါတယ်။ သည်လိုဆက်လာတဲ့ ပစ္စည်း ပစ္စယံများကို စုပုံပြီးထားကာ အစောက်အားဖြင့် အတောင်လေးဆယ် ရှိကြောင်းပါ ဘုရင်မ"

ပဋ္ဌင်းညို တင်လျှောက်သည်ကို ကြားရသောအခါ ဘုရင်မ၏ မျက်နှာပေါ်ဝယ် မနှစ်မြို့ဟန် အထင်းသား ပေါ်လာပြီး ပြတ်ပြတ်သားသား မိန့်ကြားတော်မူသည်။

"သည်လိုဖြင့် သင်တို့ ဘုရင်ဒွတ္တပေါင်ဟာ ကြံညှစ်ယန္တရားနဲ့ ကြံကိုညှစ်ပြီး အရည်ကို ယူသလို အခွန်အတုတ် အဆီအနစ် ဥစ္စာပစ္စည်းများကို ညှစ်ပြီး ယူနေပါပကော။ သိကြားမင်း ဆက်သတဲ့ လက်နက်ပိုင်ရှင်၊ ငါ့စကြာသခင်ဆိုပြီး အိမ်နီးချင်း နိုင်ငံများကို အနိုင်အထက် ညှင်းပန်း နှိပ်စက်ရာ ကျပေတယ်။ သူတို့က အညှံ့ခံပြီး သင်တို့ ဘုရင်ထံ အခွန်တော် ဆက်သ ကြပေမယ့်။ ကျွန်ုပ် ပန်ထွာဘုရင်မ အနေဖြင့် အခွန်တော် မဆက်သနိုင် ပေဘူး"

သရေခေတ္တရာ သံတမန်တို့သည် ဘုရင်မ၏ ပြတ်သားသော မိန့်မြွက် စကားကြောင့် မျက်နှာ ပျက်သွား ကြသည်။ သို့သော် ချက်ချင်းပင် ဣန္ဒြေဆည်လိုက်၏။ ဒွတ္တပေါင်မင်းက သူတို့ကို ယုံကြည်ကိုးစာပြီး ဗိသနိုးသို့ စေလွှတ်လိုက်သည့် သံတမန်များ မဟုတ်ပါလား။ ဘုရင်က ယုံကြည် ကိုးစားသည့် သံတမန် ဆိုသည်မှာ တော်ရုံတန်ရုံ အခက်အခဲ ပြဿနာကို လက်လျှော့ရိုး ထုံးစံမရှိ။ သမာဓိမဏ္ဍိုင် ခိုင်ခိုင်နှင့် ထိုးထွင်း ဉာဏ်ကို သုံးပြီး လိမ္မာပါးနပ်စွာ စကား ဆိုရပေမည်။ ထို့ကြောင့် ယခုလို တင်လျှောက် ပြန်သည်။

"ယောနကတိုင်း၊ သုဝဏ္ဏဘုမ္မိတိုင်း စသည့် ပြည်ထောင် အချင်းချင်း မင်းအပေါင်း တို့က အခွန်တော်များ ဆက်သ ကြသည်မှာ ကျွန်ုပ်တို့၏ ဘုရင် ဒွတ္တပေါင်မင်းကို ကြောက်ရွံ့၍ ဒူးထောက် အညှံ့ခံကြခြင်း မဟုတ်ပါ။ ဆင်ဖြူရတနာ ပိုင်သော မင်းဖြစ်၍ လက်ဆောင် ပဏ္ဏာများနဲ့ ဦးညွှတ်ကြခြင်းသာ ဖြစ်ပေတယ်။ သည်လို ပျပ်ဝပ်ရိုးကျိုးကြတဲ့ နိုင်ငံ အချင်းချင်း ညီညွှတ်ပြီး လူဆိုး၊ သူခိုး ကင်းပါတယ်။ တစ်ဦးနဲ့တစ်ဦး ရန်မီးမရှိ အေးချမ်း သာယာပါတယ်။ အမှန်စင်စစ် ဒွတ္တပေါင်မင်းနဲ့ ပန်ထွာဘုရင်မတို့မှာ သူစိမ်း တစ်ရံဆံ များလည်း မဟုတ်ကြပါ။ မောင်နမ တစ်ဝမ်းကွဲ တော်စပ်ကြတာမို့ မောင်တော်၊ နမတော် တွေပါ။ သွေးချင်းအနီး ကလေးပါ။ သို့ကြောင့် မောင်တော် ဒွတ္တပေါင်အား လေးစား ဦးညွှတ်သော အားဖြင့် အခွန်ပဏ္ဏာများ ဆက်သပါရန် အနူးအညွှတ် လျှောက်တင်ကြောင်းပါ ဘုရင်မ"

"သည်စကား သည်တွင် ရပ်စေ၊ သင်တို့ ဘုရင်အား ကျွန်ုပ် ဦးမညွတ်နိုင်။ ဗိသုနိုး၏ ပစ္စည်းပစ္စယ ဘဏ္ဍာတော်များမှာ ဗိသုနိုး သားချင်းရဲ့ ချွေးစက် ချွေးပေါက်များကို အရင်းအနှီး ပြုပြီး စုဆောင်း ထားတာမို့ ဒဿဘာဂ အခွန်တော်ငွေ ပေးဆက်ရန် မဆို ထားနှင့် ဗိသုနိုး ဒင်္ဂါးတစ်ပြားပင် မပေးနိုင်။ သင်တို့ကိုလည်း မမြင်လို၊ သင်တို့ အသံကိုလည်း မကြားလိုပြီ" ဟု ခက်ထန် မာကျောစွာ မိန့်ကြား လိုက်သည်။

တစ်ဆက်တည်းပင် ကိုယ်ရံတော် တပ်မှူးကြီး နန္ဒဘက်သို့ လှည့်၍ 'သရေခေတ္တရာသားများ ဗိသုနိုး မြေပေါ်မှ အမြန်ဆုံး ထွက်ခွာကြရန် တပ်မှူးကြီး ကိုယ်တိုင် ဆောင်ရွက်စေ' ဟု အမိန့်တော် ချမှတ်လိုက် လေတော့သည်။

ကြိုတင် သတိ ပေးထားပါလျက် သမီးတော် ဘုရင်မသည် အမျက်ဒေါသ ထွက်ချေပြီ။ ဒေါသ ဖြစ်မည်ဆိုကလည်း ဖြစ်လောက် စရာမို့ သမီးတော်ကိုလည်း အပြစ် မဆိုသာ။ သို့ကြောင့် ဘရသေ့သည် သမီးတော်ကို ဟန့်တားခြင်း မပြုရုံမျှ မက၊ သမီးတော် မှန်ပေ သည်ဟုပင် စိတ်ထဲမှ ထောက်ခံနေမိသည်။

ပန်ထွာဘုရင်မလည်း ရိုသေ လေးစားရပါသော ဘရသေ့၏ မျက်မှောက်ဝယ် အမျက် ဒေါသကို မထိန်းနိုင်ဘဲ၊ စကားသံအားဖြင့် ခက်ထန် မာကျောစွာ ပြောမိသည့်အတွက် ဘရသေ့ဘက် လှည့်ကာ လက်အုပ်ချီမိုး ကျိုးနွံစွာ တောင်းပန် စကားဆိုသည်။ ဘရသေ့က ခေါင်းတညိတ်ညိတ် ပြုလျက် နေရာမှ ထသည်။ ပြီး... ညီလာခံ ခန်းမမှ ထွက်ကြွ သွား၏။ ခန်းမဆောင်ကြီး၏ ပြင်ဘက်တွင် စောင့်နေသော မင်းလုလင် တစ်ဦးက ဘရသေ့အား ခေါ်ဆောင်ကာ ကျောင်းသင်္ခမ်းသို့ ယာဉ်ရထားဖြင့် ပို့ဆောင်ပေးလိုက်သည်။ ဘရသေ့ကြီး ခန်းမဆောင်မှ ထွက်ခွာသွားသည်နှင့် ဘုရင်မလည်း အတွင်းတော်သို့ ဝင်တော်မူသည်။

ညီလာခံစဲပြီ။ စောစောက တိတ်ဆိတ် ငြိမ်သက်နေသော မှူးမတ် ပရိသတ်များလည်း ယခုမှပင် ကိုယ့်အမြင် သူ့အမြင် ဆွေးနွေးရင်း၊ ဝေဖန်ရင်း ထွက်ခွာကြရာ ညီလာခံ ခန်းမ အတွင်း ပြုံးပြုံးညံညံ အသံများ ထွက်ပေါ်လာသည်။

တစ်ဆင့်စကား တစ်ဆင့်နားဖြင့် သည်ကိစ္စသည် ဗိဿနိုးနန်းတော် တစ်ခုလုံးသို့ ပျံ့နှံ့ သွားသည်။ ထိုမှ ဗိဿနိုး တစ်မြို့လုံးသို့၊ ထိုမှ ပန်ထွာပြည် တစ်ပြည်လုံးသို့ ပျံ့နှံ့သွား၏။ ဈေးထဲမှာ၊ ရက်ကန်းရုံတွေမှာ၊ ပုတီး၊ ရှောင်းထုတ်လုပ်သည့် ကုန်းမှာ၊ အိုးလုပ်ကုန်းမှာ၊ လူချင်း မတွေ့လိုက်နှင့် တွေ့လိုက်သည်နှင့် သည်ကိစ္စကိုပင် မေးကြ၊ မြန်းကြ ဆွေးနွေးကြ၊ ဝေဖန်ကြနှင့်။

အိုးလုပ်ကုန်းမှ အဘအိုကြီးက သည်သတင်း ကြားသည့်အခါ သူ့ဇနီးကို ယခုလို ပြောလိုက်၏။

"ကြားသလား ရှင်မရေ... ဗိဿနိုးရဲ့ ပစ္စည်းပစ္စယ ဘဏ္ဍာတော် တွေဟာ ဗိဿနိုးသူ ဗိဿနိုးသားတွေရဲ့ ချွေးစက် ချွေးပေါက်တွေကို အရင်းအနှီး ပြုပြီး စုဆောင်းထားတာမို့ ဒသဘာဂ အခွန်တော် ငွေပေးဖို့ မဆိုထားနဲ့ ဗိဿနိုးဒင်္ဂါး တစ်ပြားတောင် မပေးနိုင်ဘူးတဲ့။ မှန်လိုက်လေကွာ။ ဟုတ်သမှ သိပ်ဟုတ်တာပေါ့။ ဒီအိုးလုပ် ကုန်းမှာတောင် ကျုပ်တို့၊ ရှင်မတို့ရဲ့ ချွေးတွေ ဘယ်လောက် ကျခဲ့ရသလဲ"

"ဟုတ်ပတော်"

အမေအိုက ပြောင်းဖူးဆေးလိပ်ကို ဖွာရင်း ထောက်ခံလိုက်သည်။ အဘအိုက စကား ဆက်သည်။

"ခုနေ သည်မြေကြီးကို နမ်းကြည့်ရင်တောင် ကျုပ်ရဲ့ ချွေးနံ့တွေ သင်းနေမှာ"

"အလိုတော်၊ ချွေးနံ့ပဲ သင်းရတယ်လို၊ နံ့စော်ပါဘိ"

"ဩော်...ခုတော့ ကျုပ်ချွေးနံ့က နံစော်နေပြီတဲ့လား။ နို့... ဟိုးလွန်ခဲ့တဲ့ နှစ်ငါးဆယ် လောက်တုန်းကတော့ ကျုပ်ချွေးနံ့က သင်းပျံ့လို့ဆို မယ်မင်းပဲ ပြောခဲ့တာ"

"အို...တောက်တီး တောက်တဲ့"

အမယ်အိုသည် ရှက်ရှက်နှင့် ပြောင်းဖူး ဖက်ဆေးလိပ်ကြီးကို မီးခိုးတောင်းထောင်း ထအောင်ဖိပြီး ဖွာနေလေတော့သည်။

ပျူလူရွယ် လူလတ်ပိုင်းကမူ သံတမန် အဖွဲ့ကို ဗိသနိုးမြေမှ မောင်းနှင် ထုတ်လိုက်ရုံမို့ အပြစ်ဒဏ် ပေါ့လှသည်။ သည့်ထက်ပိုပြီး ပြင်းပြင်းထန်ထန် ဒဏ်ခတ် သင့်သည်ဟု ယူဆနေကြသည်။ ဗိသနိုး ပျူတို့၏ စစ်ရည်စစ်သွေး မည့်ကြောင်း ပြသ လိုကြသည်။ သူတို့က သန်တုန်းမြန်းတုန်း လူငယ်တွေပေကိုး။

ယခုချိန်တွင် ဘုရင်မသည် မယ်တော် စန္ဒမုခိကို ပြင်းပြင်းထန်ထန် တမ်းတ နေမိသည်။ သည်တစ်ခေါက် မယ်မယ်၏ ပုပ္ပါးခရီးမှာ အတော်ပင် ကြာနေပြီမို့ မယ်မယ့်ကို လွမ်းလှပြီ။ ပြီးတော့ သည်နေ့ သရေခေတ္တရာ သံတမန်များ စော်ကားမော်ကား အခွန် ဘဏ္ဍာ တောင်းခံလာကြသည့် ကိစ္စကိုလည်း မယ်မယ်အား ရင်ဖွင့်ပြချင်သည်။ မယ်မယ်၏ ကျေးဇူးတရားကို မသိတတ်သော သရေခေတ္တရာ နန်းဆက်အပေါ် နာနာ ကြည်းကြည်း ခါးသီးစွာ မုန်းတီး နေသည်ကိုလည်း မယ်မယ်စန္ဒမုခိက သိနေသည် မဟုတ်ပါလား။ သည်တော့ ဒေါသ အလျောက် ပြောဆိုပြီး သံတမန်များကို မောင်းနှင်ထုတ် လိုက်သည့် အတွက် မယ်မယ်က အပြစ်တင်မည် မဟုတ်ပေ။

မိမိ၏ မွေးစားခမည်းတော် ဘုရသေ့ကမူ တရားရှင်ပီပီ 'ခွင့်လွှတ်ခြင်း တရား' ကို သာ အခါအခွင့် သင့်တိုင်း ဟောကြားဆုံးမ တော်မူသည်။

"ထိပါး စော်ကားခြင်းကို ခံရတဲ့အခါ သာမန်လူ တစ်ယောက်ဟာ သည်းခံ ခွင့်လွှတ် နိုင်ဖို့ ခက်ခဲပါတယ် သမီးတော်။ ဒါပေသိ ခွင့်လွှတ်ခြင်းဟာ မုန်းတီးခြင်းကို

ပြေပျောက် စေတဲ့ အကောင်းဆုံး နည်းပါပဲ။ ခွင့်လွှတ်ခြင်းဟာ မိမိအပေါ် ထိခိုက် နာကြည်းအောင် ပြုလုပ် ခဲ့ကြတဲ့ သူအပေါ် လက်တုံ့ မပြန်ဘဲ စိတ်စေတနာကောင်း ထားခြင်းပဲ။ ဘ,က သရေခေတ္တရာ နန်းဆက်အပေါ် ခွင့်လွှတ်လိုက်ပါလို့ ပြောတာက မေ့လိုက် ပါလို့ ပြောတာ မဟုတ်ဘူး။ သမီးတော်တို့ သားအမိအပေါ် ထိခိုက် နာကြည်း အောင် လုပ်ခဲ့တဲ့ ကိစ္စကို မမေ့ဘဲနဲ့ သူတို့ကို ခွင့်လွှတ် နိုင်ဖို့ပဲ ပြောတာပါ။ လက်တုံ့ပြန်ရင် နှစ်ဦးနှစ်ဖက် စလုံး ဆုံးရှုံး နစ်နာမယ်။ ခွင့်လွှတ်လိုက်တဲ့ အတွက် သမီးတော်မှာ အာဃာတတွေ၊ ဒေါသတွေ၊ မုန်းတီးစိတ်တွေ၊ နာကြည်းစိတ်တွေ မရှိတော့ဘဲ၊ သမီးတော်ရဲ့ စိတ်တွေ လွတ်လပ် ပေါ့ပါး သွားပေလိမ့်မယ်။ ဒါကြောင့် ခွင့်လွှတ်နိုင်အောင် ကြိုးစားပါလေ သမီးတော်”

ပန်ထွာဘုရင်မကိုသာ ဆုံးမသည် မဟုတ်။ မယ်တော်စန္ဒမုခိကိုလည်း မျက်ပြေ တရား ဟောကြား ခဲ့သည်။ ကွမ္ဘဝတီဘုရင်က မယ်တော်အား ကောက်ယူကာ မိဖုရား မြှောက်ပြီးနောက် ရသေ့မြို့ စူဠသမ္ဘဝမင်းအပေါ် မိဖုရားစန္ဒမုခိ ရန်ငြိုးထား လက်စား ချေလိုစိတ် ရှိနေကြောင်း ဘရသေ့ ရှိသွားသည့်အခါ ရှင်သာရိပုတ္တရာမထေရ်မြတ်၏ ရန်ငြိုး ငြိမ်းရေး တရားမှ ထုတ်နှုတ်ပြီး ယခုလိုဆုံးမ ဩဝါဒပေးခဲ့သည်။

“မိဖုရားကြီး... လူလူချင်း ဆက်ဆံရာမှာ တစ်ဖက်သားရဲ့ ကောင်းကွက်ကို ရှာကြည့် လိုက်ရင် မကောင်းတဲ့ အပြစ်တွေ အလိုလို ပျောက်ပျက် သွားတယ်။ ရသေ့ ရဟန်းများ ပံ့သကူ ကောက်သလိုပေါ့။ ကောက်ယူခဲ့တဲ့ အဝတ်စုတ်ထဲက ကောင်းရာအပိုင်း ကလေးများကို ကိုက်ညှပ် ဖြတ်ယူပြီး ဆက်စပ် ချုပ်လိုက်ရင် အသုံးပြုနိုင်တဲ့ သင်္ကန်း ရတယ်။ ခုလည်း ရသေ့မြို့ စူဠသမ္ဘဝမင်း၏ ရဲ့ ကောင်းကွက်ကလေးကို နလုံးသွင်းလိုက်ရင် သူ့ အပေါ်ထားတဲ့ အမျက်ရန်ငြိုးတွေ ငြိမ်းသွားမယ်။

ပြီတော့ ရေညှိရေမှော်တွေ တက်နေတဲ့ ရေကန်ထဲက ရေညှိတွေကို ဖယ်လိုက်ရင် ရေကောင်းကို တွေ့ရသလို စူဠသမ္ဘဝမင်း အပေါ်မှာလည်း မကောင်းတဲ့၊ မနှစ်သက်တဲ့

အချက်တွေကို ဖယ်လိုက်ပြီး၊ အကောင်းဘက်က ထွက်ကြည့်လိုက်ရင် အမျက် ဒေါသ ဖြစ်ဖွယ်ရာ မရှိတော့ဘူးပေါ့”

“စူဠသုဘဒ္ဒမင်းကို ခွင့်လွှတ်နိုင်ဖွယ် မရှိသော်ငြားလည်း တစ်ခါတစ်ရံ ကောင်းတဲ့ အကွက် ကလေးတော့ ရှိတန်ရာတယ်။ ဒီအချက်ကို ပြန်လည်သတိရပြီး သင်ပုန်း ချေလိုက်မယ် ဆိုရင် သူ့အပေါ် အမျက်ပြေရာ ရောက်ပါတယ် မိဖုရားကြီး။

အမျက်ပြေရာ ပြေကြောင်း နောက်တစ်နည်းကတော့ အလွန်သိမ်မွေ့ နက်နဲ လွန်းလို့ သာမန် ပုထုဇဉ်တွေ လိုက်နာကျင့်ဆောင်ဖို့ ခက်ခဲ ပါလိမ့်မယ်။ အဲဒါကတော့ ဒုက္ခ သည်ကိုတောင် သနားရ ကောင်းမှန်း မသိတဲ့သူ၊ သနားစိတ်မရှိ ရက်စက်သူကို ကိုယ်က သနားစိတ် ဝင်လိုက်ပါ။ သူရဲ့ မကောင်းချက်တွေကို ခွင့်လွှတ်လိုက်ပါ။ ဒီအခါ သူ့ အပေါ် ထားခဲ့တဲ့ အမျက် ရန်ငြိုးဟူသမျှ ကုန်ခမ်း သွားပါလိမ့်မယ်။

နောက်ဆုံး နည်းကတော့ ကိုယ်၊ နှုတ်၊ နှလုံးသုံးပါး စလုံး ကောင်းသူနဲ့ တွေ့ကြုံ ဆက်ဆံ ရမယ်ဆိုရင် အမျက်ရန်ငြိုး ဖြစ်စရာ အကြောင်းမရှိဘူးလို့ အရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီးက အမျက် ပြေဖျောက်ရန် နည်းလမ်းကောင်းများ ပေးတော်မူ ခဲ့တယ်။ ဒီတော့ မထေရ်မြတ်ကြီးရဲ့ မျက်ပြေ တရားတွေကို နှလုံးသွင်း လိုက်မယ်ဆိုရင် မိဖုရားကြီးရဲ့ နှလုံး အိမ်ထဲမှာ စူဠသုဘဒ္ဒမင်းအပေါ် ခိုင်ခိုင်ကြီး အမြစ်တွယ်လာခဲ့တဲ့ အမျက်ဒေါသတွေ၊ ရန်ငြိုးတွေ၊ လက်စားချေလို စိတ်တွေအားလုံး ပျေလျော့ပျောက်ကွယ် သွားပေလိမ့်မယ်”

ဘုရသေ့ကြီးသည် မယ်မယ်စန္ဒမုခိအား ယခုလို မျက်ပြေတရား ဟောကြား နေစဉ်က ပန်ထွာဘုရင်မသည် မင်းသမီးကလေး ဘဝ၊ ငယ်ရွယ် နုနယ်သောဘဝ၊ အကောင်း အဆိုး၊ အကျိုးအပြစ်ကို ဝေဖန်ဆန်းစစ် နိုင်သော ဘဝ မဟုတ်သေးပေ။ ထို့ကြောင့် မယ်မယ့် အနားမှ ဝပ်တွားရင် ဘုရသေ့ကြီး၏ ဆုံးမစကားကို ကြားနေ ရသော်လည်း ကြား…ကြားခါမတ္တမျှသာ ဖြစ်၏။ နှလုံးသွင်းခြင်း အလျဉ်းမရှိခဲ့ပါ။

မယ်မယ် မကြာခဏ ပြောပြတတ်သည့် နာကြည်းဖွယ်ရာ စက်ဆုပ်ဖွယ်ရာ အမုန်းတရား များသာလျှင် သူ့ရင်ထဲမှာ စွဲနစ်နေသည်။ ထို့ကြောင့်လည်း အခါအခွင့် သင့်လျှင် မယ်မယ့်ကိုယ်စား လက်စား ချေမည်ဟုသာ နှလုံးအိမ်ထဲ ပိုက်စွဲခဲ့သည်။ နှုတ်အားဖြင့်လည်း မကြာခဏ ဖွင့်ဟ ပြောဆိုမိသည်။

ဘရသေ့ကြီးက ပန်ထွာ၏ အမုန်းတရားကို တစ်ဆင့်စကား တစ်ဆင့်နားဖြင့် ကြားသိ ခဲ့ရဟန် တူသည်။ ယခု ပန်ထွာဘုရင်မရယ်လို့ ဖြစ်လာသည့် အခါတွင် ဘရသေ့ကြီးက သရေခေတ္တရာ မျိုးဆက်များ အပေါ် ခွင့်လွှတ်ဖို့၊ အမုန်းတရား မပွားဖို့ မပြတ် ဆုံးမတော်မူသည်။

ဘရသေ့ကြီးကို ရိုသေပါသည်။ လေးစားပါသည်။ ခမည်းတော် အရင်းကဲ့သို့ ချစ်ခင် ပါသည်။ သို့သော် ဘရသေ့ကြီး ဆုံးမသည့်အတိုင်း ကျင့်သုံးရန်မှ များစွာ ခက်ခဲလှ၏။ သည့်အတွက် ဘရသေ့ကြီးအား စိတ်ထဲမှပင် ပန်ကြားနေမိ ပါတော့သည်။

"ခွင့်လွှတ်တော်မူပါ ဘရသေ့ဘုရား"

# အခန်း(၁၃)
# ပန်ထွာပြည် ပြာကျမယ်တဲ့လား

နေ့ ညီလာခံသို့ ရောက်လာသော ဘုရင်မ၏ မျက်နှာတော်သည် ကြည်လင်ခြင်း မရှိပေ။

သက်တော်ရှည် ဘိုးဘိုးက အစ၊ မှူးကြီးမတ်ကြီးများ၊ စစ်တုရင်ဗိုလ်များ၊ စစ်အင်္ဂါ လေးပါးတို့၏ ဗိုလ်ဖြစ်သော စစ်သူကြီးများ၊ စစ်ကဲကြီးများ၊ ရေတံခါးများ ဆိုင်ရာဝန်ကြီး စသူ တို့သည် ဘုရင်မကိုသာ အကဲခတ်နေကြသည်။ မနက်ညီလာခံတွင် ဖြစ်ပေါ်ခဲ့သည့် ပြဿနာကြောင့် ဘုရင်မအတွက်၊ ပန်ထွာပြည် အတွက် စိုးရိမ်ပူပန် နေကြသည်။

ဘုရင်မသည် နှုတ်ခမ်းကို တင်းတင်းစေ့ကာ ညီလာခံ ပရိသတ် အားလုံးကို လှမ်းကြည့် လိုက်ပြီး တည်ငြိမ်စွာ မိန့်ကြားလိုက်၏။

"ဗိဿနိုး ရွှေနန်းတော်ရဲ့ အမှုတော်ကို သစ္စာရှိစွာ ထမ်းရွက်ကြတဲ့ အမှုတော် ထမ်းများ၊ နံနက် ညီလာခံမှာ ဖြစ်ပျက်ခဲ့တဲ့ ပြဿနာနဲ့ စပ်လျဉ်းပြီး ဆွေးနွေးတင်လျှောက် စရာရှိပါက လွတ်လပ်စွာ တင်လျှောက်ကြစေ"

ပထမဆုံး တင်လျှောက်သူမှာ စစ်သူကြီး သီဟဗလဖြစ်သည်။

"အမိန့်တော် ရှိလာသဖြင့် တင်လျှောက် ဝံ့ပါတယ်။ သရေခေတ္တရာမှ တောင်းခံ လာတဲ့ ဒသဘာဂ အခွန်တော်ငွေကို ပေးဆပ်ခြင်း မပြုတဲ့အပြင် ပဥ္စင်းဖြူ ပဥ္စင်းညိုတို့ကို တစ်နပ်စာ မျှပင် ထမင်း မကျွေးဘဲ၊ နယ်နှင်ဒဏ် ပေးလိုက်တဲ့ အတွက် ဒွတ္တပေါင်မင်းက ပန်ထွာပြည်ကို စစ်ပြုလာမည် မလွဲပါ။ သို့ပါ၍ သူ့စစ် မလာမီ၊ ကိုယ်ကဦးအောင် သရေခေတ္တရာသို့ စစ်ချီသင့်ကြောင်းပါ ဘုရင်မ"

ဤတွင် အမတ်ကြီး ပဏ္ဍိတ်က ရဲဝံ့စွာ လျှောက်တင်သည်။

"မှန်လှပါ။ မိမိဘက်က ရန်သူထက် အင်အားသာသော အချိန်တွင်သာ ထိုးစစ်တိုက်စစ် ဆင်သင့်ပါတယ်။ ထောက်လှန်းချက် အရ သိရှိထားသည်မှာ သရေခေတ္တရာတွင် စစ်သည် သူရဲပေါင်း အက္ခောဘိဏီ ရှိနေပါသဖြင့် ပန်ထွာပြည်ထက် အင်အား အဆများစွာ သာလျက် ရှိပေတယ်။ ပန်ထွာအင်အားသည် တိုက်စစ်ဆင်ရန် မလုံလောက်ချိန်မို့ ခံစစ်သာ ဆင်သင့်ကြောင်းပါ"

အမတ်ကြီးပဏ္ဍိတ်၏ စကားဆုံးလျှင် ရေကြောင်းဝန် ဇလသူရကလည်း ဆက်လက် တင်လျှောက်သည်။

"လျှောက်တင်ဝံ့ပါသည် အရှင်မ,ဖုရား၊ သရေခေတ္တရာမှ အက္ခောဘိဏီတပ်ကြီး ချီတက်လာစေ ဦးတော့။ သင်းတို့တပ်များ ပန်ထွာပြည် တောင်ဘက် တံခါးအနီးသို့ ချဉ်းကပ် နိုင်မည် ဝေးစွ။ ရန်ပယ်ချောင်းရေ အလျဉ်မှာပင် ကစင့်ကလျား၊ မျောပါပျက်စီး၊ ရှုံးပွဲကြီးကိုသာ ရင်ဆိုင်ကြရမည် ဧကန်ဖြစ်ပါတယ်။ ပန်ထွာနိုင်ငံတော်ဟာ သိမ်ဖျင်သေးနုပ်သည့် ဇနပုဒ် ကျေးလက်လည်း မဟုတ်ပါ။ လွန်စွာ ခိုင်ခံ့သည့် အုတ်မြို့ရိုးကြီးများ၊ ရေတံခါးကြီးများ၊ တည်ဆောက် ကာကွယ်ထားသည့် နိုင်ငံတော်ကြီးပါ။ စစ်ရေးစစ်ရာမှာ လိမ္မာ ကျွမ်းကျင် စွမ်းအင် သတ္တိထူးများရှိသည့် ပျူစစ်သည်တော်များလည်း ပြည့်စုံပါတယ်။ သို့ပါ၍ ခံစစ်ကို ကောင်းစွာ ပြင်ဆင်ရင်း စောင့်ဆိုင်း သင့်ပါကြောင်းပါ"

သက်တော်ရှည် ဘိုးဘိုးကလည်း "သရေခေတ္တရာကို သွားရောက်စစ်ပြုမည် ဆိုပါက ပျားအုံကို တုတ်နှင့် ထိုးသလို ဖြစ်လိမ့်မယ်" ဟု တိုတိုတုတ်တုတ် ဝင်ဆိုသည်။

ဘုရင်မသည် ခမည်းတော် ဘရသေ့၏ သဘောထားကိုမူ မမေးတော့ပြီ။ ဘရသေ့သည် ငြိမ်းချမ်းရေး သမားဖြစ်သည်။ တရားသမား ဖြစ်သည်။ ရွှေပြည်အေး တရားကိုသာ ဟောကြားမိန့်မြွက် ပေလိမ့်မည်။

အားလုံးကို ခြုံလိုက်သော် အသီးသီး လျှောက်တင်ချက်များသည် စကားလုံးများသာ ကွဲပြားသော်လည်း သဘောထားများမှာမူ တစ်သဘောတည်းမို့ နောက်ဆုံးတွင် 'ခံစစ်' ကိုသာ အတည် ပြုလိုက်ကြသည်။

သည်တော့ စစ်ရည်စစ်သွေး တိုးတက်စေရန် စစ်သည်တော် မှန်သမျှ ကျားမ မရွေး စစ်ရေး လေ့ကျင့်ကြရသည်။ သူတို့ကို ကြည့်ရသည်မှာ တကယ်ပင် တိုက်ပွဲဝင်နေသည့် အလား တက်တက်ကြွကြွ ရှိလှသည်။

စစ်သည်တော်များသာမက လယ်ယာလုပ်ငန်းခွင်ရှိ လူရွယ်၊ လူလတ်များလည်း စစ်ရေး လေ့ကျင့် ကွင်းသို့ ရောက်ရှိလေ့ကျင့် နေကြပြီ။

ပန်ထွာဘုရင်မသည် ယခုလို အချိန်တွင် စံနန်းတော်ထဲ၌သာ စည်းစိမ်ခံ၍ မနေပါ။ အထိန်းတော်ကြီး မိအူ၊ အတွင်း ကိုယ်ရန်တော်မှူး မယ်သစ္စာ၊ အပြင်ကိုယ်ရန်တော်တပ်မှူးကြီး နန္ဒတို့ အဖွဲ့နှင့် အတူ စစ်ရေး လေ့ကျင့်ကွင်းသို့ သွားရောက် စစ်ဆေးကြည့်ရှု တော်မူသည်။

စစ်သည်တော်များ ဆင်စီး၊ မြင်းစီး၊ ဓားခုတ်၊ လုံ့ထိုး အမျိုးမျိုး လေ့ကျင့်ရာနေရာ၊ လေးမြားပစ်ကွင်း တို့တွင် တက်တက်ကြွကြွ လေ့ကျင့် နေကြသည်ကို ရှုစားရင်းများစွာအားရ ကျေနပ်တော်မူသည်။

စစ်သည်တော်သစ်များ ထပ်မံတိုးချဲ့ စုဆောင်းသည့် နေရာကိုလည်း ပစ်မထားပါ။ သွာရောက် ကြည့်ရှု အားပေးတော်မူသည်။

ရိက္ခာသိုလှောင်ရုံများ၊ ရိက္ခာပြည့်တင်း နေကြသည်ကိုလည်း ကြည့်ရှုတော်မူသည်။

ပြည်သူပြည်သားများအတွက် သောက်သုံးရေ အလုံအလောက် ရရှိစေရန်လည်း သတိပေး နှိုးဆော်တော်မူသည်။

ညညီလာခံတွင်လည်း တပ်မှူးကြီးများ၊ သေနာပတိကြီးများ၊ ပညာရှိကြီးများနှင့် စစ်ရေး စစ်ရာများကို ဆွေးနွေး ညှိနှိုင်းတော်မူသည်။

ပန်ထွာပြည်ကြီးကို အဓိက ကာကွယ်ပေးမည့် အရံအတားမှာ ရန်ပယ်ချောင်း ဖြစ်သည်။ ချောင်းဟုသာ ဆိုသည် ချောင်းပြင်မှာ လွန်စွာ ကျယ်ပြန့်လှသည်။

ပန်ထွာဘုရင်မနှင့် ရေကြောင်းဝန် ဇလသူရတို့ အဖွဲ့သည် ရန်ပယ်ချောင်း ကမ်း တစ်နေရာမှ ချောင်းအထက် ဘက်ဆီသို့ လှမ်းမျှော် ကြည့်နေကြသည်။ ကျယ်ပြန့်လှသော ရန်ပယ်ချောင်း၏ အထက်ဘက်ဆီ၌ တောင်တန်းကြီး ရှိသည်။ ညို့မှိုင်းနေသော သစ်တောကြီးကိုလည်း တွေ့ရသည်။ မိုးရွာလျှင် ထိုတောင်တန်း ကြီးမှ ရေများသည် ဒလဟော ကျလာကာ ရန်ပယ်ချောင်း အတွင်းသို့ စီးဝင်သည်။ တောင်တန်းကြီးမှ ရန်ပယ် ချောင်းဆီသို့ မြေပြင် အနေအထားမှာ ရေတံလျှောက် သဖွယ် နိမ့်လျှော နေသောကြောင့် တောင်တန်းကြီးမှ စီးဆင်းလာသော ရေများသည် အရှိန်အဟုန် ပြင်းလှ၏။ သည် တောင်ရေများသည် ရန်ပယ်ချောင်း အတွင်းသို့ ရောက်သည့်အခါ ဆင်အုပ်ကြီးပေါင်း များစွာ ဖြတ်ပြေး လာသကဲ့သို့ လှိုင်းလုံးကြီးများ ဖြစ်ကာ ဆူညံစွာ အော်ဟစ်ပြီး တွေ့သမျှ အရာ အားလုံးကို တိုက်စားဖျက်စီး ဝါးမျိုပစ်လိုက်ကြမည်။

ထို့ကြောင့် တောင်ကျရေများ အလျှံပယ် စီးဆင်းချိန်တွင် ရန်ပယ်ချောင်း အတွင်း ရေတံခါးများ အဆင့်ဆင့် တည်ဆောက်ကာ ရေများကို သိုမှီး ထိန်းသိမ်း ထားသည်။ သို့မဟုတ် ပါက ရေများအားလုံး ယင်းချောင်း အတွင်း စီးဝင်ကာ ထိုမှတစ်ဆင့် ရောဝတီမြစ် အတွင်းသို့ စီးမျော သွားပေမည်။ သည်အခါ တောင်ကျရေများ မစီး ဆင်းတော့သည်နှင့် ရန်ပယ်ချောင်း အတွင်း ရေ ခမ်းခြောက် သွားမည်။ သည်လို မဖြစ်စေရန် တောင်ကျရေများကို ထိန်းသိမ်းထားခြင်း ဖြစ်၏။

သရေခေတ္တရာ တပ်ကြီး ရန်ပယ်ချောင်းကို ကူးတော့မည် ဆိုသည်နှင့် နန်းမြင့် မျှော်စင်မှ အချက်ပေးမည်။ မျှော်စင်မှ အချက်ပေးသံ ကြားသည်နှင့် မဟာအတုလ

စည်တော်ကြီးကို တီးခတ်မည်။ စည်တော်သံ ကြားသည်နှင့် ရေတံခါးများကို ဖွင့်ချ လိုက်လျှင် ရေများ အလုံးအရင်းနှင့် စီးဆင်းကာ ချောင်းကို ဖြတ်ကျော် ကူးလာမည့် လှေများ၊ ဖောင်များ ဆင်မြင်းများ စစ်သည် တော်များကို တိုက်စား နှစ်မြှုပ် ပစ်လိုက် ကြပေမည်။

ထို့ကြောင့် ပန်ထွာပြည်၏ အသက် အိုးအိမ် စည်းစိမ်ကို ကာကွယ် ပေးမည့် ရန်ပယ်ချောင်းသည် အရေး အကြီးဆုံး၊ အရေး အပါဆုံး အနေအထားတွင် ရှိနေသည်။ သို့ဖြင့် ဘုရင်မနှင့် တကွ ရန်ပယ်ချောင်းဆိုင်ရာ ဝန်ကြီးများ၊ အကြီးအကဲများသည် ရေ တံခါးများကို အထူး စစ်ဆေး ကြည့်ရှု ကြသည်။ ရေတံခါး မှူးများကိုလည်း သတိပေး နှိုးဆော် ကြသည်။

ပြီးတော့ ပန်ထွာပြည် ပတ်ဝန်းကျင်ရှိ ငမင်းမြို့၊ စစ်တားမြို့၊ မထီရွာ၊ ကြက်ဆူတောရွာ၊ သားတိုးတန်းရွာ (ယခု ကုက္ကိုခွ) ချုပ်ကုန်းရွာ မန်းကွေး (ယခုမကွေး)မြို့ စသည် တို့တွင် လျှို့ဝှက် ကင်းပုန်းများ ချထားသည်။ သည်ကိစ္စကို ဘုရင်မ၏ နှုတ်မိန့်ဖြင့် အပြင် ကိုယ်ရန်တော် တပ်မှူးကြီးနန္ဒနှင့် သူ့လက်ထောက် ဗိုလ်ဇေယျတို့က တာဝန်ယူ ဆောင်ရွက်ကြသည်။ အထူး လျှို့ဝှက်ချက် ဖြစ်၍ ပန်ထွာ ဘုရင်မနှင့် အထိန်တော်ကြီး မိအူပေါင်း သည်လေးဦးသာ သိကြသည်။

အဖက်ဖက်မှ ထောင့်စေ့အောင် စီစဉ်ကာ သရေခေတ္တရာ တပ်ကြီးများ ချီတက် အလာကို စောင့်ကြို နေကြသည်။ အချိန်အတန် ကြာသည့်တိုင် သရေခေတ္တရာတပ်ကြီး ရောက်မလာပါ။ သို့သော် ဒွတ္တပေါင် ဘုရင်၏ ပညာရှိကြီးများ ဖြစ်သော ပဋ္ဌင်းဖြူ ပဋ္ဌင်းညို တို့သည်သာ သံတမန် အဖွဲ့ကို ဦးဆောင်လျှက် ဒုတိယအကြိမ် ရောက်ရှိ လာပြန်သည်။ သည်အဖွဲ့ကို ပန်ထွာပြည်မှ မလိုလား၊ မနှစ်သက်ပါ။ မကြိုဆိုလိုပါ။ သို့ရာတွင် အလံဖြူ လွှင့်ထူကာ ဘုရင်မ အတွက် မင်္ဂလာ သတင်းကို သယ်ဆောင်လာသည်ဟု ဆိုသဖြင့် မလွှဲမရှောင်သာ လက်ခံ ကြိုဆိုလိုက် ကြရသည်။

"ဒကာနန္ဒပါလား၊ စောစောစီးစီး အကြောင်းထူးများ ရှိလို့လား"

ရွှေရောင်တော် ဘုရား အနီးတွင် သီတင်းသုံးနေသော ဘရသေ့ကြီးသည် မိမိအား ဦးချ ကန်တော့ နေသည့် အပြင်ကိုယ်ရံတော် တပ်မှူးကြီး နန္ဒကို မေးလိုက်၏။

"မှန်လှပါ။ သရေခေတ္တရာ သံတမန်များ ယမန်နေ့က ရောက်ရှိလာပြန်ပါပြီ ဘုရား။ ကိစ္စကတော့ ဒွတ္တပေါင်ဘုရင်ရဲ့ သဝဏ်လွှာကို ကနေ့ နံနက် ညီလာခံမှာ ဘုရင်မထံ ဆက်သ မယ်လို့ သိရပါတယ်။ ဒီသံတမန်တွေဟာ ကောင်းကျိုးထက် ဆိုးကျိုးကိုသာ သယ်ဆောင်လာတတ် သူတွေမို့ ဘုရင်မရဲ့ နှုတ်ထွက် စကား မှားယွင်းသွားမှာ စိုးရိမ် ပူပန်မိပါတယ် ဘုရား။ အကယ်၍များ မှားယွင်း တိမ်စောင်း သွားခဲ့ရင် ဘုရင်မအား အမှန်အကန် တည့်မတ် ပေးနိုင်မယ့်သူမှာ အရှင်ဘုရားမှ လွဲ၍ မမြင်မိပါ။ ဒါကြောင့် တပည့်တော် တစ်ဦးတည်း၏ ဆုံးဖြတ်ချက်ဖြင့် ကနေ့နံနက် ညီလာခံသို့ ဘရသေ့ ကြွရောက် ပေးပါရန် အားကိုး တကြီး လျှောက်ထားဝံ့ပါ သည်ဘုရား"

ဘ,ရသေ့ကြီးသည် ခေါင်း တညိတ်ညိတ်ဖြင့် ခေတ္တ တိတ်ဆိတ် နေပြီးနောက် ယခုလို မြွက်ကြားသည်။

"ကိစ္စများမြောင် လူတို့ဘောင်တဲ့။ ဒါတွေကို စက်ဆုတ်လို့ ရသေ့ရဟန်း ပြုခဲ့ တာပဲ။ ဒါပေသိ ကမ္ဘောဝတီ ဘုရင်ကြီး ကိုယ်တိုင်က သမီးတော်လေး ပန်ထွာကို စောင့်ရှောက် ပါလို့ အမှာတော် ရှိခဲ့လေတော့ ကျူပ်လည်း မနေသာဘူး။ ကဲ.......ကဲ ဒကာနန္ဒ ပြန်ပေဦး၊ ညီလာခံ အမီ ကျူပ်လာခဲ့မယ်" နံနက် တစ်ပဟိုတီးပြီ။

ဘုရင်မ၏ ခမည်းတော် ဘ,ရသေ့ကြီး၊ ဘိုးဘိုးသက်တော်ရှည် အမတ်ကြီး၊ စစ်သေနာပတိကြီးများ၊ စစ်သူကြီးများ၊ ပညာရှိ အမတ်ကြီးများ၊ ဝန်ကြီးများ၊ အပြင် ကိုယ်ရံတော် တပ်မှူးကြီး၊ ပန်ထွာပြည် လက်အောက်ခံမြို့စား၊ ရွာစားများ ညီလာခံ ခန်းမကြီး အတွင်း စုံညီစွာ ရောက်ရှိနေကြပြီ။

လူစုံတက်စုံ ရောက်နေကြသဖြင့် သာမန် လုပ်ရိုးလုပ်စဉ် ညီလာခံ မဟုတ်ကြောင်း နားလည် လိုက်ကြသည်။ မည်သည့်အကြောင်း ကိစ္စဖြစ်သည်ကိုမူ သေချာစွာ မသိကြပေ။ သို့ဖြင့် တစ်ယောက်နှင့် တစ်ယောက် မေးမြန်းကြ၏။ စူးစမ်းကြ၏။ တီးတိုးတီတိုး မေးမြန်းသံများ ခန်းမကြီးထဲတွင် ဆူညံနေသည်။

ခေတ္တမျှ အကြာတွင် သံတော်ဆင့်က ဘုရင်မကြီး ထွက်ကြွလာပြီ ဖြစ်ကြောင်း ကြေညာလိုက်ရာ မီးကို ရေနှင့် သတ်လိုက် သကဲ့သို့ ချက်ချင်းပင် တိတ်ဆိတ် ငြိမ်သက်သွားသည်။

ဘုရင်မသည် ခန်းမကြီး အတွင်းသို့ ဝင်လာလာချင်း ခမည်းတော်ဘ,ရသေ့ကြီးကို တွေ့လိုက်ရာ များစွာ အံ့အား သင့်သွား၏။ မိမိကိုယ်တိုင် ပင့်ဖိတ်မှသာ ဘ,ရသေ့ကြီး ကြွရောက် တတ်သည်။ ယနေ့မူ ခမည်းတော်အား ကိုယ်တိုင် ပင့်ဖိတ်ခြင်း မပြုခဲ့ပါ။ မည်သူ့ လက်ချက်နည်း၊ ဘုရင်မသည် မျက်လုံးတစ်ချက် ဝေ့ကြည့် လိုက်သည်။ အားလုံး ဣန္ဒြေရရ ခစားလျက် ရှိ၏။ အပြင်ကိုယ်ရံတော် တပ်မှူးကြီး နန္ဒသည်သာ မလုံမလဲ ဆတ်ခနဲ လှုပ်သွားသည်ကို သတိပြုမိသည်။ ဘုရင်မသည် မသိမသာ ပြုံးလိုက်၏။

ငယ်စဉ် ကတည်းကပင် အစ်ကိုနန္ဒသည် သူမ စွမ်းဆောင်နိုင်သည့် ကိစ္စဆိုလျှင် ဘ,ရသေ့ကြီးကို အားကိုးမြဲ။ ဘရသေ့ကြီးထံ အကူအညီ တောင်းခံစမြဲ မဟုတ်ပါလား။ ထို့ကြောင့် ယနေ့လည်း ဘ,ရသေ့ကြီးအား ပင့်ဖိတ် ထားသည်မှာ တပ်မှူးကြီးနန္ဒမှ လွဲ၍ မည်သူမျှ မဖြစ်နိုင်ဟု သိလိုက်၏။

ဘုရင်မသည် ခမည်းတော် ဘ,ရသေ့ကြီးအား လက်အုပ်ချီကာ ဦးညွှတ်ဂါရဝ ပြုပြီးနောက် ညီလာခံ သလွန်တော်ပေါ်တွင် ထိုင်လိုက်သည်။

ဘုရင်မ နေရာယူပြီးလျှင် ပြီးချင်း သံတော်ဆင့် အမတ်က လက်အုပ်ချီကာ လျှောက်တင်သည်။

"သရေခေတ္တရာ သံတမန်များ ညီလာခံခန်းမ ပြင်ဘက်မှာ ရောက်ရှိစောင့်ဆိုင်း နေကြောင်းပါ သခင်မ ဖုရား"

"ခေါင်းဆောင်နှစ်ဦးကို ရှေ့တော်သို့ သွင်းစေ"

ဘုရင်မ၏ မိန့်မြွက်သံ ကြားသည်နှင့် တံခါးမှူးသည် ညီလာခံခန်းမကြီး၏ တံခါးကို ဖွင့်လိုက်သည်။ တံခါးဝတွင် အသင့် စောင့်ဆိုင်း နေကြသော ပဋ္ဌင်းဖြူ ပဋ္ဌင်းညိုတို့နှစ်ဦး ခန်းမထဲသို့ လှမ်းဝင် လိုက်၏။ သူတို့ နောက်မှ သရေခေတ္တရာ စစ်ဝတ်စုံဖြည့် ဝတ်ဆင် ထားသော အဖွဲ့ဝင်များ ဝင်မည်အပြု တံခါးမှူးက 'ဘုရင်မ အမိန့်တော်' ဟုဆိုကာ တားဆီးပြီး တံခါးမကြီးကို ပိတ်လိုက်သည်။

ပဋ္ဌင်းဖြူ ပဋ္ဌင်းညိုတို့ မျက်နှာများ ကွက်ကနဲ ပျက်သွား၏။ သို့သော် ဣန္ဒြေရရပင် မင်းလမ်းမှ ဘုရင်မ ရှေ့တော်မှောက်သို့ ဝင်လာကြသည်။ ပရိသတ်များရှေ့၊ မင်းလမ်း ထိပ်သို့ ရောက်သော်လည်း မထိုင်ဘဲ ဦးခေါင်းမော့ကာ မတ်တတ် ရပ်နေကြ၏။

သည်အပြုအမူကြောင့် ဘုရင်မ၏ မျက်နှာတော် တင်းမာသွားပြီး "သရေခေတ္တရာ သံတမန်များ ရိုင်းပျလှပါဘိ၊ ကျွန်ုပ်ကဲ့သို့သော ဘုရင်မ ရှေ့မှောက်မှာ မလေးမစား မတ်တပ်များပင် ရပ်လို့..."

ဘုရင်မ၏ စကားမဆုံးမီပင် ကိုယ်ရံတော် တပ်မှူးကြီး နန္ဒသည် နေရာမှ ထလာ ကာ ယှဉ်လျက် ရပ်နေကြသော သံတမန် နှစ်ဦး၏ ပခုံးများကို ဘယ်ညာ လက်နှစ်ဖက်ဖြင့် ခပ်နာနာကလေး ဖိကာ၊ ထိုင်ရန် အားထုတ်လိုက်သည်။ ပြုတ်တူဖြင့် ညှပ်ထားသလို အခံရ ခက်လှသဖြင့် ပဋ္ဌင်းဖြူ ပဋ္ဌင်းညိုတို့လည်း ထိုင်လိုက်ကြရသည်။

ပဋ္ဌင်းဖြူက 'အခု ကျွန်ုပ်တို့ လာသည်မှာ ပန်ထွာပြည်ငယ်ကလေးကို စိုးမိုး အုပ်ချုပ် နေတဲ့ ဘုရင်မရဲ့ အကျိုးအတွက်သာ ဖြစ်ပေတယ်' ဟုဆိုကာ သူ့ ဝတ်ရုံထဲမှ ရှည်မျောမျော ကတ္တီပါ အိတ်တစ်ခုကို ဆွဲထုတ် လိုက်သည်။ ကတ္တီပါ အိတ်အတွင်းမှ

ရွှေပေချပ် လွှာများကို အသာအယာ ဆွဲထုတ်၍ လက်နှစ်ဖက်ဖြင့် မြှောက်ကိုင်ကာ 'ကျွန်ုပ်တို့၏ စကြာရတနာသခင်၊ သရေခေတ္တရာ ဘုရင်မင်းမြတ်က ဘုရင်မအတွက် သဝဏ်လွှာ ပါးလိုက်ကြောင်း' ဟု တင်လျှောက်လိုက်၏။

'ဖတ်ကြားစေ' ဟု ဘုရင်မက မိန့်မြွက် လိုက်သည်။ ပဥ္စင်းဖြူက စတင် ဖတ်ကြားသည်။

"သရေခေတ္တရာပြည့်ရှင် စကြာရတနာတို့၏ သခင်၊ ဒွတ္တပေါင်မင်းကြီး သဝဏ်လွှာ ပါးလိုက်သည်။

ကျွန်ုပ်၏ သရေခေတ္တရာပြည်နှင့် အစ်မတော်၏ ပန်ထွာပြည်ကို ရွှေလမ်းငွေလမ်း ဖောက်လိုသည်။ သို့ပါ၍ . . ."

"တိတ်စေ…ကျွန်ုပ်မကြားလိုပြီ"

ပဥ္စင်းဖြူသည် သဝဏ်လွှာကို ကိုင်ထားလျက်မှ ဘုရင်မကို လှမ်းကြည့်လိုက်၏။ နှုတ်ခမ်းကို တင်းတင်းစေ့လျက် စိမ်းစိမ်းကြီး စိုက်ကြည့်နေသော ဘုရင်မ၏ မျက်လုံးများမှာ မီးဝင်းဝင်း တောက်နေသည်။ သဝဏ်လွှာကို ဆက်လက် ဖတ်ကြားရန် မစွမ်းသာတော့ပေ။

ညီလာခံ ခန်းမကြီး တစ်ခုလုံး တိတ်ဆိတ် သွား၏။ နှုတ်ဖျားမှာ ဆိတ်နေသော်လည်း ပရိသတ်၏ ရင်ထဲတွင်မူ စီစီ ညံနေသည်။ "တော်တော် လောဘကြီးတဲ့ ဒွတ္တပေါင်။ ပန်ထွာပြည်က အစွန့် ဘဏ္ဍာသာမကဘူး။ ငါတို့ ဘုရင်မကိုပါ သိမ်းပိုက်လိုပြန်ပြီ"

ပဥ္စင်းဖြူ၏ အခြေအနေကို ရိပ်စားမိသော ပဥ္စင်းညိုက တိတ်ဆိတ်မှုကို ချိုးဖျက်လိုက်သည်။

"သည်းခံ နားဆင်တော်မူပါ သခင်မ။ ကျွန်ုပ်တို့မှာ ဒွတ္တပေါင် ဘုရင်မင်းမြတ် စေခိုင်းတော် မူရာ မှန်သမျှ ပြီးပြည့် စုံအောင် ဆောင်ရွက်ရတဲ့ သံတမန်များ ဖြစ်ကြပါတယ်။ အခုကိစ္စမှာ သခင်မ အကျိုးယုတ်ဖွယ်ရာ မရှိပါ။ ဒွတ္တပေါင် ဘုရင်မင်းမြတ်နဲ့ ပန်ထွာဘုရင်မတို့ဟာ သူစိမ်း တစ်ရံဆံများလည်း မဟုတ်ကြပါ။ ဆွေချင်းထပ်တော့ မြတ်သတဲ့။ နှစ်ပြည်ထောင် ချစ်ကြည်ရေးကို ရှေးရှုပြီး ဒွတ္တပေါင်ဘုရင်မင်းမြတ်ရဲ့ ကမ်းလှမ်းချက်ကို . . . ."

ဘုရင်မ သည်းခံနိုင်စွမ်း မရှိတော့ပါ။ ပဋ္ဌင်းညို၏ စကားမဆုံးမီပင် "သင့်ပါးစပ်ကို ပိတ်လိုက်စမ်း။ ဒွတ္တပေါင်ကို ကျွန်ုပ်မုန်းတယ်။ ကျေးဇူး မသိတတ်တဲ့ သားအဖရဲ့ သံတမန်တွေ၊ သင်တို့ဟာ ကျွန်ုပ်ကို အကြိမ်ကြိမ် စော်ကားတယ်။ ဒီအတွက် သင်တို့အား သေဒဏ် စီရင်လိုက်မယ်။ ပန်ထွာဘုရင်မ၏ အမိန့်တော်"

ဘုရင်မ၏ အမိန့်တော်ကို ကြားရသည့်အခါ ညီလာခံ တက်ရောက်သူများ အားလုံး ထိတ်လန့် သွားကြသည်။ အနိုင်နိုင်ငံ၏ တရားဥပဒေအရ သံတမန်များ မည်မျှ စော်ကား စေကာမူ ကွပ်မျက်ခွင့် မရှိ မဟုတ်ပါလား။ ပြီးတော့ ပဋ္ဌင်းဖြူ ပဋ္ဌင်းညိုတို့သည် သရေခေတ္တရာသား သာမန်လူများ မဟုတ်ကြပါ။ ဒွတ္တပေါင်မင်းကြီး အားအကိုး ရဆုံးသော ပညာရှိ အမတ်ကြီးများ ဖြစ်ကြသည်။ အခြားသော ပြည်ထောင်ချင်းချင်း မင်းများထံမှ ဒသဘာဂ အခွန်တော်ငွေများကို မရရအောင် ကောက်ခံပြီး သရေခေတ္တရာ နိုင်ငံတော် အတွက် ဘဏ္ဍာတော် တိုးပွားအောင် ဆောင်ရွက် ပေးသည့် အမတ်ကြီးများလည်း ဖြစ်ကြသည်။ သည်မျှ အားကိုးရသော အမတ်ကြီးများကို သေဒဏ် ပေးလိုက်မည် ဆိုပါက ပန်ထွာပြည်က စတင်၍ စစ်ကြေငြာ လိုက်ခြင်း ဖြစ်သည်။ ထို့ကြောင့် အားလုံး အထိတ်တလန့် ဖြစ်သွားကြခြင်းပင်။

ကိုယ်ရံတော်တပ်မှူးကြီး နန္ဒသည် ဘ,ရသေ့ကြီးကို ဖျတ်ခနဲ လှမ်းကြည့်လိုက်၏။ ဘုရင်မ၏ အမိန့်တော်ကို ပယ်ဖျက်နိုင်စွမ်း ရှိသူမှာ ဘရသေ့မှ လွဲ၍ မရှိပြီမို့ အားကိုးတကြီး

လှမ်းကြည့်ခြင်း ဖြစ်၏။ ဘရသေ့နှင့် မျက်လုံးချင်းဆုံ မိသွားသည်။ သည်ညီလာခံ တက်ရောက်ဖို့ ဘာကြောင့် ပင့်ဖိတ်ကြောင်းလည်း ဘရသေ့ကြီး သဘောပေါက်သွား၏။

ဘရသေ့ကြီးသည် ချောင်းတစ်ချက် ဟန့်ပြီးနောက် တည်ငြိမ်စွာ မိန့်ကြား လိုက်သည်။

"သမီးတော်... ရာဇသတ်မှာ သံတမန်များကို သတ်ခွင့် မရှိလို့ တိတိကျကျ ဆိုထားတယ်။ သံတမန်များ မည်မျှစော်ကား စေကာမူ ကွပ်မျက်ခွင့် မရှိပေဘူး။ သက်တော်ရှည် အမတ်ကြီးဆီက သင်ကြား နာယူပြီးမို့ သမီးတော် မသိမဟုတ်၊ သိပြီး ဖြစ်ပေတယ်။ ပန်ထွာပြည်ရဲ့ အရှင်သခင် ဘုရင်မ ဖြစ်တဲ့ သမီးတော် တရားဥပဒေကို မတိမ်း မစောင်းရအောင် ခမည်းတော် ဘရသေ့ မေတ္တာ ရပ်ခံတယ်။ သံတမန်တွေကို လွတ်ငြိမ်းခွင့် ပေးလိုက်ပါ"

"ခမည်းတော်ဘုရား ...သမီးတော်ဟာ ပုထုဇဉ်လူသားပါ။ သူတော်စင် မဟုတ်ပါ။ ဒီသားအဖဟာ မယ်မယ့်ကို စော်ကားလို့ အားမရသေးပါ။ အခု သမီးတော်ကိုပါ အကြိမ်ကြိမ် စော်ကား နေတာကြောင့် သည်းမခံနိုင်တော့ပါ ဘုရား"

"အိမ်း.... သမီးတော်ဘက်က ကြည့်တော့လည်း ဟုတ်ပေသပေါ့။ ဒွတ္တပေါင်ဘုရင် အပေါ် နာကြည်း မုန်းတီးနေတာကို ဘာမျှ မပြောလိုပါဘူး။ ဒါပေသိ သံတမန်များကို သေဒဏ် စီရင်မယ့် အမိန့်ဟာ ပန်ထွာပြည်က စပြီး စစ် ကြေငြာလိုက်တာနဲ့ ဘာမှမခြားဘူး သမီးတော်။ တစ်နိုင်ငံနဲ့ တစ်နိုင်ငံ စစ်ဖြစ် ကြပြီဆိုရင် မြို့ရွာတွေ ပျက်စီးမယ်။ ပြည်သူ ပြည်သားတွေ သေကြေ ပျက်စီး ကြရမယ်။ သမီးတော် ချစ်တဲ့ ပန်ထွာပြည်သူ ပြည်သားတွေ အတိဒုက္ခ ရောက်ကြမှာကို သမီးတော် လိုလားသလား။ ကြည့်ရက်လား၊ စဉ်းစားပါ"

ခမည်းတော် ဘရသေ့ကြီး၏ အမေးစကားသည် ဘုရင်မ၏ အရှိုက်ကို ထိသွားပြီ ဖြစ်၏။ စောဒက မတက်တော့ဘဲ ခေတ္တမျှ ငြိမ်သက် နေသည်။

ညီလာခံ ပရိတ်သတ်ကြီးမှာ  သူတို့ဘုရင်မ မည်သို့ မိန့်ကြားမည်ကို ရင်တမမနှင့်။ ဘုရင်မ ငြိမ်သက် နေသည်မှာ ခေတ္တမျှသာ ဖြစ်သော်လည်း သူတို့ အဖို့မူ အချိန်တွေ များစွာ ကြာညောင်းလှပြီဟု ထင်မှတ်နေကြသည်။

ခဏအကြာတွင် ဘုရင်မသည် ဘရသေ့ကြီးဘက်သို့ မျက်နှာမူလျက် လက်အုပ်ချီကာ လျှောက်တင်လိုက်သည်။

"သမီးတော်ဟာ စစ်ကို လိုလားသူ မဟုတ်ပါ။ ပန်ထွာပြည်ကြီး မပျက်စီးစေလိုပါ။ ပြည်သူပြည်သားတွေ အထိဒုက္ခ ရောက်ကြမှာကိုလည်း မလိုလားပါ ခမည်းတော်ဘုရား" ဟု ဆိုကာ တစ်ဆက်တည်း အမိန့်တော်ချ မှတ်လိုက်၏။

"သင်းတို့ မျက်နှာကို မကြည့်လို၊ မမြင်လိုပြီ၊ ပန်ထွာနိုင်ငံတော်မှ အပသို့ အခုချက်ခြင်း နှင်စေ"

ကိုယ်ရံတော် တပ်မှူးကြီးသည် မင်းလုလင် နှစ်ဦးကို အချက်ပြလိုက်သည်။ မင်းလုလင် နှစ်ဦးလည်း ပဥ္စင်းဖြူ၊ ပဥ္စင်းညို သံတမန်နှစ်ဦးကို ညီလာခံ ခန်းမမှ ဆွဲထုတ်သွားကြ၏။ ပဥ္စင်းဖြူသည် နှုတ်ခမ်းကို တင်းတင်း စေ့လျက် သုန်သုန် မှုန်မှုန်နှင့် ပါသွားသည်။ ပဥ္စင်းညိုကမူ မင်းလုလင်များ ဆွဲခေါ်ရာသို့ လိုက်ပါသွားရင်း သမင်လည်ပြန် လှည့်လျက် "မာနထန်လှတဲ့ ဘုရင်မ၊ ပန်ထွာပြည်ကို ပြာကျစေ့မယ်" ဟု ဂမူးရှူးထိုး အော်ဟစ် သွားလေတော့သည်။

စာ၈

## အခန်း (၁၄)

## ငယ်ကချစ်တဲ့ သစ္စာသခင်

ဘုရင်မ၏ ခန်းမဆောင် အတွင်း အလင်း တိုင်များ၏ မီးစွယ်များသည် လေ အဝှေ့တွင် ဟိုသည် ယိမ်းကလျက် ရှိ၏။

မကြာခင်မှာပင် ညအိပ် ဖန်တော်စောင့် ပျိုအမျိုးသမီးများ ရောက်လာကြသည်။ သူတို့သည် နံနက်ညီလာခံတွင် ဖြစ်ပျက်ခဲ့သည့် ပြဿနာနှင့် ပတ်သက်၍ အသေးစိတ် သိလို နေကြသည်။ ထို့ကြောင့် အထိန်းတော်ကြီး မိအူကို တိုးတိုးကလေး မေးကြ မြန်းကြသည်။

မိအူက အသေးစိတ် ရှင်းပြသည်။ ပြီးတော့ ဆက်ပြောသည်။ "ခုလို တိတ်တိတ် ဆိတ်ဆိတ်၊ တိမ်းတိမ်းပွေပွေနဲ့သာ ဆိုရင် သခင်မဖုရားတော့ တစ်ညလုံး စက်တော် ခေါ်နိုင်မှာ မဟုတ်ဘူး။ သည်တော့ စိတ်ကြည်သွားအောင် တစ်ခုခုတော့ လုပ်ပေးကြမှ ဖြစ်မယ်"

မိအူက ပြောသော်လည်း မည်သူမျှ အကြံဉာဏ် မပေးဝံ့ကြ။ ခေတ္တမျှ တိတ်ဆိတ် နေသည်။

"ဘာလုပ်ကြရင် ကောင်းမလဲ။ ပြောကြဦးလေဟာ၊ ငါတစ်ယောက်တည်း စဉ်းစားရတာ ခေါင်းတွေလည်း ပူကုန်ပြီ"

မိအူက ညည်းပြတော့ အိပ်ဖန်တော်စောင့်ထဲမှ မယ်သစ္စာက မဝံ့မရဲ အကြံဉာဏ်ပေးလိုက်သည်။

"အဆိုအက တေးဂီတနဲ့ ဖျော်ဖြေကြရင် မကောင်းဘူးလား မိအူ"

"အေး...ကောင်းသားပဲ၊ ဒီလိုဆို ဘာတေးသီချင်းနဲ့ ဖျော်ဖြေရင် ကောင်းမလဲ သဥ္ဇာ"

"ဘုရင်မ စိတ်တော်နဲ့ မတွေ့ရင်၊ ဆေးအတွက် လေးသွားမှာလည်း စိုးရသေးတယ်။ သည်တော့ သေသေချာချာ ရွေးကြမှ ဖြစ်မယ်မိအူ"

သို့ဖြင့် မိအူနှင့် သဥ္ဇာတို့သည် ပျူ တေးသီချင်း များထဲမှ ကောင်းနိုးရာရာကို ရွေးချယ်ကြသည်။

ပထမ တေးသီချင်းမှာ 'ဗုဒ္ဓ၏ တံဆိပ်တော်' ဖြစ်သည်။ ပျူဘာသာ အားဖြင့် 'မော့ထော်မီ' ဖြစ်၏။ ပျူနိုင်ငံသူ နိုင်ငံသားများ ဘုရင်မကို ခစားသည့် အခါ သီဆိုလေ့ရှိသည်။

ဒုတိယ သီချင်းမှာ 'လဲပန်း ချီးမွန်းခန်း' ဖြစ်၏။ ပျူလို 'လုန်မန်တီ'။ လဲပန်းသည် သန့်ရှင်းစင်ကြယ် စေနိုင်သည်ဟု ယူဆကြသည်။ ထို့ကြောင့် ပျူတို့သည် လဲမှို့ မှရသည့် ချည်ဖြင့် အဝတ်အထည် ရက်လုပ်ကြ၏။

တတိယ သီချင်းမှာ 'ခိုဖြူ' ဖြစ်သည်။ ပျူဘာသာအားဖြင့် 'တာတူ' ဖြစ်၏။ ခိုများသည် မိမိတို့ ဆန္ဒ အလျောက် ပျံသန်းလိုက ပျံသန်းပြီး နားနေလိုက နားနေနိုင်သည်ကို ချီးမွမ်း ဖွဲ့ဆိုထားသော တေးသီချင်း ဖြစ်သည်။

စတုတ္ထ စဉ်စားကြသော တေးချင်းမှာ 'ကြိုးကြာငှက် လှည့်လည်ခြင်း (ပျူဘာသာဖြင့် စူမန်တိလိ) ဖြစ်သည်။ ယင်းငှက်များ ပျံသန်းသည့်အခါ မိုးကောင်းကင် အထက်ထိ ရောက်၏။ မြေပေါ်တွင် လျှောက်သည့်အခါ နေးကွေးစွာ ခြေလှမ်းကြောင်း ဖွဲ့ဆိုထားသည်။

ပဉ္စမတေးချင်းမှာ ' ဇော့တိုက်နေသော ဆိတ်၏ အောင်မြင်ခြင်း' (ပျူဘာသာဖြင့် လိုင်နိုင်) ဖြစ်သည်။ တစ်ခါက ပင်လယ်ကမ်းခြေတွင် ဆိတ်နှစ်ကောင် ဇော့နေကြသည်ကို လူတစ်ယောက်က မြင်သည်။ အားနည်းသည့် ဆိတ်ငယ်သည် တောထဲသို့ ဝင်သွား၏။ အားကြီးသည့် ဆိတ်က လှမ်းကြည့်နေသည်။ ဤသည်ကို 'လိုင်နိုင်' ဟုဆိုကြသည်။ အဓိပ္ပာယ်မှာ 'အောင်မြင်ခြင်း အင်အား' ဖြစ်၏။ သည်တေးသီချင်း ကိုလည်း ကြိုက်နှစ်သက်ခြင်း မရှိ။

ဆဋ္ဌမ တေးသီချင်းကတော့ 'ကြိုး တစ်ချောင်းတပ် နဂါးခေါင်း ဗျပ်စောင်း' ဖြစ်သည်။ ပျူလို 'မီဝိမိ' ဖြစ်သည်။ နဂါးခေါင်း ဗျပ်စောင်းတွင် ကြိုးတစ်ချောင်းသာ ရှိသော်လည်း သံစဉ်ငါးမျိုးနှင့် ပြည့်စုံသကဲ့သို့ ဘုရင်မ၏ ပါရမီ တစ်ပါးတည်းဖြင့် နိုင်ငံ တစ်သောင်း (သို့မဟုတ်) အတိုင်းတိုင်း အပြည်ပြည်ကို ကျွေးမွေး ထောက်ပံ့နိုင်သည်ဟု အဓိပ္ပာယ်ရသည်။

သတ္တမ တေးသီချင်းမှာ 'ရှာန်ဝင်စားခြင်း' ဖြစ်၏။ ပျူဘာသာဖြင့် 'ချေလန်ရှီ' ဖြစ်သည်။ လောကီ ရေးရာကို စွန့်လွှတ်ခြင်းဖြင့် ဆိတ်ညံ့မှုကို ရယူ နိုင်မည်ဟု ဆိုထားသည်။ သည် တေးသီချင်းကိုလည်း ရွေး၍ မဖြစ်သေးပါ။ ဘုရင်မ လောကီရေးရာကို စိတ်ကုန်ခန်းပြီး စွန့်လွှတ် လိုက်ပါက မခက်ပါလား။

မိအူနှင့် သဉ္ဇာတို့သည် စိတ်တိုင်းကျ တေးသီချင်း မတွေ့သဖြင့် နောက်တစ်ပုဒ် ရွေးကြပြန်သည်။

အဋ္ဌမ တေးသီချင်းက 'ကြံမင်း' ဖြစ်သည်။ ပျူဘာသာအားဖြင့် 'အာ့ဝီလုတဲ့' ဖြစ်သည်။ ဗုဒ္ဓရှင်တော် ဘုရားသည် လူ သတ္တဝါတို့အား ဆုံးမသော စကားမှာ ကြံ၏ ချိုသော အရသာကဲ့သို့ ဖြစ်၏။ ကြံ၏ ချိုသော အရသာကို လူတိုင်း နှစ်သက်သကဲ့သို့ ဗုဒ္ဓ ရှင်တော်ဘုရား ဟောကြားသော အဆုံးအမ တို့ကိုလည်း လူတိုင်း ကြိုက်နှစ်သက် ကြသည်ဟု ဆိုလိုသည်။

နဝမတေးသီချင်းမှာ 'ဒေါင်းမင်း' ဖြစ်သည်။ ပျူဘာသာအားဖြင့် 'ထောင်ထိုင်' ဖြစ်၏။ ဒေါင်း၏ အမွေးတောင်များ လွန်စွာ လှပကြောင်းကို သရုပ်ဖော်ထားသော တေးချင်း ဖြစ်၏။ သည်တေးချင်းကို သီဆိုပြီး ဒေါင်းတောင်များ ကိုင်ဆောင်ကပြလျှင် လွန်စွာ လှပသည်။

ဒသမ တေးသီချင်းမှာ 'ဟင်္သာ' ဖြစ်၏။ ဟင်္သာတို့မည်သည် ပျံသန်းသည့် အခါ ဖြစ်စေ၊ နားနေသည့် အခါဖြစ်စေ၊ အမြဲပင် ဖိုမမောင်နှံ တူစုံတွဲကာ နေမြဲဖြစ်သည်။

အင်းကန်တော်ကြီး ထဲမှာလည်း ဟင်္သာမောင်နှံ တူစုံတွဲပြီး ပျော်ပွဲ ဝင်နေ ကြသည်ကို အမြဲပင် တွေ့နေရသည်။ သို့သော် မိမိတို့၏ ပန်ထွာဘုရင်မသည် ဟင်္သာ မောင်နှံ တူစုံတွဲ နေသည်ကို တွေ့သည့်အခါ ပျော်ရွှင်မြူးတူး သွားလေ့ မရှိပါ။ ထို့ကြောင့် 'ဟင်္သာ' တေးသီချင်းကို သီဆိုတီးမှုတ် ကြလျှင်လည်း ဘုရင်မ စိတ်ကြည်လင် ရွှင်လန်း လာနိုင်ဖွယ် မမြင်ပါ။

တစ်ဆယ့် တစ်ပုဒ်မြောက် တေးသီချင်းမှာ 'စားသောက်ပွဲ တေးဂီတ' ဟု အမည် ရသည်။ ပျူဘာသာ အားဖြင့် 'လုန်ချန်ကန်မော်' ဖြစ်သည်။ အချိန်အခါ အားဖြင့် ဒေးချမ်း သာယာပြီး စားသောက်ပွဲမှာ ကောင်းမွန်လှကြောင်း ဖော်ကျူးထားသော တေးချင်းဖြစ်၏။ အစား အသောက်များကို ခံ့မင် မက်မောလေ့ မရှိသော ဘုရင်မ စိတ်ဝင်စားမည် မဟုတ် သဖြင့် ပယ်လိုက် ပြန်သည်။

သို့ဖြင့် နောက်တစ်ပုဒ် စဉ်းစားကြသည်။ ပျူတေးသီချင်း တစ်ဆယ့် နှစ်ပုဒ်မျှသာ ရှိရာ ရွေးချယ်ရန် တစ်ပုဒ်သာ ကျန်တော့သည်။ တစ်ဆယ့် နှစ်ပုဒ်မြောက် တေးသီချင်းမှာ 'စိုးရိမ် ကြောင့်ကြမှုကို ဖယ်ရှားခြင်း' ဖြစ်၏။ 'ချည်ချောင်း' အကဟုလည်း ခေါ်တွင်သည်။ ပျူဘာသာ အားဖြင့် 'ဟူနာ' ဟုတွင်သည်။ သည်တေးသီချင်းကို ဆိုလိုက်ခြင်း အားဖြင့် စိတ်ကြည်လင် ရွှင်လန်းပြီး၊ စိုးရိမ် ကြောင့်ကြမှုများမှ ကင်းဝေး စေကြောင်း သရုပ်ဖော်ထားသော တေးသီချင်းပင်။

တေးသီချင်းက ဤမျှ ညွှန်းထားသဖြင့် မိအူနှင့် သဥ္ဇာတို့သည် 'စိုးရိမ် ကြောင့်ကြမှုကို ဖယ်ရှားခြင်း' ဆိုသည့် တေးသီချင်းကို ရွေးချယ် လိုက်ကြသည်။ ချက်ခြင်းပင် နန်းတွင်း ပန်တျာသည် ကလေးများကို အဆင့်သင့်ပြင်ဆင် စေလိုက်၏။

သည်အတိုင်း တင်ဆက်၍ မဖြစ်ပါ။ ဘုရင်မ သဘောတူ မတူ လျှောက်ထား မေးမြန်း ရပေဦးမည်။ သည်ကိစ္စကိုတော့ အထိန်းတော်ကြီး မိအူက တာဝန်ယူသည်။

"မှန်လှပါ ဒီနေ့သခင်မ၊ ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းလျ နေတာကို ဖြေပျောက် လိုပါတယ်။ ဒါကြောင့် နန်းတွင်း ပန်တျာသည် ကလေးများ သီဆို တီးမှုတ်ကပြ ဖျော်ဖြေဖို့ စီစဉ် ထားကြောင်းပါဖုရား"

ဘုရင်မက ငြင်းပယ်ခြင်း မပြုပေ။ သို့ဖြင့် ဖျော်ဖြေရေး အစီအစဉ်ကို တင်ဆက်သည်။ ဦးစွာ ခပ်လှမ်းလှမ်းတွင် စောင့်ဆိုင်း နေကြသော ပန်တျာသည် ကလေးများကို ဘုရင်မ၏ ရှေ့တော်သို့ သွင်းသည်။ ရှေ့တော်မှောက်သို့ ရောက်သောအခါ အသီးသီး နေရာ ယူလိုက်ကြသည်။

ဇာမဏီငှက်ခေါင်း စောင်းကို ပိုက်ပွေ့ လာသော ပန်တျာသူ ကလေးသည် ဘုရင်မ၏ လက်ဝဲဘက် ထိပ်ဆုံးတွင် နေရာယူသည်။ စောင်းမှာ တစ်ဆယ့် လေးကြိုးတပ် စောင်းဖြစ်၏။ ဇာမဏီငှက်၏ ဦးခေါင်းသည် အပြင်ဘက်သို့ လှည့်နေသည်။ ပန်တျာသူ ကလေး၏ သွယ်လျသော လက်ချောင်းကလေး များသည် စောင်းကြိုးများ ပေါ်တွင်လှုပ်ရှား

လိုက်သည်နှင့် ငြိမ့်ညောင်း သာယာသော တေးသံ ထွက်ပေါ်လာသည်။ ခန်းမ တစ်ခုလုံး စောင်း၏ ပဏာမ တေးသံတွင် နစ်မျော ငြိမ်သက် သွား၏။ သည်အချိန်တွင် အဆို ပန်တျာသူ ကလေး၏ တေးသီချင်းသံသည် သာယာ ချိုအေးစွာ ထွက်ပေါ် လာသည်။ တစ်ပြိုင် တည်းပင် အက အရာ၌ ကျွမ်းကျင် လိမ္မာသော ပန်တျာသည် ကလေးများသည် တစ်ညီ တစ်ညွတ်တည်း ကကြသည်။ သူတို့ ကိုယ်ပေါ်တွင် ဆင်ထားသော ပုတီး၊ နားတောင်း၊ လက်ကောက်၊ လက်ကြပ်တန်ဆာ၊ ခါးစည်းကြိုးတို့သည် ခန်းမဆောင်တွင်းမှ မီးရောင်တွင် ပြက်ခနဲ၊ ပြက်ခနဲ လင်းလက်သွားကြ၏။

ပန်ထွာဘုရင်မ၏ စိတ်အစဉ်သည် ငြိမ့်ညောင်း သာယာသော တေးသွားနှင့် အကတွင် မျောပါ သွားသည်။ 'စိုးရိမ်ဧ ကြောင့်ကြမှုကို ဖယ်ရှားခြင်း' ဆိုသည့် တေးသီချင်းသည် အမှန်ပင် ဘုရင်မ၏ ရင်ထဲတွင် တင်းကျပ်နေသော ဝေဒနာကို ဖယ်ရှား ပေးခဲ့သည်။ တင်ဆက်မှုပြီးဆုံး သွားသည့် အခါ ဘုရင်မ၏ စိတ်သည် ကြည်လင် ရွှင်လန်း နေပေပြီ။

ထိုညက ဘုရင်မသည် အတော် ညဉ့်နက်သည် အထိ ဘုရား ဝတ်ပြုခဲ့သည်။ မေတ္တာပို့ အမျှဝေပြီးနောက် လှိုက်လှိုက်လှဲလှဲ ဆုတောင်းလိုက်သည်။

"ပန်ထွာပြည်ကြီး ငြိမ်းချမ်း သာယာပါစေ"

"ပန်ထွာပြည်သူ ပြည်သားများ နလုံးစိတ်ဝမ်း ချမ်းမြေ့ကြပါစေ"

သည်နေ့နံနက် ဘုရင်မရဲ့ မျက်နှာတော်မှာ ထူးထူးခြားခြား ကြည်လင် လန်းဆန်း နေသည်။

နေ့စဉ်နှင့် အမျှ သရေခေတ္တရာ အရေးကြောင့် ရတက် မအေး ဖြစ်နေရသော ဘုရင်မသည် ယနေ့နံနက် အရုဏ်တက်တွင် ရံရွေတော်များနှင့် အတူ ရွှေရောင်တော် ဘုရားသို့ သွားရောက် ဖူးမြော် ခဲ့သည်။ ပြီးတော့ ရွှေရောင်တော် ဘုရားနှင့် မနီးမဝေးတွင်

သီတင် သုံးနေသော ခမည်းတော် ဘုရသေ့ကြီး၏ ကျောင်းသင်္ခမ်းသို့လည်း သွားရောက်ခဲ့၏။ ခမည်းတော် ဘုရသေ့ကြီးက ဘုရင်မနှင့် အဖွဲ့ကို တရားရေအေး တိုက်ကျွေးလိုက်သည်။ ဘုရားအရိပ်၊ တရားအရိပ်ကို ခိုလှုံ လိုက်ရသဖြင့် ဘုရင်မ၏ စိတ်ထဲမှာ ငြိမ်းချမ်း သွားသည် ထို့ကြောင့်လည်း ဘုရင်မသည် ယနေ့အဖို့ အထူးကြည်လင် ရွှင်လန်းလျက်ရှိ၏။

အခြားရံရွေတော် ကလေးများကို ခေတ္တခဏ အနားပေးထားသဖြင့် ခန်းမဆောင်ထဲတွင် ဘုရင်မနှင့် အထိန်းတော်ကြီး မိအူတို့ နှစ်ယောက်သာ ရှိနေသည်။

အထိန်းတော်ကြီးသည် ဘုရင်မ နှစ်ခြိုက်စွာ စားတော် ခေါ်လေ့ ရှိသော သစ်သီးများ၊ ဖျော်ရည်များကို ဆက်သထားသည်။ ဘုရင်မသည် ငွေကလပ်ထဲမှ စပျစ်သီးစိမ်းလဲ့လဲ့ ကလေးကို လှမ်းယူရင်း မိအူရဲ့ မျက်နှာကို ဝေ့ခနဲ တစ်ချက်ကြည့်လိုက်သည်။ မိအူ တစ်စုံတစ်ရာ ပြောချင်နေသည်ကို အကဲခတ်မိသည်။

"မိအူ ဘာပြောချင်လို့လဲ"

ဘုရင်မက လမ်းဖွင့်ပေးသဖြင့် မိအူက မဆိုင်းမတွ ဖြေလိုက်သည်။

"မိအူ သိချင်တာလေး မေးချင်လို့ပါ သခင်မ"

"မေးလေ၊ မေးပါ"

"ဟိုလေ…ဟို…ဟို…"

မိအူသည် ရုတ်တရက် ပြောမထွက်ဘဲ ထစ်ငေါ့နေသည်။ ဘုရင်မက "မိအူရယ်… သခင်မနဲ့ နှစ်ယောက်ထဲ ရှိတဲ့အခါ ငယ်ငယ်တုန်းကလို လွတ်လွတ်လပ်လပ် ပြောစမ်းပါ။ ဘာကို ဒီလောက် ကြောက်ရွံ့ပြီး ထစ်အ, နေရတာလဲ။ မေးမှာသာ မေးစမ်းပါ" သည်တော့ မိအူလည်း အရဲစွန့်ပြီး မေးလိုက်သည်။

"မိအူ ရင်ထဲက မရှင်းတာလေး ရှိလို့ပါ။ သခင်မ ဘာကြောင့် ယောကျ်ားတွေကို မုန်းနေတာလဲ ဟင်..."

ဘုရင်မက ပြုံးလိုက်သည်။

"ယောကျ်ားတွေကို မမုန်းပါဘူး မိအူရဲ့၊ သခင်မ မုန်းတာက သရေခေတ္တရာက ဒွတ္တပေါင် တစ်ယောက် တည်းပါ"

"ဒါဆို သခင်မရဲ့ နန်းဆောင်ထဲကို ဘယ်ယောကျ်ားမှ ဝင်ခွင့် မပြုတာကကော"

"ဒီအမေးကို ဖြေဖို့ မယ်မယ် စန္ဒမုခိရဲ့ နောင်းဖြစ် မှတ်တမ်းကို ကိုးကား ရတော့မှာပဲ။ ခမည်းတော် စူဠသဒ္ဒမ္မဝနဲ့ မယ်မယ်စန္ဒမုခိ တို့ရဲ့ ရင်းနှီး ကျွမ်းဝင်မှုဟာ သံယောဇဉ်က စခဲ့တယ် ဆိုတာ မိအူ သိတယ်နော်။ မယ်မယ်ဟာ သခင်မရဲ့ ခမည်းတော် ဖြစ်လာမဲ့ စူဠသဒ္ဒမ္မဝကို ဆေးကုသ ပေးရင်း သံယောဇဉ်ကြိုးတွေ တစ်ရစ်ပြီးတစ်ရစ် တိုးပွားလာတယ်။ မယ်မယ်ဟာ ဘယ်လောက် အနွံ့အတာ ခံခဲ့သလဲ။ ဒါပေသိ စူဠသဒ္ဒမ္မဝဟာ အမြင့်ကို ရောက်လာတဲ့ အခါ မယ်မယ့်ကို မချီးမြှောက်ဘဲ၊ ဒွတ္တပေါင်ရဲ့ မယ်တော်ကိုသာ ချီးမြှောက်ခဲ့တယ်။ ဒါဟာ မယ်မယ့်အပေါ် သစ္စာ မဲ့တာပဲ။ ရက်စက်တာပဲ။ နိုင်ထက် ကလူ ကျင့်တာပဲ မဟုတ်လား။ ဒီအဖြစ်မျိုးနဲ့ ကြုံရမှာ ကြောက်လို့ ယောကျ်ားတွေနဲ့ ကင်းနိုင်သမျှ ကင်းအောင် နေတာပါ။ သံယောဇဉ် ဆိုတဲ့ကြိုးဟာ ငင်မိရင် နှင်ဖို့အင်မတန် ခက်ခဲတယ် မိအူ"

"ကိုယ်ရံတော်တပ်မှူးကြီး နန္ဒကျတော့ ချွင်းချက်ပေါ့နော်"

"မေးထိုက်တဲ့ မေးခွန်းပေပဲ။ ပန်ထွာဘုရင်မရဲ့ ဘဝအစကို ပြန်ကြည့်ကြရအောင်။ 'ပန်ထွာ' ဖြစ်လာမဲ့ ဗိဿနိုး မင်းသမီးကလေး ကဏ္ဍာဝတီ ရွှေနန်းတော်ကို ရောက်တော့ မိအူနဲ့ မောင်ကြီးနန္ဒတို့ကို ဦးဆုံး သိကျွမ်း ခင်မင်ခဲ့ရတယ်။ တို့သုံးယောက်ဟာ သွားအတူ လာ အတူ၊ ကစားအတူ ကြီးပြင်းလာခဲ့ကြတာ မှတ်မိ ပါတယ်နော်။ မောင်ကြီးနန္ဒဟာ

သခင်မကို ကလေးဘဝ ကတည်းက အခုထိ စောင့်ရှောက် လာခဲ့တယ်။ နှမကလေး အရင်း တစ်ယောက်လို ချစ်ခင်ခဲ့တာ မိအူ အသိပါ။ သခင်မဘက်ကလည်း အစ်ကိုရင်း မရှိတဲ့ ဘဝမှာ အစ်ကိုတစ်ယောက် ကောက်ရသလို ဝမ်းမြောက်ဝမ်းသာ ဖြစ်ခဲ့တယ်။ နှမနဲ့ မောင်ကြီး ဆိုတဲ့ အသိဟာ တို့နှစ်ယောက်ကို စည်းနှောင် ပေးခဲ့တဲ့ မေတ္တာ နှောင်ကြိုးပဲ၊ မောင်ကြီးနန္ဒကို လေးစား ခင်မင်တာဟာ သူရဲ့ ကိုယ်နေဟန်ထား တင့်တယ်လို့လည်း မဟုတ်ဘူး။ ဉပမိ ရုပ်ကောင်းလို့လည်း မဟုတ်ဘူး။ သူရဲ့ စိတ်ရင်းစေတနာ ကောင်းတဲ့ အတွက်၊ သစ္စာရှိတဲ့ အတွက် လေးစားချစ်ခင် တွယ်တာခဲ့တာပဲ။ သခင်မရဲ့ စိတ်ဟာ မောင်ကြီးနန္ဒ အပေါ်မှာ ကာမဂုဏ်စိတ်နဲ့ ချစ်လိုတဲ့ စိတ်ဆန္ဒမျိုး မဟုတ်ဘူးဆိုတာ ရဲရဲကြီး အာမခံဝံ့တယ်။ မောင်ကြီးဘက်ကလည်း ဒီအတိုင်းဘဲ သန့်စင်မယ်လို့ သခင်မ ယုံကြည်တယ် မိအူ"

"ခုလို စိတ်ရှည် လက်ရှည် ရှင်းပြတာကို ကျေးဇူးတင်ပါတယ် သခင်မဖုရား၊ မိအူကြောင့် သခင်မ ပင်ပန်းသွားပြီ။ ခေတ္တအနား ယူတော်မူပါဦး" ဟုဆိုကာ ဘုရင်မ အတွက် မှီအုံးတော်များ ပြင်ဆင်ပေးသည်။

ဘုရင်မလည်း ခေတ္တမျှသာ အနားယူသည်။ နေ့ညီလာခံ ချိန်နီးပြီမို့ ခန်းမ ဆောင်ကြီး ဆီသို့ ကြွလှမ်းတော်မူသည်။

᪥

## အခန်း(၁၅)
## ပန်ထွာပြည်၏ လျှို့ဝှက်ချက်

နန်းမြင့် မျှော်စင်ထက်တွင် တာဝန်ကျသော 'ယုဇာ' သည် ပတ်ဝန်းကျင်ကို လှည့်ပတ် ကြည့်လိုက်၏။ ဗိဿနိုးမြို့သည် မြို့ရိုးအောက်ခြေတွင် ပြားပြား ဝပ်ဆင်း နေသည်။

တောင်ဘက်မျက်နှာသို့ လှမ်းအကြည့်တွင် သူ့မျက်စိ အာရုံထဲ၌ တစ်စုံတစ်ရာကို မြင်လိုက်သည်။ ထိုအရာသည် ငြိမ်သက် မနေပါ။ ဗိဿနိုး နန်းတော်ဆီသို့ ဦးတည် ထားသော လမ်းမကြီး အတိုင်း လျင်မြန်စွာ ရွေ့လျား လာနေသည်ကို တွေ့ရသည်။ အလှမ်း ဝေးလွန်း သဖြင့် သဲသဲကွဲကွဲ မသိရ။ ကြည့်နေရင်းမှ မြင်းတစ်စီး ဖြစ်ကြောင်း သိရသည်။ အတန်ငယ် ကြာလျှင် မြင်းခွာသံကိုပင် ကြားလာရသည်။

ညီလာခံ ခန်းမအတွင်းရှိ ဘုရင်မနှင့်တကွ ပရိသတ် အားလုံးလည်း မြင်းခွာသံ ကြားသဖြင့် နားစိုက်လိုက်ကြ၏။ ကိုယ်ရံတော် တပ်မှူးကြီး နန္ဒသည် ဘုရင်မထံ ခွင့်ပန်ပြီး ခန်းမကြီးထဲမှ ထွက်လာသည်။ ပြီး... နန်းမြင့်မျှော်စင် ရှိရာသို့ လှမ်းလိုက်သည်။

တပ်မှူးကြီး နန္ဒ မျှော်စင်ထက်သို့ တက်လာသည်ကို 'ယုဇာ' သိလိုက်သည်။ သို့သော် မျက်ခြေ ပြတ်သွားမည် စိုးသဖြင့် လှည့်မကြည့်ဘဲ ပြောလိုက်၏။

"မြင်းတစ်စီး ဒုန်းစိုင်းလာနေပါတယ် တပ်မှူးကြီး"

တပ်မှူးကြီး နန္ဒလည်း လှမ်းကြည့် လိုက်သည်။ မြင်းစီးသမား၏ လက်ထဲမှ လှံတံသည် နေရောင်တွင် လက်ခနဲ လက်ခနဲ လင်းသွားသည်။ အလှမ်း ဝေးနေသဖြင့် မည်သူ မည်ဝါ သဲသဲကွဲကွဲ မမြင်ရသေးပေ။ တဖြည်းဖြည်း နီးလာသဖြင့် သဲသဲကွဲကွဲ မြင်ရသည်။

"အလို… တောင်တံခါးမှူး ဗိုလ်စိတ္တပါလား။ ကိုယ်တိုင်ဒုန်းစိုင်း လာပုံထောက်ရင် အကြောင်းထူးတော့ ရှိပြီ"

တပ်မှူးကြီးနန္ဒသည် ပြောပြောဆိုဆို မျှော်စင်ထက်မှ အပြေးဆင်းသွားသည်။ တပ်မှူးကြီး နန္ဒနှင့် တောင်တံခါးမှူး ဗိုလ်စိတ္တတို့ ညီလာခံခန်းမရှေ့ တွင်ဆုံကြသည်။

ဘုရင်မ၏ ရှေ့တော်မှောက်သို့ ရောက်လျှင်ရောက်ချင်း ဗိုလ်စိတ္တက တင်လျှောက် လိုက်သည်။

"သရေခေတ္တရာ တပ်ကြီး ချီတက်လာပြီ ဖြစ်ကြောင်းပါ သခင်မဘုရား"

"မျှော်လင့်ထားတဲ့ အတိုင်း ရောက်လာကြပြီကိုး၊ ရန်ပယ်ချောင်း တစ်ဖက်ကမ်း ရောက်ကြပြီလား"

"မရောက်သေးပါ သခင်မ၊ တစ်ဖက်ကမ်းမှ ဆက်သားရဲ့ သတင်းပို့ချက် အရ ဒီနေ့ နေမဝင်မီ ရောက်နိုင်ဖွယ် ရှိကြောင်းပါ"

"ကောင်းပြီ။ အခုချက်ချင်း ပျူစစ်သည်တော်များကို တပ်လှန့် နှိုးဆော်စေ"ဟု အမိန့်တော် ချမှတ်ပြီးသည်နှင့် ဘုရင်မလည်း အတွင်းတော်သို့ ဝင်တော်မူသည်။

ဤတွင် ပန်ထွာပြည် ကွပ်ကဲ ကာကွယ်မှုဆိုင်ရာ မြို့တော်ဝန်၊ စစ်ဘက်ဆိုင်ရာ သေနာပတိကြီးများ၊ ဗျူဟာမှူးများ၊ ရန်ပယ်ရေတံခါးများ ဆိုင်ရာဝန်ကြီး၊ ကိုယ်ရံတော် တပ်မှူးကြီး စသူတို့ အားလုံး တာဝန် အသီးသီး ထမ်းဆောင်ရန် ခန်းမကြီးထဲမှ ထွက်ခွာ သွားကြသည်။

မကြာမီပင် စစ်တံပိုးသံများသည် ဗိသနိုးတစ်မြို့လုံး၊ ပန်ထွာပြည် တစ်ပြည်လုံးသို့ ပျံ့နှံ့သွားတော့၏။

အချိန်တို အတွင်းမှာပင် တိုက်ခိုက်နိုင်သူ မှန်သမျှ တာဝန်ကျ နေရာများတွင် လက်နက် ကိုယ်စီ၊ အားမာန် အပြည့်နှင့် အဆင်သင့် ဖြစ်နေကြပြီ။

သက်ကြီးရွယ်အိုများ၊ လူမမယ် ကလေးငယ်များသည် စစ်တံပိုး သံများကို ကြား ကတည်းက တုန်လှုပ်နေကြသည်။ လူမမယ် ကလေးငယ်များသည် အဘွားအို၊ အမေ အိုများ အနားကပ်ကာ တုတ်တုတ်မျှ မလှုပ်ဝံ့ကြ။ အဘွားအို အမေအိုတို့ကမူ ဘုရင်မ အတွက်၊ ပန်ထွာပြည် အတွက်၊ မိမိတို့လင်သား၊ မောင်ဘွားများ အတွက်၊ စစ်သည် တော်များ အတွက် တတွတ်တွတ် ဆုတောင်းနေကြသည်။

အပြင်ကိုယ်ရံတော် တပ်မှူးကြီးနန္ဒသည် ဘုရင်မ၏ လုံခြုံရေးအတွက် ရတက် မအေး သဖြင့် တောင်ဘက်မြို့ရိုးမှ နန်းတော်ဆီသို့ မြင်းကို အပြင်း နှင်လာသည်။ နန်း ရင်ပြင်ကို ရောက်တော့ မဟာအတုလ စည်တော်ဆောင် ရှေ့တွင် အတွင်းကိုယ်ရံတော် တပ်ဖွဲ့ကို တွေ့ရသည်။ တပ်မှူးကြီးသည် စည်တော်ဆောင် အတွင်းသို့ အသာ လှမ်းဝင် လိုက်၏။

ချပ်မိန်ညို ဝတ်ဆင်ထားသော ဘုရင်မသည် အတုလ စည်တော်ကြီးရှေ့တွင် ငြိမ်သက်စွာ ရပ်နေသည်ကို တွေ့ရသည်။ လက်ထဲတွင် "စည်တော်ထု" ကို ကိုင်ထား၏။ တန်ခိုး အင်အားနှင့် ပြည့်စုံ၍ စူးရှ တောက်ပြောင်သော မျက်လုံး အစုံသည် စည်တော်၏ မျက်နှာပြင်ကို စူးစိုက် ကြည့်နေသည်မှာ ကျောက်ရုပ်ထုအလား ထင်မှတ်မှားရသည်။

နန်းမြင့် မျှော်စင်ထက်မှ ယုဇနသည် တောင်ဘက်မြို့ ရိုးရှိ မျှော်ကြည့် စင်ထိပ်သို့ မမိုတ်မသုန် ကြည့်နေသည်။ မျှော်စင်ထက်တွင် လေတဟူးဟူး တိုက်နေသော်လည်း ယုဇန၏ နဖူးပြင်တွင် ချွေးတွေ စို့နေသည်။ လက်မှာလည်း ချွေးစေးတွေ ပျံနေသည်။ ရင်ထဲမှာလည်း တဒိတ်ဒိတ်။

နန်းမြင့်မျှော်စင်နှင့် ရန်ပယ်ချောင်းသည် အတော် အလှမ်းဝေးသည်။ နိုင်ငံတော်၏ တောင်ဘက်မြို့ရိုးနှင့် ရန်ပယ်ချောင်း၏ သည်မှာဘက် ကမ်းကြားတွင် သတိုးကန်ရွာ (ကုက္ကိုခွရွာ)၊ ချုပ်ကုန်းရွာ စသည်ဖြင့် ရွာများ ရှိသေးသည်။ ရန်ပယ်ချောင်း၏ ဟိုမှာဘက် ကမ်းသို့ သရေခေတ္တရာ တပ်များ ရောက်မရောက်ကို ယုဇန တာဝန်ကျသည့် နန်းမြင့် မျှော်စင်မှ မမြင်နိုင်ပေ။ ရန်သူ ရောက်မရောက်ကို တောင်မြို့ရိုးရှိ မျှော်ကြည့်စင်က အချက် ပေးမှသာလျှင် သိနိုင်သည်။ ထိုကြောင့် ယုဇနသည် မျက်တောင်ပင် မခတ်ရဲအောင် စောင့်ကြည့် နေရသည်။

စောင့်ရသူအဖို့ အချိန်သည် ကြာညောင်းလှ၏။ နေလုံးကြီးသည်ပင် အနောက် ဘက်၌ တဖြည်းဖြည်း နိမ့်ဆင်း လာနေပြီ။

ထိုခဏတွင် တောင်မြို့ရိုး မျှော်ကြည့်စင်မှ မီးမြား တစ်စင်းသည် ကောင်းကင် ထက်သို့ အရှိန်ဖြင့် တက်သွားသည်ကို ယုဇန မြင်လိုက်သည်။ နောက်တစ်စင်း၊ ပြီးတော့ နောက်တစ်စင်း။

ယုဇနသည် စည်တော်ဆောင်နှင့် ဆက်သွယ်ထားသော ကြိုးကို အကြိမ်ကြိမ် ကိုင်လှုပ် လိုက်လေသည်။ စည်တော်ဆောင် အတွင်း၌ ချိတ်ဆွဲ ထားသည့် ခေါင်းလောင်း ငယ် ကလေးများသည် တစ်ပြိုင်တည်း လှုပ်ခတ် သွားတော့သည်။

မဟာအတုလ စည်တော်ကြီး ရှေ့တွင် ကျောက်ရုပ်တု အလား ငြိမ်သက်စွာ ရပ်နေသော ဘုရင်မသည် ခေါင်းလောင်းသံများကို ကြားသည်နှင့် အသက်ဝင် လှုပ်ရှား လိုက်သည်။ စည်တော်ထုကို ကိုင်ထားသော လက်သည် မြောက်တက်လာပြီး စည်တော်၏

မျက်နှာပြင်ကို တစ်ချက်ချင်း ထုလိုက်သည်။ ဘုရင်မ၏ ယုံကြည်ချက်၊ ဘုရင်မ၏ ခွန်အားများ ပေါင်းစပ်ကာ ထုလိုက်သော စည်တော်သံသည် မိုးမြေတသိမ့်သိမ့် တုန်အောင် ဟိန်းပြီး မြည်းဟည်းသွားသည်။

မဟာအတုလ စည်တော်သံကြီးကို ကြားသည်နှင့် တပြိုင်နက် ရန်ပယ်ချောင်း ရေတံခါး မှူးများသည် ရေတံခါးများကို ဖွင့်ချလိုက်ကြသည်။

ချောင်းကို ဖြတ်ရန် ချောင်းတွင်းသို့ ဖြန့်ပြီး ဆင်းလာကြသော သရေခေတ္တရာ မြင်းတပ်၊ ခြေလျင်တပ်၊ ဆင်တပ်ကြီးများသည် ဆင်အုပ်ကြီးများ အော်ဟစ်ပြေးလာ သကဲ့သို့ အသံကြီးများကို ရုတ်တရက် ကြားလိုက် သဖြင့် ခေတ္တမျှ ကြောင်အမ်းသွား ကြသည်။ အသံကြီးများ ထွက်ပေါ်လာရာ ချောင်းများဆီသို့ လှမ်းကြည့်လိုက်ရာ၊ လှိုင်းလုံး ကြီးများ တရိုန်ထိုး လိမ့်ဆင်း လာသည်ကို မြင်လိုက်ကြသည်။ နောက်ပြန်လှည့်ရန် ကြိုးပမ်း ကြသော်လည်း အချိန်မမှီတော့ပြီ။

အရှိန်ပြင်းစွာ လိမ့်ဆင်း လာသော လှိုင်း လုံးကြီးများသည် ရန်ပယ်ချောင်း အတွင်းရှိ အရာ မှန်သမျှကို တိုက်စားဝါးမျို သွားတော့၏။ မြင်းများလန့်ပြီး၊ မတ်တတ် ရပ်လိုက် သဖြင့် မြင်းသည်တော်များ လွင့်စင်ကျသွားသည်။ လှိုင်းလုံးကြီးများ ဒဏ်ကို ဆင်တပ်ကြီးပင် ကြံ့ကြံ့မခံနိုင်။ ရေတွင် မျောပါ သွားကြသည်။ စစ်သည်တော်များ၏ ကယ်ပါယူပါ တစ်စာစာ အော်သံများ မြင်းဟီသံများသည် ရန်ပယ်ချောင်း၏ ဤမှာ ဘက်ကမ်းမှပင် ကြားနေရသည်။

သရေခေတ္တရာ တပ်ဦး၏ အခြေအနေကို မျက်ဝါးထင်ထင် တွေ့မြင်ကြရသော နောက် တပ်များသည် ချောင်းတွင်းသို့ မဆင်းတော့ဘဲ၊ တပ်ဆုပ်ရန် နောက်ကြောင်း ပြန်လှည့် ကြသည်။ သို့သော် ပုန်းလျှိုးနေသော ဗိသနိုးတပ်များက ဆီးပြီး တိုက်ခိုက် ကြသဖြင့် အငိုက် မိသွားကာ အလူးအလဲ ခံလိုက်ကြရသည်။

အမှောင်ထုသည် တဖြည်းဖြည်း သိပ်သည်းလာ၏။ စောစောက တိုက်သံ ခိုက်သံများလည်း မကြားရတော့ပြီ။ ရန်ပယ်ချောင်း အတွင်းမှ အော်ဟစ် သံများလည်း စဲသွားပြီ။ ရန်ပယ်ချောင်းကြီးသည် ယခင်က အတိုင်း ဖြည်းဖြည်းညင်သာ စီးမြဲစီးလျက်ပင်။

အရှက်ဦး အလင်းရောင်သည် ဗိသနီးမြို့ပေါ်သို့ ဖြန့်ကျက်စ ပြုပြီ။ ယမန်နေ့က လှုပ်လှုပ် ရှားရှား ပြေးပြေး လွှားလွှားနှင့် ပူပန် သောကရောက် နေကြသည့် ဗိသနီးသားများသည် ယနေ့မူ အေးချမ်းစွာ သွားလာ လှုပ်ရှားလျက် လုပ်ငန်းခွင် ဝင်နိုင်ကြပေပြီ။

ကိုယ်ရံတော် တပ်မှူးကြီး နန္ဒနှင့် ဗိုလ်ဇေယျတို့သည် ရန်ပယ်ချောင်း ကမ်းနဖူးပေါ်တွင် ရပ်လျက် ချောင်းရေပြင်ကို ငေးကြည့်နေကြသည်။

နံနက်ခင်း နေရောင်ခြည်သည် ရေပြင်ပေါ်သို့ ဖြာကျနေသည်။ ချောင်းရေသည် ယမန်နေ့ကလို ဒေါသ မကြီးတော့ပေ။ ညင်ညင် သာသာပင် စီးဆင်းနေ၏။ ချောင်းရေပြင်ကို ဖြတ်၍ တိုက်ခိုက်လာသော ရန်ပယ်လေညင်းသည် တပ်မှူးကြီးနန္ဒ၏ နှာဝကို တို့ထိ သွား၏။ ယခင်ကဆိုလျှင် သည်ကမ်း နဖူးပေါ်တွင် ရပ်ပြီး ရန်ပယ် လေညှင်းကို အားပါး တရ ရှူရှိုက်မြဲ ဖြစ်သည်။ ထိုစဉ်က ရန်ပယ် လေညှင်းသည် အေးမြသည်။ လတ်ဆတ်သည်။ သန့်စင်သည်။ ယခုမူ ထို့သို့ မဟုတ်တော့ပြီ။ ရန်ပယ် လေညှင်းထဲတွင် သွေးညှီနံ့များ နေသည်ဟု သူထင်သည်။ ထို့ကြောင့် ရန်ပယ်လေညှင်းကို အားပါးတရ မရှူဝံ့၊ စိတ်ထဲတွင် လည်း မသိုးမသန့် ဖြစ်နေသည်။

"မနေ့က သရေခေတ္တရာ တပ်သားတွေ အဖြစ်ကို စဉ်းစားမိတယ်။ ကျုပ်တို့ ရက်စက် လွန်းရာ မကျပေဘူးလား ဗိုလ်ဇေယျ" တပ်မှူးကြီးနန္ဒသည် တိုးသက်ညင်သာစွာ မေးလိုက်၏။ ဗိုလ်ဇေယျက ပြန်ဖြေသည်။

"ပန်ထွာပြည် ကာကွယ်ရေးအတွက် ဒီလောက်တော့ လုပ်ရမှာပဲ တပ်မှူးကြီး။ အထူးသဖြင့် ပန်ထွာဘုရင်မ အတွက်ပေါ့"

"မှန်ပါတယ်။ ပန်ထွာဘုရင်မ အတွက် ကျုပ်တို့ အစွမ်းကုန် ကာကွယ်ခဲ့ကြတယ်။ နောင်လည်း ကာကွယ်ကြရမှာပဲ။ ဘုရင်မသာ ဒွတ္တပေါင် လက်အောက် ကျရောက်သွားရင် ပန်ထွာပြည်၊ ဗိဿနိုးမြို့တော် ဆိုတာ ပျောက်ကွယ် သွားမှာပဲ။ ကျုပ်တို့ ဗိဿနိုး ဆိုတာလည်း ရှိတော့မှာ မဟုတ်ဘူး"

"ရန်ပယ်ချောင်း ရေသာ မကာယ်ရင် မတွေးဝံ့ စရာပါပဲ။ ကျွန်တော့် တပ်သား တွေကတော့ဗျာ သရေခေတ္တရာသား တစ်ယောက်တစ်လေမှ ဒီဘက်ကမ်း ရောက်မလာ ကြလို့ သူတို့ လက်စွမ်း မပြလိုက်ရတာ နာတယ်ဆိုပြီး တက် တခေါက်ခေါက်နဲ့ ဖြစ်နေ ကြတယ်" ဟု ဗိုလ်ဇေယျက ပြောပြနေသည်။

သို့သော်... သူတို့နှင့် ဝေးရာ၊ အလွန်ဝေးရာ ကမ်းစပ် တစ်နေရာတွင် သရေ ခေတ္တရာသား တစ်ယောက် ကမ်းတင်ကျန်ရစ် နေသည်ကို သူတို့ မသိလိုက်ကြပေ။

"ရှင်မရေ... လူလေး သတိရလာပြီဟေ့...ရေ မြန်မြန် ခပ်ခဲ့စမ်းပါ" ဟု အဘိုးအိုက လှမ်းပြောသည်။

"လာပါပြီတော့" ဟူသော အသံနှင့်အတူ အမျိုးသမီးကြီး တစ်ယောက် ရေတစ်ခွက်နှင့် ရောက်လာသည်။

အဘိုးအိုသည် ရေခွက်ကို လှမ်းယူပြီး သူ့နှုတ်ခမ်း ပေါ်သို့ ရေစိုရုံမျှ ခွက်ကို စောင်းပေးသည်။ သူသည် နှုတ်ခမ်းပေါ်မှ ရေကိုလျှာဖြင့် လိမ်းယူသည်။

အဘိုးအိုက ရေစက်ကျရုံမျှ ချပေးသည်။ နှုတ်မှလည်း 'အရင်မလိုနဲ့ လူကလေး၊ အဘ ဖြည်းဖြည်းချင်း ချပေးမယ်' ဟု ဆိုကာ တဖြည်းဖြည်း ချပေးသည်။ ရေခွက် တစ်ဝက် ခန့် ကုန်သွားသည့် အခါ အဘိုးအိုက ရပ်လိုက်ပြီး ရေခွက်ကို ဘေးမှာချထား လိုက်သည်။

သူသည် အာခေါင်တွေ ခြောက်ပြီး အငမ်းမရ ရေသောက်လိုသည့် အာသာဆန္ဒ ပြည့်သွား၏။ ခေါင်းထဲမှာလည်း အနည်းငယ် ကြည်လင်လာသည်။

"အဘ... ကျွန်တော်အခု ဘယ်ရောက် နေသလဲ" သူမေးလိုက်၏။

"လူလေး အခုရောက်နေတာ ရန်ပယ်ချောင်း ကမ်းပါးပေါ်က အဘရဲ့ တဲပေါ်မှာပေါ့။ ပန်ထွာပြည် အနောက်ဘက် မြို့ရိုးနားမှာလေ"

အဘိုးအို၏ စကားကို ကြားသည်နှင့် တိဿသည် 'ဟင်... မဖြစ်ဘူး မဖြစ်ဘူး' ဟု ဆိုကာ ရုန်းထသည်။ သို့သော် ဘယ်ဘက်ပခုံးမှာ စူးခနဲ နာကျင်လွန်းသဖြင့် မထနိုင်။

အဘိုးအိုကလည်း 'မထနဲ့ဦး လူလေး၊ ပခုံးမှာ ဒဏ်ရာရထားလို့ အဘ ဆေးစည်းပေးထားတယ်။ ဒီအတိုင်းပဲ လှဲနေ' ဟု ဆိုသည်။ သူသည် မျက်လုံးမှိတ်ကာ မှိန်းနေရင်း အိပ်ပျော် သွားသည်။ မည်မျှ ကြာသွားသည်မသိ။ စကားပြောသံများ ကြားသဖြင့် မျက်လုံးမှိတ်ထားရင် နားစွင့် လိုက်သည်။

"ဖြစ်ပါ့မလား ကိုရင် ကျုပ်တော့ ကြောက်တယ်။ တော်ကြာ မင်းပြစ်မင်းဒဏ် သင့်နေ ပါဦးမယ်တော်"

"ရန်သူ့ ဘက်တော်သားကို ကယ်တင် ထားတာမို့ အပြစ်ကြီးမှန်း ကျုပ်သိတယ်။ ဒါပေသိ ရေမျော ကမ်းတင်၊ အသက်မသေ သေးတဲ့ လူတစ်ယောက်ကို တွေ့တော့ ကျုပ်စိတ်ထဲ ရန်သူလို့ မမြင်ဘူး ရှင်မရေ။ လူသား တစ်ယောက်လို့ပဲ မြင်တယ်။ အသက်တစ်ချောင်း ကယ်ကောင်းတယ် တွေးပြီး ကျုပ် ခေါ်လာတာပဲ။ ဒီကိစ္စ ကျုပ်နဲ့ရှင်မနှစ်ယောက်တည်းပဲ သိတာ၊ ရှင်မ နှုတ်လုံဖို့ပဲ လိုတယ်။ ခြေရာ လက်ရာတွေလည်း ဖျောက်ထား ပြီမို့ သိပ်မကြောက်ပါနဲ့။ အဲ... တဲနီးချင်းတွေ တွေ့သွားတော့လည်း အောက်ပြည် အောက်ရွာက ကျုပ်တူသားလို့ ပြောလိုက်တာပေါ့"

"အင်းလေ... ဒီလိုပဲ ပြောရတော့မှာပေါ့"

အဘိုးအိုနှင့် အမယ်အိုတို့ တိုးတိုးလေး ပြောနေ ကြသော်လည်း သူကြားနေရသည်။ ဒဏ်ရာ မရှိသော လက်ဖြင့် သူ့ကိုယ်ကို စမ်းလိုက်သည်။ သူ့အဝတ်အစားများ

မပဟုတ်တော့။ အဘိုးအိုက အရပ်ဝတ် အရပ်စားများနှင့် လှဲလှယ် ပေးထားကြောင်း သိလိုက်သည်။ သူမျက်လုံး ဖွင့်ကြည့်လိုက်၏။ တဲကလေးအတွင်းမှာ အလင်းရောင် အတော်ပင် အားနည်း နေပြီ။ ပခုံးမှ ဒဏ်ရာသည် စောစောကလို စူးစူးရဲရဲ မနာတော့ပေ။ တော်တော်သက်သာ နေပြီ။ သူ ထထိုင်ရန် လူးလွန့်လိုက်၏။ သူ့ လှုပ်ရှားသံကြောင့် အဘိုးအိုက "လူလေး နိုးပြီလား" ဟုဆိုကာ ချက်ချင်း အနားရောက်လာသည်။ အဘိုးအိုက ကူညီပြီး ထူပေးသဖြင့် သူကောင်းစွာ ထိုင်နိုင်သည်။

သည်အချိန်မှာ အဘွားအိုသည် မြေပန်းကန်လုံး တစ်လုံးနှင့် သူတို့ အနား ရောက်လာသည်။ အငွေ့ တစ်ထောင်းထောင်း ထနေသော ဆန်ပြုတ် တစ်ပန်းကန်။ ဆန်ပြုတ် ပန်းကန်ကို မြင်တော့မှပင် ဆာရကောင်းမှန်း သိလာသည်။

အဘွားအိုက "ကဲ... ဆန်ပြုတ်ပူပူလေး သောက်လိုက်ဦး။ အားရှိသွားအောင်" ဟု ဆိုကာ ကမ်းပေးသည်။ အဘွားအို တိုက်ကျွေးသော ဆန်ပြုတ်သည် သူ့ တစ်သက်တာတွင် အရသာ အရှိဆုံးဖြစ်၏။

ခဏအကြာတွင် အဘွားအိုသည် မြေရေနွေး ကရားကြီး ယူလာပြီး မြေပန်းကန် ခပ် စောက်စောက်ထဲမှာ အခါးရည်ကို ငှဲ့ထည့်ပေးသည်။ သုံးယောက်သား အခါးရည် သောက်ကြသည်။ စကားတစ်ခွန်းမျှ မပြောကြ။ အဘိုးအိုသည် အခါးရည်ကုန် သည့်အခါ ထပ်ငှဲ့ထည့်ပြီး ယခုလို စကားစသည်။

"လူလေးက မျက်နှာစိမ်း ဆိုတော့ ဘယ်သူဘယ်ဝါဆိုတာ အဘတို့ကို ပြောပါဦး"

"အဘ မမေးခင်ကတည်းက ကျွန်တော် ပြောပြသင့်ပါတယ်။ တွေဝေနေလို့ ဖွင့် မပြော မိတာ ခွင့်လွှတ်ပါ အဘ။ ကျွန်တော်ဟာ သရေခေတ္တရာက ဆိုတာတော့ အဘသိပြီး သားပါ။ အတိအကျ ပြောရရင် သရေခေတ္တရာ မြင်းတပ်က မြင်းသည်တော် 'တိဿ' ပါ။ ရန်ပယ်ချောင်းကြီးရဲ့ ရေအဟုတ် ဒဏ်ကို ကျွန်တော်တို့ သရေခေတ္တရာ သားတွေ

အလူးအလဲ ခံကြရတာ အဘသိမှာပေါ့။ ကျွန်တော်ဖြင့် တစ်သက်နဲ့ တစ်ကိုယ် တစ်ခါမှ မကြုံ ဖူးဘူး အဘရာ"

"အေးကွဲ့ ဒီရန်ပယ်ချောင်းကြီးရဲ့ ရေအဟုန်ဒဏ်ကို ဘယ်သူမှ အံတုလို့ မရဘူး၊ လူလေးရဲ့ ကံကတော့ အင်မတန် ထူးခြားပေတာပဲ၊ အဲ...ပန်ထွာပြည်ရဲ့ ရန်သူ ဒွတ္တပေါင် မင်းရဲ့ ဘက်တော်သားကို အဘ ကယ်တင်ထားတာ အင်မတန် အပြစ် ကြီးလေးတယ်။ ဒါဖြင့် ဘာကြောင့် ကယ်တင် ထားသလဲ လူလေးသိလား"

"ဟင်အင်း... ကျွန်တော်မသိဘူး။ အံ့သြ နေတာတော့အမှန်ပဲ"

"ဟုတ်တယ်။ အံ့သြစရာပဲ။ လူလေးကို မြင်လိုက်တော့ အဘရင်ထဲမှာ လှိုက်ခနဲ ဖြစ်သွားတယ်။ ရန်သူ့ ဘက်တော်သားပဲ ရယ်လို့ သဘော မထားရက်ဘူး။ လျစ်လျူ မရှုရက်ဘူး။ ဘုရင်မ လက်ထဲ မအပ်ရက်ဘူး။ ငါ့သားလေးသာ ဆိုရင် ဆိုတဲ့ အတွေး ကလေး ဝင်လာပြီး လူလေးကို ထမ်းခဲ့တော့တာ။ တဲချင်းက အလှမ်းဝေးတော့ ဘယ်သူမှ မသိ လိုက်ကြဘူး။ အဲဒါ လူလေးရဲ့ ကံပဲ"

"ဟုတ်ပါတယ်၊ ကျွန်တော်မှာ အဘပေးတဲ့ အသက်ပဲ ရှိပါတော့တယ်။ ကြာကြာ နေရင် လူတွေ ရိပ်မိကုန်မှာစိုးတယ် အဘ။ ပြီးတော့လည်း ဆုတ်ခွာသွားတဲ့ သရေခေတ္တရာ တပ်တွေထဲမှာ ကျွန်တော် ပါမလာရင် အမေဝိုတော့မှာပဲ။ ပူပင်သောက ရောက်တော့မှာပဲ။ အမေ တစ်ခုခုဖြစ်မှာ ကျွန်တော် သိပ်စိုးရိမ်တယ်။ ဒါကြောင့် ကျွန်တော် နက်ဖြန်ပဲ ပြန်ပါ တော့မယ်"

အဘိုးအိုက ခေါင်းကို ညင်သာစွာရမ်းရင်း တွေးတွေးဆဆ ပြောလိုက်သည်။

"မဖြစ်သေးဘူး လူလေး။ မဖြစ်သေးဘူး။ ခုလောလောဆယ် ပန်ထွာတပ်တွေက သရေခေတ္တရာသား တွေကို တောနင်းပြီး ရှာနေတာ။ လူလေး ပြေးမလွတ်နိုင်ဘူး။ ပြီတော့

ဒီလောက် ဝေးလံတဲ့ ခရီးကို ဒီဒဏ်ရာ အနာတရကြီးနဲ့ သွားလို့ ဘယ်ဖြစ်မလဲ။ ဒဏ်ရာ ပျောက်အောင်တော့ နေလိုက်ပါဦး"

အဘိုးအို အကြောင်းပြချက် မှန်ပါသည်။ ယခုလို အချိန်တွင် မျက်နှာစိမ်း ဒဏ်ရာ အနာတရနှင့် လူတစ်ယောက်ကို သံသယမရှိဘဲ နေမည်မဟုတ်ပါ။ ထို့ကြောင့် အဘိုးအို စကားကို နာခံလိုက်သည်။

တိဿသည် အဘိုးအို စိုက်ခင်းထဲ ဆင်းလျှင် အတူ လိုက်သွားသည်။ အဘိုးအို တားမြစ် နေသည့် ကြားမှပင် ဝင်ရောက် ကူညီသည်။ အဘွားအိုရဲ့ မီးဖိုချောင် ကိစ္စများကို လည်း ကူညီ လုပ်ကိုင်ပေးသည်။ သည်နည်းဖြင့် အဘိုးအို မောင်နှံတို့၏ ချစ်ခင်မှု၊ ယုံကြည်မှုကို အရယူခဲ့သည်။

ပခုံးမှ ဒဏ်ရာလည်း ပျောက်ကင်းသွားပြီ။ သည်အချိန်မှာ အဘိုးအိုနှင့်အတူ ရွာစဉ် လိုက်ပြီး ခြံထွက် သီးနှံများကို ကူညီ ရောင်းချပေးသည်။ သည်လို သွားရင်းလာရင်း ပန်ထွာပြည် အကြောင်း တစ်စေ့တစ်စောင်း မေးမြန်း စုံစမ်းသည်။ မေးပါများတော့ စကားရ ရှိသည်။ သူသိခဲ့သည့် သတင်းများမှာ သရေခေတ္တရာ ဘုရင်ဒွတ္တပေါင် မင်းကြီးအတွက် အဖိုးမဖြတ် နိုင်သော သတင်းများဖြစ်၏။ သရေခေတ္တရာသို့ ပြန်ရန် အချိန်တန်ပြီ။

ကျောခိုင်း ထွက်ခွာသွားသော တိဿကို ငေးကြည့်ရင်း အဘိုးအိုမောင်နှံ တို့မှာ မျက်ရည် စမ်းစမ်းနှင့် လွမ်းလိုက်ကြသေး၏။ သို့သော် တိဿဆိုသည့် ခြေနှစ်ချောင်းနှင့် နစ်ရှက်တိုကို ကယ်တင် မိသဖြင့် ပန်ထွာပြည်ကြီး အန္တရာယ်ဆိုးနှင့် ကြုံတွေ့ ရတော့ မည်ကို မူကား ရိုးသားလှသော အဘိုးအို မောင်နှံတို့ မသိရှိခဲ့ကြလေ။

"ဟာ… တိဿ… မင်း မသေဘူးနော်"

အပေါင်းအသင်း ရောင်းရင်းများက ဝမ်းသာအားရ နှုတ်ဆက်ကြသည်။ တိဿက ပြန်လည် ဖြေကြားသည်။ သို့သော် စကားတန် မရှည်ပဲ့ သေးပေ။ ရန်ပယ်ချောင်း

ကမ်းပါတွင် ခေတ္တ နားခိုခဲ့စဉ်က သိရှိခဲ့သည့် 'ပန်ထွာပြည်၏ လျှို့ဝှက်ချက်'ကို ဒွတ္တပေါင် မင်းကြီးထံ တင်လျှောက်ရန် အရေးကြီးနေသည်။ မိခင်အိုကြီးထံ ဦးစွာ သွားရောက်လိုသည့် ဆန္ဒကိုပင် အတင်းချိုးနှိမ်ကာ နန်းတွင်းသို့ အရင် ဝင်ရောက်ခဲ့သည်။

သူရောက်တော့ နံနက် ညီလာခံပင် စဲတော့မည်။ သံတော်ဆင့်၏ လျှောက်တင်ပေးချက် အရ ယခု သူသည် ဘုရင့် ရှေ့တော်မှောက်သို့ အခစား ရောက်နေရပြီ။ မင်းကြီးနှင့် တကွ ပရိသတ် အားလုံးပင် ဝမ်းပန်းတသာ နှုတ်ဆက်ကြသည်။ မေးကြမြန်းကြသည်။ အထူးသဖြင့် ပဋ္ဌင်းဖြူ ပဋ္ဌင်းညို တို့သည် အသက်မသေ ပြန်ရောက်လာသော တိဿကို အံ့သြဝမ်းသာ ဆီးကြို မေးမြန်းကြသည်။

တိဿက ရန်ပယ်ချောင်း ကမ်းပါးနေ အဘိုးအို၊ အဘွားအို လင်မယားသူ့ကို ကယ်တင် ခဲ့သည်မှအစ သရေခေတ္တရာသို့ ရောက်လာသည်အထိ ဖြစ်ကြောင်း ကုန်စင်ကို ဘုရင်မင်းမြတ်အား တင်လျှောက်သည်။ နောက်ဆုံးတွင် တိဿက မင်းကြီးနှင့် ပဋ္ဌင်းဖြူ ပဋ္ဌင်းညိုတို့ သုံးဦးကိုသာ သိစေလိုသည် သတင်းတစ်ရပ် လျှောက်ထား လိုပါကြောင်း တင်ပြသည်။

သို့ဖြင့် ညီလာခံ စဲလိုက်သည်။ ပဋ္ဌင်းဖြူ ပဋ္ဌင်းညိုတို့မှ လွဲ၍ ကျန်ပရိသတ်များ အားလုံးကို အိမ်သို့ ပြန်စေသည်။

ညီလာခံ ခန်းမကြီးတံခါး ပြန်ပိတ်သွားပြီ။ ဘုရင်မင်းမြတ်၊ ပဋ္ဌင်းဖြူ ပဋ္ဌင်းညို သုံးဦးသာ ကျန်ရစ်သည်။ သည်တော့မှ တိဿက သူရရှိခဲ့သည့် သတင်းကို လျှောက်တင်သည်။

"မှန်လှပါ။ ဘုန်းတော် အလွန်တရာ ကြီးမြတ်တော်မူသော မင်းကြီးဘုရား။ ပန်ထွာ ဘုရင်မရဲ့ မဟာအတုလ စည်တော်ကြီး တန်းခိုးကြောင့် ရန်ပယ်ချောင်း ရေလျှံတယ် ဆိုတာ လုံးဝ မဟုတ်ပါ။ မမှန်ပါဘုရား အမှန်စင်စစ် ရန်ပယ်ချောင်းမှာ ရေလှောင်ကန်များဖြင့် ရေများ သိုမှီး ထားပါတယ် ဘုရား။ မဟာအတုလ စည်တော်ကြီး

တီးခတ်သံကို ကြားသည် နှင့် ရေတံခါး အသီးသီးကို ဖွင့်ချ လိုက်ခြင်းကြောင့် ရေများ အလုံးအရင်းဖြင့် စီးဆင်း လာခြင်းသာ ဖြစ်ပါကြောင်း လျှောက်တင်ပါတယ် ဘုရား”

ဒွတ္တပေါင် မင်းကြီးသည် တိဿ၏ လျှောက်တင်ချက်ကို များစွာ ကျေနပ်တော်မူသဖြင့် ဆုတော် လာဘ်တော်များ ပေးသနားတော် မူလိုက်၏။ သည့်သတင်း ပြင်ပသို့ မပေါက် ကြားစေရန်လည်း မင်းကြီးက တင်းကြပ်စွာ အမိန့်ပေးသည်။ တိဿ ခန်းမကြီး ပြင်ဘက်သို့ ထွက်သွားပြီးနောက် ဘုရင်မင်းကြီး ပဋ္ဌင်းဖြူ၊ ပဋ္ဌင်းညိုတို့ သုံးပွင့်ဆိုင် ဆွေးနွေး ကြပြန်သည်။

ပန်ထွာပြည်ကို သိမ်းပိုက် နိုင်ရေးအတွက် ပဋ္ဌင်းဖြူ၊ ပဋ္ဌင်းညိုတို့၏ အကြံပေး တင်ပြချက်ကို မင်းကြီး လက်ခံတော်မူသည်။ ရှေ့လုပ်ဆောင်မည့် လျှို့ဝှက် အစီအစဉ်ကို ညှိနှိုင်း ဆုံးဖြတ်ကြပြီးနောက် မင်းကြီးလည်း အတွင်းတော်သို့ ဝင်တော်မူသည်။

ပဋ္ဌင်းဖြူနှင့် ပဋ္ဌင်းညိုတို့သည် ပန်ထွာပြည်ကြီးကို ပြာကျစေမည့် လျှို့ဝှက် အစီအစဉ်ကို အားရကျေနပ် ဖြစ်ကာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ပြုံးလိုက် ကြလေတော့သည်။

## အခန်း(၁၆)

## မဟာအတုလစည်တော်ကြီး၏ အနာဂတ်ကြမ္မာ

မိုးရာသီ ကုန်ဆုံး၍ ဆောင်းဦး ရာသီသို့ ဝင်ရောက်စ ပြုပြီ။ ကျောင်းသခ်မ်း၏ စည်းရိုး ပေါ်တွင် နွယ်တက်လျက် ရှိသော ခဝဲပင်များတွင် သင်းရံ့ကြူရှံ့မျှ မွှေးသောခဝဲ ပန်းဝါဝါ ကလေးများ ပွင့်လျက်ရှိသည်။

ဘရသေ့ကြီးသည် ကျောင်းသခ်မ်း ပြတင်းမှ အပြင်ဘက်သို့ လှမ်းကြည့် လိုက်သည်။ မျက်စိက မှုန်သဖြင့် နှင်းမှုံများ လွှမ်းခြုံ ထားသည့် လူသွားလမ်းကလေး ပေါ်တွင် လှုပ်ရှားနေသည့် သင်္ကန်းများကိုမူ ခပ်ရေးရေး မြင်မိသည်။

စောစောစီးစီး ဘယ်သူတွေပါလိမ့်။ ဒေသခံတွေ ဆိုလျှင် အများအားဖြင့် နွားလှည်းနှင့် လာလေ့ ရှိကြသည်။ ကြည့်နေရင်း ကျောင်းသင်္ခမ်းနှင့် နီးကပ်လာရာ ကောင်းစွာ မြင်ရသည်။

ဦးပြည်းရိတ်ကာ ဝါညိုသော ဖန်ရည်ဆိုး သင်္ကန်းကို ဝတ်ရုံ ထားသည့် ရဟန်း တစ်ပါး။ မျက်လွှာချကာ ခြေလှမ်း အစိပ်အကျဲညီညီ လှမ်းလာသည်။ ရဟန်း၏ မျက်နှာမှာ တည်ငြိမ် အေးချမ်းလျက် ရှိသည်။ ရဟန်း၏ နောက်ပါးတွင် ခပ်ရို့ရို့ လိုက်လာသော အမျိုးသား နှစ်ယောက်။ အထုပ်အပိုး ကိုယ်စီနှင့်မို့ ခရီးသွားဖြစ်မည်ဟု ဘရသေ့ကြီးက ခန့်မှန်း လိုက်သည်။

ရဟန်းနှင့်နောက်ပါ နှစ်ယောက်တို့သည် ကျောင်းသင်္ခမ်း ပုရဝုဏ် အဝင်ဝ၌ ခေတ္တရပ်ကာ ကျောင်းပေါ်သို့ လှမ်းမျှော် ကြည့်ကြသည်။ ထိုစဉ် ကျောင်းသင်္ခမ်း အောက်ထပ်မှ ကပ္ပိယကြီး ထွက်လာပြီး အဝင်ဝသို့ သွားသည်။ အမျိုးသား နှစ်ယောက်နှင့် တစ်စုံတစ်ရာ ပြောဆိုသည်။ ပြီးလျှင် ရဟန်းနှင့် အမျိုးသား နှစ်ယောက်ကို ဘရသေ့ကြီး ထံသို့ ခေါ်ဆောင်လာ သည်။

ဘရသေ့ကြီးသည် ပြတင်းဝမှ ခွာကာ ကျောင်းလှေကား ဆီသို့ လာပြီး အာဂန္တု များကို ခရီးဦးကြိုသည်။ နေရာထိုင်ခင်း ပေးပြီးနောက် ဘရသေ့ကြီးက ယခုလို မေးတော် မူသည်။

“အရှင်ရဟန်း မည်သည့်ဒေသက ကြွလာပါသလဲ”

“သုဝဏ္ဏဘူမိမှ လာခဲ့တယ် ရှင်ရသေ့ကြီး”

“ဗုဒ္ဓသာသနာတော် အလွန်ထွန်းကားတဲ့ သုဝဏ္ဏဘူမိတိုင်းက ပေကိုး”

"မှန်ပါတယ် ရှင်ရသေ့ကြီး၊ အရှင်မောဂ္ဂလိပုတ္တတိဿရဲ့ တပည့်များ ဖြစ်ကြတဲ့ ရှင်သောဏနဲ့ ရှင်ဥတ္တရ ထေရ်မြတ်တို့ရဲ့ အဆက်အနွယ်တွေဟာ သုဝဏ္ဏဘူမိမှာ ယခုထိ ထင်ရှားတုန်းပါပဲ"

ဘရသေ့ကြီးက သိလိုသမျှကို မေးမြန်းသည်။

"ရှင်ရဟန်းရဲ့ ဘွဲ့မည်ဘယ်လို ခေါ်ပါသလဲ။ ဘယ်ဒေသကို ကြွမလို့ပါလဲ"

"ကျုပ်ရဲ့ဘွဲ့မည်က တိဿလို့ခေါ်ပါတယ်။ ရှင်တိဿပေါ့။ ပန်ထွာပြည် ဗိဿနိုးမြို့ တော်ကိုသာ ဦးတည်လာခဲ့တယ်"

"သည်မျှ ဝေးလံသည့် အရပ်က ကြွလာခဲ့တာ ဘယ်လို အကြောင်းကြောင့်ပါလဲ"

"ရှင်ရသေ့ကြီး၊ ပန်ထွာပြည်ကြီးမှာ သာသနာပြုလို၍ ကြွလာခဲ့တယ်။ သူတော်စင် ရှင်ရသေ့၊ မြန်မာနိုင်ငံကို မြတ်စွာဘုရားရဲ့ သာသနာတော်ဟာ သုံးကြောင်းသုံးသွယ် ရောက်လာ ခဲ့တယ်။ ယောနက ဓမ္မရက္ခိတမထေရ်က အပရန္တတိုင်း (သုနာပရန္တတိုင်း) မဟာရက္ခိတမထေရ်က ယောနကတိုင်း၊ သောဏမထေရ်နဲ့ ဥတ္တရမထေရ်တို့က သုဝဏ္ဏ ဘူမိတိုင်းတို့ကို သာသနာပြု ရောက်ခဲ့တယ်။ ယောနကဓမ္မရက္ခိတမထေရ်ရဲ့ ဆရာတပည့် အဆက်အနွယ်နဲ့ ဓမ္မရက္ခိတမထေရ်ရဲ့ ဆရာတပည့် အဆက်အနွယ်တွေဟာ မထင် ရှားတော့ ပါဘူး။ ကျုပ်တို့ရဲ့ သုဝဏ္ဏဘူမိရောက် ရှင်သောဏနဲ့ ရှင်ဥတ္တရမထေရ်တို့ရဲ့ အဆက်အနွယ်တွေကတော့ ခုထိ ထင်ရှားတုန်းပါပဲ။ ဒါကြောင့်လည်း သုဝဏ္ဏဘူမိမှာ ဗုဒ္ဓ သာသနာတော်ဟာ နေရောင်ကဲ့သို့ ထွန်းတောက်လျက် ရှိပေတယ်။ ပန်ထွာပြည်ကြီးဟာ ဗုဒ္ဓဘာသာ နိုင်ငံပင် ဖြစ်သော်ငြား ဗြဟ္မာဏဘာသာ အငွေ့ အသက်များ ရောယှက် နေတာကြောင့် ဗုဒ္ဓသာသနာတော် ရောင်ဝါ မထွန်းပနိုင် ဖြစ်နေပေတယ်။ ဒါကြောင့် ဗုဒ္ဓ သာသနာတော် ပိုမို ထွန်းကားရေကို ရှေးရှုပြီး လာခဲ့ခြင်းဖြစ်ပေတယ်"

ဘရသေ့ကြီးသည် ဓမ္မဒူတအရှင်တိဿ၏ စကားကို ကြားရသောအခါ များစွာ ကျေနပ် သွား၏ နှလုံးစိတ်ဝမ်း ကြည်နူး ချမ်းမြေ့ သွား၏။

ရဟန်းက ဆက်လက်၍ ပြောသည်။

"ရှင်ရသေ့ကြီးဟာ မြင့်မြတ်သော သူတော်စင် ဖြစ်တယ်။ ပန်ထွာ ပြည်သူ ပြည်သားတို့ အားထားရာ ကိုးကွယ်ရာ ဖြစ်တယ်။ ပြည်သူပြည်သားများ လိမ္မာရေးခြား ရှိအောင် အသိဉာဏ် ပေးတတ်တယ်။ ပြည်သူပြည်သားများ ကုသိုလ်မျိုးစေ့ စိုက်ပျိုး ကြဲချရာ လယ်ယာမြေကောင်း သဖွယ်လည်း ဖြစ်ပေတယ်။ ဒါကြောင့် ရှင်ရသေ့ကြီးရဲ့ အရိပ် အာဝါသကို ခိုလှုံပြီး ပြုဖွယ်ကိစ္စ မှန်သမျှကို လုပ်ဆောင်နိုင်ဖို့ ဤကျောင်းသင်္ခမ်းမှာ တည်းခိုခွင့် ပြုပါ"

ရဟန်းသည် ဘရသေ့ကြီးထံ တည်းခိုခွင့် တောင်းခံပြီးနောက် မျက်လွှာချကာ ငြိမ်သက်စွာ နေတော်မူသည်။

ဘရသေ့ကြီးသည် ထိုရဟန်းကျောင်း ပုရဝုဏ် အတွင်းသို့ ဝင်လာစဉ်က စက္ခုန္ဒြေ ချကာ၊ ယိမ်းယိုင် ဖောက်ပြန်ခြင်း မရှိ တည်ငြိမ်စွာ လျှောက်လှမ်းပုံကို တွေ့မြင်စဉ်ကပင် ကြည်ညိုဖွယ် ကောင်းလေစွဟု ထင်မှတ်ပြီး ဖြစ်၏။ ယခု ပန်ထွာပြည်၏ ဗုဒ္ဓသာသနာတော် ပိုမို ထွန်းတောက် စေရန် သာသနာ ပြုဦးမည် ဆိုသောအခါ ပို၍ပို၍ ကြည်ညို သဒ္ဓါ ပွားသွား၏။ ထို့ကြောင့် မိမိ၏ ကျောင်းသင်္ခမ်းတွင် ကြိုက်နှစ်သက်သမျှ ကာလပတ်လုံး တည်းခိုရန် ခွင့်ပြု လိုက်လေသည်။

အာဂန္တုရဟန်းသည် ထိုနေ့မှစ၍ နေ့စဉ် ဗိဿနိုးမြို့ တွင်းသို့ ဆွမ်းခံ ကြွတော်မူသည်။ ဤသို့ ကြွရာ၌လည်း တစ်ကြောင်း တည်းသော လမ်းဖြင့်မသွား။ အကြောင်း ကြောင်းသော လမ်းဖြင့် နေရာအနှံ့သို့ ဆွမ်းခံ ကြွတော်မူသည်။ ကျောင်းသင်္ခမ်းတွင် ဆွမ်း၊ ကွမ်း ပြည့်စုံစွာ ရှိသဖြင့် ဆွမ်းခံကြွရန် မလိုအပ်ကြောင်း ဘရသေ့ကြီးက ပြောသော်လည်း လက်မခံပါ။ ကောင်းဆိုးယုတ်မြတ် ရတတ်သမျှသော ခံဆွမ်းဖြင့်သာ ရောင့်ရဲသည်။

သုဝဏ္ဏ ဘူမိရဟန်းသည် ဆွမ်းခံ ကြွသည့်အခါ တည်ငြိမ်စွာ လှမ်းကြွသည်။ ကြည်ညိုဖွယ် အသွင်သဏ္ဌာန်ကို မြင်တွေ့ ကြရသော ဗိသနိုးပျူတို့သည် ဆည်းကပ် ကိုးကွယ် ကြကုန်၏။ စေတနာ သဒ္ဓါတရား ထက်သန်စွာ လှူဒါန်းကြကုန်၏။

ရဟန်းတော်ကလည်း ကုသိုလ်ကောင်းမှု ပွားများသည်ထက် ပွားများအောင် အလျဉ် သင့်တိုင်း တရားဟောကြား၏။

"ကုသိုလ်ကောင်းမှု တစ်ခုခုကိုမျှ မပြုလုပ်မိရင် တစ်နေ့ကျတော့ ငါ တတ်နိုင် ပါလျက် သားနှင့် မပြုမိလေခြင်းလို့ နောင်တ တစ်ဖန် ပူပန်ပေလိမ့်မယ်။ ဒီစိတ်နဲ့သေရင် အပါယ် ငရဲ မြဲတယ်။ နောက်တစ်ချက် လူသူတော်ကောင်းတွေက အလကားလူလို့ ကဲ့ရဲ့ ရှုတ်ချ ကြပေလိမ့်မယ်။ ဒီလိုကဲ့ရဲ့ ရှုတ်ချရဖန်များ လာတဲ့အခါ သူတော်ကောင်းတွေ အလယ်မှာ လူရာမဝင် ဖြစ်ပေတော့မယ်"

သည်လို တရားများကို နာကြား ကြရသည့်အခါ ရဟန်းတော်နှင့် ဗိသနိုးပျူ အတော်များများ ရင်းနှီး ခင်မင်လာကြသည်။

ရဟန်တော်သည် ဆွမ်းခံချိန်၊ ဆွမ်းစားချိန် များမှ အပ ကျန်အချိန်များတွင် ကျောင်းသင်္ခမ်းရှိ ဘုရားဆောင် အတွင်း၌ တရားထိုင်သည်။

သီတင်းနေ့တိုင်းမှ ညနေ မှောင်ရီ သန်းလာသည်နှင့် ရွှေရောင်တော် ဘုရားသို့ ကြွသွားသည်။ တပည့်ကပ္ပိယ နှစ်ဦးလည်း ပါသည်။

သည်လို ညဦးပိုင်းတွင် ရွှေရောင်တော်ဘုရားသို့ ဘုရားဖူး လာကြသူများသည် ရဟန်းတော်ကိုလည်း ဦးခိုက် ကန်တော့ကြသည်။ ရင်းနှီးပြီးသော ဗိသနိုးသူ ဗိသနိုး သားများ ဆိုလျှင် ရှိခိုးဦးခိုက်ပြီး အာလာပသလ္လာပများပင် ပြောနေတတ်ကြသည်။

ဘုရား ရင်ပြင်ပေါ်တွင် ဘုရားဖူးများ ရှင်းသလောက် ရှိပြီဆိုလျှင် မျက်နှာစိမ်း အမျိုးသားနှစ်ဦး ရောက်လာပြီး။ ရဟန်းတော်၊ ကိပ္ပိယနှစ်ဦးနှင့် ထိုသူနှစ်ဦးပေါင်း ငါးဦး

တို့သည် တစ်စုံတစ်ရာကို ဆွေးနွေး တိုင်ပင်မြဲ ဖြစ်၏။ ဤသည်ကို ဘုရားဖူးအချို့ တွေ့ကြသော်လည်း မည်သို့မျှ သံသယ မဝင်ပေ။ တရားစကား ဆွေးနွေး ကြသည်ဟုသာ ထင်မှတ် ကြသည်။ ထိုမျက်နှာစိမ်း နှစ်ယောက်သည် သီတင်း နေ့တိုင်း ရဟန်းတော်နှင့် လာရောက် တွေ့ဆုံမြဲ ဖြစ်သည်ကိုလည်း မည်သူမျှ မသိရှိကြပေ။

သူတို့ မည်သူတွေနည်း။

ဘာတွေ ဆွေးနွေး တိုင်ပင် ကြသနည်း။

အရက်တက် ပေတော့မည်။ နံနက် အရက်ဆွမ်းကပ်ရန် ပြင်ဆင်နေသော ကပ္ပိယကြီး ဦးဝေဠုသည် မကြာခဏ ကျောင်းဝင်းဝသို့ လှမ်းမျှော်ကြည့်သည်။ သူ့မျက်နှာပေါ်တွင် တစ်စုံတစ်ရာအတွက် စိုးရိမ် ပူပန်နေသည့် သောကရိပ်ကို မြင်နေရသည်။ နှုတ်မှလည်း ဘာကြောင့် ခုထိ မရောက် သေးပါလိမ့်ဟု တတွတ်တွတ် ရွတ်နေသည်။ မကြာခင်မှာပင် လူတစ်ယောက် သုတ်သုတ်၊ သုတ်သုတ်နှင့် ကျောင်းသင်္ခမ်းသို့ ရောက်လာသည်။

"ဟင်... နွားနို့ မပါဘူးလား၊ ဘယ်လိုဖြစ်တာလဲ" ဟု ကပ္ပိယကြီးက မေးလိုက်သည်။

"ပြော... မပြေချင်ပါဘူး ဦးဝေဠုရာ၊ အရက်အမှီ နွားနို့ ညှစ်မယ် လုပ်တော့ ကျုပ်ရဲ့ နို့စား နွားမကြီး မရှိတော့ဘူး။ အနီးအနားမှာ ရှာတော့လည်း မတွေ့ဘူးဗျ။ နွားခြံ မဖွင့်ဘဲ ပျောက်သွားလို့ အံ့သြလိုက် တာဗျာ" ဟု မျက်စီပျက် မျက်နှာပျက်နှင့် ပြောသည်။

"နွားပျောက် သွားမှတော့ ဘယ်တတ် နိုင်မလဲဗျ၊ နို့ယာဂု ဆွမ်းကပ် နေကျမို့သာ မျှော်ရတာ။ ရိုးရိုး ယာဂုဆွမ်း ငါးခြောက်ဖုတ် ဆီဆမ်းလေးနဲ့ ကပ်လည်း ဖြစ်ပါတယ်။ ဘရသေ့ကြီးကိုတော့ အကျိုးအကြောင်း လျှောက်တင် လိုက်ပါဦး" ဟု ကပ္ပိယကြီးက ပြောကာ ဆွမ်းပွဲကို အမြန်ပြင်ဆင်လျက် အရက်ဆွမ်း ဆက်ကပ်သည်။

နွားနို့ ဒါယကာက ဘရသေ့ကြီးကို အကျိုးအကြောင်း လျှောက်ထားသည်။

"အိမ်း...ညက သန်းခေါင်ကျော်လောက်က ခွေးတွေ အူတာနဲ့ ကျုပ်ထ ကြည့်သေးတယ်။ လမိုက်ရက်ကလည်းဖြစ်၊ မျက်စိကလည်း မွဲတော့ ဘာမှ မတွေ့ရဘူး။ ခုလိုမျိုး ပျောက်တယ်၊ ရှုတယ်ဆိုတာ ပန်ထွာပြည်၊ ဗိသနိုးမြို့မှာ အရင်က မရှိခဲ့ဖူးပါဘူး။ အတော်တော့ ထူးဆန်းနေတာပဲ" ဟု ဘရသေ့ကြီးက စဉ်းစဉ်းစားစား ပြောသည်။

နွားပိုင်ရှင်က "တပည့်တော်လည်း ဒါကြောင့် အံ့သြနေပါတယ် ဘရသေ့ဘုရား "ဟု တင်လျှောက်သည်။

ဤတွင် အာဂန္တုကပုဂ္ဂိုလ် တစ်ယောက်က 'ဒီအတွက်တော့ မပူပါလေနဲ့၊ ကျုပ်တို့ ဆရာ အရှင်တိဿက ပစ္စည်းပျောက်တွေ ပြန်ရအောင် လုပ်ပေးရမှာ အလွန်စွမ်းသဗျ' ဟု နွားပိုင်ရှင်ကို ပြောလိုက်သည်။

နွားပိုင်ရှင်၏ မျက်နှာသည် ချက်ချင်း ကြည်လင်သွားပြီး လက်အုပ်ချီကာ တင်လျှောက်သည်။

"တပည့်တော် အားကိုးရပါစေဘုရား၊ တပည့်တော်ရဲ့ နွားမကြီး အခု ဘယ်မှာ ရှိတယ် ဆိုတာ တွက်ချက် ပေးပါဘုရား"

အာရဏ္ဏ ရဟန်း အရှင်တိဿက "ဒီအတွက်တော့ မစိုးရိမ်နဲ့ ဒကာကြီး ကျုပ်နဲ့ တွေ့လို့ကတော့ ဒကာကြီးရဲ့နွား ပြန်ရပြီသာ မှတ်ပေတော့" ဟု ရဲရဲကြီး အာမခံလိုက်သည်။

ယာဂုဆွမ်း ဘုဉ်းပေး ပြီးလေပြီ။ အာဂန္တု ရဟန်းတော်သည် လက်နှစ်ဖက်ကို စင်ကြယ်အောင် ဆေးသည်။ ဘုရားစင်ရှေ့တွင် ထိုင်ကာ ဘုရားရှိခိုးသည်။ ပြီးလျှင် ထက်ဝယ် ဖွဲ့ခွေလျက်၊ မျက်လုံးအစုံကို အသာမှိတ်ကာ ငြိမ်သက်စွာ ထိုင်နေတော် မူသည်။ ဘရသေ့ကြီးမှ စ၍ ကျောင်းသခ်မ်းရှိ လူအားလုံး ရဟန်း အပေါ်တွင်သာ အာရုံစူးစိုက်လျက် ကြည့်နေကြသည်။ ရင်ထဲမှာလည်း ယုံကြည်ချက်၊ မျှော်လင့်ချက် အပြည့်နှင့်။

ခေတ္တမျှ အကြာတွင် ရဟန်းတော်သည် မျက်လုံး မှိတ်ထားလျက်မှပင် ယခုလို မိန့်ကြားသည်။

"အင်း...ဒကာကြီးရဲ့ နွားမကြီးမှာ ဘာအန္တရာယ်မှ မရှိပါဘူး၊ ရွှေရောင်တော် ဘုရားရဲ့ အရှေ့ မြောက်ဘက်မှာ ရှာလေ၊ မုချတွေ့ရမယ်"

နွားပိုင်ရှင် ဒကာလည်း ဝမ်းသာအားရဖြင့် 'တင်ပ့ါဘုရား၊ တင့်ပ့ါဘုရားဟု' ဟုဆိုကာ ဦးသုံးကြိမ် ချလျက် ကျောင်းသခ်မ်း ပေါ်မှ ကတိုက်ကရိုက် ဆင်းသွား၏။ အမှန် တကယ်ပင် ရဟန်းတော် ဟောလိုက်သည့် အတိုင်း ပန်ထွာဘုရင်မ တည်ထား ကိုးကွယ်သော ရွှေရောင်တော် ဘုရား အရှေ့မြောက်ဘက်ရှိ တောအုပ်ငယ် အစပ်တွင် နွားကို ပြန်တွေ့ ရသည်။ ထိုသတင်းသည် ဗိဿနိုး တစ်မြို့လုံးသို့ ပျံ့နှံ့သွားတော့၏။ ဒကာ၊ ဒကာမများလည်း ပိုမိုကြည်ညို သဒ္ဓါပွားကာ ဆည်းကပ် ကိုးကွယ်လာကြကုန်၏။

သည်လိုနှင့် လခြားခန့်၊ လဝက်ခန့် အကြာတွင် ကျွဲ၊ နွား၊ မြင်း စသည်တို့ ပျောက်ကြ ပြန်၏။ ယုတ်စွအဆုံး ကြက်၊ ငှက်၊ ဘဲ စသည်တို့ပါ ပျောက်ကြ၏။ ပျောက်ကြ တိုင်းလည်း အာဂန္တုရဟန်း အရှင်တိဿထံ လာရောက်မေးမြန်း ကြသဖြင့် ဘရသေ့ကြီး၏ ကျောင်းသခ်မ်းမှာ စည်ကား နေတော့သည်။

ဗိဿနိုး ပျူအချင်းချင်း တွေ့ကြလျှင် 'ကြားပြီပလား၊ ဘရသေ့ကြီးရဲ့ကျောင်းမှာ တည်းခို နေတဲ့ သုဝဏ္ဏဘူမိက ရဟန်းတစ်ပါး အကြောင်းလေ။ ကျွဲပျောက်၊ နွားပျောက်၊ ပစ္စည်း ပျောက်တွေကို တွက်ပေးတာ မှန်ဆိုပဲ' ဟု မေးကြမြန်းကြ ပြောဆိုကြသည်။ သည်တော့ အမေးခံရသူက...

'ကျုပ်တို့ ပျူပညာရှိတွေက နက္ခတ်တာရာနဲ့ လောကီ ပညာတွေကို တစ်ဖက် ကမ်းခတ် တတ်ကျွမ်း ကြတာကလား။ ကောင်းကင်နက္ခတ်၊ တာရာ၊ ဂြိုလ်နေ ဂြိုလ်သွား တွေကို ကြည့်ပြီး၊ လူတွေရဲ့ ကောင်းကျိုး၊ ဆိုးကျိုး၊ နိုင်ငံရဲ့ကောင်းကျိုး၊ ဆိုးကျိုးတွေကို

တွက်ပြ နိုင်တယ်။ အခု သုဝဏ္ဏဘူမိ ရဟန်းတော်က ဒီလို တွက်ချက်ပြတာ မဟုတ်ဘူးတဲ့ဗျ။ မျက်စိကိုမှိတ်၊ အာရုံယူပြီး ဟောကိန်း ထုတ်တာဆိုပဲ’ ဟု သူသိသမျှ ပြောပြသည်။

တစ်နှစ်ခန့် အတွင်းမှာပင် သုဝဏ္ဏဘူမိ ရဟန်းတော်၏ ဂုဏ်သတင်းသည် ဟိုးဟိုးကျော်လာ၏။ သာမန် လူ့အသိုင်းအဝိုင်း တွင်း၌သာ ကျော်ကြားနေသည် မဟုတ်ပါ။ ဗိသနိုး နန်းတွင်းသူများ အကြားမှာပင် ထင်ပေါ် ကျော်ကြားလျက် ရှိနေပြီ။ နောက်ဆုံးတွင် ဘုရင်မ နားသို့ပင် ပေါက်ကြားသွား လေတော့သည်။ ဘုရင်မလည်း ရဟန်းတော်၏ သီလ၊ သမာဓိ၊ ပညာကြီးမားပုံကို ကြားရလျှင် ဖူးမြော်လိုသောဆန္ဒ ဖြစ်ပေါ်လာသည်။

သို့ဖြင့် ခမည်းတော် ဘရသေ့ကြီးနှင့် သုဝဏ္ဏဘူမိ ရဟန်းတော်တို့ကို နန်းတော်သို့ ဆွမ်းစား ပင့်ဖိတ်ရန် ကိုယ်ရံတော် တပ်မှူးကြီး နန္ဒကို တာဝန်ပေးလိုက်သည်။

တပ်မှူးကြီး နန္ဒသည် ကျောင်းသင်္ခမ်းသို့ သွားရောက် ပင့်ဖိတ် သည်မှအစ၊ ဆွမ်းကပ်ပြီး၊ ကျောင်းသင်္ခမ်းသို့ ပြန်လည်ပို့ဆောင် သည်အထိ တာဝန်ယူ ဆောင်ရွက်ပေးသည်။

ဆွမ်းကပ်ပြီးနောက် ရဟန်းတော်က ဆွမ်းအနုမောဒနာ တရား ဟောကြားသည်။ တရားဟော ကြားနေစဉ် ရဟန်းတော်၏ သုဝဏ္ဏ ဘူမိ လေသံထဲတွင် ပျူလေသံ ပါလာသဖြင့် တရားနာနေသော တပ်မှူးကြီး နန္ဒသည် ရဟန်းတော်ကို ဆတ်ခနဲ မော်ကြည့်လိုက်မိသည်။ ဤသည်ကို ရဟန်းတော်က မြင်လိုက်၏။ တပ်မှူးကြီး၏ စိတ်ထဲတွင် ရဟန်းတော်သည် သုဝဏ္ဏဘူမိသား စစ်စစ်မှ ဟုတ်ပါလေစဟု သံသယ ဝင်လာသည်။ သို့သော် ဘရသေ့ကြီး ကိုယ်တိုင် သံသယကင်းစွာ ယုံကြည် ကိုးကွယ်နေသည် မဟုတ်ပါလား။ ယခုဆိုလျှင် ဘုရင်မပင် ရဟန်းတော်ကို များစွာကြည်ညို ဆည်းကပ်နေပေပြီ။ သည်တော့ သူ့သံသယကို ထုတ်ဖော် ပြောဆို၍ မဖြစ်ကြောင်း နားလည် သဘောပေါက်သည်။

ဘုရင်မသည် မကြာခင်မှာပင် ခမည်းတော် ဘုရသေ့ကြီးနှင့် ရဟန်းတော်ကို ဆွမ်းလုပ်ကျွေး ပြန်သည်။ ဆွမ်းဘုန်းပေးပြီးနောက် ဘုရင်မက ယခုလို လျှောက်တင်သည်။

"အရှင်ဘုရား၊ ဗိဿနိုး မြို့သူမြို့သားများ ဆီက မတရား ခိုးယူ သွားတဲ့ ပစ္စည်းများကို ပြန်လည် ရရှိအောင် အရှင်ဘုရား စွမ်းဆောင် ပေးကြောင်း ကြားသိ ရပါတယ် ဘုရား။ တပည့်တော်တို့ ပန်ထွာပြည်ကြီးကို မတရား သိမ်းပိုက်လိုတဲ့ ရန်သူများ မကြံစည်နိုင်အောင်လည်း ဆောင်ရွက် ပေးစေလိုပါတယ် ဘုရား"

ရဟန်းတော်က ချက်ချင်း မေးလိုက်သည်။

"ပန်ထွာပြည်မှာ ရန်သူအပေါင်းကို ရေတွင်မျှောပြီး ပျက်စီး စေနိုင်တဲ့ မဟာအတုလ စည်တော်ကြီး ရှိနေပြီ မဟုတ်ပါလား"

"မှန်လှပါ။ မဟာအတုလ စည်တော်ကြီးဟာ ရန်သူများရေတွင် မျှောပါသွားအောင် စွမ်းဆောင် ပေးနိုင်ပါတယ် ဘုရား။ ဒါပေသိ ရန်သူများ မကြာခဏ လာရောက်နှောင့်ယှက်တဲ့ အတွက် စိတ်သောက ရောက်ရပါတယ်။ တပည့်တော် အလိုအရ ရန်သူများ လာရောက် နှောင့်ယှက်ခြင်း မပြုနိုင်အောင် စီမံ ပေးစေ လိုပါတယ် ဘုရား"

ရဟန်းတော်သည် ချက်ချင်း ပြန်မဖြေပေ။ မျက်လုံးမှိတ်ကာ ခေတ္တမျှ နေပြီးမှ ဘုရင်မကို မကြည့်ဘဲ တည်ငြိမ်စွာ မိန့်တော်မူသည်။

"ဒါယိကာ ဘုရင်မကြီး၊ လောကမှာ မြင်နိုင်ခဲ သိနိုင်ခဲတဲ့ သတ္တိထူးများ ရှိတယ်။ သတ္တိဆိုတာ စွမ်းအားပဲ။ အဲဒီ စွမ်းအားကိုပဲ တန်ခိုးလို့လည်း မှတ်ယူ ကြပြန်တယ်။ သတ္တိဒါမှ မဟုတ် စွမ်းအား၊ ဒါမှမဟုတ် တန်ခိုးကို ရေရေရာရာ သိမြင်ပြီး၊ မိမိမှာ အဲဒီသတ္တိ၊ စွမ်းအား ဖြစ်တည်လာအောင် ကျင့်သုံး ဆောက်တည် နိုင်သူဟာ 'တန်ခိုးရှင်' အဖြစ်ရောက်ရှိ လာသည်။ အဲဒီတန်ခိုးရှင်ဟာ လောကမှာ ဖြစ်နိုင်ကောင်းတဲ့ အရာခပ်သိမ်းကို ဖန်တီး ပေးနိုင်ပါတယ်"

ဘုရင်မ၏ မျက်ဝန်းပေါ်မှာ မျှော်လင့်ခြင်း ရောင်ခြည်သည် ဖျတ်ခနဲ တောက်ပသွား၏။ ချက်ခြင်းပင် မေးလိုက်သည်။

"အရှင်ဘုရား ဖန်တီး ပေးနိုင်တယ်လို့ ဆိုလိုပါသလား ဘုရား"

"မှန်ပေတယ်"

"မည်သို့မည်ပုံ ဖန်တီး ပေးမယ်ဆိုတာ မိန့်တော်မူပါ ဘုရား"

'ရတနာသုံးပါး ဦးထိပ်ထားကာ သုံးရက်တိတိ အဓိဋ္ဌာန်ဝင်ပြီး မဟာအတုလ စည်တော်ကြီးကို သိဒ္ဓိတင်ပေးပါမယ်'

ဤတွင် ဆွမ်းကပ်ပွဲသို့ တက်ရောက် လာကြသော ပညာရှိကြီးများ၊ မှူးမတ်ကြီးများ၊ စစ်သေနာ ပတိကြီးများ၊ ကိုယ်ရံတော် တပ်မှူးကြီး စသူတို့သည် 'မဟာအတုစည်တော်' ဟု ကြားလိုက်သည်နှင့် လှုပ်လှုပ်ရှားရှား ဖြစ်သွားကြသည်။

ပညာရှိ သက်တော်ရှည် ဘိုးဘိုးက စတင် ကန့်ကွက်သည်။

"ဘိုးဘိုး ကန့်ကွက်ပါတယ် ဘုရင်မ၊ ဒီမဟာအတုလ စည်တော်ကြီးဟာ ပန်ထွာဘုရင်မရဲ့ ဘုန်းတော်ကြောင့် ထိုက်ထိုက်တန်တန် ရထားတဲ့ စည်တော်ကြီး ဖြစ်ပါတယ်။ ဒါကြောင့် သိဒ္ဓိတင်ရန် မလိုအပ်ကြောင်းပါ"

ဤတွင် ရန်ပယ်ချောင်း ရေတံခါးများ ဆိုင်ရာ ဝန်ကြီးက ဘိုးဘိုးကို ထောက်ခံပြီး၊ ယခုလို တင်လျှောက်သည်။

"ကျွန်ုပ် ရေကြောင်းဝန် တင်လျှောက်ပါတယ်။ နိုင်ငံတော် ကာကွယ်ရေးတွင် အဓိက ကျသော ကျွန်ုပ်၏လုပ်ငန်းမှာ မဟာအတုလ စည်တော်ကြီးနဲ့ ပတ်သက်ယှက်နွယ်နေပါသည်။ စည်တော်ကြီး တစ်စုံတစ်ရာ ချွတ်ယွင်းသွားမှာ စိုးရိမ်မိကြောင်းပါ ဘုရင်မ"

ကျန်ဝန်ကြီးများ၊ မှူးမတ်များလည်း သက်တော်ရှည် ဘိုးဘိုးနှင့် ရေကြောင်းဝန်တို့၏ သဘောထားကို ထောက်ခံကြသည့် အသွင် ခေါင်းတညိတ်ညိတ်၊ တီးတိုးတီးတိုး ပြောနေကြ၏။

တပ်မှူးကြီး နန္ဒသည် ဘရသေ့ကြီးကို အားကိုးတကြီး လှမ်းကြည့်လိုက်သည်။ ဘရသေ့ကြီး၏ မျက်နှာမှာ ခါတိုင်းကဲ့သို့ ကြည်လင်ခြင်း မရှိ။ မှုန်မှုန် မှိုင်းမှိုင်းနှင့်။ တစ်စုံတစ်ရာ ပြောလိုသော်လည်း ပြောမထွက်ဟန် ရှိ၏။ ဘရသေ့ကြီး၏ သဘောထားကို သိလိုလှသော်လည်း ဘုရင်မကို ကျော်၍မပြောဝံ့။ သို့ကြောင့် 'ခမည်းတော် ဘရသေ့ကြီးရဲ့ သဘောထား၊ ခံယူချက်ကိုလည်း မေးမြန်းပါရန် တောင်းပန်အပ်ပါတယ် ဘုရင်မ' ဟု လျှောက်ထား လိုက်သည်။

ဘုရင်မ အနေဖြင့် မည်သူ တားဆီးသည် ဖြစ်စေ မိမိ၏ ဆုံးဖြတ်ချက် အတိုင်း ရဟန်းတော်အား ခွင့်ပြုရန် ယတိပြတ် ဆုံးဖြတ်ထားပြီး ဖြစ်၏။ သို့သော် တပ်မှူးကြီးနန္ဒ၏ လျှောက်တင်ချက်ကို ငြင်းပယ်လိုက်ပါက ခမည်းတော်အား မရိုသေရာ ကျမည်စိုးသဖြင့် လက်အုပ်ချီကာ လျှောက်တင်လိုက်၏။

"မဟာအတုလစည်တော်ကြီး သိဒ္ဓိတင်ရေးနှင့် ပတ်သက်ပြီး ခမည်းတော်၏ ခံယူချက်ကို သိပါရစေဘုရား"

"သုဝဏ္ဏဘူမိ ရဟန်းတော်ကို ခမည်းတော်လည်း ယုံကြည် ဆည်းကပ်ကိုးကွယ် နေဆဲပါပဲ။ ဒါပေမဲ့..."

ဘရသေ့ကြီးသည် ရဟန်းတော်အား ငဲ့စောင်းကြည့်ကာ အားနာဟန်ဖြင့် စကားကို သည်တွင် ရပ်ထားလိုက်သည်။

"ဒါပေသိ…' ဆိုသော စကား အသွားအလာအရ မိမိဆန္ဒကို အပြည့်အဝ ထောက်ခံမည် မဟုတ်ကြောင်း ရိပ်မိသဖြင့် ဘုရင်မသည် လိုရာဆွဲကာ အမိန့်ချမှတ် လိုက်လေ တော့သည်။

"ခမည်းတော် ကိုယ်တိုင် ယုံကြည် ကိုးကွယ်နေတာမို့ ဘာမျှ စဉ်းစားနေစရာ မလိုတော့ပါဘူး။ ဒါကြောင့် မဟာအတုလ စည်တော်ကြီး ယခုထက် ပိုမိုတန်းခိုးကြီးကာ ရန်အပေါင်း အောင်မြင်စေရန် အမြန်ဆုံး သိဒ္ဓိတင်စေ"

ရဟန်းတော်လည်း မိမိဆင်ထားသည့် အကွက်သို့ ဘုရင်မ ဝင်လာပြီကို သိသည်နှင့် သိဒ္ဓိတင် အစီအစဉ်ကို ချက်ချင်း မိန့်တော်မူသည်။

"ကောင်းလေစွ၊ လာမည့်လဆန်းပက္ခ၊ နံနက်အရုဏ် တက်ချိန် မှစပြီး သုံးရက် တိတိ အဓိဋ္ဌာန် ဝင်ပြီး သိဒ္ဓိတက်မယ်။ ကျွန်ုပ်အဓိဋ္ဌာန် ဝင်နေစဉ် မည်သူမျှ စည်တော် ဆောင်သို့ မဝင်ရ။ စည်တော်ဆောင် အနီးသို့ပင် မသီရ။ စည်တော်ဆောင် အနီးမှာ စောင့်ကြပ်နေတဲ့ စစ်သည်တော် များကိုလည်း ခေတ္တရုပ်သိမ်းထား စေလိုတယ်"

ဘုရင်မ အမိန့်တော် မချမှတ်မီ ကိုယ်ရံတော် တပ်မှူးကြီးနန္ဒသည် မဆိုင်းမတွ တင်လျှောက် လိုက်၏။

"လျှောက်တင် ဝံ့ပါတယ် ဘုရင်မ၊ စစ်သည်တော်များ ခေတ္တ ရုပ်သိမ်းရေးကို စဉ်းစားတော် မူပါ။ စည်တော်ကြီး လုံခြုံရေးနဲ့ ဘုရင်မအား ကာကွယ်ရေးအတွက် ထားရှိတဲ့ စစ်သည်တော်များကို ဖယ်ရှားခိုင်းတာ သဘောရိုးမှ ဟုတ်ပါလေစလို့ ကျွန်တော်မျိုး သံသယ ဖြစ်မိကြောင်းပါ"

"ဟယ်… တပ်မှူးကြီးနန္ဒ၊ ရိုင်းလှချည်းလား၊ ရဟန်းတော်ရဲ့ သီလ၊ သမာဓိ၊ ပညာကို သင် စော်ကားဝံ့တယ်၊ ကျွန်ုပ် ပန်ထွာဘုရင်မ ဘုန်းတန်ခိုး တိုးတက်ဖို့ နိုင်ငံတော်

ငြိမ်းချမ်း သာယာဖို့၊ ပြည်သူတွေရဲ့ အသက်အိုးအိမ် စည်းစိမ် လုံခြုံဖို့ ဆောင်ရွက်ပေးနေတာကို သင် မလိုလားပြီးလော"

ဘုရင်မ၏ အသံမှာ ခက်ထန်မာကျောလှ၏ ဒေါသကြောင့် မျက်နှာတော်မှာ နီမြန်းနေ၏။ နှုတ်ခမ်းများလည်း တဆတ်ဆတ် တုန်နေသည်။

တပ်မှူးကြီးနန္ဒ များစွာ အံ့သြသွားသည်။ မည်သည့် ကိစ္စကိုမဆို အကြီးအကဲများဖြစ်သည့် ခမည်းတော် ဘုရင်ဟောင်း၊ ပညာရှိ မှူးမတ်ကြီးများနှင့် တိုင်ပင်ဆွေးနွေး ညှိနှိုင်းမြဲဖြစ်ပါလျက်၊ ယခုမူ မည်သူ့ သဘောထားကိုမျှ အလေးမထား။ ရဟန်းတော် ပြောသမျှ လိုက်လျော့တော့မည်ကို ရိပ်စားမိသဖြင့် မိမိ သဘောထားကို တင်လျှောက်လိုက်ခြင်း ဖြစ်သည်။ ယခုမူ မိမိကိုပင် အထင်လွဲသွားချေပြီ။

ထပ်မံ လျှောက်ထားလျှင်လည်း အချည်းနှီးပင် ဖြစ်ပေတော့မည်ဟု တွေးကာ ခပ်မဆိတ်ပင် နေလိုက်တော့သည်။

သုဝဏ္ဏဘူမိ ရဟန်းတော်သည် တပ်မှူးကြီးနန္ဒ တင်လျှောက် လိုက်စဉ်က ကွက်ခနဲ မျက်နှာ ပျက်သွားသည်။ သို့သော် ချက်ချင်းပင် ဣန္ဒြေဆည်ကာ တပ်မှူးကြီး မည်သို့ထပ်မံ လျှောက်ထားမည်ကို နားစွင့်နေ၏။

မည်သူမျှ လျှောက်တင်ခြင်း မပြုကြ။ ခန်းမဆောင်တစ်ခုလုံး တိတ်ဆိတ်နေသည်။ ဘုရင်မ အပြောင်းလဲကြီး ပြောင်းလဲသွား သည်ကိုသာ မတွေး တတ်အောင် ဖြစ်နေကြသည်။

တိတ်ဆိတ်မှုကို ရဟန်းတော်ကပင် ချိုးဖျက် လိုက်သည်။

"အမျက် ဒေါသကို ထိန်းချုပ်လော့ ဒါယိကာဘုရင်မ၊ ဒကာလေးပြောမှား ဆိုမှား ရှိတာကို ကျွန်ုပ် သည်းခံ ခွင့်လွှတ်တယ်။ ကျွန်ုပ်ဟာ ကဲ့ရဲ့ခြင်း၊ ချီးမွမ်းခြင်းတို့ကို မတုန်လှုပ်တော့ပြီ"

ဘုရင်မ၏ စိတ်ထဲတွင် 'သည်းခံနိုင်စွမ်း ရှိလှ ပါပေတယ်၊ တရားပြည့်ဝ လှပါပေတယ်' ဟုတွေးကာ ရဟန်းတော်ကို ပို၍ပင် ကြည်ညိုသဒ္ဓါ ပွားမိလေတော့သည်။

"ကျေးဇူး ကြီးလှပါတယ် ဘုရား၊ သတ်မှတ်ထားတဲ့ လဆန်း ပက္ခမှာ စည်တော်ကြီးကို သိဒ္ဓိတင် နိုင်ဖို့ အရှင်ဘုရား မိန့်ကြားသည့် အတိုင်း စီစဉ် ထားပါတယ်ဘုရား"

ဆွမ်းကပ်ပွဲကား ပြီးဆုံး သွားပေပြီ။ ဘရသေ့ကြီးနှင့် ရဟန်းတော်တို့ ကျောင်းသင်္ခမ်းသို့ ပြန်ကြွ ရန်တပ်မှူးကြီး နန္ဒပင် စီစဉ်ဆောင်ရွက်သည်။

တပ်မှူးကြီး နန္ဒသည် ဘရသေ့ကြီးတို့ကို တင်ဆောင် သွားသည့် ယာဉ်ရထား နောက်ပါးမှ မြင်းကို စီးလျက် လိုက်ပါ ပို့ဆောင်ရင်း စည်တော်ကြီးကို သိဒ္ဓိတင်မည့်ရက်နှင့် ပတ်သက်၍ တွေးလာသည်။

"ဘာကြောင့် ၁၅ - ရက်တာ ကြာတဲ့ ကာလကိုမှ ရွေးချယ် သတ်မှတ်သလဲ၊ ဘာကြောင့်လဲ...ဘာ ကြောင့်လဲ..."

ဗိဿနိုး နန်းတော်မှာ ဘရသေ့ကြီး၏ ကျောင်းသင်္ခမ်းသို့ ရောက်သည်ထိ သည်မေးခွန်းကို စိတ်ထဲက အကြိမ်ကြိမ်မေး လာသည်။ အဖြေမရပါ။

အကယ်၍ တပ်မှူးကြီး နန္ဒသာ သီတင်းနေ့တိုင်း မှောင်ရီ သန်းချိန်မှာ ရွှေရောင်တော် ဘုရားသို့ လာခဲ့ပါလျှင်...။

❧

## အခန်း (၁၇)

## စစ်ချီတော့မယ်တဲ့၊ စစ်မောင်းသံစီစီဆေ

ဗိသသနိုးသို့ တိတ်တဆိတ် စေလွှတ်ထားသော အထောက်တော်များ ထံမှ သတင်း ရသည်နှင့် ဒွတ္တပေါင်မင်းကြီးသည် စစ်ထွက်ရန် အမြန်ပြင်ဆင်သည်။

ရဟန္တာ ရှင်မဟာယသမထေရ်သည် ဦးချ ကန်တော့ နေကြသော ဒွတ္တပေါင် မင်းကြီးနှင့် စစ်သေနာပတိကြီးများကို ကြည့်နေသည်။ ပန်ထွာပြည်သို့ စစ်ထွက် တော့မည်ကို မထေရ်မြတ် သိပြီးဖြစ်၏။ သို့သော် 'စစ်အောင်နိုင်ပါစေ' ဟု မထေရ်မြတ် ဆုမပေးပါ။

မထေရ်မြတ်သည် ကျောင်းသင်္ခမ်း အပြင်ဘက်သို့ လှမ်းကြည့်လိုက်၏။ စစ်သည် တော်များသည် ပခုံးချင်း ယှဉ်ပြီး ရပ်နေကြသည်။ အရုဏ်ဦး၏ အလင်းရောင် အောက်တွင် စစ်သည်တော်များကို ထင်ထင်ရှားရှား မြင်နေရသည်။

'ပန်ထွာဘုရင်မကို ပိုင်ဆိုင်လိုတဲ့ ဆန္ဒကြောင့် မင်းကြီးစစ်ချီ ပြန်ချေပြီ။ စစ်သည်တော်တွေ ရန်ပယ်ချောင်း ရေအလျဉ်ကို အန်တု နိုင်ကြပါ့မလား။'

မထေရ်မြတ်သည် 'စစ်အောင်နိုင်ပါစေ' ဟု ဆုမပေးသော်လည်း မြတ်စွာဘုရား ရှင်၏ ဆံတော် နှစ်ဆူကိုမူ မင်းကြီးအား ပေးလိုက်သည်။

မထေရ်မြတ်အား ဦးခိုက် ကန်တော့ပြီးသည်နှင့် စတင်၍ စစ်ချီ တက်ကြသည်။ စစ်ချီရာ၌ ဒွတ္တပေါင်မင်းကြီးသည် ဖောင်တော်ဖြင့် ရေလမ်းခရီးမှ မြစ်ကြောင်းအတိုင်း ဆန်တက်သည်။

စစ်သေနာပတိကြီးများ ဦးစီးသော စစ်သည်တော်များကမူ သရေခေတ္တရာမှ မြောက်တည့်တည့်သို့ ဦးတည်ချီတက် ခဲ့ကြသည်။ လမ်းမှာ ကြမ်းတမ်းလှ၏။ အတက် အဆင်း၊ ချိုင့်ဝှမ်းများဖြင့် ပြည့်နှက်နေသည်။ ဤမျှကြမ်းတမ်းသော တောလမ်းခရီးကို ချီတက် လာခဲ့ရာ ရက်အတော်ကြာလျှင် အင်ကြင်းပင်များ၊ သစ်ရာပင်များ ထူထပ်စွာ

ပေါက်နေသော သစ်ရာ တောင်တန်းသို့ ရောက်ရှိကြသည်။ (ထိုနေရာသည် ယခု မကွေး၊ တောင်တွင်းကြီးကား လမ်းအကြားရှိ သစ်ရာကောက်ရွာ ဖြစ်သည်။)

ရေလမ်းခရီးဖြင့် ဆန်တက်လာသော ဒွတ္တပေါင်မင်းကြီး၏ ဖောင်တော်သည် တစ်နေရာ အရောက်တွင် မိကျောင်းကြီး တစ်ကောင်နှင့် ဆုံတွေ့သည်။ မိကျောင်းကြီးသည် ဒွတ္တပေါင်မင်းကြီး၏ ဖောင်တော် အထက်သို့ ဆန်မတက် နိုင်အောင် ဖောင်ရှေ့မှ ပိတ်ဆို့ တားဆီးသည်။ အန္တရာယ် မပြုဘဲ ရှေ့မှပိတ်ဆို့ ရုံမျှဖြစ်၍ ဆက်လက် ဆန်တက်ခြင်း မပြု စေလိုသည်ကို နားလည် သဘောပေါက်ကြ၏။ သို့ဖြင့် ဖောင်တော်ကို ကမ်းဘက်သို့ ဦးတည် လိုက်ရာ မိကျောင်းကြီးလည်း ဖောင်တော်ဦးသို့ တက်ပြီး လိုက်ပါလာသည်။ မကြာမီပင် မြစ်ကမ်း နဘေးသို့ ဆိုက်ရောက်ကြ၏။ မိကျောင်းကြီးက ရဲဝံ့စွာ လမ်းပြ ခဲ့သဖြင့် ထိုနေရာကို မိကျောင်းရဲဟု ခေါ်တွင်သည်။

မင်းကြီးလည်း ကြမ်းတမ်းသော တောလမ်း ခရီးဖြင့် လာခဲ့ရာ သစ်ရာတောင်တန်း တွင် မိမိ၏ သရေခေတ္တရာ တပ်မကြီးနှင့် တွေ့ဆုံသည်။ ထိုနေရာမှစ၍ ဒွတ္တပေါင်မင်းကြီး ကိုယ်တိုင် ဦးစီးပြီး ချီတက်လာကြသည်။ မကြာခင်မှာပင် ရေအခက်ခဲနှင့် ကြုံတွေ့ ကြရ လေတော့သည်။

စစ်သည်တော်များ ပင်ပန်းလှပြီ။ ရေမရှိသဖြင့် ဆက်လက် ချီတက်ရန် မလွယ်ကူပေ။ သို့ဖြင့် စခန်းချ ရပ်နားပြီး အဖွဲ့ခွဲကာ ရေရှာထွက်ကြသည်။

တပ်မှူးလေး သုတသည် မြေပြင်ကို သေချာစွာ လေ့လာသည်။ သူ့စိတ်ကြိုက် မြေလွှာ တွေ့သည်နှင့် ထိုမြေကြော အတိုင်း အနိမ့်ဘက်သို့ တစ်ရွေ့ရွေ့ လိုက်ကြည့်သည်။ စခန်းချ ရပ်နား သည့်နေရာမှ အတော် လှမ်းလာသည် အထိ ရေမတွေ့ သေးပေ။ သူ့ လက်အောက်မှ တပ်သားများသည် အချင်းချင်း ကြည့်ပြီး ခေါင်းခါကြသည်။ ဤတွင် ပွင့်ပွင့်လင်းလင်း ပြောလေ့ရှိသော စစ်သည်တော်လေး တစ်ယောက်က-

'တပ်မှူးလေးခင်ဗျား၊ ဒီလောက်မာကြောတဲ့ နေရာမှာ ရေရှာလို့ တွေ့ပါ့မလား' ဟု မေးလိုက်သည်။

"ရေတွေ့မတွေ့ လမ်းဆုံးတော့ သိရမှာပေါ့ ငါ့ညီရ၊ ဒီလို တောတောင်မျိုးမှာ ရေတံခွန်တွေ၊ စိမ့်စမ်းတွေ ပေါတတ်တယ်ကွယ့်။ စိမ့်ရေစမ်းရေ ဆိုတာကလည်း မြေအမျိုးအစားကို မူတည်ပြီး ဖြစ်တာကလား။ မိုးရေဟာ ရေစိမ့် ကျောက်လွှာ ဖြစ်တဲ့ သဲကိုဖြတ်ပြီး ရေ မစိမ့်နိုင်တဲ့ ကျောက်လွှာအထိ စီးဝင်တယ်။ အဲဒီ ကျောက်လွှာနှစ်ခု ဆုံရာ မြေမျက်နှာပြင်ဟာ စောင်းနေမယ် ဆိုရင် ရေမစိမ့်တဲ့ ကျောင်လွှာ တစ်လျှောက် ရေတွင် စီးဆင်းသွားပြီး နီးရာ ချိုင့်အဝှမ်း တစ်ခုခုကနေ ရေတွေပြန်ထွက် လာတယ်။ အဲဒါဟာ စိမ့်စမ်းပဲ၊ အမယ်.. ပြောရင်းဆိုရင်း စမ်းရေ စီးသံပါလားဟေ့၊ နားထောင်ကြည့်ကြစမ်း"

တပ်မှူးလေး သုတက ပြောလိုက်သဖြင့် အားလုံးနားစွင့် လိုက်ကြသည်။ 'ဟာ. ဟုတ်တယ်.. ဟုတ်တယ်.. ရေစီးသံပဲ' ဟု ဆိုကြကာ အနိမ့်ပိုင်း ဆီသို့ ပြေးသွားကြသည်။

ရေတွေ ဖွေးဖွေးလှုပ်၊ သူတို့အားလုံး ပျော်သွားကြ၏။ အခြားတပ်ဖွဲ့များကို သတင်း ပို့သူက ပို့သည်။ သည်မှာလည်း အမေးအမြန်း ထူသည့် စစ်သည်တော်လေး မောင်ညိုက တပ်မှူးလေး သုတကို မေးပြန်သည်။

"နောင်ကြီးသုတ ရေတွေ ဒီလောက် များပါလျက်နဲ့ ကြာတို့၊ ကညွတ်တို့ ကန်စွန်း၊ ပုဇွန်စာတို့လည်း မတွေ့ဘူး။ ဘာကြောင့်ပါလဲ ခင်ဗျာ"

"ကြာမျိုးငါးပါး၊ ကညွတ်၊ ကန်စွန်း၊ ပုဇွန်စာဆိုတဲ့ အပင်တွေဟာ ရေအိုင်တို့၊ ရေကန်တို့လို ရေသေမှာသာ ပေါက်ကြတာ၊ ခုလို စိမ့်ရေစမ်းရေမှာ မပေါက်ဘူး ငါ့ညီရ" ဟု ရှင်းပြသည်။ တစ်ဆက်တည်း အားလုံးကို လှုံ့ဆော်လိုက်၏။ "ကဲ...ကဲ... မြန်မြန် လုပ်ကြဟေ့၊ ရှေ့ခရီး ဆက်ကြ ရဦးမယ်" စစ်သည်တော် ကလေးများလည်း အမိန့်နာခံပြီး လုပ်ဆောင်စရာ ရှိသမျှ အမြန်လုပ်ကြသည်။

စခန်းချ ရပ်နားရာသို့ ရေရှာသွားသူများ ပြန်လည်ရောက်ရှိလာပြီး မကြာခင်မှာပင် ခရီး ဆက်ကြသည်။ တစ်ရက်ပြီး တစ်ရက် ကုန်လွန်သွား၏။ ပန်ထွာပြည်ကြီးနှင့် မဝေး တော့ပြီ။

ပဍ္ဍွင်းဖြူ ပဍ္ဍွင်းညိုတို့က ယခုလို လျှောက်ထားကြသည်။

"ဘုန်းတော် ကြီးမြတ်တော်မူသော သရေခေတ္တရာ ဘုရင်မင်းမြတ်ဘုရား၊ ယခု ပန်ထွာပြည်ကြီးနှင့် အလွန် နီးကပ်လာပါပြီ။ တိဿ မှာကြားသည့် အတိုင်း သည်နေရာမှာ ခေတ္တ စောင့်ဆိုင်း သင့်ကြောင်းပါ ဘုရား"

ဟုတ်ပေသားပဲ၊ သရေခေတ္တရာ တပ်များ အားလုံး ခေတ္တရပ်နား စောင့်ဆိုင်း ကြစေ" ဟု အမိန့်ချမှတ်ကာ တပ်စခန်းချ လိုက်သည်။

ထိုသို့ စောင့်ဆိုင်းသော တောင်ကို မင်းဆိုင်းတောင် (ယခုမြင်းစိုင်းရွာ)။ ပညာရှိ အမတ်ကြီး (၉)ယောက် နားသော နေရာကို ကိုးပင်တောင် (ယခုကိုးပင်ရွာ)။ စစ်သည် ဗိုလ်ပါများ နားနေသော နေရာကို စစ်ကွေ့တောင် (ယခုစစ်တလင်း) ဟု သမုတ်ခဲ့ကြသည်။

မင်းဆိုင်းတောင်တွင် သရေခေတ္တရာ တပ်များ နားနေချိန် အတွင်း ရှင်တိဿ သည်လည်း မဟာ အတုလ စည်တော်ကြီးကို သိဒ္ဓိ တင်သည်။ သုံးရက် လွန်မြောက် စတုတ္ထနေ့ နံနက် ရောက်သည်နှင့် ဘရသေ့ကြီး၏ ကျောင်းသင်္ခမ်းသို့ ပြန်ကြွသည်။ ရောက်ရောက်ချင်း ဆွမ်းခံကြွရန် ပြင်ဆင်သည်။ ဘရသေ့ကြီးက ယနေ့အဖို့ ဆွမ်းခံမကြွဘဲ နေရန် ပြောသည်။ ရှင်တိဿက ဝတ်မပျက်လိုပါဟု ဆိုကာ သပိတ်ပိုက်ပြီး ကျောင်းပေါ်မှ ဆင်းသွားသည်။ ကျောင်းဝင်းအပြင်သို့ ရောက်လျှင် ကျောင်းပေါ်သို့ မော့ကြည့်ကာ အဓိပ္ပါယ်ပါပါ ပြုံးလိုက်သည်။ ပြီးတော့ ဗိဿနိုး မြို့တွင်းသို့ သွားသောလမ်းကို မယူ။ ဆန့်ကျင်ဘက် လမ်းမှ ထွက်ကြွသွား၏။ ဤသည်ကို ဘရသေ့ကြီးနှင့် ကပ္ပိယကြီး ဦးဝေဠုတို့မသိ၊ မမြင်လိုက်ကြပေ။

ကျောင်းသင်္ခမ်းနှင့် အတော်လှမ်းလှမ်း မန်ကျည်းပင်ကြီး တစ်ပင်၏ အရိပ်တွင် ကပ္ပိယ နှစ်ယောက် ရောက်နှင့် နေကြပြီ။ သပိတ်ပိုက်ပြီး ခပ်သုတ်သုတ် လှမ်းလာသည့် ရဟန်းကို မြင်လိုက်သည်နှင့် သူတို့ ဝမ်းသာ သွားကြသည်။ မန်ကျည်းပင် ရိပ်သို့ ဝင်လာသော ရဟန်းသည်လည်း ထိုခဏမှာပင် ရဟန်းအသွင် ကွယ်ပျောက်၍ လူ့အသွင်သို့ ကူးပြောင်း သွားလေတော့သည်။ သူတို့ သုံးယောက်သည် လက်သီး လက်မောင်း တန်းကာ ပြိုင်တူ အော်လိုက်ကြ၏။

"အောင်ပြီ... အောင်ပြီ... အောင်ပြီ"

ဆွမ်းခံ ပြန်ချိန် တန်သော်လည်း ရဟန်းတော် ပြန်ရောက် မလာသဖြင့် ကပ္ပိယကြီးသည် ဘရသေ့ကြီးအား လျှောက်ထားသည်။ ဘရသေ့ကြီးက 'ဆွမ်း ဒါယကာ တွေ ဆွမ်းကပ်နေလို့ ဖြစ်မှာပေါ့' ဟု မိန့်ကြား၏။ ကပ္ပိယကြီးလည်း ဘရသေ့ကြီး တစ်ပါးတည်းကိုပင် ဆွမ်းကပ်လိုက်သည်။

ဆွမ်းကိစ္စများ အားလုံး ပြီးစီးပေပြီ။ အာဂန္တု ကပ္ပိယများကို နံနက်စာ ကျွေးမွေးရန် လိုက်ရှာသည်။ မတွေ့ပါ။ အိပ်ခန်းထဲမှာများ ရှိလေမလားဟု တွေးပြီး အိပ်ခန်းတံခါးကို အသာ တွန်းဖွင့် လိုက်သည်။ မရှိတော့ပါ။ မည်သူမျှမရှိ။ ဘာပစ္စည်းမှလည်း မရှိတော့ပါ။ ကပ္ပိယကြီးသည် ကျောင်းပေါ်သို့ တက်သွားပြီး အာဂန္တုရဟန်း၏ အိပ်ခန်းကို သွားကြည့် ပြန်သည်။ ဘာဆို ဘာမျှ မရှိတော့ပါ။

အကြောင်းစုံကို ကပ္ပိယကြီးက ဘရသေ့ကြီးအား လျှောက်တင်လိုက်သည်။

'ကိုင်း...နွားလှည်းသာ အမြန်ပြင်ပေတော့' ဟု ဘရသေ့ကြီးက မိန့်ကြားသည်။ လှည်းပြင်ပြီး ရသေ့ကြီးနှင့် ကပ္ပိယကြီးတို့သည် နန်းတော်ဆီသို့ ထွက်ခဲ့ကြသည်။

ပင့်ဖိတ်ထားခြင်း မရှိဘဲ၊ ခမည်းတော် ဘုရသေ့ကြီး ကြွလာသဖြင့် ပန်ထွာဘုရင်မ အံ့သြသွားသည်။ ဘုရသေ့ကြီးသည် ရောက်မဆိုက်မှာပင် လိုရင်းစကားကို မိန့်ကြားလိုက်၏။

"ခမည်းတော်တို့တော့ အလိမ်ခံလိုက်ရပြီ သမီးတော်၊ သူ့ကိုယ်သူ သုဝဏ္ဏဘူမိ ရဟန်းပါလို့ ပြောတဲ့သူဟာ တကယ်တော့ ရဟန်းတု၊ ရဟန်းယောင်ပေပဲ၊ ခု အဲဒီရဟန်းနဲ့ အပေါင်းပါ နှစ်ယောက် ထွက်ပြေး သွားကြပြီ"

ဘုရင်မသည် ငယ်ထိပ်မြွေပေါက် ခံရသည်သို့ ပြင်းထန်စွာ ခံစားလိုက်ရသည်။ 'စည်တော်ကြီး.. မဟာအတုလ စည်တော်ကြီး' ဟု တုန်လှုပ် ခြောက်ခြားစွာ ရေရွတ်ရင်း မတ်တပ် ရပ်လိုက်သည်။

"အားလုံး ပြီးဆုံးသွားပြီး သမီးတော်၊ သွားမကြည့်နဲ့တော့၊ စိတ်ကို တည်ငြိမ်အောင်ထား။ အချိန်မရှိတော့ဘူး၊ ပန်ထွာပြည်ကို ကာကွယ်ဖို့သာ အမြန် ပြင်ဆင်ပေတော့"

ဘုရသေ့ကြီးလည်း သတိပေးပြီးသည်နှင့် ကျောင်းသင်္ခမ်းသို့ ပြန်ကြွသွား၏။

ဘုရင်မသည် ကိုယ်ရံတော် တပ်မှူးကြီးနန္ဒကို လှမ်းကြည့်လိုက်သည်။ မိမိကို အပြစ် တင်နေပြီးလား။ တပ်မှူးကြီး၏ မျက်နှာပေါ်တွင် အပြစ်တင်ရိပ် လုံးဝမတွေ့ရ။ တည်တည် ငြိမ်ငြိမ်ပင်။ ရဟန်းယောင်နှင့် ပတ်သက်၍ ဆွမ်းကပ်ပွဲတွင် သံသယစကား ဆိုခဲ့ ပြီးသည့် နောက်ပိုင်း တစ်ကြိမ်တစ်ခါမျှ မပြောတော့ပေ။ ဘာမျှမပြောဘဲ ဆိတ်ဆိတ် နေခြင်းသည်ပင် ဘုရင်မအဖို့ ပို၍ အနေကြပ်စေသည်။

သည်အချိန်တွင် အပျိုတော်ကလေး တစ်ယောက်ဝင်လာပြီး၊ တောင်တံခါးမှူး စေလွှတ်လိုက်သည့် မြင်းသည်တော်က ဝင်ခွင့် တောင်းခံလာကြောင်း လျှောက်တင်သည်။ ဘုရင်မက 'ဝင်စေ' ဟု ခွင့်ပြု လိုက်သည်နှင့် မြင်းသည်တော်လည်း ဝင်ရောက် ခစားကာ သရေခေတ္တရာတပ်များ ချီတက်လာကြပြီ ဖြစ်ကြောင်း လျှောက်တင်လိုက်သည်။

"ထင်သည်ထက် စောစီးစွာ ရောက်လာကြပြီကိုး။ ကိုယ်ရံတော် တပ်မှူးကြီး အားလုံးကို တပ်လှန့် နှိုးဆော်စေ"

'အမိန့်တော်မြတ် အတိုင်းပါဘုရား' ဟု ပြန်လည်လျှောက်ထား နေစဉ်မှာပင် ဘုရင်မသည် အတွင်းတော်သို့ ဝင်တော်မူသည်။

တပ်မှူးကြီးလည်း ချက်ချင်းပင် အဆောင်တော်မှ ထွက်ခဲ့သည်။ မြင်းသည်တော်လည်း တောင်တံခါးဆီသို့ မြင်းကို ဒုန်းစိုင်း သွားသည်။

မကြာခင်မှာပင် စစ်တံပိုးသံများ ထွက်ပေါ်လာသည်။ ဆင့်ကဲဆင့်ကဲ မှုတ်လိုက်သော တံပိုး သံများသည် ဗိသနိုး တစ်မြို့လုံးသို့ ပျံ့နှံ့ သွား၏။ ပြီးတော့ ပန်ထွာပြည် တစ်ပြည်လုံးသို့ ပျံ့နှံ့ သွားလေတော့သည်။

ණඣ

## အခန်း(၁၈)
## ထွက်တော်မူ နန်းကစ္ဆာတယ်

စစ်ဝတ်စုံပြည့် ဝတ်ဆင်ထားသော ဘုရင်မသည် မဟာအတုလ စည်တော်ကြီး ရှေ့တွင် ရပ်ကာ စည် မျက်နှာပြင်ကို စူးစူး စိုက်စိုက် ကြည့်နေသည်။ ရဟန်းတု ရဟန်း ယောင်ကြောင့် စည်တော်ကြီးကို အားမကိုး ရဲပါ။ သို့သော် ရေနစ်သူသည် ကောက်ရိုးမျှင် ကလေး တစ်မျှင်ကိုပင် အားကိုး အားထားပြုကာ ဆွဲကိုင်တတ်သည် မဟုတ်ပါလား။

ဘုရင်မသည် စည်တော်ထုကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ကာ နန်းမြင့်မျှော်စင်မှ အချက် ပေးသံကို နားစွင့်နေသည်။

နန်းမြင့်မျှော်စင်ထက်မှ ယုဇသည် တောင်ဘက် မြို့ရိုးရှိ မျှော်စင် ဘက်ဆီသို့ မျက်ခြေ မပြတ် ကြည့်နေသည်။ မျှော်စင်ချင်း အလှမ်း ဝေးလှသဖြင့် အချက်ပေးသည်ကို မမြင်လိုက်မှာ လွန်စွာ စိုးထိတ်နေ၏။ စည်တော်ဆောင်နှင့် ဆက်သွယ်ထားသော ကြိုးကို ဆုပ်ကိုင်ထားသော သူ့လက်မှာ ချွေးစေးတွေနှင့်။ သူ့ရင်မှာလည်း တဒိတ်ဒိတ်ခုန်နေသည်။

မကြာပါ။ တောင်ဘက်မြို့ရိုး မျှော်စင်ထက်မှ အချက်ပေး မီးမြားတစ်စင်းသည် အရှိန်ဖြင့် ကောင်းကင်သို့ တက်သွားသည်။ ဒုတိယမြားတစ်စင်း ဆက်တိုက်တက် လာသည်။ နောက် တတိယ မြားတစ်စင်း။

ပထမမြား တက်လာစဉ်ကပင် ယုဇသည် သူ့လက်ထဲမှ ကြိုးကို ဆက်ကာဆက်ကာ ခပ်ကြမ်းကြမ်း ဆွဲလှုပ်လိုက်သည်။

စည်တော်ဆောင် အတွင်းတွင် ငွေခေါင်းလောင်းသံများ အဆက်မပြတ် ထွက်ပေါ် လာသည်။ စည်တော်ထုကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသော ဘုရင်မ၏ လက်သည် မြောက်တက် လာပြီး စည်မျက်နှာပြင်ကို အားစိုက်၍ ထုလိုက်သည်။ တစ်ချက်ပြီးတစ်ချက်။

မည်မျှပင် အားစိုက်၍ ထုသော်လည်း စည်တော်သံသည် မြည်ဟိန်းခြင်း မရှိ။ ကျယ်လောင်ခြင်း မရှိ၊ နာပျော်ဖွယ် မရှိတော့ပြီ။

အလျား (၁၂)တောင်၊ လုံးပတ် (၁၈)တောင် ရှိသော မဟာအတုလ စည်တော်ကြီးသည် တီးလိုက်လျှင် သုံးယူဇနာ အတွင်းကပင် ကြားနိုင်သည်။ (ဆရာတော် ဦးဉာဏရေး တောင်တွင်းကြီး ရာဇဝင်သစ်၊ စာမျက်နှာ ၂၅) ယခုမူ သည်လို မမြည်တော့ပြီ။ စည်တော်ကြီး၏ အသံမှာ အက်နေသည်။ အသံ ထွက်သည် ဆိုရုံမျှသာ တိုးတိုးလေး မြည်တော့သည်။

ဘုရင်မ၏ မျက်နှာတော် ကွက်ခနဲ ပျက်သွား၏။ အတုလစည်တော်ကြီး မြည်ဟိန်းသံကို မကြားရလျှင် ရေတံခါးများကို ဖွင့်နိုင် ကြတော့မည် မဟုတ်ပေ။ ရေတံခါးများ မဖွင့်လျှင် ချောင်းဖျားမှ လှိုင်းလုံးကြီးများ စီးဆင်း လာတော့မည် မဟုတ်ပေ။ ရေလှိုင်းကြီး များ၏ ဒဏ်ကို အံတု ဖက်ပြိုင် ရင်ဆိုင် ကျော်လွှားရန် မလိုတော့ပြီ ဖြစ်သော သရေခေတ္တရာ တပ်များသည် ပန်ထွာပြည် တောင်ဘက် မြို့ရိုးဆီသို့ အလွယ်တကူ ရောက်ရှိ လာကြ ပေတော့မည်။

ဘုရင်မသည် ချက်ချင်းပင် စည်တော်ထုကို လွှတ်ချကာ ကိုယ်ကို ဆတ်ခနဲလှည့် လိုက်သည်။ ဘုရင်မ၏ အရိပ်အခြည်ကို စိုးရိမ်တကြီး ကြည့်နေသော အထိန်းတော်ကြီး မိအူလည်း ကတ္တီပါနီ ခန်းဆီးစကို ကဗျာကရာ ဖယ်ရှား ပေးလိုက်သည်။

စည်တော်ဆောင် အပြင်ဘက် နန်းရင်ပြင်တွင် စောင့်ဆိုင်း နေကြသော အပြင် ကိုယ်ရံတော် တပ်ဖွဲ့၊ အတွင်း ကိုယ်ရံတော် အမျိုးသမီး တပ်ဖွဲ့များသည် စည်တော်သံကို မကြား ရသဖြင့် တစ်ဦးမျက်နှာ တစ်ဦး ကြည့်လိုက်ကြသည်။ စိုးရိမ်ပူပန် စိတ်ကြောင့် အားလုံးပင် မျက်နှာ ပျက်နေကြပြီ။

သည်အချိန်တွင် ညီလာခံ ခန်းမအတွင်း ရောက်ရှိနေကြပြီ ဖြစ်သော သက်တော်ရှည် ဘိုးဘိုး၊ အုပ်ချုပ်ရေးဆိုင်ရာ အကြီးအကဲများ၊ မဟာသေနာပတိကြီး၊

ရိက္ခာတော် ဝန်မင်း၊ ငွေတိုက်တော် ဝန်မင်း စသူ တို့သည်လည်း စည်တော်သံ မကြား ရသဖြင့် အံ့အား သင့်နေကြသည်။ တစ်စုံတစ်ခု ဖြစ်ပြီကို တွေးလိုက် မိသဖြင့် အားလုံး ညီလာခံ ခန်းမ အပြင်သို့ ထွက်လာကြသည်။ သည်အချိန်မှာ စည်တော်ဆောင် အတွင်းမှ ဘုရင်မ ထွက်လာသည်ကို လှမ်းမြင်ကြရသည်။

ဘုရင်မသည် စည်တော်ဆောင် လှေကားထိပ်တွင် ရပ်လိုက်သည်။ နန်းရင်ပြင်ရှိ ပရိတ်သတ်များသည် မိမိ၏ အမိန့်တော်မြွက်ကို နာခံရန် စောင့်မျှော် နေကြပြီ။ ရင်ထဲတွင် ဒေါသလှိုင်း ထန်နေသဖြင့် စိတ်ကို တည်ငြိမ်အောင် ထိန်းလိုက်ပြီးမှ အမိန့်တော် မိန့်မြွက် လိုက်သည်။

"အတုလ စည်တော်ကြီး ပျက်စီး သွားချေပြီ။ မကြာခင်မှာ သရေခေတ္တရာ အန္တရာယ်ကို ရင်ဆိုင် ကြရတော့မယ်။ အခုအခါ အချိန်တိုင်း အချိန်တိုင်း လွှန်စွာတန်ဖိုး ရှိတယ်ဆိုတာ သတိချပ်ကြပါ။ ဘိုးဘိုးနဲ့တကွ အကြီးအကဲများ အားလုံး ညီလာခံ ခန်းမ ထဲမှာပဲ နေမြဲ အတိုင်း နေကြပါ။ စစ်သည်တော်များ အားလုံး ရန်သူကို ရင်ဆိုင် ခုခံဖို့ အသင့် ရှိကြစေ"

ဘုရင်မသည် အမိန့်တော်မြွက် ချမှတ် ပြီးသည်နှင့် နန်းမြို့ ရိုးပေါ်သို့ တက်သွား သည်။ နန်းမြင့် မျှော်စင်နှင့် အနီးဆုံးတွင် နေရာ ယူလိုက်၏။ ဘုရင်မ၏ ဝဲဘက်တွင် အတွင်း ကိုယ်ရံတော် တပ်မှူး မယ်သစ္စာ၊ ယာဘက်တွင် အထိန်းတော်ကြီး မိအူတို့က နေရာ ယူကြသည်။

နန်းမြို့ရိုး ပတ်လည်တွင်မူ အတွင်းကိုယ်ရံတော် တပ်ဖွဲ့များ နေရာယူကြသည်။ ဘုရင်မ နေရာ ယူထားသည့် တောင်ဘက် နန်းမြို့ရိုးပေါ်တွင် အပြင်ကိုယ်ရံတော် တပ်ဖွဲ့မှ လက်ဖြောင့် တပ်သားများကို နေရာ ချထားသည်။

အပြင်ကိုယ်ရံတော် တပ်ဖွဲ့များသည် အဖွဲ့ငယ်များ ခွဲကာ နန်းမြို့ရိုး၏ အပြင်ဘက်တွင် နေရာယူသည်။ နန်းမြို့တော် အဝင် တံခါးမကြီးတွင်မူ ကိုယ်ရံတော် တပ်မှူးကြီးနန္ဒ ကိုယ်တိုင် နေရာယူသည်။

ဘုရင်မသည် နန်းမြို့ရိုးပေါ်မှ မင်းလမ်းမကြီး ဆီသို့ လှမ်းကြည့် လိုက်သည်။ ဗိသနိုး ခြေလျင်တပ်များ၊ မြင်းတပ်များ၊ ဆင်တပ်များသည် ပန်ထွာပြည် တောင်ဘက်သို့ ချီတက် နေကြသည်။

အလို... မင်းလမ်းမကြီးရဲ့ လမ်းဘေး ဝဲယာမှာ ပရိတ်သတ်တွေ ဖွေးဖွေး လှုပ်နေပါလား။ ရန်သူ့ စစ်လာနေပြီကို ကြောက်ရွံ့ တုန်လှုပ်ခြင်း မရှိ။ ပုန်းလျှိုး မနေဘဲ၊ တိုက်ပွဲဝင်မည့် စစ်သူရဲကောင်း များကို အားပေးကြ၊ နှုတ်ဆက်ကြနှင့်။ စစ်သည်တော်များကလည်း ပြုံးကာ ရယ်ကာဖြင့် လက်များကို ဝှေ့ယမ်းပြီး ပြန်လည် နှုတ်ဆက် နေကြသည်။ ကြည်နူး အားတက်စရာ သည်မြင်ကွင်းကို ကြည့်ပြီး ဘုရင်မသည် ကျေနပ် အားတက်သွားသည်။

သရေခေတ္တရာ တပ်ဦးသည် ရန်ပယ်ချောင်း တစ်ဖက်ကမ်းသို့ ရောက်ပြီ။ ချောင်းထဲသို့ ချက်ချင်း မဆင်းသေးပေ။ ဦးစွာ လေ့လာ သုံးသပ်သည်။ ချောင်းဖျားဆီသို့ လှမ်းကြည့်ကြသည်။ ချောင်းဖျားဘက်ရှိ ကောင်းကင်မှာ ညို့မှိုင်း အုပ်ဆိုင်းခြင်း မရှိ။ မိုးညို့ခြင်း မရှိ။ ကောင်းကင် တစ်ပြင်လုံး ပကတိ ကြည်လင်နေသည်။ ဝင်အံ့ဆဲဆဲ နေလုံးကြီးမှ နေခြည် ပက်ဖျန်း ထားသဖြင့် တိမ်တွေ တောက်နေသည်။

ချောင်းရေကို ကြည့်လိုက်ပြန်တော့ ရေအနက်က ဒူးဆစ် မြုပ်ရုံမျှသာ။ ချောင်းဟု ဆိုသော်လည်း ကျဉ်းကျဉ်းလေး မဟုတ်ပါ။ ချောင်းပြင်မှာ လွန်စွာ ကျယ်သည်။ ချောင်းရေသည် ညင်ညင်သာသာ စီးဆင်းနေသည်။

ရန်ပယ်ချောင်း၏ အခြေအနေ အရပ်ရပ်ကို ထောင့်စေ့အောင် လေ့လာ သုံးသပ်ပြီးနောက် တပ်ဖွဲ့ခေါင်းဆောင်က ချောင်းကို ဖြတ်ကူးရန် အမိန့်ပေးလိုက်သည်။

သရေခေတ္တရာ စစ်သည်တော်များသည် ချောင်းထဲသို့ မြားဦးသဏ္ဍာန် တရှိန်ထိုး ဆင်းလာကြသည်။ ချောင်းလယ်သို့ ရောက်ပြီ။ သို့သော် စည်တော်သံလည်း မကြား လှိုင်းလုံးကြီးများလည်း လိမ့်ဆင်းလာခြင်း မရှိပေ။ ရန်ပယ် လှိုင်းလုံးကြီး များကို ကြောက်ရွံ့ နေသောစိတ်၊ စိုးရိမ် ပူပန်နေသော စိတ်များ လွင့်စင် သွားကာ အားတက် လာကြသည်။ သို့ဖြင့် ညာသံများ ပေးကာ ဖြတ်ကူး နေကြသည်။

ရန်ပယ်ချောင်း မြောက်ဘက်ကမ်းတွင် လျှို့ဝှက် ချထားသော ဗိဿနိုး တပ်သား များသည် ရန်သူများကို ရန်ပယ် လှိုင်းလုံးကြီးများ အောက်တွင် နစ်မြုပ် သွားစေမည်၊ ရေတွင် မျောပါ သွားစေမည်ဟု ကြုံဝါးခဲ့ကြရာ ယခုမူ သူတို့ တွေးထင် ထားသလို မဟုတ်။ ရန်သူများ အန္တရာယ်ကင်းစွာ ချောင်းပြင် ကျယ်ကြီးကို ဖြတ်ကူး နေကြပြီ။ ရန်ပယ်စည်ကြီး တီးခပ်သံလည်း မကြားရ။ ယခင်ကလို ချောင်းရေတွေ လျှံကျ လာခြင်းလည်း မရှိ။ လှိုင်းလုံးကြီးတွေ လိမ့်ဆင်း လာခြင်းလည်း မရှိပြီမို့ ရန်သူများ သူတို့ရှိရာ တစ်ဖက်ကမ်းပေါ် တက်လာကြသည် အထိ အံ့အားသင့်ပြီး ကြောင်နေကြသည်။ ဗိုလ်လေးစက္က၏ 'တိုက်' ဟူသော အမိန့်ပေးသံကို ကြားမှာ အသိဝင်လာပြီး ထွက်တိုက် ကြတော့သည်။

သရေခေတ္တရာ တပ်ဦးသည် စစ်ချီတက်ရာ လမ်းတစ်လျှောက်လုံး မည်သည့် အနှောင့်အယှက်မျှ မတွေ့။ ဗိဿနိုးသား ဆို၍လည်း တစ်ယောက်တစ်လေမျှ မတွေ့ခဲ့ရ။ ယခု ရန်ပယ်ချောင်း တစ်ဖက်ကမ်းရောက်မှ ဗိဿနိုး စစ်သည်များနှင့် ရင်ဆိုင် တိုက်ကြ ရတော့သည်။

ပြင်းထန်သော တိုက်ပွဲကြီးကား စပေပြီ။ ထိုးကြခုန်ကြ၊ ပစ်ခတ်ကြနှင့် သွေးသံ ရဲရဲ၊ ကြောက်မက်ဖွယ် အနီးကပ် တိုက်ပွဲကြီး ဖြစ်သည်။ ဗိဿနိုးတို့သည် ဓားခုတ်၊ လှံထိုး ပညာများကို စနစ်တကျ ကျေကျေ ညက်ညက် သင်ယူ ထားကြ သူများဖြစ်သည်။ မပြတ် လေ့ကျင့်ကြသူများ ဖြစ်သည်။ ထို့ကြောင့် သရေခေတ္တရာ စစ်သည်များသည် ဗိဿနိုး စစ်သည် တို့၏ ဓားရေးလှံရေးကို အလူးအလဲ ခံနေကြရသည်။ အကြိတ်အနယ် ယှဉ်ပြိုင် တိုက်ခိုက် နေကြရသည်။ ဗိဿနိုးတို့၏ ဓားချက်၊ လှံချက်ဖြင့် အကျအရှုံး များနေပြီကို

လက်တွေ့ သိလာကြသည်။ ပွဲဦးထွက် တိုက်ပွဲတွင် သူတို့ ကျရှုံး၍ မဖြစ်။ သို့သော် သူတို့ အင်းအား တဖြည်းဖြည်း နည်းလာသည်။ သည်အချိန်မှာပင် ဟစ်အော် ကြွေးကြော်သံများ ပေးကာ သရေခေတ္တရာ စစ်သည်တော်များ ထပ်မံ ရောက်လာကြသည်။

စစ်ပွဲတို့မည်သည် အင်းအားနည်း အများမှာ ပဓာနမဟုတ်။ တိုက်ရေးခိုက်ရေး ကျွမ်းကျင်မှု၊ နည်းပရိယာယ် ကြွယ်ဝမှုသည်သာ အဓိက ဖြစ်သည်ဆိုသော သဘောတရား ကို ဗိဿနိုး စစ်သည်တော်တို့ ခေါင်းထဲတွင် စွဲမြဲနေအောင် ရိုက်သွင်းထားရာ သရေခေတ္တ ရာ အင်အား မည်မျှများပြား စေကာမူ သူတို့ စိတ်ဓာတ်မကျ။ စိုးရိမ် ပူပန်ခြင်းမရှိ။ ဗိဿနိုး မာန် အပြည့်ဖြင့် ရဲရဲဝံ့ဝံ့ စွန့်စွန့်စားစား တိုက်ခိုက်ကြသည်။ ပြီးတော့ ရန်သူများကို သည်နေရာမှ ကျော်လွန်ကာ ထိုးဖောက် မသွားနိုင်အောင် ခုခံနေကြသည်။

ပန်ထွာပြည်၏ တောင်ဘက်မြို့ရိုး၊ တောင်တံခါးပေါက်သည် အရေးအကြီးဆုံး ဖြစ်သည်။ တောင်မြို့ရိုး အခြေသို့ ရန်သူများ ထိုးဖောက် ဝင်ရောက် သွားပါက ပန်ထွာပြည် ၏ ကံကြမ္မာသည် မတွေးဝံ့စရာပင်။ ထို့ကြောင့် ဗိဿနိုး စစ်သည်များသည် ရန်သူကို အလစ် မပေးဘဲ သဲသဲမဲမဲ တိုက်ကြသည်။ နစ်ဖက်လုံး အကျ အရှုံးများသည်။ သို့သော် ရန်သူ့ ဘက်တွင်ကား တစ်တပ်ပြီး တစ်တပ် ရောက်လာမစဲ အင်အားဖြည့်မြဲ ဖြစ်၏။

မကြာခင်မှာပင် သရေခေတ္တရာ မြင်းတပ်ကြီးသည် ညာသံပေးကာ ချီတက် လာသည်။ ဗိဿနိုး စစ်သည်တော်များ အကြား အတင်းထိုးဖောက် ဝင်ရောက်ကာ တိုက်ခိုက် ကြသည်။ မြေပြင်တွင် ခြေလျင်စစ်သည် အချင်းချင်း တိုက်ခိုက်ရသည်သို့ မဟုတ်တော့ပြီ။ ရန်သူ သရေခေတ္တရာတို့သည် မြင်းပေါ်မှ တိုက်ခိုက် ကြသဖြင့် တစ်ပန်းသာ နေသည်။

ဤတွင် ဗိဿနိုး စစ်သည်များသည် မြို့ရိုးအခြေရှိ မြင်းသည်တော်များနှင့် ပူးပေါင်း တိုက်ခိုက် နိုင်ရန် ဆုတ်ရင်းတိုက်၊ တိုက်ရင်း ဆုတ်လာကြရာ တောင်ဘက်မြို့ရိုး

နှင့် တဖြည်းဖြည်း နီးကပ် လာသည်။ ဗိဿနိုး မြင်းတပ်နှင့် ပူပေါင်းကာ ရန်သူတို့ကို သဲသဲမဲမဲ ခုခံ တိုက်ခိုက်တော့သည်။ တိုက်ပွဲကား ပြင်းထန်လာပြီ။

ရန်သူတို့သည် တောင်တံခါး ပေါက်ကို ထိုးဖောက်နိုင်ရန် ကြိုးစားကြသည်။ ဗိဿနိုး တပ်များက ထိုးဖောက်ခွင့် မရအောင် ပိတ်ဆို့ ကာဆီးသည်။ သေသေကြေကြေ ခုခံ ကြသည်။ ဤတွင် လေကိုဖြတ်၍ ထွက်လာသော လေးမြားသံတွေ တဝီဝီ ကြားလာရ၏။ မြားမိုးတွေ ရွာချလိုက်ရာ သရေခေတ္တရာ တပ်သားများ၏ ရင်မှာ၊ ပခုံးမှာ၊ ပေါင်မှာ မြားတံတွေ လာစိုက်သည်။ မြင်းတွေလည်း မြားဒဏ်ကြောင့် နာနာကျင်ကျင် ဟီပြီး မတ်တတ် ရပ်လိုက်ကြသည်။ ဗိဿနိုး စစ်သည်တော်များကိုသာ အာရုံစိုက်ပြီး အသက်လု တိုက်ခိုက် နေရသည့် မြင်းသည်တော် တစ်ချို့ မြင်းပေါ်မှ ဒလိမ့် ခေါက်ကွေး ပြုတ်ကျကြကုန်၏။

ဗိဿနိုးဘက်မှ ဆက်သားများသည် တိုက်ပွဲ အခြေအနေကို ဘုရင်မထံ မပြတ် ပို့နေသည်။ ညီလာခံ ခန်းမထဲရှိ နိုင်ငံ့ အကြီးအကဲများ ထံသို့လည်း မပြတ် ပို့ကြရသည်။ ပို့လာသည့် သတင်းများမှာ အားရဖွယ် မရှိ။ မိမိတို့ဘက်မှ တဖြည်းဖြည်း အရေးနိမ့်နေပြီကိုတော့ တွက်ဆ မိကြသည်။ သရေခေတ္တရာကို နိုင်ခြေ မရှိလျှင် ဘုရင်မနှင့် တကွ နောက်တန်းမှ တပ်များကို ရသမျှ စုစည်းပြီး သည်နေရာမှ ရှောင်တိမ်းသွားရန် အကြံဉာဏ် ပေးကြသည်။ ဘုရင်မက ခါးခါးသီးသီး ငြင်းဆန်သည်။ သရေခေတ္တရာ မျိုးဆက်ကို ကောင်းကောင်းကြီး လက်စားချေဖို့ သန္နိဋ္ဌာန် ချထားသည် မဟုတ်လား။ ထို့ကြောင့်လည်း ငြိုးသူရန်ဘက် ဒွတ္တပေါင်၏ အသက်ကို အရယူနိုင်ဖို့ သည်နေရာမှ တစ်ဖဝါးမျှ မခွာနိုင်ဟု မိန့်မြွက်သည်။ ဘုရင်မသည် ညီလာခံ ခန်းမတွင် ကြာကြာမနေပါ။ ချက်ချင်း နန်းမြို့ရိုးပေါ်သို့ ပြန်ကြွတော် မူသည်။

နေဝင်သွားပြီ။ အမှောင်လွှာသည် တဖြည်းဖြည်း လွှမ်းခြုံလာ၏။ သူ့လူကိုယ့်လူ ထင်ထင်ရှားရှား မမြင်ရတော့။ ကွဲကွဲပြားပြား မသိနိုင်တော့။ သရေခေတ္တရာ တပ်များသည်

တောင်တံခါးမကြီးကို ချိုးဖျက်နိုင်ရန် ဝေးစွ။ တောင်မြို့ရိုး အခြေသို့ပင် ချဉ်းကပ်၍ မရနိုင်သေးပေ။

သည် အခြေအနေတွင် သရေခေတ္တရာ ဘက်မှ ဆင်တပ်ကြီး စစ်ကူရောက်လာသည်။ ဆင်ဆိုသည် ဓားလည်းမကြောက်၊ လှံလည်းမလန့်၊ မြားတံလည်း မမှု၊ သူကြောက်သည်မှာ ချွန်းသာဖြစ်သည်။ သူ့ကို ချွန်းတို့ လိုက်သည်နှင့် ဗိသနိုး တပ်တွင်းသို့ အတင်းထိုးဝင်သည်။ စစ်သည်တော်တွေ ဖရိုဖရဲ၊ အကွဲကွဲဖြစ်ကုန်သည်။ ဆင်နင်း၍ ကျဆုံးသွားသူတွေလည်း မနည်းပေ။ ရောမ ဆင်ကြီးများသည် မြို့ရိုး တံတိုင်းကြီးကို သူတို့ ဦးခေါင်းများဖြင့် အပြေးဝင်တိုက် နေကြသည်။ ဆင်ဦးကင်းမှ သွေးတွေယိုစီး ကျလာသည်။ ဒဏ်ရာရသွားသည့် ဆင်များသည် အသံ နက်ကြီးများဖြင့် အော်မြည်ကာ နောက်ဆုတ် သွားကြသည်။ နောက်ထပ် ဆင်များ ရောက်လာကြသည်။ သည်လိုပင် တံတိုင်းကြီးကို ဝင်တိုးကြပြန်သည်။ တောင်မြို့ရိုးတွင် ကြည့်ကြပ်နေသော တပ်မှူးလေး ဇေယျသည် ထိတ်လန့်သွား၏။ မြို့ရိုးကြီး၏ ထုထည်မှာ ထူထဲ ခိုင်ခံ့လွန်း၍သာ တော်တော့သည်။ တော်ရုံတန်ရုံမျှသာ ထူသော အုတ်တံတိုင်းသာ ဆိုပါက ပြိုကျလောက်ပြီ။

သို့သော် မြို့ရိုးကို အုတ်မြစ်မချဘဲ ပကတိ မြေသားပေါ်တွင် အုတ်တွေ စီပြီးတည်ဆောက်ထားရာ မြေဝင်အုတ် မရှိ။ တံတိုင်း၏ အောက်ခြေတွင်သာ မြေသားရိုးရိုးဖြင့် မံထားသည်။ သည်တော့ ဆင်တပ်ကြီး၏ အင်အားကို တံတိုင်းကြီး ကြံ့ကြံ့ ခံနိုင်ပါမည်လား။ ယခု အထိတော့ တံတိုင်း တစ်နေရာတွင်ရှိသည့် မြို့ဝင်ပေါက် ထဲသို့ ဆင်တစ်ကောင်မျှ မဝင် နိုင်သေးချေ။ ပေနစ်ဆယ့်ခန့်မျှ ကျယ်သော မြို့ဝင်ပေါက် ထဲသို့သာ ဆင်တွေ ဝင်သွား နိုင်ပါက အဝင်လမ်း ကျဉ်းကျဉ်းကလေး အဆုံးရှိ သစ်သားတံခါးကြီးကို ဖြိုဖျက်ဖို့ မခဲ ယဉ်းတော့ပေ။ ရန်သူများ ပန်ထွာပြည်တွင်းသို့ ရောက်ရန် လက်မတင် ကလေးမျှသာ လိုတော့သည်။ ထို့ကြောင့် တိုက်ပွဲ အခြေအနေကို နန်းတော်သို့ အမြန်ဆုံး ပို့ရန် ဆက်သားတစ်ယောက်ကို စေလွှတ်လိုက်သည်။ ပြီးတော့ မြို့ဝင်ပေါက် အတွင်းသို့ ရန်သူ့ဆင်တပ်

မဝင် နိုင်အောင် ပစ်ခတ်ကာကွယ် ထားကြရန် မြို့တံတိုင်းပေါ်ရှိ လေးသည်တော်များကို အမိန့် ပေးလိုက်သည်။

ညီလာခံ ခန်းမအတွင်း၌ကား ဆက်သား၏ အသံမှလွဲ၍ မည်သူ့အသံမျှ မကြားရ။ ဆက်သားသည် တောက်ဘက် မြို့ရိုးမှ တိုက်ပွဲ အခြေအနေကို ခရေစေ့ တွင်းကျ လျှောက်တင် နေသည်။ ပြီးပြည့်စုံအောင် လျှောက်တင်ပြီးနောက် ဘုရင်မ၏ အမိန့်တော်ကို နာခံရန် စောင့်ဆိုင်းနေ၏။

"သင်သွားနိုင်ပြီ၊ နောက်ထပ်တိုက်ပွဲ အခြေအနေကို မပြတ်ပို့စေ"

"အမိန့်တော်မြတ်ကို နာခံလျက်ပါ သခင်မ" ဟုဆိုကာ ဆက်သားလည်း ညီလာခံ ခန်းမထဲမှ ထွက်ခွာသွားသည်။

ဆက်သား ထွက်ခွာ သွားသည်နှင့် ဦးစွာ စတင် လျှောက်ထားသူမှာ သက်တော်ရှည်ဘိုးဘိုး ဖြစ်သည်။

"ယခု အတိုင်းဆိုလျှင် ပန်ထွာဘက်က အရေး နိမ့်နေပေပြီ။ ဘုရင်မအနေဖြင့် ရှေ့ဆက်မည်သို့ ဆောင်ရွက်မည်ကို သိလိုကြောင်းပါ"

"တောင်ဘက် တံခါးပေါက် မကျိုးပျက်သေးသမျှ အရေးနိမ့်ပြီလို့ မဆိုနိုင်ပေဘူး။ အကယ်တိ တောင်တံခါး ပွင့်သွားစေကာမူ ဗိသုနိုး သူရဲကောင်းတွေ တံခါးမကြီး အတွင်း ဘက်မှာ အသင့် အနေအထားနဲ့ ရောက်ရှိနေကြပြီ။ ကျွန်ုပ်ရဲ့ ဗိသုနိုး ပျူတွေဟာ လူရည် လူသွေး ထက်မြက်ကြတယ်။ ရဲရင့်ကြံ့ခိုင် ကြတယ်။ သည်စိတ်ဓာတ်တွေ ခိုင်မာလာအောင် ထူထောင် ပေးထားပြီးပြီမို့ ရန်သူကို အောင်မြင်မှာ မလွဲဘူးလို့ ကျွန်ုပ် ယုံကြည်တော် မူတယ်"

ဤတွင် အမတ်ကြီး ပဏ္ဍိတ်က သူ့သဘောထားကို ရဲရဲဝံ့ဝံ့ တင်လျှောက် လိုက်သည်။

"ဗိသနိုး စစ်သည်တော်များဟာ ဘုရင်မအတွက် ပန်ထွာပြည်အတွက် အသက် စွန့်ပြီး ကာကွယ်ကြမယ် ဆိုတာ ချွင်းချက်မရှိ ယုံကြည်ပါတယ်။ သည်နေရာမှာ ရန်သူကို လျှော့တွက်၍ မဖြစ်ကြောင်းပါ။ ဘုရင်မကို သိမ်းပိုက်ဖို့ ပန်ထွာပြည်ကြီးကို ပြာချပစ်ဖို့ ဒွတ္တပေါင် ဘုရင်ဟာ သူပိုင်ဆိုင်တဲ့ အင်္ကျောဘဏီ တပ်ကြီးကို အသုံးချမှာ မလွဲပါ။ အကယ်တိ ရန်သူ့အင်အားကို မခုခံနိုင်ပါက အညံ့ခံပါ မည်လား"

"ကျွန်ုပ်ရဲ့ ညီုးသူရန်ဘက် ဒွတ္တပေါင်ကို အညံ့ခံလိုက်ရင် ရာဇဝင် ရိုင်းသွား ပေမ ပေ့ါ ပညာရှိ အမတ်ကြီးရဲ့။ သင်းကို ကျွန်ုပ်ကိုယ်တိုင် တိုက်ခိုက် လက်စားချေရမှ ကျေနပ် နိုင်မယ်"

သည်အခါ ကိုယ်ရံတော် တပ်မှူးကြီး နန္ဒက ကန့်ကွက်သည်။

"အန္တရာယ်ကြီးမား လှတာကြောင့် ဘုရင်မ ကိုယ်တိုင် တိုက်ခိုက်ရန် မသင့် ကြောင်းပါ"

စစ်သေနာပတိကြီးကလည်း ဒွတ္တပေါင်ဘုရင်ကို ဘုရင်မကိုယ်တိုင် တိုက်ခိုက်ရန် မလိုကြောင်း သည်ကိစ္စမှာ ဗိသနိုး တပ်မတော်ကြီး၏ တာဝန်သာ ဖြစ်ကြောင်း တင်လျှောက်သည်။

ဘုရင်မကလည်း လုံးဝ အလျှော့မပေးပေ။ သေသေကြေကြေ သူကိုယ်တိုင် တိုက်ခိုက်ရမှ ကျေနပ်နိုင်မည်ဟု အထပ်ထပ် အခါခါ မိန့်တော်မူသည်။ အပြန်အလှန် ပြောနေကြသဖြင့် အချိန်အတန် လင့်သွားသည်။

ဤတွင် သက်တော်ရှည်ဘိုးဘိုးက လိုရင်းကို လျှောက်တင်သည်။

"ဘိုးဘိုး တင်လျှောက် ပါရစေဦး၊ ခုအချိန်ဟာ အရေးအကြီးဆုံး အချိန် ရောက်နေ ပြီ။ မိုးမပြို ပြိုခဲ့သည် ရှိသော် ဘိုးဘိုးတို့ ဘာဆက်လုပ် ကြမလဲ။ ကြိုတင်ပြီး စဉ်းစား ထားရမယ်"

"ဘိုးဘိုးက ဘယ်လိုများ စဉ်းစားထားပါသလဲ" ဘုရင်မက မေးတော်မူသည်။

"ဘိုးဘိုးရဲ့ သဘောကတော့ ဒွတ္တပေါင် လက်အောက် အရောက်မခံဘဲ ဒီက တိမ်းရှောင် သွားစေ လိုပါတယ်"

"ဒါတော့ မဖြစ်နိုင်ဘူး၊ ဘယ်နည်းနဲ့မှ မဖြစ်နိုင်ဘူး ဘိုးဘိုး"

ဘုရင်မက ခါးခါးသီးသီးငြင်းသည်။

ကျန်သော မှူးကြီးမတ်ကြီးများ၏ သဘောမှာလည်း ဘုရင်မအား ဗိသနိုးမှ တိမ်းရှောင် သွားစေလိုသည်။ သို့သော် ဘုရင်မ၏ စိတ်ဓာတ်ကို သိကြသဖြင့် မည်သူမျှ မပြော ဝံ့ကြပေ။ ယခု ဘိုးဘိုးက ပြောပြီ။ သည်တော့မှ အားလုံးကလည်း တိမ်းရှောင် သင့်ကြောင်း လျှောက်တင်ကြသည်။ ဘုရင်မသည် ငြင်းမြဲ ငြင်းဆိုလျက်ပင်။

သက်တော်ရှည်ဘိုးဘိုး မနေသာတော့ပြီ။

"ဘိုးဘိုး ပြောပါရစေ။ ဒွတ္တပေါင်ကို ဘုရင်မကိုယ်တိုင် ခုခံ တိုက်ခိုက်မယ် ဆိုရင် အနိုင်အရှုံး တစ်ခုခုတော့ ရှိလာမှာပဲ။ ပစ္စက္ခ အနေအထားအရ အောင်နိုင်ဖွယ် မမြင်ပါ။ သည်တော့ အကျ အရှုံးများစွာနဲ့ ဒွတ္တပေါင် လက်အောက် အရောက်ခံမလား၊ လွတ်ရာကို တိမ်းရှောင်ပြီး လူသူလက်နက် အင်အား တောင့်တင်းလာမှ ပြန်လည် တိုက်ခိုက်မလား၊ စဉ်းစား ဆုံးဖြတ်ချိန် တန်ပါပြီ"

ဘုရင်မသည် ငြင်းဆိုခြင်း မပြုတော့ပေ။

"ဘိုးဘိုး တင်ပြချက်မှာ ကြောင်းကျိုး ဆီလျော်တဲ့အတွက် လက်ခံတော်မူတယ်။ ပြောင်းရွှေ့ သွားမယ့် နေရာကိုရော ရွေးချယ် သတ်မှတ်ပြီးပြီလား ဘိုးဘိုး"

"ပြောင်းရွှေ့ဖို့ နေရာကို ဒီခန်းမထဲမှာ ရောက်နေကြတဲ့ ပရိသတ်တွေ အားလုံး ဝိုင်းပြီး စဉ်းစားကြရင် ကောင်းမယ်လို့ ဘိုးဘိုးထင်တယ် ဘုရင်မ"

"ကောင်းပြီ။ ပြောင်းရွှေ့ သင့်တဲ့နေရာကို အကြံပေး လျှောက်တင်ကြစေ"

ဤတွင် အမတ်ကြီး ပဏ္ဍိတ်က "ဒီယင်း လွင်ပြင်ကြီးရဲ့ အဓိက အပိုင်း ဖြစ်တဲ့ မြောက်ဘက်က မြို့တပ်မြို့ကို ပြောင်းရွှေ့ရင် ရန်သူနဲ့ အလှမ်းဝေးတာကြောင့် လုံခြုံမှု ရှိမယ် ထင်ကြောင်း အကြံ ပြုလိုပါတယ်ဘုရင်မ" ဟု တင်လျှောက်သည်။

အမတ်ကြီး ဇလသူရကမူ "ပန်ထွာပြည်ရဲ့ အရှေ့မြောက်ဘက် လောက်မှာမြို့ လုလင် ရှိပါတယ်။ စွန်ချောင်းဟာ ပဲခူးရိုးမက စပြီး မြို့လုလင်ကို ဖြတ်ကာ စီးဆင်း နေတာကြောင့် စိုက်ပျိုးရေးအတွက် ရေအလုံအလောက် ရနိုင်ပါတယ်" ဟု အကြံ ပေးသည်။

"အခုတင်ပြကြတဲ့ နေရာများဟာ ပန်ထွာပြည်နဲ့ အလှမ်းဝေးတာတော့ အမှန်ပါပဲ။ မြေ မျက်နှာပြင် အနေအထားကို ကြည့်မယ် ဆိုရင်တော့ မြို့ဝန်းကျင်မှာ တောင်ကုန်း၊ တောင်တန်း၊ ကုန်းမြင့်တွေ မရှိပါဘူး။ တစ်ချိန်ချိန်မှာ ဒွတ္တပေါင်ဘုရင် ဖြစ်စေ၊ အခြား တစ်ဦးဦး ဖြစ်စေ လာရောက် တိုက်ခိုက်မယ် ဆိုရင် သဘာဝ အရံအတားတွေ မရှိတဲ့ အတွက် ရန်သူက အလွယ်တကူ တိုက်ခိုက် နိုင်ပေလိမ့်မယ်။ ကျွန်တော်မျိုး သဘောအရ ဆိုရင် ဒီနှစ်နေရာစလုံး သင့်တော်မယ် မထင်ကြောင်းပါ" ဟု စစ်သူကြီး သမန္တက နိုင်ငံ ကာကွယ်ရေး ရှုထောင့်မှ ကြည့်ပြီး လျှောက်ထားသည်။

ဘုရင်မသည် အကြံပေးချက်များကို ဝေဖန်ခြင်း လုံးဝ မပြုသေးပေ။ ခန်းမကြီး ထဲတွင် မည်သူမျှ စကား မပြောကြဘဲ အတွေးကိုယ်စီနှင့် ငြိမ်သက်နေသည်။ ဤတွင် သက်တော်ရှည် ဘိုးဘိုးက "အချိန် မရှိတော့ဘူး။ မြန်မြန် စဉ်းစားကြပါ" ဟု လှုံ့ဆော် လိုက်၏။

ဤတွင် ငွေတိုက်တော် ဝန်မင်းက လျှောက်တင်သည်။

"ကျွန်တော်မျိုး အနေနဲ့ ယခုလို တည်ဆောက်ပြီး မြို့ပြများကို ရွေးချယ်သည် ထက်၊ လုံခြုံစိတ်ချ ရသည့် ဒေသ တစ်ခုခုကို ရွေးချယ်ကာ သီးခြား နိုင်ငံတော်သစ် ထူထောင် သင့်ကြောင်း အကြံ ပြုပါရစေ"

"ဝန်မင်းရဲ့ လျှောက်တင်ချက်မှာ သင့်မြတ် လျော်ကန် လှပေတယ် နိုင်ငံတော်သစ် တည်ဆောက်ရန် နေရာဒေသကို အမြန်ဆုံး ရွေးချယ်ကြစေ" ဟု ဘုရင်မက ချက်ချင်း မိန့်တော်မူသည်။

သို့ဖြင့် နိုင်ငံတော်သစ် တည်ဆောက်မည့် ဒေသကို ရွေးချယ်ကြသည်။ ဦးစွာ ပဲခူး ရိုးမ တောင်ဆွယ်ကို စဉ်းစားကြ၏။ သည်တောင်စွယ်သည် ပန်ထွာပြည်၏ အရှေ့ဘက် တွင် ရှိသည်။ ရိုးမ၏ အရိပ်ကို ခိုလှုံရသဖြင့် အေးချမ်း သာယာရှိမည်။ ရိုးမကြီးသည် သဘာဝ အတားအဆီးဖြစ်၍ ရန်သူများ နောက်ယုက်ခြင်းမှ ကင်းဝေး နိုင်သည်ဟု စဉ်းစား ကြသည်။ သို့သော် အမတ်ကြီး ပဏ္ဍိတ်က သည်ခရီးသည် မနီးပါ။ ပဲခူးရိုးမတောင်ဆွယ်သို့ သွားရာ လမ်းခရီးတွင် စတုံချောင်းနှင့် ချောင်းလက်တက်များ များစွာရှိသည်။ ပန်ထွာပြည် နှင့် ပဲခူးရိုးမ တောင်ဆွယ် ကြားတွင် တောင်ကုန်း၊ တောင်တန်း များလည်း မရှိ။ `ယင်းလွင်ပြင်´၏ မြေပြန့် ဒေသကို ဖြတ်သွား ရမည်။ ချောင်းလက်တက်များကြောင့် ခရီး နှောင့်နှေးမည်။ မြေပြန့် လွင်ပြင်ကြီးမှာ ပြောင်းရွှေ့ တပ်များကို ရန်သူများ အလွယ်တကူ ခြေရာ ကောက်နိုင်သည်ဟု တင်ပြသည်။ ထို့ကြောင့် ပဲခူးရိုးမ တောင်ဆွယ်ကို ပယ်လိုက် ကြသည်။

တဖန် ဆွာချောင်း၏ မြောက်ဘက်ကမ်းထိပ် အနီး၌ ရွာဟောင်းကြီး ရှိခဲ့ဖူးသော နေရာကို စဉ်းစား ကြပြန်သည်။ သည်နေရာ အနီးမှာ ခပေါင်းချောင်း ရှိသည်။ ခပေါင်းချောင်း ရေတက်လျှင် သည်နေရာကို ရေဝိုင်းသည်။ သဘာဝ အတားအဆီးဖြစ်၍ ရန်သူများ မဖျက်ဆီးနိုင်။ ဗိဿနိုးရှိ ရန်ပယ်ချောင်းနှင့် အလား တူသည်မို့ သည်နေရာကို စဉ်းစား ကြသည်။ သို့သော် ရန်သူ ရှိရာနှင့် ပို၍ နီးကပ်နေ ပြန်သည်။ ထို့ကြောင့် ပယ်ချ လိုက်ကြ၏။

ဤတွင် အတွင်းကိုယ်ရံတော် တပ်မှူး မယ်သစ္စာက မဝံ့မရဲ တင်လျှောက်သည်။

"ဘုရားကျွန်မ မယ်သစ္စာအား တင်လျှောက်ခွင့် ပြုတော်မူပါ ဖုရား၊ ဘုရင်မဆန္ဒ ရှိတော် မူပါက ဘုရားကျွန်မ၏ ဇာတိမြေ စစ္စနို့ရွာသို့ ဖိတ်ခေါ် အပ်ပါတယ် ဖုရား"

"စစ္စနို့ရွာ ဘယ်မှာရှိတယ်။ မည်သို့ သွားရတယ်ဆိုတာ လျှောက်တင်ဦးလော့"

"မှန်လှပါ။ စစ္စနို့ဟာ ဧရာဝတီမြစ် အနောက်ဘက် မလွန်ရဲ့ ကျောဘက်ရှိ တောင်တန်း အနောက်ဘက်မှာ ရှိပါတယ်ဖုရား၊ သွားရမည့် လမ်းကြောင်းကို တင်လျှောက် ပါ့မယ်။ ပန်ထွာပြည်ကြီးရဲ့ အနောက်ဘက်မှာ တောင်မြောက်တန်းနေတဲ့ ကုန်းမြင့်တန်း တစ်ခု ရှိပါတယ်။ သည်ကုန်းမြင့်တန်းဟာ ပန်ထွာပြည်ကို ဧရာဝတီ မြစ်ကြောင်းမှ ခွဲခြား ကာကွယ် ပေးထားတဲ့ အရံ တံတိုင်းကြီးပါပဲ။ ဒီကုန်းမြင့်တန်းကို ကျော်ဖြတ်ပြီး ဧရာဝတီမြစ် ကမ်းရောက်လျှင် မြစ်ကို ဖြတ်ကူးဖို့တော့ ကမ်းစပ်ရွာတွေက ကူညီ ပါလိမ့်မယ်။ ဧရာဝတီ မြစ်ရဲ့ ဟိုမှာဘက် ကမ်းမှာတော့ မယ်သစ္စာတို့ ဆွေမျိုးနီးစပ်တွေ ချည်းမို့ ဘာမျှ စိုးရိမ်ဖွယ် မရှိကြောင်းပါ ဖုရား"

"ကောင်းပြီလေ၊ စစ္စနို့ကိုပဲ ရွေးချယ်ကြတာပေါ့။ လိုအပ်သလို စီစဉ်ဖို့ ဘိုးဘိုးကိုပဲ လွှဲလိုက်မယ်။ အားလုံးဘိုးဘိုး စီစဉ်သည့် အတိုင်း နာခံကြစေ"

သည်အချိန်မှာပင် ဆက်သား တစ်ယောက် ရောက်လာပြီး တောက်ဘက်မြို့ရိုး တံခါးမကြီး ပွင့်သွားပြီ ဖြစ်ကြောင်း၊ မြို့တွင်းရှိ ဗိဿနိုးတပ်များ အပြင်းအထန်ခုခံ နေကြရပြီ ဖြစ်ကြောင်း သံတော်ဦး တင်သည်။

ဘုရင်မသည် ချက်ချင်းပင် နန်းမြို့ရိုးဆီသို့ ကြွသွားသည်။ အထိန်းတော်ကြီး မိအူလည်း ဘုရင်မ နောက်တော်ပါးမှ လိုက်ခဲ့သည်။ သို့သော် ကိုယ်ရံတော် တပ်မှူးကြီးက အထိန်းတော်ကြီးအား ဘုရင်မ၏ ရတနာ ပစ္စည်းများ ထုပ်ပိုးယူဆောင်ရန် သတိပေးပြီး နန်းမြို့ရိုးပေါ်သို့ လိုက်သွားသည်။

ညီလာခံ ခန်းမ အတွင်း၌ကား သက်တော်ရှည် ဘိုးဘိုးက လုပ်ဆောင်ကြရမည့် ကိစ္စများ စီမံ ခန့်ခွဲပေးသည်။ ရိက္ခာဆိုင်ရာ ဝန်ကြီးအား လှည်းများဖြင့် ရိက္ခာများ အမြန် တင်ရန်၊ ငွေတိုက်ဝန်က ဘဏ္ဍာတော်ငွေများကို လည်းကောင်း လှည်းများပေါ် အမြန်ဆုံး တင်ကြရန် ပြောကြားသည်။

"အရေး အကြီးဆုံးကတော့ စစ်သည်တော်တွေ စုဆောင်းနိုင်သမျှ ကျုပ်တို့နဲ့အတူ လိုက်ပါနိုင်ဖို့ပဲ။ ဒီကိစ္စကိုတော့ မဟာသေနာပတိကြီးက တာဝန်ယူပါ။ ကျုပ်တို့ ဒီက ထွက်ခွာ သွားတော့မယ် ဆိုတာ တစ်ဖက် ရန်သူတွေ မရိပ်မိအောင် တတ်နိုင်သမျှ ပိရိပါစေ" ဟု သက်တော်ရှည်ဘိုးဘိုးက သတိပေးသည်။

"စိတ်ချပါ။ ကျွန်တော် အားလုံး တာဝန်ယူပါတယ်" ဟု မဟာသေနာပတိ ကြီးကလည်း ကတိပေးသည်။

"ကျုပ် မှာကြားချင်တာက အချိန်ဆွဲလို့ မဖြစ်ဘူး၊ မြန်မြန်ဆန်ဆန် လုပ်ကြပါ။ လမထွက်မီ နယ်ခြားရောက်ဖို့ အရေးကြီးတယ်။ စုရပ်ကတော့ နန်းတော်ကုန်းရဲ့ အနောက် မြောက်ဘက် အင်းရွာကြီးရဲ့ ရွာဦးစေတီပဲ။ မြောက်ဘက် တံခါးပေါ်က ပြောင်ပြောင် တင်းတင်း ထွက်ခွာကြလို့ မဖြစ်ဘူး၊ စုရပ်ကိုသာ အချိန်မီ ရောက်လာကြပါ၊ ဒါပဲ"

သက်တော်ရှည် ဘိုးဘိုး၏ ညွှန်ကြားချက် ဆုံးသည်နှင့် လူစုခွဲကြသည်။ မဟာသေနာပတိကြီးသည် ညီလာခံ ခန်းမ၏ တံခါးတွင် အစောင့်များ ချထားသော စစ်သည်တော်လေးကို လှမ်းခေါ်ပြီး မြင်းတပ်မ တာဝန်ခံ မင်းမှူထမ်းအား ဖောင်းထဲရှိသမျှ မြင်းများကို နန်းတော်အနောက် တံခါးအနီးသို့ ယူလာရန် မှာကြားပြီး တိုက်ပွဲရှိရာသို့ ထွက်ခွာသွားသည်။

တိုက်ပွဲ အခြေအနေကား ပြင်းထန်လျက် ရှိ၏ သရေခေတ္တရာ တပ်များသည် နန်းတော် ကုန်းဆီသို့ ဦးတည်နေသော လမ်းမကြီးကို ထိုးဖောက်နိုင်ရန် ကြိုးစားနေသည်။ ဗိသနိုးတပ်များက အပြင်းအထန် ခုခံနေရသည်။ မကြာခင်မှာပင် ရန်သူ့ဘက်မှ မီးမြားများ

ကောင်းကင် ဆီသို့ တက်လာပြီး ပန်ထွာပြည် တောင်ပိုင်း လူနေရပ်ကွက်များ အတွင်းသို့ မြားတံတွေ ကျသွားသည်။ အိမ်တွေမီးစွဲ လောင်ကုန်သည် ပြည်သူတွေမှာ မီးလွတ်ရာသို့ ပြေးရင်း လွှားရင်း ရှောင်တိမ်းနေကြသည်။ အော်သံဟစ်သံ ငိုယိုသံများမှာ ငရဲပွက်သည်သို့ ဆူညံ နေသည်။ မီးတောက်ပြင်းသည့် နေရာများတွင် နေ့အလား လင်းထိန်နေသဖြင့် ပြည်သူများ ပြေးလွှား နေသည်ကိုပင် မြင်နေရသည်။

နန်းမြို့ရိုးပေါ်တွင် နေရာယူထားသော ဘုရင်မသည် ပန်ထွာပြည်အနှံ့ ဟိုမှသည်မှ မီးတွေ တောက်လောင် နေသည်ကို မြင်ရသည့်အခါ ဒေါသအမျက် ချောင်းချောင်း ထွက်လာသည်။

ကနဦးက ဒွတ္တပေါင်ဘုရင်သည် မိမိကို ပိုင်ဆိုင်လိုမှု အတွက် မိမိကို ဖမ်းဆီး ခေါ်ဆောင် သွားလိုမှု အတွက်သာ တိုက်ဆိုင်သည်ဟု ထင်ခဲ့သည်။ ယခုမူ ပန်ထွာပြည်ကြီး ပြာကျ သွားအောင် လုပ်နေပြီ။ ပျူလူမျိုး အချင်းချင်း ညှာတာ ထောက်ထားခြင်း မရှိ။ သနား စာနာခြင်း မရှိ။ ဗိသနိုးပျူများ ဘဝပျက်အောင် ရက်စက်ကြမ်းကြုတ် နေပြီကော။ ထို့ကြောင့် ဒွတ္တပေါင်ဘုရင် အပေါ် ပို၍ပို၍ အခဲမကြေ ဖြစ်လာသည်။

သည်အချိန်မှာ မဟာသေနာပတိကြီးသည် ရန်သူ့ လက်နက်များ၊ မြားတံများကို ရှောင်ရင်းတိမ်းရင်း တိုက်ပွဲဝင် အရာရှိကြီးငယ်၊ အကြပ်၊ တပ်သား စစ်သည်တော်များအား တိုက်ရင်း မသိမသာ ဆုတ်ခွာရန် အဆင့်ဆင့် ပြောကြားစေသည်။ အားလုံး ခေါင်းခါ ကြသည်။ `ဘုရင်မအတွက် အသက် အသေခံမည်။ ဘုရင်မကိုသာ လွတ်ရာသို့ ဆောင်ကြဉ်း သွားပါ။ သူတို့ မတိမ်းရှောင်လိုပြီ။´ သည်လို တုံ့ပြန်ကြသည်။

မဟာသေနာပတိကြီး အကြပ်တွေ့ပြီ။ စစ်သည် အားလုံးကို သည်မှာ ထားရစ် ခဲ့၍ မဖြစ်၊ ဘုရင်မ နှင့်အတူ စစ်သည်တော်များ အတူ ပါသွားရန်လည်း အရေးကြီးသည်။ မဟာသေနာပတိကြီး မတတ်နိုင်တော့ပြီ။ သို့ဖြင့် တိုက်ပွဲအတွက် အင်အားဖြည့်ရန် စောင့်ဆိုင်း နေကြသော တပ်ဖွဲ့များကို အမိန့်ပေးပြီး ခေါ်ယူရတော့သည်။

ရန်သူ့ဘက်မှ ပစ်လိုက်သော မီးမြားများ တဖြည်းဖြည်း များလာသည်။ နန်းမြို့ရိုး အနီးသို့ပင် မီးမြားတံများ ကျလာချေပြီ။

စစ်သူကြီးဂဇဗလနှင့် ဂဇသူရတို့သည် အခြေမလှတော့ပြီကို သိသည်နှင့် နန်းတော်သို့ သတင်း ပို့စေသည်။

"ဗိုလ်ဇေယျ၊ တပ်မှူးကြီးနန္ဒကိုပြော။ ဘုရင်မကို ခေါ်ပြီး နန်းတော်က ခုချက်ချင်း ထွက်ခွာတော့လို့ ငါတို့ သည်နေရာက ရန်သူကို ထိန်းထားမယ်။ မင်းလည်း သူတို့နှင့်အတူ လိုက်သွားတော့"

ဗိုလ်ဇေယျလည်း မြင်းကို အပြင်းနှင်ကာ သတင်းပို့သည်။

ဘုရင်မက သည်နေရာမှ မခွာနိုင်။ စစ်သည်တော်များနှင့် အတူ တိုက်ရင်း အသေခံမည်ဟု မိန့်တော်မူသည်။

ဤတွင် ကိုယ်ရံတော်တပ်မှူးကြီး နန္ဒသည် ဘုရင်မကို စွေ့ခနဲ ပွေ့ချီလိုက်သည်။ ပြီးတော့ `မယ်သစ္စာ၊ ဘာငိုင်နေတာလဲ။ ဒီနေရာက မြန်မြန် ထွက်ခွာကြတော့၊ နန်းမြင့်ပေါ်က ယုဇာကိုလည်း မေ့မထားကြနှင့်ဦး´ ဟု လှမ်းပြောကာ နန်းမြို့ရိုး ပေါ်မှ အမြန် ဆင်းသွားသည်။

ဘုရင်မလည်း သူ့ကို ပွေ့ချီလိမ့်မည်ဟု မထင်မှတ်သဖြင့် အငိုက်မိသွားသည်။ သို့ဖြင့် တပ်မှူးကြီး၏ လက်ထဲတွင် ရုန်းရင်းကန်ရင်း ပါသွားသည်။ တပ်မှူးကြီးသည် နန်းတွင်း ဆောင်များကို ဖြတ်သွားရင်း အပျိုတော်များ၊ ရံရွေတော်များကိုလည်း အမြန် ထွက်ခွာ သွားကြဖို့ လှမ်းအော် သွားလိုက်သေးသည်။ အပျိုတော်များကား စောစော ကတည်းကပင် ထွက်ပြေး သွားကြပြီမို့ တစ်ယောက်မျှ မရှိတော့ပေ။

အထိန်းတော်ကြီး မိအူလည်း တပ်မှူးကြီး၏ ခြေလှမ်းကို အမှီ လိုက်နေရသည်။ မကြာမီပင် နန်းတော် အနောက် တံခါးသို့ ရောက်လာကြသည်။ ဘုရင်မကို မြင်းတစ်စီးပေါ်

တင်ပေးလိုက်၏။ တပ်မှူးကြီးနှင့် မိအူတို့လည်း အသီးသီးမြင်းပေါ် တက်လိုက်ကြသည်။ မယ်သစ္စာတို့လည်း ရောက်လာကြသည်။ အချို့ မြင်းနှင့်၊ အချို့လည်း မြင်းမပါ။ မြင်းမပါ သူများအား မြင်းဇောင်းမှ ယူလာသော မြင်းများကို စီးစေသည်။ မှောင်နှင့် မည်းမည်းမို့ မည်သူ မည်ဝါ မသဲကွဲပါ။ မိမိတို့ လှုပ်ရှားမှုကို တိုးတိတ် ညင်သာစွာ လုပ်ကြသည်။ မည်သူမျှ အသံ မထွက်ဝံ့ကြပေ။ နောက်ထပ် ရောက်လာသူမရှိ။ နန်းတွင်း၌ လူကုန် လောက်ပြီမို့ စုရပ် ဖြစ်သည့် အင်းရွာကြီး ထိပ်ရှိ ရွာဦးစေတီ ဆီသို့ ဦးတည်ထွက်ခွာ လာကြသည်။

အထိန်တော်ကြီး မိအူသည် နန်းတော်မှ ထွက်ခွာလာသည်နှင့် အမေမျက်ခြယ်ကို ချက်ချင်း သတိရသည်။ အမေတစ်ခု သမီးတစ်ခုမို့ ယခုလို အန္တရာယ်နှင့် ကြုံလာသည့်အခါ မည်မျှ အားငယ် နေရှာမလဲ။ သမီး ဖြစ်သူကိုလည်း မျှော်နေရှာမည် ဧကန်။ မိအူသည် ဘုရင်မ နောက်မှ လိုက်နေရသော်လည်း အမေ့အတွက် နောက်ဆံ တင်းနေသည်။ အမေ မျက်ခြယ်က နန်းတော် အပြင်ဘက် သာမန် ရပ်ကွက်မှာပင် နေထိုင်သည်။ မိအူသည် ဘုရင်မ၏ မြင်းနောက်က လိုက်နေရာမှာ မသိမသာ ခွာ၍လိုက်သည်။ တဖြည်းဖြည်းနှင့် အုပ်စုကြီး၏ ဘေးအစွန်သို့ ရောက်အောင် မြင်းကို နှင်လာသည်။ လမ်းကြားသစ်ပင်ကြီး တစ်ပင် အနီးသို့ ရောက်သည်နှင့် ပင်စည်ကြီး နောက်သို့ အသာ ဝင်လိုက်သည်။ မှောင်ပိန်း နေသဖြင့် ပင်စည် နောက်တွင် သူ ကျန်ရစ် ခဲ့သည်ကို မည်သူမျှ မသိလိုက်ကြပေ။ အုပ်စုကြီး ခပ်လှမ်းလှမ်းသို့ ရောက်သွားသည်နှင့် မိအူသည် အမေ့အိမ် ဆီသို့ မြင်းကို ဒုန်းစိုင်း လေတော့သည်။

အင်းရွာကြီးထိပ်ရှိ ရွာဦးစေတီသို့ ဘုရင်မနှင့်အဖွဲ့ ရောက်တော့ လူစုံတက်စုံ ရောက်နကြပြီ။ ဘုရင်မအတွက် ရထား တစ်စီးလည်း အဆင်သင့် စီစဉ်ထားရာ ဘုရင်မလည်း ရထားပေါ်သို့ ပြောင်း၍ စီးသည်။ ဤတွင် ဘုရင်မနှင့် အတူ လိုက်ပါသွားရန် အထိန်တော်ကြီး မိအူကို ရှာကြသည်။ မတွေ့တော့ပေ။ သို့ဖြင့် မယ်သစ္စာကိုပင် ဘုရင်မနှင့် အတူ လိုက်စေ ရတော့သည်။

ဘုရင်မ ရောက်သည်နှင့် မြောက်မြို့ရိုး လျှို့ဝှက် တံခါးမှ စတင် ထွက်ခွာကြသည်။ နံနက် အလင်းရောင် မလာမီ ကုန်းမြင့်တောင်တန်း၏ တစ်ဘက်သို့ ရောက်ဖို့ အရေးကြီးသည်။ ထို့ကြောင့် ခရီးပြင်း နှင်ကြရသည်။

မိအူ၏ အဖြစ်မှန်ကို မသိသော ဘုရင်မက မိအူ သစ္စာဖောက် သွားပြီဟု တွေးကာ ဒေါသ ဖြစ်နေသည်။ သည်လို ထင်မည်ဆိုလည်း ထင်စရာပင်။ ဘုရင်မ၏ လက်ဝတ် ရတနာများ အားလုံး အထိန်းတော်ကြီး မိအူ လက်ထဲမှာ ပါသွားသည် မဟုတ်ပါလား။ တစ်သက်လုံး သင်းအပေါ် ကောင်းခဲ့သမျှ ယခုလို အရေးကြီးသည့် အချိန်တွင် ရက်ရက် စက်စက် သစ္စာ ဖောက်သွားသည် ဆိုကာ ဘုရင်မသည် မကြေမချမ်း ဖြစ်နေသည်။

လမ်းခရီး တစ်လျှောက်လုံး အနှောင့်အယှက် မရှိပါ။ လမ်းဘေးဝဲယာရှိ ရွာကလေး များမှာလည်း ရွာသိမ်ရွာငယ် ကလေးများသာ ဖြစ်သည်။ ပြီးတော့ မှောင်မိုက်သော ညနှင့် အတူ အားလုံး အိပ်မောကျ နေကြပြီ။ ထို့ကြောင့် ဘေးရန် ကင်းရှင်းစွာ အေးချမ်းစွာ ကုန်းမြင့်တန်းကို ကျော်ဖြတ် နိုင်ခဲ့ကြသည်။ ကုန်းမြင့်တန်း၏ ဟိုမှာဘက်ကို ရောက်တော့ အရုဏ်တက်ပြီ။

တစ်ညဥ့်လုံး မအိမ်ဘဲ ခရီးပြင်း နှင်လာကြရသဖြင့် ပင်ပန်း နွမ်းနယ်လှပြီ။ သို့ရာတွင် အနားမယူ ကြသေးဘဲ ခရီး ဆက်ကြ ပြန်သည်။ နေထန်း တစ်ဖျားလောက်တွင် မယ်သစ္စာတို့ ဆွေမျိုးများ ရှိသည့် ရွာသို့ရောက်သည်။ သည်ရွာမှာ စခန်းချ ရပ်နား ကြသည်။ ရွာခံများသည် မယ်သစ္စာနှင့် ပတ်သက်ပြီး ဘုရင်မအား ကြည်ညိုရင်းစွဲ ရှိသဖြင့် ကောင်းစွာ ဧည့်ခံ ပြုစုကြသည်။ ပြီးတော့ ညဥ့်တွင်းချင်း ရောဝတီမြစ်ကို ဖြတ်ကူးနိုင်ရန် လှေတွေ ရှာကြသည်။ ဖောင်တွေ ဖွဲ့ကြသည်။ ဗိဿနိုး စစ်သည်တော်များကလည်း စခန်းချ ရပ်နားရာ ပတ်လည်မှာ ကင်းစောင့်ကြသည်။

နေဝင်လုပြီ။ နေရောင်ခြည်သည် မြစ်ရော၏ ရေပြင်ကို ဟပ်သဖြင့် တဖျပ်ဖျပ် လက်နေသည်မှာ ရှုမငြီး နိုင်စရာပင်။ အဖြူရောင် တိမ်တွေကလည်း အဆုပ်လိုက်

အခဲလိုက်။ သည်တိမ်တိုက် တွေကို နေရောင် ဖျန်းလိုက်သဖြင့် အဝါရောင် တစ်ခါ၊ အပြာရောင် တစ်မျိုး၊ မီးခိုးရောင် တစ်သွယ်၊ တင့်တယ်လှပလို့ နေသည်။ မြင်ရသူအဖို့ ကြည်နူးအေးချမ်း စရာပင်။

သို့သော် ရောကမ်းစပ်ရှိ ယာယီ တဲနန်းတွင် ခေတ္တ စံမြန်းနေသော ဘုရင်မမှာမူ မအေးချမ်း နိုင်ပေ။ မြစ်ပြင်ကျယ်ကြီးကို ငေးမော ကြည့်နေသော်လည်း သူ့ အကြည့် အာရုံထဲတွင် သဘာဝ အလှကို မမြင်။ သွေးသံရဲရဲ ပန်ထွာ တိုက်ပွဲကိုသာ မြင်ယောင် နေမိသည်။ သည်အနိဋ္ဌာရုံ မြင်ကွင်းထဲမှာ မည်မျှကြာကြာ နစ်မျောနေသည်မသိ။

"ခရီးဆက်ရန် အချိန်တန်ပါပြီ သခင်မဖုရား" ဟု မယ်သစ္စာ သတိပေးသံ ကြားမှ အသိ ကပ်မိ တော့သည်။ လှမ်းကြည့်လိုက်တော့ နေလုံးလည်း ပျောက်ကွယ်ခဲ့ပြီ။

မှောင်ရီး သန်းလာသည်နှင့် ရောဝတီမြစ်ကို စတင် ဖြတ်ကူးကြသည်။ တစ်ပြိုင်တည်း၊ တစ်ခေါက်တည်းဖြင့် မရ။ ကူသယ်ခေါက်သယ် ရက်ကန်း ရှယ်သကဲ့သို့ အခေါက်ခေါက် အခါခါ ပို့ဆောင်ကြရသည်။ မြစ်တစ်ဖက်ကမ်းသို့ လူစုံတက်စုံ ရောက်သည်နှင့် ခရီးဆက်ကြသည်။

နိုင်ငံတော်သစ်ကို တည်ဆောက်မည့် ပန်ထွာဘုရင်မနှင့် အဖွဲ့ကြီးသည် စစ္စနို့သွား ခရီးလမ်း တစ်လျှောက် တောင်ကုန်းတွေလျှင် တက်လိုက်ဆင်းလိုက်၊ တောအုပ်ညို့ညို့ကို မြင်လျှင် ကျော်ဖြတ်လိုက်နှင့် ခရီးနှင်ခဲ့ကြသည်။

စစ္စနို့ရွာကို ရောက်တော့ မီးရောင်ကလေးများပင် လင်းလက်လို့နေပြီ။

## အခန်း(၁၉)
## ကျဆုံးသွားသော ပန်ထွာပြည်

"ပန်ထွာဘုရင်မ လက်နက်ချလော့။ သင့် စံနန်းတော်ကို သရေခေတ္တရာ တပ်တွေ ဝိုင်းထားပြီ။ အမြန် လက်နက်ချလော့"

သရေခေတ္တရာ တပ်သားများသည် ဓားလှံဖွေးဖွေး တိုက်နေရင်းမှ လက်နက်ချရန် အော်ဟစ် နေကြသည်။ သည်အချိန်မှာ နန်းမြို့ အရှေ့တံခါး မပွင့်သေးပေ။

စစ်သူကြီး ဂဇဗလနှင့် ဂဇသူရတို့သည် တိုက်ရင်းဆုတ်ခွာ လာခဲ့ကြရာ ယခု နန်းရှေ့ တံခါးကို ကာကွယ် တိုက်ခိုက် နေကြရသည်။ သရေခေတ္တရာ ဆင်တပ်ကြီးသည် နန်းရှေ့ တံခါးဆီသို့ တဟုန်ထိုး ဝင်လာရာ ဗိသနိုး စစ်သည်များ ကစင့်ကလျား ဖြစ်သွားသည်။ ဂဇသူရသည် ခုခံ တိုက်ခိုက်ရင်း လှမ်းကြည့်လိုက်ရာ သူငယ်ချင်း ဂဇဗလ မြားမှန်ပြီး ဆင်ပေါ်မှ ကျသွားသည်ကို မြင်လိုက်ရသည်။ မိမိကိုယ်တိုင်လည်း မြားမိုးကို ကာကွယ်ရင်း တိုက်နေရသဖြင့် ဂဇဗလ၏ အလောင်းကိုပင် မကောက်နိုင်ခဲ့ပေ။

ရန်သူ့အင်အားမှာ အဆမတန် များပြား လှသဖြင့် မကြာမီမှာပင် နန်းရှေ့ တံခါး ပွင့်သွားသည်။ သရေခေတ္တရာ တပ်သားများ သည် 'အောင်ပြီ၊ အောင်ပြီ' ဟု ဝမ်းသာအားရ အော်ဟစ်က နန်းမြို့တွင်းသို့ အတင်းဝင်ကြသည်။ အတွင်းသို့ ရောက်သည့်တိုင်

နန်းဆောင်များကို ဘွားခနဲ တွေ့ရသည် မဟုတ်။ နန်းဆောင် များနှင့် ဥယျာဉ်တော်အကြား ထူထဲမြင့်မားသော အုတ်တံတိုင်းကြီးက ကာဆီး နေသေးသည်။

သရေခေတ္တရာ တပ်များမှာလည်း ဆင်တပ်၊ မြင်းတပ်၊ ခြေလျင် တပ်ဟူ၍ သီးခြားစီ မဟုတ်တော့။ အရောရော အထွေးထွေး ဖြစ်နေပြီ။ ဆင်တွေ မြင်းတွေ၊ စစ်သည်တွေကြောင့် သာယာလှပသည့် ဥယျာဉ်တော်မှာလည်း မွမွကြေ ပျက်စီးသွားပြီ။

ပန်ထွာဘုရင်မ အပေါ်တွင် အခဲ မကြေနိုင်သော ပဋ္ဌင်းဖြူ၊ ပဋ္ဌင်းညိုတို့သည် နန်းဆောင်များ ဘက်သို့ မီးမြားများဖြင့် ပစ်ခတ်စေသည်။ အုတ်တံတိုင်းကြီးကို ကျော်ပြီး ဝင်လာသည့် မီးမြားများကျရာ နန်းဆောင်များ မီးစွဲ လောင်ကုန်တော့သည်။

ဤတွင် 'ပန်ထွာ ဘုရင်မကို မထိခိုက်စေနဲ့၊ ပန်ထွာဘုရင်မကို မထိခိုက်စေနဲ့' ဟု ထပ်ကာထပ်ကာ အော်ဟစ် သတိပေးရင်း ဒွတ္တပေါင်ဘုရင်နှင့် သူ့ကိုယ်ရံတော် တပ်ဖွဲ့များ ရောက်လာသည်။ ဘုရင်နှင့်အတူ ရဟန်းယောင် ဆောင်ခဲ့သော တိဿလည်း ပါလာသည်။

နန်းတော်ကုန်းတွင်ကား ပြန်လည်ခုခံ တိုက်ခိုက်မည့် ဗိုသနိုး စစ်သည်တော်များ တစ်ယောက်မျှ မရှိပေ။ ရန်သူများသည် အုတ်တံတိုင်းကြီးရှိ ဝင်ပေါက်များကို လွယ်ကူချောမောစွာ ချိုးဖျက် နိုင်ခဲ့ကြသည်။

ဒွတ္တပေါင်ဘုရင်သည် တိဿ၏ လမ်းညွှန်မှုဖြင့် ပန်ထွာဘုရင်မ စံနန်းဆောင်သို့ အဆောတလျင် ကြွတော်မူသည်။ အဆောင်တွင်း၌ ဘုရင်မကို မတွေ့ရပေ။ နန်းတော်အတွင်း အဆောင်တိုင်းမှာ ရှာစေသည်။ ဘယ်မှာမှ မတွေ့ရ။ စောစောက ဝမ်းသာပျော်ရွှင်၊ စိတ်ကြည်လင်နေသော ဒွတ္တပေါင် ဘုရင်သည် သူချစ်သော၊ သူ ရယူ ပိုင်ဆိုင်လိုသော အစ်မတော် ပန်ထွာဘုရင်မကို မတွေ့ရသည့်အခါ 'မြေလှန်ပြီး ရှာကြ' ဟု အမိန့်ပေးသည်။ နန်းတော်အတွင်း ဘုရင်မနှင့်တကွ အခြွေအရံများပါ တစ်ယောက်မျှ မရှိတော့ကြောင်း တင်လျှောက်ကြသည်။

ဘုရင်လည်း ဒေါသ ချောင်းချောင်းထွက်ပြီး နန်းဆောင်များအားလုံး မီးတင်းရှို့စေဟု အမိန့်ပေး လိုက်လေတော့သည်။

နန်းဆောင်များကို မီးစွဲလောင်လေပြီ။ မီးရှိန်သည် တဖြည်းဖြည်း ပြင်းလာသည် မီးစွယ်များမှာ မှောင်မိုက်နေသော တိမ်တိုက်များကို ထိုးဖောက်တော့မည်နယ် မြင့်၍မြင့်၍ တက်လာသည်။

တိုက်ပွဲတွင် မသေမပျောက် ကျန်ရှိနေသေးသော စစ်သူကြီး ဂဇသူရနှင့် ဗိသနိုး စစ်သည်တော်များသည် မီးစွဲ လောင်နေပြီ ဖြစ်သော နန်းတော်ကြီးကို ကြည့်ကာ အံတကြိတ်ကြိတ် ဖြစ်နေကြသည်။ သူတို့ ချစ်သော ဘုရင်မ၊ သူတို့ ယုံကြည် အားထားသော ဘုရင်မ အတွက် မခံချိ မခံသာ ဖြစ်ကြရသည်။ အေးချမ်းနယ်မြေ ပန်ထွာပြည်ကြီးတွင်လည်း နေရာအနှံ့ မီးလောင်နေပြီ။ ပကတိ မီး၏ အပူရှိန်သည် သူတို့ ရင်ကိုလည်း လောင်မြိုက် စေခဲ့ပြီ။ မကြည့်ရက်တော့ပါ။ မည်သို့မျှ မကြည့်ဝံ့တော့ပါ။ ထို့ကြောင့် လောင်မြိုက် နေသော နန်းတော်ကုန်းနှင့် ပန်ထွာပြည်ကြီးကို မျက်နာလွှဲကာ ဘုရင်မ တိမ်းရှောင်ရာ စစ္စနို့ရွာသို့ ထွက်ခွာသွားကြ တော့သည်။

ပန်ထွာပြည်ကြီးကား ကျဆုံးသွားလေပြီ။

ဘုရင်မ၏ နောက်တော်ပါးမှ ဖဲခွာ ထွက်ခဲ့သော အထိန်းတော်ကြီး မိအူသည် အမေ့အိမ်ဝိုင်း အတွင်းရှိ သစ်ပင်ငယ် တစ်ပင်၌ မြင်းကို ချည်လိုက်၏။ အိမ်တံခါးဝတွင် ရပ်ကာ 'အမေ၊ အမေ' ဟု တိုးတိုးလေး ခေါ်ကြည့်သည်။ ပြန်ထူးသံ မကြားရ။ တံခါးကို အသာ တွန်းကြည့်သည်။ တံခါးပွင့်သွား၏ အိမ်ထဲသို့ လှမ်းဝင်ပြီးတံ ခါးပိတ်လိုက်သည်။ မှောင်မည်း နေသဖြင့် ဘာမျှမမြင်ရ။ ခေတ္တမျှ ရပ်နေလိုက်သည်။ မှောင်ထဲတွင် မျက်စိ ကျင့်သား ရသွားသည့် အခါ အမေ့အိပ်ခန်းသို့ သွားပြီး ရှာသည်။ မတွေ့ရ။ မီးဖိုချောင်မှာလည်း မရှိ။ အိမ်အနောက်ပိုင်းရှိ ရက်ကန်းရုံသို့ ကူးလိုက်သည်။ ရက်ကန်းသည်မလေးများနှင့်အတူ ရှိနေမည်လား။ အဲသည်မှာလည်း မရှိပါ။

ရက်ကန်းရုံမှ အိမ်မကြီးသို့ အကူးတွင် မိအူ ထိတ်လန့် သွားသည်။ အလို… နန်းတော် ကုန်းမှာ မီးလောင်နေပါလား။ သူသည် အိမ်ထဲ အမြန် ပြန်ဝင်သည်။ တိုက်ပွဲ ဝင်ရန် ဝတ်ဆင်ထားသည့် ချပ်မိန်ညိုကို ချွတ်ပြီး ဘုရင်မ၏ ရတနာ ပစ္စည်းများကိုလည်း သူ့ခန္ဓာ ကိုယ်ပေါ်မှာ ခိုင်မြဲအောင် ချည်နှောင် လိုက်သည်။ ပြီးလျှင် သာမန် အရပ်သူ အဝတ်အစားကို ဝတ်လိုက်သည်။ ဘာဆက်လုပ်ရ မလဲ။ သူစဉ်းစားသည်။ ဘုရင်မ နောက်သို့ ခုချက်ချင်း လိုက်၍ မဖြစ်သေး။ အမေ့ကို တွေ့အောင် ရှာရဦးမည်။ သည်တစ်ခါ တော့ အမေ့ကို သီးခြား မနေစေတော့။ သူနှင့်အတူ နန်းတွင်းမှာပဲ နေစေတော့မည်။ ယခု ဆိုလျှင် ရန်သူ တပ်သားများ နန်းတော်ကုန်းမှာ နန်းတော်ဝန်းကျင် လောက်မှာပင် ရှိနေ ဦးမည်။ လူနေ ရပ်ကွက်တွင်းသို့ ရောက်နိုင်ဦးမည် မဟုတ်ဟု တွက်ဆကာ အမေ ရှာပုံတော် ဖွင့်သည်။ ပန်ထွာပြည်မှ ထွက်ခွာသွားရန် အထုပ်အပိုး ပြင်နေကြသူများ ထွက်ခွာ နေကြသူများ အားလုံး။ သိသူကိုရော၊ မသိသူများထံမှာပါ အမေ့ကိုများ တွေ့မိ ကြသလား မေးသည်။ အမေ့ကို တွေ့လျှင်လည်း မိအူ ရှာနေကြောင်း ပြောပေးဖို့ မှာကြားသည်။ သည်အချိန်မှာ သူ့ခေါင်းထဲ၌ အမေမျက်ခြယ်မှ လွဲ၍ မည်သူမျှ မရှိ။ ဘာမျှ မရှိ။ အမေ့ကို တွေ့အောင်ရှာဖို့ တစ်ခုတည်းသာ ရှိသည်။

သရေခေတ္တရာ တပ်သားများနှင့် မဆုံမိအောင် ရှောင်ရင်းတိမ်းရင်း အမေ့ကို ရှာသည်။ ရန်သူနှင့် ဝေးရာ မြောက်ဘက် ဟန်လင်းတွင် လွတ်လပ်သော ပျူ နိုင်ငံ ထူထောင်ရန် ထွက်ခွာ သွားကြသူတွေ သတင်းလည်း ကြားရသည်။ သည်လူစုနှင့် အမေ လိုက်ပါ သွားပြီလား။ အဲသည် လူတွေနောက် လိုက်သွားရလျှင် ကောင်းမည်လား။ မိအူ စဉ်းစားသည်။ သို့သော် မသေချာ မရေရာ သဖြင့် လက်လျှော့လိုက်သည်။ သည်လိုနှင့် ရက်အတန်ငယ် ကြာသွားသည်။

တစ်နေ့တွင် မိအူသည် စဉ်းစားရင်း လျှောက်လာသည်။ သတိရ၍ ခေါင်းမော့ လိုက်သည့် အခါ သူ့တူရှုသို့ လျှောက်လာသော ရန်သူ သရေခေတ္တရာ တပ်သား နှစ်ယောက်ကို လှမ်းမြင် လိုက်သည်။ သူပျာယာ ခတ်သွား၏။ ပုန်းခိုရန် ကြည့်လိုက်ရာ

လိုဏ်လိုလို၊ ဂူပေါက်လိုလို တွေ့ရသဖြင့် စဉ်းစား မနေတော့ဘဲ ကဗျာကယာ ဝင်ပုန်းလိုက်သည်။ ရန်သူတပ်သား နစ်ယောက် တွေ့သွားသည်။ မသင်္ကာသဖြင့် မိအူကို ဖမ်းဆီးကာ ဒွတ္တပေါင်ဘုရင် ရှေ့တော်သို့ သွင်းသည်။ ဤတွင် ဘုရင့်အပါး၌ ခစားနေသော တိဿက မိအူကို မှတ်မိ သွားသည်။ ပန်ထွာဘုရင်မ၏ အထိန်းတော်ကြီး မိအူဖြစ်ကြောင်း လျှောက်တင်သည်။ ဒွတ္တပေါင်ဘုရင် ဝမ်းသာသွား၏။ ဘုရင်မ၏ အထိန်းတော်ကြီးကို ဖမ်းမိ ထားပြီဆိုမှတော့ ဘုရင်မ ဘယ်မှာ ရှိသည်ကို သိရတော့မည်။

သို့သော် မိအူက ဘယ်လိုမေးမေး မဖြေ။ ဘယ်လိုချော့မော့ မေးသော်လည်း မပျော့။ ခြောက်လှန့်ပြီး မေးပေမယ့် မကြောက်။ ဘုရင်မ ဘယ်မှာ ရှိသည်ကို ပြောမပြနိုင်။ သခင်မအပေါ် သစ္စာမဖောက် လိုပြီ။ ထို့ကြောင့် ခတ်မဆိတ်ပင် နေသည်။

ဒွတ္တပေါင်ဘုရင် စိတ်မရှည်တော့ပါ။ အနုနည်းဖြင့် မေးလို့ မရလျှင် အကြမ်းနည်းသုံးပြီး စစ်မေးရန် မိန့်တော်မူသည်။ မိအူက သူ့အသား အနာခံသည်။ မဖြေပါ။ ဒွတ္တပေါင်ဘုရင်၏ ကျေးတော်မျိုး ကျွန်တော်မျိုးတို့သည် မိအူကို အမျိုးသမီးရယ်လို့ ညှာတာခြင်းမရှိ။ မြောက်တက်သွားသော ကြာပွတ်သားရေသည် ပြန်အကျတွင် မိအူ၏ ကျောပြင်ကို ပွတ်ပြီး ဆွဲချ သွားသည်။ အသည်းခိုက်အောင် နာလိုက်သည့် ဖြစ်ခြင်း။ သို့သော် မိအူ အံကြိတ်ထားသည်။ ညည်းညူသံ နည်းနည်းကလေးမျှ ထွက်ကျ မလာအောင် နှုတ်ခမ်းကို တင်းတင်း စေ့ထားသည်။ မင်းမှုထမ်း၏ ကြာပွတ်ကိုင် လက်သည် ဒုတိယ အကြိမ်မြောက်တက်သွား ပြန်သည်။ မိအူ မျက်စိ မှိတ်လိုက်၏။ ရှမ်းခနဲ မြည်သံနှင့်အတူ ကျောပြင်ထက်မှ နာကျင် လှသော ဝေဒနာကို ခံစားလိုက်ရသည်။ အသံမထွက်သော်လည်း ရုပ်ခန္ဓာကမူ တွန့်ခနဲ ဖြစ်သွားသည်။

"ကဲ…ဖြေစမ်း၊ အစ်မတော် ပန်ထွာဘုရင်မ ဘယ်မှာရှိသလဲ"

ဘုရင့်အမေးကို မိအူ နှုတ်ဖြင့် မဖြေ။ ခေါင်းခါ ပြလိုက်သည်။ မင်းမှုထမ်းက တတိယ အကြိမ် သူ့ကြာပွတ် အစွမ်းကို ပြလိုက်၏။ မည်မျှ အားပြင်းသည် မသိ။ မိအူသည်

ဒူးထောက်လျက်မှ ကြမ်းပြင်ပေါ်သို့ ခွေခနဲ့ လဲကျ သွားသည်။ သူ့မျက်လုံးတွေ ဝေဝါး သွားသည်။ အသိ မပျောက်အောင် အားတင်းလိုက်၏။ ခုနေ သူမသေချင်သေပါ။ အမေ့ကို ရှာချင်သေးသည်။ ပြီးတော့ ဘုရင်မရဲ့ ရတနာတွေ ပြန်လည်ပေးအပ် လိုသေးသည်။ သည်တာဝန်တွေ ကျေပွန်ပြီးလျှင် သေချင်သေပါတော့။

ထို့ကြောင့် သူသည် ကြမ်းပြင်ပေါ်မှ ရုန်းထ၍ မူလ အနေအထား အတိုင်း ဒူးထောက် ထိုင်လိုက်သည်။ ပြီး... ဒွတ္တပေါင်ဘုရင်၏ မျက်နှာကို စက်ဆုပ် ရွံရှာသော အကြည့်ဖြင့် စိမ်းစိမ်းကြည့်ကာ အတိုဆုံး ဖြေကြားလိုက်သည်။

"ရောဝတီမြစ် တစ်ဖက်ကမ်း၊ စစ္စနို့ရွာမှာ"

"ကောင်းပြီ၊ ဘုရင်မရဲ့ အသက်ကို မထိခိုက်စေရ။ ကျုပ် တာဝန်ယူတယ်၊ သင် လမ်းပြလော့"

မိအူကလည်း စစ္စနို့ရောက်လျှင် သူ့ကို လွှတ်ပေးရန် တောင်းဆိုသည်။ ဘုရင်က ကတိပြုသည်။

သို့ဖြင့် ဒွတ္တပေါင် ဘုရင်လည်း စစ္စနို့ရွာသို့ ချီတက်ရန် စစ်ပြင်ဆင်သည်။ ပန်ထွာပြည်ရောက် စစ်သည်တော်များမှာ စစ်ပန်း နေပြီမို့ သရေခေတ္တရာမှ စစ်သည် များဖြင့် အင်အား ဖြည့်သည်။ သရေခေတ္တရာနှင့် ပန်ထွာပြည်မှာ အလှမ်းဝေးသဖြင့် ရက်အတန်ကြာ သွားသည်။

အင်အား ဖြည့်ပြီးသည်နှင့် ဒွတ္တပေါင်ဘုရင် ဦးဆောင်ကာ စစ်ချီတက်သည်။ အောင်နိုင်သူ အဖို့ အစစရာရာ ချောမွေ့နေသည်။ လမ်းခရီးတစ်လျှောက် နှောက်ယှက်မည့် သူ မရှိ။ ရန်သူ မတွေ့။ စစ်ချီတက်သည်နှင့်လည်း မတူ။ ဘုရင်မင်းမြတ် တောကစား ထွက်သည့်နယ်ပင်။

ဧရာဝတီမြစ်၏ သည်မှာဘက်ကမ်းသို့ ရောက်ကြပြီ။ မြစ်ကမ်းစပ်သို့ ဆင်းရာ၌ ရွာကလေးကို ရှောင်ကွင်း သွားသော လမ်းကိုသာ မိအူက ညွှန်ပြခဲ့သည်။ ရွာသူ ရွာသားတွေ ထိတ်လန့် ကြောက်ရွံ့ခြင်းမှ ကင်းဝေးပါစေတော့။

ဘုရင့်အင်အားမှာ များပြားလှသဖြင့် မြစ်တစ်ဖက် ကမ်းသို့ ကူးရန် ပြင်ဆင် ရသည်မှာ အနည်းငယ် ကြာသွားသည်။ ဧရာဝတီမြစ် အနောက်ဘက် မလွန်၏ ကျောဘက်သို့ ရောက်လျှင် တောင်တန်း တစ်ခုကို ကျော်ဖြတ်ကြရသည်။ တောင်တန်း၏ အနောက်ဘက်သို့ ရောက်သည်နှင့် စစ္စနို့ရွာကို လှမ်းမြင်နေရပြီ။ သို့သော် စစ္စနို့ရွာ ရောက်သည် အထိ စစ်ချီခြင်း မပြုသေးဘဲ၊ ရွာနှင့် ခပ်လှမ်းလှမ်းတွင် တပ်စခန်း ချလိုက်သည်။ ပြီးတော့ အထောက်တော် စေလွှတ်ပြီး အခြေအနေကို ထောက်လှန်း စေသည်။

ပန်ထွာဘုရင်မသည် စစ္စနို့ရွာတွင် စတည်း မချဘဲ ရွာတောင်ဘက် (ယခု ခုနစ်မိုင်ခန့်)တွင် နိုင်ငံသစ် တည်ထောင်လျက် စံမြန်းနေကြောင်း သိလာရသည်။

ဒွတ္တပေါင် ဘုရင်သည် ပန်ထွာပြည်တွင် ရှိစဉ်က ထားခဲ့ကတိ အတိုင်း အထိန်းတော်ကြီး မိအူကိုလည်း လွှတ်ပေး လိုက်သည်။ မိအူသည် ရရှိထားသော ဒဏ်ရာ များကြောင့် ပန်ထွာပြည်သစ်သို့ အရောက် လမ်းမလျှောက်နိုင်။ စစ္စနို့ရွာရှိ မယ်သစ္စာ၏ ဆွေမျိုးများထံ အကူအညီ တောင်းရသည်။ မိအူကို ခင်မင်ရင်းစွဲ ရှိသည့်အတိုင်း လိုက်ပို့ ပေးရှာသည်။

ပန်ထွာဘုရင်မလည်း 'သစ္စာဖောက် မိအူ' ကို လက်မခံနိုင်ဟု မိန့်တော်မူသည်။ မိအူကို နိုင်ငံတော်အတွင်း အဝင်မခံ။ မိအူက သူသစ္စာ မဖောက်ကြောင်း သက်သေ ပြပါမည်။ ယုံကြည်တော် မမူပါက ဘုရင်မ လက်တော်ဖြင့် သတ်လိုက သတ်ပါ။ ဘုရင်မ အတွက် အရေးကြီးသည့် သတင်းလည်း ပါလာကြောင်း စံနန်းတော် အတွင်းသို့သာ ဝင်ခွင့်

ပြုတော်မူပါဟု အကြိမ်ကြိမ် တောင်းပန်သည်။ နောက်ဆုံးတွင် ဘုရင်မလည်း ခွင့်ပြု လိုက်သည်။

မိအူသည် ဘုရင်မရှေ့ တော်မှောက် ရောက်သည်နှင့် ခြေဖမိုးတော်ထက် သူ့နဖူးတင်ကာ ရှိုက်ကြီး တငင် ငိုချ လိုက်သည်။ ပြီး... သူ့ကိုယ်ပေါ်တွင် လုံခြုံစွာ ချည်နှောင်ထားသော ဘုရင်မ၏ ရတနာ ပစ္စည်းများကို ပေးဆက်သည်။ ဖြစ်ကြောင်းကုန်စင် လျှောက်ထားပြီး

"ဒွတ္တပေါင် ဘုရင်နှင့် သူ့တပ်များ စစ္စနို့ရွာ အနီးမှာ စခန်း ချထားပါတယ် သခင်မ ဘုရား" ဟု အရေးကြီးသည့် သတင်းကိုလည်း တင်လျှောက်သည်။

ချက်ချင်းပင် ရန်သူကို ခုခံ တိုက်ခိုက်ရန် ပြင်ဆင်ကြသည်။ ပြီးတော့ စံနန်းတော်နှင့် မြို့ရိုး ပတ်လည်တွင် ထွန်းညှိထားသော စွယ်ပေါင်တိုင် မီးများ အားလုံးကို ငြိမ်းသတ်လိုက်သည်။ သို့သော် လပြည့်ဝန်းမှ ဘော်ငွေရည်များသည် အဆောက်အအုံများ ပေါ်သို့ ဖြာကျနေသဖြင့် နန်းဆောင်သစ်ကို အဝေးကပင် လှမ်းမြင်နေရသည်။

ဘုရင်မသည် နန်းတော်အရှေ့ မြို့ရိုးပေါ်တွင် နေရာ ယူလိုက်သည်။ ဝဲဘက်တွင် အတွင်း ကိုယ်ရံတော်တပ်မှူး မယ်သစ္စာ၊ ယာဘက်တွင် အပြင်ကိုယ်ရံတော် တပ်မှူးကြီး နန္ဒက နေရာ ယူထားသည်။ ယခု ရင်ဆိုင်ရမည့် တိုက်ပွဲတွင် ဘုရင်မကို မည်သူမျှ မတားဆီးတော့ပေ။ တားမြစ်လျှင်လည်း ရမည် မဟုတ်ကြောင်း အားလုံး သိကြသည်။

နိုင်ငံတော် တည်ဆောက်သည် ဆိုသော်လည်း ပန်ထွာပြည်မှာ ကဲ့သို့ ထုနှင့်ထည်နှင့် အခိုင်အခန့် တည်ဆောက် နိုင်ကြသည် မဟုတ်ပေ။ တိုတောင်းလှသော အချိန်ကာလ ရရှိသည့် ပစ္စည်း ပစ္စယများပေါ် မူတည်ပြီး တည်ဆောက် ရတာမို့ ထုထည်ကြီးမားမှု အင်အား နည်းသည်ကတော့ အမှန်ပင်။ ရရှိ သမျှသော သစ်၊ ဝါးများဖြင့် မြို့ရိုး တည်ဆောက်ပြီး အတွင်းမှ မြေကတုတ်သာ တည်ဆောက် ထားနိုင်သည်။ ယခု ဘုရင်မနှင့် တကွ ရန်သူကို ခုခံ တိုက်ခိုက်ကြမည့် သူရဲကောင်းတွေ အားလုံး နေရာယူထား

ကြသည်မှာ ယင်းမြေက တုတ်ပေါ်တွင် ဖြစ်သည်။ လှေခွက်ချည်းကျန် အလံမလှဲ ဟူသော စိတ်ဓာတ် အပြည့်နှင့် ရန်သူ အလာကို စောင့်ဆိုင်း နေကြသည်။

တဖြည်းဖြည်း ညဥ့်နက်လာသည်။ ရန်သူ တပ်များ၏ အရိပ်အယောင်ကို မမြင် ရသေး။ ပုရစ်အော်သံ၊ ပုစဉ်းရင်ကွဲ အော်မြည်သံများကိုသာ ငြီးငွေ့ဖွယ်ရာ ကြားနေရသည်။ လပြည့်ဝန်းလည်း တဖြည်းဖြည်း နိမ့်ဆင်းသွား၏ အရှေ့ ဆီမှာ ရောင်နီပျို့ လာပြီ။ သည်အချိန် တွင်...

"သရေခေတ္တရာရဲ့ အရှင်သခင် ဒွတ္တပေါင်ဘုရင် လာပြီဟေ့" ဟူသော အသံနှင့် အတူ စစ်မောင်းသံ၊ တိုက်ဆင်တို့၏ တကျည်ကျည် အော်သံများဖြင့် ရန်သူများ ရောက်လာ ကြသည်။

ရှေ့ဆုံးမှ အကြီးဆုံး ဆင်ကြီးပေါ်တွင် ဒွတ္တပေါင် ဘုရင် ကိုယ်တိုင် ပါလာပြီး ဆင်တပ် တစ်တပ်၏ စစ်ဦးမှ နေ၍ တိုက်သည်။ ဆင်တပ်၏ အင်အားကို နန်းမြို့ရိုး အပြင်မှ တပ်များ မခုခံနိုင်ကြ။ မြို့ရိုး အခြေတိုင်အောင် ဆုတ်ခွာ သွားကြရသည်။

ဒွတ္တပေါင် ဘုရင်၏ ဆင်တပ်သည်လည်း ရှေ့တိုး၍ ဖိတိုက်သည်။ အလင်းရောင် လည်း အားကောင်းလာပြီ။ ဆင်တပ်ကြီး မြို့ရိုးနှင့် နီးကပ်လာပြီ။ သည်တော့မှ ရှေ့ဆုံးက ဦးဆောင်ပြီး တိုက်နေသော ဒွတ္တပေါင်ဘုရင်ကို ပန်ထွာဘုရင်မ ပြတ်ပြတ်သားသား မြင်လာ ရပြီ။

"တွေ့ပြီ မယ်မယ်ရေ၊ ရန်သူ ဒွတ္တပေါင်ကို တွေ့ပြီ။ သင်းကို မယ်မယ့်အတွက် လက်စားချေ ရမယ်"

ဘုရင်မသည် ပြောရင်း လက်ထဲမှ လေးနှင့်မြားကို တိုက်ဆင်ကြီးပေါ်ရှိ ဒွတ္တပေါင် ဘုရင်ထံ ချိန်ရွယ်ပြီး ပစ်လွှတ် လိုက်သည်။ ပစ်မှတ်ကို တစ်ဆံခြည် မယွင်းအောင် ပစ်နိုင်သော ဘုရင်မ၏ မြားတံသည် ဒွတ္တပေါင်ဘုရင်၏ ရင်ဝတည့်တည့်ဆီသို့ အရှိန်ပြင်းစွာ

ဝင်လာသည်။ သို့သော် မမျှော်လင့်သော မြားတစ်စင်းသည် တူရူဘက်မှ ဝင်လာပြီး ဘုရင်မ၏ မြားတံကို ဆီးကာ ပုတ်ချလိုက်ရာ ဘုရင်မ၏ မြားသည် ကစင့်ကလျား မြေသို့ ကျသွား လေတော့သည်။

ဤတွင် 'သရေခေတ္တရာ သားကွ၊ ဒွတ္တပေါင်ဘုရင်ရဲ့ သရေခေတ္တရာ သားကွ' ဟူသော ဟစ်အော်သံများ ဘဝင်ညံမျှ ထွက်ပေါ်လာပြီး မြားများကို တရစပ် ပစ်ခတ်ကြတော့သည်။

မြားမိုးများ ရွာလာသဖြင့် မြို့ရိုး မြေကတုတ်ပေါ်ရှိ ဘုရင်မ၏ တပ်ဖွဲ့များမှာ ရန်သူ့မြားများကို ကာကွယ် နေရသဖြင့် သဲသဲမဲမဲ ပြန်မတိုက်နိုင်။ သည်တော့ သည်တိုက်ပွဲမှာ တစ်ဖက်စီးနင်း တိုက်ပွဲ ဖြစ်နေသည်။ ပန်ထွာဘုရင်မ ဘက်မှ အကျအဆုံးများ နေသည်။ မြို့ရိုးပေါ်မှ တလိမ့် ခေါက်ကွေး ကျသွား သူများ၊ မြားတန်းလန်းနှင့် သွေးသံ ရဲရဲ ကျဆုံးသွားသူများ၊ မြင်မကောင်း အောင် များပြားလာသည်။ သည်မြင်ကွင်းကို မြင်လိုက်မိသော ဘုရင်မ၏ ရင်ထဲမှာ နာနာကျင်ကျင် ခံစား လိုက်ရသည်။ ဤတွင် မြေကတုတ်ကို အကာအကွယ် ယူပြီး ခုခံ တိုက်ခိုက်နေသော ဘုရင်မသည် မားမားကြီး ရပ်ပြီး ဒေါသနှင့် အတူ မြားတွေ ပစ်လွှတ်နေသည်။

"သတိထားပါ သခင်မ။ ဝပ်လိုက်ပါ။ ဝပ်..." ဟု အထိတ်တလန့် အော်ဟစ် ပြောလိုက်သော မယ်သစ္စာ၏ အသံမဆုံးမီ ရန်သူ့ မြားတစ်စင်းသည် ဘုရင်မ၏ ပခုံးစွန်းကို ပွတ်ပြီး ထွက်သွားသည်။ ချပ်မိန်ညို ခံနေ၍ ဘုရင်မ၏ ပခုံးသား ပါမသွားပေ။

သည်အန္တရာယ်ကို မြင်လိုက်သော ကိုယ်ရံတော် တပ်မှူးကြီးနန္ဒသည် ဘုရင်မ အတွက် စိုးရိမ် သွားသည်။ သို့နှင့် ဘုရင်မအနီးသို့ ဖျတ်ခနဲ ရောက်လာသည်။

ဘုရင်မ ရှေ့သို့ တပ်မှူးကြီး ရောက်လာချိန်။

နောက်ထပ် မြားတစ်စင်း အရှိန်ပြင်းစွာ ဝင်လာချိန်။

သည်နှစ်ခု ထပ်တူ ကျသွားသည့် အခါ မြားတံသည် တပ်မှူးကြီး၏ လည်ဂုတ် တွင်းသို့ နက်ရှိုင်းစွာ ထိုးစိုက် သွားလေတော့သည်။ တစ်ချက်မျှ မအော်နိုင်ဘဲ ထိုးစိုက် ကျသွား၏။ ခွန်အားဗလနှင့် ပြည့်စုံသော တပ်မှူးကြီးနန္ဒ၏ ခန္ဓာကိုယ်သည် ဘုရင်မကို လည်း တွန်းတိုက် ချသွား၏ ဘုရင်မလည်း ပြိုလဲ ကျသွားတော့သည်။

သည်မြင်းကွင်းကို မြင်လိုက်ကြသည့် ဗိသနိုး စစ်သည်များသည် အပဟုန်ကဲ့သို့ လျှင်မြန်သော အရှိန်ဖြင့် ထိုနေရာသို့ ပြေးလာကြသည်။

ဘုရင်မသည် မြေပြင်ပေါ်တွင် တစောင်းလဲလျက်။

ကိုယ်ရံတော် တပ်မှူးကြီးနန္ဒမှာမူ သွေးအိုင်ထဲတွင် မှောက်လျက်။

ဘုရင်မကို ပွေ့ထူသူကထူ၊ တပ်မှူးကြီးကို ပွေ့သူက ပွေ့လိုက် ကြသည်။ ဘုရင်မတွင် အနည်းငယ် ပွန်းပဲ့ ရှံကလွဲပြီး ဒဏ်ရာ ကြီးကြီးမားမား မရှိ။ တပ်မှူးကြီးကို ဗိုလ်ဇေယျက အသာ ပွေ့လိုက်ပြီး စိုက်ဝင်နေသော မြားတံကို ဆွဲနှုတ်လိုက်၏။ သွေးများ ပွက်ခနဲ ထွက်ကျ လာသည်။ နှုတ်ခမ်း နှစ်လွှာ ကြားမှလည်း သွေးများ ယိုစီးလျက်။ မမြင်ရက် စရာ။ မရှုရက် စရာ။ ဝိုင်းကြည့် နေသူတွေ အားလုံးမျက်ရည် ယိုစီး လာကြသည်။ ဗိုလ်ဇေယျကတော့ ငိုနေပြီ။ သူ့ထံမှ ရှိုက်သံ ထွက်လာသည်။

ကြည့်နေသော ဘုရင်မလည်း မျက်ရည် ဝိုင်းလာသည်။ သို့သော် မျက်ရည်တွေ ကျမလာအောင် မျက်တောင်ခတ်ပြီး သိမ်းလိုက်သည်။ ပြီးတော့…

“မငိုနဲ့ ဗိုလ်ဇေယျ၊ မငိုနဲ့။ ဒါတိုက်ပွဲမှာ ကျဆုံးတာ။ ဒီအတွက် ဂုဏ်ယူလိုက်စမ်းပါ” ဟု အားပေး နှစ်သိမ့်သည်။ သို့သော် နှစ်သိမ့်သံမှာ အနည်းငယ် တုန်ခါသွားသည်ကိုမူ ဘုရင်မ မထိန်း လိုက်နိုင်ပေ။

“ဟာ… ဗိသနိုးတပ်တွေ မရှိတော့ဘူးဟေ့”

"လူကြောက်တွေ… ထွက်ပြေးကြပြီ …ဟား…ဟား…ဟား…ဟား…"

သရေခေတ္တရာ တပ်သားများသည် ဗိဿနိုး တပ်သားများကို နှိမ်ပြောကာ တဝါးဝါး တဟားဟား ရယ်မော နေကြသည်။

ဗိဿနိုးတပ်များ မြို့ရိုးပေါ်မှ ပျောက်ချင်းမလှ ပျောက်သွားကြသဖြင့် စဉ်းစားမရ ဖြစ်နေသည်။ သဲသဲမဲမဲ ခုခံတိုက်ခိုက် နေရာက ယခု တစ်ယောက်မျှ မရှိတော့။ လက်နက်ချ အရှုံးပေးပြီလား။ ထွက်ပြေး ကုန်ကြပြီလား။ ထွက်ပြေးကြပြန်ပြီ ဆိုလျှင်တော့ ရေဆုံးမြေဆုံး လိုက်ရပေမည်။ မိမိ ဗိဿနိုးကို တိုက်ခိုက်ခြင်းမှာ သမီးကညာ ရယူလိုမှု (အစ်မပန်ထွာ ဘုရင်မကို ရယူ ပိုင်ဆိုင်လိုမှု) ကြောင့်သာ ဖြစ်သည် မဟုတ်လား။ သည်တော့ အမြန်ဆုံး ရှာမှ ဖြစ်မည်။ သို့ဖြင့် မြို့တံခါးပေါက်ကို ဖွင့်ရန် အမိန့် ပေးလိုက်၏။

မြို့တံခါးကို အလွယ်တကူပင် ဖွင့်နိုင်ကြသည်။ တံခါးမှူးလည်း မတွေ့ရ။ တိုက်ခိုက်မည့် သူလည်း မရှိ။ ဘယ်ရောက်ကုန် ကြပြီလဲ။ ဒွတ္တပေါင် ဘုရင်သည် သူ့ စစ်သည်များကို မြို့ပြင်မှာပင် နေရစ်ကြရန် အမိန့်ပေးပြီး သူနှင့်အတူ ပဍ္ဍင်းဖြူ ပဍ္ဍင်းညို အမတ်ကြီး နှစ်ဦးကိုသာ ခေါ်ကာ မြို့တွင်းသို့ ဝင်လိုက်သည်။

စံနန်းဆောင်ဘက် လှမ်းမျှော် ကြည့်သည်။ လူသူ အရိပ်အယောင် မတွေ့ရ။ ဝန်းကျင် ဝဲယာလှည့်ပတ် ကြည့်လိုက်သည့် အခါတွင်ကား မြို့ရိုးအခြေ တစ်နေရာတွင် ပိုင်းအုံ နေသော လူ တစ်စုကို တွေ့ရသည်။ စစ်သည်တော်များ၊ ရှံရွှေတော်များ၊ မြို့သူ မြို့သားများ၊ အချို့ ဒူးထောက်လျက်၊ အချို့ မတ်တတ်ရပ်လျက်။

ဒွတ္တပေါင် ဘုရင်နှင့် အမတ်ကြီး နှစ်ယောက် လူအုပ် ရှိရာသို့ သွားကြသည်။ လူအချို့ သူတို့ကို လှည့်ကြည့်ကြ၏။ ကြောက်ရွံ့ တုန်လှုပ်ဟန်မရှိ။ အနီးသို့ ရောက်သည့် အခါ ဘေး နှစ်ဖက်ကို ရှဲပေးကြသည်။ ဘုရင်ဒွတ္တပေါင်သည် ဆင်ပေါ်မှပင် ကဲပြီး ကြည့်လိုက်သည်။ ပန်ထွာဘုရင်မသည် ဒူးထောက်လျက် တစ်စုံတစ်ရာကို ငေးကြည့်

နေသည်။ သွေးစိမ်းရှင်ရှင် ထွက်နေသောသူ။ ထိုသူကို စစ်သည်တော် တစ်ဦးက ပွေ့ထားသည်။

ကြီးမားလှသော ဆင်ကြီးဖြင့် ရဲဝံ့စွာ ရောက်လာသူကို သရေခေတ္တရာ၏ အကြီးအကဲဟု အကဲခတ်မိ ကြသော်လည်း ဘုရင်မကို မည်သူမျှ မလျှောက်တင်ကြ။ မသိမသာ မျက်နှာ လွှဲသွားကြသည်။

ဘုရင်မနှင့် အနီးဆုံးတွင် ရှိနေသော အမတ်ကြီးပဏ္ဍိတ်သည် ဆို့နှင့် ကြေကွဲနေသော ဘုရင်မကို တိုးတိတ်စွာ လျှောက်တင်လိုက်သည်။

"စံနန်းတော်သို့ ပြန်ကြွရန် အချိန်သင့်ပါပြီ ဘုရင်မ"

တစ်ဆက်တည်းပင် မင်းမှုထမ်း တစ်ယောက်ကို စေခိုင်းလိုက်သည်။

"ဘုရင်မရဲ့ ယာဉ်ရထားကို အမြန် သွားယူလာစမ်း"

ဘုရင်မက မလိုဘူး၊ ကျွန်ုပ် လမ်းလျှောက်သွား လိုတယ်ဟု မိန့်ကာ မတ်တပ် ရပ်ရန် ဟန်ပြင်လိုက်သည်။ ဒူးထောက် အနေအထားဖြင့် ကြာမြင့်နေပြီဖြစ်ရာ လဲပြို မလို ဖြစ်သွား၏။ မယ်သစ္စာက ဘုရင်မအား ဖေးမပြီး ထစေသည်။ ဤတွင် ဒွတ္တပေါင် ဘုရင်က ကျွန်ုပ်နှင့် အတူ ဆင်ထက်က လိုက်တော်မူပါ အစ်မတော်ဖုရားဟု ဖိတ်ခေါ်သည်။ ဘုရင်မ၏ ခန္ဓာကိုယ်သည် ဆတ်ခနဲ ဖြစ်သွား၏ လှည့်မကြည့်ဘဲ "ရန်သူနဲ့ အတူ ကျွန်ုပ် မလိုက် လိုပြီ"

"သဘောတော် အတိုင်းပါ အစ်မတော်" ဟု ဆိုကာ လူစုကြီးနောက်မှ ခပ်ခွာခွာ လိုက်သွားသည်။

ဗိုလ်ဇေယျလည်း တပ်မှူးကြီးနန္ဒ၏ အလောင်းကို ပွဲကာ အဆောင်တစ်ခု အတွင်း၌ ခေတ္တ ချထားလိုက်၏။ စစ်သည်တော် အချို့နှင့် အတူ ကျဆုံး လေပြီးသော တပ်သားများကို ကောက်ယူ စုရုံးကြသည်။

ပြီးလျှင် ကျဆုံးသူများကို နန်းမြို့ရိုး အတွင်းမှာပင် သူ့နေရာနှင့်သူ မြေမြုပ်သင်္ဂြိုဟ် လိုက်ကြသည်။ သက်တော်ရှည် ဘိုးဘိုးနှင့် မှူးကြီးမတ်ကြီးများသည် ဘုရင်မ အလာကို ခန်းမဆောင်ကြီး အဝင်တံခါးမှပင် ဆီးကြို နေကြသည်။

ဘုရင်မသည် မိမိ သလွန်ထက်၌ နေရာယူသည်။ အနည်းငယ်ခွာပြီး ဒွတ္တပေါင် ဘုရင် အတွက် သလွန်တစ်ခု ပြင်ဆင်ထားသည်။ သက်တော်ရှည် ဘိုးဘိုးကပင် ဒွတ္တပေါင် ဘုရင်ကို နေရာ ချထားပေးသည်။

ဗိသနိုးဘက်မှ အကြီးအကဲများ နေရာယူပြီးနောက် စစ်သည်တော်များ၊ မင်းမှူ ထမ်းများမှာမူ ခန်းမကြီး ပြင်ဘက်တွင် နေရစ်ခဲ့ကြသည်။

ခန်းမကြီး အတွင်းရှိ ပရိသတ်များမှာ ကျောက်ရုပ်များကို နေရာ ချထားသည့်နှယ် မလှုပ်မယှက်။ တိတ်ဆိတ်ငြိမ်သက် နေသည်။ တိတ်ဆိတ်ခြင်းကို ဒွတ္တပေါင်ဘုရင်က ဖြိုခွဲ လိုက်သည်။

"အစ်မတော် ပန်ထွာဘုရင်မ လက်နက်ချပါပြီးလား"

"ကျွန်ုပ် လက်နက်မချ၊ အရှုံးမပေးပါ"

ဒွတ္တပေါင် ဘုရင်က ပြုံးလိုက်သည်။ ပြီး ဆက်လက် မေးသည်။

"အရှုံးမပေး သေးပါက သရေခေတ္တရာ တပ်ကို ဘာကြောင့်ပြန်လည် တိုက်ခိုက်ခြင်း မပြုဘဲ၊ စစ်ရပ် လိုက်ပါသလဲ အစ်မတော်၊ ကျွန်ုပ် နားမရှင်းပါ"

"ကျွန်ုပ်ရဲ့ ကိုယ်ရံတော် တပ်မှူးကြီး ကျဆုံးသွားတဲ့ အတွက် စစ်ရပ်နား လိုက်ခြင်းသာ ဖြစ်တယ်"

ဒွတ္တပေါင် ဘုရင်သည် ဒုတိယအကြိမ် ပြုံးလိုက်ပြီး သူ့သဘော ထားကို ယခုလို သိစေလိုက်၏။

"ကောင်းလှပါပြီ အစ်မတော် ဘက်က လက်နက်ချ အရှုံးပေးခြင်း မဟုတ်တဲ့ အတွက် မည်သူ့ကိုမျှ စစ်သုံ့ပန်း အဖြစ် ခေါ်ဆောင်ခြင်း မပြုပါ။ မူလ ရှိရင်းစွဲ ရာထူး အတိုင်းပင် သရေခေတ္တရာသို့ ခေါ်ဆောင်သွား ပါမယ်။ နက်ဖြန်နံနက် နေမထွက်မီ စတင် ထွက်ခွာမှာမို့ အားလုံး အသင့် ရှိကြပါစေ"

"ကျွန်ုပ် ပင်ပန်းလှပြီ၊ သင်ပြောရန် မရှိတော့ပါက ကျွန်ုပ် အနားယူချေဦးမယ်"

ဘုရင်မသည် ဒွတ္တပေါင် ဘုရင်ထံ ခွင့်ပန်သည်လည်း မဟုတ်။ မချေမငံ ပြောသည်လည်း မဟုတ်။ သာမန် အနေအထား သာမန်အသံဖြင့် ပြောပြီး အတွင်းတော်သို့ ဝင်တော်မူသည်။

ထိုညက ဘုရင်မသည် ကောင်းစွာစက်တော် မခေါ်နိုင်ပေ။ မယ်တော် စန္ဒမုခိကို တွေ့လိုသော ဆန္ဒသာ ပြင်းပြနေသည်။ သို့သော် တွေ့ခွင့် မကြုံနိုင်။ သို့ဖြင့် မယ်တော်ရှိရာ ပုပ္ပါး အရပ်ဆီ မျှော်မှန်းပြီး ကတိစကား ဆိုမိသည်။

"သမီးတော် ရန်သူ့နောက် လိုက်ရပါတော့မယ်"

"တစ်နေ့နေ့ တစ်ချိန်ချိန်မှာတော့ သမီးတော်ဟာ 'အောင်နိုင်သူ' ဖြစ်ရ ပါစေ့ မယ်လို့ ကတိ ပြုပါတယ် မယ်မယ်ဖုရား"

အရက်တက်ပြီ။

ဘုရင်မသည် ကိုယ်ရံတော် တပ်မှူးကြီးနန္ဒ၏ မြေပုံ မို့မို့ရှေ့တွင် ဒူးထောက် ထိုင်လိုက်သည်။

"ကျွန်ုပ် ငယ်စဉ်ကလေး ဘဝကစပြီး နှမလေး အရင်းလို ချစ်ခင် အလိုလိုက်ခဲ့တဲ့ အစ်ကိုနန္ဒ၊ အရွယ် ရောက်လာတဲ့ အခါမှာ အစစ အရာရာ သွန်သင်ခဲ့တဲ့ အစ်ကိုနန္ဒ၊ ဘုရင်မ ဖြစ်လာတဲ့ အခါမှာ ညာလက်ရုံး သဖွယ် အားကိုးခဲ့ရတဲ့ တပ်မှူးကြီးနန္ဒ၊ အခု မရှိတော့ပြီ။ အမှန်စင်စစ် ကျဆုံးရမှာက ကျွန်ုပ် ပန်ထွာဘုရင်မပါ။ သင်က ရန်သူ့ လက်ချက်နဲ့ ကျဆုံးသွားပြီ။ ကျွန်ုပ်မှာတော့ ဒွတ္တပေါင်ရဲ့ မိဖုရားအဖြစ် အသက်ရှင်လျက်နဲ့ သေရပေဦးမယ်..."

ဘုရင်မသည် ဆို့ဆို့နင့်နင့် ပြောနေသည်။ အားလုံးလည်း ဝမ်းနည်းကြေကွဲ နေကြသည်။ ဗိုလ်ဇေယျမှူ ဒူးတုပ်ကန်တော့ရင်း ရှိုက်လို့ပင် ငိုနေပြီ။

သည်မြင်ကွင်းကို လှမ်းကြည့်နေသော ဒွတ္တပေါင်သည် ခေတ္တမျှ အကြာတွင် လှံ့ဆော် သတိ ပေးလိုက်သည်။

"ခရီး စထွက်ရန် အချိန် သင့်ပါပြီ အစ်မတော် ပန်ထွာ၊ ရထားထက်သို့ တက်တော် မူပါ"

ဘုရင်မ၏ ယာဉ်ရထားလည်း အနီးသို့ ဆိုက်ကပ်လာသည်။ ဘုရင်မသည် ရထား ထက်သို့ လှမ်းကြွတော် မူ၏။ ဘုရင်မနှင့် အတူ အထိန်တော်ကြီး မိအူနှင့် မယ်သစ္စာတို့ လိုက်ပါ သွားကြသည်။ ရှေ့ဆုံးမှ ဒွတ္တပေါင်ဘုရင်၏ ဆင်တော်၊ ဘုရင့်ဆင်တော်နောက်က ပန်ထွာဘုရင်မ၏ ယာဉ်ရထားကို လိုက်စေသည်။

သရေခေတ္တရာ တပ်သားများ ရွှင်မြူး၊ ဖျတ်လတ်သွက်လက် နေကြသလောက် ပန်ထွာပြည်မှ မင်းမှုထမ်းများ၊ စစ်သည်တော်များမှာမူ စစ်ရှုံးနိမ့် ကြရသူများပီပီ ပင်ပန်း နွမ်းလျ ခြေကုန်လက်ပန်း ကျနေကြသည်။

လမ်းခရီးတွင် ပန်ထွာပြည်ကြီးကို ဖြတ်ပြီး သွားကြရသည်။ နန်းတော်ဆောင်၊ ပြာသာဒ်၊ စုလစ်မွန်းချွန်၊ မြို့ရိုး၊ မြို့တံခါးများ၊ ဘာဆို ဘာမျှမရှိတော့။ အားလုံး မီးလောင် ပြာကျ ကုန်ကြပြီ။

စေတီတော်တွေ ပျက်စီးနေပြီ။ ဝိဟာရကျောင်းများလည်း မရှိတော့။ ဗိဿနိုး ရဟန်းတော်များ ဘယ်မှာ သီးတင်းသုံးနေ ကြပါလိမ့်။

လူနေအိမ်ခြေ ဆိုသည်မှာ အစပင် ရှာမရတော့။ အားလုံး မီးလောင် ပြာကျကုန်ပြီ။ ပြည်သူပြည်သားတွေ ဘယ်အရပ် ဘယ်ဒေသသို့ ရောက်သွားကြပြီလဲ။

ဘုရင်မ ရေနန်းသဘင် ဆင်ယင်သည့် အခါ ရွှေနန်းတော်မှ အင်းကြီးသို့ အလွယ်တကူ သွားနိုင်ဖို့ ဖောက်လုပ်ထားသည့် ဖောင်တော်ပေါက်မှာလည်း ဖောင်တော်တွေ မရှိတော့ပါလား။

အင်းကြီးထဲတွင် ဒွိုယံဒွိုယံ ရွှေဟင်္သာ မောင်နှံတွေ ဘယ်ဆီကို ပျံသန်း သွားကြပြီလဲ။ ဖောင်တော်ကြိုးများ ချည်နှောင်သည့် နေရာတွင် တည်ထားသည့် ဖောင်တောင်ဦး စေတီလည်း မီးသင့်ပြီး မဲလို့။

အပင်များ မရှိစေကာမူ အမြဲတစေ အင်ကြင်းရနံ့ သင်းနေသည့် ဗိဿနိုးတွင် ယခုတော့ မီးခိုးနံ့ကိုသာ ရှူရှိုက် ရတော့သည်။

သာယာလှပသည့် ဗိဿနိုးမြို့တော် ဘယ်မှာလဲ။ စည်ကား လှသည့် ပန်ထွာ ပြည်ကြီး ဆိုတာ ဘယ်မှာလဲ။ ပန်ထွာ ဘုရင်မသည် မကြည့်သော်လည်း အမြင်အာရုံတွင် အထင်အရှား ပေါ်နေသည့် မြင်ကွင်းကြောင့် ရင်ထဲတွင် ဆို့နင့်သွားသည်။

သရေခေတ္တရာ ဆီသို့ ဦးတည် သွားနေသော ဘုရင်မနှင့် ပရိသတ်ကြီး၏ နောက်တွင် တစ်ခါက ပန်ထွာပြည်ကြီးသည် ဝေး၍ဝေး၍ ကျန်ရစ်ခဲ့ပြီးတည်း။

အခန်း (၂၀)

## ပန်ထွာဘုရင်မ၏ နောက်ဆုံးနေ့

"ပန်ထွာဘုရင်မ သက်တော်ရှည်ပါစေ"

"ပန်ထွာဘုရင်မ သက်တော်ရှည်ပါစေ"

သရေခေတ္တရာသို့ 'ရွှေတံခါးပေါက်' မှ ဝင်လိုက်သည်နှင့် လမ်းဘေးဝဲယာမှ ပြည်သူလူ ထုကြီးသည် ဘုရင်မအား ကောင်းချီးပေး ကြိုဆို နေကြသည်မှာ နန်းတော်သို့ ရောက်သည် အထိပင်။

မင်းကြီးသည် ဆင်တော်ပေါ်မှ ဆင်းသက်ပြီး ဘုရင်မ၏ ယာဉ်ရထားသည်လည်း ရပ်လိုက်၏။

မင်းကြီးသည် ဆင်တော်ပေါ်မှ ဆင်းသက်ပြီး ဘုရင်မ၏ ယာဉ်ရထား အနီးသို့ ကြွချီလာသည်။ ရထားထက်မှ ဆင်းရန် ဟန်ပြင်နေသော ဘုရင်မအား ဒွတ္တပေါင်ဘုရင်က လက်ကမ်းလိုက်သည်။ ဘုရင်မလည်း အံ့သြ ထိတ်လန့်ပြီး ဘုရင်ကို ကြည့်လိုက်၏။

"မောင်တော့် လက်တော်ကို ဆွဲကိုင်ပြီး ဆင်းတော်မူပါ အစ်မတော်"

မင်းကြီးသည် လက်ကမ်းလျက်မှ မိန့်တော်မူသည်။ အမှန်စင်စစ် ယခုလို ဘုရင်မင်းမြတ်က ဂရုတစိုက် ရှိသည်မှာ ဝမ်းသာ စရာပင်။ ဂုဏ်ယူ စရာပင်။ သို့သော် ပန်ထွာဘုရင်မ စိတ်ထဲမှာ ကျဉ်းကျပ် သွားသည်။ စိတ်အနှောင့်အယှက် ဖြစ်သွားသည်။ သည်အသက်၊ သည်အရွယ်အထိ ယောကျ်ားတစ်ဦး၏ လက်ကို မကိုင် ဖူးခဲ့သူမို့ မျက်နှာတစ်ပြင်လုံး ရှိန်းဖိန်း သွားသည်။ မလွှဲမရှောင်သာတော့ သဖြင့် ဘုရင်မလည်း မင်းကြီး၏ လက်ကို အားပြုကာ ရထားထက်မှ ဆင်းသက် လိုက်ရသည်။

နန်းတော် ခန်းမဆောင်ကြီး ဝင်မှစ၍ ဒွတ္တပေါင်ဘုရင်၏ မိဖုရားများ၊ ခြွေရံသင်းပင်းများက ဆီးကြိုကြသည်။

ပန်ထွာဘုရင်မ ကြိုက်နှစ်သက်သည့် သစ်သီး၊ သစ်ဥ၊ သစ်ဖုများ၊ ဖျော်ရည်များဖြင့် ဧည့်ခံကြသည်။ ပြီးတော့ သာယာ နာပျော်ဖွယ် တေးဂီတဖြင့်လည်း ဖျော်ဖြေကြသည်။ တေးချင်းမှာ ဒေါင်း၏ အမွေးအတောင်များ လှပကြောင်းကို ဖွဲ့ဆိုထားသည့် 'ဒေါင်းမင်း' ဖြစ်၏။ ပန်ထွာဘုရင်မ၏ အသွေးအမွေးသည်လည်း သူမတူအောင် လှပကြောင်း ဖွဲ့နွဲ့ သီဆိုကြသည်။ သရေခေတ္တရာမှ နွေးထွေးစွာ ကြိုဆိုကြသော်လည်း ပန်ထွာ ဘုရင်မ၏ စိတ်ထဲတွင် နွေးထွေးမှုကို မခံစားရပါ။ အရာရာသည် သူ့အဖို့ အေးစက်မာကျော နေသည်ဟုသာ ထင်မြင်နေမိသည်။

ဒွတ္တပေါင် ဘုရင်သည် ပန်ထွာဘုရင်မကို မနိမ့်ချ။ မရက်စက်ပါ။ အလိုလိုက်၊ အကြိုက် ဆောင်ခဲ့သည်။ သို့သော် ပန်ထွာဘုရင်မသည် သရေခေတ္တရာ နန်းတော်တွင်း၌ မပျော်ပိုက်နိုင်ပါ။ မနေလိုပါ။

သို့ဖြင့် အစ်မတော် ပန်ထွာ ဆင်းရဲ ငြိုငြင်မှု မဖြစ်စေရန်၊ သရေခေတ္တရာပြည်၊ မြို့ရိုး အပြင်ဘက် တောင်ယွန်းတွင် သီးခြား ဗိသနိုးမြို့ (ရွှေပုံသာဟုလည်း ခေါ်သည်။) ကလေးကို တည်ဆောက် ပေးသည်။ ပန်ထွာပြည်မှ ပါလာသော အခြွေအရံ နောက်လိုက်ပါ များနှင့် အတူ စံမြဲစံစေသည်။

ဒွတ္တပေါင်ဘုရင်တွင် မိဖုရားကြီးသုံးပါး ရှိသည်။ ပျူမင်းသမီး မာဏစန္ဒီ၏ သမီးတော် တောင်နန်းမိဖုရား သီရိစန္ဒာ၊ စစ်သူကြီး၏ သမီးတော် မြောက်နန်းမိဖုရား ဥမ္မာရဒေဝီ၊ ရောပထနဂါးမင်း၏ သမီးတော် အနောက်နန်းမိဖုရား ဘေစန္ဒီတို့ ဖြစ်ကြသည်။ ယခု ပန်ထွာဘုရင်မ ရောက်လာသည့် အခါ အလယ်နန်း မိဖုရားအဖြစ် ချီမြှင့် မြှောက်စား တော်မူသည့် အတွက် မိဖုရားကြီးလေးပါး ရှိသည်။

ပန်ထွာ မိဖုရားအတွက် နွေဥတုတွင် စံမြန်းရန် ငွေနန်းတော်၊ မိုးဥတုနှင့် သင့်လျော်သည့် ရွှေနန်းတော်၊ ဆောင်းဥတု အတွက်မူ ဖလ်နန်းတော်ဟူ၍ နန်းမ သုံးဆောင်လည်း ဆောက်လုပ်ပေးသည်။ မင်းကြီးက ပန်ထွာ မိဖုရားအပေါ် ထုံးနှောင် မေတ္တာ ကြီးမားလှသော်လည်း ပန်ထွာ မိဖုရားကမူ မင်းကြီးအပေါ် အမုန်းစိတ်ပွား၊ ရန်ငြိုး ထားမြဲ ထားလျက်ပင်။

ပန်ထွာ မိဖုရားအဖို့ ယခုအချိန်တွင် ရုန်းထွက်လို့ မရနိုင်သည့် ကမ္ဘာတစ်ခုထဲမှာ ရောက်နေသည်။ မျက်နှာစိမ်းတွေ ပတ်ချာ ဝိုင်းနေသည့် သရေခေတ္တရာမှာ စံနေရသဖြင့် မလှုပ်သာ မလှည့်သာ ဖြစ်နေသည်။ သည်တော့ ရန်ငြိုး ရန်စွယ်ကို မပြဘဲ နှလုံး လှဟန် ဆောင်နေလိုက်၏။ ပန်ထွာ မိဖုရားက လိုက်လိုက် လျောလျောနှင့် စိတ်နေသဘောထား

ပျော့ပျောင်း လာသည်ကို တွေ့လျှင် မင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ ပီတိတွေ ဖြာနေတော့သည်။

တစ်နေ့တွင် မင်းကြီးသည် ပန်ထွာ မိဖုရားအား ရွှေနတ်တောင် စေတီတော်မြတ်ကြီးကို ဖူးမြော်ရန် ဘုရားဖူး ပို့ဆောင်တော် မူသည်။ ဘုရားလည်း ဖူးရင်း စေတီတော်မြတ်ကြီးအား ပြုပြင် ပူဇော်ရန်လည်း ရည်မှန်းသည်။

ဘုရားဖူး ထွက်ကြွတော်မူသော ခရီးတွင် မင်းကြီး၏ မိဖုရားများ အားလုံး မှူးမတ်များ အားလုံး၊ ခြွေရံ သင်းပင်းအားလုံး လိုက်ပါကြရသည်။ ရွှေနတ်တောင် စေတီသို့ ဦးတည် သွားရင်း ခရီးလမ်း တစ်ထောက်အဖြစ် ရွှေတောင်မြို့ 'တည်ကုန်းရပ်' တွင် ခေတ္တ စခန်းချ ရပ်နားကြသည်။

ထိုညက ပန်ထွာ မိဖုရားသည် အိပ်မက် မြင်မက်တော်မူသည်။ အိပ်မက်ထဲတွင် စခန်းချ ရပ်နားနေသော နေရာ၏ အရှေ့မြောက်ယွန်းယွန်း နေရာတွင် ရုပ်ပွားတော်ကြီး တစ်ဆူကို ဖူးမြင်ရသည်။ နံနက်စက်ရာမှ နိုးသောအခါ အိပ်မက်အကြောင်း မင်းကြီးအား လျှောက်ထားသည်။

ဤတွင် မင်းကြီးက အိပ်မက်ထဲမှ နေရာကို ရှာဖွေစေသည်။ ရှာဖွေရင်း၊ တစ်နေရာ အရောက်တွင် မြတ်စွာဘုရား၏ ရောက်ခြည်တော်များနှင့် သဏ္ဌာန်တူစွာ ဝင်းလက် နေသော ရောင်စဉ်များ၊ ကောင်းကင်ထက်သို့ လွှင့်ပျံ့ တက်နေသည်ကို မင်းကြီးနှင့် တကွ မိဖုရားများ မှူးမတ်များ အားလုံး မြင်တွေ့ကြရသည်။ ပညာရှိ မှူးမတ်များက သည်နိမိတ်သည် ဘုရားတည် ကုသိုလ်ကောင်းမှု ပြုရန် နတ်ကောင်း နတ်မြတ်များက ပြခြင်း ဖြစ်သည်ဟု မင်းကြီးကို လျှောက်တင်ကြသည်။

မင်းကြီးသည် ယုံကြည်တော် မူသဖြင့် ဝမ်းမြောက်ဝမ်းသာ လက်ခံတော်မူသည်။ နိမိတ်ကောင်း မြင်တွေ့ ရသည့် နေရာတွင်ပင် ရုပ်ပွားတော်ကြီး တစ်ဆူကို တည်ထား ကိုးကွယ် ခဲ့ကြသည်။ ဘုရား တည်ပြီးနောက် များမကြာမီ ဒွတ္တပေါင် ဘုရင်၏ နတ်မျက်စိ

ကွယ်သွား၏။ ပရောဟိတ်များက ကိန်းခန်းအရ တွက်ချက် ကြည့်ပြ ပြီးနောက် မင်းကြီးအား ဤသို့ နားတော်လျှောက် တင်ကြသည်။

"အရှင်မင်းကြီး၊ ရွှေတောင်မြို့မှာ တည်ထားကိုးကွယ်ခဲ့တဲ့ ဆင်းတုတော်ကြီးအား ဘုရားရှင် ကိုယ်တော်မြတ်ကြီးနှင့် လိုက်ဖက် ညီမျှသော မျက်လုံးတော် ပုံသဏ္ဌာန်၊ မှန်တစ်စုံကို ဆက်ကပ် ပူဇော်ပါက နတ်မျက်စိတွင် အလင်းရောင် ပြန်လည် ရရှိပါမယ် ဘုရား"

ဒွတ္တပေါင်မင်းလည်း မျက်လုံးတော် ပုံသဏ္ဌာန်နှင့် တူညီသော မှန်တစ်စုံကို ဆက်ကပ် လှူဒါန်းလိုက်၏။ ပညာရှိ ပရောဟိတ်များ အဟောနှင့် ညီစွာမင်းကြီး၏ နတ်မျက်စိလည်း ပြန်လည်၍ အလင်း ရရှိသွားလေသည်။ ယင်းဆင်းတုတော်ကြီးမှာ ရွှေတောင်မြို့ ယွန်းတန်းရပ်ကွက် အတွင်း၌ သီးတင်းသုံး စံပယ်တော်မူလျက် ရှိသော 'ရွှေမျက်မှန် ဗုဒ္ဓရုပ်ပွားတော် မြတ်ကြီး' ပင်တည်း။

အချိန် ကာလများ တရွေ့ရွေ့ ကုန်လွန် လာသည်။ ပန်ထွာ မိဖုရားတွင် သားကောင်း ရတနာလေး တစ်ပါး ဖွားမြင်လာသည်။ 'ဒွတ္တရာဇ်' ဟု အမည်တွင်၏။

သည်အချိန်တွင် ကျန်မိဖုရား သုံးပါးတွင်လည်း သားတော် သမီးတော်များ ဖွားမြင်ပြီး ဖြစ်၏။ တောင်နန်းမိဖုရား သီရိစန္ဒာမှ ဒွတ္တရံမင်းသား၊ မြောက်နန်းမိဖုရား ဥမ္မာရဒေဝီမှ သားတော်ဒွတ္တဇံ၊ အနောက်နန်းမိဖုရား ဘေစန္ဒီမှ သမီးတော် သုဝဏ္ဏမာလာ တို့ ဖြစ်ကြသည်။ ယခုဆိုလျှင် အလယ်နန်းမိဖုရား ပန်ထွာဘုရင်မ၏ သားတော် ဒွတ္တရာဇ်နှင့် ဆိုပါက ဒွတ္တပေါင်မင်းတွင် သားတော်သုံးပါးနှင့် သမီးတော်တစ်ပါး၊ ပေါင်းလေးပါး ထွန်းကားတော်မူပြီး ဖြစ်သည်။ (နောင်အခါတွင် ပန်ထွာမိဖုရား၏ သားတော် ဒွတ္တရာဇ်နှင့် ဥမ္မာရဒေဝီ မိဖုရား၏သားတော် ဒွတ္တဇံတို့သည် သာသနာ့ဘောင်သို့ ဝင်၍ ရဟန်း ပြုကြသည်။ နှစ်ပါးစလုံး အာသဝေါ ကုန်ခန်းသော ရဟန္တာချည်း ဖြစ်လာကြ၏။ ဒွတ္တရာဇ် မင်းသား၏ ဘွဲ့တော်မှာ အရှင်စန္ဒသာဂရမထေရ်၊ ဒွတ္တဇံမင်းသား၏ ဘွဲ့တော်

မည်မှာ အရှင်စန္ဒသီရိမထေရ် ဟုခေါ်တွင်သည်။ ထိုအရှင်နှစ်ပါးကား အခြားသူများ မဟုတ်ပါ။ မြတ်စွာဘုရား၏ ဆံတော် မွေရှင်တော်တို့ကို သီလပဗ္ဗတတောင်၊ သုဒဿနဂီရိ တောင်တို့တွင် တည်ထားကိုးကွယ် ခဲ့ကြသော အဖ္ဖိက၊ ဘလ္လိကကုန်သည် ညီနောင်တို့ပင် ဖြစ်သည်။ အဖ္ဖိက ကုန်သည်မှ ဘဝပြောင်း လာသူသည် အရှင်စန္ဒသီရိမထေရ် ဖြစ်လာ၏။ ဘလ္လိက ဘဝမှ ပြောင်းလာသူကား အရှင်စန္ဒသာဂရ မထေရ်ဖြစ်လာသည်ဟု ဖိုးဦးတောင် ဘုရား သမိုင်းတွင် ဖော်ပြထားသည်။)

ပန်ထွာမိဖုရားသည် သရေခေတ္တရာရှိ ရွှေပုံသာ (ဗိဿနိုး) မြို့ကလေးတွင် တစ်ထီးတစ်နန်း စံခွင့် ရပါသော်လည်း ဒွတ္တပေါင် ဘုရင်အပေါ်တွင် ရန်ငြိုး မပြေပါ။ မိဖုရားတို့ ဝတ္တရား မပျက်ဘဲ စံမြန်းလျက်မှ လက်စား ချေနိုင်မည့် အခါအခွင့်ကိုသာ အမြဲတွေးတော ကြံဆလျက် ရှိသည်။

သရေခေတ္တရာသို့ ရောက်လာသည်ပင် ဆယ်နှစ်ရှိပြီ။ မိမိ၏ သက်တော်လည်း (၅၉)နှစ်ပင် ပြည့်တော့မည်။ တစ်နေ့တွင် ပန်ထွာပြည်မှ အတူ လိုက်ပါလာကြသော မှူးမတ်များနှင့် တိတ်တဆိတ် တိုင်ပင်တော်မူသည်။ ကျွန်ယုံတော် မှူးမတ်များက ယခုလို လျှောက်တင်ကြသည်။

"အရှင်မိဖုရား၊ သုသာန်တစ၊ သင်္ချိုင်းဝက စက်ဆုပ် ရွံရှာဖွယ် ကောင်းသော အဝတ် ပုဆိုးစကို မျက်နှာသုတ် ပုဝါ ပြုပြီး၊ ဒွတ္တပေါင်မင်းအား ဆက်သပါက နလုသော နတ်မျက်ရှင်တော်သည် အလိုအလျောက် ကွယ်ပျောက် သွားမည်ကို မြင်ကြောင်းပါ။ မျက်ရှင်တော် ကွယ်ပျောက်သည်နှင့် ဒွတ္တ ပေါင်ဘုရင်၏ ဘုန်းတန်ခိုးများလည်း လျော့ကျ ပျက်စီးသွားမှာ မုချ မလွဲပါ ဘုရား"

ပန်ထွာမိဖုရားလည်း မိမိ၏မှူးမတ်များ လျှောက်တင်ချက်ကို စဉ်းစားသည်။ ဤမျှ နိမ့်ကျသည့် အစီအမံကို လုပ်သင့်ပါ့မလား။ ဒွတ္တပေါင် ဘုရင်ဆိုတာ ဘုန်းရှင်ကံရှင်ပေပဲ။ ပြုလျှင် အသစ် ဖြစ်လျှင်အဟောင်းတဲ့။ ငါသည် အစီအမံကို လုပ်ရင် အကုသိုလ် အသစ်ကို

ပြုလုပ်ရာ ကျမယ်။ ငါ့အခုလို ဖြစ်ရတာဟာ အတိတ်ဘဝက အကုသိုလ် ကံကြောင့်ပဲဟု ကောင်းစိတ်က ဆုံးမသည်။ တစ်ဖန် ဒွတ္တပေါင်တို့ သားအမိကြောင့် မယ်တော်စန္ဒမုခိနဲ့ ငါတို့ သားအမိ တိုင်းတစ်ပါးကို ရောက်ခဲ့ရတယ်။ ဒါတောင် သင်းက မကျေနပ်သေးဘူး။ ကိုယ်ထီး ကိုယ့်နန်းနဲ့ လွတ်လပ်စွာ အုပ်ချုပ် မင်းလုပ်နေတဲ့ ငါလို ဘုရင်မကို မတရား တိုက်ခိုက် သိမ်းပိုက်ခဲ့တယ်။ သင်းကို လက်စား ချေရမှ ကျေနပ်မယ်။ သည်လို မကောင်းစိတ်က တိုက်တွန်း ပြန်သည်။ ကောင်းစိတ်နှင့် မကောင်းစိတ် တို့သည် ပန်ထွာ မိဖုရား၏ ရင်ထဲ၊ နှလုံးအိမ်ထဲ၌ အပြန်အလှန် စစ်ခင်းနေကြသည်။ နောက်ဆုံးတွင် မကောင်းစိတ်က အနိုင်ရသွားသည်။

"ကောင်းပြီ၊ သင်တို့ ဆိုသည့်အတိုင်း ကျွန်ုပ် လက်ခံမယ်၊ သုသာန်တစ၊ သင်္ချိုင်းဝက အဝတ်စကိုသာ သင်တို့ရှာဖွေ ဆက်သလော့" ဟု မိန့်လိုက်သည်။

ပန်ထွာမိဖုရားသည် ဗိဿနိုးတွင် နေစဉ် ငယ်ဘဝကပင် ဗိုင်းငင်ဝါဖန့် ရက်ကန်း အတတ်ကို တစ်ဖက်ကမ်းခတ် တတ်မြောက်ခဲ့သည် မဟုတ်လား။ သည်တော့ မှူးမတ်များ တိတ်တဆိတ် ရှာဖွေ ဆက်သထားသော ယုတ်ညံ့သည့် အဝတ်ဟောင်းများကို ပြန်လည် ကြိတ်ပြီးနောက် ဖြူဖွေး နအိလှသော မျက်နှသုတ် ပုဝါကို ရက်လုပ်သည်။ ပြီးလျှင် သီလာဟူသော နံ့သာမှုန့်ဖြင့် ထုံထားလိုက်၏။

ထိုသီလာဆိုသည့် နံ့သာမှုန့်ကလည်း ထူးထူးခြားခြား မွှေးလှသည်။ နံ့သာမှုန့် ထည့်ထားသည့် ဗူးကို ဖွင့်လိုက်လျှင် တာတစ်ထောင် အရပ်ကပင် မွှေးရနံ့ ကြိုင်လှိုင်သည် ဟု ဆိုသည်။ ယင်းနံ့သာမှုန့်ကို ဒွတ္တပေါင်အရှင်သည် များစွာ နှစ်သက်တော် မူသဖြင့် လိမ်းရှုံခြင်းကို မပြတ် ပြုတော်မူသည်။

ပန်ထွာမိဖုရားသည် သလွန်ထက်တွင် ငြိပ်သက်စွာ မထိုင်နိုင်။ ထလိုက်၊ ခေါက်တုံ့ ခေါက်ပြန် လျှောက်လိုက်။ လေသာ ပြတင်းမှ လှမ်းကြည့်လိုက်ဖြင့် ဂဏှာ မငြိမ် ဖြစ်နေ သည်။ သည်နေ့ ဒွတ္တပေါင်ဘုရင် ကြွမှကြွလာပါ့ မလား။ မိမိစိတ် မပြောင်းမီ ကြွလာပါမှ

မျက်နှာသုတ် ပုဝါကို ဘုရင်အား ဆက်သဖြစ်မည်။ စိတ်ပြောင်း သွားပါက ဆက်သ ဖြစ်တော့မည် မဟုတ်။ ထို့ကြောင့် ဘုရင်မင်းမြတ် ကြွအလာကို စိတ်စောနေမိသည်။

မကြာခင်မှာပင် ဒွတ္တပေါင်ဘုရင် ကြွလာသည်။ ပန်ထွာ မိဖုရားလည်း သီလာ နံ့သာမှုန့်ဖြင့် ထုံထားသော မျက်နှာသုတ်ပုဝါ ဖြူလွလွကို မင်းကြီးအား တရိုတသေ ဆက်သ လိုက်၏။ မင်းကြီးလည်း ပန်ထွာမိဖုရားသည် မိမိအား ချစ်မြတ်နိုးလှသဖြင့် ယုယုယယ ဆက်သ ပေးသည်ဟု အဖြောင့် တွေး၏။ မိဖုရား၏ အကောက်ဉာဏ်ကို မတွေးတောမိပေ။ ထို့ကြောင့် မိဖုရား ဆက်သသော မျက်နှာသုတ် ပုဝါဖြင့် မျက်နှာတော်ကို သုံးသပ်လိုက်သည်။

မှူးမတ်များ တင်လျှောက်ထားသည့် အတိုင်းပင် မင်းကြီး၏ မျက်လုံးတော် နှစ်ဖက် အကြားရှိ နလှသော နတ်မျက်ရှင်တော်သည် မကြာခင် ကွယ်ပျောက် သွားလေ တော့သည်။ မင်းကြီးအတွက် ဆိုးကျိုးများကား တစ်ခုပြီးတစ်ခု ဆက်တိုက် ဖြစ်လာသည်။ ဂဠုန်မင်း ဆက်သထားသော သံလျက်နှင့် လေးမြား၊ သိကြားမင်းပေးသော အရိန္ဒမာလှံနှင့် သီလဝံသဓား၊ နတ်စစ်သည်များ ကွယ်ပျောက် ကုန်တော့သည်။

မိဖုရားဘေစန္ဒီလည်း နေရင်းဒေသသို့ ပြန်သွား၏။ မင်းကြီး၏ ခေါင်းလောင်းကြီး သည်လည်း ဧရာဝတီမြစ် အတွင်းသို့ ကျသွားသည်။ ခေါင်းလောင်းကြီးမှာ မည်မျှကြီးသလဲ ဆိုလျှင် ခေါင်းလောင်းကြီးထဲမှာ မိကျောင်း ကိုးဆယ့်ကိုးကောင် နေနိုင်သည်ဟု ဆိုသည်။ ခေါင်းလောင်းကြီးကို တီးလိုက်လျှင် နားမခံသာအောင် ဆူညံသည်။ ယခုမင်းကြီး ဘုန်းတန်ခိုး နိမ့်ကျသွားသည့် အချိန်တွင် ခေါင်းလောင်းသံကို သည်းမခံနိုင်သော သူများက တိတ်တဆိတ် လာရောက်ကာ ခေါင်းလောင်းကြီးကို ဧရာဝတီ မြစ်တွင်းသို့ ဆွဲချ သွားကြသည်။ ခေါင်းလောင်းကြီး ကျသွားသော နေရာတွင် ဝဲကတော့ကြီးဖြစ်ပြီး မပြတ် လည်နေသည်။ ခေါင်းလောင်းဆဲဟု ခေါ်စမှတ်ပြု ကြသည်။

ဒွတ္တပေါင်ဘုရင် ဘုန်းတန်ခိုး နိမ့်ကျသည်နှင့် ပုသိမ်မြို့က နှစ်စဉ် ဆက်သမြဲဖြစ်သည့် ရွှေစင်တစ်ထောင် အခွန်တော်ကို မဆက်သဘဲ နေလေသည်။ သည်အချိန်တွင် အခွန်တောင်း အမတ်များ ဖြစ်ကြသည့် ပဥ္စင်းဖြူ ပဥ္စင်းညိုတို့လည်း ဘုရင့်အပါးမှာ မရှိတော့။ ထွက်ပြေး တိမ်းရှောင် သွားကြပြီဖြစ်၏။

ဤတွင် ပင်လယ်ပြင်ကို စိုးမိုး ထိန်းချုပ်ထားသည့် ဒွတ္တပေါင်ဘုရင်သည် နဂါးကြေးလှေတော်ကို စီးကာ ပင်လယ်လှည့်၍ အခွန်ဘဏ္ဍာများကို ကိုယ်တိုင် သိမ်းကောက်တော်မူသည်။

သာသနာတော်ကို များစွာ ချီးမြှောက်ခဲ့သော သာသနာ့ ဒါယကာမင်းကြီး ယခုကဲ့သို့ ဘုန်းတန်ခိုး အာဏာ နိမ့်ကျရသည်မှာ ပန်ထွာမိဖုရား၏ အကောက်ဉာဏ်ကြောင့်သာ ဖြစ်သည်ဟု ကျန်မိဖုရားများ နန်းတွင်းသူ နန်းတွင်းသားများ၊ သရေခေတ္တရာ ပြည်သူပြည်သားများ အားလုံးက လက်ခံ ယုံကြည်ကြသည်။ ထို့ကြောင့်လည်း ပန်ထွာမိဖုရားအပေါ် အခဲမကြေ ဖြစ်နေကြ၏။

ဒွတ္တပေါင်ဘုရင်ကမူ ပန်ထွာ မိဖုရားအပေါ်တွင် အပြစ်မမြင်။ တစ်ဆံခြည်မျှ မေတ္တာ မပျက် ချစ်မြဲ ချစ်လျက်၊ အလိုလိုက်မြဲ လိုက်လျက်ပင်။ ဒွတ္တပေါင် ဘုရင် ဘုန်းတန်ခိုး နိမ့်ကျ သွားသည်ကို ပန်ထွာ မိဖုရားသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်၏။ များစွာ ကျေနပ် အားရရှိ၏။ အနှစ်နှစ်အလလ ကြံစည်ခဲ့ရသော အကြံအစည် ယခုမှပင် အောင်မြင်တော့သည်ဟု တွေး၏။ တွေးရင်းတွေးရင်း ပီတိဖြစ်ရသည်။ ပန်ထွာပြည်မှ လိုက်ပါလာကြသော မင်းမှုထမ်း နန်းတွင်းသားများကလည်း မိမိတို့ ဘုရင်မကို သိမ်းပိုက်ရုံမျှ မက ပန်ထွာပြည်ကြီး ပြာကျ ပျက်စီးသွားအောင် ပြုရက်လှသည့် ဘုရင်ဒွတ္တပေါင် ယခုလို ဘုန်းတန်ခိုး နိမ့်ကျ သွားသည်ကို ဝမ်းမြောက်ဝမ်းသာ ဖြစ်နေကြသည်။

သို့သော် မကောင်းမှု လုပ်သောသူသည် မကောင်းကျိုးကိုသာ ရရှိသည်ဆိုသော တရား သဘောကို ပန်ထွာမိဖုရား မေ့လျော့ နေသည်ကတော့ အမှန်ပင်။

အခြားသော မိဖုရားများနှင့် သရေခေတ္တရာ နန်းတွင်းသူ နန်းတွင်းသားများသည် ပန်ထွာ မိဖုရားအပေါ် မကျေမနပ် ဖြစ်ကြရသော်လည်း ထုတ်ဖော် မပြဝံ့ဘဲ ရင်ထဲမှာ မျိုသိပ် ထားကြရ၏။ မိမိတို့ ဘုရင်မင်းကြီး ကိုယ်တိုင်က ပန်ထွာမိဖုရား အပေါ် အပြစ် မမြင်သဖြင့် မည်သူမျှ မဆန့်ကျင် ရဲကြပေ။ ရှိသေမြဲ ရှိသေကြ၏။ ယဉ်ကျေး သိမ်မွေ့စွာ ဆက်ဆံကြ၏။

တစ်နေ့...

ထိုတစ်နေ့သည် မိမိ၏ နောက်ဆုံး ဖြစ်သည်ကို ပန်ထွာမိဖုရား မသိရှာပေ။

သရေခေတ္တရာ နန်းတော်မှ အပျိုတော်ကလေး နှစ်ယောက်သည် ရွှေလင်ပန်းနှင့် ထည့်ထားသော သစ်ကြားသီးများ၊ ဝက်မြေစာဥများကို ပန်ထွာမိဖုရားထံ လာရောက် ဆက်သကြသည်။ သစ်သီးသစ်ဥများကို ဗိသနိုး အခွံအရုံကလေး များက ရွှေကလပ် ထဲသို့ လဲလှယ် ထည့်ပြီးနောက် သရေခေတ္တရာ အပျိုတော်ကလေးများသည် မိဖုရားကို ဦးခိုက် ကန်တော့ပြီး ပြန်သွားကြသည်။

ပွဲတော် တည်ချိန်တွင် စောစောက လာရောက် ဆက်သ ထားသော သစ်ကြား သီးများ၊ ဝက်မြေစာဥများကို ပန်ထွာ မိဖုရားသည် နှစ်ခြိုက်စွာ စားတော်ခေါ်၏။ ပွဲတော်ကျကို မသိမ်းဆည်းမီပင် ပန်ထွာ ဘုရင်မသည် ရင်တော်ကို လက်နှင့်ဖိပြီး ဒယီးဒယိုင် ဖြစ်သွား၏။ မိမိတို့သခင်မ အစာ အဆိပ်သင့်ပြီကို အထိန်းတော်ကြီး မိအူ သိလိုက်ပါပြီ။

မိအူသည် ဘုရင်မကို လှမ်းပွေ့ရင်း 'ဟဲ့...သူဇာတို့ မူရာတို့ သမားတော်ကြီးကို အမြန် ပင့်ကြစမ်း။ ဘာငိုင်နေတာလဲ၊ မြန်မြန်သွားကြ' ဟု လှမ်းပြောသည်။

"သမားတော်ကြီးကို ပင့်ဖို့ မလိုတော့ပါဘူး မိအူ၊ လွန်နေပြီ" ဟု မိဖုရားက တိုးသက်စွာ မိန့်ကြားသည်။

"အားတင်းထားပါ သခင်မ၊ အားတင်းထားပါ။ သခင်မဘာမှ မဖြစ်စေရဘူး" ဟု မိအူက အားပေးသည်။

မိအူနှင့် အပျိုတော် ကလေးများသည် မိဖုရားကို သလွန်ထက်သို့ ပြောင်းရွှေ့ကြသည်။ မိဖုရားသည် သလွန်ထက်တွင် ငြိမ်သက်စွာ မလဲလျောင်းနိုင်။ ဘယ်ပြောင်း၊ ညာလှည့်ဖြင့် ဝေဒနာကို ပြင်းစွာ ခံစားနေရသည်။

မိမိသခင်မမှာ ဆီခန်းခြင်းလည်း မဟုတ်။ မီးစာကုန်ခြင်းလည်း မဟုတ်။ အဆိပ်သင့်၍ သေရတော့မည်မို့ မိအူငိုပြီ။

"မငိုနဲ့မိအူ၊ မငိုနဲ့၊ အခု ငါ့အလှည့် ရောက်ပြီ။ ကိုယ်လုပ်ခဲ့သမျှ ကိုယ်ခံရ ပေမပေါ့။ အမုန်းဖြင့် လက်တုန့် ပြန်ခြင်းကို ဒီဘဝမှာပဲ အဆုံးသတ်လိုက်ပြီ မိအူ"

မိဖုရားသည် ဝေဒနာကို ခံစားရင်း အားတင်း၍ တရားစကားဆိုသည်။ မကြာခင်မှာပင် နန်းတွင်း သမားတော်ကြီးနှင့် အတူ ပန်ထွာ မှူးမတ်များ၊ အားလုံး ရောက်လာ ကြသည်။ သမားတော်ကြီး သည် မိဖုရား၏ သွင်ပြင် လက္ခဏာကို အကဲခတ်လိုက်သည်နှင့် အချိန် နှောင်းနေပြီကို သိသည်။ သို့သော် ရလိုရငြား အသက်ကယ် ဆေးရည်ကို အမြန် တိုက်ကျွေးသည်။

ပရိသတ်များ၏ အကြည့် အာရုံမှာ သမားတော်ကြီး၏ မျက်နှာပေါ်သို့သာ စုပြုံ ရောက်နေသည်။ အသက်ကိုပင် ပြင်းပြင်း မရှူဝံ့ကြ။ ရင်တမမနှင့်။

သမားတော်ကြီးက တစ်စက်ချင်း ချပေးသော ဆေးရည်များသည် မိဖုရား၏ ဝမ်းထဲသို့ မရောက်။ နှုတ်ခမ်းတော် ထောင့်စွန်းမှ ဆေးရည်များ စီးဆင်းလာသည်။ သမားတော်ကြီးသည် ဝါဂွမ်းစဖြင့် ဆေးရည်များကို တို့သုတ်ရင်း ခေါင်းကို ညင်သာစွာ ခါရမ်းနေသည်။

ထိုစဉ်...

"ဘုရင်မင်းမြတ် ကြွချီတော် မူလာပြီ" ဟု မင်းလုလင် တစ်ယောက်က သတင်းပို့သည်။

ပရိသတ်များလည်း သလွန်တော် အနီးမှခွာပြီး တစ်ဖက်တစ်ချက်မှာ လက်အုပ်ချီလျက် ခစားလိုက်ကြ၏။

ဒွတ္တပေါင် ဘုရင်သည် သလွန်တော် အနီးသို့ ချဉ်းကပ်သည်။ မိဖုရား၏ လက်ကလေးကို ဆုပ်ကိုင်ပြီး "အစ်မတော် အစ်မတော်" ဟု ဝမ်းနည်း ကြေကွဲစွာ ခေါ်တော်မူသည်။ သို့သော် ပန်ထွာ မိဖုရားသည် ပြန်လည် မထူးနိုင်တော့ပါ။ မထသော လဲလျောင်းခြင်းဖြင့် ဘဝနိဂုံး ချုပ်သွားပေပြီ။


(ဒွတ္တပေါင် ဘုရင်သည် နောင်သော် ပင်လယ်လှည့်၍ အခွန်တော်ကောက်ခံရင်း နဂါးကြေးလှေနှင့် တကွ နဂရာဇ်ဖဲတွင် နစ်မြုပ်သွားကြောင်း၊ နတ်ရွာစံချိန်တွင် ဘုရင်ကြီး၏ သက်တော်မှာ တစ်ရာ့ငါးနှစ် ရှိပြီကြောင်း မှန်နန်း ရာဇဝင်တော်ကြီးက ဆိုသည်။)

ပုပ္ပါးအရပ်မှ မယ်တော် စန္ဒမုခိသည် သမီးတော်ပန်ထွာ၏ သတင်းဆိုးကို ကြားသိရလျှင် ရင်မှာလှိုက်ဆူ၊ သည်းအူပြတ်မျှ ခံစားရကာ ရင်ကွဲနာကျ၍ ကံတော်ကုန်ရရှာသည်။

သြော်...

တစ်ချိန်က ကိုယ့်ထီးကိုယ်နန်း၊ ကိုယ့်ကြငှန်းနှင့်၊ 'ပန်ထွာဘုရင်မ' ဟု အလှဂုဏ်တင့်၊ ဘုန်းတန်ခိုး ဝင့်ခဲ့သော အလှဘုရင်မ၏ ဘဝကား အကျည်းတန်စွာ နိဂုံးချုပ်ခဲ့ရလေပြီ။

စိမ့် (ပညာရေး)


ပန္တျွာဘုရင်မ
စိမ့်(ပညာရေး)